



KCC
3804

"ဒီကမ္ဘာလောကကြီးမှာ ကလေးထက်
ဘယ်သူ့ကိုမှ ပိုမချစ်ခဲ့ဘူး။
ဒါကြောင့် ချစ်သူကိုစွန့်ပြီး ကလေးနဲ့ နေခဲ့တာပဲ၊
ဆရာ့ထက် ကလေးကို ပိုချစ်လို့ပေါ့။
ဒါပေမယ့် ကလေးကတော့ မိုးထက် ချစ်သူကို
ပိုချစ်တတ်တဲ့ အချစ်ရူးလေးပါပဲ။"

"အစ်မစိုက်တဲ့ပန်းကို အစ်မ ရစေချင်တဲ့သူ မရခဲ့
တခြားသူ ရသွားတာ ပန်းရဲ့ကံကြမ္မာပဲပေါ့။
ဒီတော့ နောက်ထပ်တစ်ပင် ပျိုးပါဦး အစ်မရယ်။
အစ်မရဲ့ဆရာလို ပန်းတွေအများကြီး ပျိုးလိုက်ရင်
ကိုယ်ရစေချင်တဲ့လူရဲ့လက်ထဲ တစ်ပွင့်ဖြစ်ဖြစ် ရောက်မှာပေါ့။"

# မြသန္တာ
# နော်ရင်မွှေး

nw0082
4,000.00 KS

နော်ရင်မွှေး၊ မြသန္တာ
စာမျက်နှာ ၃၇၂ + ချက်နှာ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်မာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၊ မိုးဆိုင်းလမ်း၊ ရန်ကင်း။
၂၀၁၅၊ ဩဂုတ်လ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၇ ခုနှစ် နော်ရင်မွှေးစာပေ၏ တတိယအကြိမ်မူ၊

ရောင်းဈေး ၄ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

# နော်ရင်မွှေး

၁၉၈၉ စာပေဗိမာန်ဝတ္ထုရှည် ပထမဆုရ
၁၉၉၁ အမျိုးသားစာပေဆုရစာအုပ်

## မြသန္တာ

ပထမအကြိမ် ၂၀၀၇

နေခင်ရင်မွေးဝတ္ထုအား ပရိသတ်များ ပြန်လည်ခံစားရန်အတွက် တတိယအကြိမ်အဖြစ် ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

ဝတ္ထုတိုများ ဆောင်းပါးများနှင့် လုံးချင်းဝတ္ထုများကို အသက်ထက်ဆုံး မြတ်နိုးတွယ်တာစွာဖြင့် ရေးသားသွားပါမည်။

မြသန္တာ

နေခင်ရင်မွေးစာပေ
အမှတ် ၂၈၃၊ ဦးဘချိုလမ်း၊
၃၅ ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း။
ဖုန်း ၅၈၄၆၅၇

□

## စာရေးသူ၏ ထုတ်ဝေပြီး စာအုပ်များစာရင်း

| | |
|---|---|
| ၁။ အချစ်ဦးသီပါစေ | ၁၉၉၂ ခုနှစ်၊ လှိုင်စာပေ |
| ၂။ လိပ်ပြာလေလား ပန်းလေလား | ၁၉၉၂ ခုနှစ်၊ လှိုင်စာပေ |
| ၃။ ခြေတော့လည်းကြွေ၊ ခြေတော့လည်းကြွေ | ၁၉၉၂ ခုနှစ်၊ လှိုင်စာပေ |
| ၄။ တစ်ပွင့်ကြွေ တစ်ပွင့်ဝေ | ၁၉၉၂ ခုနှစ်၊ လှိုင်စာပေ |
| ၅။ နှလုံးသားအသစ်ဆိုတာ ရှိပါ့မလား | ၁၉၉၃ ခုနှစ်၊ လှိုင်စာပေ |
| ၆။ ဝါဆိုဦးက ပန်းခဲ့ဖူးသည့် ပန်းနီနီ | ၁၉၉၃ ခုနှစ်၊ လှိုင်စာပေ |
| ၇။ ပိတောက်တံတား | ၁၉၉၃ ခုနှစ်၊ လှိုင်စာပေ |
| ၈။ ကန္တာရဆူး | ၁၉၉၃ ခုနှစ်၊ လှိုင်စာပေ |
| ၉။ အကြင်နာမိုး | ၁၉၉၃ ခုနှစ်၊ လှိုင်စာပေ |
| ၁၀။ မီးခြားလမ်း | ၁၉၉၃ ခုနှစ်၊ လှိုင်စာပေ |
| ၁၁။ စိမ်းရျမစိမ်းသောမျက်လုံး | ၁၉၉၃ ခုနှစ်၊ လှိုင်စာပေ |
| ၁၂။ အချစ်ရပ်ဝန်းတည်ရာ | ၁၉၉၃ ခုနှစ်၊ လှိုင်စာပေ |
| ၁၃။ လွမ်းရက်ဆက် | ၁၉၉၃ ခုနှစ်၊ လှိုင်စာပေ |
| ၁၄။ စွဲစွဲလမ်းလမ်း တမ်းတမ်းတတ | ၁၉၉၄ ခုနှစ်၊ လှိုင်စာပေ |
| ၁၅။ ကိုယ်စား | ၁၉၉၄ ခုနှစ်၊ လှိုင်စာပေ |
| ၁၆။ အနီးဆုံးမှာဝေး | ၁၉၉၄ ခုနှစ်၊ လှိုင်စာပေ |
| ၁၇။ ပန်းလေပြေညင်း | ၁၉၉၄ ခုနှစ်၊ လှိုင်စာပေ |
| ၁၈။ ချစ်ရပါသည်ဆရာ | ၁၉၉၄ ခုနှစ်၊ လှိုင်စာပေ |
| ၁၉။ ထာဝရသီချင်းသည် | ၁၉၉၄ ခုနှစ်၊ လှိုင်စာပေ |
| ၂၀။ ရွှေချိန်ခွင်နဲ့ ဆက်ကြည့်ပါ | ၁၉၉၄ ခုနှစ်၊ လှိုင်စာပေ |
| ၂၁။ စိမ်းသော်လည်း မြမဟုတ်ပါ | ၁၉၉၅ ခုနှစ်၊ လှိုင်စာပေ |
| ၂၂။ ညိုးဖွဲ့မိုးတွေ စဲပါစေ | ၁၉၉၅ ခုနှစ်၊ လှိုင်စာပေ |
| ၂၃။ ပိတောက်နုးဖို့ ငှလေ့ကားလေး ခင်းပေးမယ် | ၁၉၉၅ ခုနှစ်၊ လှိုင်စာပေ |

| | |
|---|---|
| ၂၄။ ရင်ခွင်မဲ့အထီးကျန် (ပ+ဒု) | ၁၉၉၅ ခုနှစ်၊ လှိုင်စာပေ |
| ၂၅။ နှိုးလှည့်ပါ အိုပန်းချီ | ၁၉၉၅ ခုနှစ်၊ လှိုင်စာပေ |
| ၂၆။ မွန်းတည့်နေရောင်အောက်မှ<br>ပန်းတစ်ပွင့် | ၁၉၉၅ ခုနှစ်၊ လှိုင်စာပေ |
| ၂၇။ ခွန်းမခြွေသာပြီ | ၁၉၉၆ ခုနှစ်၊ လှိုင်စာပေ |
| ၂၈။ ခံစားဖူးရင် နားလည်ပါ | ၁၉၉၆ ခုနှစ်၊ လှိုင်စာပေ |
| ၂၉။ မှန်သောသစ္စာဆိုပါလျှင် | ၁၉၉၆ ခုနှစ်၊ လှိုင်စာပေ |
| ၃၀။ ဒဏ်ရာ | ၁၉၉၆ ခုနှစ်၊ သိန်းမင်းစာပေ |
| ၃၁။ ပီတိ (ပ+ဒု) | ၁၉၉၆ ခုနှစ်၊ သိန်းမင်းစာပေ |
| ၃၂။ အချစ်မိုးခေါင်ရပ်ဝန်း | ၁၉၉၆ ခုနှစ်၊ သိန်းမင်းစာပေ |
| ၃၃။ လေးပစ်သူမှာ ကျွန်တော်ပါ | ၁၉၉၆ ခုနှစ်၊ သိန်းမင်းစာပေ |
| ၃၄။ ညှို့အိပ်မက်ရှင် | ၁၉၉၇ ခုနှစ်၊ သိန်းမင်းစာပေ |
| ၃၅။ အချစ် ဘာလဲမသိ | ၁၉၉၇ ခုနှစ်၊ သိန်းမင်းစာပေ |
| ၃၆။ နှော်ရင်မွှေး (ဒုတိယအကြိမ်) | ၁၉၉၇ ခုနှစ်၊ သိန်းမင်းစာပေ |
| ၃၇။ အချစ်၏မြစ်ဖျားခံရာ သံတော်ဇဥ် | ၁၉၉၇ ခုနှစ်၊ သိန်းမင်းစာပေ |
| ၃၈။ လွမ်းစေ ကျွမ်းစေ တမ်းတစေ | ၁၉၉၇ ခုနှစ်၊ သိန်းမင်းစာပေ |
| ၃၉။ ဆူးမခသောမေတ္တာ | ၁၉၉၈ ခုနှစ်၊ သိန်းမင်းစာပေ |
| ၄၀။ ရင်တွင်းရှိုက်သံ | ၁၉၉၈ ခုနှစ်၊ သိန်းမင်းစာပေ |
| ၄၁။ အတူလေးရယ်တဲ့<br>ယှဉ်ကာပြိုင် (ဝတ္ထုတိုများ) | ၁၉၉၉ ခုနှစ်၊ သိန်းမင်းစာပေ |
| ၄၂။ သူ့ထက်ပိုကဲချစ်မယ့်သူ | ၁၉၉၉ ခုနှစ်၊ သိန်းမင်းစာပေ |
| ၄၃။ ဝေးလို့မဖြစ်ဘူး | ၁၉၉၉ ခုနှစ်၊ သိန်းမင်းစာပေ |
| ၄၄။ သမုဒ္ဒယငှက်ကလေးနားခိုရာ | ၁၉၉၉ ခုနှစ်၊ သိန်းမင်းစာပေ |
| ၄၅။ ဘဝရဲ့ ဆရာမ | ၁၉၉၉ ခုနှစ်၊ သိန်းမင်းစာပေ |
| ၄၆။ ပြိုင်ဘက်မရှိ | ၁၉၉၉ ခုနှစ်၊ သိန်းမင်းစာပေ |
| ၄၇။ မသိကိန်း | ၁၉၉၉ ခုနှစ်၊ သိန်းမင်းစာပေ |
| ၄၈။ အစိမ်းရောင်မိုးရေ | ၂၀၀၀ ခုနှစ်၊ သိန်းမင်းစာပေ |
| ၄၉။ ပန်တော်မူပါ ခြွေပါနဲ့ | ၂၀၀၀ ခုနှစ်၊ သိန်းမင်းစာပေ |
| ၅၀။ ပန်းတွေသီရင်း စောင့်နေမယ် | ၂၀၀၀ ခုနှစ်၊ သိန်းမင်းစာပေ |
| ၅၁။ နှင်းတောင်ထိပ်ဖျားမှ ပန်းသစ္စာ | ၂၀၀၀ ခုနှစ်၊ သိန်းမင်းစာပေ |
| ၅၂။ နှစ်သစ်မှာပျော်ပါစေ | ၂၀၀၁ ခုနှစ်၊ သိန်းမင်းစာပေ |
| ၅၃။ ချစ်သူကိုယ်စား လိပ်ပြာကိုစေ | ၂၀၀၁ ခုနှစ်၊ သိန်းမင်းစာပေ |
| ၅၄။ ဆူးမဲ့ပန်းလား ဆူးနဲ့လား | ၂၀၀၁ ခုနှစ်၊ သိန်းမင်းစာပေ |
| ၅၅။ သစ္စာပန္နက်ဦး၏ ဝေဒနာဆူး | ၂၀၀၂ ခုနှစ်၊ သိန်းမင်းစာပေ |
| ၅၆။ အချစ်ကာရံမဲ့သောနေ့များစွာ | ၂၀၀၂ ခုနှစ်၊ သိန်းမင်းစာပေ |
| ၅၇။ ငှဲဝဲလိပ်ပြာ | ၂၀၀၂ ခုနှစ်၊ သိန်းမင်းစာပေ |
| ၅၈။ ပိတောက်အပြုံးရှင် | ၂၀၀၂ ခုနှစ်၊ သိန်းမင်းစာပေ |
| ၅၉။ ချစ်သူစမ်းချောင်းလေး | ၂၀၀၂ ခုနှစ်၊ သိန်းမင်းစာပေ |
| ၆၀။ အမြဲတမ်းကြင်ယာတော် | ၂၀၀၃ ခုနှစ်၊ သိန်းမင်းစာပေ |
| ၆၁။ အပွင့်ရဲရဲ အကြွေရဲရဲ | ၂၀၀၃ ခုနှစ်၊ သိန်းမင်းစာပေ |
| ၆၂။ အချစ်ဦးပေးတဲ့ အလွမ်းချို | ၂၀၀၃ ခုနှစ်၊ သိန်းမင်းစာပေ |
| ၆၃။ မျဉ်းဖြောင့်တစ်ကြောင်း၏သစ္စာ | ၂၀၀၃ ခုနှစ်၊ သိန်းမင်းစာပေ |
| ၆၄။ အက်ကြောင်းတစ်ခု၏သံစဉ် | ၂၀၀၃ ခုနှစ်၊ သိန်းမင်းစာပေ |
| ၆၅။ အနက်ရောင်မိုးရေ | ၂၀၀၃ ခုနှစ်၊ သိန်းမင်းစာပေ |
| ၆၆။ အရိပ်မဲ့ညအလွန် | ၂၀၀၃ ခုနှစ်၊ သိန်းမင်းစာပေ |
| ၆၇။ နေမင်းကိုချစ်တဲ့လမင်း<br>လမင်းကိုချစ်တဲ့ ငွေကြယ် | ၂၀၀၃ ခုနှစ်၊ သိန်းမင်းစာပေ |
| ၆၈။ အစိမ်းရောင်အိပ်မက်များမှ<br>နိုးထလာသော် | ၂၀၀၃ ခုနှစ်၊ သိန်းမင်းစာပေ |
| ၆၉။ အတ္တမြစ်ကဗျာ၏ မာယာအပြုံး | ၂၀၀၄ ခုနှစ်၊ သိန်းမင်းစာပေ |
| ၇၀။ စွန့်လွှတ်ခြင်း၏တရားခံ | ၂၀၀၄ ခုနှစ်၊ သိန်းမင်းစာပေ |
| ၇၁။ အလွမ်းများနှင့် ချစ်သူငယ်ချင်း | ၂၀၀၄ ခုနှစ်၊ သိန်းမင်းစာပေ |
| ၇၂။ အချစ်ဖြင့် အပ်နှင်းပြီးနောက်တွင် | ၂၀၀၄ ခုနှစ်၊ သိန်းမင်းစာပေ |
| ၇၃။ သတ်တံ့ရောင်စဉ်အချစ်များဖြင့် | ၂၀၀၄ ခုနှစ်၊ သိန်းမင်းစာပေ |
| ၇၄။ အဆုံးမဲ့ ဝေဒနာပုံရိပ် | ၂၀၀၄ ခုနှစ်၊ သိန်းမင်းစာပေ |
| ၇၅။ ပန်းသစ္စာ၏ ပွဲတင်သံ | ၂၀၀၄ ခုနှစ်၊ နှော်ရင်မွှေးစာပေ |
| ၇၆။ ထာဝရချစ်သူငယ်ချင်း | ၂၀၀၅ ခုနှစ်၊ နှော်ရင်မွှေးစာပေ |
| ၇၇။ အဆုံးသတ်မယ့် အလွမ်းပုံပြင် | ၂၀၀၅ ခုနှစ်၊ နှော်ရင်မွှေးစာပေ |
| ၇၈။ ပေးဆပ်ခြင်းဖြင့် မေတ္တာပန်းတို့<br>လန်းပါစေ | ၂၀၀၅ ခုနှစ်၊ နှော်ရင်မွှေးစာပေ |
| ၇၉။ နေခြည်စောင့်သောပန်းတစ်ပွင့် | ၂၀၀၅ ခုနှစ်၊ နှော်ရင်မွှေးစာပေ |
| ၈၀။ နှော်ရင်မွှေး (တတိယအကြိမ်) | ၂၀၀၆ ခုနှစ်၊ နှော်ရင်မွှေးစာပေ |

၈၁။ စည်းတစ်ဖက်မှာသည်းဦးပန်းကြွေ ၂၀၀၆ ခုနှစ်၊ ရွှေစကားစာပေ
၈၂။ ဝင်ကစွပ်ညှော့သည် ၂၀၀၆ ခုနှစ်၊ ရွှေစကားစာပေ
၈၃။ မမုန်းရဲအောင် ချစ်တဲ့သူ ၂၀၀၆ ခုနှစ်၊ ရွှေစကားစာပေ
၈၄။ ချစ်ခြင်း၏ပွဲတင်သံ ၂၀၀၆ ခုနှစ်၊ ရွှေစကားစာပေ
၈၅။ လမိုက်ညရဲ့ ကြယ်ပွင့်လေး ၂၀၀၇ ခုနှစ်၊ ရွှေစကားစာပေ
၈၆။ ဒုတိယမြောက်အိပ်မက်. ၂၀၀၇ ခုနှစ်၊ ရွှေစကားစာပေ
၈၇။ အလှမဲ့သောအချစ်များဆီသို့ ၂၀၀၇ ခုနှစ်၊ ရွှေစကားစာပေ
၈၈။ အချစ်ကြွေးသံသရာလည် ၂၀၀၇ ခုနှစ်၊ ရွှေစကားစာပေ
၈၉။ လွမ်းအိပ်မက်မှုန်းထလျှင် ၂၀၀၇ ခုနှစ်၊ ရွှေစကားစာပေ
၉၀။ ဆက်ရာမှာအက်ရာတွေနဲ့ ၂၀၀၇ ခုနှစ်၊ ရွှေစကားစာပေ
၉၁။ မိုးကောင်းကင်ရဲ့ ထာဝရကြယ်လေး ၂၀၀၈ ခုနှစ်၊ ရွှေစကားစာပေ
၉၂။ အခန်းဆက်ပန်းချီကား ၂၀၀၈ ခုနှစ်၊ ရွှေစကားစာပေ
၉၃။ နှလုံးသားသော့အိမ် ၂၀၀၈ ခုနှစ်၊ ရွှေစကားစာပေ
၉၄။ အမှားပြင်ခွင့်ပေးပါ ၂၀၀၈ ခုနှစ်၊ ရွှေစကားစာပေ
၉၅။ အကြင်နာများရဲ့ အမှတ်တရစာကြွင်း ၂၀၀၈ ခုနှစ်၊ ရွှေစကားစာပေ
၉၆။ တတိယမြောက် ချစ်ပန်းပွင့် ၂၀၀၈ ခုနှစ်၊ ရွှေစကားစာပေ
၉၇။ ဒဏ်ရာများနဲ့ ပိုးစုန်းကြူး ၂၀၀၈ ခုနှစ်၊ ရွှေစကားစာပေ
၉၈။ အမှတ်တမဲ့မှ အမှတ်ရပွိုင့် ၂၀၀၈ ခုနှစ်၊ ရွှေစကားစာပေ
၉၉။ ဒုတိယလူ၏နောက်ဆုံးအချစ် ၂၀၀၉ ခုနှစ်၊ ရွှေစကားစာပေ
၁၀၀။ အသည်းထဲမှာ တမာပျားရည် ၂၀၀၉ ခုနှစ်၊ ရွှေစကားစာပေ
၁၀၁။ လနှစ်စင်း၏ချစ်ခြင်း ၂၀၀၉ ခုနှစ်၊ ရွှေစကားစာပေ
၁၀၂။ ပန်းစောင့်ဆူး ၂၀၀၉ ခုနှစ်၊ ရွှေစကားစာပေ
၁၀၃။ အားလုံးထက်ပိုချစ်မယ် ၂၀၀၉ ခုနှစ်၊ ရွှေစကားစာပေ
၁၀၄။ အတာမသိလိုက်တဲ့ဝေဒနာ ၂၀၀၉ ခုနှစ်၊ ရွှေစကားစာပေ
၁၀၅။ အချစ်ဖြင့်သာပျော်စေသတည်း ၂၀၀၉ ခုနှစ်၊ ရွှေစကားစာပေ
၁၀၆။ နာရီဟောင်းများရဲ့ အလွမ်းပုံပြင် ၂၀၁၀ ခုနှစ်၊ ရွှေစကားစာပေ
၁၀၇။ ဝေးလွင့်ငှက်၏ကောက်ကြောင်း
ရာဇဝင် ၂၀၁၀ ခုနှစ်၊ ရွှေစကားစာပေ
၁၀၈။ နှစ်သစ်ဦးရဲ့ အလွမ်းသံစဉ် ၂၀၁၁ ခုနှစ်၊ ရွှေစကားစာပေ

□

## အခန်း ၁

ပျော်ခင်းငယ်မှသာလှ၊ သည်ချိန်ကျလျှင်၊ တောဝဂနိုင်၊စုံသာမြိုင်မှာ၊
မခိုင်ရွက်ညောင်း၊ ကြွေကျပြောင်းလို့၊ ထောင်းထောင်းငယ်လျှံငွေ့၊
တောင်ဓလေ့နှင့်၊ လွမ်းရှုငယ်တစေ၊ အလိုသေရချည့်၊ စိတ်ဖြေလို့၊
မနိုင်၊ ဘယ့်နှယ်လူခိုင်ပါ့မယ်၊ ယုဂန်မြိုင်ရှင် သိကြားတို့၊ ဟာန့်တား
ရင်လေး

မည်သည့်နေရာသို့ ကြည့်ကြည့် သစ်ပင်များ၊ တောင်တန်းများက မှိုင်းဝေဝေနှင့်၊ တောင်တန်းတစ်လျှောက်တွင် မင်းလွင်လိုလို မြူခိုးလိုလို အခိုးအငွေ့များ ရစ်သိုင်းနေသည်ကိုတွေ့မြင်ရသည်။ ဝေတချို့ ကြွေတချို့ သစ်ရွက်များကြောင့် သစ်တောကြီးသည် နက်မှောင်၍မနေဘဲ အနည်းငယ် အမြင်ရှင်းနေသည်။

ကြိုးဝိုင်းသစ်တောများအတွင်း ဖြစ်သောကြောင့် ကျွန်း၊အင်၊ ပျဉ်းကတိုး စသော အဖိုးတန်သစ်ပင်ကြီးများကို စနစ်တကျ စိုက်ပျိုးထားသည်။ ကားလမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်တွင် ခုတ်လှဲပြီးသော ကျွန်းသစ်များနှင့် အခြားသစ်များကို နံပါတ်အလိုက် စီချထားသည်။

ကောင်းကင်သို့ အမှတ်မထင် မော်ကြည့်လိုက်သောအခါ ရှိဝေသော အပြာရောင်လွှမ်းခြုံလျက် မှိုင်းမှိုင်းမှုန်မှုန်နှင့်။

မသွားဖူးသော နေရာအသစ်အဆန်းများကို ငေးမောကြည့်ရှုရင်း

လိုက်ပါလာသော်လည်း ရင်ထဲ၌မူ လွတ်ဟာ၍နေ၏။ မတင်မကျနှင့်လည်း ဖြစ်နေမိသည်။

တာဝန်အရမို့ ဤခရီးကို ထွက်လာရသော်လည်း လုံးဝ စိတ်မရွှင်ခဲ့ပေ။ ခရီးမထွက်မီကလည်း စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရသဖြင့် ပို၍ စိတ်မကြည်မလင်ဖြစ်မိသည်။

"ဆရာမက ခရီးထွက်တဲ့အခါတိုင်း မလိုက်ချင်ဘူး။ အမြဲငြင်းနေတာပဲ မဟုတ်လား။ ဒီတစ်ခါတော့ မလိုက်မနေ လိုက်ရမှာပဲ။ ကျွန်တော်တို့ သွားရမှာက ကရင်အမျိုးသားတွေကြားထဲ သွားရမှာ။ ဒီတော့ ကရင်စကား နည်းနည်းတတ်တဲ့ ကရင်လူမျိုး တစ်ယောက်ယောက်ပါရင် အဆင်ပြေမယ်လို့ထင်လို့ပါ"

"ကျန်းမာရေးဝန်ထမ်းလုပ်ပြီး တာဝန်ကို ကြောက်နေရင်တော့ ဘယ်ဖြစ်မလဲ ဆရာမရဲ့"

မိမိထက် ရာထူးကြီးသော်လည်း လုပ်သက်အားဖြင့်လည်းကောင်း၊ အသက်အားဖြင့်လည်းကောင်း၊ ငယ်ရွယ်နုနယ်လှသော ဆရာဝန်က တာဝန်စကားကိုပြောပြီး ခေါ်လာသောကြောင့် ပို၍မကျေမနပ်ဖြစ်မိသည်။

မိမိ ဤဆေးရုံသို့ ရောက်လာသည်မှာ ငါးနှစ်ကျော်ကျော်ရှိပြီဖြစ်၏။ ဤကဲ့သို့ ခရီးမထွက်စဖူးပေ။ ခရီးထွက်မည့်အခါတိုင်းလည်း အချင်းချင်းညှိ၍ မိမိအား ချန်လုပ်ထားခြင်း ခံရသည်။ စိတ်အေးရသည်။ ယခု ဒေါက်တာဟန်ကြည်သည် အလုပ်သင်ဆရာဝန်ဘဝမှ လွတ်မြောက်ပြီး ဆရာဝန်ဟုပီပီပြင်ပြင်သတ်မှတ်ခံရသည်မှာ လေးငါးလမျှပင် ရှိသေးသည်။ ဤကဲ့သို့သော လူမျိုးက  မိမိအား တာဝန်စကားပြော၍ မခံချင်ဖြစ်မိ၏။

တကယ်တော့ ယခုကဲ့သို့ သုံးလေးညမပြောနှင့် ညနေစောင်း တစ်ညနေလေးအထိပင် မနေနိုင်။ ရင်ထဲတွင် မောဟိုက်နွမ်းနယ်မှုကို ခံစားရသည်။ စောစောက ကျောက်တိုင်ကျေးရွာတွင်ဝင်၍ ကာကွယ်ဆေးထိုးပေးနေစဉ် အလုပ်များနေသောကြောင့် ဘာကိုမျှ မစဉ်းစားမိပေ။

ကျောက်တိုင်ကျေးရွာသည် ဖွံ့ဖြိုးတိုးတက်နေသော ကျေးရွာကြီးဖြစ်၏။ အခြေခံစိုက်ပျိုးမွေးမြူရေးကျောင်းကိုပင် ဖွင့်လှစ်ထားသည်အထိ စည်ကားလွန်းသည်။ ထို့ကြောင့် ဆေးထိုးရမည့်သူကို အချိန်ကုန်ခံပြီး စောင့်ဆိုင်းနေစရာမလိုပေ။ ကျေးရွာသမဆေးပေးခန်း၌ပင် ရွာသားများက စောင့်နေကြ၏။



တစ်ဆက်တည်းမှာပင် ရောက်ပင်ချောင်း၊ ကွမ်းပင်စသော ကျေးရွာအုပ်စုများက အသင့်စောင့်နေကြသဖြင့် အဆင်ပြေလှသည်။

ကိုယ့်အမျိုးသားများကို ပြန်တွေ့ရသောအခါ ဝမ်းသာကြည်နူးမှုကို ခံစားရသည်။ မိမိ၏ ဇာတိမြေသည် ဝေးကွာစွာကျန်ရစ်ခဲ့လေပြီ။ ထိုဇာတိမြေသို့ တစ်နေ့နေ့တွင် အရောက်ပြန်လာနိုင်လိမ့်မည်ဟု ယုံကြည်မိ၏။

တုံ့ခနဲရပ်သွားသော ကားအရှိန်ကြောင့် အတွေးများပျောက်ကွယ်သွားပြီး ပတ်ဝန်းကျင်သို့ ကြည့်လိုက်မိသော် လမ်းသုံးခွထိပ်တွင်ကားရပ်တန့်ပြီး စစ်လုံခြုံရေးဂိတ်၌ သတင်းဝင်ပေးနေခြင်းဖြစ်၏။

ပိန်းသီလာ၊ လိပ်သို၊ သံတောင်သို့သွားသော လမ်းသုံးသွယ်ဆုံရာဖြစ်သည်။

မိမိတို့သည် ပိန်းသီလာသို့ သွားရမည်ဖြစ်သည်။

"ပိန်းသီလာ ရောက်ရင် မှောင်ပြီထင်ပါရဲ့"

အတူတူလိုက်ပါလာသော ဆရာမအေးအေးမြင့်က ငိုက်မြည်းနေရာမှ လန့်နိုးလာပြီး ဗလုံးဗထွေးလှမ်းပြောလိုက်သည်။ ပိန်းသီလာသို့ ၁၁ မိုင်၊ ၃ ဖာလုံဟူသော မြားအညွှန်းလေးကိုကြည့်ပြီး သက်ပြင်းလေး ချမိသည်။

မိုးချုပ်လျှင် မှောင်တော့မည်။ ထိုအမှောင်ကို တတ်နိုင်သမျှ ဆွဲထားချင်သေးသည်။

"နောက်က ဆရာမတို့ သတိထားထိုင်ကြနော်၊ လမ်းက နည်းနည်းကြမ်းတယ်တဲ့"

ရှေ့ခန်းထဲမှ လှမ်းပြောလိုက်သော ဒေါက်တာဟန်ကြည့်စကားကြောင့် နှစ်ဦးစလုံး နှုတ်ခမ်းကိုမဲ့ပြီး တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်ကာ အချက်ပြလိုက်၏။

"ဒီလိုပဲ၊ ဖားဆိုတာမျိုးက အကောင်သာငယ်တယ်။ သိပ်ပြီး အသံကျယ်ချင်ကြတာ"

မိန်းမပီပီ အတင်းပြောလိုက်သော အေးအေးမြင့်စကားသံ တိုးတိုးကြောင့် ပြုံးရင်းက ခေါင်းညိတ်ပြီး ထောက်ခံလိုက်သည်။

"ငါတော့ နင့်ကို ပြောကတည်းက သိပ်အသည်းယားတာပဲ၊ ငါသာဆို ပြန်ပြောမိမှာပဲ။ နင်မသိဘူး ရင်မွေး၊ နင်က ဒေသန္တရဆေးခန်းမှာ ခဏသွားထိုင်နေလို့ သူ့အကြောင်းမသိတာ။ သူရောက်ကတည်းအာ တာဝန်

စကား၊ စည်းကမ်းစကားကို စာအုပ်ထဲကလို အလွတ်ကျက်ပြီး ပြောနေတာ။ အခု နင်ရောက်လာတာနဲ့ နင့်ကို လှမ်းပါဝါပြနေတာ။ နင် ငြိမ်မခံနဲ့ သိလား။ ဟင်း ဆရာဝန်ပေါက်စကများ"

"တော်ပါတော့ အေးအေးမြင့်ရယ် ကြားသွားပါဦးမယ်။ တို့တွေ လူနည်းနည်းနဲ့ဟာ ပြဿနာမရှာချင်ပါနဲ့ဦးနော်။ ဒီအတိုင်းပဲ သည်းခံ လက်စနဲ့ သည်းခံလိုက်ပေါ့"

"အေးပါ နင်ပဲခံ၊ နင်ပဲခံ"

အေးအေးမြင့်၏ ခနဲ့တဲ့တဲ့စကားကြောင့် နော်ရင်မွေးပြုံးမိလိုက်သည်။ သို့သော် ကြာကြာပြုံး၍ မရပါ။ အလုံးအရင်းနှင့် ဝင်လာသော ဖုန်လုံးများကြောင့် နှာခေါင်းကို လက်ကိုင်ပဝါနှင့် ကမန်းကတန်းပိတ်လိုက်ရသည်။

ကျောက်ခင်းလမ်းဖြစ်သောကြောင့် ထိုင်ခုံပေါ်မှ ပြုတ်မကျသွားစေရန် လက်ကို မြဲမြဲကိုင်ထားရ၏။

"ဒါမျိုးပေါ့၊ ကျောက်ခဲစားသွားရင်တောင် အစာကြေမယ်ဆိုတာ ဂူးထို"

စကားလှမ်းပြောလိုက်၍ ပါးစပ်ထဲသို့ ဖုန်ဝင်သွားသော အေးအေးမြင့်အဖြစ်ကိုကြည့်၍ ပါးစပ်ကို ပိတ်ထားရင်းက ရယ်မောမိသည်။

"ဆရာမတို့ သတိထားနော်၊ ရှေ့က လမ်းက ပိုကြမ်းတယ်"

ဒေါက်တာဟန်ကြည်က ရှေ့ခန်းမှ လှမ်းအော်လိုက်စဉ် ကားက ချိုင့်ထဲဆင်းလိုက်၊ ကမူပေါ်တက်လိုက်နှင့် ကားတစ်စီးလုံး သံစုံမြည်ကာ ခါရမ်းနေလေ၏။

အချင်းချင်း စကားမပြောနိုင်ကြတော့ပေ။ ခရီးမဝေးလှသော်လည်း လမ်းဆိုး၍ ခရီးကြန့်ကြာလှ၏။ တစ်နာရီနီးပါးသွားပြီးမှ လိုရာသို့ ရောက်လာကြသည်။

"အာဖရိကတောထဲ ဝင်လာတဲ့ မျောက်ဖြူတွေ"

ကားပေါ်က ဆင်းပြီး ဖုန်များကိုခါရင်းက အေးအေးမြင့် စကားကိုပင် မပြုံးနိုင်ပေ။ ကားပေါ်ရှိ အရာဝတ္ထုအားလုံးမှာ ဖုန်များဖြင့် ဖွေးဖွေးဖြူနေ၏။

ရွာလူကြီးများက အချိန်ကြာကြာ စောင့်မျှော်နေကြဟန်ဖြင့် ဝမ်းသာအားရ ပြေးထွက်လာကြသည်။ ဒေါက်တာဟန်ကြည်က မိန်းကလေးများ



ကဲ့သို့ အလှအပကို ဂရုမစိုက်ဟန်ဖြင့် ဖုန်မခါဘဲနေပြသည်ဟု အေးအေးမြင့်က လူလစ်သည်နှင့် ပြောလိုက်သေးသည်။

"လာကြလေ ဆရာမတို့။ ဒါ သိပ်မဟုတ်သေးပါဘူးဗျာ။ ဒီထက်ဆိုးဝါးတဲ့ ခရီးတွေအများကြီးရှိပါတယ်။ ဒါ အချောမွေ့ဆုံး ကားလမ်းပေါက်တဲ့ ခရီးပါပဲ"

ဒေါက်တာ ဟန်ကြည့်စကားကြောင့် နော်ရင်မွေးရင်ထဲ အားပါးတရ အော်ဟစ်ရယ်မောမိသည်။ မြို့သား ဆရာဝန် နုနုနယ်နယ်က မိမိတို့လို တောသူအား နှစ်သိမ့်နေသည်မှာ ရယ်ချင်ဖွယ်ရာကောင်းလှသည်။

ခဏနားပြီး ပိန်းသီလာချောင်းထဲတွင် ရေဆင်းချိုးကြ၏။ မှောင်လာပြီဖြစ်သောကြောင့် နော်ရင်မွေးရင်မှာ ပို၍ပို၍ ပူလောင်လာသည်။ ပိန်းသီလာချောင်းရေသည် တောတောင်အထပ်ထပ် ဖြတ်ကျော်လာရသောကြောင့် အေးမြလျက်ရှိသော်လည်း နော်ရင်မွေးရင်ထဲ၌မူ–

"ဟေး . . . ရင်မွေးရေ သိပ်စိမ်မနေနဲ့။ မြန်မြန်တက်ပါဟ။ တော်ကြာ ကိုရှည်ဒေါက်တာကြီးက ဝင်ပြီး အမိန့်ပေးနေဦးမယ်။ လာ . . . လာ"

နှစ်ဦးသားချောင်းထဲမှ တက်လာကြသည်။ ချောင်းရေကို ဝါးလုံးများဖြင့် ပိုက်သဖွယ်တန်းပြီး အိမ်များအထိ သွယ်ထားသည်။

"ဆရာမတို့ မြန်မြန်လုပ်ကြဗျာ။ ဒီမှာ ထမင်းတွေ၊ ဟင်းတွေ အေးကုန်ဦးမယ်"

ဒေါက်တာဟန်ကြည့်စကားကြောင့် နော်ရင်မွေးမျက်နှာ မှိုင်းညိုသွားသည်။ အဝတ်ဝတ်ပြီး ထမင်းဝိုင်းမှာ ဝင်ထိုင်လိုက်သောအခါ မျက်ရည်များရစ်ဝဲ၍ လာလေ၏။ ထမင်းတစ်လုတ်ကို မနည်းမျိုချနေရသည်။

"မိုးရယ် မိုးနဲ့ပဲ အတူတူစားပါရစေနော်။ မိုးမရှိဘဲ ကလေးတစ်ယောက်တည်း ထမင်းမစားချင်ဘူး"

နားထဲသို့တိုးဝင်လာသော ကလေး၏အသံကြောင့် ရင်ထဲတွင် ဆို့နင့်သွားပြီး ထမင်းဝိုင်းမှာ ထသွားချင်လောက်အောင် စိတ်ပျက်သွားမိသည်။

"ဆရာမ နော်ရင်မွေး ဟင်းထည့်စားလေဗျာ။ စားမကောင်းဘူးလားဟင်။ ကျွန်တော်တော့ ကားဆောင့်ထားလို့လား မသိဘူး။ သိပ်စားကောင်းတာပဲဗျာ"

ဒေါက်တာဟန်ကြည်က ပြောပြောဆိုဆိုနှင့် နော်ရင်မွေးပန်းကန်ထဲသို့

ကြက်သားဖတ်များ လှမ်းထည့်ပေးသည်။ အေးအေးမြင့်က စားပွဲအောက်မှနေ လက်နှင့်လှမ်းကုတ်၍ စဖြစ်အောင် စလိုက်သေး၏။

ထိုအခါမှ သတိဝင်လာပြီး "ရပါတယ် ဒေါက်တာ" မချိုပြုံးနှင့် ပြောရင်းက တာလပေါ့ဟင်းချိုကို ခပ်သောက်ကြည့်သည်။ ရင်ထဲမှာ နင့်သွားပြန်၏။ နောက် ထပ်မသောက်ချင်တော့။ တတ်နိုင်လျှင် ထမင်းဝိုင်းမှ ထပြေးချင်လောက်သည်အထိ သတိရမိသည်။

တာလပေါ့ဟင်းချိုအချက်တော်သော အစ်မတဝါးနှင့် ထိုဟင်းကို ကြိုက်သော ဆရာနှင့်ကလေးအား သတိရလိုက်သည်။

"မိုးသိနေတယ် ကလေးရယ်။ ကလေးလည်း မိုးလိုပဲ ထမင်းစားမကောင်းဘူး မဟုတ်လား"

ရင်ထဲတွင် တီးတိုးပြောရင်းက ညမှောင်လာလျှင် မိမိ နားကပ်ကာ စကားတွတ်ထိုးတတ်သည့် ကလေးအား သတိရမိသည်။

"ဩော် . . . နင် ထမင်းစားလို့ မကောင်းဘူးလား ရင်မွှေး၊ ငါ သိတယ်။ နင့်သမီးကို သတိရနေသလား"

"အင်း . . ."

အေးအေးမြင့်စကားကြောင့် ဒေါက်တာဟန်ကြည်က တအံ့တဩနှင့် နော်ရင်မွှေးကို လှမ်းကြည့်ရင်း . . .

"ဟင် . . . ဆရာ့မဆီမှာ ကလေးရှိလား"

"မသိပါဘူးဗျာ။ ကျွန်တော်က ဆရာမကို လူလွတ်အောက်မေ့လို့"

ဘာမှ ပြန်မပြောဘဲ ပြုံး၍သာ နေလိုက်သည်။ ထမင်းစားရသည်မှာ လည်ချောင်းထဲသို့ အတင်းအဓမ္မ ထည့်နေရသကဲ့သို့ ပင်ပန်းလှ၏။

"ကလေးတစ်ယောက်နဲ့ လူလွတ်ပေါ့ ဒေါက်တာရဲ့"

အေးအေးမြင့်စကားကို ဒေါက်တာဟန်ကြည်က နားမလည်နိုင်ဖြစ်သွားဟန်တူသည်။

"ခင်ပွန်းကကော"

"ကားတိုက်လို့ သေသွားပြီ"

ပါးစပ်ထဲသို့ ထမင်းလုတ်ကို သွင်းရင်း ဗလုံးဗထွေး တမင်ပြောလိုက်သည်။

"ဟင် . . . ငါ့ကိုပြောတော့ ရေနစ်သေတယ်ဆို"



"အို . . . ဟုတ်လား။ ငါ အဲဒီလိုပြောမိသလား။ မဟုတ်ပါဘူး သူ ကားတိုက်တာပါ"

မျက်နှာတစ်ခုလုံး ပူထူလာသည်အထိ ရှက်မိသည်။ အေးအေးမြင့်က မျက်စောင်းထိုးလိုက်၏။

"ဆောရီး ဆရာမ၊ ထမင်းစားနေတုန်း ကျွန်တော် မမေးသင့်ပါဘူး။ ဆရာမ ထမင်းများများစားပါ။ အားရှိအောင်လို့လေ"

သူပြောမှပင် ရင်မွှေး ရင်ထဲပို၍ပြည့်လာ၏။ ထို့ကြောင့် ထမင်းဝိုင်းမှ အစောဆုံး ထထွက်လာမိသည်။ ကြာလျှင် ကလေးအား သတိရသောစိတ်ဖြင့် ငိုမိပေလိမ့်မည်။

"ဆောရီးပဲဗျာ။ ကျွန်တော်က ဆရာမကို လူလွတ်ထင်လို့ ခေါ်လာတာပါ။ အခု ကလေးက ဘယ်အရွယ်ရှိပြီလဲ။ ဘယ်သူနဲ့ ထားခဲ့လဲဟင်"

ဒေါက်တာ ဟန်ကြည်က စိတ်မကောင်းဟန်ဖြင့် လှမ်းမေးလိုက်သည်။

"ကိုးနှစ်ကျော်ပါပြီ ဒေါက်တာ။ အခုတော့ သူ့ကို မေထရွှန် ဒေါ်ခင်ဝင်းအိမ်မှာ ခဏအပ်ထားပါတယ်"

"ဩော် . . . ဆရာမက ကျွန်တော့်ကို အစက ဘာလို့မပြောလဲဗျာ"

ဒေါက်တာဟန်ကြည်က တကယ်စိတ်မကောင်းဟန်ဖြင့် ပြောလိုက်သည်။ နော်ရင်မွှေးက ရေနွေးကြမ်းကို ငုံ့သောက်ရင်း . . .

"ရှိပါစေတော့ရှင်။ ကလေးက နေတတ်ပါတယ်။ မေထရွှန်နဲ့လည်း ရင်းနှီးနေပြီးသားပါပဲ"

အမှတ်မထင် အပြင်ဘက်သို့ လှမ်းကြည့်မိ၏။ မဟူရာသက်သက်သာ မြင်လိုက်ရ၍ ရင်ထဲမှာ နွမ်းလျသွားသည်။ အစိုးရိမ်ဆုံးသော ညအချိန်သို့ ရောက်လာလေပြီ။ ကလေးသည် စာကျက်ပြီးသည်နှင့် မိမိရင်ခွင်ထဲတိုးဝင်ကာ အိပ်တတ်၏။ လက်တစ်ဖက်ကို ခေါင်းအုံးအောက်ထဲ ထည့်ပြီး လက်တစ်ဖက်က ခါးကိုဖက်ပြီးမှ အိပ်တတ်သော ကလေးသည် . . .

ဦးခေါင်းကို ဖြည်းညင်းစွာ ခါရမ်းလိုက်ရင်း ကလေးကို အတွေးထဲမှ ထုတ်ပစ်လိုက်၏။ ထို့နောက် စိတ်မပြောင်းစေရန် ဆေးသေတ္တာမှ ဖုန်များကို အဝတ်နှင့်သုတ်ရင်းက ဆေးပုလင်းများကို စနစ်တကျ ပြန်စီနေလိုက်သည်။

"ဒီလိုသာ လုပ်ငန်းအဆင်ပြေနေရင် ကျွန်တော်တို့ မနက်ဖြန်ညနေ

မှာ လုပ်ငန်းပြတ်ပြီး သန်ဘက်ခါမှာ ပြီးပါလိမ့်မယ်။ မကြာပါဘူး ဆရာမရယ်။ နှစ်ညတည်းပါ"

နှစ်ညမပြောနဲ့ ဒီနေ့ညပင် ညဆိုသောကာလကို မည်ကဲ့သို့ ဖြတ်ကျော်ရမည်မသိ ဖြစ်နေမိသည်။

* * *

"အလယ်လယ် နာလိုက်တာ ဖိုးမူရယ်။ နင် အသာလေး ထိုးပေးပါဟ။ ငါ့မှာ အရိုးချည့်ကျန်တာ"

ဆေးထိုးပေးပြီး လက်မောင်းကို ပွတ်ချေပေးစဉ် ပြောလိုက်သောစကားသံကြောင့် ရင်မွေးက ရယ်မောရ၍ . . .

"ဆေးတွေ ပြန့်သွားအောင်ပါ ဖထီးရဲ့။ ဖထီးအသက် ဘယ်လောက်ရှိပြီလဲဟင်"

"၉၀ ရှိပြီဟေ့"

"ဩော် . . .ဖထီးကို ၆၀ လောက်ပဲထင်တာ"

ဖထီးကြီးနှင့်အတူ ရောရ၍ ရယ်မောမိသော်လည်း စိတ်တို့သည် အပါးထံသို့ လွင့်ပါသွား၏။ အပါးသာရှိနေလျှင် ဤကဲ့သို့ပင် ဖျတ်ဖျတ်လတ်လတ်နှင့် သန်မာသော ကရင်အဘိုးအိုတစ်ဦးဖြစ်နေဦးမည် ဖြစ်ပါသည်။ အပါးသည် မဖျားမနာခဲ့ဖူးပေ။

ထို့ကြောင့်ပင် လူကြီးများအား စိတ်ရှည်လက်ရှည်ပြုစုပေးတတ်သော နော်ရင်မွေး၏စေတနာသည် မွေးပျံ့လှ၏။ တာဝန်ဝတ္တရားကို လေးစားပြီး မခိုကပ်တတ်ပေ။ ဆေးရုံဝန်ထမ်းအားလုံးသည် နော်ရင်မွေး၏ စိတ်စေတနာကို နားလည်ကြသည်။ သို့သော် နော်ရင်မွေး၏ သမီးလေးက ဂျူတီချိန်တွင် ပါလာတတ်ပြီး ဆရာမများ အခန်းထဲ၌ ငြိမ်သက်စွာ စာကျက်နေတတ်သည်။ အမေတစ်ခု သမီးတစ်ခုမို့ သမီးအား တစ်ဦးတည်းထား၍ မဖြစ်ပေ။

နော်ရင်မွေးတွင် ဤသံယောဇဉ်ကြိုးလေး၏ ဆွဲနှောင်မှုကြောင့် စိတ်ထင်တိုင်း လှုပ်ရှား၍ မရနိုင်။ ညအိပ်ခရီးထွက်ရမည့်တာဝန်ကို အစဉ်အမြဲ ငြင်းပယ်ခဲ့ရသည်။ ညဂျူတီရှိလျှင် ကလေးပါလိုက်၍ ဆေးရုံ၌အိပ်သောကြောင့် အဆင်ပြေ၏။ သို့သော် ခရီးထွက်ရသည့်အခါ၌ ကျောင်း



တက်နေဆဲကလေးအား ခေါ်၍မရ။ ထားသွား၍ မဖြစ်ခဲ့ပေ။ ယခု ပထမဦးဆုံးအကြိမ် ခွဲခြင်းဖြစ်၍ ကလေးအားနားလည်အောင်ပြောထားပြီး မေထရွန်ထံတွင် အပ်နှံထားခဲ့ရသည်။ ကလေးကလည်း နားလည်ဟန်ဖြင့် နော်ရင်မွေးသွားသည်ကို မငိုဘဲ နှုတ်ခမ်းကလေးကို တင်းတင်းကိုက်၍ ကြည့်နေခဲ့၏။

"ရင်မွေး နားပါဦးဟယ်။ ပေး ငါတစ်လှည့် လုပ်ပေးမယ်လေ"

"ရပါတယ်ဟယ် ငါ မနားချင်လို့ပါ။ လိုတာတွေသာ နင်က လိုက်ဖြည့်ပေးပါ"

လက်မောင်းကို အရက်ပျံဆွတ်ထားသော ဂွမ်းနှင့်ပွတ်ပေးပြီး ဆေးထိုးပေး၏။ ဆေးထိုးပေးပြီးသူများအား လက်မောင်းကို ပွတ်ချေပေးရန် ပြောပြပြီး အဘိုးအို အဘွားအိုများကိုမူ နော်ရင်မွေးကိုယ်တိုင် ပွတ်ချေပေး၏။ တစ်ခါတစ်ရံ ရှန်းကန်အော်ဟစ်နေသော ကလေးငယ်များကိုလည်း စိတ်ရှည်ရှည်ဖြင့် ချော့ပေးရသည်။

ကျေးရွာကြက်ခြေနီများက ဆေးထိုးပြီး လူဦးရေစာရင်းကို ကောက်ပေးသည်။ အေးအေးမြင့်ကမူ ဆေးထိုးအပ်များကို သန့်ရှင်းစေရန် အဆင်သင့်လဲပေးသည်။ အရက်ပြန်ဆွတ်ထားသော ဂွမ်းများကို အဆင်သင့်ဖြစ်ရန်အတွက်လည်း ပြုလုပ်ပေး၏။

ပိန်းသီလာပတ်ဝန်းကျင်မှ ရွာများတွင် ကရင်လူမျိုးများသာ နေသည်။ ထို့ကြောင့် ဆေးမထိုးလို၍ ရှောင်တိမ်းနေသူ အတော်များများလည်း ရှိနေသဖြင့် ဆေးထိုးလာသူကို စောင့်နေရသည်။ ကျေးရွာလူကြီးများကလည်း ရှာဖွေ၍ ခေါ်လာပေးကြသည်။

သို့သော်

အချို့လူရွယ်များမှာ မလာကြဘဲ ရှောင်ပုန်းနေကြ၏။

"မနက်တည်းက ယာထဲသွားသူတွေ၊ တောတက်သူတွေနဲ့ ဘယ်လာနိုင်မလဲ ဆရာဝန်ရယ်"

"ဒါဆို ညနေအလုပ်သိမ်းချိန်မှာ ထိုးပေးမယ်လေ"

နော်ရင်မွေးက မလွတ်စေရန် ဝင်ပြောလိုက်သဖြင့် ကျေးရွာလူကြီးက ရယ်မော၍ . . .

"ပြောတော့ ပြောထားမယ် ဆရာမလေးရေ။ ဒါပေမဲ့ လာကြမှာ မဟုတ်

ဘူး။ ယာထဲကလာပြီး နားကြတယ်။ ပြီးတော့ လည်ကြတယ်။ အချို့ကလည်း နွားစာကျွေး၊ ဝက်တွေသိမ်းနဲ့ မအားကြပါဘူး။ သိပ်ပြီးတော့ လာမယ်မထင်ဘူး။

"ဩော် . . . ဒီလိုတော့လည်း ဟုတ်သားပဲ"

အလုပ်နှင့်လက် မပြတ်နေရသည့်ဘဝကို နော်ရင်မွေး စာနာမိသည်။ မိမိ၏အပါးနှင့် အစ်မသည် ဘယ်သောအခါမျှ အေးအေးဆေးဆေးထိုင်နေသည်ကို မတွေ့ရပေ။

"ကဲ . . . ဒါဆိုလည်း ထမင်းစားပြီး တစ်ရေးတမောအိပ်လိုက်ကြတာပေါ့။ ဆရာမက မနေ့ညက မအိပ်ဘူးမဟုတ်လား"

ညာမပြောလို၍ ဘာမျှ မပြောတော့ပေ။ မနေ့ညက တစ်ညလုံး အိပ်မပျော်ဘဲ ကလေးအကြောင်းစဉ်းစားသည်။ ရောက်တတ်ရာရာနှင့် ကုန်လွန်ခဲ့သော အတိတ်အကြောင်းကို စဉ်းစားရင်း တိတ်တခိုးငိုရှိုက်မိ၏။ ကလေးအနားမှာရှိစဉ် အရာရာကို မေ့ပျောက်၍ရသော်လည်း ယခုကဲ့သို့ တစ်ကိုယ်တည်းနေရသောအခါ တမင်မေ့ပျောက်ထားသော အကြောင်းအရာတို့က ပြန်လည်၍ အသစ်ဖြစ်ပေါ်လာခဲ့သည်။ ထိုအခါတွင် အကင်းမသေသေးသော အနာဟောင်းက အသည်းဆတ်ဆတ်ခါအောင် နာကျင်ခဲ့ရ၏။

နေ့လယ် ရေချိုးထမင်းစားပြီးချိန်၌ နော်ရင်မွေးအား အိပ်စက်အနားယူရန်တိုက်တွန်းကြပြီး ဖျာနှင့်ခေါင်းအုံးကို ချပေးကြ၏။ ရင်မွေး အအိပ်ခက်နေသည်။ မနေ့ညကလည်း ဒေါက်တာဟန်ကြည်၏ခြေရင်းတွင် အေးအေးမြင့်နှင့် နှစ်ယောက်အတူတူ အိပ်ရသော်လည်း စိတ်ထဲတွင် မလုံမလဲဖြစ်နေ၏။ ခရီးထွက်ဖူးသော အေးအေးမြင့်က အိပ်ပျော်သော်လည်း မိမိက အိပ်မပျော်ခဲ့ပေ။ ညအမှောင်ချိန်မဟုတ်ဘဲ နေ့ခင်းဖြစ်သောကြောင့် အနားတွင် လူများ စကားထိုင်ပြောနေကြသည်ကို ကျောပေး၍ မအိပ်ရဲပေ။

"အိပ်လေ"

"ငါ မအိပ်ရဲဘူး၊ လူတွေနဲ့ဟ"

"အမယ်လေး အရေးလုပ်လို့။ ကိုယ်က ကလေးအမေပဲ။ ကျုပ် အပျိုရုက်ဖို့ ထားထားပါဦး"

အေးအေးမြင့်က နောက်သလိုလိုနှင့်ပြောလိုက်သော်လည်း နော်ရင်မွေး



မျက်နှာရဲသွား၏။ သို့သော် ဟန်မပျက်ရယ်မောရင်းက . . .

"အေးပါဟ တော်ကြာတော့ အိပ်မယ်။ ခု မအိပ်ချင်သေးဘူး"

"ငါတော့ အိပ်ချင်တယ်။ ဒေါက်တာကို မျက်ရိပ်ပြပြီး နှင်မှပဲ။ တော်ကြာ သူက ကြီးကျယ်နေဦးမယ်"

အေးအေးမြင့် မျက်ရိပ်ပြစရာမလိုပေ။ နှစ်ဦးသား တီးတိုးတိုင်ပင်သည်ကို မြင်သောအခါ ဒေါက်တာဟန်ကြည်က အနည်းငယ်ရိပ်မိ၍. . .

"ကဲ . . . ဆရာမတို့ အေးအေးဆေးဆေး အိပ်နေကြ။ ကျွန်တော်တော့ ရွာထဲ နည်းနည်းစပ်စုလိုက်ဦးမယ်"

"ကောင်းပါတယ် ဒေါက်တာ။ ကြာကြာလေး စပ်စုပါ။ ကျွန်မတို့ တစ်ရေးအိပ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ပါဗျာ။ ကြာကြာလေး နေပေးပါ့မယ်။ ဆရာမ နော်ရင်မွေး လည်း အိပ်ပျော်အောင် အိပ်နော်"

"ဟုတ်ကဲ့ရှင် . . ."

စိတ်ကို အတတ်နိုင်ဆုံးလျှော့၍ နှစ်ခြိုက်စွာအိပ်ရန် ကြိုးစားလိုက်သည်။ ခါတိုင်း နေ့လယ်များတွင်လည်း ကလေးက ကျောင်းသွားလျှင် မိမိကလည်း ဆေးရုံတွင် ရှိနေသည်။ ဂျူတီကျသည့်အခါ နေ့လယ်အိပ်ကျင့်ရှိ၍ မကြာမီ အိပ်ပျော်သွားခဲ့သည်။

သို့သော် နာရီဝက်ကျော်ကျော်သာ အိပ်ပျော်သွားပြီး လူတစ်စု၏လှုပ်ရှားသံကြောင့် ဆတ်ခနဲ နိုးလာလေသည်။

လူကြီးနှစ်ဦးက သူတို့အားချောင်းကြည့်ပြီး ပြန်ဆင်းသွားကြသဖြင့် မျက်လုံးမှိတ်ကာ ပြန်အိပ်ရန် ကြိုးစားလိုက်၏။

"အိပ်နေတာ သနားစရာလေးတွေပဲ။ ဆရာလေးကိုပဲ ရှာကြတာပေါ့။ သွေးထွက်များနေလား"

"လူနာ" ဟူသောအသိကြောင့် ဆတ်ခနဲထပြီး အိမ်ပေါ်မှ ကမန်းကတန်းပြေးဆင်း၍. . .

"ဘယ်သူ ဘာဖြစ်လို့လဲဟင်"

"ဩော် . . . ဆရာမက နိုးသွားသလား။ ဒီမယ်လေ ဓားခုတ်တာ ချော်ခုတ်မိလို့ သွေး တအားထွက်နေတာ"

"ဘယ်မှာလဲ"

"အောက်မှာ ရှိပါတယ်"

ဘာမျှမမေးတော့ဘဲ ချက်ချင်းဆေးသေတ္တာဆွဲ၍ ဆင်းလာခဲ့သည်။ အသက် ၁၅ နှစ်အရွယ် ကောင်ကလေးတစ်ဦးဖြစ်သည်။ ဒဏ်ရာကို အံတင်းတင်းကြိတ်ခံနေ၏။ ညို့သကျည်းမှ ဒဏ်ရာကိုကြည့်လိုက်သောအခါ ရင်ထဲထိတ်သွား၏။ အတော်လေးနက်သွားပြီး အရိုးထိပင် မြင်နေရသဖြင့် ပင့်သက်ချမိသည်။

ချက်ချင်းပင် ဒဏ်ရာပတ်ဝန်းကျင်ကို အရက်ပြန်နှင့်ဆေးရင်းက–

"မင်းက သိပ်သတ္တိကောင်းတာပဲ"

"ဓားထိခါစ နာသသလား။ ကျွန်မကို ရေနွေးယူပေးပါ"

ကောင်လေးကို မေးခွန်းထုတ်ရာက တစ်ဖက်သို့လှည့်ပြီး ရေနွေးမှာရသည်။

"ပူခနဲ ဖြစ်သွားတယ်။ တော်ကြာမှ နာတယ်"

"သွေးပူနေတုန်း မနာဘူး။ ပြီးတော့ မင်းတို့ယောကျ်ားလေးတွေက တော်ရုံမနာတတ်ဘူး။ သတ္တိကောင်းတယ်"

"ကျွန်တော့်အစ်ကို ညှောင့်ရူးတုန်းက နုတ်မရလို့ ငိုတယ်ဗျ"

"မင်းက မငိုဘူးပေါ့။ သိပ်သတ္တိကောင်းတာပဲ။ ဟို . . .ပုဂံခေတ်က သူရဲကောင်းရွေးပွဲမှာ မင်းဝင်ရွေးရင် ရမှာပဲ"

"သူရဲကောင်း ဘယ်လိုရွေးတာလဲ"

ရေနွေးရောက်လာ၍ ရေနွေးဇလုံထဲသို့ အပ်ကိုထည့်လိုက်သည်။

"နည်းအမျိုးမျိုးနဲ့ ရွေးကြတာပဲ။ အများဆုံးရွေးတာက လက်ထိပ်ကို ဆူးနဲ့ရိုက်ချတာပဲ။ မင်း သိတယ်နော်။ လက်ထိပ်ဆိုတာ တအားနာတယ်နော်။ နည်းနည်းလေးစူးမိတာနဲ့ နာတယ်။ အဲဒီလက်ထိပ်ကို ဆူးနဲ့ ရိုက်ချတယ်"

"သိပ်နာမှာပဲ"

"နာတာပေါ့ ဒါပေမဲ့ မျက်နှာတစ်ချက်မဲ့ရင် သူရဲကောင်းမဟုတ်ဘူးတဲ့"

"အ"

ရုတ်တရက် လန့်အော်လိုက်သည်။ တွန့်သွားသောခြေသလုံးကို လှမ်းကိုင်ရင်းက –

"ခြေသလုံးက လက်ထိပ်လောက် မနာပါဘူး၊ မများဘူး သုံးခါပဲ နာမယ်။ ဒီအပ်ကလေးက သေးသေးလေးပဲ ခုနထိတဲ့ ဓားက အကြီးကြီးပဲ။ အဲဒီတုန်းကတောင် မငိုတာ။ အခု ဘာလို့ ကြောက်ရမှာလဲနော်"

"မကြောက်ပါဘူး။ ဆရာမက ဘာမပြော ညာမပြောလုပ်တော့ လန့်သွားတာ . . . ဟ"

"ဟုတ်တယ် မင်းက ပုဂံသူရဲကောင်းတွေလိုပဲ မျက်နှာမမဲ့ဘူး။ ဆရာမတို့ ဆေးရုံမှာ ဒီလိုပဲ ခဏခဏ ချုပ်ပေးရတယ်။ အော်ကြတာပဲ။ မအော်တဲ့လူက တစ်ရာမှာ တစ်ယောက်လောက်ပဲရှိတာ"

ချာတိတ်က အံကိုတင်းတင်းကြိတ်ရင်း မချိပြုံး ပြုံးလိုက်သည်။ စကားပြောရင်း ချုပ်ရိုးလေးချက်ကို လက်စသတ်လိုက်၏။

"ပြီးပြီလား"

"ပြီးပြီလေ။ မင်းက ပြီးမှန်းတောင် မသိဘူးလား။ သိပ်အံ့ဩဖို့ ကောင်းတာပဲဝေ့။ မင်းလို သတ္တိကောင်းတဲ့ ကလေးတွေက ကိုင်ပေးဖို့တောင် မလိုဘူး"

သွယ်ပြောင်းသော လက်ကလေးများနှင့် ဆေးထည့်နေစဉ် အနားသို့ တစ်စုံတစ်ဦးလာရပ်၍ မော်ကြည့်မိ၏။ ဒေါက်တာ ဟာန်ကြည်။ နော်ရင်မွေးက သွေးများပေနေသော လက်ကိုသုတ်ရင်း . . .

"ဓားခုတ်မိတာတဲ့။ လေးချက်ချုပ်ပေးလိုက်တယ်။ ဒီကလေးက သိပ်သတ္တိကောင်းတာပဲ။ ကျွန်မတော့ မမြင်ဖူးဘူး"

"ဆရာမကလည်း ပုံပြောကောင်းတာကိုး။ ကျွန်တော် ကြားပါတယ်"

"အဲဒါ ပုံမဟုတ်ဘူး။ တကယ့်အဖြစ်အပျက်လေ။ အစကတော့ မယုံဘူး။ အခု ဒီကလေးကို ကြည့်မှယုံတယ်"

လူငယ်မှာ ဂုဏ်ယူဝင့်ကြွားဟန်ဖြင့် ပြုံးနေ၏။ ပတ်တီးစည်းပေးပြီးသောအခါ . . .

"ကဲ . . . လောလောဆယ် ဒီသူရဲကောင်းကြီးကို မြေမနင်းရဘဲ ဝိုင်းမရမယ်။ ချုပ်ရိုးပြေသွားရင် အရုပ်ဆိုးလိမ့်မယ်နော်။ အနာကျက် အောင် ဆေးထိုးပေးဦးမယ်။ သောက်ဖို့လည်း ယူသွားနော်"

ပါးစပ်က တတွတ်တွတ်ပြောရင်း လက်က အဆက်မပြတ်လုပ်သွားသော နော်ရင်မွေးကို ဒေါက်တာ ဟာန်ကြည် ကြည့်၍ တအံ့တဩငေးနေသည်။ လူအုပ်စု ပြန်သွားသောအခါ ဒေါက်တာဟာန်ကြည်က ပြုံး၍–

"ဆရာမ နာမည်ကြီးနေတာ ဒါကြောင့်ကိုး။ ကျွန်တော်တော့ တစ်ဝက် ယုံသွားပြီ"

ဒေါက်တာ ဟန်ကြည့်အပြောကြောင့် နော်ရင်မွေး မဲ့ပြုံးပြုံးလိုက် မိသည်။

"လောကမှာ သူများ အယုံအကြည်ခံရဖို့ထက် ကိုယ့်ကိုယ်ကိုယ် ယုံကြည်ဖို့က ပိုအရေးကြီးပါတယ် ဒေါက်တာ"

ဆေးသေတ္တာကိုပိတ်ပြီး လက်ဆေးရန် ရေတွင်းအာက်သို့ ထွက်လာခဲ့သည်။ ဒေါက်တာဟန်ကြည်က နောက်မှလိုက်လာပြီး ရေကို ငင်ပေးကာ ရေလောင်းပေး၏။

"ဆရာမတောင် ဒီက ပြန်လာရင် ဆေးရုံကြီးမှာပဲ ပြန်ဝင်ရမယ်လို့ ပြောနေတာ ဟုတ်လားဟင်"

"ဟုတ်တယ် ဒေသန္တရဆေးခန်းက လူစားဝင်ပေးတာလေ၊ ဟိုတစ်ယောက်က သားဖွားခွင့်ယူထားလို့ အခု သူပြန်လာပြီပဲ။ ကိုယ့်နေရာကိုယ် ပြန်ဝင်ရမှာပေါ့"

"ဝမ်းသာစရာပေါ့"

"ဒေါက်တာ ဟန်ကြည်၏စကား အတိမ်အနက်ကို မှန်းရခက်သွားသည်။ သို့သော် မသိဟန်ဆောင်၍ . . .

"ရေလောင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"

* * *

မနက်ဖြန်နေ့လယ်တွင် ပြန်ရန်စီစဉ်ထားပြီးပြီဖြစ်သော်လည်းနော်ရင်မွေးအဖို့ ဒီတစ်ညကို ကြောက်ရွံ့စွာ ဖြတ်ကျော်ရမည်ဖြစ်သည်။

တဖြည်းဖြည်း မှောင်လာသောအခါတွင် မိမိရင်ထဲ၌ လွန်စွာပူလောင်လာသည်။ အမှောင်ထုကို ကြောက်ရွံ့သော ကလေးအတွက် စိုးရိမ်လာ၏။ ကလေးသည် တစ်လောကလုံး၌ မိမိတစ်ဦးတည်းသာ တွယ်တာစရာရှိသည်။

တစ်ခါတစ်ရံ ဆေးရုံ၌ အရေးကြီး၍ အိမ်အပြန်နောက်ကျလျှင် အိမ်ရှေ့တံခါးကိုမှီ၍ ဝမ်းနည်းအားငယ်စွာ ငိုရှိုက်ရင်းက မိမိအလာကို စောင့်နေတတ်သည်။ သူ့အနား၌ အဖော်အဖြစ် အိမ်နီးချင်းများ လာ၍ စောင့်ရှောက်ပေးသော်လည်း ကလေးက ငိုရှိုက်နေဆဲဖြစ်သည်။ ယခုလည်း



ကလေး ငိုနေမည်လား။ မေထရွှန်ကို ကြောက်၍ မငိုရဲလျှင် ညအိပ်ရာဝင်သည့်အခါ ကလေးငိုနေလိမ့်မည်ဟု တွေးရင်းနှင့်ပင် မျက်ရည်များအလိုလို စီးကျလာ၏။

တောနံ့တောင်နံ့က လေသင့်တိုင်း မွေးပျံ့နေသည်။ ဝါးပင်၊ အင်ပင်ကြီးများက မိုးကောင်းကင်ကို ဖုံးအုပ်ထားကြ၏။ အဝေးဆီမှ အမှောင်ထု၏ ဝါးမျိုခြင်းကိုခံရသော သံတောင်ကြီးမှာ ငြိမ်သက်စွာ ငိုက်မျဉ်းနေ၏။ ကျိုးတိုးကျဲတဲနှင့် ခြေတံရှည်လုံးချင်းအိမ်လေးများက ငြိမ်သက်စွာ အိပ်စက်နေကြသည်။

အိပ်ရာဝင်ငှက်ကလေးများ၏ တွတ်ထိုးသံများက တစ်စတစ်စ တိုးညင်းပျောက်ကွယ်သွားလေပြီ။ ညငှက်တို့ မင်းမူစပြုလာ၏။

ပြတင်းပေါက်မှနေ၍ တစ်ဝက်တစ်ပျက် လဝန်းလေးကို ကြည့်နေရင်း ကလေး၏ပြုံးချိုသောမျက်နှာကို မြင်ယောင်လာမိသည်။ မှိတ်တုတ်မှိတ်တုတ်ကြယ်ကလေးများက ကလေး၏မျက်ဝန်းကဲ့သို့ တောက်ပလွန်းလှ၏။

အိပ်မပျော်သော ညအတွက် ညဥ့်တာသည် ရှည်လွန်းလှသည်။

မြန်မြန် မိုးလင်းပါတော့ဟူ၍ နော်ရင်မွေး ဆုတောင်းရင်း မနက်ဖြန်အတွက် မျှော်လင့်နေချင်သည်။ သုံးညတာ ကွဲကွာရသော ကာလအတွက် ကလေးသည် မည်မျှလွမ်းလှနေပါသနည်း။ မိမိအား မြင်လျှင် အံ့ဩဝမ်းသာနေမည့် ကလေး၏မျက်နှာကို ကြိုတင်တွေးဆ၍ ကြည်နူးနေမိသည်။ ထို့နောက် ကလေးအား ရင်ခွင်ထဲထား၍ မိမိ၏ခရီးအတွေ့အကြုံများကို ပြောပြပြီး တောင်ပေါ်တိုင်းရင်းသားတို့သည် ဆေးကုသမှုကင်းဝေးပြီး ဒုက္ခရောက်ရပုံကို ပြောပြ၍ ကလေးအား ပြည်သူ့ဆရာဝန်စိတ်ရှိလာအောင် ဆုံးမမည်ဟု တောင်စဉ်ရေမရ တွေးနေမိသည်။

"ဆရာလေးတို့ . . . ဆရာလေးတို့"

ရုတ်တရက် အထိတ်တလန့်အော်ခေါ်သံကြောင့် ကမန်းကတန်း ထ၍ ပြတင်းပေါက်မှတစ်ဆင့် အိမ်အောက်သို့ ငုံ့ကြည့်လိုက်သည်။

"ဘယ်သူလဲ"

မီးခွက်ကိုယ်စီနှင့် လူနှစ်ဦးကို တွေ့လိုက်ရ၏။

"ကျွန်တော်တို့ ခမုံရွာကပါ။ ကျွန်တော့်မိန်းမ ကလေးမမွေးနိုင်လို့ လိုက်ပေးပါ"

"ဘယ်မှာလဲ"

"လမ်းမှာ"

"အို . . ."

ရုတ်တရက် ခေါင်းထဲ မိုက်ခနဲဖြစ်သွားသည်။ ကမ္ဘာလောကကြီး တစ်ခုလုံး သွက်သွက်ခါရမ်းသွားသည်အထိ တုန်လှုပ်ချောက်ချားသွားမိ၏။ မျက်ဝန်းထဲတွင် ရုတ်တရက်ပေါ်လာသော အစ်မတဝါးမ မျက်နှာကို မြင်ယောင်လာမိသည်။

လွန်ခဲ့သော ကိုးနှစ်ခန့်က မိမိရယ်၊ အပါးရယ်၊ တဝါးမရယ် ဤကဲ့သို့ လှည်းလေးတစ်စီးနှင့်

"ဘုရား ဘုရား"

"လိုက်ခဲ့ပေးပါ ဆရာမရယ်။ အရေးကြီးလို့ပါ"

အောက်က ထပ်မံသတိပေးလိုက်သောအခါမှ ရင်မွှေးတစ်ကိုယ်လုံး ဆတ်ခနဲတုန်သွားပြီး ခေါင်းရင်းဘက်တွင် အိပ်ပျော်နေသော ဒေါက်တာ ဟန်ကြည်ကို သွားနှိုးလိုက်၏။

"ဒေါက်တာ ဒေါက်တာ ထပါဦး။ မွေးလူနာ အရေးကြီးလို့တဲ့။ လာ ခေါ်နေတယ်"

ဒေါက်တာ ဟန်ကြည်ကို နှိုးပြီးနောက် လက်နှိပ်ဓာတ်မီးနှင့် လိုအပ်သောဆေးများကို ကမန်းကတန်း ထည့်လိုက်၏။

"နေပါဦး ဆရာမရဲ့။ ဖြည်းဖြည်းလုပ်ပါဦး"

ဒေါက်တာ ဟန်ကြည်က ထိုသို့ပြောပြီး အောက်သို့ ဆင်းသွား၏။ ထိုအခါ နော်ရင်မွှေးရင်ထဲတွင် ရုတ်တရက် ဒေါသဖြစ်သွားမိ၏။

"ဘယ်ရွာကလဲ"

"ခမုံလေးရွာကပါ ဆရာ။ ဒီရွာမှာ ဆရာဝန်ရှိသေးတယ်ဆိုလို့ လာတာပါ။ မနေ့ညထဲက မမွေးနိုင်ဘဲ နာနေတာပါ"

"ရွာမှာ သားဖွားဆရာမ မရှိဘူးလား"

"မရှိပါဘူး လက်သည်မနိုင်လို့"

"သိပ်ဝေးသလား"

"မဝေးပါဘူး"

အရေးကြီးသောအချိန်တွင် စစ်ဆေးမေးမြန်းနေသော ဒေါက်တာ



ဟန်ကြည်ကြောင့် နော်ရင်မွှေး စိတ်ထဲတွင် မကျေမနပ်ဖြစ်မိသည်။ ဒေါက်တာ ဟန်ကြည်က ရေတွင်းဆီသွားပြီး မျက်နှာသစ်နေသေး၏။

"ဆရာမ ဦးစောအယ်ဒိုးကို နှိုးလိုက်ပါဦး"

"အရေးထဲ ဘာလုပ်ဦးမလို့ပါလိမ့်"

တီးတိုးရေရွတ်ကာ အိမ်ရှင်ကျေးရွာလူကြီး ဦးစောအယ်ဒိုးကို နှိုးလိုက်သည်။ အေးအေးမြင့်နှင့်တကွ တစ်အိမ်လုံး နိုးလာ၏။

ဒေါက်တာဟန်ကြည်က အိမ်ပေါ်တက်လာပြီး နော်ရင်မွှေးထည့်ထားသော ပစ္စည်းများကို စုံ၊ မစုံ စစ်ဆေးနေသေး၏။ နော်ရင်မွှေးက လိုအပ်လျှင် အသုံးပြုနိုင်ရန်အတွက် မေ့ဆေးနှင့် ခွဲစိတ်ကိရိယာများပါ ထည့်ထားသည်။

"သူတို့ ခမုံလေးရွာက ဟုတ်လား၊ ဦးစောအယ်ဒိုး"

"ဟုတ်ပါတယ်"

"ဒါဆို ကျွန်တော့်ကို ကူညီပါဦး။ ရေနွေးအိုးတစ်လုံးယူပြီး လိုက်ခဲ့နော်။ သွားစို့။ ဪ ဆရာမက လိုက်လို့ဖြစ်မလား"

"ဘာလို့ မဖြစ်ရမှာလဲ။ ကျွန်မ အဆင်သင့်ဖြစ်ပြီ။ ကျွန်မ လိုက်မယ်"

ခပ်ဆတ်ဆတ်လေးပြောလိုက်သဖြင့် ဒေါက်တာဟန်ကြည် ပခုံးတစ်ချက်တွန့်ပြီး အောက်လင်းမီးအိမ်ကိုဆွဲ၍ ထွက်လာခဲ့၏။ ဆေးအိတ်ကို ခမုံလေးရွာသားတစ်ယောက်က လှမ်းယူလိုက်သည်။

"ခင်ဗျားတို့ကို ကြိုပြောထားရဦးမယ်။ လက်သည်မနိုင်လို့ ကုရမှာမို့ တတ်နိုင်သလောက် ကြိုးစားကုမယ်။ ကဲပေါ့လေ"

လူနာအား မတွေ့ခင်ကတည်းက အားလျှော့သောစကား ပြောလိုက်သဖြင့် ဒေါသဖြစ်မိသည်။ သူ့အား ထုရိုက်ချင်စိတ်ပင် ပေါက်လာ၏။ ထို့ကြောင့် အောက်နှုတ်ခမ်းကို ခပ်ဖိဖိကိုက်ပြီး ရှေ့မှအရင် လှည့်ထွက်လာမိ၏။

ရင်ထဲတွင်မူ စိုးရိမ်စိတ်ဖြင့် ပူပန်နေမိသည်။ မြင်ကွင်းထဲ ဦးနှောက်ထဲသို့ တိုးဝင်လာသော အကြောင်းအရာကို ခေါင်းထဲမှ အတင်းဖယ်ထုတ်နေရ၏။ သက်ပြင်းအခါခါချ၍ လှုပ်ရှားနေသော စိတ်ကို ကြိုးစားထိန်းချုပ်နေရသည်။

"ဆရာမ . . . ဆရာမ သိပ်တက်ကြွနေတာပဲ။ ဘာမှ မမေးမြန်းဘဲ

ဒီအတိုင်း လိုက်သွားလို့ ဖြစ်မလား"

ယောကျာ်းတန်မဲ့ ကြောက်တတ်ရန်ကောဟူသော အကြည့်နှင့် သူ့အားစောင့်ကြည့်လိုက်သည်။ သူကား မိမိနား နီးလာအောင် တိုးကပ်ရင်းက . . .

"တကယ်လို့ သူတို့က သူပုန်တွေဆို ဘယ်နဲ့လုပ်မလဲ"

ရုတ်တရက် ကြက်သီးထသွားသည်။ ကလေးမျက်နှာကို ပြေး၍ မြင်မိ၏။ မိမိ မသေချင်သေးပါ။ မိမိသေလျှင် လောကကြီးတွင် တစ်ယောက်တည်းအားကိုးရာမဲ့သွားမည့် ကလေးအတွက် မိမိ မတွေးမိပေ။ ထို့ကြောင့် မိမိသည် ကလေးအတွက် လောကကြီးတွင် ဆက်လက် အသက်ရှင်နေချင်သေးသည်။

"ကျွန်တော်တို့က နယ်ကျော်နေပြီ။ အခု ကရင်ပြည်နယ်ထဲရောက်နေပြီ။ ဒါပေမဲ့ ကျွန်တော်တို့က ဆရာဝန်ဆိုတော့ ဘယ်နယ်မဆို ရွေးနေလို့မရဘူးပေါ့။ လုံခြုံမှုအခြေအနေကို ပြောတာပါ"

"ဆောရီးဒေါက်တာ၊ ကျွန်မ လောသွားတယ်။ ကျွန်မ သေရမှာကြောက်တယ်။ ကျွန်မ မသေချင်သေးပါဘူး"

အမှန်အတိုင်းပြောလိုက်၍ ဒေါက်တာဟန်ကြည်က လှစ်ခနဲ ပြုံးလိုက်သည်ကို သတိထားမိလိုက်သည်။

ကညင်ပင်၊ ကျွန်းပင်များဖြင့် ပြည့်နက်နေသော သစ်တောကြီးထဲသို့ ရောက်လာသောအခါ အမှောင်ထုက ပို၍နက်ရှိုင်းလာ၏။ ဒေါက်တာဟန်ကြည်က အောက်လင်းမီးရောင်ကို မှိန်မှိန်လေးသာ ပြုထား၏။ အဝေးဆီမှ တောခွေးအူသံသဲ့သဲ့ကိုကြားရသောအခါ ရင်ထဲတွင် မောဟိုက်လှိုက်ဖိုလာ၏။

မိမိရယ်၊ တဝါးမရယ်၊ ကလေးရယ် ဤကဲ့သို့ ညမျိုး၌-

"အို"

ဝင်လာသောအတွေးကို ခေါင်းရမ်း၍ အတင်းနှင်ထုတ်လိုက်သည်။

"ဆရာမ"

"ရှင်"

"ဆရာမ မွေးလူနာ ကိုင်ဖူးပါတယ်နော်"

"ကျွန်မ အလုပ်စဝင်ကတည်းကု တောင်းထားလို့ အခုထိ မွေးလူနာကိုင်နေရတုန်းပါပဲ"



"ဩော် . . , ဆရာမ ကြည့်ရတာ သိပ်စိတ်လှုပ်ရှားနေသလားလို့ပါ"

သက်ပြင်းလေး သဲ့သဲ့ချရင်းက ငြိမ်သက်စွာ ဝန်ခံလိုက်သည်။ မိမိ လုပ်သက်တစ်လျှောက်တွင် ဆေးရုံမှ မွေးလူနာကိုသာ ကိုင်ဖူးသည်။ ဤကဲ့သို့ လမ်းမှာ မကိုင်ဖူးသေး။ မိမိ၏ စိတ်လှုပ်ရှားသည့်အကြောင်းရင်းကို ဒေါက်တာ ဟန်ကြည် မသိသေးသောကြောင့် ဘာမျှ ပြန်မပြောမိပေ။ ထို့ကြောင့် စိတ်ကို တည်ငြိမ်အောင် ကြိုးစား၍ ထိန်းရသည်။

သစ်ပင်များက တစ်စတစ်စ ပိတ်လာသည်။ လှည်းသွားလမ်းကျဉ်းတွင် ကုန်းကမူများပေါ်၍ ခဏခဏ ခလုတ်တိုက်နေ၏။ ယုန်လေး၊ ရှဉ့်လေးများက မီးရောင်နှင့် လှည်းသံများကြောင့် အလန့်တကြား ထွက်ပြေးကြသည်။

ဦးစောအယ်ဒိုးနှင့် ခမုံလေးရွာသားနှစ်ယောက်က ရှေ့ခပ်လှမ်းလှမ်းသို့ ရောက်နှင့်နေသည်။ သူတို့သွားနေကျ ခြေလှမ်းက မြန်လွန်းလှသည်။ မိမိက ကြိုးစား၍ မြန်အောင်လျှောက်သော်လည်း နောက်ကျန်ခဲ့နေ၏။

အိပ်ပျက်ထားသောကြောင့် မကြာခဏ ခေါင်းထဲတွင် မိုက်ခနဲ မိုက်ခနဲဖြစ်သွားသည်။

"ဆရာမ သိပ်ပင်ပန်းနေသလား။ ခရီးက ဝေးမယ်ထင်တယ်။ သူတို့တစ်ခေါ်က နှစ်မိုင်လောက်ရှိမယ်"

ဒေါက်တာဟန်ကြည်က မိမိ၏လက်ကိုဆွဲ၍ ဖေးမပေးသောအခါ ရင်ထဲတွင် တုန်လှုပ်ချောက်ချားမိသည်။ သို့သော် မိမိတွင် ရုန်းကန်နိုင်မှုအင်အားမရှိတော့။

"ဘာလိုလိုနဲ့ ကျွန်တော်တို့ထွက်လာတာ ၂ နာရီကျော်ခဲ့ကျော်က ထွက်လာတာ အခုနာရီဝက်တောင် ရှိသွားပြီ ဆရာမ။ လူနာ ကံကောင်းပါစေဗျာ"

ပင့်သက်ရှိုက်လိုက်သည်။ အစ်မ တဝါးမ၏ဝေဒနာခံစားမှုကို မြင်ယောင်လာသောအခါ ခြေလှမ်းကို တိုး၍လှမ်းမိ၏။

"ဆရာမ လက်တွေ အေးနေတာပဲ။ ဆရာမ နေကောင်းရဲ့လား။ ကျွန်တော်တော့ ဆရာမကို အလျင်ကူရမယ်ထင်တယ်"

"ကျွန်မ ကျွန်မ သိပ်စိတ်စောနေလို့ပါ ဒေါက်တာ။ ကျွန်မ နေကောင်းပါတယ်လေ"

ပင့်သက်အခါခါချရင်းက မျက်ဝန်းထဲ ပုံရိပ်ထင်လာသမျှကို ကြိုးစား၍ ဖျောက်ပစ်ရသည်။ လူနာနှင့် ပုဂ္ဂလိကခံစားမှုတို့ကို မရောထွေးစေရန်

ကြိုးစား၍ ထိန်းချုပ်ရင်းက စိတ်ထဲတွင် မောဟိုက်ပင်ပန်းလာသည်။

အဝေးဆီမှ မီးရောင်လဲ့လဲ့နှင့် စကားပြောသံသဲ့သဲ့ကို ကြားလိုက်ရသောအခါ ကြက်သီးဖြန်းခနဲ ထသွား၏။ မိမိ အသိအာရုံတွင် လူနာကို စိုးရိမ်သောစိတ်က ကြီးမားလာပြီး ရင်ထဲ၌ ပူလောင်လာ၏။ အစ်မ တဝါး မနင့်မမြင်ရသေးသော မွေးလူနာတို့ ရောထွေးနေသည်။ ခြေလှမ်းတို့ကို တိုး၍ မြန်အောင်လှမ်းရင်းက သတိလက်လွတ်ဖြစ်မိသည်။

"ဆရာမ ဆရာ၊ ဘာဖြစ်လဲဟင်"

"ဘုရား . . .ဘုရား ကျွန်မစိတ်တွေ သိပ်လှုပ်ရှားနေတယ်။ ကျွန်မလေ . . . ကျွန်မ . . .ကျွန်မအစ်မနဲ့ နှစ်ယောက်တည်းရှိတုန်းက ကျွန်မအစ်မမွေးတာကို ဘာမှမကူညီနိုင်ခဲ့ဘူး။ အစ်မ အစ်မ တဝါးမ လောကကြီးထဲက ထွက်သွားတာကို ကျွန်မ ထိုင်ကြည့်ရုံကလွဲလို့ ဘာမှ မတတ်နိုင်ဘူး။ ခု . . .အခု ကျွန်မတို့ မွေးလူနာကို ကယ်နိုင်ပါမလား ဒေါက်တာ။ ကျွန်မလေ ကျွန်မ ကျွန်မ အစ်မလိုဖြစ်မှာ"

ကိုးနှစ်လုံးလုံး မေ့ပျောက်ထားသော အကြောင်းအရာတို့သည် အမှတ်မထင်သောအကြောင်းတိုက်ဆိုင်မှုကြောင့် ပွင့်အန်ကျလာ၏။ ဒီခရီးမှာ စတင်သိကျွမ်းရသော ဆရာဝန်ပေါက်စတစ်ဦးရှေ့တွင် ဤကဲ့သို့ စိတ်လှုပ်ရှားစွာ အရူးတစ်ယောက်လို ဖြစ်နေသည့် ကိုယ့်အဖြစ်ကို ကိုယ် သတိမထားမိတော့ပေ။

ဒေါက်တာ ဟန်ကြည်က တအံ့တဩဖြင့် တစ်ချက်ငဲ့ကြည့်လိုက်ပြီးနောက် နော်ရင်မွေး၏လက်မောင်းကို ခပ်တင်းတင်းဆုပ်ကိုင်ရင်းက–

"အစ်မ ရင်မွေး သတိထားပါဗျာ။ ကျွန်တော် ကြိုးစားပေးပါ့မယ်။ လူနာမမြင်ရသေးတော့ ကံတရားကိုပဲ အားကိုးရမှာပဲ"

"လူနာက ကျွန်တော်တို့လက်ထဲမှာမို့ အစ်မက ကြိုးစားပြီး စိတ်ကို ချုပ်ထားပါ။ စိတ်လှုပ်ရှားလွန်းရင် အမှားတွေ့နေဦးမယ်"

ရင်းရင်းနှီးနှီးခေါ်၍ သတိပေးလိုက်သောကြောင့် ကြိုးစား၍ စိတ်ကို ချုပ်တည်းလျှော့ချလိုက်သည်။ တင်းကျပ်သောစိတ်ကို ဖြေလျှော့လိုက်သောအခါ မျက်လုံးအိမ်တွင်းမှ မျက်ရည်ပူများ လိမ့်စီးလာလေ၏။

မြင်ကွင်းထဲတွင် မီးပုံတစ်ပုံ၏ဘေး၌ လူသုံးလေးဦးကို မြင်နေရသည်။ နားထဲတွင်လည်း ညည်းညူသံခပ်သဲ့သဲ့ကြားရ၏။ ဒေါက်တာဟန်ကြည်က



မိမိလက်မောင်းကို ခပ်တင်းတင်းလေး ဆုပ်ကိုင်ရင်းက . . .

"လူနာအခြေအနေ ကောင်းပါလိမ့်မယ်။ အစ်မရေ ကြားလား။ သူ့ညည်းညူသံ အားမာန်ရှိနေသေးတယ်။ လာ အစ်မ သွက်သွက်လေး လျှောက်စို့"

အပြေးတစ်ပိုင်းနှင့် လျှောက်လာကြသော နော်ရင်မွေးတို့အား ရွာသားတစ်ဦးက ပြေး၍ ဆီးကြိုလာ၏။

မီးရောင်အောက်တွင် အသံဝဲဝဲနှင့် ညည်းညူနေသော အမျိုးသမီးကို မြင်ရသောအခါ အစ်မ တဝါးမ ပြန်ရှင်လာသကဲ့သို့ ခံစားရသည်။

"အမိုးရေ အမိုးရေ"

မိခင်အား တမ်းတရင်းက ကရင်အဘွားအိုကြီး၏လက်ကို တစ်ဖက်က ဆုပ်ကိုင်ကာ လက်တစ်ဖက်က သစ်ပင်တစ်ပင်ကို ဖက်တွယ်နေသော အသက် ၃၀ ခန့် လူနာကို တွေ့ရသည်။ သူ့မျက်နှာတွင် ကုတ်ခြစ်ရာ ပွန်းပဲ့ရာများဖြင့် နီမြန်း၍ သွေးများစို့နေ၏။

မိမိရော ဒေါက်တာဟန်ကြည်ပါ အမျိုးသမီးနား ကပ်သွားသည်။ လူနာရှင်ယောကျ်ားက ဆေးအိတ်ကိုချပေးရင်း စိတ်လှုပ်ရှားစွာ ကြည့်နေ၏။ လူနာ၏မိခင်ဖြစ်ဟန်တူသော အဘွားအိုက အားကိုးတကြီးနှင့် ကြည့်နေသည်။

"ဒေးမူ ဒေးမူ ငါ့ကိုကယ်ပါ"

ကရင်လိုတစ်ဝက် ဗမာလိုတစ်ဝက်နှင့် မပီမသ ရေရွတ်နေ၏။ ဒေးမူ (ညီမ)ဟု ခေါ်သံကြားရသောအခါ နော်ရင်မွေးရင်ထဲ သိမ့်ခနဲဖြစ်သွားပြီး ကြက်သီးမွေးညင်းများ ထသွား၏။

"ဝယ်မူ အားမငယ်နဲ့နော်၊ ဒေးမူရှိတယ်။ မကြာခင် မွေးရမှာပေါ့"

နော်ရင်မွေး၏ အသံများ တုန်ရီလာပြီး မျက်ရည်များ ရစ်ဝဲလာလေသည်။ ဒေါက်တာ ဟန်ကြည်က နားကြပ်ဖြင့်ဗိုက်ကို စမ်းရင်းက . . .

"ဆရာမ လူနာအခြေအနေ ကောင်းပါတယ်။ ကျွန်တော်တို့ အလုပ်လုပ်ကြစို့"

ဒေါက်တာဟန်ကြည်က သတိပေးလိုက်သဖြင့် သတိဝင်လာပြီး ကမန်းကတန်း ထလိုက်သည်။

ထို့နောက် နော်ရင်မွေး၏လက်ချောင်းကလေးများက အဆက်မပြတ်

လှုပ်ရှားလာပြီး သူလုပ်ရမည့်တာဝန်ကို တစ်ခုစီလုပ်လိုက်၏။ ဗိုက်အနေအထားကို လှည့်ပေးပြီး မီးအိမ်များ၊ မီးခွက်များကို အနားတွင် စုပြုံလိုက်၏။ ဒေါက်တာဟန်ကြည်အတွက် လက်အိတ်နှင့် နှာခေါင်းစည်းရန် အဝတ်ကို ထုတ်ပေးလိုက်သည်။

နော်ရင်မွေးက မေ့ဆေးထိုးပေးလိုက်၏။ ထို့နောက် ရေနွေးအိုးကို အနားချပြီး ပစ္စည်းကိရိယာများကို စိမ်ချလိုက်သည်။ ဒေါက်တာ ဟန်ကြည်က နော်ရင်မွေးအား မော့်ကြည့်ပြီး အနားတွင် စိုးရိမ်ကြီးစွာနှင့် ကြည့်နေသော အဘွားအိုကို လှမ်းကြည့်လိုက်သည်။ ထို့ကြောင့် နော်ရင်မွေးက ခေါင်းကို မသိမသာညိတ်ရင်းက . . .

"အဖိုး . . . လယ်တကော . . . လယ် . . . ဝီးသရူလယ်တကော့"

အဘွားအိုအား သွားပါဟု နှင်ထုတ်လိုက်သောအခါ အဘွားအိုက ရုတ်တရက် တွေဝေသွားပြီး တုန်ရီသောအသံဖြင့် . . .

"ဖိုးမူ။ သကညော် အော်တကော"

ပါးစပ်ကို အဝတ်စည်းရင်းက (သူ့သမီးအား နာအောင်မလုပ်ပါနှင့်ဟု ပြောနေသဖြင့်) အဘွားအိုအား ခေါင်းညိတ်ပြလိုက်၏။ အဘွားအိုမှာ အနားမှ မခွာချင့်ခွာချင်ဖြင့် ထွက်သွားသည်။ တဖြည်းဖြည်း ငြိမ်သက်သွားသော လူနာကို ကြည့်ရင်းက ဒေါက်တာဟန်ကြည်က လက်ညှိုးထောင်ပြီး လက်ဝါးဖြန့်လိုက်သဖြင့် နော်ရင်မွေး သူ့လက်ထဲသို့ ဓားထည့်ပေးလိုက်၏။

တောထဲတောင်ထဲတွင် ပစ္စည်းကိရိယာမစုံလင်ဘဲ ပထမဦးဆုံးအကြိမ်ခွဲစိတ်ရခြင်းဖြစ်သည်။ ဒေါက်တာဟန်ကြည့်၏ နဖူးမှချွေးများစို့လာသည်။ ထွက်လာသောသွေးများကို အတတ်နိုင်ဆုံးထိန်းရင်းက သွေးကြောညှပ်ကိရိယာနှင့်ညှပ်ပေးသော်လည်း သိပ်မလုံလောက်ပါ။ ရင်ထဲတွင် တဒိတ်ဒိတ်နှင့် ခုန်လာသည်အထိ စိုးရိမ်မိသည်။ စိတ်ကိုတတ်နိုင်သမျှ ငြိမ်အောင်ထိန်းပြီး အမှားအယွင်းမရှိစေရန် သတိထားနေရ၏။

"ဟင်း"

ဒေါက်တာဟန်ကြည်က ကလေးငယ်ကို ဆွဲထုတ်လိုက်သောအခါ ရင်ထဲတွင် တုန်လှုပ်သွားသည်။ ကလေးအားလှမ်းယူစဉ် နွေးထွေးသော ကလေး၏အသားနှင့်ထိတွေ့ရသောအခါ မိမိတစ်ကိုယ်လုံး ကြက်သီး



မွေးညင်းများ ထသွား၏။ အဘွားလက်ထဲမှ ညစ်ပေနေသော ပုဆိုးကိုမြင်သောအခါ ကလေးထွေးပေးရန် တွန့်သွားပြီး မိမိပခုံးပေါ်မှ စောင်လေးကိုယူ၍ ကလေးကို ထွေးပေးလိုက်သည်။ ကလေး၏ ရုန်းကန်လှုပ်ရှားမှုမှာ နှေးကွေးနေ၏။ ထို့နောက် ဒေါက်တာ ဟန်ကြည်နားလာ၍ လိုအပ်သည်များကို အကူအညီပေးရသည်။ ဒေါက်တာဟန်ကြည်သည် မိခင်အတွက် စိုးရိမ်ဟန်ဖြင့် နဖူးမှ ချွေးများ စို့ထွက်နေသည်။ မိမိရင်ထဲ၌လည်း အတော်လေး ပူပန်နေမိသည်။

"ဟင်"

ကလေးငိုသံမကြားရသည်ကို သတိရ၍ လိုအပ်သောကိရိယာများကို ဒေါက်တာဟန်ကြည်နားသို့ ဘူးလိုက်ထိုးပေးပြီး ကလေးငယ်ထံ ပြေးရသည်။ ကလေးက ဘွားအေလက်ထဲတွင် ငြိမ်သက်နေ၍ ဆတ်ခနဲ ဆွဲယူကာ ခြေနှစ်ချောင်းမှ ဇောက်ထိုးကိုင်၍ ကလေးကျောကို ခပ်ဆတ်ဆတ်ရိုက်လိုက်သည်။ ငိုသံထွက်မလာသောအခါ ကလေးပါးစပ်ကို မိမိပါးစပ်နှင့်တေ့ကာ လေမှုတ်သွင်းရသည်။ လေရှူချိန်ပင်မရဘဲ အကြိမ်ကြိမ်မှုတ်သွင်းသောအခါ မိမိမျက်လုံးများပြာလာပြီး ရင်ထဲတွင် တလှပ်လှပ်တုန်ရီလာ၏။ ထို့ကြောင့် အသက်ပြင်းပြင်းရှူလိုက် လေမှုတ်သွင်းလိုက်နှင့် မျက်လုံးများ ပြာဝေသွားစဉ်–

"အူဝဲ အူဝဲ"

ရုတ်ခနဲ ငိုလိုက်သော ကလေးငိုသံ သဲ့သဲ့ကြားရမှ ရင်ထဲတွင် လွတ်ဟာသွားပြီး အမှောင်အတိကျသွားတော့သည်။

ကလေးငယ်အား ရင်ခွင်ထဲပွေ့ကာ မိမိတစ်ကိုယ်လုံး လွင့်မျောသွား၏။ လွန်ခဲ့သော ၁၀ နှစ်ခန့်ကလည်း မိမိသည် ဤကဲ့သို့ပင် ကလေးအား ပွေ့ထားရင်းက–

အစ်မတာဝါးမဘောတွင် အဖော်မဲ့စွာ ငိုရှိုက်ခဲ့ဖူးသည်။ ထိုစဉ်က ဤကဲ့သို့ ဆရာဝန်မရှိပေ။ ကံဆိုးလွန်းသော အစ်မနှင့် ကလေးအတွက် မိမိငိုရှိုက်ရသည်။ အားကိုးရာမဲ့ ငိုရှိုက်ရသည်။ ခုတော့ သူတို့ကံကောင်းပါသည်။ အမိအဖ၊ ခင်ပွန်း၊ ညီအစ်ကိုမောင်နှမ အစုံအလင်နှင့် ဆရာဝန်ကလည်း အဆင်သင့်မို့ . . .

"အစ်မ . . . အစ်မ ရင်မွေး"

မိမိလက်ထဲမှ ကလေးကို တစ်စုံတစ်ယောက်က လာယူသည်ကို သိလိုက်ပြီး တိုးညင်းသောခေါ်သံကို ကြားနေရလျက် ပြင်းထန်သော ရှူဆေးအနံ့သည် မိမိနှာခေါင်းထဲသို့ စူးဝင်လာ၏။

"အစ် . . . အစ်မရင်မွှေး နေသာလားဟင်"

ခေါ်သံကို ပီပီသသကြားရမှ ဒေါက်တာဟန်ကြည်အသံမှန်း သိလိုက်သည်။ ဒေါက်တာဟန်ကြည်၏ နူးညံ့သောစကားသံနှင့် အခေါ်အဝေါ်ကြောင့် ရင်ထဲတွင် နွေးသွားသည်။ သို့သော် မိမိအဖြစ်ကို သတိရပြီး ရှက်စိတ်ဝင်ကာ ရုတ်တရက် သစ်ပင်ကိုမှီနေရာမှ ခါးမတ်လိုက်၏။ သို့သော် မျက်လုံးထဲပြာသွားသည်။

"အစ်မ ရုတ်တရက် မထလိုက်နဲ့လေ၊ မှီပြီး နားနေဦး"

"လူနာ လူနာကော"

"အခြေအနေကောင်းပါတယ်။ မကြာခင် သတိရမှာပါ။ အစ်မသာ နေသာသလို နားနေလိုက်ဦးနော်။ ကျွန်တော် ပစ္စည်းတွေ သွားသိမ်းလိုက်ဦးမယ်။ ရတယ်နော်။ ရော့ ရှူဆေးလေး ရှူနေလိုက်"

ဒေါက်တာဟန်ကြည်က ယုယစွာ စကားဆိုပြီး နော်ရင်မွှေးအား သစ်ပင်တွင် ပြန်မှီကာ နေသားကျအောင်ထားပြီး ထွက်သွား၏။ ဒေါက်တာဟန်ကြည်၏နူးညံ့စွာ ပြောင်းလဲသွားသော အခြေအနေကိုကြည့်၍ ရင်ထဲတွင် အံ့သြသွားမိသည်။ သို့သော် သတိလက်လွတ်ဖြစ်သွားသော မိမိအခြေအနေကို သတိထားမိသောအခါ မကျေမနပ်ဖြစ်မိသည်။ မိမိအား အထင်သေးနေသော သူ့ရှေ့တွင် ဤကဲ့သို့ ဒဏ်မခံနိုင်ဖြစ်သွားရသည်ကို မကျေမနပ် ဖြစ်မိ၏။ ထို့ကြောင့် ခေတ္တမျှနားနေလိုက်ပြီး အနည်းငယ်နေသာထိုင်သာ ရှိသွားသောအခါ ဒေါက်တာဟန်ကြည် အလုပ်ရှုပ်နေသည့်နားသို့ ထလာခဲ့သည်။

"ဟင် . . . အစ်မ နေသာသလို နေပါ။ ဘာလို့ ထလာတာလဲ"

သူက မိမိလက်ကိုဆွဲပြီး လူနာ၏အနီး သစ်ပင်နားတွင် မှီချပေးရင်းက –

"အစ်မရဲ့လူနာ အခြေအနေကောင်းပါတယ်။ ဒါပေမဲ့ သိပ်စိတ်မချရလို့ ကျွန်တော်တို့စခန်းကို ခေါ်သွားတာပေါ့။ ဒီနေ့တစ်ရက်တော့ မပြန်သေးဘဲ စောင့်ကြည့်နေဦးမယ်လေ။ တစ်ရက်တော့ နေကြရအောင်နော်"



"ရပါတယ် ဒေါက်တာ။ ကျွန်မ နေနိုင်ပါတယ်"

ကလေးမျက်နှာ ဝင်းပပလေးကို ကွက်ခနဲမြင်ပြီးမှ လူနာ၏မျက်နှာပေါ်လာသောအခါ ကလေးအား မှုန်ဝါးစွာ ကွယ်ပျောက်သွားလေပြီ။ ဒေါက်တာဟန်ကြည်က ဆေးသေတ္တာကိုပိတ်လိုက်ပြီး ကျေနပ်စွာ ခေါင်းညိတ်လိုက်၏။ မျက်လုံးလေးဖွင့်ကာ ဟိုသည်ကြည့်နေသော လူနာအား တစ်ချက် လှမ်းကြည့်လိုက်သည်။ ရှန်းကန်အော်ဟစ်နေသော ကလေးငိုသံကား အားရဖွယ်ကောင်းလှ၏။

"ကျွန်တော်က အမေကို ဂရုစိုက်နေတာ ကလေးက လှုပ်နေသေးတော့ မစိုးရိမ်မိဘူး။ တော်သေးတယ်။ အစ်မက သတိရပေလို့။ နို့မဟုတ်ရင် ကျွန်တော်တို့ ကြိုးပမ်းမှုတွေ အလဟဿဖြစ်သွားမှာပဲ။ အစ်မ သိပ် ပင်ပန်းသွားမှာပဲ။ နဂိုကမှ အားမရှိတာ။ ဒီကပြန်သွားရင် အစ်မ အိပ်ရေးဝဝအိပ်လိုက်နော်။ အခုလည်း မျက်လုံးမှိတ်ပြီး အနားယူလိုက်ပါဦး"

ပြောပြောဆိုဆိုနှင့် သူ့ဂျူတီကုတ်လေးကို ချွတ်ပြီး မိမိ ပခုံးပေါ်သို့ လွှမ်းပေးလိုက်၏။

"ရပါတယ် ဒေါက်တာ"

"ခြုံထားပါလေ၊ ခြင်ကိုက်တယ်။ ကျွန်တော်တို့တွေ တာဝန်ချိန်မဟုတ်ဘူး။ သူစိမ်းမဆန်ပါနဲ့ အစ်မရယ်"

"အလင်းရောင်သမ်းလာပြီးရင် နာရီဝက်လောက်နားပြီး သွားကြတာပေါ့။ ကျွန်တော် ဦးစောအယ်ဒိုးတို့နား သွားလိုက်ဦးမယ်နော်"

ခွင့်တောင်းပြီး မိမိနားမှထွက်သွားသော ဒေါက်တာဟန်ကြည်၏ နောက်ကျောကို ငေးကြည့်ရင်းက အံ့သြမိသည်။ ထို့ပြင် ထူးခြားစွာ ရွှန်းလက်နေသော သူ့အကြည့်ကို သတိထားမိ၍ ရင်ထဲတွင် ပင့်သက်ခါခါ ချမိ၏။

ငိုနေသောကလေးငယ်ကို ကောက်ချီပြီး ရယ်မောနေသော ဒေါက်တာဟန်ကြည့်ပုံစံသည် တဖြည်းဖြည်းမှုန်ဝါးလာသည်။ မျက်လုံးအစုံကို မှိတ်ချလိုက်သောအခါ လွန်ခဲ့သော ၁၀ နှစ်ခန့်ကာလကို ပီပြင်စွာ မြင်တွေ့လာရတော့သည်။

□

## အခန်း ၂

"ရင်မွေး ရင်မွေး ထစမ်းကွယ်" အိပ်မက်လိုလိုနှင့် တိုးညင်းသော အသံကို ကြားရသည်။ ထို့နောက် မိမိခြေထောက်ကို တစ်စုံတစ်ဦးက ဆွဲလှုပ်လိုက်သည်ကို သတိပြုမိလိုက်၏။

မနက်တိုင်း ဒီလိုလှုပ်နှိုးခြင်းခံရ၍ မကျေမနပ်နှင့် တစ်ဖက်သို့ လှည့်ကာ အိပ်နေလိုက်သည်။

"ရင်မွေး . . . ရင်မွေး ထစမ်း၊ ဒီမှာ ဗိုက်နာလိုက်တာ နင် ဘာမှ အားမကိုးရဘူး"

အစ်မစကားကြောင့် အိပ်မက်မက်နေသည်မဟုတ်သဖြင့် ဆတ်ခနဲ မျက်လုံးဖွင့်ကြည့်လိုက်သည်။

အမှောင်ထုက ကြီးစိုးနေဆဲမို့ နံနက်လင်းဟန် မတူသေး။ ခေါင်းရင်းမှ အပါးအသံကြားရသည်။

"တပါးမ နင် ဘာဖြစ်လဲဟေ့"

"ဗိုက်နာလို့ အပါး"

အစ်မစကားသံကြောင့် အိပ်ရာမှ လူးလဲထပြီး–

"ခုက္ခပဲ အစ်မရေ ညနေကမှ ခေါင်းမြကြီး ငါးပတ်အိုင်ဘက် ထွက်သွားတာ၊ ညအိပ်တဲ့ဟ"



"အေး ညနေကပဲ ငါဆီလာပြီး မေးသေးလို့ ငါက နေကောင်းတယ် ပြောလိုက်တယ်။ ခုက္ခပါပဲ"

အစ်မက စိတ်ပျက်စွာ ညည်းညူလိုက်သည်၊ အစ်မပြောသကဲ့သို့ပင် မိမိတို့ နန္ဒမိတ်ရွာတွင် ဝမ်းဆွဲဆရာမ မရှိပါ။ ရွာလက်သည်သာ ရှိသည်။ သို့သော် အနီးအနားမှ ရွာများတွင် လက်သည်မရှိ၍ တစ်ဦးတည်း လက်မလည်နိုင်အောင် အလွန်များလွန်းလှသည်။

"နင်တို့ကလည်းဟာ ပေါ့လိုက်တာ"

အဘက မီးခွက်ကိုင်၍ အခန်းထဲဝင်လာပြီး အစ်မနားတွင် ဆောင့်ကြောင့်ထိုင်ချလျက် ခေါင်းကို တဖြင်းဖြင်းကုတ်လိုက်သည်။

"တစ်ပတ်လောက် လိုသေးတယ် ပြောတာကိုး အပါးရဲ့။ ကျွန်မလည်း ဘယ်သိမှာလဲ"

အစ်မ တပါးမ၏မျက်နှာသည် မီးရောင်အောက်၌ လွန်စွာအကျည်းတန်နေသည်။ မျက်နှာကို ရှုံ့မဲ့ထားသည့်အပြင် ဆံပင်များ ပွရောင်းရောင်းနှင့် ချွေးသီးချွေးပေါက်များထွက်နေသော မျက်နှာကား လွန်စွာ ကြောက်မက်ဖွယ်ကောင်းလှသည်။ ဤအချိန်တွင် ရွာ၏အချောအလှ အစ်မ၏မျက်နှာကို တအံ့တဩ ငေးမောကြည့်နေမိသည်။ အစ်မ၏ပြုံးချိုသောမျက်နှာသာ နေ့စဉ်တွေ့ရပြီး ဤကဲ့သို့ ရှုံ့မဲ့နေသော မျက်နှာကို တစ်ခါမျှ မတွေ့ဖူးပါ။

"ငါ . . . ငါ ဘယ်သူကို သွားခေါ်ရမလဲ။ နင့်အစ်ကိုကို သွားခေါ်ရမလား"

"အိုး အပါးကလည်း အစ်ကိုအပျိုကြီးက ဘာလုပ်တတ်တာမှတ်လို့ အားလုံး ခေါ်ဝင်းမြပဲ အားကိုးနေရတာ။ ဒီလိုလုပ်လေ အပါးလှည်းပြင်လိုက် ကျွန်မတို့ ငါးမြစ်ရှင်းကို သွားမယ်။ ဟိုမှာ စည်သည်ဆေးမှူးရှိတယ်။ ဆရာမလည်းရှိတယ်။ ဆေးမှူးက ဆရာလေးအိမ်မှာ တည်းနေတာလေ။ ညနေကတောင် လာသွားသေးတယ်။ အဲဒီကို သွားတာပေါ့"

"ဟ . . . နင့်ဟာ ဖြစ်ပါ့မလား၊ တော်ကြာ လမ်းမှာ ခုက္ခတွေ့နေမယ်"

"ဖြစ်ပါတယ် အပါးရယ်။ အခုမှ စနာတာပါ။ သူများတွေပြောတာ အကြာကြီး နာရတယ်တဲ့"

"အေး နင့်အမိုးလည်း တစ်နေ့လုံးနာတာ"

အစ်မသည် ပထမဦးဆုံးသားမို့ ဘာမျှ နားမလည်ပေ။ အပါးကလည်း ရိုးရိုးအအမို့ ဘာမျှမတတ်ပေ။ အရာရာကို အစ်မက ဦးဆောင်ရသူပီပီ ယခု သားဖွားရန်ကိစ္စကိုလည်း အတွေ့အကြုံမရှိသော အစ်မကပင် ဦးဆောင်နေလေပြီ။

"ဟဲ့ ရင်မွေး ဘာငိုင်နေတာလဲ။ ထ စောင်ယူခဲ့။ ပြီးတော့ ငါဝယ်ထားတဲ့ ကလေးအနီးတွေထုပ်၊ ငါ့အင်္ကျီ၊ လုံချည်တွေ နှစ်စုံလောက်ထည့်။ မီးအိမ်ယူခဲ့။ အား ကျွတ်ကျွတ်၊ နာလိုက်တာနော်။ နင်. . . နင် ဘာမှ မလုပ်တတ်သေးဘူး။ အားမကိုးရဘူး"

အစ်မက ဝေဒနာကြားမှနေ မြည်တွန်တောက်တီးနေ၍ အစ်မကို လျှာထုတ်ပြပြီး အစ်မပြောသောပစ္စည်းများကို တစ်ခုစီလိုက်ထည့်နေ၍ အိပ်ချင်စိတ်မရှိတော့။ အစ်မ ဗိုက်နာနေသည်ကတစ်ကြောင်း၊ ညကြီးခရီးထွက်ပြီး ဆရာ့ထံသွားမည်ကတစ်ကြောင်းမို့ စိတ်ထဲပျော်နေသည်။ ထို့ကြောင့် မျက်နှာသစ်လိုက်သည်။

"အမယ်လေး အရေးထဲ မျက်နှာသစ်နေတာ။ မိန်းမ အလှပြင်ဖို့ သူက စဉ်းစားနေသေး"

အစ်မပြောလိုက်၍ မျက်နှာသစ်ခြင်းအလုပ်ကို ရပ်လိုက်ရသည်။

"လန်းသွားအောင်ပါ အစ်မရဲ့"

အစ်မ အင်္ကျီ၊ လုံချည်များကို ထည့်ရင်း ခေါင်းကို ကမန်းကတန်း ဖြီးဖြစ်အောင် ဖြီးလိုက်သေးသည်။ ဤအမှုကိုတော့ အစ်မ မမြင်တော့ပေ။

"ရင်မွေး ပြီးပြီလား၊ နင်ထည့်ထားတာတွေ ယူသွား။ စောင်ပါတယ်နော်။ ပြီးတော့ အဘလှည်းပေါ် ကောက်ရိုးထူထူခင်း။ ဂုန်အိတ်လည်း ခင်းနော်"

အစ်မက ပြောပြောဆိုဆိုနှင့်ထိုင်ရာမှ ထရပ်လိုက်သည်။ အစဉ် ဖျတ်လတ်နေသော အစ်မသည် တကျွတ်ကျွတ်မြည်လျက် လေးလံနေ၏။ ခါးကိုထောက်ပြီး လက်က အလုပ်လုပ်နေသေးသည့် အစ်မကို တစ်ချက်လှမ်းကြည့်၍ မီးအိမ်ဆွဲပြီး အိမ်ပေါ်မှ ဆင်းလာခဲ့သည်။

အစ်မ တဝါးမသည် တစ်အိမ်သားလုံးကို ဦးဆောင်နိုင်သူဖြစ်သည်။ အသက် ၆၀ ကျော်လာပြီဖြစ်သော အပါးသည် အစစမျက်နှာလွှဲနေနိုင်၏။ ယခုလည်း သူ့ မီးဖွားဖို့ကိစ္စကို သူ့ဟာသူ ဦးဆောင်နေသည်။



အပါးနှင့်အတူ ကောက်ရိုးများကို လှည်းပေါ်သို့ ဝိုင်းတင်ပေးနေစဉ် အစ်မ တဝါးမရောက်လာသည်။ မိမိက မီးအိမ်ယူလာခဲ့၍ အစ်မတဝါးမသည် မှောင်ထဲတွင် ဒီအတိုင်း ဆင်းလာခဲ့ဟန်တူသည်။ မီးအိမ် မထားခဲ့မိသောကြောင့် မိမိကိုယ်ကို အပြစ်တင်မိလိုက်သည်။

"ဟဲ့ . . . ပြီးရင် တက်လေ။ ပြီးတော့ ငါ့ကိုဆွဲတင်"

အစ်မ လှမ်းသတိပေးလိုက်၍ ကမန်းကတန်းလှည်းပေါ်တက်ပြီး အစ်မကို ဆွဲတင်လိုက်သည်။ အစ်မက လှည်းဆောင့်သက်သာစေရန် ဝင်ရိုးပေါ် ထိုင်လိုက်၏။ အစ်မထိုင်ပြီးသည်နှင့် အပါးက နဖားကြိုးကို လှုပ်၍ စနှင်လေတော့သည်။

"ဟဲ့ . . .တိမ်ပြာ . . .တယ် ဒီကောင်"

တိတ်ဆိတ်နေသော ညတွင် အပါး၏ လှည်းငေါက်သံ၊ နွားချူသံများက သောသောညံသွား၏။

မိမိတို့ အိမ်လေးသည် ရွာအစွန်တွင်ရှိသောကြောင့် လှည်းထွက်လာသည်ကို မည်သူမျှ မသိလိုက်ပေ။

ထို့ပြင် မိမိတို့ နန္ဒမိတ် ရွာလေးသည်လည်း စစ်တောင်းကမ်းပါး ဖြူးမြို့နယ်၏ အစွန်အဖျားတွင်ရှိသည်။ ယခု သွားလာနေသော ငါးမြစ်ချင်း ရွာသည် နန္ဒမိတ်ရွာနှင့် သုံးမိုင်ခန့်ဝေး၏။

"ခြော် . . . ဒီနေ့က လကွယ်ညပဲ။ ခုမှ သူငယ်အိပ်ချိန်ရှိသေးတယ်။ ဒီနေ့ သောကြာနေ့နော် အပါး။ သန်းခေါင်မကျော်ခင် မွေးရင် ကောင်းမယ်။ နို့မဟုတ်ရင် စနေနေ့ ကူးသွားမှာစိုးရတယ် အပါးရ"

အစ်မ တဝါးမက ညည်းညည်းညူညူနှင့်ပြောလိုက်သည်။ သားဦး စနေကို အပါးရော၊ အစ်မရော ကြောက်သည်။ ထို့မျှမက မိမိခဲအို အစ်ကိုစိုးကလည်း ကြောက်သည်။

အစ်ကို စိုးသည် ကုန်သွယ်လယ်ယာတွင် အလုပ်လုပ်ပြီး စပါးပေါ်ချိန်၌ စပါးဒိုင်များတွင် တာဝန်ထမ်းဆောင်နေရသည်။ ထိုအချိန်များတွင် အိမ်သို့ မပြန်လာနိုင်ပေ။ ယခင်ဖြူး၌ တာဝန်ကျစဉ်ကလည်း ပြန်မလာနိုင်။ ယခု အစ်ကိုစိုးသည် တောင်ငူသို့ ပြောင်းသွားပြီးကတည်းက စပါးပေါ်ချိန်၌ သုံးလေးလလုံးလုံး အိမ်မပြန်လာနိုင်ပေ။

"ဟဲ့ . . . တိမ်ပြာ . . . မှိုင်းညို သွားစမ်း။ တယ် . . . ဒီကောင်တွေ"

ခါတိုင်း ဤနွားနှစ်ကောင်ကို ကြိမ်နှင့်ပင်မရွယ်ဖူးသော အပါးသည် ယခု သားသမီးဖောကြောင့် တအားဖိ၍ ရိုက်နက်နေ၏။ နွားညိုနောင်မှာ သခင်၏ထူးခြားသော အပြုအမူကြောင့် ထိတ်လန့်အံ့ဩစွာဖြင့် သခင် စိတ်တိုင်းကျ ပြေးနေရသည်။

"တယ် . . . ဒီကောင်"

ရွှန်းခနဲ နွားရိုက်သံက မိမိနလုံးသားကို နာကျင်သွားသည်။ သည်ညို နောင်ကို မိမိ အလွန်ချစ်သည်။ သည့်ပြင်အလုပ်ကို မလုပ်သော်လည်း နွားစာကျွေးသည့် အလုပ်ကိုတော့ မညည်းညူမိပေ။ သို့ဖြစ်၍ မိမိလာလျှင် အတင်းလိုက်ကပ်ပြီး အစာတောင်းတတ်၏။ လည်တိုင်လေးများ မော့ပေးပြီး အယုအယ ခံတတ်သည်။

"ဆရာလေးနဲ့ ဆေးမှူးက သူငယ်ချင်းတဲ့ အပါးရဲ့။ ဆေးမှူးက သူ့အမေဆုံးလို့ စိတ်ပြေလက်ပျောက် ခွင့်ယူပြီး ဆရာလေးဆီလာနေတာ တစ်ပတ်တောင်ရှိပြီတဲ့။ အင်း . . ."

အစ်မသည် အာရုံပြောင်းအောင် စကားပြောနေသော်လည်း တစ်ချက် တစ်ချက်တွင် မသက်မသာဖြင့် ညည်းညူလိုက်၏။ မိမိကမူ အစ်မ ညည်းညူသံကို မသက်မသာနားထောင်နေစဉ် "ဆရာလေး" ဟူသောအသံကြောင့် ရင်ထဲ ထိတ်ခနဲဖိုသွားသည်။ ဆရာလေးအကြောင်းပြောလျှင် ရင်ဖိုရသည်မှာ အခုမှ မဟုတ်ဓာတ့။

"အား ကျွတ် ကျွတ် ဘယ်လို နာနည်းနဲ့ နာပါလိမ့်မယ်နော်။ အခံရခက်လိုက်တာ အမလေး. . . .လေး"

တော်ရုံ ညည်းညူခဲသော အစ်မသည် အံတကျစ်ကျစ်မြည်အောင် သွားကြိတ်နေသည်။ အစ်မ၏ ညည်းညူသံကြောင့် မိမိရင်ထဲတွင် တုန်လှုပ်မိသည်။ ဘာလုပ်ရမှန်းမသိ၍ အစ်မဗိုက်ကို ကိုင်လိုက်၊ အစ်မလက်ကို ကိုင်လိုက်နှင့် မိမိတစ်ယောက်တည်း ပျာယာခတ်နေသည်။

အစ်မ တဝါးမသည် ဖျားသည်၊ နာသည်ဟူ၍ မရှိပေ။ တော်ရုံ ရောဂါဝေဒနာကား အစ်မ၏ ခိုင်မာသော စိတ်ဓာတ်ကို တိုး၍မရနိုင်။

"တဝါးမ ဖြစ်ပါ့မလားဝေ့"

အပါး လှည်းမောင်းမဖြောင့်တော့။ ရွာများကား တစ်ရွာနှင့်တစ်ရွာ တစ်မိုင်ခန့်ဝေးသည်။ တစ်မျှော်တစ်ခေါ် လယ်ကွင်းများကို ဖြတ်ရသည်။



ချောင်းရိုးနှင့် ချိုင့်ဝှမ်းများကိုလည်း ဖြတ်ရသဖြင့် အပါးက လှည်းကို ဖြေး●မောင်းနေရ၏။ မိဿလင် ကျေးရွာအုပ်စုကို ဖြတ်ပြီးမှ ငါးမြစ်ချင်းသို့ ရောက်မည်ဖြစ်သည်။ နေ့လယ်ပူပူတွင် ဤလမ်းကို မည်သူမျှ မလျှောက်ချင်ကြ။ လှည်းလမ်းသည် ရိုးပြတ်လမ်းမို့ ကြမ်းလှသည်။ လျှိုကမူပေါ်၍ သာမန်သူပင် ခါးနာသည့်လမ်းဖြစ်၏။

"မြန်မြန်မောင်းပါ အပါးရဲ့"

တဝါးမအသံကြောင့် အပါးက ကယောင်ကတန်းနှင့် နွားနှစ်ကောင် ကိုလှမ်းရိုက်လိုက်သည်။ နွားညိုနောင်မှာ အမြီးထောင်၍ အားသွန်ပြေးလေသည်။

ခရီးတစ်ဝက်ပင် မကျိုးသေးပေ။ အဝေးဆီမှ ငါးမြစ်ချင်းရွာကို မှုန်ဝါးသာတွေ့ရသည်။ အမြင်နီးသော်လည်း လယ်ကွင်းကို ဖြတ်ရသည်မှာ တစ်မျှော်တစ်ခေါ်ကြီးပင် ဖြစ်သည်။ လမိုက်ညမို့ လှုပ်ခါနေသော မှန်မီးအိမ်ကိုသာ အားကိုးရသည်။ မီးအိမ်ကို လေကွယ်စေရန်အတွက် တစ်ဖက်ဖွင့် သွပ်ပြားအုပ် မီးအိမ်လေးဖြစ်သည်။

"အပါးရေ ဗိုက်ထဲက လှုပ်လာပြီဝေ့"

"ဟာ . . . သောက်ဂွပဲ၊ ဘယ့်နှယ့်လုပ်မလဲဟေ့"

အပါးက အလန့်တကြားနှင့် နဖားကြိုးကို တုံ့ခနဲ ဆွဲလိုက်ရာ နွားညိုနောင်မှာ နှာမှုတ်လျက် ပတတ်ရပ်တန့်ကြ၏။

"အို . . . လှည်းကို မရပ်နဲ့လေ အပါးရဲ့။ မြန်မြန်မောင်းပါ မြန်မြန်လေး"

"ဟဲ့"

ရွှန်းခနဲ ရိုက်သံနဲ့အတူ နွားညိုနောင်ကလည်း သခင့်အလိုကို နားမလည်ဟန်ဖြင့် ကြောက်အားလန့်အား ပြေးပြန်သည်။ လူပြုတ်မကျစေရန် တစ်ဖက်မှ ဆုပ်ကိုင်၍ အခြားတစ်ဖက်မှ မီးခွက်ကို မြှောက်ထားရသည်။

"အား . . .ကျွတ် . . .ကျွတ်"

အစ်မ ညည်းညူသံကြောင့် အပါးက နောက်သို့ လှည့်ကြည့်၊ လှည့်ကြည့်နှင့် စိတ်မချဖြစ်နေသည်။ ပြေကျသွားသော ခေါင်းပေါင်းကိုပင် အလေးမထားမိပေ။ အစ်မသည် အောက်နှုတ်ခမ်းကို တင်းတင်းကိုက်ထားရင်းက ညည်းညူသံ မထွက်စေရန်အတွက် ကြိတ်မှိတ်ခံနေရှာ၏။

"အပါး . . . အပါး လှည်းရပ်လိုက်တော့"

"ဟင် . . ."

အစ်မအသံကို နားစွင့်နေသူပီပီ လှည်းကို တုံ့ခနဲ ရပ်လိုက်သည်။ အစ်မကား အံကိုတင်းတင်းကြိတ်၍–

"ဒီအတိုင်း ဆက်သွားလို့ မဖြစ်တော့ဘူး အပါး။ နွားတွေကိုဖြုတ်လိုက်တော့ နွားလှည်းဒေါက်တင်ပြီး အပါးက နွားတစ်ကောင် စီးသွားပြီး ရွာကို အပြေးသွားပေတော့။ အား . . . ကျွတ် . . . ကျွတ်၊ လှည်းဆောင့်တော့ ပိုဆိုးတယ်။ နီးတဲ့ ဆရာလေးအိမ်ကို ဝင်နော်။ ဆေးမှူးကို လွှတ်ပြီးမှ ဆရာမဆီသွားနော်"

အစ်မကား ဝေဒနာကို ခဏမေ့ထားပြီး တစ်ခုပြီးတစ်ခု စီစဉ်နေပြန်သည်။ ရိုးသားပြီး အေးဆေးလှသော အပါးသည် အစ်မပြောသည့်အတိုင်း လိုက်လုပ်၏။

"ငါ နင်တို့နှစ်ယောက်ကို ထားခဲ့ရတာ စိတ်မချဘူး။ ရွာက လူကြီးတစ်ယောက်ယောက် ခေါ်လာရ အကောင်းသားပဲဟ"

အပါးက တီးတိုးညည်းညူပြီး တဝါးမပြောသည့်အတိုင်း နွားညီနောင်ကို ထမ်းပိုးဖြုတ်၍ လှည်းဒေါက်ထောက်လိုက်၏။

"စိတ်ချ အပါး။ အပါးသာ မြန်မြန်လာ။ ကွင်းကြီးထဲမှာ ဘာမျှမဖြစ်ဘူး။ ကျွတ် . . .ကျွတ် . . .ကျွတ်"

"အင်း . . . ပါ ရင်မွေး၊ နင့်အစ်မကို ဂရုစိုက်နော်။ အပါး အမြန်ဆုံးလာခဲ့မယ်။ မကြောက်နဲ့ အား . . .ဘာလဲဟ"

ရုတ်တရက် အပါးအော်သံကြောင့် နှစ်ဦးစလုံး ခေါင်းထောင်ပြီး ကြည့်မိသည်။

"ဘာဖြစ်လဲ အပါး"

"ဟင့်အင်း ဘာမှမဖြစ်ဘူး။ ဆူးစူးတာပါ။ နင်တို့ အောက်မဆင်းနဲ့နော်။ မီးအိမ်ယူထား။ အပါး ချက်ချင်း ပြန်လာမယ်" ·

အပါးအသံကား တုန်ခါနေသည်။ အစ်မက လှည်းရံတိုင်ကို ဆုပ်ကိုင်ရင်းက–

"မြန်မြန်ပြန်လာခဲ့ပါနော်"

နွမ်းလျသောအသံလေးနှင့် မှာလိုက်သည်။ အပါးသည် စိတ်မချစွာ



တစ်ချက်ကြည့်၍ "အေး" ဟု တစ်ခွန်းတည်းပြောပြီး မှိုင်းညို့ပေါ် ခုန်တက်၍ ထွက်ပြေးသွား၏။

အပါး နောက်ကျောကိုကြည့်ပြီး မိမိရင်ထဲတွင် ဘာမျှမရှိတော့။ အားငယ်စိတ်များနှင့်အတူ ရင်ထဲဟာသွား၏။

စိတ်ထဲမှာလည်း ကြောက်ရွံ့နေမိ၏။ အစ်မနည်းတူ ဓာချွေးလေးများ ပြန်လာသည်။ မီးရောင်အောက်ဝယ် အစ်မ မျက်နှာက အလွန်ကြောက်ဖွယ်ရာကောင်းလှ၏။ ဓာချွေးများ ပြန်ထွက်လာပြီး ဝေဒနာကို အံကြိတ်ခံနေရ၍ လွန်စွာ ရုပ်ဆိုးနေသည်။

"အား . . .ကျွတ် . . . ကျွတ်၊ အမိုးရေ နာတယ် အမိုးရဲ့"

အသံနက်ကြီးနှင့် အော်လိုက်သော အစ်မအသံကြောင့် ကြက်သီးဖြန်းခနဲ ထသွားသည်။ အမေကား မိမိကိုမွေးဖွားပြီး အသက်တစ်နှစ်ကတည်းက ဆုံးသွားခဲ့ပြီးဖြစ်သည်။ အမေကိုပင် သေသေချာချာ မမှတ်မိလိုက်ပေ။ ထိုစဉ်က အစ်မအသက်သည် ၁၂ နှစ်သာရှိသေး၏။

"အင်း . . .ဟင်း . . .ဟင်း"

အစ်မ၏ညည်းညူသံကို နားထောင်ရင်းက ကြောက်စိတ်များ ဝင်လာမိသည်။

"ရင်မွေး၊ နင် . . .နင် . . .ငါ့ကိုကြည့်နော်။ နင်ယောက်ျားမယူနဲ့သိလား"

မိမိလက်မောင်းကို တင်းကျပ်စွာဆုပ်ကိုင်၍ ပြောလိုက်သည့် အစ်မစကားကြောင့် ဆရာ့မျက်နှာကို ဖျတ်ခနဲမြင်မိသည်။

"ကြားလား နင် ဆရာ့ကို မယူနဲ့"

"ဟုတ် . . .ဟုတ်ကဲ့"

အယောင်ယောင် အမှားမှား ကတိပေးလိုက်သည်။ သို့သော် ရင်ထဲတွင်မူ ပြုံးမိသည်။

"အား" အသံနက်ကြီးနှင့်အော်လိုက်ပြီး မိမိလက်မောင်းကို ခါရမ်း၍ ဆွဲညှစ်လိုက်သည်။ အစ်မလက်များကား သန်မာပြီး တင်းကျပ်လွန်းလှသဖြင့် မိမိအရိုးများ ကျိုးသွားသလားဟုပင် ထင်မိ၏။

"အစ်မ . . . အစ်မ သိပ်နာသလားဟင်။ ငါ . . .ငါ ဘာလုပ်ပေးရမလဲ"

အစ်မနဖူးမှ ချွေးများကို တဘက်နှင့် သုတ်ပေးရုံကလွဲ၍ မိမိလည်း ဘာမျှမတတ်နိုင်။ တတ်နိုင်လျှင် အစ်မခံစားရသောဝေဒနာကို ပြောင်းလွဲ၍ ခံစားချင်သည်။

"အင်း . . .ဟင်း . . .ဟင်း။ နာလိုက်တာနော်။ နင်လည်း မကယ်နိုင်ဘူး။ ငါလည်း မလုပ်တတ်ဘူး။ ကျွတ် . . .ကျွတ်"

အစ်မက အော်ဟစ်ရင်းနှင့်ပင် လူးလိမ့်နေ၏။ လှည်းတစ်စီးလုံးမှာ လှုပ်ခါနေသည်။ လှည်းဒေါက်ပြုတ်ကျသွားမည် စိုးသောကြောင့် အစ်မအား သတိပေးချင်သော်လည်း မပေးဖြစ်။ အစ်မတွင် အသိစိတ်မရှိတော့။ မီးအိမ်မှုန်ဝါးဝါးအောက်တွင် အစ်မကိုကြည့်၍ ကြက်သီးထမိ၏။

ဝေဒနာကြောင့် သတိလက်လွတ်ဖြစ်ကာ မိမိလက်မောင်းကို ကုတ်ဖဲ့ခြစ်ဆွဲထားသဖြင့် အသည်းခိုက်အောင် နာကျင်မိသည်။

ခါတိုင်း အစ်မတဝါးမသည် မိမိအား နာကျင်အောင်လုပ်ဖို့ နေနေသာသာ လက်ဖြင့်ပင် မရွယ်ဖူးပေ။ မိခင်တစ်ယောက်ကဲ့သို့ ကြင်နာလွန်းလှသည်။ မိမိအား အရိပ်တကြည့်ကြည့်နှင့် ချစ်နေသော အစ်မဖြစ်၏။ ယခု အစ်မ သတိလက်လွတ်ဖြစ်နေ၍သာ မိမိအား နာကျင်အောင်ပြုမိခြင်းဖြစ်သည်။

ညကား တစ်စတစ်စ နက်ရှိုင်းလာသည်။ နွေရာသီဖြစ်သော်လည်း ကွင်းခေါင်ခေါင်မို့ လေအေးများဖြတ်သန်းတိုက်ခတ်လာသည်။ ကြက်သီးအလိုလိုထလာပြီး ကြောက်ရွံ့မိ၏။ အစ်မက ဘာမျှ သတိထားမိပုံမရ။ အကယ်၍ သတိရသည့်တိုင်အောင်လည်း ကြောက်မည်မထင်ပေ။ အစ်မ၏တစ်ကိုယ်လုံး ဖြူ၍နွဲ့ပျောင်းသော်လည်း စိတ်ဓာတ်က ယောကျ်ားတစ်ဦးလို ကြံ့ခိုင်လှသည်။ ထို့ကြောင့် အိမ်ထောင်တစ်ခုလုံးကိုပင် အစ်မက မားမားမတ်မတ်ရပ်၍ ဦးဆောင်နိုင်ခြင်းဖြစ်၏။

"အပါး အပါးကလည်း ကြာလိုက်တာ"

ဘာလုပ်ရမှန်းမသိ၍ ညည်းညူလိုက်သည်။ အစ်မက ဝေဒနာကြားမှ နေ၍ မိမိအားလှမ်းကြည့်ရင်းက–

"ရင်မွေး ငါ နေလို့မရဘူး။ ငါ ငါသေရင်တော့ နင်တော့ ဒုက္ခပဲ။ နင် လိမ်လိမ်မာမာနေနော်"

"အို . . . အစ်မကလည်း"



အစ်မစကားကြောင့် အလန့်တကြားဖြစ်သွားသည်။ တစ်ဆက်တည်းမှာပင် ယောကျ်ားဖောင်စီး မိန်းမမီးနေဟူသော စကားပုံက ခေါင်းထဲဝင်လာပြီး ရင်ထဲတွင်တုန်လှုပ်ချောက်ချားမှု ဖြစ်ပေါ်လာ၏။

တစ်ခါမျှမတွေးဖူးသော အတွေးက ခေါင်းထဲဝင်လာသည်။

"အစ်မသေလျှင်" ဆက်၍ မတွေးဝံ့တော့ပေ။ ထို့ကြောင့် အစ်မလက်ကို ဆုပ်ကိုင်ရင်းက အစ်မ မသိအောင် တိတ်တိတ်ကလေး ငိုမိသည်။

"ရင်မွေး . . . ငါ . . . ငါ . . . မွေးတော့မယ်"

"ဟာ . . .အစ်မ၊ အစ်မ ငါမလုပ်တတ်ဘူး။ ခဏနေပါဦးဟာ အပါးလာတော့မယ်လေ၊ ခဏနေဦးနော့"

ရုတ်တရက် ဘာလုပ်ရမှန်းမသိ၍ ကယောင်ကတမ်းနှင့် ထရပ်လိုက်သည်။

စောစောကတည်းက အပါးကို စောင့်ခိုင်းပြီး မိမိပြေးခေါ်ရ အကောင်းသားဟူသော အသိစိတ်လေး ဝင်လာ၏။

"ရင်မွေး နင် ဘယ်သွားမလို့လဲ။ ငါ့ကို တစ်ယောက်တည်း ထားသွားမလို့လားဟင်။ ငါ့ကို ပစ်သွားမလို့လား။ နင် သတ္တိမရှိဘူး"

အစ်မ၏ ဝမ်းနည်းစွာ ငိုရှိုက်သံကြောင့် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိ၏။ မိမိ ဘာကြောင့် ထရပ်သည် မသိ။ သို့သော် အစ်မကို ပစ်ခွာသွားရန် လုံးဝ စိတ်မကူးခဲ့ပေ။

"မဟုတ်ပါဘူး အစ်မ။ ငါ မထားခဲ့ပါဘူး။ အပါးလာပြီလားလို့ ထကြည့်တာပါ။ အစ်မသာ နေသာသလို နေနော်။ ငါ အနားမှာရှိပါတယ်"

"ရင်မွေး"

"အင်း . . . အင်း"

အစ်မ အော်သံနှင့်အတူ မိမိပါးစပ်မှ နာကျင်စွာ ညည်းညူမိလိုက်သည်။ အစ်မ၏လက်သည်းများက မိမိလက်မောင်းထဲ မြုပ်ဝင်သွား၏။ ပါးစပ်က ညည်းညူမိသော်လည်း မရုန်းမိပေ။

အစ်မ၏ ညည်းညူသံနှင့် မောဟိုက်သံတို့ တိုးသွားသောအခါ အပါးလာရာလမ်းသို့ မျှော်မိသည်။ အစ်မကုတ်ခြစ်ထား၍ နာကျင်သော ဝေဒနာများ၊ အစ်မကို သနားသောစိတ်များနှင့် ကြောက်ရွံ့သောစိတ်တို့ ရောထွေးကာ အစ်မ မသိအောင် တိတ်တိတ်ကလေး ငိုမိသည်။

ထို့အပြင် အခုနေများ ဆရာဝန်ဖြစ်ဖြစ်၊ သားဖွားဆရာမဖြစ်ဖြစ် မိမိတို့ရွာတွင် ရှိနေလျှင် ဘယ်လောက်ကောင်းလိုက်မလဲဟူသော အတွေးဝင်လာပြီး မျှော်လင့်တောင့်တမိသည်။

"ရင်မွှေး"

"အစ်မ"

အစ်မအော်သံနှင့် မိမိအော်သံတို့ ရောထွေးသွားသည်။ အစ်မက မိမိအား ဆုပ်ကိုင်၍ အစွမ်းကုန် လူးလွန့်လူပ်ရှားလိုက်သည်။ လှည်းတစ်ခုလုံး ယိမ်းထိုးလာပြီး လှုပ်ခါသွား၏။ မိမိတစ်ကိုယ်လုံး ဆောင့်ဆွဲခြင်းခံလိုက်ရသည်။ အစ်မ၏ညည်းညူသံ၊ အားယူသံတို့သည် နားထဲသို့ဆူညံစွာ စူးဝင်လာ၏။ မိမိ၏တစ်ကိုယ်လုံး တဆတ်ဆတ်ခါ နာကျင်လာမိသည်။

သို့သော် အစ်မလက်များ တဖြည်းဖြည်းပြေလျော့သွား၏။ အစ်မ၏ အသက်ရှူသံပြင်းပြင်းကို ကျယ်လောင်စွာ ကြားလိုက်ရသည်။

"ကလေး . . . ကလေး"

"ဟာ . . ."

မောဟိုက်သံကြားမှ လက်ညှိုးညွှန်ပြောလိုက်သောကြောင့် မိမိရင်ထဲဒိန်းခနဲမြည်သွားပြီး ကမန်းကတန်း လှမ်းကြည့်မိသည်။

"အား" အတော်နာကြည်းစွာ အော်သံဆုံးပြီးနောက် နီနီထွေးထွေးကလေးလေးကို တွေ့ရ၏။ ကြွက်ပေါက်စလေးလို လှုပ်ရှားနေသည်ကို တွေ့ရသောအခါ ရုတ်တရက် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

"အစ်မရယ် . . ."

အစ်မကို လှမ်းကြည့်ရာ အစ်မက အသက်ကို ပြင်းပြင်းရှူရင်း မောဟိုက်နေပုံရ၏။ အစ်မကား အတော်လေး မောဟိုက်နေသဖြင့် ဘာမျှ သိပုံမရပေ။ ရုတ်တရက် ရင်မွှေး တွေဝေသွားသည်။

မီးအလင်းရောင်အောက်တွင် နီနီရဲရဲကလေးကား ချက်ကြိုးတန်းလန်းဖြစ်နေ၏။ ကလေးနှင့် အမေတို့ လွတ်ကင်းမှုမရှိသေးသဖြင့် နော်ရင်မွှေး ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ ကလေးကို ကောက်ချီရကောင်းနိုး၊ အစ်မအား ဆွဲထူရကောင်းနိုးနှင့်—

"အစ်မ . . .အစ်မ"



အစ်မကို အသာလှုပ်ခေါ်ရင်းက ရုတ်တရက် အပါး၏နွားမလေးမိကြား ကလေးမွေးစဉ်က ချက်ကြိုးဖြတ်ပေးသည်ကို မြင်ယောင်လာသည်။

"ချက်ကြိုးမဖြတ်ဘဲ ကြာကြာနေရင် နွားလေးရော နွားမကြီးအတွက်ပါ အန္တရာယ်ရှိတယ်"

ရုတ်တရက် ရင်ထဲထိတ်သွား၏။ နော်ရင်မွှေး စပ်စပ်စုစုမေးစဉ် အပါးက စိတ်ရှည်လက်ရှည်ဖြေပေးသံကို ကြားယောင်လာပြီး

"ဓား . . . ဓား"

အပါးကိုင်နေကျ ဓားကောက်ကလေးကို လှည်းရံတိုင်ကြားမှ ဆတ်ခနဲ ဖြတ်ယူလုက်ပြီး . . .

"အစ်မ နင် ချက်ကြိုးဖြတ်ပေးမလား"

မနော်ရင်မွှေးစကားကို အစ်မက အဖြေမပေးဘဲ မလှုပ်မယှက်နေနေသည်မို့ ဘာမျှ စဉ်းစားမနေတော့ဘဲ မိမိလည်ပင်းတွင် အစဉ်အမြဲချိထားသော ပရိတ်ကြိုးကို ဓားဖြင့်ဖြတ်လိုက်၏။ ထို့နောက် တွန့်ဆုတ်ခြင်းမရှိဘဲ အမေနှင့်ကလေး ဆက်သွယ်ထားသော ချက်ကြိုးကို တိခနဲဖြတ်လိုက်ပြီး သွေးစက်စက်ကျနေသော ချက်ကြိုးဖျားလေးကို ထုံးချည်လိုက်၏။

"တင်းတင်းလေးချည်မှ လေမဝင်တာ"

"အဲ့"

"အမေ့"

ချွဲကျိကျိကလေးကို အနီးလေးနှင့် ကောက်ယူထွေးပွေ့လိုက်စဉ် ကလေးငိုသံကြောင့် နော်ရင်မွှေးတစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထသွားသည်။ ကလေးအတွက် စိတ်အေးသွားသဖြင့် အစ်မကို လှမ်းကြည့်လိုက်၏။

အသက်ကို ခဲယဉ်းစွာရှူနေသော အစ်မအား ကြည့်ရင်းက စိုးရိမ်လာမိသည်။ တစ်ဖက်က ကလေးကိုပွေ့ရင်း တစ်ဖက်က အစ်မရင်ကို လက်နှင့်ထောက်ထားသည်။

"အစ်မ မောသလားဟင်"

"အူဝဲ . . . အူဝဲ"

အသံသေးသေးလေးနှင့် ရူးခနဲအော်လိုက်သောကြောင့် ကြက်သီးမွေးညင်းများ ထသွားပြီး ဖရဏာပီတိ ဂွမ်းဆီထိကဲ့သို့ ကြည်နူးဝမ်းမြောက်သွားမိသည်။ ငိုနေသော ကလေးကိုကြည့်၍ ကြည်နူးစွာ ရယ်မောမိသည်။

"ကြည့်စမ်း အစ်မရယ်၊ အစ်မ သမီးက ငယ်ငယ်လေးနဲ့ သန်လိုက်တာနော်။ အစ်မ နို့တိုက်လို့ရလားဟင်။ ကလေးက ဆာလို့ထင်တယ် ငိုနေတာ"

လက်သီးသေးသေးလေးကို ဆုပ်၍ ရုန်းကန်နေသော ကလေးကို ကြည့်ပြီး တတွတ်တွတ်ပြောနေမိသည်။ ဤကဲ့သို့ ကြည်နူးမှုမျိုးကို တစ်ခါမျှ မခံစားရပေ။ ဒါတောင် တူမလေး မို့လို့ပေါ့။ အစ်မသာဆို သူ့သမီးကို ဘယ်လောက်ချစ်ရှာမလဲ။ ဒီလိုဆိုတော့လည်း ကလေး တစ်ယောက်မွေးတာ လွယ်သားပဲ နာတုန်းခဏပေါ့။

အတွေးနှင့်အတူ ပြုံးမိလိုက်ပြီး အစ်မကို ငုံ့ကြည့်လိုက်သည်။ အစ်မက ဘာမျှပြန်မပြောဘဲ မိမိအား ငေး၍ကြည့်နေ၏။

"အစ်မ နေလို့ရလားဟင်။ ကလေးကို ချီနိုင်ရင် ချီကြည့်ပါဦး။ နို့တိုက်ပါဦးဟင် အစ်မ"

ထပ်၍ခေါ်သော်လည်း မလှုပ်ရှားသဖြင့် ရင်ထဲထိတ်ခနဲဖြစ်သွားပြီး အစ်မရင်ကို စမ်းကြည့်သည်။ စောစောက ပြင်းထန်စွာ ရှူရှိုက်နေသော အသက်ရှူသံကား လုံးဝရပ်ဆိုင်းနေသည်။

"ဟင်"

ဦးခေါင်းတစ်ခုလုံး ချာချာလည်သွားပြီး ရင်ထဲတွင် တဒိတ်ဒိတ် ခုန်လာ၏။ ရင်ဝနားကို နားနှင့်ကပ်၍ နားထောင်ကြည့်သည်။ ရင်ခုန်သံ မကြားရတော့ပေ။

"အစ်မ. . . အစ်မ"

အထိတ်တလန့်နှင့် အစ်မလက်ကောက်ဝတ်ကို စမ်းကြည့်သည်။ ပါးကို ကိုင်ကြည့်သည်။ အစ်မမျက်လုံးကို လက်နှင့် ကိုင်ကြည့်သည်။ အစ်မကား မလှုပ်။

"အစ်မ . . . အစ်မ သေပြီ"

အလန့်တကြားအော်ရင်းက သည်းအူပြတ်မတတ် ထိတ်လန့်တုန်လှုပ်သွားသည်။ ခေါင်းတစ်ခုလုံး အိုးထိန်းစက်ကဲ့သို့ ချာချာလည်သွား၏။

"အစ်မရယ် ငါ့ကိုတစ်ယောက်တည်း ထားခဲ့ပြီ"

မိမိရင်တွင်းမှ မီးဟုန်းဟုန်းတောက်လောင်ပြီး ကျောက်ရုပ်ကြီးတစ်ရုပ်ကဲ့သို့ အစ်မကို ငေးကြည့်နေမိသည်။

"အူဝဲ အူဝဲ"



စူးခနဲ အော်လိုက်သော ကလေးအသံကြောင့် တုန်လှုပ်သွားပြီး ကလေးအား ငုံ့ကြည့်လိုက်သည်။ ငိုသံ၊ ဤငိုသံကား မိမိအသည်းနှလုံးကို စိုးပိုင်မည့်ငိုသံဖြစ်သည်။ ထိုငိုသံကို အစ်မ မကြားရတော့ပေ။ မိခင်ဝမ်းတွင်းမှ ကျွတ်လာပြီး ချက်ချင်း မိခင်မဲ့သွားသော ကလေးငယ်ကိုပွေ့၍ ကလေးနှင့်အတူ ရော၍ ငိုချလိုက်မိသည်။

သားသမီးမွေးသည်မှာ လွယ်ကူသောအလုပ်ဟုထင်ခဲ့သော အထင်သည်မှားနေကြောင်း အစ်မက သက်သေပြလိုက်လေပြီ။

"ဖြစ်ရလေ အစ်မရယ်၊ နင် တကယ်သေတာလား၊ ငါ အပါးကို ဘယ်လိုပြောရမှာလဲ။ နင့်ကို ငါ ပစ်မသွားဘဲ နင်က ငါ့ကိုပစ်သွားတယ်။ အစ်မ . . .အစ်မ"

အစ်မရင်ခွင်ထဲ ခေါင်းတိုးဝင်၍ အားပါးတရ ငိုရှိုက်မိသည် အစ်မက မလှုပ်ပေ။ ကလေးငယ်၏ငိုသံနှင့် ရောထွေးပြီး အားကိုးရာမဲ့စွာဖြင့် အားပါးတရ ငိုရှိုက်မိသည်။

ခြင်များက မိမိနားတွင် တဝီဝီနဲ့ ဝဲပျံနေ၏။ ငိုရှိုက်နေရာမှ သတိဝင်လာပြီး အညှိမစင်သေးသောကလေးကို ခြင်ကိုက်မည်ဟူသော အသိဝင်လာ၍ ကလေးအား လုံအောင်ထွေးလိုက်သည်။

လက်ရှိအခြေအနေကို မေ့ပျောက်သွားပြီး ကလေးအငိုတိတ်စေရန် လှုပ်၍ချော့ရင်း ကလေးငယ်အား ကြည့်နေမိသည်။ သနားစိတ်၊ ချင်ခင်စိတ်များဖြင့် ကလေးငယ်ကိုကြည့်ရင်း ရင်ထဲတွင် တသိမ့်သိမ့် ခံစားမိသည်။ ခဏကြာသောအခါ ကလေးသည် မောမောပန်းပန်းနှင့် အိပ်ပျော်သွားလေပြီ။

ကလေး၏ငိုသံ တိတ်သွားသောအခါ တစ်လောကလုံး ဆိတ်ငြိမ်သွားလေ၏။ မှောင်မိုက်လွန်းသောညတွင် မိမိတစ်ဦးတည်း အထီးကျန်သလို ခံစားလိုက်ရသည်။

သွားခါနီးတွင် မီးအိမ်ကို ရေနံဆီ ထပ်မဖြည့်မိသောကြောင့် မီးအိမ်မှာ တဖြည်းဖြည်းမှိန်နေ၏။ ထိုမီးအိမ်လေး မီးစာကုန်၍ မှိန်သွားမှာကို စိုးရိမ်တကြီး ကြည့်ရင်းက ရင်ထဲတွင် အလိုလိုမောဟိုက်လာပြီး ဇောချွေးများ ပြန်ထွက်လာလေသည်။ အစ်မကို လှည့်ကြည့်သောအခါ အစ်မက မျက်လုံးပြူးကြီးနှင့် မိမိအား ငေးကြည့်နေသလို ခံစားလိုက်ရသည်။

မေ့များနေသလားဟူသော အထင်နှင့် အစ်မရင်ကို စမ်းကြည့်ပြန်သည်။ လူသေကို မြင်ဖူးသော်လည်း ဤကဲ့သို့ မျက်လုံးပြူးကြီးနှင့် သူသေကို တစ်ခါမျှမတွေ့ဖူးပေ။

ထိုစဉ် မီးအိမ်မှာ တဖြည်းဖြည်းနှင့် ရေနံဆီကုန်သွားပြီး မှောင်ကျလာ၏။

"အစ်မ ငါ ဘာလုပ်ရမလဲ အစ်မ။ အပါးလည်း မလာသေးဘူး။ ငါ ကြောက်တယ်"

ကြောက်ရွံ့အားငယ်စွာဖြင့် ထပ်မံ၍ ငိုရှိုက်မိပြန်သည်။ အမှောင်ထုထဲတွင် ငြိမ်သက်နေသော အစ်မအလောင်း၌ ထိုင်နေရင်း အလိုလို ကြက်သီးထလာသဖြင့် ရှိုက်ပင်မရှိုက်ဝံ့တော့ပေ။

လှုပ်ရှားလိုက်သည့်အခါတိုင်း ဝါးခနဲအုပ်လိုက် ထပျံသွားသော ခြင်များကြောင့် စိတ်ညစ်မိသည်။ မိမိမျက်နှာဆီသို့ လာတိုးသော ခြင်များ၊ မိမိခန္ဓာကိုယ်ကို လာကိုက်သောခြင်များကို ဂရုမစိုက်အား၊ ကလေးနှင့် အစ်မကို ခြင်မကိုက်စေရန် အနီးနှင့် ခါရမ်းနေမိသည်။

ညှီစို့စို့သွေးနံ့များက ပတ်ဝန်းကျင်ရှိ မှက်၊ ခြင်၊ ယင်တို့ကို ဖိတ်ခေါ်နေ၏။

ခြင်များထံ အာရုံရောက်သွား၍ ကြောက်စိတ်ကလေး ခဏပျောက်သွားသော်လည်း အစ်မကိုကြည့်မိသည့်အခါတိုင်း ကြက်သီးဖြန်းဖြန်း ထမိသည်။

မှောင်ကြီးမည်းကြီး လူသူကင်းမဲ့သော ကွင်းပြင်အလယ်၌ လူ့လောကမှ ထွက်သွားခါစ လူသေအလောင်းတစ်လောင်းရယ်၊ လောကကြီးထဲ သို့ ဝင်ရောက်လာခါစ ကလေးငယ်တစ်ဦးရယ် ကြားတွင် နေနေရသော မိမိအဖို့ ဘယ်လိုမျှနေ၍မရ။

လက်မောင်းတစ်ဖက်တွင် စိုထိုင်းထိုင်းနှင့် နာကျင်ကိုက်ခဲလွန်းလှသည်။ အစ်မကုတ်ထားသောကြောင့် သွေးများစို့ထွက်လာသဖြင့် ခြင်များ ဝိုင်းခဲနေဟန်တူသည်။ ကလေးနီးမည်စိုး၍ သိပ်မလှုပ်ရဲ။

အပါးလာရာလမ်းကို စောင့်မျှော်ရင်းက ရင်ထဲတွင် ပူလောင်လာ၏။ မိမိရင်ခုန်သံကိုပင် ကျယ်လောင်စွာ ကြားနေရသည်။

"အူး . . .အူ . . .ဝူ"



အဝေးဆီမှ တောခွေးများ၏ အူသံကြောင့် ကြက်သီးဖြန်းခနဲ ထသွားပြီး ဆံပင်မွေးများ ထောင်လာသည်အထိ ကြောက်ရွံ့သွားသည်။ ထိုခွေးများသည် ညဘက်၌တွေ့သော မည်သည့်သတ္တဝါကိုမဆို ဝိုင်းခဲ၍ စားသောက်တတ်ကြောင်း သိထား၍ လိပ်ပြာလွင့်မတတ် ကြောက်ရွံ့သွား၏။

"ဂိုး"

အသည်းခိုက်အောင် တုန်လှုပ်သွားပြီး ငယ်သံပါအောင် အော်လိုက်မိသည်။

"အူဝဲ အူဝဲ"

ကလေးကပါ အလန့်တကြား ထငိုလိုက်သည်။ မိမိအနီးမှ ဖြတ်သွားသော ညငှက်ကို မဝံ့မရဲ ကြည့်ရင်းက ငိုနေသော ကလေးကို လှုပ်၍ ချော့လိုက်၏။

"အမေ့"

လှည်းလှုပ်လိုက်သဖြင့် အစ်မရင်ဘတ်ပေါ်တင်ထားသော လက်တစ်ဖက်မှ မိမိပေါင်ပေါ်သို့ ပြုတ်ကျလာသဖြင့် လိပ်ပြာလွင့်မတတ် ကြောက်ရွံ့သွားပြီး ကလေးကိုပွေ့ချီ၍ လှည်းပေါ်မှ ပြေးဆင်းလာခဲ့မိသည်။

မိမိအသိစိတ်မှာ ဘာကိုမျှ သတိမထားမိတော့ပေ။ အနည်းငယ် သွားမိသောအခါ ခြေလှမ်းသည် တုံ့ခနဲ ရပ်သွား၏။

"ရင်မွေး နင် ဘယ်သွားမလို့လဲ။ ငါ့ကို တစ်ယောက်တည်း ထားသွားမလို့လားဟင်။ ငါ့ကို ပစ်သွားမလို့လား။ နင် သတ္တိမရှိဘူး"

အစ်မပြောခဲ့သော စကားသံကို ကြားယောင်မိပြီး စိတ်ကို လျှော့၍ ဝမ်းနည်းစွာ ငိုရှိုက်ရင်းက–

"အစ်မရယ်"

လှည်းဆီသို့ ပြန်လာခဲ့သည်။ အဝေးမှ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံများက နီးကပ်လာသလိုလိုနှင့် အစ်မတစ်ယောက်တည်း မထားရက်နိုင်။ သေနေသလား မေ့နေသလား မခွဲခြားတတ်ဘဲနှင့် အစ်မကို တစ်ယောက်တည်း မထားရက်ပေ။ ကလေးနှင့်အတူရော၍ အားပါးတရ ငိုရှိုက်မိပြန်၏။

အပါးပြန်လာဖို့ သင့်နေလေပြီ။ အပါးသွားသည်မှာ အလွန်ကြာနေပြီဟု မိမိထင်မိ၏။

ထိုအခါ အပါးအတွက် စိုးရိမ်စိတ် ပူလောင်မှုများက ရင်ပွင့်ထွက်လုမတတ် ခံစားရသည်။ အဝေးဆီသို့ မှန်းမျှော်ရင်းက ဘာလုပ်ရမည်မသိဖြစ်နေမိသည်။

ကလေးငိုသံတိတ်သွားသောအခါ ပတ်ဝန်းကျင်တစ်ခုလုံးတွင် ညငှက်၏အော်မြည်သံက ကြီးစိုးသွားပြန်လေ၏။ ထိုအခါ ချောက်ချားဖွယ်ရာမိမိအဖြစ်ကို ပြန်၍ သတိရလာပြန်သည်။ အစ်မကို မကြာခဏ လှမ်းကြည့်မိ၏။ မယုံကြည်ဟန်ဖြင့် စမ်းသပ်၍ ကိုင်တွယ်ကြည့်မိသောအခါ တောင့်တင်းစပြုလာသော အစ်မ၏အသားကို ကိုင်မိသည်။ ထိုအခါ လိပ်ပြာလွင့်မတတ် တုန်လှုပ်ချောက်ချားမိပြီး မငိုနိုင်အောင် ကြောက်လာသည်။ ကျောထဲ အလိုလိုအေးစိမ့်လာ၏။ မျက်နှာချင်းဆိုင်၍လည်း အစ်မမျက်လုံးကို ရင်မဆိုင်ရဲ။ ကျောခိုင်းလျှင်လည်း ကျောထဲစိမ့်ကာ ကြောက်ရွံ့လျက်–

တစ်ချက်တစ်ချက်တွင် အစ်မ ကုတ်ဆွဲထားသော ဒဏ်ရာက တဆစ်ဆစ်နာကျင်လာပြီး အစ်မဖျစ်ညှစ်ထား၍ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသကဲ့သို့ နာကျင်နေ၏။

အပါးလည်း မလာသေး။အပါးအား မျှော်ရင်းက တဝီဝီနှင့် ဝဲပျံနေသော ခြင်များကြားတွင် မလှုပ်ရှားဝံ့ပေ။ တစ်ခါတစ်ရံ ခုန်ပေါက်ထွက်ပြေးချင်စိတ်ပေါက်လာပြီး တစ်ခါတစ်ရံ မိမိပါ အစ်မနှင့်ရောသေချင်စိတ်ဖြစ်လာမိသည်။

ညငှက်အော်မြည်သံ လေတိုးသံတို့က တစ်စတစ်စ ကျယ်လောင်၍လာလေသည်။

"ဟော . . ."

အဝေးဆီမှ ခွေးဟောင်သံသဲ့သဲ့ကြားရပြီး မီးရောင်လှဲ့လှဲ့ကလေးကိုတွေ့ရသောအခါ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားကာ တစ်ဖက်မှ တောခွေးအူသံများ ကြားနေရသည်။ ထိုအခါ ခွေးအူသံဘက်ကို ငဲ့ကြည့်ရင်း တုန်လှုပ်ချောက်ချားမိသည်။ တောခွေးများ အုပ်စုလိုက်လာလျှင် မိမိ ဘယ်သို့ပြေးရမည်နည်းဟူသော အသိစိတ် ဝင်လာသောအခါ ဦးခေါင်းပေါက်ထွက်မတတ် စိုးရိမ်နေမိသည်။

သို့သော် တရွေ့ရွေ့လှုပ်ရှားနေသော မီးရောင်စုစုကို တွေ့ရသော အခါ မျှော်လင့်ချက်ရောင်ခြည်လေး သမ်းလာလေ၏။



"အပါး အပါး ပြန်လာပြီထင်တယ်"

အပါးအတွက် စိုးရိမ်စိတ်တို့ ချက်ချင်းပြေလျော့သွားပြီး မျှော်လင့်ချက်ကြီးမားစွာဖြင့် စူးစိုက်ကြည့်နေမိသည်။ ကျိန်းစပ်နေသော မျက်လုံးများဖြင့် မီးရောင်ကို စူးစူးကြည့်မိ၏။ မီးအိမ်တရမ်းရမ်းနှင့် ဘယ်ကွေ့ညာကွေ့နှင့်ဖြစ်နေ၍ ဇဝေဇဝါ ဖြစ်နေမိသည်။

လူစိမ်းတွေလား၊ သူပုန်တွေလား။ ဒါမှမဟုတ် ဥစ္စာစောင့် သိုက်ပြောင်းတာလားဟု တောင်တောင်အီအီစဉ်းစားရင်းက ကြက်သီးဖြန်းဖြန်းထလာမိသည်။ တဒိတ်ဒိတ်နှင့် ကျယ်လောင်စွာ မြည်ဟည်းနေသော ရင်ခုန်သံကိုကြားနေရသည်။ မီးရောင်ကိုသာ မျက်တောင်မခတ် ကြည့်နေမိ၏။

တဖြည်းဖြည်းနီးလာသော မီးရောင်ကိုကြည့်ရင်း အသက်ရှူရန်ပင် မေ့နေ၏။ အပါးသာဆိုရင် မိမိတို့ရှိရာကို တန်းတန်းမတ်မတ် လာပေလိမ့်မည်။ ခုတော့ ဓာတ်မီးနှင့်ဟို့ရမ်းရှာဖွေပြီး စမ်းတဝါးဝါးလာနေသည့်အဖြစ်ကို တွေ့ရသောအခါ ရင်ထဲတွင် ရှုပ်ထွေးနေသည်။ အပါးမဟုတ်ဘူးဟူသော အသိကို ဇွတ်အတင်း ဖျောက်ပစ်လိုက်သည်။

တဖြည်းဖြည်းလူလုံးကွဲလာသောအခါ ဦးစွာ မှိုင်းညိုကို တွေ့ရသည်။ မှိုင်းညိုနောက်မှ လူလေးငါးယောက်ကို တွေ့ရ၏။ မှိုင်းညို၏ ချူသံနှင့် မှိုင်းညို၏ ကိုယ်လုံးကိုယ်ထည်ကို မှန်းမိလာသည်။ စကားသံကိုလည်း သဲ့သဲ့ကြားနေရ၏။

တဒိတ်ဒိတ်ခုန်နေသော ရင်ခုန်သံက နှလုံးသား ပွင့်လုမတတ် ဆူညံနေ၏။

"ရှေ့မှာထင်တယ်"

မိမိလှည်းထဲ ဓာတ်မီးနှင့် ဟို့ရမ်းကြည့်နေသည်။ ထိုအခါ မိမိရင်ထဲ ပူခနဲ ဖြစ်သွား၏။

"ဟော့ . . . ရှေ့က ဘယ်သူလဲ"

ခေါင်းထဲ မိုက်ခနဲဖြစ်သွားသည်။ အပါး မဟုတ်ဘူးဟူသော အသိကြောင့် မိမိဦးခေါင်းတစ်ခုလုံး ချာချာလည်သွားပြီး အမြင်အာရုံတို့ ဝေဝါးလာသည်။

အပါးဘယ်မှာလဲ။ ဘယ်ရောက်နေလဲ။ ဘာဖြစ်နေသလဲဟူသော

အမေးများက မိမိရင်ထဲ ဆူညံသွားလေ၏။

"ဟော့ . . . ဖြေလေ လှည်းရပ်ပြီး ဘာလုပ်နေတာလဲ"

လည်ချောင်းထဲမှ စကားသံတို့ လုံးဝထွက်မလာဘဲ အာစေးထည့်ထားသကဲ့သို့ အသံမထွက်နိုင်အောင် တုန်လှုပ်မိသည်။ ဓာတ်မီးရောင်က မိမိကိုယ်ပေါ် စူးခနဲကျလာသောအခါ–

"ဟယ် . . . ရင်မွေး"

"ဟာ . . . နော်ရင်မွေး"

အားလုံးက တအံ့တဩ ဝိုင်းအော်သံကြားရသည်။ ထိုအထဲတွင် ဆရာ့အသံကို ကြားရပြီး ဆရာသည် မိမိထံသို့ အလျင်ဦးဆုံးပြေးလာသည်ကို သတိထားမိလိုက်သည်။

"ဆရာ"

"ရင်မွေး"

"ဟော့ . . . နော်ရင်မွေး နင်တို့ ဘာလာလုပ်တာလဲ။ ဟိုမှာ နင့်အပါး ပိုးထိလို့သေပြီ"

"အမယ်လေး"

ရင်ဝမှ ဒိုင်းခနဲ တက်ဆောင့်ခြင်းခံလိုက်ရပြီး လောကကြီးတစ်ခုလုံး အမှောင်ဖုံးသွား၏။ ညသည် ပို၍ပို၍ မှောင်သွားသည်။

* * *

မိမိဘဝသည်လည်း ပို၍ပို၍ မှောင်လာလေ၏။ အားကိုးရာ အလင်းရောင်လည်း ကွယ်ပျောက်၍ သွားလေပြီ။ မိမိတစ်ယောက်တည်း အမှောင်ထဲတွင် စမ်းတဝါးဝါးနှင့် ရပ်ရင်းက တွယ်ရာမဲ့နေ၏။

မိမိအဖို့ ကိုယ်ပိုင်အလင်းရောင်ကို မဖန်တီးနိုင်သေး၍ သူတစ်ပါး၏ အလင်းရောင်လေးကိုသာ အမှီပြုအားကိုးနေရသည်။ မိမိနားတွင် ရပ်တည်၍ မားမားမတ်မတ်နေနေသည့် ဆရာသာလျှင် အားကိုးဖွယ်ရာ ဖြစ်သည်။

ဆရာသည် မိမိအား အပါးကဲ့သို့ တဝါးမကဲ့သို့ ယုယစောင့်ရှောက်ပြီး အားပေးရှာသည်။

အပါးနှင့် တဝါးမတို့၏ ရုပ်အလောင်းကို မြေကျသည်အထိ ဆရာ



ကပင် ဦးဆောင်ပေးနေသည်။

ဆိုးဝါးလွန်းသော မိမိအဖြစ်ကို ပြန်၍မတွေးချင်တော့။ အားကိုးတွယ်တာဖွယ်ရာ အပါးနှင့်တဝါးမသည် မိမိနှင့်ကလေးအား တစ်ပြိုင်နက် စွန့်ခွာသွားလေပြီ။အပါးသည် အစ်မတဝါးမ သေဆုံးသည်ကို မသိသကဲ့သို့ အစ်မတဝါးမသည်လည်း အပါးသေဆုံးသည်ကို သိဟန်မတူ။

ဆေးမှုးသွားပင့်သော အပါးသည် ဆေးမှူးအိမ်မရောက်မီတွင် မြွေဆိပ်တက်၍ သေဆုံးခဲ့သည်။ နွားချူသံနှင့် ခွေးဟောင်သံများကြောင့် စုံစမ်းကြည့်ရာ အပါးကိုတွေ့၍ ဆေးမှူးခေါ်ကုရင်း ရွာလူကြီးစုရင်းနှင့် အချိန်အနည်းငယ်လင့်သွားခြင်းဖြစ်သည်။

အပါးသည် မိမိတို့ညီအစ်မကို လှည်းပေါ်မှာထားပြီး နွားလှည်း လှန်ကတည်းက ပိုးထိသွားဟန်တူသည်။ အားခနဲ အော်သံကိုကြား၍ စိုးရိမ်စိတ်နှင့်မေးကြည့်ခဲ့၏။ သို့သော် မိမိတို့ စိတ်ပူမည်စိုးသောကြောင့် ဆူးစူးသည်ဟုသာ ပြောလိုက်ခြင်းဖြစ်ဟန်တူသည်။ ထို့ကြောင့် မိမိတို့ ညီအစ်မကို အောက်မဆင်းရန် အတန်တန်မှာသွားခဲ့ခြင်းဖြစ်သည်။

အသုဘကိစ္စကို လူကြီးများစိတ်ကြိုက် စီစဉ်ကြသည်ကို နော်ရင်မွေးခေါင်းငုံ့ခံနေသည်။ သို့သော် ကလေးကို အမေ့ဆွေမျိုးများက သားဦးစနေဟုဆိုကာ သူ့ကြောင့် လူကြီးများခိုက်သည်ဟု ယူဆကြပြီး ကလေးကို ပေးပစ်စေချင်သည်။ ငါးပတ်အိုင်မှ အပါးအမျိုးများက အယုံအကြည်မရှိ၍ သူတို့မွေးစားမည်ဟုဆိုကာ ကလေးကို တောင်းကြသည်။

ထိုအခါ နော်ရင်မွေးက ကလေးကိုပွေ့ရင်း မိန်းမကြမ်းလေးဖြစ်လာရသည်။ ကလေးသည် မိမိအတွက် အားဆေးတစ်ခွက်ဖြစ်သည်။ အပါးနှင့် အစ်မ မိမိအား စွန့်ခွာသွားမှုအတွက် ဖြေသိမ့်နိုင်ခဲ့သည်။ ကလေးအား စွန့်ခွာရန် ပြောသောသူသည် မိမိ၏ရန်သူပင်ဖြစ်သည်။

ကလေး၏အသံကိုကြားတိုင်း မိမိရင်ထဲတွင် ပီတိဖြစ်ရသည်။ ကြည်နူးရသည်။ ကလေးကို ရင်ခွင်ထဲပိုက်ထားရသောအခါများ၌ နွေးထွေး သောမေတ္တာဓာတ်များက မိမိတစ်ကိုယ်လုံး စိမ့်ဝင်ပျံ့နှံ့သွား၏။

သို့သော် ကလေးသည် မွေးကတည်းက ကျန်းမာရေးမကောင်းပေ။ အလွန်ချူချာလွန်းသဖြင့် ကလေးအတွက် အစဉ်အမြဲပင်ပန်းရသည်။ နေ့နေ့ညည ကလေး၏ဒဏ်ကို ခံရသည်။

ကလေးသည် လေနာပါသောကြောင့် ဖြစ်လိမ့်မည်။ ညစဉ်ညတိုင်း ဆူညံစွာဖြင့် ခါးကိုကော့၍ အော်ဟစ်တတ်သည်။ မျက်နှာများ ပြာနှမ်းလာသည်အထိ ဒေါသတကြီးနှင့် တက်မတတ် ငိုတတ်သည်။

"တိတ်ပါ ကလေးရယ်"

ကလေးအငိုမတိတ်သောအခါ စိတ်နှလုံးနောက်ကျိကာ ရှုးမတတ် ခံစားရသည်။ ကလေးအား ချော့ရင်းချော့ရင်း မိမိပါ ရောငိုလိုက်မိသည်။

"ရင်မွှေး . . .ရင်မွှေး၊ ကလေးက ငိုလှချည်လားဟင်"

ဆရာက အူယားဖားယားနှင့် အိမ်ပေါ်သို့ ပြေးတက်လာသည်။ ဆရာသည် မိမိအနီးအနား၌ အမြဲရှိနေတတ်၏။ မိမိအတွက် ညရေးညတာတွင် စိတ်မချ၍ မိမိအိမ်နားမှ အိမ်တစ်အိမ်တွင်နေလျက် ကလေးအငိုများလျှင် ကူးလာတတ်သည်။

ဆရာ့ကိုမြင်သောအခါ မိမိ၏ပူလောင်လှသော နှလုံးသားကို ရေအေးနှင့် ပက်ဖျန်းလိုက်သကဲ့သို့ အေးမြသွား၏။

"ဆရာ . . . လုပ်၊ လုပ်ပါဦး။ ကလေးက ငိုနေရောပဲ။ ရင်မွှေး စိတ်ညစ်လာပြီ"

"ကြည့်စမ်း အရူးမလေး၊ ကလေးနဲ့အတူတူ ရောငိုရသလား ပေးစမ်းကွယ်"

ဆရာက လက်ပြောင်းယူပြီး သူ့ပခုံးပေါ်ထမ်းမှောက်လိုက်သည်။ ကလေး၏ငိုသံကား တိတ်မသွားပေ။ ထိုငိုသံသည် မိမိ၏နှလုံးသားကို အပ်ဖျားချွန်ချွန်နှင့် ထိုးဆွသကဲ့သို့ နာကျင်မိသည်။

"ဟဲ့ . . .ကလေး ငိုလှပါလား"

အရီးစိန်ကျော့က ပြောင်းဖူးဖက်လိပ်ဖွာရင်း အိမ်ပေါ်တက်လာသည်။

"ကလေးက လေထိုးနေတယ် ထင်တယ်"

ကလေးကို လက်ပြောင်းယူပြီး သူ့ပေါင်ပေါ်သို့ မှောက်တင်ထားလိုက်သည်။ ထို့နောက် ကလေး၏ဝမ်းဗိုက် ကျောတို့ကို မုန့်ညင်းဆီနှင့် လိမ်းပြီး အနီးနှင့် ကျပ်ကျပ်ထုပ်၍ ပေါင်ပေါ်မှောက်ထားသည်။ ကလေးက ငိုနေဆဲ။

"ဟဲ့ . . . ရှိးမှရှိးရဲ့လား။ ရင်မွှေးရေ ထဘီအဟောင်းတစ်ထည် သွားယူစမ်း။ နေဝင်မိုးချုပ်ကြီး ငိုနေတာ မကောင်းဘူး"



ဘာမျှ နားမလည်ဘဲ အရီးခိုင်းသည့်အတိုင်းသာ လုပ်ရသည်။ အရီးက ကလေးကိုဖျာပေါ်တင်၍ ထဘီကိုဓောက်ထိုးပြုပြီး ကလေးခြေထောက်ကို ဖုံးပေးလိုက်သည်။

"ဟဲ့ . . . ထမင်းကြမ်းနဲ့ ဟင်းနည်းနည်းကို စလောင်းဖုံးထဲ ပုံပြီး ယူခဲ့"

သူပြောသည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာခဲ့၏။ အရီးစိန်ကျော့က ခြံအပြင်ဘက်သို့ ထိုထမင်းဟင်းများကို စွန့်ပစ်သည်။ ပါးစပ်မှလည်း တတွတ်တွတ် ရေရွတ်နေ၏။

ခဏကြာသော် ကလေးငြိမ်သက်သွားလေ၏။ ဆရာအသင့်ဖျော်ပေးသော နို့ဘူးနှင့်မှိန်းနေသည်။

"ကဲ . . . ကြည့် တွေ့လား။ နင်တို့ဟာလေ ဘာမှမလုပ်တတ်ဘူး။ ညဘက် ကလေးငိုနေရင် ဒီလိုလုပ်ပေးရတယ်။ အခုဟာက ကလေးကို သူ့အမေ စိတ်မချလို့နေမှာပေါ့"

"ဘာ . . . ဘာရယ် အရီး"

"ရင်မွှေးရယ် နင်ကလည်း နားဝေးလိုက်တာ။ တဝါးမက သူ့သမီးကို စိတ်မချလို့ ခေါ်ချင်လို့ လာလာနေတာဟဲ့။ ဒီဘက်က စိတ်ချပါလို့ ကတိပေးပြီး ကလေးကို ပြန်ဆွဲထားရတယ်။ သူ့သမီးကို သူယူချင် ယူလို့ ရတယ်"

"အို"

ဦးခေါင်းတစ်ခုလုံး ပူလောင်သွားသည်။ ကလေးကို စိုးရိမ်ကြီးစွာ စိုက်ကြည့်နေလိုက်သည်။

"ဟင့်အင်း . . . ဟင့်အင်း။ အစ်မ သမီးမဟုတ်ဘူး။ ရင်မွှေးသမီးပါ။ ရင်မွှေးမှာ တွယ်တာစရာဆိုလို့ ဒီတစ်ယောက်တည်းရှိတာ။ ကလေးနဲ့ ရင်မွှေး မခွဲဘူး။ မခွဲပါဘူး"

"ရင်မွှေးရယ်၊ ဒီစနေမလေးက နင့်ကို အမြဲဒုက္ခပေးနေတာပဲ။ တောင်ပိုင်းက ကိုစံရင်တို့လင်မယားကို ပေးလိုက်ပေါ့။ သူတို့က သားသမီးရှိတာ မဟုတ်ဘူး။ ပြီးတော့ ဆွေမျိုးနီးစပ်တော်တာပဲ။ ညည်းက ကလေး သာသာရှိသေးတာ။ ဒီကလေးတစ်ယောက်ကို ဘယ်လိုလူဖြစ်အောင် မွေးမလဲ။ ကျုပ်တို့လည်း အမြဲလာကြည့်နိုင်တာ မဟုတ်ဘူး"

"တော်ပါတော့ အရီးရယ်"

ဆွေမျိုးအုပ်စုတစ်ခုလုံး ကလေးကို အပြစ်တင်ကြသည်။ လူ့အသက်တစ်ချောင်း လောကကြီးကို ရောက်လာရန်အတွက် လူနှစ်ယောက် စတေးရသည်မို့ ကလေးကို ခိုက်သည်။ သားဦးစနေ ဂြိုဟ်မွှေသည်ဟု စွပ်စွဲကြသည်။

"အရီးတို့ကလည်းဗျာ။ သူ့အဖေတစ်ယောက်လုံး ရှိသေးတာပဲ"

ကြားက မနေနိုင်သော ဆရာက ဝင်ပြောလိုက်သောအခါ အရီးက ဆေးလိပ်ကို တစ်ချက်ဖွာရင်းက သူ့နှုတ်ခမ်းကို အကျည်းတန်စွာ မဲ့လိုက်၏။

"အမယ်လေး ဆရာရယ်၊ သူ့အဖေက မယားမှန်းသားမှန်းတောင် မသိပါဘူး။ ခုကြည့်လေ၊ မိန်းမကိုယူပြီး ပစ်ထားလိုက်တာပဲ။ မိန်းမသေတာတောင် ဘယ်သွားဆက်သွယ်ရမှန်း မသိတာ။ စကားထဲ ထည့်ပြောလို့။ မခင်မှ ဥခင်တာများ"

"အို . . .အရီးကလည်း အစ်ကိုစိုးက အလုပ်များနေလို့ပါ။ အခုဟာက တောထဲရောက်နေလို့ပဲ၊ သိရင်လာမှာပေါ့"

"လာပါလိမ့်မယ် အားကြီးကြီး။ ငါ့အထင်တော့ ဒီဂြိုဟ်မလေးဝင်လာတာနဲ့ နင်တို့မိသားစုလည်း ကွဲသွားပြီ။ ဒီဂြိုဟ်မကိုက မွှေကိုမွှေတယ်"

"အရီးတော်တော့"

အားကုန်ညွှစ်ပြီး အော်လိုက်မိသည်။ ကံကြမ္မာ၏ လှည့်စားမှုကို အပြစ်မဲ့သော ကလေးအပေါ် ပုံချနေသည်။ မည်သို့ပင်ဖြစ်စေ မိမိအဖို့ ကလေးအား ပိုက်ပြီး လောကကြီးကို ရင်ဆိုင်ရဲပါသည်။

"ညည်းဘဝတစ်လျှောက်လုံး မွှေနေဦးမှာပဲ။ သူ့အမေလက်က လွတ်ပေမယ့် ညည်းက ဒဏ်ပိနေတာပဲ။ ငါလည်း ကြာကြာ ထိန်းမထားနိုင်ဘူး"

"ညည်းကလည်း ကျောင်းသူအေ့။ သူ့အဖေလာတော့ သေပြီလို့ ပြောပြီး တောင်ပိုင်းက"

"အရီး"

"ဟဲ့ . . . ဟဲ့ ရင်မွှေး မလုပ်နဲ့လေ"

မိမိမျက်ဝန်းထဲ မီးပွင့်ထွက်သွားလေသည်။ မိမိကိုယ်ကို မိမိဘာလုပ်မိလိုက်မှန်း မသိလိုက်။ အကြမ်းပန်းကန်တစ်လုံးက ကြမ်းပြင်ပေါ်တွင်



အစိတ်စိတ်အမွှာမွှာ ကွဲအက်သွား၏။ ကလေးက အလန့်တကြား ထငိုတော့သည်။ အရီးက မိမိအား တစ်ချက်ကြည့်၍–

"တော်တော်ရိုင်းတဲ့ ဟာမလေး။ ညည်းတော့ အားကိုးရှိလို့ ကန်နေတာပေါ့ . . . ဟုတ်လား။ စိတ်ချ ညည်းကို ငါဘာမှ လုပ်မပေးဘူး။ ညည်းထိုက်နဲ့ ညည်းကံနေပေါ့" ဟု ပြောပြီး အိမ်ပေါ်မှ ဆင်းသွားလေ၏။

အရီးသည် မိမိအိမ်ကို လာတော့မည် မဟုတ်တော့။ အမေ့ဘက်မှ ဆွေမျိုးများက မိမိအား ဆိုးဝါးသော မိန်းကလေး၊ ပြောမရသော မိန်းကလေးအနေဖြင့် သာမြင်ပြီး ဝိုင်း၍ကြဉ်သွားကြလေပြီ။

"လူကြီးကို ကိုယ်ထိလက်ရောက် စော်ကားတာဟာ ကြီးလေးတဲ့ အပြစ်ပဲ ရင်မွှေးရယ်"

ဆရာ့အား ဘာမျှမပြောတော့ဘဲ ကလေးကိုသာ လှုပ်ချော့နေမိ၏။ ပါးပြင်ပေါ်တွင် မျက်ရည်များ အလိုလိုစီးကျလာလေသည်။

"ကိုယ့်မှာ အားကိုးအားထား ဆွေမျိုးဆိုလို့ ဒီအဒေါ်တစ်ယောက်ပဲ ရှိတာပဲ ကလေးရယ်။ သည်းခံမှပေါ့။ သူ ဘာပြောပြော ပြောပါစေလေ။ အစစ သည်းခံရမှာပေါ့။ လူကြီးဆိုတာက ကောင်းစေချင်လို့ စေတနာနဲ့ ပြောတာပါ ရင်မွှေးရယ်"

"ဆရာက သူ့ဘက်တော့ လိုက်ပြောတယ်။ ရင်မွှေး ခံစားရတာတော့ မသိဘူး။ ရင်မွှေးသောက များနေတဲ့အချိန် သူက ရင်မွှေးလက်မခံတာကို ပြောတာတော့ မပြောဘူး။ သူမို့ ကလေးကို ပြောရက်တယ်"

ငိုရင်းက ဆရာ့ကို ရန်ထောင်မိသည်။ ဆရာက မိမိအား ပြုံးကြည့်ရင်း ပါးပြင်ပေါ်မှ မျက်ရည်စများကို လက်ကိုင်ပဝါနှင့် သုတ်ပေးရင်းက

"ရင်မွှေး ခံစားရတာကို ဆရာသိပါတယ်ကွယ်။ သူက လူကြီးမဟုတ်လား။ သူ့အကူအညီကို အများဆုံး ယူရမှာပေါ့"

ဆရာက ရင်မွှေးပေါင်ပေါ်မှ ကလေးကိုယူပြီး ခုတင်ပေါ်သို့ တင်ပေးလိုက်သည်။ ထို့နောက် ရင်မွှေးနားလာထိုင်ပြီး–

"ကလေးရယ် မင်းက တကယ့်ကို ကလေးလေးပါပဲ။ မင်း လူကြီးလုပ်ချင်ရင် မငိုရဘူး။ သိလား။ ကဲ . . .တိတ်တော့နော်။ ရန်ခဏခဏ ဖြစ်နေတော့ ကိုယ့်အလွန်ဖြစ်မယ်။ ပြီးတော့ ဆရာက မြှောက်ပေးတယ်လို့ ထင်နေမှာ"

"ဘာဆိုင်လို့လဲ။ ဒါကြောင့် မတည့်တာ"

ဝုန်းခနဲ ဒေါသဖြစ်သွားပြန်၍ ဆရာက ရယ်မောလိုက်သည်။ ထို့နောက် နော်ရင်မွေးခေါင်းကို ပုတ်လိုက်ရင်းက–

"ကလေးအိပ်တုန်း ဒီကလေးကြီးလည်း အိပ်တော့နော်။ ကလေးက ညဘက် ခဏခဏ နိုးနေတော့ အိပ်ပျက်တယ်။ အဲဒီတော့ ကလေးအိပ်တုန်း အိပ်ရတယ်။ ဆရာလည်း ပြန်တော့မယ်နော်"

"ညရေးညတာ တစ်ခုခုလိုရင် ခေါင်းရင်းအိမ်က အရီးနဲ့မတည့်လည်း ခြေရင်းအိမ်နဲ့တော့ တည့်မှာပေါ့နော်။ အော်ခေါ်လိုက်ပေါ့။ ပြီးတော့ ဆရာလည်း အဘစိန်တို့ အိမ်မှာ အိပ်တယ်။ အရေးအကြောင်းဆိုရင် အော်ခေါ်လိုက်နော် ဆရာသွားမယ်။ သိပ်မှောင်လာရင် မကောင်းဘူး"

ဆရာသည် မိမိအား ကမန်းကတန်းနှုတ်ဆက် ထွက်ခွာသွားလေသည်။ တစ်ဦးတည်းသော အားကိုးတွယ်တာရသူ ဆရာသည် မိမိဘက်မှ မားမားမတ်မတ် ရပ်တည်ပေးနေသူဖြစ်သည်။ အစ်မလက်ထက်မှ အကြွေးစာရင်းများကို ဆရာက တွက်ချက်ပေး၍ မိမိထံ အပ်နှံခဲ့သည်။ အားကိုးရာမဲ့မို့ အစ်မလက်ထက်က အကြွေးများကို တောင်းခဲ့သော်လည်း ဆိုင်းခိုင်းထားသည်နှင့် ဖွတ်အတင်းငြင်းသည်နှင့် လျှော်ပစ်ခိုင်းသည်နှင့်မို့ အားလုံးနှင့် မတည့်ဖြစ်ရသည်။ ယခင်က ရင်မွေးသည် မိမိ၌ လယ်ဘယ်နှဧက ရှိသည်ကိုပင် မသိခဲ့ပါ။ အစ်မအား ပိုင်းကူလုပ်ပေးနေသော ဆရာကသိ၍ မြေတိုင်းများကို ခေါ်ယူကာ လယ်ယာမြေများကို ခွဲဝေပေးခဲ့သည်။ အဖေနှင့်အစ်မ ဦးစီးခဲ့သော လယ်ယာမြေများကို မိမိတစ် ယောက်တည်း ဦးစီးရပေတော့မည်။

ကလေးနှင့်ပတ်သက်၍ မိမိအား နားလည်သူမှာ ဆရာတစ်ဦးတည်းသာရှိသည်။ ကလေးအား အပြစ်မဖို့ဘဲ ချစ်ခင်တတ်သည်။ ကျောင်းဆရာဖြစ်သော ဆရာသည် ကလေးအပေါ် စိတ်ရှည်သည်းခံပြီး ယုယစွာ ပြုစုတတ်၏။ ချစ်သူအလိုကျအောင် လိုက်လျောသည့်သဘော မဟုတ်သောကြောင့်လည်း ဆရာ၏ကြင်နာသော စိတ်ဓာတ်ကို ချီးကျူးလေးစားရပါသည်။

ထို့ကြောင့် ဆရာ့ကို အားကိုး၍ မြတ်နိုးလေးစားစိတ် ပေါ်ပေါက်လာမိသည်။ နော်ရင်မွေး၏ ချစ်သူသည် ပန်းစိုက်သော ဥယျာဉ်မှူးဖြစ်



ပြီး လောက၏ လူသားအားလုံးကို ကျောသားရင်သား မခွဲခြားဘဲ စိတ်ထားပြည့်ဝလွန်းသော လူသားတစ်ဦးပင်ဖြစ်ပါသည်။

* * *

"ရင်မွေး ရင်မွေး"

ခပ်သဲ့သဲ့ ခေါ်လိုက်သော ဆရာ့အသံကြောင့် ရုတ်တရက် ခြေစုံရပ်လိုက်သည်။ ဆရာက မိမိထံသို့ အပြေးတစ်ပိုင်းလာရင်း အနီးနှင့် အုပ်ထားသော ကလေးကိုတစ်လှည့် မိမိကိုတစ်လှည့် ကြည့်ရင်းက –

"ကလေးငယ်ငယ်နဲ့ ဘယ်သွားမလို့လဲ ရင်မွေးရယ်။ ဆရာ့စိတ်ထဲ တစ်မျိုးဖြစ်တာနဲ့ စောစောထွက်လာတာ"

ဆရာပြောမှပင် မျက်လုံးအိမ်အတွင်းမှ မျက်ရည်ကြည်များ ရစ်ဝဲ၍လာလေသည်။ ကလေးကို ငုံ့ကြည့်ပြီး ဘာပြောရမှန်းမသိဖြစ်သွား၏။ မနေ့က ဆရာရောက်မလာ၍ တစ်နေ့လုံးမျှော်ရင်း ငိုနေသော ကလေးကို ချော့မရ၍ မိမိပါ ရောငိုရသည်။ ညဘက်တွင်လည်း အိပ်မပျော်ပေ။ ကလေးက တစ်ညလုံးငို၍ စိတ်ပင်ပန်းရ၏။ နေစိမ့်သော ကြီးတော်များကို ပို၍ စိတ်နာမိသည်။

"ရင်မွေး ညက ငိုထားလား။ အိပ်မပျော်ဘူးထင်တယ်။ မျက်ကွင်းတွေလည်းညိုလို့။ ကလေးနေမကောင်းဘူးလား"

ဆရာ၏အကြင်နာစကားကြောင့် ရင်ထဲလှိုက်ဖိုကာ ပို၍ဝမ်းနည်းလာပြီး မျက်ရည်များစီးကျလာ၏။

"ဟော . . .ဘာလို့ ငိုတာလဲကွယ်။ ပေးစမ်း ဆရာ့ကို ကလေးပေး။ ရင်မွေးက ထီးမိုးပေး။ အခု ဘယ်သွားမလို့လဲ"

ကန္တာရခရီးကြမ်းတွင် ရုတ်တရက် တွေ့လိုက်ရသော ရေကြည်အိုင်လေးကြောင့် ရင်ထဲတွင် အေးမြသွားသည်။ ဆရာက ကလေးကို လှမ်းယူလိုက်သည်။

အားသွားသော လက်တစ်ဖက်နှင့် မျက်ရည်များကို သုတ်လိုက်ပြီး–

"ကလေးက နေကောင်းတဲ့နေ့ကို မရှိဘူး ဆရာ။ ဆွေမျိုးတွေကလည်း ဘယ်သူမှ အားမကိုးရဘူး။ ဒါကြောင့် အဘဘုန်းဆီကိုသွားပြီး လိပ်ပြာခွဲမလားလို့"

"ဩော် . . . ဖြစ်ရလေ ရင်မွေးရယ်။ ကလေးက လေနာရှိလို့ပါလို့ ဆရာမပြောတာပဲ။ ဒီနေ့မှ ကိုယ်ပူလာတာပဲ ဆရာ့ကို လှမ်းမှာလိုက်ရောပေါ့။ အခုတော့ နေသိပ်ပူနေတာ။ ကဲပါလေ ရင်မွေး သွားချင်လည်း သွားပေါ့ မငိုနဲ့နော်"

ဆရာ့အဖို့ ငါးမြစ်ချင်းရွာမှ ကူးလာရသည်မှာ လွယ်ကူသောကိစ္စမဟုတ်။ တစ်ခါတစ်ရံတွင် ရပ်ရွာအရေးအခင်းနှင့်ကြုံလျှင် ဆရာ မလာနိုင်ပေ။ ဆရာ အလုပ်မအားသည်ကို သိလျက်နှင့် ဆရာ မလာလျှင် အားငယ် ဝမ်းနည်းတတ်သည်။

"ရှေ့က ကျောင်းကြီးလားဟင်"

"ဩော် . . . ဟုတ်ကဲ့ ဆရာ"

"ဘာတွေ တွေးနေတာလဲ။ သိပ်မတွေးပါနဲ့ ကလေးမရယ်။ လူ့ဘဝဆိုတာ မမျှော်လင့်တဲ့ ကံကြမ္မာဆိုးတွေက ဝင်လာတတ်တယ်။ အခု ရင်မွေးကြုံတွေ့ရပြီ မဟုတ်လား။ အဲဒါတွေကို ဆင်ခြင်နေပြီးနောက် တွေ့မယ့် ကံကြမ္မာအတွက် ကြံ့ကြံ့ခံနိုင်အောင် ကြိုးစားပါ ညီမရယ်။ ဒီထက်ပိုပြီး ဆိုးဝါးတဲ့ ကံကြမ္မာကို မကြုံတွေ့နိုင်တော့ပါဘူးကွယ်။ မငိုနဲ့တော့နော်။ ရင်မွေးနားမှာ ဆရာအမြဲရှိနေမှာပါ။ ရင်မွေးက ဆရာ့ကို နှင်မထုတ်သရွေ့ပေါ့"

"အို . . . ဆရာကလည်း"

ထိုစဉ်က ဆရာနောက်သည်အထင်နှင့် ပြုံးမိသေးသည်။ ဆရာနှင့် ချစ်သူဘဝရောက်သည်မှာ တစ်နှစ်ပင် မရှိသေး။ ချစ်သူတို့ ဘာသာဘာဝ ပျော်ရွှင်ကြည်နူးရသည့်အချိန်မရှိဘဲ လုပ်ငန်းတာဝန် များပြားလှသည်။ ကျောင်းဖွင့်စဉ်ကလည်း ဆရာမအားပေ။ ကျောင်းပိတ်သော်လည်း မအားရပေ။ ယခု မိမိအတွက်ပါ တာဝန်ပိုလာ၍ ဆရာ့အား သနားမိသည်။

"ကျောင်းဝင်းကြီးက အေးလိုက်တာနော်"

ကျောင်းဝင်းထဲတွင် သရက်၊ ပိန္နဲ၊ မာလကာတို့ မျိုးစုံလှသည်။ သစ်ပင်ကြီးများ အုပ်အုပ်ဆိုင်းဆိုင်းနှင့် အေးမြလွန်းလှ၏။ ငှက်ပျောနှင့် အုန်းကလည်း ရာသီမပြတ် အစဉ်ရှိနေ၏။

အဘဘုန်းသည် အမေ၏ဦးလေးတော်စပ်ပြီး မိမိအား ငယ်စဉ်ကတည်းက ချစ်ခင်သည်။ ထို့အပြင် ငယ်ငယ်ကတည်းက ရောဂါထူသော



ကြောင့် အပါးတို့၊ အစ်မတို့က အဘဘုန်းထံ ရောင်းထားကြသည်ဟု သိရသည်။ သို့ဖြစ်၍ ငယ်စဉ်ကတည်းကပင် ယခုအရွယ်အထိ အပါးနှင့် အစ်မကို စိတ်ကောက်လျှင် အဘဘုန်းထံလာပြီး အဘဘုန်းကျွေးသမျှကို ဗိုက်တင်းအောင်စားပြီးမှ အိမ်ပြန်လာသည်။

ယခု အဘဘုန်းထံလာပုံချင်းတော့ မတူပေ။ ယခင်က သောကဆိုလို့ မြူမှုန်မျှပင် မရှိသော ပီဘိကလေး နော်ရင်မွေးပင်ဖြစ်သည်။ ယခု သောကဖိစီးခံရသော နော်ရင်မွေးသည် လေးလံသောခြေလှမ်းများနှင့် ကျောင်းပေါ်သို့ တက်လာခဲ့၏။

မိမိလာသည်ကို ကြိုမြင်လိုက်ဟန်တူသော အဘဘုန်းက ကပျာကယာ ဆီးကြိုပြီး–

"ကဲ . . . လာစမ်း သမီး၊ ဒုက္ခတွေထုပ်ပိုးပြီး လာတာမဟုတ်လား။ ဒုက္ခကြီးလိုက်တာ သမီးရယ်။ ဒီကလေးက သမီးဘဝတစ်လျှောက်လုံး အေးချမ်းမှုပေးပါ့မလားကွယ်"

အားကိုးတကြီးနှင့် ပြေးလာသော ရင်မွေးခမျာ အဘဘုန်းစကားကြောင့် ဒူးများအလိုလို ညွတ်ခွေကျလာ၏။ သို့သော် အဘဘုန်းက ဆရာ့လက်ထဲမှ ကလေးကို လှမ်းယူလိုက်၍ ပင့်သက်ချမိလိုက်၏။

"ကိုယ်တွေပူနေပါလား။ ဘာလဲ နင့်တုန်းကလိုပဲ ဒီကလေးကို လာရောင်းတာပေါ့"

အဘဘုန်းက ကလေးကိုပွေ့၍ သူ့ရှေ့တွင် ချလိုက်သည်။ ထို့နောက် အနားမှ ကိုရင်လေးကို ရေမန်းယူခိုင်း၊ ဆေးယူခိုင်းနှင့် အလုပ်ရှုပ်နေသည်။ ကလေးက ငိုပင်မငိုတော့ဘဲ ငြိမ်သက်စွာ မှိန်းနေ၏။ ပါးစပ်မှ တတွတ်တွတ်ရွတ်ရင်း ကလေးလည်တွင် ပရိတ်ကြိုး ချည်ပေးထားသည်။ ဘုရားကု ကုနေခြင်းဖြစ်သည်။ အတန်ကြာသော် ရေမန်းနှင့်တောက်ပြီး ကလေး၏ဝမ်းဗိုက်ကို ဆီလိမ်းပေးသည်။ ကျောနှင့်ရင်ကို သပ်ပေးပြီး သူ့ပေါင်ပေါ်တွင် မှောက်၍ ပွေ့တင်ထားလိုက်၏။

"သူများ အပူမီးဟာ ကိုယ့်အပူမီးဖြစ်ဖို့ ဖန်လာပြီပဲ"

အဘဘုန်းက ညည်းညည်းညူညူ ပြောလိုက်သောအခါ မိမိရင်ထဲတွင် နွမ်းလျသွားသည်။

"တပည့်တော်မှာ အပါးကိုယ်စား အစ်မတဝါးမကိုယ်စား ဒီကလေးပဲ

တွယ်တာစရာ ရှိတော့တာပဲ ဘုရား။ တပည့်တော်ကို ဒီကလေးနဲ့ ခွဲဖို့ မတိုက်တွန်းပါနဲ့ ဘုရား"

"အေး ငါ မပြောပါဘူး။ ဒါပေမဲ့ သိပ်ပြီး သံယောဇဉ်ကြီးမနေဖို့ ငါ ပြောတာပါ။ ဧည့်သွားဧည့်လာ သဘောထားနော်။ ဘာကိုမှ မျှော်လင့်ချက်မကြီးနဲ့ပေါ့"

"တပည့်တော်က ဘာမှတော့ မမျှော်လင့်ပါဘူး။ ကလေးကြီးလာရင် ဆရာဝန်မကြီး လုပ်ခိုင်းပြီး ရွာကို ပြန်လာမယ်ပဲ မျှော်လင့်တယ် ဘုရား"

"ဟဲ့ သူ့လုပ်ခိုင်းတာထက် ကိုယ့်ဘာသာကိုယ်လုပ်တာ မသေချာဘူးလား။ နင် ဒီနှစ် ဖြေနိုင်တယ်မဟုတ်လား။ ဆရာဝန်မကြီး မဖြစ်ချင်ဘူးလား"

"ဖြေနိုင်ပါတယ် ဘုရား။ ဒါပေမဲ့ တပည့်တော်က မဖြစ်တော့ဘူးထင်တယ်။ ဒီကလေးကို စောင့်ရှောက်ရမယ့် တာဝန်က ရှိသေးတယ်"

"ဟဲ့ . . . ဒါ နင့်အပူလားနော် ရင်မွေးရဲ့။ သူ့အဖေတစ်ယောက်လုံး ရှိတာပဲ။ နင်က နောက်မှပူရမှာ"

အဘဘုန်း၏ ဒိုးဒိုးဒေါက်ဒေါက် ပြောလိုက်သောစကားကြောင့် အနားမှ ကျောင်းသားလေးက သဘောကျစွာ ရယ်မောသော်လည်း မိမိနှင့် ဆရာမှာ မရယ်မောနိုင်ဘဲ တွေဝေနေမိသည်။

"အူဝဲ အူဝဲ"

ရုတ်တရက် ထအော်လိုက်သော ကလေးကြောင့် သတိဝင်လာပြီး ကလေးအား လှမ်းကြည့်လိုက်သည်။ ကလေးက အော်ဟစ်ရုန်းကန်နေ၏။ ကလေး၏ငိုသံကား မိမိအား စိုးပိုင်နိုင်စွမ်းရှိ၏။

တစ်ရွာလုံးက ဂြိုဟ်မလေးဟုပင် ခေါ်ကြပါစေ မိမိအသည်းထဲမှ စူးဝင်အောင် ချစ်ရပါသောကြောင့် နော်သဲဆူးဟု ကဗျာဆန်ဆန် နာမည်ရွေးလိုက်သည်။ ထိုအမည်ကို ဆရာက သဘောကျသော်လည်း အဘဘုန်းက သဘောမကျပေ။

"ဆူးဆိုတာ အန္တရာယ်များပါတယ် သမီးရဲ့။ နော်သဲဆိုလည်း ပြီးရောပေါ့။ သောကြာသမီးက သေချာလို့လား။ စနေများ ဖြစ်နေမလား"

"အေးလေ . . . သူ့ကို မွေးတုန်းက စနေလား၊ သောကြာလားဆိုတာ နင်တောင် သတိမထားမိတာပဲ"



အဘဘုန်းစကားကြောင့် ရင်ထဲတွင် စစ်ခနဲ နာကျင်သွားမိသည်။ မေ့ပျောက်သွားသော အိပ်မက်ဆိုးကြီးကို ရုတ်တရက် သတိရမိပြန်သည်။

မည်သို့ပင် ဖြစ်စေကာမူ ကလေးသည် မိမိရင်ခွင်ထဲသို့ ရောက်လာသောအခါ အရာရာ မှုန်ဝါးပျောက်ကွယ်သွားလေ၏။ ကလေး၏ ရွှန်းလဲ့သောမျက်လုံးလေးများ၊ နီထွေးသော နှုတ်ခမ်းလေးများကို ကြည့်ရသည်မှာ ပန်းကလေးတစ်ပွင့်ကို ကြည့်ရသကဲ့သို့ ကြည်နူးချမ်းမြေ့ရပါသည်။

ညနေ နေချိုချိန်တွင် ဘုန်းကြီးကျောင်းမှ ပြန်လာသောအခါ ရင်ထဲတွင် ကြိုးမျှင်လေးတစ်ခု တင်းကျပ်စွာ ရစ်ပတ်လာ၏။ ဤကလေးသည် မိမိဘဝအတွက် ကြီးမားသော သံယောဇဉ်ကြိုးမျှင်ကလေးပင် ဖြစ်သည်။ သေးငယ်သော်လည်း စွမ်းအားကြီးမားလှ၏။

"ဆရာ . . ."

"ဟင်"

"အစ်ကိုစိုးသတင်း ဘာကြားသေးလဲဟင်"

ဆရာက ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းလိုက်ပြီး သက်ပြင်းကို တိုးတိုးလေးချလိုက်၏။

အစ်ကိုစိုးသည် ဖြူးမှ တောင်ငူသို့ ပြောင်းသွားကတည်းက နော်ရင်မွေးနှင့် မျက်ခြည်ပြတ်ခဲ့သည်။ ဤသို့ စပါးပေါ်ချိန်တွင် အစ်ကိုစိုး အလုပ်များလှသည်။ အစ်ကိုစိုးရှိမည့်နေရာကို အပါးနှင့်အစ်မတာဝါးမသာ သိပေလိမ့်မည်။ မိမိက စကားစပ်၍ မမေးခဲ့ပေ။ ဆရာကလည်း သူသိသလောက် လှမ်း၍ စုံစမ်းအကြောင်းကြားပေးလေသည်။

"တောင်ငူမှာ စပါးအဝယ်ဒိုင် သုံးခုရှိတာပဲ။ လဲဘူးရယ်၊ ကျေးတောရယ်၊ ကျွန်းကုန်းရယ်ပဲရှိတာ။ ဒီဒိုင်တွေကို လှမ်းအကြောင်း ကြားထားတယ်။ ပြီးတော့ တောင်ငူက ကုန်သွယ်လယ်ယာရုံးချုပ်ကိုလည်း အကြောင်းကြားထားပါတယ်။ ဆရာအားရင် တောင်ငူသွား စုံစမ်းပေးမယ်လေ"

"မစုံစမ်းပါနဲ့တော့ ဆရာရယ်။ သူ မလာလေ ကောင်းလေပါပဲ။ ရင်မွေးတော့လည်း စိုးရိမ်တယ်။ ဘာကိုစိုးရိမ်မှန်းလည်း မသိဘူး"

"ကိုယ်လည်း စိုးရိမ်တယ်"

အစ်ကိုစိုးကို ဖျတ်ခနဲ သတိရမိလာသောအခါတိုင်း ရင်ထဲတွင် ပူပန်

သွား၏။ အစ်ကိုစိုးသည် ကလေးအား မိမိလက်ထဲမှ လုယူသွားမည်ကို စိုး၍ ကလေးအား ရင်ခွင်ထဲတွင် ခပ်တင်းတင်းလေး ပွေ့ထားမိသည်။

"ကလေးရယ် မင်း ငါ့ကို ခွဲသွားမှာလား။ ဆရာ . . . ကလေးရယ်၊ ဆရာ၊ ရင်မွှေးရယ်လေ အစ်ကိုစိုးနဲ့ ဝေးရာကို ပြေးဖို့လားဟင်"

❑

## အခန်း ၃

"အစ်မ ရင်မွှေး . . . အစ်မ ရင်မွှေး"

"ဟင် . . ."

ရုတ်တရက် ခေါ်သံကြောင့် လန့်နိုးသွားသည်။ ချက်ချင်းပင် မိမိဆုပ်ကိုင်ထားသော ဒေါက်တာဟန်ကြည်လက်ကို ကယောင်ကတမ်း လွှတ်လိုက်၏။

"အစ်မ အိပ်မက်တွေ မက်နေသလား။ အိပ်မက်ထဲမှာ ဆရာရော၊ ကလေးရော၊ အစ်ကိုစိုးလား အစ်ကိုမိုးလား မသိဘူး အော်သံကြားရတယ်"

"ဩော် . . . ဟုတ်မှာပေါ့၊ ဟင် . . . ဦးစောအယ်ဒိုးတို့ ဘယ်သွားကြလဲ။ နေတောင်အတော်မြင့်နေပြီပဲ"

"ဟုတ်တယ် အစ်မရေ၊ အစ်မ အိပ်ပျော်သွားတာ အခု ၇ နာရီ ရှိပြီ။ ဆရာမ ခေါ်အေးအေးမြင့် လိုက်လာတယ်။ ၆ နာရီလောက် ရောက်တာပေါ့။ ဒါနဲ့ လူနာကို သူနဲ့ထည့်ပေးလိုက်တယ်။ စိတ်မချလို့ မြသာယာကုန်းကိုပဲ ပို့ခိုင်းထားတယ်။ အားလုံးသွားကြပြီ။ အစ်မကို မနိုးရက်တော့တာနဲ့ ကျွန်တော် စောင့်နေတာ"

"ဩော် . . ."

ရင်ထဲမှာ ရှက်ရွံ့မိသည်။ ပြီးမှ ငါက ကလေးအမေပဲလေဟု အားတင်းပြီး ဘာမျှမဖြစ်သလို ဟန်ပြင်လိုက်သည်။

"အစ်မ လန်းသွားအောင် ဟိုနားက ချောင်းလေးမှာ မျက်နှာသွားသစ်လေ။ ကျွန်တော် ဒီကစောင့်နေမယ်"

ဒေါက်တာဟန်ကြည်က အလိုက်သိသိ လွတ်လိုက်၍ ရင်ထဲတွင် ကျေးဇူးတင်သွားမိသည်။ တကယ်တော့ အားလုံး၏အမြင်တွင် မိမိအား ကလေးတစ်ယောက်အမေ၊ မုဆိုးမဟု မြင်ပေလိမ့်မည်။ သို့သော် မိမိသည် ဘယ်တုန်းကမျှ အိမ်ထောင်မကျခဲ့ဖူးသော အပျိုစင်တစ်ယောက်ဖြစ်ကြောင်းကို မည်သူမျှ မသိပေ။ ထို့ကြောင့် တစ်ခါတစ်ခါ လူပြောခံရလောက်အောင်ပင် အရှက်အကြောက်ကြီးရသည့်အဖြစ်ကို မည်သူမျှ သိမည်မထင်ပေ။

အေးမြသောချောင်းရေနှင့် ထိတွေ့ရသောအခါ မိမိတစ်ကိုယ်လုံး လန်းဆန်းသွား၏။ နှစ်ခြိုက်စွာ အိပ်လိုက်ရ၍လည်း လန်းလန်းဆန်းဆန်း ဖြစ်သွားသည်။

"ရော့ အစ်မရေ ဒါနဲ့ သုတ်လိုက်"

"ရတယ်လေ၊ သူ့ဘာသာသူ ခြောက်မှာပေါ့"

"သုတ်လိုက်ပါ အအေးမိနေမယ်"

သူ့စေတနာကို အသိအမှတ်ပြုသောအနေဖြင့် သူ့လက်ကိုင်ပဝါကို ယူ၍ မျက်နှာသုတ်လိုက်သည်။

ထို့နောက် သူနှင့်အတူ မြသာယာကုန်းရွာဘက်သို့ ပြန်လျှောက်လာသည်။

"ညကလာတော့ ဒီလောက် တောနက်မှန်း မသိဘူး။ အခုမှပဲ သိရတော့တယ်။ ကြောက်စရာကြီးနော်"

"အစ်မ ကြောက်လို့လား"

"ကြောက်စရာကောင်းတဲ့ အနေအထားကို ပြောတာပါ"

တိတ်ဆိတ်မှုကို အားမပေးချင်၍ ရယ်မောကာ စကားဆိုလိုက်ခါမှ ဒေါက်တာဟန်ကြည်က မိမိရယ်မောဟန်ကို စေ့စေ့ငေးကြည့်ရင်း–

"အစ်မက သိပ်ပွင့်လင်းတာပဲ။ စကားလည်းပြောတတ်တယ်။ အစ်မယောကျ်ားက အစ်မကို သိပ်ချစ်မှာပဲနော်"

"ဟင်"

ဝန်ခံသလိုလိုနှင့် ရယ်ပစ်လိုက်သည်။

ကလေးအဖေနာမည်ကို ဦးစိုးလွင်ဟု ပြောထားပြီး မှတ်ပုံတင်ထားသော်လည်း တကယ်တမ်းကျတော့ အစ်ကိုစိုးနှင့် မိမိသည် တစ်ရက်မျှပင် မပေါင်းလိုက်ရပေ။



အစ်ကိုစိုးသည် မိမိအား ချစ်သလားတော့မသိ။ ဆရာချစ်တာတော့ မိမိ သိပါသည်။

"သူတို့ သွားတာကြာပြီလားဟင်"

"နာရီဝက်လောက် ရှိနေပြီ။ ကျွန်တော်က အစ်မ ဘယ်လောက် အိပ်အိပ်စောင့်မလို့။ အစ်မ အိပ်တာကလည်း ခဏလေးပဲ။ ကြာကြာလေး အိပ်ရောပေါ့"

"ဒေါက်တာကို ကျေးဇူးတင်ပါတယ်။ ကျွန်မ နှစ်နှစ်ခြိုက်ခြိုက် အိပ်ရလို့ အားပြည့်သွားပါပြီ"

အလာတုန်းကကဲ့သို့ မမြင်မစမ်း မဟုတ်တော့ဘဲ လင်းလင်းရှင်းရှင်းမို့ ကောင်းကောင်းမွန်မွန် လမ်းလျှောက်နိုင်သည်။ သို့သော် အလာတုန်းကတော့ ဇောနဲ့မို့ ခရီးဝေးမှန်းမသိ။ အပြန်ခရီးက ဝေးလှသည်။ တစ်နာရီနီးပါးခန့် လမ်းလျှောက်ရ၏။

မည်သို့ပင်ဖြစ်စေ မိမိတို့တောကြီးမျက်မည်းထဲ လူနာတစ်ယောက်ကို မွေးပေးခဲ့ရ၍ ကျေနပ်နေမိသည်။ အစ်မတဝါးမကို ခဏပြန်ရှင်ပေးစေချင်သည့်စိတ် ဖြစ်လာမိ၏။ လွန်ခဲ့သော ၁၀ နှစ်ခန့်က အစ်မဘေးတွင် ငုတ်တုတ်ထိုင်၍ ငိုရသော နော်ရင်မွေးမဟုတ်တော့။

"အစ်မ ရင်မွေး"

"ဟင်"

"စိတ်မဆိုးနဲ့ဗျာ၊ အစ်မ ရင်မွေးမှာ မွေးလူနာနဲ့ ပတ်သက်ပြီး ခံစားချက်ရှိသလားလို့။ အစ်မရင်မွေးရဲ့ အစ်မ တဝါးမဆိုတာက ဘာလို့လဲဟင်"

ရုတ်တရက် ရင်ထဲတွင် လှိုက်ဖိုသွားပြီး ဒေါက်တာဟန်ကြည်ကို ငဲ့ကြည့်မိသည်။ ဒေါသလည်း ဖြစ်သွား၏။ သို့သော် မိမိ၏ ဟာကွက်မို့ ဒေါသကို ပြန်ချိုးနှိမ်ကာ–

"ဟုတ်ပါတယ် သူမွေးမရလို့ ဆုံးသွားပါပြီ။ ဒါကြောင့်ပါ။ ဩော် ... ကြည့်စမ်း ဒေါက်တာ့အကျီကို ကျွန်မ ပြန်မပေးရသေးဘူးနော်။ ကျေးဇူးတင်ပါတယ် ဒေါက်တာ။ ဒီအကျီကြောင့် ကျွန်မ ကောင်းကောင်း အိပ်သွားတာပါ။ နွေပေမယ့် တောထဲမှာမို့လို့လား မသိဘူး စိမ့်နေတာပဲနော်"

"ဝတ်ထားပါ အစ်မရယ်၊ အေးပါသေးတယ်"

သိသိသာသာ စကားလွှဲပစ်၍ သူကလည်း ဆက်မမေးတော့ပေ။

နံနက်ခင်း၏ အေးမြမြလေလေးက သစ်ပင်ကြီးများမှ တိုးဝှေ့တိုက်ခတ်လာသည်။ တောပန်းဖြူရှရှလေးများနှင့် မွှေးပျံ့ပျံ့ ပန်းရနံ့လေးကို ရှူရှိုက်မိသောအခါ ရင်ထဲတွင် အေးမြသွား၏။ လမ်းဘေးတစ်ဖက်တစ်ချက်တွင် စွယ်တော်ပွင့်ကလေးများ ပွင့်နေ၏။

ဒေါက်တာ ဟန်ကြည်က ဘာမျှမပြောမဆိုဘဲ စွယ်တော်ဖြူလေးတစ်ပွင့်ကို ခူး၍–

"ရော့ . . . အစ်မ၊ ပန်းပန်လိုက်ဦးလေ။ အစ်မက ပန်းကြိုက်တယ်လို့ ကြားတယ်"

"ကျေးဇူးပါပဲ ဒေါက်တာ။ ကျွန်မကို သမီးက မနက်တိုင်း ပန်းပန်ပေးလို့လေ။ ကျွန်မကလည်း မိန်းကလေးပီပီ ပန်းကြိုက်တာပေါ့"

သူပေးလာသော ပန်းကို တုန်လှုပ်မှုမရှိဘဲ လှမ်းယူလိုက်သည်။ သို့သော် ပန်းကို လှမ်းပေးသော သူ့လက်က တဆတ်ဆတ်တုန်ရီနေကြောင်း သတိထားမိ၍ ပင့်သက်ချမိသည်။

"မတုန်လှုပ်နဲ့ ဒေါက်တာရေ၊ ရင်မွှေးကတော့ မတုန်လှုပ်တော့ဘူး။ ဆရာတစ်ဦးတည်းသာ ရင်မွှေးကို တုန်လှုပ်အောင် ဖန်တီးနိုင်သူရှိပါတယ် ဒေါက်တာရယ်" ဟုရင်ထဲတွင် တိုးတိုးလေးပြောလိုက်မိ၏။

* * *

မြသာယာကုန်းတွင် ပြန်ရန်ပြင်နေကြလေပြီ။ လူနာကို သည်အတိုင်း ထားခဲ့ရန် စိတ်မချ။ ဒေါက်တာကလည်း မိမိနှင့်ကလေးကို ငဲ့ညှာပြီး ပြန်ခိုင်းနေသည်။

"ဘယ်ဖြစ်မလဲ ဒေါက်တာ။ ကျွန်မက ကရင်စကားလည်း နားလည်နေတာပဲ။ ကျွန်မ နေခဲ့ပေးပါ့မယ်။ ဒေါက်တာတို့ ပြန်နှင့်ပေါ့။ လူနာနေသားကျတော့ ကျွန်မ လိုက်ခဲ့မယ်နော်"

"ဆရာမ ပင်ပန်းနေသလားလို့ပါ။ ပြီးတော့ ဆရာမသမီးလေးက ရှိသေးတယ်မဟုတ်လား"

"ကျွန်မ သမီးက ထားလို့ရပါပြီ။ အေးအေးလည်း ရှိတာပဲ။ သူက အေးအေးနဲ့လည်း နေနေကျပါ"



ကလေးအကြောင်းပြောတော့ ရင်ထဲတွင် လှိုက်ဖိုသွားမိသည်။ နောက်ဆုံးတွင် ဒေါက်တာဟန်ကြည်ပါ နေခဲ့ရန် သဘောတူပြီး အေးအေးမြင့်ကိုသာ ပြန်လွှတ်လိုက်သည်။ နှစ်ရက်ကြာလျှင် ပြန်လာမည့်အကြောင်း ကလေးကို မှာလိုက်သည်။

သူတို့ ပြန်သွားသောအခါ ရင်ထဲတွင် နွမ်းလျသွားသည်။ သုံးရက်ပဲ ကြာမည်ဟု ပြောထားပြီး ကြာနေ၍ ကလေးမျှော်နေရှာတော့မည်။

သက်ပြင်းရှည်ကြီးချပြီး လူနာနားသို့ လာခဲ့၏။ လူနာသည် အေးချမ်းစွာ အိပ်မောကျနေ၏။ လူနာ၏မိခင်က မိမိအား ကျေးဇူးတင်သော အကြည့်ဖြင့်ကြည့်ပြီး ပြုံးပြလျက်

"နပ္ပာဆား မာသဒေ့လဲ"

လူနာ ဘယ်လိုနေသေးလဲဟု မေးလိုက်သဖြင့် အဘွားအိုမှာ ပျာပျာသလဲဖြစ်သွားပြီး–

"အို . . .ပွာဆာအို၊ မူတော့ကေလီး။ တာဘယိုတအို့လော်ဘတ်ဝိတလူ . . . ဝိတလူ . . . သရမူ"

"လူနာနေကောင်းသွားပြီ။ စိုးရိမ်စရာ မရှိတော့ပါဘူး။ ကျေးဇူးတင်ပါတယ်ဆရာမ" ဟုအဘွားကြီးက လှိုက်လှဲသောအသံနှင့် ပြောလိုက်သည်။ အဘွားအိုက မိမိအနားတွင်ထိုင်ရင်း ကွမ်းချေး၊ ဆေးချေးများ တက်နေသော သွားလေးငါးချောင်းလောက်လေး ပေါ်အောင် တဟီးဟီး ရယ်ရင်း ကျေနပ်နေ၏။

"နကလို ပွာကညော ဘဂါး"

"ကမေ ဖွာကညောင်လော်"

မိမိအား ကရင်စကားတတ်သလားဟုမေး၍ ကရင်ဖြစ်ကြောင်း ပြောလိုက်သောအခါ ပို၍ကျေနပ်သွားပြီး နာမည်ကိုမေးပြန်၏။

"မိဒေလဲ"

"နော်ရင်မွှေး"

"အဟီး အဝဲယမီမေဂဲ နော်ထူးကြည်မွှေး"

အဘွားအိုက အိပ်ပျော်နေသော သူ့မြေးပေါက်စလေးအား လက်ညှိုးထိုး၍ ဒေါက်တာဟန်ကြည်ပေးသော နာမည်ကို သဘောကျကာ ပြောပြပြီး ရယ်မောနေ၏။ ဒေါက်တာဟန်ကြည်က မိမိရော သူ့နာမည်ပါ ပါ

အောင် မှည့်ပေးလိုက်ခြင်းဖြစ်သည်။ သူ့မိဘများက နော်ထူးကြည်မွေး ဟူသော နာမည်ကို သဘောကျနေကြ၏။

"နအို့ပဲလဲ"

"တောင်သူလော်"

အဘွားအိုက တစိမ့်စိမ့်ကြည့်ကာ ပီတိဖြစ်နေသည်။ လူနာအိပ်ပျော်သွားသောအခါ ရေချိုးရန်အတွက် ချောင်းလေးဘက်သို့ ထွက်လာခဲ့သည်။ မြသာယာကုန်းချောင်းလေးသည် တောအထပ်ထပ် တောင်အသွယ်သွယ်ကို ဖြတ်ကျော်ကာ ကြည်လင်အေးမြစွာ စီးဆင်းနေ၏။

ငယ်စဉ်က နန္ဒမိတ်ရွာနံဘေးရှိ စစ်တောင်းမြစ်ရေထဲသို့ ရေဆင်းချိုးရသည်များကို သတိရလာပြီး မျက်ရည်များ ရစ်ဝဲလာ၏။

စိတ်အစဉ်က ဆရာရေချိုးစဉ် မိမိက အလန့်တကြားတားမိသည့် အခါ ဆရာက ရယ်မော၍–

"ရေကြောမသိတဲ့ သူစိမ်းတွေမှ နစ်တာပါ မိန်းကလေးရဲ့။ ရေကြောမသိတဲ့နေရာကို ရမ်းမကူးရဘူး"

ဆရာ့အသံလေးသည် မိမိနားနားကပ်ပြောသကဲ့သို့ ကြားလိုက်ရသဖြင့် ရင်ထဲတွင်နွေးထွေးသွား၏။

ဆရာသည် မိမိနှလုံးသားထဲမှ ဘယ်သောအခါမျှ ပျောက်ကွယ်သွားလိမ့်မည် မဟုတ်ပါ။ ခါးသာသာနက်သည့် စမ်းရေကြည်ထဲသို့ မှီလှဲရင်းက အေးစိမ့်နေသော ရေ၏အရသာကို အပြည့်အဝ ခံစားလိုက်သည်။ ရင်ထဲတွင်လည်း ပေါ့ပါးလန်းဆန်းသွားသည်။

သို့သော် မိမိပြန်ပါမလာ၍ ငိုမဲ့မဲ့ဖြစ်နေရှာမည့် ကလေးအား မြင်ယောင်လာပြီး ကလေးပါလျှင် ပျော်စရာကောင်းမှာပဲဟု တွေးရင်း ချိုးနေသော အေးစိမ့်စိမ့်ရေသည် ချက်ချင်းပူလောင်သွားတော့သည်။

"ဟေး . . .အစ်မ နော်ရင်မွေး၊ ကြည့်စမ်း ရေစိမ်ချိုးနေသလား"

"အမေ့"

ရုတ်တရက် လန့်သွားသည်။ ကျောက်တုံးကိုမှီ၍ ရေစိမ်နေရာမှ ကမန်းကတန်း ထရပ်လိုက်၏။

"စိတ်မချလို့ လိုက်လာတာ။ ထင်တဲ့အတိုင်းပဲ လုပ်ချင်ရာလုပ်နေသလား"



ကရဏာဒေါသနှင့်ပြောလိုက်သော ဒေါက်တာဟန်ကြည်ကို အပြစ်မတင်တော့။ မိမိကလည်း ရေချိုးလို့ကောင်းကောင်းနှင့် စိမ်ပြီး ချိုးနေမိသည်။ ထို့ကြောင့် ဘာမျှပြန်မပြောဘဲ နေလိုက်သည်။ ကိုယ့်အပြစ်နှင့်ကိုယ်ဖြစ်နေသည်။

"တော်တော့လေဗျာ မတော်သေးရင် ကျွန်တော်ဆင်းလာခဲ့မှာနော်"

သူက ထပ်ပြောပြန်သည်။

"ကျွန်မ ခေါင်းထဲ ကြည်သွားအောင်လို့ပါ။ ပြီးပါပြီ။ ဒေါက်တာပြန်နှင့်လေ"

နော်ရင်မွေးက ပြန်နှင်ထုတ်လိုက်သောကြောင့် ဒေါက်တာဟန်ကြည် မချိမချဉ်ပြုံးနှင့် ကျောခိုင်းထွက်ခွာသွားသောအခါ ကမန်းကတန်း အဝတ်လဲပြီး ခေါင်းကိုခြောက်အောင်သုတ်နေစဉ် ဒေါက်တာဟန်ကြည် ရောက်လာပြန်သည်။

"ကြာလိုက်တာဗျာ။ အစ်မ မြန်မြန်လုပ်ပါ။ ပေး . . . ပေး အအေးမိနေဦးမယ်"

ပြောပြောဆိုဆိုနှင့် တဘက်ကိုဆွဲပြီး နော်ရင်မွေး၏ ဆံပင်များကို ခြောက်သွေ့အောင် သုတ်ပေးလိုက်သည်။ နော်ရင်မွေး ဘာမျှမပြောနိုင်ဘဲ ငေးကြောင်၍ ကြည့်နေမိ၏။

"အစ်မရေ အစ်မရဲ့ဒုတိယသမီးက ငိုပြီး အစ်မကို တနေတယ်။ လုပ်ပါဗျာ မြန်မြန်လေး"

"ရပါတယ် ကျွန်မဘာသာ သုတ်ပါ့မယ်"

"မရှက်ပါနဲ့ဗျာ။ မြန်မြန်ခြောက်အောင်လို့ သုတ်ပေးတာပါ။ ကျွန်တော်က ဆရာဝန်၊ အစ်မက လူနာလို့ သဘောထားပါနော်"

ဒေါက်တာဟန်ကြည်က ရွှင်လန်းတက်ကြွနေ၏။ သူ၏သွေးရောင်လွှမ်းသော မျက်နှာနုနုကလေးကို မကြည့်ရဲပေ။ သူ့မျက်ဝန်းသည် အစဉ်ရွှန်းလဲ့၍ နှုတ်ခမ်းကွေးကွေးလေးများက ပြုံးချိုနေ၏။ ဒေါက်တာသည် လူချောတစ်ဦးဖြစ်သည်။

သို့သော် ထိုအလှသည် ဆရာနှင့်ယှဉ်လိုက်လျှင် မိန်းမဆန်လွန်းသောအလှဖြစ်သွား၏။ ဆရာသည် အသားညိုညိုနှင့် ကြံ့ခိုင်သော ခန္ဓာကိုယ်ရှိသည်။ နေလောင်ထား၍ ညိုနေသောအသားအရေများက လောကခံ

၏ရိုက်ပုတ်မှုကို ကြံ့ကြံ့ခံနေသော ယောကျ်ားကောင်းတစ်ယောက်၏ ဟန်နှင့် လူသားအားမာန်အပြည့် ရှိသည်။

ဒေါက်တာဟန်ကြည် မိမိကို ယုယသည်မှာ ကောင်းသောအလား အလာမဟုတ်ပေ။ သူနှင့်အတူ နီးကပ်စွာနေနေရခြင်းကိုပင် စိတ်မလုံသော ကြောင့် သူ့လက်ထဲမှ မျက်နှာသုတ်ပဝါကို ဆွဲယူလိုက်သည်။

“တော်ကြာ လေသလပ်ပြီး ခြောက်သွားမှာပါ။ တော်ပါပြီ”

ဆံပင်ကို ပြန်သိမ်းယူပြီး အလျင်ဦးဆောင်၍ တက်လာခဲ့၏။ ဒေါက်တာဟန်ကြည်က နောက်မှ လိုက်လာသည်။

“ကလေးကတော့ အိုကေပါတယ်။ ဒါပေမဲ့ လူနာက သွေးနုနုမှာ အသားဝါချင်သလားလို့”

“ဟင် . . .”

“ပိုသေချာအောင် စမ်းချင်တယ်။ ဗမာစကားမတတ်တော့ အမေး ခက်နေတယ်။ အစ်မ မေးပေးပေါ့”

“ဩော် . . . အခုန အိပ်နေလို့ ကျွန်မ သတိမထားမိဘူး ဒေါက်တာ”

ခြေလှမ်းပို၍ သွက်လာသည်။ ဒေါက်တာ ဟန်ကြည်က သူ့နောက်မှ ဖြည်းညင်းစွာ လိုက်လာ၏။ ချောင်းရေမှတစ်ဆင့် ဝါးလုံးက ပိုက်သဖွယ် ပြုလုပ်၍ ရေသွယ်ထားသော ဝါးလုံးတန်းများကို ငုံလျှိုး၍လာခဲ့သည်။ ငှက်ပျောပင်များ၊ လိုက်ချီးပင်များကြားမှ အမြန်ဆုံးခြေလှမ်းဖြင့် လှမ်းလာခဲ့သည်။

“အားပါး အစ်မရင်မွေးရေ ခင်ဗျား ခြေလှမ်းကိုဖြင့် ကျွန်တော် လိုက်မမီပါလား။ စောင့်ပါဦးဗျို့”

“ကျွန်မကို လိုက်မမီတော့ဘူးဆိုတာ ဟုတ်ပါ့မလား ဒေါက်တာရယ်။ ဒေါက်တာက ကျွန်မကို ဦးဆောင်နေရတဲ့ ခေါင်းဆောင်ပဲ”

“ဒီလိုပဲ အမြဲတမ်းဦးဆောင်ချင်ပါတယ် အစ်မရယ်။ ခလုတ်ကန်သင်း တွေ့ရင်လည်း ဖယ်ပေးချင်ပါတယ်”

ဆတ်ခနဲ တုန်လှုပ်သွားသည်။ သို့သော် သူ့စကားကို အလေးမထား ဟန်နှင့် မကြားဟန်ဆောင်ခဲ့သည်။ သုံးရေအတွက် ဖောက်ထားသော မြောင်းလေးကို ဖြတ်ကျော်၍ ခြေတံရှည်အိမ်လေးပေါ်သို့ လှမ်းတက် လိုက်သည်။



ဆံပင်ရှည်ကို အဖျားထုံးလိုက်ပြီး လူနာနားတွင် ထိုင်ချလိုက်သည်။ အဘွားကြီးက ထုံးစံအတိုင်း နော်ရင်မွေးအား ပြုံးပြလိုက်သည်။

“နပွားဆား မာသဒေလဲ”

“အပဲဘွေ့”

“အန်တယ်တဲ့ ဒေါက်တာ”

ရင်ထဲမှာ ထိတ်သွား၏။ ထို့ကြောင့် တုန်ရီသောအသံနှင့် ပြောလိုက်မိသည်။ ဒေါက်တာဟန်ကြည်က ခေါင်းကိုတစ်ချက် ညိတ်လိုက်ပြီး ပင့်သက်ကလေး တိုးတိုးချလိုက်၏။ ထို့နောက် သူ့မျက်လုံးများ မှေးစင်း၍ တစ်စုံတစ်ခုကို စဉ်းစားလိုက်သည်။ ဒေါက်တာဟန်ကြည်သည် အမှုကိစ္စ တစ်ခုခုကို ပြဿနာ ခေတ္တမျှ စဉ်းစားတတ်ကြောင်းကို သတိထားမိလိုက်၏။ ပြီးမှ သွက်လက်စွာ ပြုလုပ်တတ်သည်။

“အူဝဲ . . . အူဝဲ”

ထိုစဉ် ကလေးက ရုတ်တရက် ထအော်လိုက်၍ မိခင်မှာ တုန်လှုပ် သွားပြီး ကလေးအား လှမ်းယူရန် ဟန်ပြင်လိုက်သည်။

“အစ်မ ကလေးကို အမေနဲ့ခွဲထားပါ။ ကလေးငိုရင် ရေပဲတိုက်ဦးနော်။ ရေကျက်အေးပေါ့”

အဘွားနှင့်မိခင်လက်ထဲမှ ကလေးကို လှမ်းယူ၍ သူတို့နှင့်ဝေးရာကို ထွက်လာရသည်။ ထိုအခါတွင် မိခင်က နားမလည်သော အကြည့်နှင့် လှမ်းကြည့်နေသော မျက်လုံးအစုံကို မသိဟန် မမြင်ဟန်ဆောင်နေခဲ့သည်။ ကလေးအငိုတိတ်မှ သူတို့အား ချော့မော့နှစ်သိမ့်ရပေမည်။

သို့သော် ကလေးငိုတိုင်းငိုတိုင်း မိခင်၏မေတ္တာစေတနာဖြင့် မျက်နှာ မကောင်းဘဲ မျက်နှာလွှဲနေရသော နော်လူပလေးကို ကြည့်၍ စိတ်မကောင်း ဖြစ်မိသည်။ မိမိဝမ်းနှင့် လွယ်မမွေးရသော ကလေးကိုပင် မိမိအလွန်ချစ် ခင်လျှင် မိခင်အရင်းကမူ ဆိုဖွယ်ရာ မရှိပေ။

ဤကဲ့သို့ မိမိတို့ ဂရုစိုက်နေသည့်ကြားမှပင် ကလေးထံသို့ အသား ဝါရောဂါကား ရောက်ဖြစ်အောင် ရောက်လာသည်။ ထိုအခါ စိတ်ပျက် အားငယ်မှုများကို ကြုံတွေ့လိုက်ရ၏။ သို့သော် ဒေါက်တာဟန်ကြည်က မျက်နှာတစ်ချက်မျှမပျက်ဘဲ ဝါရင့်သမားတစ်ဦးကဲ့သို့ အလုပ်ကို အေးအေး ဆေးဆေး လုပ်နေသည်။ တောင်ငူဆေးရုံသို့ အကြောင်းကြားပြီး လိုအပ်

သော ဆေးဝါးများကို ထပ်မှာရ၏။

“ဆရာမရေ ကိုယ့်ကိုယ်ကိုယ်လည်း ဂရုစိုက်ဦးနော်”

“ဒါမျိုးက အားနည်းနေရင် ကူးလွယ်တယ်။ တော်ကြာ ဖိုးသူတော်လဲတော့ တောင်ဇေးမထူနိုင် ဖြစ်နေဦးမယ်”

မိခင်နှင့် ကလေးကြားတွင် ပြုစုနေရင်း ပင်ပန်းနေသော နော်ရင်မွှေးကို လှမ်းသတိပေးလိုက်သည်။ အသားဝါအသည်းရောင် ရောဂါသည် အရိပ်အရောင်ဝင်လာစကပင် ဂရုတစိုက်ကုသပေးလျှင် ပျောက်လွယ်သည်မို့ နော်ရင်မွှေးက ကလေးအား ၅မိနစ်တစ်ခါ ရေတိုက်၊ ဂလူးကို့စ်တိုက်နှင့် ဆီးများများသွားအောင် ပြုစုသည်။ မိခင် နော်လူပလေးကိုလည်း ထိုကဲ့သို့ပင် ဓာတ်ဆားရေများများ တိုက်ပေးရင်းက ပြုစုပေးသည်။ ခွဲထားရသော သွေးနုသားနု လူနာမို့ ပို၍ဂရုစိုက်နေရသည်။

“ကဲ . . . အစ်မနော်ရင်မွှေးရေ . . . အစ်မနဲ့ ကျွန်တော်တော့ လမ်းခွဲရမှာပဲ။ ခမုံလေးမှာ အသားဝါဖြစ်နေပြီ”

“ဟင် . . . ဒေါက်တာ့ကို လာပြောသလား”

“သိတာပေါ့ နော်လူပလေးရဲ့ ယောက်ျားကို ဟိုတစ်နေ့က သတိထားမိတယ်။ ဒါပေမဲ့ နော်လူပလေးကိုပဲ လုနေရတော့ သူ့ကိုပစ်ထားရသလိုဖြစ်နေတာပေါ့။ အခု သူမလာနိုင်ဘူး။ ဖျားနေတယ်ဆိုကတည်းက ရိပ်မိပြီ။ ရွာက တော်တော်များများ ဖျားနေကြသတဲ့။ ဒါကြောင့် ကျွန်တော်ကြိုတင်သွားမယ်။ ဒီအပြင် လူတွေ မကူးရအောင် ကာကွယ်ရမှာပေါ့။ ဆရာမက ဒီသားအမိကို ဂရုစိုက်လိုက်ပါ။ ပြီးတော့ အိပ်ရေးဝအောင် အိပ်ဦး။ ရှေ့လျှောက် လူနာတွေပြုစုရမှာ ရှိနေသေးတယ်။ မနက်ဖြန် ဆေးတွေရောက်လာရင် ဆရာမလိုက်ခဲ့ပေါ့။ နော်လူပလေးတို့ သားအမိကိုလည်း ခေါ်လာနိုင်အောင် စီစဉ်ပေးပါ့မယ်”

အစီအစဉ်ကို တစ်ခုပြီးတစ်ခု ပြောချပြီး ခရီးထွက်ရန် စီစဉ်နေသည့် ဒေါက်တာဟန်ကြည်ကို ငေးနေမိသည်။ အသက်အရွယ်နှင့် မလိုက်အောင် အမြော်အမြင်ရှိပြီး အကွက်ချတတ်သော သူ့အား နော်ရင်မွှေး လေးစားစိတ်ဝင်လာမိသည်။

“သြော် . . . အစ်မ၊ ကျွန်တော် သွားမယ်နော်။ လွမ်းမနေနဲ့ဦး”

“အမယ် . . .ဘာကို လွမ်းရမှာလဲ”



နော်ရင်မွှေးမျက်နှာ ရဲရဲနီသွားသည်။ ထိုအခါ ဒေါက်တာ ဟန် ကြည်က တဟားဟားအော်ရယ်ရင်း–

“အစ်မသမီးကို ပြောတာပါ။ လွမ်းနေတော့ အိပ်ပျက်ပြီး အားနည်းမှာစိုးလို့ သတိပေးတာပါဗျ”

စူးခနဲ မျက်စောင်းထိုးမိသည်။ ဒေါက်တာဟန်ကြည်က တဟားဟား ရယ်မောရင်း အိမ်ပေါ်မှဆင်းသွား၏။ နော်ရင်မွှေးရင်ထဲတွင် ကြည်နူးမှုလေးဖြတ်သန်းသွားမိသည်။ ဒေါက်တာဟန်ကြည်သည် မိမိထက် လေးငါးခြောက်နှစ်ခန့် ငယ်ပုံရ၏။ ဤဒေါက်တာအား မောင်ငယ်တစ်ဦးကဲ့သို့ ချစ်ခင်ရပါသည်။ ထို့ထက်ပို၍ စိတ်မကူးမိပေ။ မိမိသည် မုဆိုးမအမည်ခံထားသူပင် ဖြစ်သည်။ ထို့အပြင် မိမိနှလုံးသားထဲ၌ ဆရာမှလွဲ၍ မည်သူ့ကိုမျှ ထည့်သွင်းလို့မရနိုင်။

သို့သော် နောက်တွင် ရောင်တိမ်းနေရမည့် အခြေအနေများကို ကြိုတင်မျှော်မှန်းရင်းက ပင့်သက်ခါခါချမိလိုက်သည်။

“ဆရာရယ် ရင်မွှေးတို့ မိန်းမသားဘဝက အနင်းခံသက်သက်ပါပဲ။ ဒါပေမဲ့ ရင်မွှေးခေါင်းမငုံ့သွားပါဘူး။ အမြဲခေါင်းမော့ပြီး ကြံ့ကြံ့ခံနေရမှာပေါ့။ တစ်ခါတလေတော့ အားငယ်မိတယ် ဆရာရယ်။ မျှော်လင့်ချက်ရောင်ခြည်လေးတစ်ခုနဲ့ အားမာန်အပြည့် ရုန်းကန်နေရတဲ့ ရင်မွှေးလေ ချစ်တဲ့ဆရာ့ရင်ထဲ နားခိုပြီး အေးအေးလေး နေချင်စိတ်တော့ ဝင်လာမိသားပဲ။ ဒါပေမဲ့လေ . . .”

* * *

ပိန်းသီလာသို့သွားသော လမ်းမ၏ လက်ယာဘက်တွင် ခမုံကျေးရွာအုပ်စုရှိနေ၏။ ခမုံတောင်ကို အစွဲပြု၍ ခမုံလေးအိမ်စုကျေးရွာဟု ခေါ်သည်။ ရွာပေါင်းငါးရွာရှိသည်။ ခမုံရွာ၊ အောက်ခမုံ၊ အလယ်ခမုံ၊ အထက်ခမုံနှင့် ခမုံလေးအိမ်စုရွာဟူ၍ ငါးရွာရှိသည်။

ခမုံလေးရွာသို့ ရောက်ရန် လမ်းမပေါ်မှ သုံးမိုင်ခန့်သွားရသည်။ တစ်ခါတစ်ရံတွင် ကပ်ပယ်ချောင်းကို ဖြတ်ကျော်သွားရသည်။ ခမုံလေးအိမ်စုရွာသည် ဗန်းမော်သစ်တောကြိုးဝိုင်းအတွင်းရှိသဖြင့် လမ်းတွင် သစ်ထုတ်လုပ်သားများနှင့် သစ်ဆွဲဆင်များကို တွေ့ရသည်။ သစ်ပင်ကြီးများ

က နေပူဒဏ်ကို ကောင်းစွာ ကာကွယ်ထားသဖြင့် ခရီးသွားရသည်မှာ မပင်ပန်းလှပေ။ ထမ်းစင်ထက်မှ နော်လူပလေးလည်း သက်သောင့်သက်သာရှိလှ၏။ နော်ရင်မွေးရင်ခွင့်ထက်မှ နော်ထူးကြည်မွေးသည်လည်း ငြိမ်သက် နွေးထွေးစွာ အိပ်မောကျလျက်။

ခမုံတောင်နားအထိ ရောက်လာခဲ့သည်။ ရွာသို့ ရောက်သောအခါ အင်္ကျီမပါ ကိုယ်ထီးတည်းနှင့် ဘုစုခရုကလေးများ အလယ်တွင် ဒေါက်တာဟန်ကြည်က မားမားကြီးရပ်၍ မိမိအား ဆီးကြိုနေသည်။ သူ့မျက်နှာက အစဉ်ပြုံးချို၍ တက်ကြွနေ၏။

"ဒီအချိန်လောက် ရောက်မယ်ထင်တာနဲ့ ထွက်ကြည့်နေတာဗျ"

ကလေးသဖွယ် ရှက်ကိုးရှက်ကန်းနှင့် သူ့အဖြစ်ကို မလုံမလဲရယ်မောရင်း ကာကွယ်လိုက်သည်။ မည်သို့ပင်ဖြစ်စေ ဤကဲ့သို့ ခရီးဦးကြိုပြု၍ မိမိလည်း ယောင်လည်လည် မဖြစ်တော့ပေ။

"အစ်မ မောသလား"

"ဟင်း . . ."

မိမိလက်မှ ကလေးကို တယုတယလှမ်းယူပြီး ကြင်နာစွာ နှုတ်ခွန်းဆက်သဖြင့် ပြုံးပြလိုက်သည်။ ထိုအခါ ကလေးများက မိမိတို့နှစ်ယောက်ကိုကြည့်၍ တီးတိုးပြောလိုက်သံကြားလိုက်သဖြင့် မျက်နှာတစ်ခုလုံးရဲပြီး ပူထူသွားသည်အထိ ရှက်သွားမိသည်။

"ဒေါ်မူးဝါးဂါး"

သူ့လက်ထဲ ကလေးရောက်သည်နှင့် သူ့နားမှ ခပ်ခွာခွာနေလိုက်သည်။ သို့သော် သူက ဘာမျှမသိဘဲ သူ့ရဲ့လူနာအခြေအနေများကို ပြောပြနေသည်။

"လူနာငါးဦးတွေ့လို့ သီးခြားခွဲထားတယ် အစ်မရေ။ မတတ်နိုင်ဘူး။ သူတို့ ဘုရားရှိခိုးကျောင်းကိုပဲ ဆေးရုံလုပ်ရတာပဲ။ ဗမာတွေလို အယူ မရှိလို့တော်သေးတယ်။ နည်းနည်းတော့ ပြန်စည်းရုံးရမယ်။ အစ်မ စကားပြောပေးလေ။ ကရင်လိုပဲ နားလည်ကြတာ"

"အို . . .ကျွန်မက ထမင်းစားရေသောက်လောက်ပဲ တတ်တာမဖြစ်ပါဘူး ဒေါက်တာရယ်"

"ဖြစ်ပါတယ် လိုရင် ရွာကလူကြီးတွေ ထောက်ပေးမှာပေါ့"



"ဟာ . . .မဖြစ်ပါဘူး ဒေါက်တာရယ်"

"ကျွန်မ တစ်အိမ်တက် တစ်အိမ်ဆင်း ရောဂါသည်ရှာပြီး ကြိုတင်ကာကွယ်နည်းတွေ ပြောပါ့မယ် ဒေါက်တာရယ်"

"ဒါဆိုလည်း အစ်မသဘောပါပဲဗျာ။ အစ်မက စကားတတ်တော့ ဒီတစ်ခါ အစ်မဦးဆောင်တဲ့အလှည့်ပေါ့။ ခုနက ကလေးတွေ ဘာပြောနေကြတာလဲ အစ်မသိလား"

"မသိဘူး"

ခပ်ဆတ်ဆတ်ကလေး ပြောလိုက်သဖြင့် ဒေါက်တာဟန်ကြည်က သဘောကျစွာ ရယ်မောလိုက်သည်။ အမှန်က ဒေါ်မူးဝါးဂါးဆိုသည်မှာ လင်မယားဟု ပြောလိုက်ခြင်းဖြစ်သည်။

"အစ်မ ရှက်သွားပုံထောက်ရင် တစ်ခုခုပါပဲ"

ဘာမျှမပြောတော့ဘဲ မသိဟန်ဆောင်နေလိုက်၏။ မိမိအဖို့ မျက်စောင်းထိုးတတ်သည့်အလေ့ကို ဖျောက်ဖျက်ထားရပေမည်။ မျက်စောင်းထိုးခြင်းသည် ချစ်စဖွယ်အမူအရာတစ်ခုဟု ဆရာပြောဖူးသဖြင့် မိမိ၏ချစ်စဖွယ်အမူအရာမှန်သမျှသည် တစ်ပါးယောကျ်ားလေးအတွက် မဖြစ်စေရ။

ခဏနားပြီးနောက် ဒေါက်တာဟန်ကြည်နှင့်အတူ လူနာများကို လိုက်ကြည့်သည်။

"ရွာမှာ ကြက်ခြေနီသင်တန်းဆင်း မိန်းကလေးတစ်ယောက်နဲ့ ယောကျ်ားကလေးတစ်ယောက်ရှိတယ်။ သူတို့က အကူအညီပေးနေလို့တော်သေးတာပေါ့"

နော်ရင်မွေး ပင့်သက်ချမိသည်။ မိမိကို မျှော်နေရှာမည့် ကလေးအား မြင်ယောင်လာမိသည်။ အနည်းဆုံး တစ်ပတ်ခန့်ထပ်နေရဦးမည်ဟူသောအသိက ရင်ကို နွမ်းလျစေသည်။ သို့သော် ကလေးအကြောင်း ကြာရှည်တွေး၍ မရပေ။ ရွာထဲတွင် ဆေးထိုးအပ်ကြောက်သူ ဆေးမသောက်ချင်သူများကို ချော့မော့နေရသည်။

ရောဂါရှိလျက်နှင့် ခိုကပ်နေသူအတော်များများကို တွေ့ရသောအခါ ဒေါက်တာဟန်ကြည်က ခေါင်းတရမ်းရမ်းနှင့် ပင့်သက်ချနေသည်ကို တွေ့ရ၏။

"ပင်ပန်းတာကို စိတ်မညစ်ဘူး။ နားမလည်တာကိုတော့ စိတ်ညစ်တယ် အစ်မရယ်"

တစ်ခါတစ်ရံ ရယ်မောဖွယ်ရာ အဖြစ်အပျက်များကိုလည်း ကြုံတွေ့ရသည်။

"ဒီအိမ်က လူမရှိကြဘူးထင်တယ်"

"ရှိပါတယ် ခုနကပဲ ရိပ်ခနဲ တွေ့လိုက်သေးတယ်။ ဒီအိမ်က အစ်ကိုကြီးတစ်ယောက်နဲ့ ညီမနှစ်ယောက်ရှိတာ။ မိဘတွေက ဆုံးသွားပြီ။ လူပျိုကြီး အပျိုကြီးတွေပေါ့"

ရွာလူကြီးက မကျေမနပ်နှင့် လှည့်ပတ်ရှာဖွေသည်။ မတွေ့ရပေ။ ထို့ကြောင့် ကလေးများကိုလွှတ် ဟိုဟိုသည်သည်ကြည့်ခိုင်းကြသည်။ အိမ်နီးချင်းများက အစ်မကြီး ဖျားနေကြောင်း ပြောပြသောအခါ မိဘမဲ့များအား စာနာသည်။ ထို့ကြောင့် မတွေ့တွေ့အောင် ရှာရန် ဆုံးဖြတ်ချက်ချ၍ ကလေးများနှင့်အတူလိုက်ရှာမိသည်။

"သူတို့မောင်နှမသုံးယောက်က သိပ်ရိုးသိပ်အတာ။ လယ်တစ်ကွက်ပေါ်မှာပဲ မှီခိုစားနေရတာ။ ညီမနှစ်ယောက်က အငှားလိုက်သေးတယ်"

"ယလယ်အို့ခိုးသူ လောတီးခီးလော်"

ထိုစဉ် ကလေးငယ်တစ်ဦးက ဝမ်းသာအားရနှင့် ပြေးလာပြီး သူ့ခိုးဖမ်းမိသော ရဲသားဟန်နှင့် ဝံ့ကြွားစွာ ပြောလာသည်။ နော်ရင်မွေး အပါအဝင် ရွာသူအားလုံးက ရယ်မောကြ၏။ ဒေါက်တာဟန်ကြည်ကလည်း ဘာမှန်းမသိ ရောယောင်ရယ်ရင်းက နော်ရင်မွေးနား ကပ်ပြီး–

"ကျွန်တော် ရယ်သာရယ်လိုက်တာ ဘာမှန်းမသိဘူး"

"ဩော် . . . ခုဟာက ရယ်ချင်လွန်းလို့ မပြောမိတာပါ။ ကျွန်မဘာသာပြန်ပေးပါ့မယ်။ ဟိုလေ သူတို့မောင်နှမသုံးယောက် ချောင်းဖျားမှာ ပုန်းနေတယ်လို့ ပြောတာပါ"

"ဩော် . . ."

ချောင်းဖျားတွင် ပုန်းနေသော မောင်နှမသုံးယောက်တွင် အစ်မကြီးက အသားဝါရောဂါဝင်နေသည်။ ထို့ကြောင့် အာပေါက်အောင် ဝိုင်း၍ ချော့မော့ပြီး ဆေးတိုက်ရသည်။

ဆေးထိုးအပ်ကိုမြင်သောအခါ သူ့အား ဆေးထိုးမည်အထင်နှင့်



ကလေးငယ်တစ်ဦးကဲ့သို့ ကြုံကြုံပါအောင် ငိုတော့သည်။ အစ်မငိုသောအခါ ညီမပါလိုက်ငို၏။ အစ်ကိုကြီးကလည်း မျက်ရည်အဝဲသားနှင့် ဆေးထိုးအပ်သိမ်းလိုက်မှပင် အငိုတိတ်တော့သည်။ အသက် ၅၀ ကျော်နေသော မောင်နှမဖြစ်အင်ကို ကြည့်၍ ငိုရခက် ရယ်ရခက်ဖြစ်နေ၏။

"ဩော် ဒီမောင်နှမ သုံးယောက်က သိပ်သနားဖို့ ကောင်းတာပဲ။ ၁၃၊ ၄ နှစ်အရွယ်တွေမှာ အဖေ၊ အမေကို သူပုန်သတ်တာမြင်လို့ သုံးယောက်စလုံး ရူးကြောင်ကြောင် ဖြစ်နေတာ။ အားလုံးကို ကြောက်နေတာပဲ။ ရွာကပဲ ဝိုင်းထိန်းပေးနေတာ။ အလုပ်ကတော့ ကောင်းကောင်းလုပ်တယ်"

"ဩော် . . . သုံးယောက်မို့လို့ပဲ တော်သေးတာပေါ့။ ကျွန်မတုန်းက တစ်ယောက်တည်းပဲ"

ရင်ထဲတွင် နင့်သွားပြီး တီးတိုးပြောလိုက်သည်။ အခြားသူများက မကြားသော်လည်း ဒေါက်တာဟန်ကြည်ကတော့ ကြားဖြစ်အောင် ကြားလိုက်ပြီး နော်ရင်မွေးကို တစ်ချက်ကြည့်လိုက်သည်။

ထို့နောက် ဘာမျှမပြောဘဲ နော်ရင်မွေးလက်ကောက်ဝတ်ကို ဆုပ်ကိုင်လိုက်၏။

"ဆရာမ သူ့ကို ကျွန်တော်တို့ ဆေးရုံပို့ကြစို့"

ထိုအခါ မျက်ရည်ဝဲနေသော မိမိအဖြစ်ကို သတိထားမိပြီး ကြိုးစား၍ အားမာန်တင်းလိုက်သည်။

"ဘာလို့တစ်ယောက်တည်းရမှာလဲ ကလေးရှိသားပဲ"

"ဆေးရုံမတက်ချင်ဘူး ပြောနေပါလား ဆရာမရေ လုပ်ပါဦး"

အစ်မကြီးနော်ဖဲလူကို ချော့ရပြန်သည်။ နောက်ဆုံး အစ်မနှင့်အစ်ကိုကိုရောဂါကူးမည်စိုးသောကြောင့် ဆေးရုံတက်ရန် သဘောတူလိုက်သည်။

"ဟူး ဆရာမ ပါပေလို့ သူတို့က ယုံကြည်ကြတာဗျာ။ နို့မဟုတ်ရင် ဒုက္ခပဲ။ ဘာပဲဖြစ်ဖြစ် ပုဂ္ဂိုလ်စွဲလေးတွေတော့ ရှိသားပဲ"

ကျေးရွာလူကြီးက သက်ပြင်းလေးချပြီး ညည်းညူလိုက်သည်။

နေအနည်းငယ် စောင်းသွားသောအခါ ကျေးရွာလူကြီးက သူ့အိမ်သို့ခေါ်လာ၏။ များသောအားဖြင့် ရွာထဲမှ အိမ်များသည် ခြေတံရှည်နှင့် လုံးချင်းအိမ်များပင်ဖြစ်သည်။ လှေကားမြင့်မြင့်ကို အရှင်တပ်ထားသည်။ ညအိပ်လျှင် လှေကားကိုဖြုတ်၍ အိမ်ပေါ်တင်ကြ၏။ ကျေးရွာလူကြီး ခေါ်

လာသောအိမ်သည် ခြေတံရှည်နှင့် အိမ်ကျယ်ကျယ်ပင်ဖြစ်သည်။

"ကဲ . . .မနေ့ကလည်း ဆရာလေးကို ဒီမှာသိပ်တာပဲ။ ဆရာမလေးလည်း ဒီမှာပဲ အိပ်ပေါ့။ ကျွန်တော်တို့ အဖေအိမ်လေ။ အေးအေးဆေးဆေး နေရအောင်လို့ပါ။ ကျွန်တော့်အစ်မကြီးလည်း ရှိတယ်။

"ဟေး . . .ကလေးတွေ ပြန်တော့လေ။ ဆေးထိုးချင်တဲ့ ကလေးတွေ နေခဲ့ကြ"

အထူးအဆန်းသဖွယ် ဝိုင်းအုံကြည့်နေကြသော ကလေးများကို ခြောက်လွှတ်လိုက်သဖြင့် ဝေါခနဲပြေးထွက်သွားကြသည်။ ဤသည်ကို ကြည့်၍ ဒေါက်တာဟန်ကြည်က လွတ်လပ်စွာ ရယ်မောပစ်လိုက်သည်။

"နော်ဖဲလူနဲ့ အမျိုးတော်ကြတယ် ထင်တယ်"

အိမ်ပေါ်ရောက်သောအခါ လွတ်လွတ်လပ်လပ်နှင့် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

"အစ်မ လာတာ တစ်အားတက်တာပဲ"

နော်ရင်မွေး အေးအေးမြင့်မပါဘဲ သူနှင့်အတူ ကြမ်းတစ်ပြေးတည်းအိပ်ရမည့်အရေး ဝန်လေးကာ ကြက်သီးထမိသည်။ သို့သော် မိမိကိုယ်ကိုယ်မိမိ ကလေးတစ်ယောက်အမေဟု သဘောထားပြီး အားမာန်တင်းလိုက်သည်။ သူကမူ ဘာမျှစဉ်းစားမိဟန် မတူပေ။ မိမိနှင့်အတူ ခရီးထွက်တာကိုပင် ပျော်ရွှင်နေပုံရသည်။

"ဟား . . .ဟိုဟာကြီးက ဖားစည်ထင်တယ် အစ်မရေ"

သူညွှန်ပြရာသို့ ကြည့်လိုက်သောအခါ အိမ်ဦးခန်းတွင် ချိတ်ဆွဲထားသောဖားစည်ကို တွေ့လိုက်ရသည်။ ဖားစည်သည် အလွန်ရှားပါးသော ကြေးစည်ကြီးပင် ဖြစ်သည်။ နော်ရင်မွေးလည်း တစ်ခါမျှ မမြင်ဖူးပေ။

ဒေါက်တာ ဟန်ကြည်က ချက်ချင်းထ၍ ကြေးဖားစည်နားကပ်ပြီး–

"ဟာ . . .ဖားလေးတွေ ခုန်နေပါလား အစ်မရေ၊ လာကြည့်ပါဦး"

တစ်ကိုယ်လုံး နွမ်းနယ်နေသော်လည်း မသိဆိုးဝါးစွာ ခေါ်လိုက် သောဒေါက်တာဟန်ကြည်ကြောင့် ပင့်သက်လေးချကာ ဖားစည်နားသို့ ကပ်ကြည့်လာ၏။

"ဆင်ရုပ်တော့ ဟုတ်ပြီ။ ဒီအရုပ်ကလေးတွေက ဘာအရုပ်ပါလိမ့်။ နည်းနည်းတောင် ပျက်နေပြီ"



"ခရု ရုပ်လေးတွေပါ ဒေါက်တာ"

"ဪ . . . တစ်မျိုးပါလား။ ကျွန်တော်ကတော့ ဖားစည်ဆိုတာ ကရင်လူမျိုးတွေရဲ့ အထွတ်အမြတ်ဆိုတာပဲ သိတယ်"

"ဟုတ်တယ် ဒေါက်တာ။ ကရင်လိုတော့ ကလို့လို့ ခေါ်ကြတယ်။ အလေးအနက်ထားပြီး ဦးညွှတ်ကြတယ်။ မြတ်နိုးကြတယ်ပေါ့။ ဒါက မင်္ဂလာဖားစည်လေ ဒေါက်တာရဲ့။ ရှေးကရင်လူကြီးတွေဆီမှာပဲ ရှိတော့တယ်"

ဒေါက်တာဟန်ကြည်က ဖားရုပ်ကလေးများကို ကြည့်ပြီး သဘောကျနေသည်။ တစ်ဖက်ပိတ်ပြီး တစ်ဖက်ဖွင့်ထား၏။ ဖားစည်မျက်နှာပြင်တွင် ဖားကလေး.များက ထခုန်တော့မည့်ဟန်နှင့် ပျော်ရွှင်စွာ လှုပ်ရှားနေကြသည်။

ဒေါက်တာဟန်ကြည်က ဖားရုပ်များကို ရေတွက်လိုက်သည်။

"ဆယ့်နှစ်ကောင်ရှိတယ်။ သူတို့က ဖားကို ဘာလို့ထုထားတာပါလိမ့်။ အစ်မ သိရင် ပြောပြပါလား"

ကလေးသဖွယ်တောင်းဆိုနေသော ဒေါက်တာဟန်ကြည်ကို ကြည့်ပြီး တစ်ချက်ပြုံးမိသည်။

"ဖားအော်မှ မိုးရွာ၊ မိုးရွာမှ ငါးမော့၊ ငါးမော့မှ ရေကြီး၊ ရေကြီးတော့ ဆင်ဆွဲ၊ ဆင်ဆွဲမှ သစ်ကျ၊ သစ်ကျမှ ပြည့်ဝတဲ့လေ။ ဒါကြောင့် ဆင်ရုပ်၊ ငါးရုပ်၊ ခရုရုပ်လေးတွေကိုပါ ထည့်ထားတာပေါ့။ ဖားနဲ့ခရုရုပ်လေးတွေက ရေရော ကုန်းရော စိုးမိုးနိုင်သူ။ အေးချမ်းပြီး ရန်မမူမယ့် သတ္တဝါလေးတွေဆိုပြီး အလေးအမြတ်ထားကြတယ်လေ။ မင်္ဂလာယူတဲ့အခါ ခရုသင်းမှုတ်သလိုပေါ့။ ဖားစည်မှာလည်း ခရုရုပ်ပါရင် မင်္ဂလာတစ်ပါးပါပဲ"

"ဪ . . .ဪ"

ဒေါက်တာဟန်ကြည်က ကလေးငယ် တစ်ယောက်ပမာ အရုပ်ကလေးများကို ကိုင်ကြည့်လိုက် ဖားစည်မျက်နှာပြင်နှင့် အတွင်းဘက်ကို ကြည့်လိုက်နှင့် သဘောကျနေသည်။

အိမ်ရှင်အဘိုးကြီးက ရေနွေးကြမ်းလာချပေးပြီး သောက်ပါစားပါဟု အပိုလောကွတ်မပြုဘဲ ကွမ်းချေးတက်နေသော သွားများကို ဖြဲ၍ ဟီးခနဲ တစ်ချက်ရယ်ပြကာ –

"အေးအေးနေနော်၊ ရေချိုးချင်ရင် ချောင်းထဲ သွားချိုးကြ၊ ငါတော့

ထင်းခွဲဦးမယ်"

ပြောပြောဆိုဆိုနှင့် အိမ်အောက်သို့ ဆင်းသွားသည်။ ခဏအကြာတွင် မောင်းထောင်းသံနှင့်အတူ ထင်းခွဲသံများကိုပါ ကြားနေရသည်။

"အသက် ခုနစ်ဆယ်ကျော်က လုပ်နိုင်တယ်နော်"

"ဒါပေမဲ့ အလုပ်ကြမ်းလုပ်လို့ ထင်တယ်။ ရုပ်ကျတာ မြန်တယ်။ ဆေးလိပ်နဲ့ကွမ်းကလည်း မပြတ်ဘူး။ ကျွန်မ အပါးဆိုရင်လည်း ဒီအတိုင်းပဲ။ ညအိပ်ရင်တောင် ဆေးဖက်လေးကို ငုံအိပ်တာ"

မေ့ပျောက်ပြီး ဘယ်သူ့ကိုမျှ မပြောဖြစ်သော အပါးအကြောင်းကို လွှတ်ခနဲ ပြောလိုက်ပြီးမှ နောင်တရသွားသည်။ ထို့ကြောင့် ကမန်းကတန်း စကားလွှဲလိုက်၏။

"ဒါကို မင်္ဂလာဖားစည်လို့ ခေါ်တယ် ဒေါက်တာ။ မင်္ဂလာနေ့မှာ တီးရတယ်။ ရိုးရာမင်္ဂလာပွဲတွေ အခမ်းအနားတွေမှာ တီးတာလေ။ နာရေးနဲ့ အခြား အမင်္ဂလာပွဲတွေမှာတော့ အမင်္ဂလာဖားစည်ကို တီးကြတယ်"

"ဪ . . .ကျွန်တော်က ဖားစည်ကို တစ်လုံးတည်း၊ တစ်မျိုးတစ်စားတည်းလို့ ထင်နေတာ"

"အမင်္ဂလာ ဖားစည်က ဖားရုပ်ကလေးတွေက ဒီလိုလက်ယာရစ် လှည့်ပြီး ပြုံးပြုံးရွှင်ရွှင်လေးတွေ မဟုတ်ဘူး။ တစ်ကောင်နဲ့တစ်ကောင် ရန်မူပြီး ရန်ဖြစ်တော့မလို ဒေါသမျက်နှာတွေနဲ့ မျက်နှာချင်းဆိုင်နေကြတာ။ ပြီးတော့ အမင်္ဂလာဖားစည်ကို အိမ်တွေမှာ မထားကြဘူးလေ။ ဘုန်းကြီးကျောင်းတို့ သုသာန်တို့ ဇရပ်တို့မှာပဲ ထားကြတာ။ အိမ်ပေါ်တင်ရင် ဒုက္ခရောက်တယ်လို့ ယူဆကြတယ်လေ"

"ဪ . . . သူတို့ အယူအဆကလည်း ပြင်းထန်သားပဲနော်"

"ဒီထက်ပိုပြီး ပြင်းထန်တာက ဒီမင်္ဂလာဖားစည်ကို အရိပ်တကြည့်ကြည့်နေနေကြတယ်။ ဟိုးအရင်တုန်းကဆို အမွေးနံ့သာနဲ့ ပူဇော်ကြတာ ဒေါက်တာရဲ့။ ဖားစည်က အရည်စိမ့်ထွက်ရင် ဖားစည်ငိုတယ်ဆိုပြီး သိပ်ကြောက်ကြတာ။ အမွှေးနံ့သာတွေ ပက်ဖျန်းပသကြတယ်။ မကောင်းဆိုးဝါးလည်း နှင်တယ်။ ပြီးတော့ ရွာထဲမှာ လူမှုရေးဖောက်ပြားတာရှိလို့ပဲ ဆိုပြီး လိုက်စုံစမ်းပြီး တွေ့ရင် နယ်နှင်ကြတယ်လေ။ ခုတော့ ဖားစည်ကို ပွဲတွေမှာပဲ တီးတော့တယ်။ အယူအဆတွေကတော့ ပျောက်ကွယ်လုနီးနီး



ဖြစ်နေပါပြီ။ ရှေးကျတဲ့ ရွာတွေမှာပဲ တွေ့ရတယ်။ ကျွန်မတောင် ဒီလောက် ထူတဲ့ ဖားစည်ကို တစ်ခါမှ မတွေ့ဖူးဘူး။ ကျွန်မတို့ ငါးပတ်အိုင်မှာဆို သိပ်ဟောင်းတဲ့ ကြေးဖားစည်ပဲရှိတာ"

"သိပ်လက်ရာမြောက်တာပဲဗျာ။ တီးကြည့်ချင်လိုက်တာ"

"ဒီ"

"အို . . . ဒေါက်တာ"

ဒေါက်တာဟန်ကြည်က စကားမဆုံးမီ ဖားစည်အား လက်ဖနောင့်ဖြင့် တစ်ချက်ဖိတီးလိုက်၍ ဒုံဟူသော အသံထွက်လာသည်။ ထိုအခါ နော်ရင်မွှေးက အလန့်တကြားနှင့် ဒေါက်တာဟန်ကြည်လက်ကို အတင်းဆွဲပြီး ဖျာပေါ်တွင် ထိုင်ချလိုက်သည်။

စိုးထိတ်သော အမူအရာနှင့် ပတ်ဝန်းကျင်ကို နားစွင့်မိသည်။ ပတ်ဝန်းကျင်က ပကတိဆူညံနေဆဲ။ ထင်းပေါက်သံ၊ မောင်းထောင်းသံများက လောကကြီးကို စိုးမိုးနေဆဲဖြစ်သည်။

"တော်သေးတာပေါ့ ဒေါက်တာရယ်။ အလကား မတီးရဘူး။ ကံကောင်းလို့ပေါ့နော်။ ပတ်ဝန်းကျင်က ဆူညံနေလို့ပေါ့။ ပြီးတော့ ဒေါက်တာကလည်း သိပ်ပြီးအားမစိုက်ဘဲ ဖွဖွလေး ထုလိုက်လို့ပေါ့။ အားပါးတရတီးရင် ဒုက္ခ"

ထိုအခါ ဒေါက်တာဟန်ကြည်က အတော်လေး အားနာသွားသည်။

"ဆောရီးပဲ အစ်မရယ်။ ကျွန်တော်က ငြိမ်ငြိမ်မနေဘဲ ဆော့မိတာကို။ ဒီလိုတီးရင် ဘာဖြစ်လဲဟင်"

ကလေးငယ်တစ်ဦးကဲ့သို့ မျက်လုံးကလေး ကလယ်ကလယ်နှင့် ကြည့်ရင်းက မေးလိုက်သောကြောင့် နော်ရင်မွှေး ပြုံးမိလိုက်သည်။ ပတ်ဝန်းကျင်ကိုလည်း ထပ်မံ၍ နားစွင့်မိ၏။ ညနေလုပ်ငန်းသိမ်းချိန်မို့ နွားငေါက်သံ၊ ဘဲသံ ဝက်သံများနှင့် ဆူညံနေသည်။

"ဖားစည်ကို အကြောင်းမဲ့တီးရင် တီးတဲ့လူရော၊ နားထောင်တဲ့သူရော ရွာကိုပါ ခိုက်တတ်တယ်။ သူတို့တီးတာက လက်ယာဘက်က ဖားစည်မျက်နှာပြင်ကိုထုပြီး လက်ဝဲဘက်က ဖားစည်အတွင်းဘက်ကို တုတ်ပါးပါးလေးတစ်ချောင်းနဲ့ လျှိုပြီးတီးရတာ"

"ဟောဗျာ အားနာစရာကြီး၊ ကြားများ ကြားသွားရင် ရွာက ဘယ်

လောက်များ ကြောက်ကြမလဲမသိဘူး။ အယူရှိတဲ့လူတွေအတွက် အားနာစရာကြီး။ သူတို့အမြတ်တနိုး အလေးထားတာကို ကျွန်တော်က စော်ကားမိသလို ဖြစ်နေပြီပေါ့”

“ရှေးက အယူအဆတွေပါ ဒေါက်တာ။ အခုတော့ ပျောက်သလောက်ရှိနေပါပြီ။ ခေတ်လူငယ်တွေဆို ဖားစည်ကို ဘယ်လိုခွဲခြား တီးရသလဲဆိုတာတောင် မသိတော့ဘူး”

“ကျွန်တော်ကိုယ်က ငြိမ်ငြိမ်မနေနိုင်တာပါ”

“ပြီးတာပြီးပေါ့နော်။ စိတ်မကောင်းမဖြစ်ပါနဲ့။ ကဲ . . . ကျွန်မ ရေသွားချိုးလိုက်ဦးမယ်။ ပြီးတော့ ထမင်းစားပြီး လူနာတွေကို တစ်ခေါက်လောက် ထပ်ကြည့်တာပေါ့နော်”

“ဆရာမ ပင်ပန်းနေရင် နားပါ။ ကျွန်တော်နဲ့ လူကြီးတွေ လိုက်ကြည့်လိုက်ပါ့မယ်”

“ရပါတယ် ဒေါက်တာ။ ရောက်တုန်းရောက်ခိုက် ဆေးကုသမှုအပြည့်အဝခံစားကြပါစေ ဒေါက်တာရယ်”

ဤခမုံကျေးရွာကို ရောက်သည်မှာ နှစ်ညရှိခဲ့ပါပြီ။ နေ့လယ်ကပင်အထက်ခမုံနှင့် အောက်ခမုံသို့သွား၍ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ခဲ့ပါသည်။ ခရီးသွား၍ ပင်ပန်းသော်လည်း အိပ်မရခဲ့ချေ။

ရွှန်းမြသောလရောင်အောက်တွင် ပင့်သက်ခါခါချရင်းက အိပ်မရသောကြောင့် လမ်းလျှောက်ရင်းဖြင့် ညအချိန်ကို ကုန်ဆုံးစေသည်။

ပြည့်လုပြည့်ခင် လလေးကို ကြည့်ရင်း ကလေးနှင့်အတူ မအိပ်ရ သောညများကို ရေတွက်ကြည့်မိသည်။ ခုနစ်ညရှိပါပြီ။

နောက်ဆုံး အိပ်မရမည့်အတူတူ အသားဝါလူနာများ စုထားရာ အိမ်သို့ ထွက်လာခဲ့သည်။ လူနာများကို စောင့်ရှောက်ရန်ထားသော လူရွယ်ကား တရှူးရှူးနှင့် အိပ်ပျော်နေလေပြီ။ မီးအိမ်ကိုမြှောက်၍ လူနာရှစ်ဦးခန့်ကို တစ်ယောက်စီလိုက်ကြည့်နေ၏။

“သရမ္ဗဝါး”

“ဆရာမလား” ဟူသော တီးတိုးလေသံကြောင့် ရုတ်တရက် အိပ်မပျော်သော လူနာရှိပြီဟူသောအသိနှင့် အသံလာရာသို့ မှန်းကာ မီးအိမ်ကိုမြှောက်ကြည့်လိုက်မိသည်။



“မနူးလဲနော်ဖဲလူ”

“ယကအောကီး”

ဘာလဲဟုမေးသောအခါ ရေသောက်ချင်ကြောင်း ပြောသဖြင့် လူနာများအတွက် အသင့်ပြုလုပ်ထားသော ရေကျက်အိုးထဲမှ ရေကို ခပ်တိုက်လိုက်၏။ အခြားအိပ်မပျော်သော လူနာသုံးဦးခန့်ကိုလည်း ရေတိုက်ပေးသည်။ အပေါ့အပါးသွားချင်သော မိန်းကလေးလူနာများကို ကိုယ်တိုင်လိုက်ပို့ပေး၏။ အထူးသဖြင့် နော်ဖဲလူသည် အရာရာကို ကြောက်ရွံ့သူဖြစ်သောကြောင့် သူ့ကို ပို၍ အားပေးရသည်။

နော်ဖဲလူ၏ ညီမဖြစ်သူ နော်မကေးက အစ်မမရှိသောကြောင့် အိပ်မရကြောင်း အစ်မကို အိမ်ပြန်ပို့ပေးရန် မဝ့ံမရဲနှင့်ပြောသည်ကို သတိရလိုက်သည်။

နော်ဖဲလူကလည်း အိပ်မပျော်၍ အိပ်ဆေးတိုက်ပေးရသည်။ ညီအစ်မနှစ်ယောက်ကား ကြီးသည်အထိ ခွဲမအိပ်ဖူးသောကြောင့် မအိပ်တတ်သည့်အဖြစ်ကို ကိုယ်ချင်းစာမိသည်။ သို့သော် နော်ဖဲလူရောဂါ ကြီးမားနေသောကြောင့် ကြိုးစား၍ ကုသရန် ချော့ထားရသည်။ တစ်ခါတစ်ရံ ကလေးသဖွယ် ငိုနေတတ်၍ နော်ရင်မွှေးကိုယ်တိုင် အနားမှာထိုင်စောင့်ပြီး ချော့ရသည်။ အခြားလူနာများကဲ့သို့ သောက်ဆေးကို မှန်မှန်မသောက်သောကြောင့်လည်း ကိုယ်တိုင် စောင့်တိုက်ရသည်။

လူနာများကို ကြည့်ပြီးသော်လည်း အိပ်ချင်စိတ်မရှိသဖြင့် တဲရှေ့ခုံတန်းလျားလေးတွင် ထိုင်ရင်းက စိတ်ကိုလွှင့်ချင်ရာ လွှင့်အောင်လွှတ်ထားလိုက်သည်။ ကောင်းကင်မှ ကြယ်တာရာများကို ရေတွက်နေမိသည်။ ထူထပ်သော တိမ်ဆိုင်တိမ်ခဲများကို ကြည့်ရင်း တစ်ဦးတည်း အဖော်မဲ့စွာအိပ်နေရမည့် ကလေးအား စိတ်ထဲမှ ချော့သိပ်နေမိ၏။ ခေါင်းအုံးအောက်ထဲသို့ လက်တစ်ဖက်ထည့်အိပ်တတ်ပြီး ကျန်လက်တစ်ဖက်က မိမိခါးပေါ်တင်အိပ်တတ်သော ကလေးငယ်သည် မည်သို့အိပ်နေရှာမည်နည်း။

ကလေးအသက် ၉ နှစ်ကျော်ပြီဖြစ်သော်လည်း မိခင်နှင့်တစ်ခါမျှ ခွဲမအိပ်ဖူးသောကြောင့် အိပ်၍ ပျော်လိမ့်မည်မထင်။ ကလေး၏ပါးဖောင်းဖောင်းလေး ချောင်ကျနေပေလိမ့်မည်။ မျက်လုံးကြည်ကြည်လေးသည်လည်း အိပ်မပျော်သောကြောင့် မှိုင်းဝေ၍ နေပေတော့မည်။

ကလေး အိပ်ပျော်ပါစေ။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ပါစေ။

တစ်ခါတစ်ရံ ကလေးအိပ်မရသည့်အခါတွင် မိမိအား သီချင်းဆိုခိုင်းသည်။ ထိုအခါ ရေယမုံပတ်ပျိုးလေးကို အလွတ်ကျက်ထားပြီး သီချင်းဆိုသိပ်ပေးရ၏။ ကလေးကို ငယ်စဉ်ကတည်းက သီချင်းဆိုသိပ်ခဲ့ရသည်။

“နွဲ့နွဲ့မာန် ကိုးငယ်နှင့် × × အို ဆိုးလိုက်တာ× × ဟာတိတ်ပါ့ကွယ် × × ကြောင်ညိုဘားငယ်လေး× × စားတတ်လှတယ်× × ”ဟူသော အပိုဒ်ကို ကလေးက လွန်စွာနှစ်သက်သည်။ ကြောင်ညိုဘားက စားတတ်သည်ဆို၍ ငယ်စဉ်က ကြောက်ရွံ့သော်လည်း ကြီးလာသောအခါ မကြောက်တော့ဘဲ ရယ်မောတတ်၏။

“အမိုးကလည်း ကလေးတို့အိမ်က ကြောင်ကြီးက သိပ်လိမ္မာတာပဲ။ မစားတတ်ပါဘူး” ဟူ စောဒကတက်တတ်သည်။

တစ်ခါတစ်ရံ ကြောင်ကဲ့သို့ အသံပေးပြီး နောက်တတ်၏။ ကလေးသည် ကြောင်ကို အလွန်ချစ်တတ်၏။ အိမ်တွင် မွေးထားသော ကြောင်လေး ဖြူဖွေးကို ချော့သိပ်တတ်သောကြောင့် ဟန့်တားရသည်။ ဖြူဖွေးသည် သန့်ရှင်းပြီး ချစ်စဖွယ်ကောင်းသော်လည်း တစ်ခါတစ်ရံ ကလေးက ပွေ့ဖက်နမ်းရှုပ်သောအခါ မိမိရင်ထဲ အလွန်စိုးရိမ်မိသည်။

“နော်ရင်မွှေး”

“ဘုရား . . .”

ဒေါက်တာဟန်ကြည်၏ ရုတ်တရက်ခေါ်သံကြောင့် တုန်လှုပ်သွားမိသည်။ ဒေါက်တာဟန်ကြည်က နာရီကို မြှောက်ပြပြီး–

“ခင်ဗျား ခုထက်ထိ မအိပ်သေးဘူးလား”

“ကျွန်မ အိပ်ပြီးပါပြီ ဒေါက်တာကကော”

“ခုနကမှ နိုးတာပါ။ နည်းနည်းညောင်းတာနဲ့ ဒီဘက် ထွက်လာတာပဲ”

မလုံမလဲနှင့် ကာကွယ်လိုက်သည်။ မိမိ အိပ်မပျော်သည့် အဖြစ်ကို ဒေါက်တာ ဟန်ကြည် မသိစေချင်။ ဒေါက်တာဟန်ကြည်က ခုံတန်းလျားတစ်ဖက်စွန်းတွင် ဝင်ထိုင်လိုက်ရင်း–

“အစ်မကို ခေါ်လာမိတာ ကျွန်တော်တော့ ဝမ်းသာလိုက်တော့မယ်ထင်ပါရဲ့ဗျာ။ အမေကတောင် ဒီလောက်ဖြစ်နေတာ သမီးဆိုရင် ပိုဆိုးမယ်ထင်တာပဲ”



“ခွဲနေမကျလို့ပါ။ နောက်တော့လည်း ဒီလို ခဏခဏ ခွဲပေးလာရင် အမေရော သမီးရော နေသားကျသွားမှာပေါ့”

ရယ်မော၍ ပြောလိုက်သော်လည်း အားနည်း၍ တဆတ်ဆတ် ခုန်နေသော နှလုံးခုန်သံကို နားထောင်ရင်း ပင့်သက်တိုးတိုးလေး ချလိုက်မိသည်။

“သူက အစ်မ သမီးအရင်းနော်”

ရုတ်တရက် သူ့အား မော့ကြည့်မိသည်။ မိမိ၏သမီးကို သူတစ်ဦးတည်းသာ သံသယဝင်နေသည်။ ရင်ထဲမှ ဒေါသဖြစ်သွား၏။

“အားလုံးက ပြောကြတယ်။ ကျွန်မသမီးနဲ့ ကျွန်မကို အမြွှာလိုပဲတဲ့ရှင်”

“ကျွန်တော် မမြင်ဖူးဘူး”

“အဲဒါ ဘာလို့မေးတာလဲ။ ကျွန်မ သမီးရှေ့မှာ အဲဒီလို သံသယစကားကို မပြောပါနဲ့ရှင်”

“ကျွန်တော် မယုံဘူး။ အစ်မ ဖုံးကွယ်ထားရင်လည်း ဆက်မမေးပါဘူး။ သူများအရေးကို ဝင်စပ်စုလို့ ရိုင်းသွားတယ်ထင်ရင် တောင်းပန်ပါတယ်။ ဒါပေမဲ့ အစ်မကိုယ်တိုင် သတိမထားမိတဲ့ အပြုအမူတွေကို ကျွန်တော် သံသယဝင်တာ မဆန်းပါဘူး။ နောက်တော့ ဒီအကြောင်းကို အစ်မပြောချင်တဲ့စိတ်ရှိရင် ပြောပါ။ ဆရာဝန်ပီပီ တွေ့သမျှပြောရရင် အစ်မဟာ သားဖွားဖူးသူမဟုတ်ဘူး”

“ဘုရား”

သူ့ရှေ့ ရုတ်တရက် ထရပ်လိုက်သည်။ သူက ဘာမျှမဖြစ်သလိုနှင့် မြေကြီးကို ဖိနပ်ဦးနှင့် ဖိနင်းရင်းက–

“အစ်မလည်း သိမှာပါ။ ပြောဖို့ မလိုပါဘူး”

“ဆောရီး ဒေါက်တာ။ ကျွန်မ ကိုယ်ရေးကိုယ်တာကိစ္စမှာ ဒေါက်တာ ဝင်ပြီး စပ်စုစရာမလိုပါဘူး။ ဒေါက်တာဟာ လုပ်ငန်းခွင်ထဲမှာသာ ကျွန်မကိုပိုင်ပါတယ်”

“ဒါကို ကျွန်တော်သိပါတယ်။ ကျွန်တော်ကတော့ အစ်မကို ခင်မင်မိလို့ အဘက်ဘက်ကနေ လုပ်ငန်းအရရော ရင်းနှီးတဲ့မိတ်ဆွေအရပါ ဆက်ဆံချင်ပါတယ်”

“ဟင်း . . . ဒေါက်တာနဲ့ ကျွန်မတွေ့တာ ဆယ်ရက်တောင် မပြည့်သေးဘူးနော်”

"ကျွန်တော်ကတော့ ဆယ်နှစ်လောက်ကတည်းက သိပ်ရင်းနှီးခဲ့တဲ့ မိတ်ဟောင်း ဆွေဟောင်းတစ်ယောက်လို့ပဲ ထင်တယ်"

"ကျွန်မကတော့ မထင်ဘူး။ ပြီးတော့ ဒေါက်တာ့ကိုလည်း မခင်ချင်ဘူး။ လုပ်ငန်းခွင်ထဲက မိတ်ဆွေလိုပဲ သဘောထားချင်တယ်။ ဘာလို့လဲဆိုတော့ ကျွန်မက မုဆိုးမ။ မုဆိုးမခြေလှမ်းဟာ ဒီပြင်မိန်းမသားတွေရဲ့ခြေလှမ်းနဲ့မတူအောင် သူများတကာရဲ့ စေ့စေ့ကြည့်မှုကို ခံရပါတယ်။ နည်းနည်းမှ အတိမ်းခံလို့ မရဘူး။ ဒေါက်တာက လူပျို။ အဲဒီတော့ လုပ်ငန်းခွင် မိတ်ဆွေတောင် အမြင်ကြည်ကြမှာ မဟုတ်ဘူး။ ကျွန်မကို မခင်ချင်ပါနဲ့။ ကျွန်မလည်း ဒေါက်တာ့ကို မခင်ပါဘူး"

ဒိုးဒိုးဒေါက်ဒေါက် ပြောလိုက်သောစကားကြောင့် သူက သဘောကျစွာ တီးတိုးရယ်မောလိုက်ရသည်။

"ရပါတယ်လေ ဒါက အစ်မသဘောပါ။ ဒါပေမဲ့ ကျွန်တော့်သဘောကိုတော့ အစ်မပိတ်ပင်လို့ မရပါဘူး။ အခု လောလောဆယ်တော့ ကူးစက်ရောဂါကုနေချိန်မှာ ကိုယ်ခံအားလိုတဲ့အတွက် အစ်မပြည့်ပြည့်ဝဝလေးအိပ်ပါလို့ တောင်းပန်ပါရစေဗျာ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ။ ကျွန်မ အိပ်ပါ့မယ်"

"ဆရာမ ဆရာမ"

သူ့ရှေ့လှည့်ထွက်မည်အပြု ရုတ်တရက် ခေါ်လိုက်သော အသံကြောင့် ခြေလှမ်းတုံ့သွားသည်။

"နော်ဖဲလူက ဆရာမ လာပါတဲ့"

ဒေါက်တာဟန်ကြည်က တစ်ချက် လှမ်းကြည့်လိုက်ပြီး သူ့ထံမှ ထွက်ပေါ်လာမည့်စကားကို နားမထောင်တော့ဘဲ တဲထဲသို့ ဝင်လာခဲ့သည်။ နော်ဖဲလူက မိမိအား အတင်းတွယ်ကပ်ပြီး သူ့ညီမအကြောင်းသာ တဖွဖွမေးနေသဖြင့် နော်ဖဲလူအား သိပ်ထားကာ နော်လူပလေးတို့ အိမ်ဘက်ကို ကူးလာရ၏။ နော်လူပလေးအနီးတွင် ဒေါက်တာဟန်ကြည်ရှိနေသော်လည်း နော်လူပလေးက မိမိလာသောအခါ ဝမ်းသာအားရ သမီးအကြောင်းကိုမေးပြီး သူ့သမီးအား နို့တိုက်လိုကြောင်း တောင်းဆိုပြန်သည်။ အထပ်ထပ်အခါခါ ပြောသော်လည်း နားမလည်၍ စိတ်ပျက်ပြီး မျက်နှာတင်းတင်း အသံမာမာ ပြောလိုက်မှ ကြောက်ရွံ့ပြီး အနည်းငယ် ငြိမ်သက်သွားလေသည်။



မည်သို့ပင်ဖြစ်စေ မိမိအဖို့ ထိုနေ့ညသည် ည၏အိပ်စက်ခြင်း သဘောတရားကို မဖော်ထုတ်နိုင်ခဲ့ပါ။

နံနက် အရုဏ်တက်ခါနီးအချိန်ရောက်မှပင် အိပ်ဆေးသောက်ပြီး အိပ်ပျော်သွားခဲ့သည်။ အိပ်မက်ထဲထိ ကလေးကား စိုးမိုးထားနိုင်သည်။

မည်မျှကြာကြာ အိပ်ပျော်သွားသည် မသိ။ နိုးလာသောအခါ ဒေါက်တာဟန်ကြည်က မိမိနှင့်မလှမ်းမကမ်းရှိ စားပွဲဝိုင်းတွင်ထိုင်၍ စာရေးနေရသည်ကို တွေ့လိုက်ရသည်။ ထိုအခါ ရင်ထဲ၌ ရှက်စိတ်ဝင်ခဲ့သည်။ မိမိအိပ်နေသည်ကို သူကြည့်များနေသလားဟူသော အတွေးနှင့်မလုံမလဲဖြစ်မိသည်။ သို့သော် ဒေါက်တာဟန်ကြည်နှင့် မလှမ်းမကမ်းတွင် ရွာသားတစ်ဦး ထိုင်နေ၏။

"ဒီစာကိုပေးပြီး သူတို့ ထည့်လိုက်မယ့်လူကို စောင့်ခေါ်ခဲ့နော်။ ဒီရွာကို ဘယ်သူမှ လာတတ်တာ မဟုတ်တော့ စောင့်နေလိုက်ပေါ့။ ဒီက ကျွန်တော်တို့ ဆရာမလေးက သိပ်ပင်ပန်းနေပြီ။ နေ့မအိပ် ညမအိပ်ပြုစုတာ ခင်ဗျားတို့အမြင်ပဲ။ သူ့ကို ပြန်လွှတ်ရမယ်"

ချက်ချင်း အိပ်နေရာမှ ထလိုက်သည်။

"ဟင့်အင်း ဘယ်ဖြစ်မလဲ ဒေါက်တာ။ ကျွန်မလုပ်တဲ့အလုပ်ကို ကျွန်မပဲ ဆက်လုပ်ပါရစေ။ ကျွန်မ နေကောင်းပါတယ်"

ဒေါက်တာ ဟန်ကြည်က လှမ်းကြည့်လိုက်ပြီး သက်ပြင်းသဲ့သဲ့ချလိုက်သည်။ ထို့နောက် ဦးခေါင်းကို ခါရမ်းလိုက်ပြီး–

"ကျေးဇူးတင်ပါတယ် ဆရာမ။ ဆရာမစိတ်ဓာတ်ကို ကျွန်တော်သိပါတယ်။ ဒါပေမဲ့ လုပ်နိုင်တဲ့အတိုင်းအတာ အထိကို ကျွန်တော်တို့ ပိုပြီး မလုပ်ခိုင်းသင့်ပါဘူး။ ဆရာမရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကလည်း ရှိသေးတာပဲ။ အခုဆိုရင် ဆရာမသမီးကို ဆရာမ ပြန်ငဲ့ရလိမ့်မယ်"

"ရပါတယ် ကျွန်မ သမီးက ကြီးပြီပဲ"

ဒေါက်တာ ဟန်ကြည်သည် မိမိစကားကို ဘာမျှပြန်မပြောတော့ဘဲ လက်ထဲမှ စာရွက်ကို ခေါက်ပြီး ထိုရွာသား အားပေးဖြစ်အောင် ပေးလိုက်သည်။

"ဆေးရုံက ကားပေးတဲ့အခါ ပိုအဆင်ပြေတာပေါ့။ ကျွန်တော် အကူအညီတောင်းထားပါတယ်။ ခင်ဗျား စောစောပေးဖြစ်အောင် ပေးလိုက်ပါ"

"ဟုတ်ကဲ့ . . .ဟုတ်ကဲ့"

ပြောပြောဆိုဆိုနှင့် ထိုရွာသားသည် စာလေးကိုကိုင်ပြီး အိမ်ပေါ်မှ ဆင်းသွားသည်။ ဒေါက်တာဟန်ကြည်က မိမိအား လှမ်းကြည့်လိုက်သည်ကို မသိဟန်ဆောင်ပြီး အိပ်ရာသိမ်းလိုက်ရင်း သူ့အား ကျောခိုင်းနေလိုက်သည်။ မိမိအား အထင်သေးလွန်းသော သူ့ကို စိတ်ထဲမှာ မကျေမနပ်ဖြစ်မိသည်။

"မိန်းကလေးတွေ လှမလှသိချင်ရင် အိပ်ရာထတဲ့အခါ ကြည့်ရတယ်တဲ့။ ကျွန်တော်တော့ ယုံသွားပြီ။ အစ်မက အိပ်ရာထ စိတ်မကြည်မလင်ဖြစ်သွားတာတောင် လှနေတုန်းပဲ"

မိမိအား မပြောသလိုလို မကြားဟန်ဆောင်ပြီး သွားပွတ်တံ၊ မျက်နှာသုတ်ပဝါနှင့် ရေလဲလုံချည်ယူ၍ ထွက်လာခဲ့သည် တစ်ခါတည်း ရေချိုးရန် ဖြစ်သည်။ ခမုံချောင်းလေး မအေးမြတော့ပါ။ ရင်ထဲတွင် မတင်မကျဖြစ်ပြီး စိတ်ညစ်ညူးသွားသည်။ ခမုံတောင် မှိုင်းညို့ညို့ကို လှမ်းမျှော်ကြည့်ရင်းက ပင့်သက်ချမိသည်။

စိတ်ထဲမှ အတွေးများကို ဖယ်ထုတ်လိုက်ရင်းက ရေစီးအတိုင်း မျောပါလာသော ဂုံညင်းတောင့်များကို ဆယ်ယူလိုက်သည်။ ကလေးနှင့် ကစားရန် ဆယ်ထားခြင်းဖြစ်သည်။ ထို့နောက် ကလေးကြိုက်သော ရေယမုံသီချင်းလေးကို စိတ်လိုလက်ရ တိုးတိုးညည်းနေလိုက်မိသည်။ စမ်းရေအေးကိုမချိုးရသည်မှာ ကြာမြင့်ပြီဖြစ်၍ ရေချိုး၍ မဝနိုင်အောင် ဖြစ်နေသည်။

"အစ်မရင်မွေး အစ်မ ရေချိုးတာ ကြာလိုက်တာ။ ဆယ့်ငါးမိနစ်တောင်ရှိနေပြီ။ အအေးပတ်ပြီးဖျားမှာ မကြောက်ဘူးလား။ တော်ရောပေါ့"

ရုတ်တရက် ဒေါက်တာဟန်ကြည်အသံကို ကြားရသဖြင့် အော်ဟစ်ပစ်ချင်စိတ် ပေါက်လာသည်။ သူသည် မိမိအား နေရာတကာ ချုပ်ချယ်လွန်းသည်။ သို့သော် ချက်ချင်းပင် စိတ်ကို ထိန်းချုပ်လိုက်သည်။ သူ့အား စိတ်ကောက်သည့်ပုံစံမျိုးမဖြစ်စေရန် ကြိုးစား၍ ပြုံးလိုက်ရင်းက

"ကိစ္စမရှိပါဘူး ဒေါက်တာ။ မနက်ဖြန်ဆိုရင် ကျွန်မ ဒီရေကို မချိုးရတော့ဘူး မဟုတ်လား။ ဒါကြောင့် အဝချိုးထားတာပါ"

ဒေါက်တာဟန်ကြည်က မသိနားမလည်စွာဖြင့် မိမိရေချိုးနေသည်ကို ရပ်ကြည့်နေ၍ ရင်ထဲတွင် ဒေါသဖြစ်သွားသည်။ ထို့နောက် စိတ်ပေါက်



ပေါက်နှင့် ရေစီးထဲမှ မျောလာသော ဂုံညင်းဒိုးကိုဆယ်ပြီး မိမိပုံထားသော နေရာသို့ လှမ်းပစ်လိုက်၏။

"အဲဒါ ဘာလုပ်ဖို့လဲ အစ်မ"

"ကလေးနဲ့ ကစားဖို့လေ။ ကျွန်မသမီးက ဂုံညင်းဒိုးပစ်တာကို ဝါသနာပါတယ်လေ"

မိမိစကားကြောင့် ဒေါက်တာဟန်ကြည်က အားပါးတရ ရယ်မောလိုက်သည်။

"အစ်မကလည်း သမီးနဲ့ ကစားတုန်းပဲလား"

"ဩော် . . . ကျွန်မသမီးက ကျွန်မနဲ့ မကစားရင် ဘယ်သူနဲ့ ကစားမလဲ ဒေါက်တာ။ သူ့မှာ မောင်နှမမှ မရှိတာ"

"ကဲပါ အစ်မရယ်။ ရေထဲက မြန်မြန်တက်ပါတော့။ ကျွန်တော် ဒါတွေ သယ်သွားပါ့မယ်။ အစ်မ မတက်သေးရင် ကျွန်တော် အတင်းဆွဲရမှာနော်"

ဒေါက်တာဟန်ကြည်က မိမိဂုံညင်းဒိုးများကို သယ်မပြီး သတိပေးကာ ထွက်သွား၏။

သူ့စကားကြောင့် အလိုလို ပခုံးတွန့်မိလိုက်သည်။

တစ်ခါတစ်ရံတွင် ဒေါက်တာဟန်ကြည်သည် မိမိအပေါ် ဆက်ဆံရာ၌ ဆရာသမားတစ်ယောက်ထက် ပိုတတ်သည်။ တယုတယ နိုင်လွန်းသည်။ ဒေါက်တာဟန်ကြည်၏မျက်ဝန်းထဲတွင် မိမိအရိပ် စိုးမိုး၍ နေပြီလားဟူသော အတွေးနှင့် ပင့်သက်ခါခါ ချမိသည်။ မုဆိုးမအဖြစ် လူသိနေ၍ ပို၍ရှောင်ရှားဖို့ လိုအပ်နေသည်။ ဤကဲ့သို့ နှစ်ယောက်တည်း အတူတူ ကြာရှည်မနေသင့်ပေ။

"မနက်ဖြန် ပြန်မှာပဲလေ"

အိမ်သို့ ရောက်သောအခါ သူမရှိပေ။ ထို့ကြောင့် မိမိတစ်ဦးတည်း လွတ်လွတ်လပ်လပ် အဝတ်လဲနိုင်သည်။ စိတ်လိုလက်ရပင် သနပ်ခါးခဲကို အရည်ဖျော်၍ လိမ်းလိုက်သည်။ ထို့နောက် မိမိအဝတ်များကို စနစ်တကျ ခေါက်သိမ်းလိုက်၏။

"အစ်မရေ ပြီးပြီလား။ ရော့ . . . ပန်းပန်လိုက်ပါဦး"

သူ့လက်ထဲမှ ရတနာရွှေခက် ပန်းဝါလေးကိုကြည့်ပြီး ရုတ်တရက် ငိုင်နေမိသည်။ ဆရာသည်လည်း မိမိအား ပန်းခူးပေးဖူးသည်။ မပန်ဘူး

ဆို၍လည်း စိတ်ကောက်ခဲ့ဖူးပေ၏။

"အစ်မက ပန်းကြိုက်တတ်လို့ ကျွန်တော် တက်ခူးလာတာပါ"

"ကျေးဇူးပဲ ဒေါက်တာ"

ဘာမျှမဖြစ်သလိုနှင့် လှမ်းယူလိုက်သော်လည်း ပန်းပေးသော သူ့လက်များ တုန်နေသည်ကို သတိထားမိလိုက်သည်။ သူ့မျက်လုံးထဲတွင် တဖျတ်ဖျတ်လဲ့နေသော အရိပ်ကလေးတစ်ခုကို တွေ့လိုက်သောအခါ ပင့်သက်လေး ချမိသည်။

"အစ်မကို ပြန်လွှတ်လို့ အစ်မ စိတ်ဆိုးချင် ဆိုးနေလိမ့်မယ်။ ဒါပေမဲ့ အိမ်ရောက်တဲ့အခါ ကျွန်တော့်စေတနာကို နားလည်ပါလိမ့်မယ်"

ထိုစဉ်က သူပြောသည့်စကားကို နားမလည်ခဲ့ပါ။ သို့သော် နောက်နေ့ မွန်းတည့်ချိန်တွင် ဆေးရုံမှ ရူပါဦးဟူသော ဒေါက်တာမလေးနှင့် သဇင်မြင့်ဟူသော သူနာပြုဆရာမလေးတို့ ရောက်လာသောအခါ မိမိနှင့်လူစားလဲရသည်။ ဆေးရုံကားကို မြသာယာကုန်းတွင် ထားခဲ့လေသည်။

"မေထရှန်က မမကို ပြန်လွှတ်လိုက်ပါလို့ တဖွဖွမှာနေတယ်။ မမရင်မွေး သိပ်ပင်ပန်းနေသလား"

ရူပါဦးနှင့် သဇင်မြင့်တို့သည် ဆေးရုံမှ အချောအလှလေးများပင် ဖြစ်ပေသည်။ ဒေါက်တာရူပါဦးက ငယ်ငယ်ရွယ်ရွယ်နှင့် သွက်လက်သကဲ့သို့ သဇင်မြင့်သည်လည်း သင်တန်းဆင်းပြီးခါစ ငယ်ရွယ်သူ သူနာပြုဆရာမလေးဖြစ်သည်။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ။ ကျွန်မတော့ ဒေါက်တာတို့ မလာရင် ဘယ်လိုမှထွက်နိုင်မှာ မဟုတ်ဘူး။ သဇင့်ကိုလည်း ကျေးဇူးတင်ပါတယ်"

မိမိပစ္စည်းများသိမ်းနေစဉ် ဒေါက်တာဟန်ကြည်က မိမိနားလာ၍ မဲ့ပြုံးလေးပြုံးလိုက်သည်။

"ဒီမချောတွေက အလှကြည့်လို့တော့ သိပ်ကောင်းတာပဲ။ နှစ်ယောက်စလုံး အသစ်ချည်းပဲဆိုတော့ အားလုံးသင်နေရမှာပဲ။ ကျွန်တော် အစ်မကို မလွှတ်ချင်ဘူး။အစ်မနဲ့ တွဲလုပ်ရတာ သက်သာတယ်။ ဒါပေမဲ့ ကျွန်တော် အစ်မကို အကြောင်းမဲ့သက်သက် ပြန်မလွှတ်ပါဘူး။ အစ်မ အတွက်ပါ"

"သူတို့တွေက သွက်လက်ပါတယ်။ ဒေါက်တာ့အတွက် အစစ အဆင်ပြေမှာပါ"



"အဲဒီလို ဖြစ်ပါစေဗျာ"

သူသည် မိမိအား မခွဲနိုင်မခွာရက်ဟန်ဖြင့် တစိမ့်စိမ့် ကြည့်နေသည်။ သူ့အနားတွင် ကြာကြာမနေဘဲ လူနာများထံသွား၍ နှုတ်ဆက်စကား မဆိုသော်လည်း အားလုံးကို တစ်ခေါက်စီလိုက်ကြည့်လိုက်သည်။ နော်ဖဲလူနှင့် နော်လူပလေးကမူ မိမိအား အလွန်တွယ်တာသူဖြစ်၍ သူတို့နှစ်ဦးအတွက် နောက်ဆံတင်းနေမိသည်။

ရွာမှလူကြီးများကလည်း မိမိအား ခင်မင်သဖြင့် ပြန်သွားသည်ကို စိတ်မကောင်းဖြစ်ပြီး ပျားရည်ပုလင်းလေးများ လက်ဆောင်လာပေးကြ၏။

ဒေါက်တာဟန်ကြည်ကလည်း ဘယ်အချိန်က ရှာထားမှန်းမသိသော သစ်ခွပန်းအုံများနှင့် သစ်ခွပန်းများကို ဖက်နှင့်ထုပ်ပြီး ပလိုင်းထဲထည့်ပေးလိုက်သည်။ ထို့နောက် ငွေရောင်သစ်ခွဖြူတစ်ပွင့်ကို လှမ်းပေးပြီး–

"ရော့ အစ်မပန်ဖို့ ကျွန်တော်မှာထားတာ။ တမြန်နေ့ကတည်းကလေ။ အစ်မက ပန်းဝါသနာပါတယ် မဟုတ်လား"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ။ လမ်းမှာ ဖုန်ထူတယ်။ ညိုးသွားမှာစိုးလို့ အိမ်ရောက်မှပဲ ပန်တော့မယ်"

"အစ်မ သဘောပေါ့။ အစ်မဘာသာ မပန်ချင်လို့ လွှင့်ပစ်လည်း ရပါတယ်"

ရယ်မော၍ပြောလိုက်သော ဒေါက်တာဟန်ကြည်ကို ပြုံး၍ နှုတ်ဆက်လိုက်သော်လည်း ရင်ထဲတွင် သံသယတစ်ခုဝင်သွားခဲ့သည်။ ဒေါက်တာဟန်ကြည်က ရပ်ကြည့်နေသည်ကို တွေ့ရ၍ ရင်ထဲတွင် မောလျစွာ ပင့်သက်ချမိ၏။ ဘာပဲဖြစ်ဖြစ် မိမိအဖို့ သမီးနှင့်မို့ ကျန်ယောကျ်ားသားများ၏ရန်ကို အစဉ်အမြဲ ရှောင်ရှားနေရဦးမည်။

ထိုနေ့က ဆေးရုံသို့ ည ၈ နာရီတွင် ပြန်ရောက်ပြီး မေထရှန်ထံဝင်၍ သတင်းပို့ရ၏။

"ဘယ်လိုမှ မတတ်နိုင်လို့ စာရေးမှာလိုက်ရတာပါ နော်ရင်မွေးရယ်"

ရုတ်တရက် အံ့အားသင့်သွားသည်။ မေထရှန်ပေးလိုက်သော စာကို မရရှိပါ။

"ဘာစာလဲ မမ။ ကျွန်မတော့ ဘာစာမှ မရပါလား"

"ဟင် . . . သမီးနေမကောင်းလို့ ဖြစ်နိုင်ရင် ပြန်လာပါလို့ အစ်မ ထည့်တာ မရဘူးလား။ တမြန်နေ့က လူကြုံနဲ့ပေးလိုက်တာလေ။ သဇင်မြင့်တို့နဲ့တောင် မှာလိုက်သေးတယ်"

"ဟင့်အင်း ဘာမှ မရဘူး။ ဒေါက်တာဟန်ကြည်က ပြန်လွှတ်မယ်ဆိုပြီး လူစားရောက်တာနဲ့ ပြန်လာတာ။ သမီးက သိပ်ဖျားနေလား"

ဇဝေဇဝါဖြင့် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး ပူပန်သွား၏။ သို့သော် မေထရွှန်ကိုပေးရန် သစ်ခွပန်းဖက်ကို ဖြေလိုက်သောအခါ ပလတ်စတစ်အိတ်နှင့် ထည့်ထားသော စာလေးတစ်စောင်ကို တွေ့ရ၍ သူ့သဘောကို နားလည်မိသည်။

"အစ်မ ဘယ်လိုမှ မထင်နဲ့နော်။ အစ်မသမီး ဖျားနေကြောင်း မေထရွှန်စာရေးမှာလို့ ကျွန်တော်ပြန်လွှတ်တာပါ။ အစ်မသမီး ဖျားနေတာကို အစ်မသိသွားရင် စိုးရိမ်နေမှာစိုးလို့ ကျွန်တော် မပြောပြတာပါ။ ကျွန်တော်ကတော့ အစ်မနဲ့ပဲ တွဲလုပ်ချင်တာ။ ဘယ်လိုမှ မတတ်နိုင်လို့ပါ"

ပင့်သက်လေး ချမိလိုက်သည်။ မေထရွှန်က စာကိုဖတ်ပြီး ပြုံးလိုက်၏။

"အစကတော့ ဘာဘာညာညာနဲ့ အဆင်မပြေဘူးလို့ အေးအေးမြင့် ပြောတယ်။ အခုတော့ တွဲလုပ်ချင်သတဲ့။ ဟုတ်နိုင်ပါတယ်လေ။ နော်ရင်မွှေးနဲ့ တွဲမိတဲ့လူတိုင်း အားကိုးရမှာပေါ့။ ကဲ . . . အိမ်ပြန်လိုက်ဦး ရင်မွှေးရေ။ ကလေးအနေကျဉ်းမှာစိုးလို့ ရင်မွှေးအိမ်ကိုပဲ ပြန်ပို့ထားလိုက်တယ်။ အေးအေးမြင့် စောင့်ပေးတာပဲ။ သမီးကတော့ လွမ်းဖျားပါပဲကွယ်။ အစားလည်း သိပ်မစားဘူး။ ညဘက်လည်း သိပ်မအိပ်ဘူး။ တမှိုင်မှိုင်တငိုင်ငိုင်နဲ့ အမေကိုပဲ လွမ်းနေတာပဲ။ သနားပါတယ်ဟယ်"

မေထရွှန်အား နှုတ်ဆက်ပြီး ကမန်းကတန်းပြေးထွက်လာမိသည်။ မိမိထင်မှတ်ထားသကဲ့သို့ပင် ကလေးသည် မိမိအား တမ်းတနေရှာပေသည်။

ဧည့်ခန်းတွင် စာကျက်နေသော်လည်း မျက်လုံးကမူ လမ်းမဘက်သို့ ရောက်နေသည်။

"ကလေးရေ"

တိုးတိုးလေး အသံပြုလိုက်သော်လည်း ကလေးကြားသည်။ ဆတ်ခနဲ ထလာပြီး–

"အမိုး"



ရင်ခွင်ထဲသို့ ပြေးဝင်လာ၏။ ကလေးကို ဆီးပွေ့ရင်း နဖူးလေးကို ပါးနှင့်ကပ်လိုက်၏။

"ကိုယ်တွေပူနေပါလား ကလေးရယ်"

"အမိုး ဒီနေ့လာမယ်ဆိုလို့ ကလေးမျှော်နေတာ။ အမိုးက အကြာကြီး သွားနေတယ်"

ကလေးက မိမိအား ဖက်ထားရင်း တရှုံ့ရှုံ့ငိုနေရှာသည်။ ကလေး၏ နှလုံးသား နုနုလေးသည် လွမ်းဆွတ်မှုဒဏ်ကို ပြင်းထန်စွာ ခံစားနေရပေမည်။

"မငိုပါနဲ့တော့ ကလေးရယ်။ အမိုးပြန်လာပြီပဲ။ အန့်တီအေးရော ရှိတယ်မဟုတ်လား"

ကလေးသိသိသာသာ ပိန်ကျသွားသဖြင့် စိတ်မကောင်းဖြစ်မိသည်။ နော်ဖဲလူနှင့် နော်လူပလေးတို့ကိုလည်း သတိရမိ၏။ သူတို့လည်း မိမိကို မျှော်နေရှာရှာမည်။ ထို့ကြောင့် ရင်ထဲတွင် တိုးတိုးလေး ညည်းလိုက်မိသည်။

"ခုတော့ နေဦးလေ။ ကလေးကြီးလာလို့ ဆရာဝန်ဖြစ်မှပဲ စိတ်တိုင်းကျခရီးထွက်ပြီး ကျေးရွာတွေကို ကလေးနဲ့အတူတူ ဆေးလိုက်ကုမယ်"

ထိုနေ့ညက သုံးယောက်သား စကားထိုင်ပြောကြသည်။ စကားပြောရင်းက ကလေးသည် မိမိရင်ခွင်ထဲတွင် စိတ်ချလက်ချ အိပ်သွား၏။ အေးအေးမြင့်နှင့် စကားမပြတ်သေး၍ တော်ရုံနှင့် မထဖြစ်သေးပေ။ နောက်ဆုံး အေးအေးမြင့်၏ မှတ်ချက်ကြောင့် ရင်ထဲတွင် မောလျသွားသည်။

"ဘာပဲဖြစ်ဖြစ် ဒေါက်တာဟန်ကြည်တော့ ယူ့ကို စိတ်ဝင်စားနေတာ ကိုယ်ရိပ်မိတယ်။ သူက ဘယ်သူ့ကိုမှ ရင်းရင်းနှီးနှီး စကားမပြောဖူးဘူး"

"ကိုယ်နဲ့က မပြောဘဲနေလို့မှ မရတာလေ။ နှစ်ယောက်တည်းရှိ တာပဲ"

"အင်းလေ . . .ယူ့အသိဆုံးပါပဲ။ ကိုယ်တော့ထင်တယ်။ တစ်နေ့နေ့တော့ ပတ်သက်လာမှာပဲပေါ့"

အေးအေးမြင့်စကားကြောင့် ရင်ထဲမှာ ထိတ်သွား၏။ အေးအေးမြင့်သည် မိမိနှင့်အတူ သင်တန်းတက်ပြီး ညီအစ်မအရင်းမျှ ချစ်ခင်သူ၊ မိမိကို နားလည်မှုအရှိဆုံး သူငယ်ချင်းဖြစ်သည်။ ယခု သူဘယ်လိုသဘောနှင့် ပြောလိုက်သည်ကို စဉ်းစားမရဖြစ်သွားသည်။

"ကိုယ့်ကို တလွဲမထင်နဲ့နော် ရင်မွှေး။ ကိုယ်က စေတနာနဲ့ ပြောတာပါ။ ရူပါဦးက သူ့ကို သိပ်အရေးပေးတာပဲ။ အားလုံးက ဒေါက်တာ ရူပါဦးနဲ့ သူနဲ့ လိုက်ဖက်တယ်ဆိုပြီး စနေကြတယ်။ ပြီးတော့ မင်းနဲ့ ကျန်ခဲ့တယ် ဆိုတုန်းက ရူပါဦးကို အားလုံးက စနေကြတာ။ လက်သွက်သွက်နဲ့ ရင်မွှေး နောက်ပါသွားတော့မယ်တဲ့။ အို . . . တစ်မျိုးပဲကွာ။ မင်း ကိုပြောနေတာ မင်းက အိမ်ထောင်ကျဖူးတော့ ပိုပြီး . . ."

အေးအေးမြင့်က အံကို တင်းတင်းကျိတ်ရင်းက မကျေမနပ်ဖြစ်နေဟန်နှင့် ပြောလိုက်သည်။ ချက်ချင်းပင် မိမိအတွက် မခံချင်ဖြစ်နေသော သူငယ်ချင်းကိုနားလည်သွားသည်။

"ကိုယ်နားလည်ပါပြီ အေးရယ်။ ကိုယ့်အနေနဲ့ အနေအထိုင်ဆင်ခြင်ပါ့မယ်။ မင်းလည်း ကိုယ့်အကြောင်းသိသားပဲ။ ကိုယ့်ဘဝမှာ ကလေးက လွဲလို့ ဘာမှတွယ်တာမှု မရှိဘူး။ ကလေးအတွက် ပထွေးဆိုတာလည်း မရှိရဘူး။ ကိုယ်သူ့ကို အတော်လေး ရှောင်ရလိမ့်မယ်။ အားလုံးထင်ထားတာထက် သူက ပိုသည်းနေတယ်။ တစ်ခုတော့ရှိတယ်။ သူတို့တစ်တွေ ဟိုမှာအနေကြာပြီး ဒေါက်တာရူပါဦးကိုဖြစ်ဖြစ်၊ သဇင်မြင့်ကိုပဲ ဖြစ်ဖြစ် သူနဲ့ တွယ်ငြိပါစေလို့ ကိုယ်ဆုတောင်းနေတာ အမှန်ပဲ။ ကိုယ် သူနဲ့ဝေးတဲ့ ဒေသန္တရကိုပဲ ပြန်နေတော့မယ်"

"မရဘူး မင်းအတွက် အော်ဒါ ထွက်ပြီးပြီ။ ခွဲစိတ်ခန်းကိုတဲ့။ ဒါပေမဲ့ သူကတော့ အရင်နေရာပဲ"

* * *

"ရှောင်နေတော့လည်း တွေ့ချင်တဲ့သူက လိုက်လာရတာပေါ့ အစ်မရယ်။ ခင်ဗျားက ကျွန်တော် ပြန်လာတာတောင် နှုတ်ဆက်ဖော်မရဘူး"

"ဩော် . . . ဒေါက်တာ၊ ကျွန်မ မအားလို့ပါ။ ရောက်နေတာတော့ ကြားပါတယ်။ နော်လှူပလေးတို့၊ နော်ဖဲလှူတို့ရော နေကောင်းလားဟင်"

ဒေါက်တာဟန်ကြည်က ပလတ်စတစ်နှင့်ထုပ်ထားသော သစ်ခွပန်းထုပ်ကြီးကို စားပွဲပေါ်တင်ရင်းက နော်ရင်မွှေးကို ပြုံးပြုံးကြီးကြည့်ရင်း

"ကျွန်တော့်ကိုတော့ မမေးဘူးလား"

"အို . . . ဒေါက်တာ့ကို ခုတွေ့ရပြီပဲ။ မမြင်တဲ့လူကို မေးတာပေါ့"



သဘောကျစွာ ရယ်ပြုံးရင်း မိမိစားပွဲရှေ့က ခုံမှာ ထိုင်ချလိုက်သည်။

"တစ်ရွာလုံး ကောင်းပါတယ်။ အစ်မကိုတောင် မေးနေသေးတယ်။ အစ်မ သွားပြီး ဒီအပြင်ရွာက လူငါးယောက် ထပ်ရောက်လာသေးတယ်။ ဒါကြောင့် တော်တော်ကြာသွားတာ"

"ရှစ်ရက်တောင် ကြာသွားတာပဲ"

"ဟုတ်တယ် နော်လှူပလေးနဲ့ နော်ဖဲလှူက အစ်မ မရှိလို့ဆိုပြီး အတင်းပြန်မယ်လုပ်သေးတယ်။ နောက်တော့ လူတွေထပ်ရောက်လာတာနဲ့ ပြန်လွှတ်လိုက်ရတာပေါ့။ သူတို့က အစ်မကိုပဲ တဖွဖွမေးနေတာ။ ဒါနဲ့ အစ်မ သမီးရော နေကောင်းသွားပြီလား"

"ကောင်းသွားပါပြီ၊ ဒေါက်တာ့ကို ကျေးဇူးတင်ပါတယ်။ သမီးက လွမ်းဖျားပါ ဒေါက်တာရယ်"

သူ မထိတထိပြုံးလိုက်၏။ ထို့နောက် သစ်ခွပန်းအိတ်ကလေးကို နော်ရင်မွှေးရှေ့သို့ တိုးပေးလိုက်ရင်းက

"ရွာကပေးလိုက်တာ။ ပြီးတော့ အပင်တွေလည်း ပါလာတယ်။ အစ်မ သယ်နေရမှာစိုးလို့ အိမ်ကိုပဲ လာပို့တော့မယ်။ အစ်မအိမ်က မြို့ကြီးမှာ မဟုတ်လား။ ကျွန်တော် လာခဲ့မယ်"

အဆက်မပြတ်ပြောနေသော ဒေါက်တာဟန်ကြည်ကို မေထရွှန် ဒေါ်ခင်ဝင်းက အံ့အားသင့်သလို ကြည့်လိုက်သည်။ နော်ရင်မွှေးမှာ ဘာပြောရမှန်းမသိအောင် အံ့အားသင့်သွား၏။ ရူပါဦး ရှိနေသောကြောင့် ပို၍ အားနာသွားသည်။ ဘာကို အားနာရမှန်းမသိ။

"အို . . . ကျွန်မမှာ ပန်းပင်တွေ အများကြီးရှိပါတယ် ဒေါက်တာ။ ဟို . . . တခြား ဒေါက်တာ ပေးချင်တဲ့လူတွေကိုပဲ ပေးလိုက်ပါ"

"ကျွန်တော်က ခင်ဗျားတစ်ယောက်တည်း ပေးချင်တာဗျ"

ရုတ်တရက် ဘာစကားမှ မပြောနိုင်အောင် ကြောင်သွားပြီး တစ်ခန်းလုံး တိတ်သွား၏။ ဒေါက်တာဟန်ကြည်က ဘာမှုမသိ နားမလည်သော ကလေးတစ်ယောက်ကဲ့သို့ သူပြောချင်သည့်စကားကို ဇွတ်ပြောနေပုံ ရသည်။

"ဩော် . . . ကျွန်မကတော့ ပန်းပင်တွေကို မကြည့်အားပါဘူး။ သမီးကပဲ ကြည့်တာ။ သမီးက သူ့အဖေလိုပဲ၊ ပန်းပင်စိုက် သိပ်ဝါသနာပါတာ။ ကျေးဇူးတင်ပါတယ်။ ဒေါက်တာ လာမပို့ပါနဲ့။ အားနာပါတယ်။

သမီးကိုပဲ လာယူခိုင်းပါ့မယ်။ ညနေကျမှ သမီးလာရင် ဒေါက်တာ့ဆီကို လွှတ်လိုက်မယ်နော့”

“မလွှတ်ပါနဲ့ဗျာ။ ဒီအမေနဲ့ ဒီသမီးကို ခွဲထားရတာတောင် ကျွန်တော် ဝဋ်လိုက်မှာကြောက်နေမိတယ်။ ဒါပေမဲ့ အစ်မက သမီးကို ကြင်နာတတ်ရုံမကဘူး။ လူနာတွေကိုလည်း ကြင်နာတတ်ပါတယ်။ ညမအိပ်ဘဲ စောင့်ကြည့်တဲ့ သူနာပြုဆရာမကို စံပြဆု ပေးရမယ်”

နားမလည်သော မျက်လုံးဖြင့် သူ့အား မော့ကြည့်မိသည်။ သူက မိမိ မျက်လုံးကို စူးစူးစိုက်စိုက်ကြည့်နေသည်။ သူ့မျက်လုံးကို ကြာကြာရင် မဆိုင်ရဲ၍ ချက်ချင်း မျက်နှာလွှဲပြီး ဆေးပုလင်းများကို ကယောင်ကတမ်း လိုက်စီနေမိသည်။ တိတ်ဆိတ်မှုကို မခံနိုင်၍ တစ်စုံတစ်ခုအတွက် ထွက်ပေါက်ရှာမိသည်။

“ပန်းကလေးတွေက လှလိုက်တာ။ တို့လည်းယူမယ်---- ယူကြဦးမလား”

မေထရွှန် ဒေါ်ခင်ခင်ဝင်းက ထွက်ပေါက်ရှာကာ အခြေအနေကို ထိန်းသိမ်းလိုက်သည်။

“ဟင့်အင်း မလှချင်ပါဘူး။ ရူပါတို့က ပန်းပန်ဖို့မလိုဘူး။ မမတို့လို ကလေးတစ်ယောက်နှစ်ယောက်လောက် ရရင်တော့ ပန်းပန်ဖို့ လိုလာမှာပေါ့။ အဲဒီကျမှပဲ ပန်တော့မယ်”

ရင်ထဲတွင် စူးနစ်သွားသည်။ ဒေါက်တာဟန်ကြည်ကလည်း ပခုံးနှစ်ဖက်ကို ဆတ်ခနဲ တွန့်ရင်းက. . .

“ခင်ဗျားကိုလည်း ပေးမယ့်လူမရှိပါဘူး”

“ဘာ. . . ပြော. . . တယ်”

ရူပါဦးအသံက အနည်းငယ်ကျယ်လောင်သွားသည်။ ထိုစဉ် လွယ်အိတ်ကလေးလွယ်ပြီး အခန်းထဲပြေးဝင်လာသော ကလေးကြောင့် အခြေအနေသည် ပြောင်းလွဲသွားတော့၏။

“မိုးရေ. . . မိုး”

“ဟယ်. . . ကလေးလာတယ်။ ကျောင်းလည်း မလွှတ်သေးဘဲနဲ့”

ကလေးက ချွေးသံရွှဲရွှဲနဲ့ သူ့ခါးကို ဖက်လိုက်ရင်း–

“ကလေးတို့ စာမေးပွဲနီးပြီလေမိုးရဲ့၊ ခုံစီမယ်ဆိုလို့ လွှတ်လိုက်တာ”



“ကလေးတစ်ယောက်တည်း လာတယ်”

“ကလေးသူငယ်ချင်းနဲ့ အတူတူဆိုက်ကားစီးလာတာ။ သူက ဒီဆေးရုံနားမှာပဲ နေတာ”

“နေပူလိုက်တာကလေးရယ်၊ ချွေးတွေရွှဲလို့”

ခါးမှ လက်ကိုင်ပဝါလေးကို ဖြုတ်ပြီး ကလေးမျက်နှာလေးကို တယုတယ သုတ်ပေးလိုက်သည်။ အားလုံးက သားအမိနှစ်ယောက်အပေါ် အာရုံစိုက်သွားကြ၏။

“အစ်မသမီးက အစ်မမျက်လုံးနဲ့ တစ်ပုံစံတည်း”

“ဟုတ်တယ်၊ နှာတံတို့ ပါးစပ်တို့က သူ့အဖေနဲ့ တူတယ်လေ။ ဟင်း . . . ဟင်း”

တမင်သက်သက် မိမိတွင် ကာမပိုင်ရှိခဲ့ကြောင်းကို မလုံမလဲနှင့် ထပ်ထပ်ပြောနေမိသည်။ အကျဉ်းအကျပ်ကြားထဲတွင် ရောက်လာသောကလေးကို အလိုလိုကျေးဇူးတင်မိသည်။

“ကလေး ဆာလာသလား၊ မိုး မုန့်လိုက်ကျွေးမယ်နော်” ကမန်းကတန်း ပိုက်ဆံအိတ်ကိုဆွဲပြီး–

“မေထရွှန် ကျွန်မ သွားလိုက်ဦးမယ်နော်”

ဘယ်သူမှ မကြည့်ဘဲ ကမန်းကတန်း ထွက်လာသော်လည်း–

“ဟာဗျာ. . . ကျွန်တော်ပါ လိုက်စားမှာပေါ့။ ညှိသည်ကို ဒီအတိုင်း ထားခဲ့ရသလား။ ဘယ်ရမှာလဲ”

ပြောပြောဆိုဆိုနှင့် မိမိနောက်သို့ လိုက်လာသော ဒေါက်တာဟန်ကြည်ကြောင့် ရင်ထဲမှာ တင်းကျပ်သွားသည်။

“ဩော်. . . ဒေါက်တာရယ်”

အားနာသောစိတ်နှင့် မပြောသာဘဲ ကလေးကို လှမ်းကြည့်လိုက်သည်။ ကလေးက မိမိအား နားမလည်သလို မော်၍ကြည့်နေသည်။

“ကလေး. . . ဒီဦးဦးဒေါက်တာကလေ အသစ်ရောက်လာတာ။ ကလေးမမြင်ဖူးဘူး မဟုတ်လား”

“ဟင့်အင်း. . .”

“ကလေးက ကျွန်မ ဂျူတီကျတိုင်း လိုက်အိပ်နေတာ ဆေးရုံက ဆရာဝန်တွေ အားလုံးနဲ့ခင်တယ်၊ နောက်ပိုင်းမှာ ကျွန်မလည်း ဒေသန္တရ

ကိုရောက်သွားတော့ ဒေါက်တာတို့လာတာနဲ့ နည်းနည်းအဆက်ပြတ်သွားတယ်။ နောက်ဆို ကျွန်မ ဂျူတီကျရင် ကလေးလည်းလိုက်လာပြီး ဆေးရုံမှာပဲ စာကျက်၊ ဆေးရုံမှာအိပ်ပေါ့။ မတတ်နိုင်ဘူးလေ ဒေါက်တာရယ်။ ကျွန်မတို့မှာ ဒီသားအမိနှစ်ယောက်တည်းရှိတာ”

“အစ်မရယ် မိန်းမသားတစ်ဦးတည်း မသင့်ပါဘူးဗျာ”

“မသင့်ပေမယ့် ကျွန်မဘဝမှာ နေတတ်ပါတယ်။ ဒီသမီးကလွဲလို့ ကျွန်မ ဘယ်သူ့ကိုမှ မတွယ်တာချင်တော့ဘူး”

မသိမသာ ဦးတည်၍ လာသောမြားဦးကို ရှောင်ရှားရသည်မှာ လွန်စွာမောပန်းဖွယ်ရာ ကောင်းလှသည်။ မိမိဘဝတစ်သက်တာတွင် ဤကဲ့သို့မုဆိုးမဘဝနှင့် အဆန်ခရီးကိုပဲ လျှော်ခတ်နေရပေဦးမည်။ ပတ်ဝန်းကျင်၏ ရိုက်ပုတ်မှုမုန်တိုင်းကို ကြံ့ကြံ့ခံနေရပေဦးမည်။

“မုဆိုးမ တစ်ခုလပ်ဆို လူတွေက ဘာလို့များ အလိုလို အထင်သေးကြပါလိမ့်နော်”

ထိုနေ့အဖို့တော့ ဒေါက်တာဟန်ကြည်သည် မိမိတို့သားအမိနှစ်ယောက်နှင့် ရွှေဆံတော်ဘုရားဝင်းနားရှိ ဒေါ်ပိုမုန့်ဟင်းခါးဆိုင်အထိ စက်ဘီးနှင့်သွားကြပြီး မုန့်စားကြသည်။ ဒေါက်တာဟန်ကြည်က သူကျွေးမည်ဆို၍ ပိုက်ဆံ အတင်းထုတ်ရန် ကြံစည်သော်လည်း မိမိကပါးနပ်စွာ အလျင်ပေးထားလိုက်သည်။

ကလေးက ဒေါ်ပိုမုန့်ဟင်းခါးကို အသုပ်နှင့်နှစ်ပွဲစားသည်။ ဒေါက်တာဟန်ကြည်ကလည်း နှစ်ပွဲစားသည်။

“ကောင်းလိုက်တာဗျာ၊ ကျွန်တော် တစ်ခါမှ မစားဖူးဘူး”

“ကျွန်မတို့တစ်တွေက ဒီမုန့်ဟင်းခါးကို အသည်းပဲ။ ဟိုဘက်က ဗိုလ်မှူး ဖိုးကွန်းလမ်းမှာ ဆိုင်ခွဲတစ်ခုရှိသေးတယ်လေ”

မုန့်ဖတ်ကို ပေါက်ပေါက်မုန့်၊ ဆီချက်၊ ဟင်းရည်နည်းနည်းနှင့် ချဉ်ငန်စပ်ကို လိုသလို သုပ်ပေးပြီး ပဲတောင့်ရှည်ပါထည့်သုပ်ထားသည်။ ပြီးတော့ ဟင်းရည်ကျဲပူပူလေးကို မှုတ်သောက်ရသည့် အရသာကို လွန်စွာ နှစ်သက်ကြ၏။

ဆေးရုံဆီသို့ ဒေါက်တာနှင့် အတူတူ တွဲမဝင်ချင်သောကြောင့် ဒေါက်တာဟန်ကြည်အား လှည့်ပတ်ထွက်ရန် ကြံစည်လိုက်သည်။



“ဒေါက်တာ ကျွန်မတို့သားအမိနှစ်ယောက် ဒီနားက အသိအိမ်ကို ဝင်လိုက်ဦးမယ်၊ ဒေါက်တာသွားနှင့်ပါ”

“ဟာဗျာ. . .ပျင်းစရာကြီး ကျွန်တော်လည်း လိုက်မှာပေါ့။ နော်. . . . သမီး၊ ဦးဦးလည်းလိုက်မှာပေါ့”

အမိုးနား တွယ်ကပ်နေမှန်းသိ၍ ကလေးက မျက်စောင်းထိုးလိုက်ရင်း–

“မလိုက်ပါနဲ့ ဦးဦးလိုက်တာ မကောင်းဘူး”

“ဟာ. . . . ဘာလို့မကောင်းရမှာလဲ သမီးရဲ့”

“မိုးနဲ့ လွတ်လွတ်လပ်လပ် စကားပြောလို့ မရဘူးပေါ့”

ကလေးသည် ခါတိုင်းလူစိမ်းမရှိလျှင် မိမိအား တွတ်တီးတွတ်တာ ပြောတတ်သော်လည်း လူစိမ်းရှိလျှင် မိမိ၏ ဆုံးမစကားကြောင့် ထူးခြားစွာ ငြိမ်သက်၍ နေသည်။

“အခုလည်း ပြောလို့ရပါတယ်။ ဦးဦးက မပိတ်ပင်ပါဘူး။ ကလေးစကားပြောတာကို ဦးဦးက ကြားချင်လို့ပါ”

“ဟင့်အင်း. . . . မိုးက မှာထားတယ်၊ သူစိမ်းတွေရှိရင် စကားမများရဘူးတဲ့၊ နော်. . . မိုး”

ခေါင်းညိတ်ရင်းက ရယ်သွမ်းမိသည်။ နောက်ဆုံးတော့ မိမိလည်း ဘယ်မှုမသွားဖြစ်တော့ပေ။ တွယ်ကပ်လာသော ဒေါက်တာဟန်ကြည်ကြောင့် ဆေးရုံသို့သာ အမြန်ပြန်သွားရ၏။ ဒေါက်တာဟန်ကြည်နှင့် လမ်းခွဲသောအခါ ကလေးက တီးတိုးမှတ်ချက်ချလိုက်သည်။

“အဲဒီလူကြီးက ဘယ်လိုကြီးလဲ မသိဘူးနော် မိုး။ မိုးကို အတင်းလိုက်ကပ်နေတာပဲ။ နောက်တစ်ခါ သူနဲ့ မခေါ်နဲ့နော်မိုး”

လူကြီးသဖွယ် ပူတတ်သော ကလေးကြောင့် ကြည်နူးစွာ ရယ်မောမိသည်။ နောက်ပိုင်းတွင် ကလေးသည် ဒေါက်တာဟန်ကြည်နှင့်ပတ်သက်၍ မကြာခဏ သဝန်တိုတတ်လာသည်။ ကလေးအဖို့ သူ့ထက်သူများကို ပိုတွယ်သွားမည်စိုးသောကြောင့် ဝန်တိုစိတ်ကလေးက အမြဲရှိနေ၏။

ထို့ကြောင့် ဒေါက်တာဟန်ကြည် အိမ်လာလည်၍ စကားပြောလျှင် ကလေးက နှုတ်ခမ်းစူကာ ရှောင်နေတတ်သည်။ ပြန်သွားလျှင်လည်း စကားမပြောဘဲ စိတ်ကောက် ဆန္ဒပြနေတတ်လေ၏။

ဒေါက်တာဟန်ကြည်ကို ဘယ်မျှအထိ ရှောင်ရှားနေသည်ကို သမီး

သိစေချင်သည်။ တစ်ခါတစ်ရံ အားမနာတမ်း ပြောချသော်လည်း ဒေါက်တာဟန်ကြည်က အပြုံးမပျက်ပေ။ ဆေးရုံမှအားလုံးက သိလာကြသဖြင့် အတင်းစကား ဆိုကြသည်။ သို့သော် ဒေါက်တာဟန်ကြည်အား အပြစ်တင် စကားဆိုခြင်းထက် မိမိအပေါ် အပြစ်တင်ခြင်းက ပိုနေသည်။

"အရင် ဒီဒေါက်တာက မိန်းကလေးဆိုရင် စေ့စေ့တောင် ကြည့်တာမဟုတ်ဘူး။ သူက တောထဲမှာ ဒေါက်တာနဲ့နှစ်ယောက်တည်း နေခဲ့ပြီး ဘာတွေ ညှုနေလဲမှ မသိတာ။ ပြန်လည်းလာရော တန်းတန်းစွဲနေတော့တာပဲ"

"ကလေးကို မုန့်ပေးကြိုက်တယ်ဆိုတာ ဒါမျိုးပေါ့။ သူက အိမ်ထောင်သည်ဆိုတော့ ဒါမျိုး အထာကျွမ်းပြီးသားပဲ"

ခွဲစိတ်ခန်း၌ လူလိုနေသောကြောင့် ဆရာဝန်ကြီးက မိမိအား လက်မလွှတ်ပေ။ ဆရာဝန်ကြီးသည် မိမိအား လွန်စွာသဘောကျသူပီပီ သူ့လုပ်ငန်းတွင် အမြဲပါဝင်စေသည်။ ရှုပါဦးက ကျောင်းပြီးခါစ ဖြစ်သောကြောင့် အလုပ်ခွင်မကျွမ်းကျင်သည့်အပြင် ဒေါက်တာဟန်ကြည်လောက် မသွက်လက်သဖြင့် ခွဲစိတ်ခန်းသို့ ဒေါက်တာဟန်ကြည်ပါ ခေါ်ထားလိုက်သည်။ နောက်ပိုင်းတွင် ဆရာဝန်ကြီး၏လက်ရုံးတစ်ဆူ ဖြစ်လာသောကြောင့် မိမိအဖို့ ရှန်း၍မလွတ်သာတော့ပေ။

မိမိကို နားလည်သူမှာ မေထရွှန်ဒေါ်ခင်ဝင်းနှင့် အေးအေးမြင့်သာ ရှိ၏။

"ကိုယ်မှန်ရင် ပြီးတာပဲပေါ့"

ဟူသော စကားနှင့် ပတ်ဝန်းကျင်၏ထိုးနှက်မှုကို ကြံ့ကြံ့ခံနေ၏။ ထိုအခါမျိုးတွင် ချစ်သောဆရာအား တမ်းတမိသည်။

ရင်မွေးဘဝက သူများ မေးငေါ့ခံဖို့အတွက် မွေးဖွားလာသလားပဲ ဆရာရယ်။

သားအမိနှစ်ယောက်စလုံးက ဒေါက်တာဟန်ကြည်အား အမျိုးမျိုးတိုက်ခိုက်ကြသည်ကို ဒေါက်တာဟန်ကြည်က ရအောင်တွန်းထိုး၍ ဝင်လာလေ၏။

ကလေးက ဒေါက်တာဟန်ကြည် လာသည်ကိုမြင်လျှင် မိမိအား အတင်းပုန်းခိုင်းပြီး သူကချည်းစည့်ခံ၍ မရှိဘူးပြောလွှတ်သည်။ ဒေါက်တာဟန်ကြည်က စောင့်နေမည်ဆိုလျှင် မစောင့်ပါနဲ့၊ မိုးက သိပ်ကြာမှာဟု



ပြောပြီး အတင်းနှင်လွှတ်တတ်၏။

မလွဲမရှောင်သာ၍ ဂျူတီကျသောအခါ ကလေးပါ လိုက်လာရပြီး ငြိမ်သက်စွာ စာကျက်နေသည်။ ကလေးသည် သိတတ်စအရွယ်မှစပြီး လူ့အရိပ်အကဲကို နားလည်တတ်လာ၏။ လူသားတိုင်း၏အရိပ်အခြည်ကို ကြည့်ပြီးမှ စကားပြောတတ်၊ ဆက်ဆံတတ်သော ကလေးဖြစ်သည်။ နေရာဌာနကိုလည်း ကြည့်တတ်၏။ ယခုမူ ဒေါက်တာဟန်ကြည်ကို လမ်းပေါ်နှင့် အိမ်မှာတွေ့သောအခါတွင် ရန်လုပ်တတ်ပြီး ဆေးရုံတွင်တွေ့သောအခါတွင် ဘာသိဘာသာနှင့် မသိဟန်ဆောင်နေတတ်သည်။ သို့သော် ဒေါက်တာဟန်ကြည်ကမူ ကလေးအား စနောက်တတ်၏။

"သမီးလေးက အစ်မလိုပဲ။ မျက်လုံးတစ်ချက် လှန်ကြည့်ရင် အကြည့်ခံရတဲ့လူတိုင်း ဒုက္ခရောက်သွားနိုင်တယ်"

မကျေမနပ်နှင့် ဒေါက်တာဟန်ကြည်ကို လှမ်းကြည့်လိုက်မိသည်။ ထိုအခါ ဒေါက်တာဟန်ကြည်က ရယ်မောလိုက်ရင်း–

"အစ်မ အဲဒီလို မကြည့်နဲ့ဗျာ။ ကျွန်တော် ရင်ဖိုလွန်းလို့"

သူက ရွှတ်နောက်နောက်ပြောလိုက်သော်လည်း အနားမှလူများကြောင့် ရင်ထဲတွင် ဒေါသဖြစ်သွားမိ၏။ သို့သော် ဘာမျှ မဖြစ်သလို မဲ့ပြုံးပြုံးရင်းက –

"ကျွန်မ အကြည့်ကြောင့် ရင်ဖိုရင်လည်း ဒေါက်တာ ဝေးဝေးရှောင်နေပေါ့။ ဒေါက်တာက အဲဒီလို ပြောလိုက်ပေမယ့် ကျွန်မကတော့ ရင်ခုန်တယ်ဆိုတာ မရှိဘူး။ ကျွန်မ ဘယ်သူ့အပြော ဘယ်သူ့အကြည့်မှ ရင်မခုန်တတ်ပါဘူးရှင်။ ဘာလို့လဲဆိုတော့ ကျွန်မက ကလေးအမေပဲ။ ဒေါက်တာကတော့ လူပျိုဆိုတော့ မိန်းကလေးတွေကြည့်တိုင်း ရင်ကိုဖိုရမှာပဲ မဆန်းပါဘူး"

"ဒါပေမဲ့ အဲဒီအတွက် ရင်ဖိုနေရင်တော့ ဒေါက်တာ့ဘဝ အမှောင်ဖြစ်သွားမှာပေါ့"

ရှည်လျားစွာပြောချလိုက်ပြီး လှည့်ထွက်လာခဲ့သည်။ နောက်ပိုင်းတွင် ပြဿနာက ကြီးမားစွာ ကျန်ခဲ့လိမ့်မည်။ ဒေါက်တာဟန်ကြည် ရှက်ပြီး ထွက်သွားလိမ့်မည်ဟု မိမိထင်ခဲ့သည်။ သို့သော် ဒေါက်တာဟန်ကြည်သည် နောက်မဆုတ်သည့်အပြင် အားလုံးကို ကြေညာပြီး ရှေ့သို့ ခြေလှမ်း

တိုးလာကြောင်း မေထရွန်ဒေါ်ခင်ဝင်းပြောမှ သိရ၏။

"မင်း ဆရာဝန်တစ်ယောက်ကို ဒီလိုပြောတာတော့ မကောင်းဘူး"

"လုပ်ငန်းခွင်ထဲမှ ကျွန်မလူတိုင်းကို လေးစားပါတယ် မေထရွန်။ ဒါပေမဲ့ ကျွန်မ ကိုယ်ရေးကိုယ်တာကို ထိလာရင် သည်းမခံနိုင်ဘူး။ ကျွန်မ သည်းခံနေရတာ ကြာပြီ။ ဒါကို မေထရွန်တို့အသိပဲ"

"အိုကွယ် . . .အချင်းချင်းတွေပဲ။ ရင်းနှီးလို့ပြောတာပဲကွယ်။ ရင်မွေးက ဒီလိုပြောလိုက်တော့ ဟိုက ပွင့်ထွက်လာပြီး ရင်မွေးကို သူတကယ် ချစ်တာ။ ဘယ်သူ့အပေါ်မှာမှ ဒီလိုစိတ်မျိုး မဖြစ်ဖူးဘူးတဲ့။ အခုရင်မွေး ဟာ လွတ်လပ်သူမို့ သူချစ်တာပါ။ ဘာအပြစ်မှ မရှိဘူး။ မေထရွန်ကိုပါ ကူညီပါလို့ပြောနေတယ်"

"ဟင်း . . . "

နာကြည်းစွာ တစ်ချက်ရယ်လိုက်သည်။

"ကျွန်မ သူများ လွတ်လပ်ခွင့်ကို မပိတ်ပင်ပါဘူး မေထရွန်။ သူ စိတ်ချမ်းသာသလို နေပါစေ။ အဓိကက ကျွန်မ နော်ရင်မွေးပဲ မဟုတ်လား"

"ရင်မွေးကို သမီးချင်းစာနာပြီး မေထရွန် အကြံပေးချင်တယ်။ ဒေါက်တာဟန်ကြည်က တကယ့်မေတ္တာစစ်နဲ့ ချစ်တယ်ဆိုရင် ရင်မွေးက လက်ခံဖို့ သင့်တယ်။ ကြာမရှိတဲ့ကန် မတင့်တယ်သလိုပေါ့"

"လင်မရှိတဲ့မိန်းမ မတင့်တယ်ဘူး ပြောချင်သလား မေထရွန်။ ရပါတယ်။ ရင်မွေးသမီးကို ဘယ်ပထွေးလက်ထဲမှ မထည့်နိုင်ဘူး။ မေထရွန်ရဲ့စေတနာကို ရင်မွေး လေးစားပါတယ်။ ကျေးဇူးလည်းတင်ပါတယ်"

ကလေးအတွက် မိမိတစ်ကိုယ်တည်း ရုန်းကန်နိုင်ပါသည်။ ကလေးထံတွင်သာ အချစ်များကို စုပုံထားချင်သည်။ ပြီးတော့ နှလုံးသားထဲတွင် ဆရာမှလွဲ၍ မည်သူ့ကိုမျှ အစားမထိုးချင်တော့ပေ။

"ဟော . . . ဆရာမ ဆေးလာပေးပြီ"

လူနာဆောင်များရှေ့တွင် ဆေးလှည်းကလေးကို ရပ်ပြီးငိုင်နေစဉ် လူနာတစ်ဦး၏အသံကြောင့် သတိဝင်လာပြီး တင်းထားသော မျက်နှာကို လျှော့ချရင်း ပြုံးလိုက်မိ၏။

"အခုချက်ချင်း သောက်ရမယ်နော်"

ဆေးလာယူသူများကိုမှာလိုက်သည်။ အချို့လူနာများက တစ်နေ့သုံး



ကြိမ်သောက်ရမည့်ဆေးကို တစ်ကြိမ်လျှော့သောက်ပြီး ဆေးကိုစုထားတတ်၏။ အချို့လူနာများက ဆေးခါးခါးကိုကြောက်၍ သောက်ချင်ယောင်ဆောင်ပြီး လွှင့်ပစ်သည်လည်းရှိသည်။ ထို့ကြောင့် ဆေးကို သောက်မသောက်ကိုယ်တိုင်စောင့်ကြည့်ရသည်။

"ရော် . . .အိပ်နေလားဝေ့။ ထပါဦး ညီမလေးရဲ့။ ဆေးသောက်ပြီးမှ အိပ်နော်"

လူနာကြည့်ချိန်ပြီး၍ ဧည့်များရှင်းနေသည်။ အချို့လူနာများက ညနေစောင်းသည်နှင့် အိပ်တတ်၍ နှိုးပြီးဆေးတိုက်ရသည်။ အဖျားတိုင်းရသည်။

"ဟယ် အဖျားနည်းနည်း ပြန်တက်နေပါလား။ ညီမ ဘာအဖတ် စားသေးသလဲ"

"မစားပါဘူး အရည်ပဲ သောက်နေတာ။ အန်တောင် အန်ချင်တယ်"

တိုက်ဖွိုက်လူနာက ညည်းညည်းညူညူပြောလိုက်သည်။ ငယ်ရွယ်သူမို့ စားကောင်းဆဲအရွယ်ဖြစ်သည်။

"အရည်ပဲ သောက်ပါ ညီမရယ်။ ဒါမှ မြန်မြန်နေကောင်းမှာ။ အဖတ်စားရင် အူတောင်ပေါက်သွားနိုင်တယ်။ ဒီရောဂါက ဆရာမစကားနားထောင်ပြီး ဆေးမှန်မှန်သောက်။ အရည်ချည်းပဲသောက်ရင် အပျောက်မြန်တယ်။ ကဲ . . . ဆေးသောက်ပါဦး။ ကော်ဖီနဲ့ သောက်မလား။ အစ်မ ဖျော်ပေးမယ်"

"တော်ပါပြီ အစ်မရယ်။ ရေအေးနဲ့ပဲ သောက်ပါတော့မယ်။ ကော်ဖီသောက်ရဖန်များတော့ အန်ချင်လာပြီ"

"အို ဒါဆို . . . ဘာလီနဲ့ သောက်မလား"

"အဒီပြောတာပေါ့၊ သောက်လိုက်နော်"

ချော့မော့၍ စိတ်ရှည်ရှည်တိုက်ရ၏။ ဘာပဲဖြစ်ဖြစ် မိမိဘဝတွင် လူနာများနှင့်သာ အချိန်ကုန်သွားတတ်သည်။ လူနာများကို ပြုစုနေရလျှင် စိတ်ချမ်းသာ၏။ အပါးနှင့် အစ်မတာဝါးမကို ပြုစုနေရသကဲ့သို့ စိတ်ထဲတွင် ထင်မှတ်ထားလိုက်သည်။ အပါးနှင့် အစ်မအတွက် မိမိဘာမျှ မလုပ်ပေးနိုင်မီ လောကကြီးမှ စောလျင်စွာ ထွက်ခွာသွားခဲ့ကြသည်မို့ တွေးမိလေတိုင်း ဝမ်းနည်း၍ ယူကျုံးမရဖြစ်မိသည်။

အထူးသဖြင့် အစ်မတာဝါးမအတွက် ဘာမျှအကူအညီပေးလိုက်ရဘဲ

ကိုယ့်မျက်စိရှေ့၌ပင် ဝေဒနာခံစားနေရသည်ကို ယောင်ချာချာနှင့် ကြည့်နေခဲ့သည့်အဖြစ်မျိုးကို မလိုလားတော့ပေ။ ထို့ကြောင့် လူနာသက်သောင့်သက်သာဖြစ်စေရန် အထူးဂရုစိုက်ရသည်။

"ဟော . . . ခြင်ထောင်တောင် ထောင်ပြီးပြီလား။ အိပ်တော့မယ်ပေါ့။ ဆေးသောက်ပြီးမှ အိပ်နော်။ အို . . . မထနဲ့လေ။ ကျွန်မ ရေယူပေးမယ်။ သိပ်အိပ်ချင်နေရင် နေနေ"

ကိုယ်တိုင်ရေငှဲ့ပေးပြီး ခြင်ထောင်ထဲသို့ ဆေးနှင့်ရေကို လှမ်းပေးလိုက်သည်။

"ကျေးဇူးပဲ ဆရာမ"

လူနာများကို ဆေးပေးပြီးသည်နှင့် အပြန်တွင် ခြင်ထောင်များကို ဝိုင်းထောင်ပေးသည်။ အိပ်ရာကို ဝိုင်း၍ ခါပေးသည်။

သို့သော် လုပ်ဖော်ကိုင်ဖက်များကိုမူ ရှောင်ရှား၍ မရ။ အမြဲတမ်း လူနာနားမှာချည်း နေ၍ မဖြစ်ပေ။ ဆရာများအခန်း ဆေးထားသည့်အခန်းထဲသို့ ဝင်ပြီး လုပ်စရာရှိသည်ကို လုပ်ရသည်။ ဘာမျှ လုပ်စရာမလိုလျှင် ကလေးနှင့်အတူ ဂဏန်းတွက်ပေး၊ ကလေးစာဖတ်ရလွယ်ကူအောင် မှတ်စုကလေးများ ထုတ်ပေး၏။

ကလေးသည် မိမိ၏ဆုံးမသွန်သင်မှုကြောင့် စာကို အထူးကြိုးစားသည်။ ဆေးရုံကိုလိုက်လာ၍ ဒေါက်တာရှုပါဦးတို့လို ငယ်ငယ်လှလှ ဆရာဝန်မလေးများကို အားကျသည့်စိတ်များ ဝင်နေတတ်၏။ မိမိကလည်း ကလေး အားကျစေရန် သူတို့တော်ကြောင်းကို အမြဲချီးကျူးပေးသည်။

"ရင်မွှေးသမီးက ရင်မွှေးလိုပဲ စကားသိပ်တတ်တာပဲ။ ဒေါက်တာဟန်ကြည်ကို ချဲတတ်တယ်"

"ဟင်း . . . ဘယ်လိုချဲတာလဲ"

"ဒေါက်တာဟန်ကြည်က ကလေးကို ဖထီးလိုချင်သလားလို့ မေး တော့။ ကလေးက ရှိပြီးသားပဲ။ မလိုချင်ပါဘူးလို့ ပြန်ပြောတယ်။ ဒီတော့ ဒေါက်တာအံ့ဩသွားပြီး သေသွားတဲ့ဖထီးကို ပြောတာမဟုတ်ဘူး။ အသက်ရှင်လျက် ဖထီးကိုပြောတာတဲ့။ ဒီတော့ ကလေးက ဘာပြန်ပြော သလဲ သိလား"

"ဟင့် . . . အင်း"

"အမိုးက ဖထီးပဲ၊ အမိုးကပြောတယ်။ အမိုးလည်း သူ၊ ဖထီးလည်း



သူပဲပေါ့လို့ ဆောင့်အောင့်ပြီး ပြောနေတာလေ။ ဒေါက်တာဟန်ကြည်က သိပ်သဘောကျနေတာ"

ရင်ထဲမှာ နင့်သွားသည်။ ကလေးရင်တွင်းမှ ခံစားချက်ကို ရယ်စရာလုပ်၍ ပြောနေကြ၏။ ကလေးဘဝတွင် မိမိသာ အားကိုးရာဖြစ်သည်။ ကလေးဦးနှောက်ထဲတွင် ဖခင်ဟူသော စကားတို့ မဝင်စေချင်။ သူ့အဖေနှင့်ပတ်သက်၍ လုံးဝမေ့ပျောက်ထားစေချင်သည်။ မိမိသည် ကလေးအား သူ့အဖေနှင့်ပတ်သက်၍ တစ်ခါမျှ စကားစပ်ပြီးမပြောမိအောင် သတိထားရသည်။ ကလေးဦးနှောက်ထဲတွင် အဖေသေပြီဟူသော အသိကို ရိုက်သွင်းထားသည်။ သို့သော် ကလေးအသက် လေးနှစ်ကျော်ကျော် ငါးနှစ်ခန့်က သိခဲ့သော အသိလေးက တစ်ခါတစ်ရံ ဦးနှောက်ထဲသို့ ဝင်လာတတ်သည်။ ယင်းအသိကို ဖွတ်ဖျောက်ခိုင်းထားသည်။ ကလေးသည် သူ့ဖခင်နှင့်ပတ်သက်၍ ဘာမျှမမှတ်မိတော့ပေ။

"ဟင် . . ."

ရင်ထဲတွင် ပူခနဲဖြစ်သွား၏။ စားပွဲပေါ်တွင် ကလေး၏တွက်လက်စ ဂဏန်းစာအုပ်ကိုသာ တွေ့ရသည်။ ကလေးစာကြည့်စေရန် စမ်းသပ်ခန်းထဲတွင် ထားခဲ့ခြင်းဖြစ်သည်။

"ကလေး ကလေး ဘယ်သွားနေလဲ"

ဆရာမများ အခန်းထဲကို လှမ်းကြည့်သည်။ ကလေးက မေထရွှန် ဒေါ်ခင်ဝင်းနှင့် ဆရာမ အေးအေးမြင့်ကလွဲလို့ တခြားသူများနှင့် ရင်းရင်းနှီးနှီး မနေဖူးပေ။ သူတို့နှစ်ဦးမရှိလျှင် ဆရာမများ အခန်းထဲသို့ ရောက်ခဲ၏။ ယခု မေထရွှန်ကလည်း ဂျူတီထွက်သွားလေပြီ။ အေးအေးမြင့်လည်း မရှိ။

ရေချိုးခန်းနှင့် အိမ်သာများဘက်သို့ လျှောက်ရှာကြည့်သည်။ မတွေ့ရသဖြင့် ရင်ထဲမှာပူသွား၏။ ကလေးသည် မိမိမသိဘဲ ဘယ်ကိုမျှ မသွားဖူးပေ။

"ကလေးကို တွေ့လား၊ ကလေး ဘယ်သွားသလဲ"

ဆရာမများအား တစ်ယောက်ပြီးတစ်ယောက် မေးကြည့်သည်။ အားလုံးက ခေါင်းခါနေ၏။

"စောစောက အဲဒီအခန်းထဲမှာ ဒေါက်တာဟန်ကြည်နဲ့ စကားပြောနေတာပဲ"

ဘာကြောင့်မှန်းမသိ။ ဒေါက်တာဟန်ကြည်နှင့် ရှိနေသည်ကို သိရ၍ အနည်းငယ်စိတ်အေးသွားသည်။ ဒေါက်တာဟန်ကြည်သည် လူနာများနှင့် ပတ်သက်၍ စိတ်ရှည်ကြောင်း။

ကလေးများကို ချစ်ခင်တတ်ကြောင်း သိထားသဖြင့် အနည်းငယ် ရင်အေးမိသည်။ ကလေးသည် ဒေါက်တာ ဟန်ကြည်နှင့် အဆင်ပြေသွားပြီး တစ်နေရာရာမှာ စကားပြောနေသလား။ အပြင်ထွက်သွားလျှင်တော့ မိမိကို မပြောဘဲ မသွားတတ်ပေ။

ဆေးရုံထဲ နေရာအနှံ့ရှာပြီး အပြင်ဘက်သို့ ထွက်လာသည်။ အပြင်ဘက်တွင် အမှောင်ထုက စိုးမိုးနေလေပြီ။ သစ်ပင်ကြီးများလည်း အိပ်ကုန်ကြ၏။ ငှက်ကလေးများလည်း ဆိတ်ငြိမ်နေလေပြီ။

သို့သော် တောင်ငူဆေးရုံသည် ရန်ကုန်–မန္တလေး ကားလမ်းမပေါ်မှာ ရှိပြီး လမ်းဆုံလမ်းခွမှာရှိ၍ ကားဂိတ်၊ ဆိုက်ကားဂိတ် ရှိသည်။ လူအစည်ကားဆုံးပင်ဖြစ်သည်။

ဆေးရုံဘေး ကားဂိတ်တွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိသည်။ ထိုဆိုင်တွင် ဒေါက်တာဟန်ကြည် ထိုင်နေကျမို့ လှမ်းကြည့်မိ၏။လင်းထိန်နေသော မီးရောင်အောက်တွင် ကလေးနှင့်ဒေါက်တာ ဟန်ကြည်တို့နှစ်ဦး ရယ်မော၍ စကားပြောနေကြသည်။

ထိုစဉ် ဒေါက်တာ ဟန်ကြည်က ကလေးခေါင်းကို လက်ဖြင့်ပုတ်၍ ရယ်လိုက်သည်ကို တွေ့ရသောအခါ ရင်ထဲတွင် ကျင်ခနဲဖြစ်သွား၏။ သူစိမ်းယောက်ျားတစ်ဦးက ခေါင်းကိုပုတ်၍ စကားပြောနေသည်ကို မိမိ မလိုလား။

ဘာမျှမမြင်တော့ဘဲ ကားလမ်းကို အတင်းဖြတ်ကူးလိုက်၏။ ဆိုက်ကားတစ်စီးနှင့် ရင်ဆိုင်တိုးမိသည်။ ဆိုက်ကားဘီးကို ဘရိတ်ဆွဲလိုက် သံကကျယ်လောင်စွာ ကြားလိုက်ရ၏။

"ဘယ်လိုလဲ ဆရာမရဲ့။ နည်းနည်းကြည့်ပါဦးလား"

"အို . . . ဆောရီး . . .ဆောရီး"

ကမန်းကတန်း တောင်းပန်ပြီး ဆိုင်တွင်းသို့ သုတ်သုတ်ကလေး ဝင်လိုက်သည်။

"ဟာင် အမိုး လိုက်လာတယ်"



မိမိကိုမြင်သောအခါ ကလေးမျက်နှာလေးမှာ ဝင်းလက်သွားသည်။ သို့သော် မိမိမျက်နှာက တင်းမာနေသောကြောင့် ကလေးမျက်နှာမှာ ချက်ချင်း တည်သွား၏။

"လာလေ . . . အစ်မ၊ ဒီမှာ ကျွန်တော်နဲ့ သမီးနဲ့ အဖွဲ့ကျနေတာ"

ဒေါက်တာဟန်ကြည်က ဘာမျှမဖြစ်သလို မိမိအမူအရာကို မသိဟန်ဆောင်ပြီး လှမ်းခေါ်လိုက်သည်။

"ဒေါက်တာ ကျေးဇူးပြုပြီး ကျွန်မရဲ့သမီးကို ကျွန်မ မသိဘဲ ခေါ်မသွားပါနဲ့။ ကျွန်မမှာ ရှာလိုက်ရတာ နှံ့နေတာပဲ"

"ထိုင်ပါဦး အစ်မရယ်။ ကျွန်တော်တို့ စကားပြောရအောင် အေးအေးဆေးဆေးပေါ့"

"ကျွန်မ ဂျူတီဝင်နေတယ်ရှင့်"

ရင်ထဲမှာ ခံပြင်းသွားသည်။ မိမိလိုက်လာမည်ကို ကြိုသိနေသောကြောင့် ကလေးအား ဓားစာခံခေါ်သွားခြင်းဖြစ်သည်။ သို့ဖြစ်၍ သူ မည်မျှပင် တားနေသော်လည်း ကလေးလက်ကိုဆွဲ၍ ပြန်လာဖြစ်အောင် ပြန်လာခဲ့သည်။ ဒေါက်တာဟန်ကြည်အပေါ် အားနာမှုဟူသည်မှာ မထားသင့်တော့ပေ။

ကိုယ့်ကို မရမက ပိုးတော့မည်ဟူ၍ ကြွေးကြော်ထားသူအပေါ်လိုက်လျောလျှင် မိမိဘက်က အမှားသာဖြစ်ပါသည်။

ကလေးလက်ကို ခပ်တင်းတင်းဆွဲကိုင်ရင်း ဆေးရုံထဲသို့ ပြန်ဝင်လာခဲ့သည်။ ကလေးက သူ့အပြစ်နှင့်သူမို့ ငြိမ်နေ၏။

"ကလေး နောက်ကို အမိုးမသိဘဲ ဘယ်မှ မသွားရဘူး။ အမိုးက ကလေးပျောက်လို့ ရှာလိုက်ရတာ နှံ့နေတာပဲ"

ကလေးက မိမိမျက်နှာထားကြောင့် ငိုမဲ့မဲ့ဖြစ်သွားသည်။ ထို့ကြောင့် ပင့်သက်လေး ရှိုက်လိုက်ရင်းက မျက်နှာကို လျှော့လိုက်ရသည်။

"ကလေးကို အမိုးဆူနေတာ မဟုတ်ပါဘူး။ ဒေါက်တာဟန်ကြည်နဲ့ သွားတာကို အပြစ်ပြောတာမဟုတ်ပါဘူး။ မိုးရဲ့လုပ်ဖော်ကိုင်ဖက်တွေပဲ။ မိုး ဘာစိတ်မချစရာရှိလဲ။ ဒါပေမဲ့ ကလေးက မပြောမဆိုဘဲ လိုက်သွားတော့ မိုးရှာရတာ ဘယ်လောက်ပင်ပန်းတယ် မှတ်သလဲ။ မိုး မသိဘဲ ဘာမှ မလုပ်ဖို့ ပြောနေတာ။ သွားချင်ရင် မိုးကို လာပြောပြီးမှ သွားပါ။ မိုး ထည့်မှာပေါ့"

ကလေးပေနံ့ကို ဖက်၍ နှစ်သိမ့်လိုက်သည်။ ထိုအခါမှ ကလေးက မိမိခါးကိုဖက်ရင်း–

"မိုးကလည်း ကလေးကို အဲဒီလိုကြီး မကြည့်ပါနဲ့နော်။ မိုး စိတ်ဆိုးမှာကို ကလေး သိပ်ကြောက်တာပဲ"

ပင့်သက်လေး ရှိုက်လိုက်မိသည်။ ခြော် . ... ကလေးဘဝအတွက် မိမိတစ်ဦးတည်း အားကိုးရာမို့ မိမိမျက်နှာညှိုးလျှင် ကလေးစိတ်ထဲ ညှိုးသွားသည်ကို စိတ်မကောင်းဖြစ်မိ၏။

မိမိသည်လည်း ကလေးတစ်ဦးသာ တွယ်တာရာမို့ ကလေးမျက်နှာ ညှိုးလျှင် မနေတတ်။

ကလေးသည် မိမိ၏ ကြေးမုံမှန်ကလေးပင်ဖြစ်ပါသည်။

❑

## အခန်း ၄

"ဒေါက်တာ ကျွန်မအားသာ ပြန်ပါရစေ။ ဒီနေ့ သိပ်နောက်ကျနေလို့ ကလေး မျှော်နေတော့မယ်"

"မှောင်နေတယ် ဆရာမတို့လမ်းက လူပြတ်တယ်။ ကျွန်တော် လိုက်ခဲ့မယ်"

"ကျွန်မ သွားနေကျပါ"

"သွားနေကျမို့ စိုးရိမ်တာပေါ့ဗျ"

သာမျှ ထပ်မပြောတော့ဘဲ စက်ဘီးကိုသာ အားကုန်နင်းလာခဲ့သည်။ ကလေးတို့ စာမေးပွဲဖြေရခါနီး၍ ဆရာမများက အချိန်ပိုခေါ်သည်။ ညနေ ၅ နာရီတွင် ပြီးမည်ဟု မှာထားသဖြင့် ကလေးအား လာကြိုမည် စောင့်နေပါဟု ပြောထားသော်လည်း အရေးပေါ်လူနာကို ခွဲစိတ်နေရသောကြောင့် အတော်လေး နောက်ကျသွားခဲ့သည်။ ၇ နာရီမှ ခွဲခန်းထဲမှ ထွက်ရသည်။ နွေဦးမို့ အမှောင်ထုမှာ နောက်ကျသော်လည်း အချိန်မှာ အတော်လေး လင့်နေသည်။

"အိမ်မှာ ကလေးတစ်ယောက်တည်း ဆာနေမလား မသိဘူး"

ကလေးအတွက်သာ စိတ်စော၍ စက်ဘီးကို အမြန်နင်းနေမိသည်။ ဒေါက်တာ ဟန်ကြည်က မိမိနားမှ လိုက်နင်းရင်းက –

"စိတ်မပူပါနဲ့ အစ်မရယ်။ အစ်မ သမီးက သိတတ်နေပါပြီ"

ဘောလုံးကွင်းဘေးမှ လမ်းသည် လူရှင်းနေသည်။ ထောက်လှမ်းရေး

စစ်တပ်ရှေ့မို့ ပို၍ ရှင်းနေသည်။ ကလေးကို အမှတ်(၅) ပကူးကျောင်းမှာ ထားသည်။ ကျောင်းနှင့်အိမ်က နီးသဖြင့် ကလေးဘာသာပြန်ပြီး မနက်၌သာ ကလေးကို ပို့ပေးထား၏။ ကလေးသည် သူ့ဘာသာသူ ပြန်လာပြီး အိမ်သော့ဖွင့်ကာ လွယ်အိတ်လေးကို ဘေးချ၍ အိမ်ဝတွင် ငုတ်တုတ် ကလေးထိုင်ရင်း မိမိအားမျှော်နေတတ်သည်။ မိမိနောက်ကျလျှင် အားငယ်စွာ ငိုတတ်သည်။ ထို့ကြောင့် ဘယ်တော့မှ နောက်မကျဝံ့ဘဲ အမြဲအချိန်မှန် ပြန်ရသည်။ ယခု ကလေးသည် အိမ်သို့ရောက်နေပြီး အိမ်ဝတွင် ထိုင်၍စောင့်နေတော့မည်။

"အစ်မရယ် အစ်မတို့သားအမိကို ကျွန်တော် ထာဝရစောင့်ရှောက်ပါရစေလားဟင်"

ဆတ်ခနဲ တုန်လှုပ်သွားသည်။ ဤကဲ့သို့ တိုက်ရိုက်မပြောဖူးပေ။ သွယ်ဝိုက်၍ ပြောတတ်သည်။

"ကျွန်မကို ဘာလို့ မျှော်လင့်နေတာလဲ ဒေါက်တာ။ ကျွန်မက ကလေးတစ်ယောက်အမေဆိုတာ ဒေါက်တာ သိသားပဲ။ ကျွန်မတို့ သားအမိနှစ်ယောက်အတွက် စောင့်ရှောက်စရာမလိုပါဘူး။ ကလေးအတွက် ပထွေးမလိုပါဘူး"

"အစ်မ ကျွန်တော့်ကို မချစ်နိုင်ဘူးလား။ အစ်မ အားမကိုးချင်လည်းနေပါ။ ဒါပေမဲ့ ချစ်သူအနေနဲ့ စဉ်းစားရင်"

"ဒါက ပိုမဖြစ်နိုင်သေးတယ်။ ကျွန်မမှာ ချစ်တတ်တဲ့စိတ် လုံးဝ မရှိဘူးဒေါက်တာ။ ကျွန်မ ချစ်ဦးသူနောက် ပါသွားပြီ။ အချစ်အတွက် အိမ်ထောင်ပြုချင်ရင် ကျွန်မ အချစ်ဦးကိုပဲ စဉ်းစားရမှာပေါ့။ အခု ကလေးအတွက် ကျွန်မကို သူစွန့်ခွာသွားတာ။ သူ့ကိုပဲ ကျွန်မ စောင့်နေတယ်။ ဒါဆို ဒေါက်တာ နားလည်လောက်ပါပြီ"

ရင်ထဲမှ ပွင့်ထွက်သွားမိ၏။ ဖွတ်တရွတ်နိုင်သော သူ့ဖွဲ့ကို ဤနည်းနှင့်ပဲ နှင်ထုတ်ရပေတော့မည်။

"ဩော် . . . ကလေးရဲ့အဖေက အစ်မချစ်ဦးသူ မဟုတ်ဘူးပေါ့နော်"

"ဒေါက်တာကို ကျွန်မ ညာပြောတာ မဟုတ်ဘူး။ အချစ်ဆိုတာ ပူလောင်တယ်ဆိုတာ ကျွန်မ ခံစားတတ်ပါတယ်။ မျှော်လင့်ချက်နဲ့ မခံစားစေချင်ဘူး။ ဒေါက်တာ့ကို ချစ်သူအဖြစ်တော့ လုံးဝမဖြစ်နိုင်ပါဘူး။



မမျှော်လင့်ပါနဲ့ ဒေါက်တာ။ ကျွန်မ ထပ်ပြီးအိမ်ထောင်ပြုမယ်ဆိုရင် တောင် ကျွန်မချစ်ဦးသူကလွဲလို့ ဘယ်သူ့ကိုမှ ထပ်စဉ်းစားမှာ မဟုတ်ပါ ဘူး"

ဒေါက်တာဟန်ကြည်ထံမှ ပင့်သက် ပြင်းပြင်းချသံကို ကြားလိုက်ရသည်။ အနေတည်ပြီး အလုပ်အကိုင်တွင် စေ့စပ်သေချာသော ဆရာဝန်တစ်ဦးသည် အချစ်အတွက် ကလေးဆန်လွန်းလှသည်။

"ကျွန်တော် ကြိုးစားကြည့်ပါဦးမယ် အစ်မရယ်။ မိတ်ဆွေလို ခင်နိုင်အောင်ပေါ့လေ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

စကားသာပြောနေရသည် စိတ်ထဲမှာတော့ ကလေးကိုသာ သတိရနေမိ၏။ စက်ဘီးကို အားကုန်နင်းလာသောကြောင့် နားထဲမှာ လေသံတဝီးဝီးနှင့် "အမိုး . . . အမိုး" ဟု ခေါ်သံကို ကြားနေရသလိုလို ထင်မိသည်။ ထို့ကြောင့် ကလေးအတွက် စိတ်ပူလာသည်။

အိမ်ဝင်းထဲအရောက်တွင် တစ်အိမ်လုံး မီးများမှောင်နေသောကြောင့် ရင်ထဲထိတ်သွားမိသည်။ အိမ်တံခါး မဖွင့်သေးပေ။

"ဟင် . . . ကလေး မရောက်သေးဘူး"

တုန်လှုပ်သွားမိသည်။ အိမ်ပေါ်မှ ကမန်းကတန်း ပြေးဆင်းလာပြီး ခြံဝမှာရပ်၍ ကြည့်နေသော ဒေါက်တာဟန်ကြည်အား အားကိုးတကြီးနှင့် လှမ်းပြောလိုက်မိ၏။

"ဒေါက်တာ ကလေးမရောက်သေးဘူး။ ကျောင်းမှာထင်တယ်"

မိမိအသံများ တုန်ရီ၍ ငိုသံပါနေသည်။ ကလေးနှင့်ပတ်သက်၍ မိမိနှလုံးသား ပျော့ပျောင်းအားငယ်တတ်၏။ ဒူးများ တဆတ်ဆတ် တုန်လာကာ စက်ဘီးကို အားကုန်နင်းလာခဲ့၏။

"အစ်မရင်မွေး အရှိန်နည်းနည်း လျှော့လိုက်ပါဦး။ ကျွန်တော် ရှာပေးပါ့မယ်"

ဒေါက်တာဟန်ကြည်စကားသည် နားထဲသို့ ဝင်မလာပေ။ ရင်ထဲ၌ ကလေး ပြန်မလာသေးဘူးဟူသော အသိသာ စိုးမိုးနေလေပြီ။ ကလေးသည် မှောင်သည်အထိ ကျောင်းမှာမနေဖူးပေ။ မိမိ မလာလျှင် သူ့ဘာသာသူ ပြန်လာတတ်သည်။ ယခု မှောင်နေပြီ။

"အမိုး"

ရုတ်တရက်ခေါ်သံကြောင့် စက်ဘီးဘရိတ်နှစ်ခုလုံးကို ဆွဲညှစ်လိုက်ရာ အရှိန်တန့်သွားပြီး စက်ဘီးတစ်ခုလုံး လမ်းဘေးသို့ စိုက်ကျသွား၏။ ဝုန်းခနဲ လဲသံနှင့်အတူ ခေါင်းထဲမိုက်ခနဲ ဖြစ်သွား၏။

"အမိုး . . . အမိုး"

"ဖြစ်ရလေ အစ်မရယ်"

ကလေး၏ရင်ငွေ့နွေးနွေးလေးကို ခိုမိသောအခါ ရင်ထဲနွေးသွား၏။ ငိုသံနှောခေါ်သံသည် မိမိ၏စိတ်ကို ကြည်လင်သွားစေသည်။

"ကလေး . . . ကလေး ဘာမှမဖြစ်ဘူးနော်"

"မဖြစ်ပါဘူး အမိုးရယ်။ မိုးကို ကလေး စောင့်နေတာ"

"ဟာ . . . ကလေးက ဘာမှမဖြစ်ဘူး။ အစ်မက ဖြစ်နေတာ။ အစ်မ ထလို့ရလား။ ထကြည့်ပါဦး"

ဒေါက်တာ ဟန်ကြည်က မိမိအား ဆွဲထူလိုက်သည်။ ကလေးကလည်း တစ်ဖက်မှ ဆွဲထူပေးသည်။ တစ်ကိုယ်လုံး နာကျင်မှုကို ခံစားရ၏။ ခြေထောက်တစ်ဖက်မှာ မထောက်နိုင်အောင် နာကျင်သွားမိ၏။

"အား . . . နာလိုက်တာ"

"မိုး . . . သိပ်နာသလားဟင်"

ဒေါက်တာ ဟန်ကြည်ကိုတွဲပြီး လမ်းပေါ်တက်လာ၏။ ကလေးက လဲနေသော စက်ဘီးကို ပြေးထောင်လိုက်သည်။ လမ်းမီးရောင်ကို အားပြု၍ ဒေါက်တာဟန်ကြည်က မိမိဒဏ်ရာများကို စစ်ဆေးရင်း–

"နဖူးလည်း ပွန်းသွားတယ်။ လက်တံတောင်ဆစ်လည်း ကွဲသွားတယ်။ ခြေထောက်ကလည်း ထောက်မရဘူး။ ဒုက္ခပါပဲ အစ်မရယ်။ ကျွန်တော် သတိပေးနေသားပဲ။ ကလေးရေ ဆိုက်ကားတစ်စီးစီးကို စောင့်ကြည့်ပါစို့"

ဒေါက်တာဟန်ကြည်ကို ကြာရှည်စွာ မမှီလိုသောကြောင့်–

"ကျွန်မ ထိုင်နိုင်ပါပြီ ဒေါက်တာ"

"အစ်မ ကောင်းကောင်းထိုင်လို့ရရင် ကျွန်တော့်စက်ဘီးနောက်က ထိုင်လိုက်လာလေ။ ကလေးက စက်ဘီးနင်းတတ်သလား။ ဟာ . . . အစ်မ နဖူးက အတော်ကလေး ဒဏ်ရာရသွားပြီ ထင်တယ်"

သူက မိမိနဖူးမှ ဒဏ်ရာကို လက်ကိုင်ပဝါ အာငွေ့ပေးပြီး ကျပ်ထုပ်



ထိုးပေးနေသည်။ သူ့လက်များက တဆတ်ဆတ်တုန်ရီပြီး အသက်ရှူသံက မောဟိုက်သံပါနေသည်။ သူသည် မိမိနှင့်နီးကပ်စွာ နေနေရသည့်အတွက် စိတ်လှုပ်ရှားနေဟန်တူသည်။

"မိုးရေ . . . ဆိုက်ကားရပြီ"

"အေး . . . အေး ဒီနားခေါ်လာခဲ့ သမီး"

သူက လှမ်းပြောရင်းက ဆိုက်ကားရောက်လာသောအခါ ဘာမပြောညာမပြောနှင့် မိမိအား ဖွေ့ခနဲပွေ့ပြီး ဆိုက်ကားရှေ့ခုံပေါ် တင်လိုက်သည်။

"ကဲ . . . သမီး လိုက်သွား၊ ဦးဦး အနုလာခဲ့မယ်"

လမ်းတစ်ဝက်အရောက်တွင် သူ့စက်ဘီးက မိမိတို့ ဆိုက်ကားကို မီလာခဲ့၏။ သူက မိမိစက်ဘီးကို လက်တစ်ဖက်ဖြင့် ကိုင်ဆွဲလာပြီး သူ့ဘီးကို နင်းလာသည်။

အိမ်သို့ သူက အလျင်ရောက်နှင့်နေ၏။ ဆိုက်ကားခကို သူ့ဘာသာသူ ပေးလိုက်သည်။ ကလေးက ပြောနေစရာပင် မလိုတော့ဘဲ မိမိဆွဲခြင်းကို ယူပြီး အိမ်သော့ကို ဖွင့်လိုက်၏။

"ကျွန်မဆင်းနိုင်ပါတယ် ဒေါက်တာ"

အားနာ၍သာ ပြောလိုက်ရသည်။ ခြေတစ်ဖက်က အထောက် ခက်နေသည်။ သို့သော် ဒေါက်တာဟန်ကြည်သည် သူ့လုပ်ချင်ရာကို ဇွတ်လုပ်တတ်သူပီပီ မိမိအား တွဲထူမနေတော့ဘဲ ဆတ်ခနဲ ပွေ့ချီလိုက်သည်။

ရင်ထဲမှာ အေးခနဲ ဖြစ်သွား၏။ ပြီးတော့ အားနာသွားမိသည်။ မိမိ ဘယ်လိုမှ မချစ်နိုင်သော သူ၏ရင်ခွင်ထဲသို့ ရောက်နေသောကြောင့် ကိုယ့်အဖြစ်ကို ရှက်မိ၏။ ကလေးက ဖျာတစ်ချပ်ကို ကမန်းကတန်း ခင်းလိုက်သည်။

"ဦးဦး ဒီမှာချ"

ကလေးနှင့်ဒေါက်တာဟန်ကြည်သည် မီးရောင်အောက်၌ မိမိဒဏ်ရာများကို ဆေးကြော၍ ဆေးထည့်ပေးသည်။ ခြေသပွတ်တိုင်လည်သွားသောကြောင့် ဆွဲလှည့်ပေး၏။ ထို့နောက် ထမင်းကလွဲ၍ ဘာမှမချက်ရသေးသောကြောင့် မြို့ကြီးထိပ်ရှိ ပန်းရိုးမဆိုင်မှခေါက်ဆွဲကြော် သွားဝယ်လာပြီး အိမ်မှာပဲ စားသောက်ကာ ကလေးနှင့်အတူတူ ဝိုင်းကူလုပ်ပေးပြီး ပြန်သွားလေ၏။

ဆရာဝန်တစ်ဦးအနေဖြင့် အိမ်သားတစ်ဦးကဲ့သို့ အောက်ခြေသိမ်းဝိုင်းလုပ်ပေးနေသည်ကို အားနာမိသည်။ သူသည် မိမိဘဝထဲသို့ ဇွတ်တိုးဝင်ရန်ကြိုးစားနေလေပြီ။ သို့သော် မိမိရင်ထဲသို့ ဆရာနှင့်ကလေးက လွဲ၍ ဘယ်သူ့ကိုမျှ အဝင်မခံနိုင်ကြောင်း သူမသိလေရော့သလား။

ဒေါက်တာဟန်ကြည် ပြန်သွားသောအခါ ည ၉ နာရီ ထိုးနေလေပြီ။ ကလေးက စာပင်မကျက်နိုင်ဘဲ မိမိအနီးတွင် ထိုင်၍ ပြုစုပေးရင်းက

"မိုး မလာလို့ ကလေးစိတ်ကောက်နေတာ။ မိုးမလာမချင်း မပြန်ဘူးဆိုပြီး စောင့်နေရာ။ မိုးအနားမှာ ဦးဦးဒေါက်တာကို တွေ့ရတော့ သိပ်ဝမ်းနည်းတာပဲ။ ဦးဦးနဲ့မိုး လျှောက်လည်နေတာလို့ ထင်နေတာ။ အခုကလေးကြောင့် မိုး ခုလိုဖြစ်ရတာ"

ကလေးက တတွတ်တွတ်နှင့်ပြောနေသည်။

ကလေးသည် ဒေါက်တာဟန်ကြည်နှင့် ပတ်သက်၍ သဝန်တိုနေကြောင်း သတိထားလိုက်မိသည်။

"မိုးရယ် . . . နောက်ဆို ကလေးကို တစ်ယောက်တည်း မထားနဲ့နော်။ ပြီးတော့ ဦးဦးကိုလည်း ကလေးထက် ပိုမချစ်ပါနဲ့နော်"

"ဩော် . . . ဒီကလေးနယ် ဘာဆိုင်လို့ ချစ်မှာလဲ"

"သိဘူးလေ"

ကလေးက ရယ်မောရင်း မိမိကို ဖက်တွယ်ထား၏။ ကလေးသိတတ်လာလေလေ မိမိအပေါ်တွင် အားကိုးပြီး တွယ်တာစိတ် ဝင်လာလေလေဖြစ်သည်။ ထိုအခါ မိမိအဖို့ ကလေးကို ငဲ့ကွက်ရတော့မည်။ တစ်လောကလုံးတွင် ကလေးတစ်ဦးကိုသာ ဂရုစိုက်ရတော့မည်။

မိမိဘဝတစ်လျှောက်လုံးတွင် ကလေး၏စိုးမိုးမှုအောက်မှ ဘယ်လိုမျှ ရုန်းမထွက်နိုင်တော့ပေ။ ထို့အပြင် ဘယ်သူမျှလည်း တိုးဝင်၍ မရတော့ပါ။

"အစ်မတို့ သားအမိထဲကို ကျွန်တော် ဝင်မတိုးဝံ့တော့ပါဘူးဗျာ"

နောက်နေ့ နံနက် ဒေါက်တာဟန်ကြည် ရောက်လာပြီး မိမိအား မဲ့ပြုံးလေးနှင့် စကားဆိုလာသည်။

"ဒါပေမဲ့ အစ်မရယ်။ ကျွန်တော်ရဲ့ ပထမဦးဆုံးချစ်သူဟာ အစ်မပါပဲ။ အစ်မကိုပေါင်းစပ်ဖို့ မစဉ်းစားပေမယ့် ကျွန်တော့်အချစ်ကိုတော့ ဘယ်တော့



မှ ပြန်မရုပ်သိမ်းနိုင်ဘူး။ အချစ်ဆိုတာ အတူတကွ ပေါင်းသင်းနေနိုင်မှ မဟုတ်ပါဘူးဗျာ"

တအံ့တသြနှင့် သူ့ကို ငေးကြည့်နေမိသည်။ သူသည် ဆရာကဲ့သို့သော စကားမျိုးကို ပြောနေလေပြီ။ ဆရာကဲ့သို့ ရင့်ကျက်ခိုင်မာသော စိတ်ဓာတ် သူ့ထံ ရှိနေလေပြီ။

"တစ်ခုတော့ ရှိတယ်။ ကလေးကခွင့်ပြုရင် အစ်မ ကျွန်တော့်ကို လက်ခံမလား"

ရုတ်တရက် တစ်ဖက်က တောင်းဆိုလာသည်ကို ဦးခေါင်း ခါရမ်းလိုက်ရုံကလွဲ၍ ဘာမျှ မတတ်နိုင်တော့ပါ။

"ကျွန်မ နှလုံးသားထဲမှာ လူတစ်ယောက် ရှိနေဆဲပါ ဒေါက်တာရယ်။ ဒီထက် ကျွန်မ ပိုမပြောတော့ဘူး"

ထိုအခါ သူ့မျက်လုံးလေးအစုံမှာ မျှော်လင့်ချက် မှေးမှိန်သွား၍ မှိုင်းသွားသည်ကို သတိထားလိုက်မိသည်။

"ကျွန်တော် ယုံရမှာပေါ့ဗျာ။ ဒါပေမဲ့ အစ်မ တစ်ခုနားလည်ဖို့က ကျွန်တော့်ကို တလွဲမထင်နဲ့နော်။ ကျွန်တော် အစ်မတို့ သားအမိကို ဆွေမျိုးအရင်းအခြာလို စောင့်ရှောက်ပါ့မယ်။ ကျွန်တော့်ကို မောင်တစ်ယောက်လို သဘောထားပါ။ ဒီလိုစောင့်ရှောက်ရတာ အကျိုးမျှော်ကိုးလို့ မဟုတ်ပါဘူး။ ဒါကိုတော့ ယုံပါ"

"ကျွန်မ ဒေါက်တာ့ကို အားကိုးပါတယ်။ ဒါပေမဲ့ ပတ်ဝန်းကျင်က ရှိသေးတယ် မဟုတ်လား။ ကျွန်မတို့သားအမိဟာ ပတ်ဝန်းကျင်အပြောတော့ မခံနိုင်ဘူး။ ကျွန်မအတွက်ထက် ကလေးအတွက်ကို ပိုငဲ့ရမှာပေါ့။ ပန်းဖူးဘဝလေးနဲ့ နေလောင်သွားမှာ စိုးတယ် ဒေါက်တာရယ်"

ဒေါက်တာဟန်ကြည်နှင့် ပတ်သက်၍ မိမိရင်ထဲ ပေါ့ပါးကြည်လင်သွားခဲ့သည်။ အရွယ်ငယ်သော်လည်း နားလည်မှု ရှိသူပင် ဖြစ်၏။

တဇွတ်ထိုးလုပ်တတ်သောသူ ဖြစ်သောကြောင့် တစ်ခါတစ်ရံတွင် သူ့အား ကြောက်ရွံ့မိသည်။ သို့သော် လူကြီးတစ်ဦးကဲ့သို့ နားလည် ခွင့်လွှတ်တတ်၏။

"ပတ်ဝန်းကျင်ဆိုတာက အပေါ်ယံရှုပ်ထွေးပြီး အပေါ်ယံစကား ပြောနေကြတာပဲ။ ဒီလိုလူမျိုးတွေကို ကျွန်တော်တော့ အရေးလုပ်ပြီး ဂရုမစိုက်

ဘူး။ ပတ်ဝန်းကျင်ပြောမှာ ကြောက်လို့ အစ်မကို ကျွန်တော် မခေါ်ရဘူးလား"

မည်သို့မျှ ပြန်မပြောနိုင်ဘဲ မဲ့ပြုံးပြုံးလိုက်မိသည်။ ဒေါက်တာဟန်ကြည်က နော်ရင်မွှေး၏ ခြေထောက်ကို ဆေးလူးပေးပြီး ပတ်တီးစည်းပေးသည်။ ဒဏ်ရာများကို ထပ်မံ၍ ဆေးထည့်ပေး၏။ သူ၏ အပြုအမူများသည် အစ်ကိုကြီးတစ်ယောက်ကဲ့သို့ လေးစားဖွယ်ရာ ကောင်းလှသည်။

"ကျေးဇူးတင်ပါတယ် ဒေါက်တာရယ်။ ကျွန်မလေ အဲဒီလို သန့်ရှင်းတဲ့ မေတ္တာမျိုး သိပ်လိုချင်တာပဲ။ မျှော်လင့်တော့တာ ကြာပါပြီ ဒေါက်တာ"

ကြည်နူးမှုနှင့်အတူ မျက်ရည်များ ရစ်ဝဲလာ၍ နေသည်။ ဒေါက်တာဟန်ကြည်က ပြုံးလိုက်ရင်း မျက်ရည်များနှင့် ရွှန်းလက်နေသော နော်ရင်မွှေးမျက်လုံးကို ငေးကြည့်ပြီးမှ သက်ပြင်းလေး တိုးတိုးချရင်းက–

"အစ်မကို ကျွန်တော် နဂိုကတည်းက လေးစားပါတယ်။ ကြီးမားတဲ့ မိဘမေတ္တာများနဲ့ ပြည့်နှက်နေတဲ့ အစ်မက လောကကြီးမှာ တန်ဖိုးရှိတဲ့ မိခင်တစ်ယောက်ပါပဲ။ ပိုပြီး တန်ဖိုးရှိတာက အစ်မဟာ သမီးတစ်ယောက် အပေါ်မှာတင်မကဘူး ဒုက္ခရောက်နေတဲ့ လူသားတွေအပေါ်မှာပါ ပေးထားတဲ့ မေတ္တာအကြင်နာတွေပါပဲ"

"ကျွန်မလေ ကျွန်မရင်ထဲမှာ မေတ္တာတွေ အများကြီး ရှိတယ်။ ကျွန်မက ပေးရရင် ကျေနပ်ပါပြီ။ ဘယ်သူ့ဆီကမှလည်း တုံ့ပြန်မှုကို မျှော်လင့်မနေချင်ဘူး။ ကျွန်မမှာ တွယ်ငြိနေတဲ့ ကလေးသံယောဇဉ်နွယ်ကြောင့် ကျွန်မ ရည်ရွယ်ချက်တွေ ကျွန်မပေးထားခဲ့တဲ့ ကတိတွေအားလုံး တုပ်နှောင်ခဲ့ရတယ်။ ကျွန်မလေ ကျွန်မ ဒီကလေးအတွက် စွန့်လွှတ်မှုတွေ အများကြီး ပြုလုပ်ခဲ့ရတယ်။ ကလေးအပေါ် မျှော်လင့်ချက်ကြီးတွေနဲ့ စွန့်လွှတ်ခဲ့ရတာပါ။ ကလေးကို ဆရာဝန် သိပ်ဖြစ်စေချင်တယ်လေ"

နော်ရင်မွှေး၏ မျက်လုံးလေးများသည် ကြယ်ပွင့်ကလေးများကဲ့သို့ တဖျပ်ဖျပ် လင်းလက်လာ၏။ မျှော်လင့်မှု ယုံကြည်မှုများက မျက်နှာကို လွှမ်းမိုးပြီး ဝင်းပ၍ လာလေသည်။

သို့သော် ရင်ထဲတွင် စူးနစ်နေသော ဆူးလေးတစ်ဆူးကို သတိရလာသည့်အခါ အသည်းဆတ်ဆတ်ခါ နာကျင်လာသည်။

ဘယ်တော့များမှ မေ့ပျောက်မှာလဲ ဆရာရယ်။

□

## အခန်း ၅

"လေ့စီးရတာ ကြောက်စရာ ကောင်းလားဟင် မိုး"

ကလေးသည် စစ်တောင်းမြစ်ရေပြင်ကို ကြည့်၍ စိတ်လှုပ်ရှားသော အသံနှင့် မေးလိုက်သည်။

"မကောင်းပါဘူး၊ သိပ်ပျော်ဖို့ ကောင်းတယ်လေ"

"မိုး စီးဖူးလား"

"စီးဖူးတာပေါ့ ကလေးရဲ့"

"ဘယ်မှာ စီးဖူးတာလဲဟင်. . ."

"မိုးတို့ ငယ်ငယ်က"

ကလေး၏ အမေးကို စိတ်ရှည်လက်ရှည် ဖြေရင်းက ရုတ်တရက် တုံ့ဆိုင်းသွားသည်။ တအိအိနှင့် လှုပ်ရှားနေသော ရေပြင်ကို ကြည့်ရင်း ရင်ထဲတွင် လှိုင်းဂယက် ကလေးများ ထသွား၏။ ဇာတိမြေ ငါးပတ်အိုင်ရွာလေးကို တမ်းတမိသည်။

"မိုး. . . ကလေးမေးနေတယ်လေ။ ဖြေပါဦး။ မိုးတို့ငယ်ငယ်က ဒီလို သွားဖူးလားလို့"

"ဩော်. . . အင်း သွားဖူးတာပေါ့ကွယ်။ ခုတောင် ကလေးလည်း လေ့စီးရတော့မှာပဲ။ ကလေးရေ ဟိုမှာကြည့်စမ်း၊ မိုးတို့စီးရမယ့် စက်လှေလေး ထင်တယ်။ ဟုတ်တယ်နော် ကလေး။ ဥက္ကာမောင်ထင်တယ်"

ကလေးစကားကို သိသိသာသာ လွဲလိုက်ရင်းက အဝေးမှ လာနေသော စက်လှေကလေးကို ညွှန်ပြလိုက်သည်။ ဒေါက်တာဟန်ကြည်က နော်ရင်မွေး၏ ဖုံးကွယ်မှုကို ရိပ်မိဟန်နှင့် ပြုံးလိုက်သည်။

"ဥက္ကာမောင် မဟုတ်ပါဘူး မိုးရဲ့။ လှဝင်းနိုင်ပါ။ ဥက္ကာမောင်က မလာသေးဘူး။ ပြောပါဦးမိုးရဲ့။ မိုးတို့ငယ်ငယ်က လှေစီးတဲ့ အကြောင်းကိုလေ"

"မိုး မမှတ်မိတော့ဘူး ကလေးရယ်။ မိုးကတော့ အခု ကလေးနဲ့အတူတူ စက်လှေစီးရတော့မှာပဲ မှတ်မိတယ်။ ဒီလမ်းကို မိုးလည်း မရောက်ဖူးဘူး။ နည်းနည်းတော့ကြာမယ်။ အခု မိုးတို့သွားမှာ မြစ်ရဲ့ အထက်ဘက်ကို ဆန်တက်ရမှာမို့ ကလေးပျင်းနေမှာပဲ"

"ဘာလို့ ပျင်းရမှာလဲ။ မိုးပါတာပဲ။ အိမ်မှာ ကလေးတစ်ယောက်တည်း မထားခဲ့နဲ့ သိပ်ပျင်းတာပဲ။ ကလေးကျောင်းပိတ်တုန်း မိုးသွားတိုင်း လိုက်မယ်နော်။ ကလေးကိုခေါ်နော် ဦးဦး . . . ."

ကလေးက ဒေါက်တာဟန်ကြည်ထံလှည့်၍ စစ်ကူတောင်းလိုက်သဖြင့် ဒေါက်တာဟန်ကြည်က ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

ကလေးသည် သူတစ်ယောက်တည်း နေခဲ့ရမည့် အရေးကို တွေးကြောက်နေဟန်တူသည်။

မိမိအတွက် အဆင်ပြေသည်မှာ ဝမ်းရောဂါကာကွယ်ဆေးထိုးရန် အတွက်နယ်မြေအလိုက် ခွဲ၍ လွှတ်ရာ ယခင်အဖွဲ့အတိုင်း နယ်မြေခွဲ၍ လွှတ်သဖြင့် ဒေါက်တာဟန်ကြည် အေးအေးမြင့်နှင့်အတူတူ တာဝန်ကျပြန်သည်။

သို့သော် အေးအေးမြင့်ကား ခရီးထွက်ခါနီးမှ ကပ်၍ ဖျားနေသဖြင့် နော်ရင်မွေးနှင့် ဒေါက်တာဟန်ကြည်တို့ နှစ်ဦးတည်း ထွက်လာရသည်။

ထိုအခါတွင် ဒေါက်တာဟန်ကြည်က အစစ နားလည်သူပီပီ တစ်ညအိပ် နှစ်ညအိပ် ခရီးစဉ်များအတွက် ကလေးကိုပါ လိုက်ပါခွင့် ပေးသည်။ ကလေးရော နော်ရင်မွေးပါ အထူးပျော်ရွှင်နေ၏။

"ဦးဦးရေ တံတားကြီးက ဒီကနေကြည့်ရင် အကြီးကြီးပဲနော်။ ကလေးတို့ လျှောက်တဲ့အခါကျတော့ ကြီးမှန်းမသိသာဘူး"

ကလေးက တတွတ်တွတ်နှင့် စကားတွေ ဖောင်ဖွဲ့နေသည်။ ယခုနှစ်မှ



ဖွင့်သော စစ်တောင်းမြစ်ကူးတံတားသစ်ကြီးကို ကြည့်၍ အထူးပျော်ရွှင်နေ၏။ တစ်ခါတစ်ရံ ညနေအလုပ်အားချိန်၌ ဒေါက်တာဟန်ကြည်နှင့်အတူ စက်ဘီးစီး ထွက်ကြသောအခါ တံတားဘက်သို့ မကြာခဏရောက်လာတတ်သည်။ မီးများဖြင့် ထိန်နေသော တံတားသစ်ကြီးကို ကလေးသည် လွန်စွာ သဘောကျ၏။ တံတားပေါ်မှနေ၍ ဆီးကြည့်ရင်း ခုန်ပေါက်ပျော်မြူးတတ်သည်။ ယခုလည်း မြစ်ဆိပ်မှနေ၍ တံတားကြီးကို လှမ်းကြည့်ရင်းက ပျော်နေပြန်သည်။

"ဟော. . . . မိုးရေ၊ အခုမှ ဥက္ကာမောင်လာတာ။ ဟိုမှာလေ အမိုးစိမ်းစိမ်းလေးနဲ့ ဟုတ်တယ်နော်ဦးဦး"

"ဟုတ်တယ်နော်သဲဆူး၊ အဲဒါပဲ"

"ဟင်. . . . လူတွေကအပြည့်ပဲ။ ကလေးတို့ ဘယ်နားသွားထိုင်ရမှာလဲ။ ဦးဦးပြောတော့ ကလေးတို့ချည်းပဲ လှေတစ်စီးထဲဆို"

"ဟုတ်ပါတယ်သမီးရဲ့။ သူတို့က ရွာကပါလာတာလေ။ ရွာက လူတွေက မြို့ထဲမှာ ဈေးဝယ်ဖို့ လိုက်လာကြတာပါ"

"ကလေး လူတွေဆင်းလာရင် တိုက်မိမယ်။ လမ်းမှာ ပိတ်မနေနဲ့"

ဥက္ကာမောင်စက်လှေလေးက ကမ်းသို့ ကပ်လာသောအခါ ကလေးကို သတိပေးလိုက်သည်။ ဥက္ကာမောင်သည် စောစောက ကပ်လာသော လှဝင်းနိုင်ဘေးသို့ ထိုးရပ်လိုက်၏။ လှဝင်းနိုင်အလျင် ကြံတိုင်းအောင်က ကမ်းကို ကပ်ထားသောကြောင့် ဥက္ကာမောင်ပေါ်မှ ခရီးသည်များသည် လှဝင်းနိုင်နှင့် ကြံတိုင်းအောင်လှေပေါ်ကို ဖြတ်ကျော်ပြီးမှ ကမ်းပေါ်သို့ ရောက်လာ၏။

ရွာသားများသည် တစ်လှေနှင့်တစ်လှေ ကျွမ်းကျင်စွာဖြင့် ကူးသွားကြသည်။ တလှုပ်လှုပ်ဖြစ်နေသော လှေများကို ကလေးချီလျက် အထုပ်ထမ်းလျက် ကျော်သွားသော အမျိုးသမီးများကိုကြည့်၍ နော်ရင်မွေး အသည်းယားမိသည်။ လှေဆိပ်ရှိ အလုပ်သမားများကလည်း သူ့ထက်ငါ လုယက်၍ လှေပေါ်မှ အင်ဖက်ထုပ်များကို သယ်နေကြ၏။ ခရီးသည်နှင့်ကုန် အပြည့်ပင် ဖြစ်သည်။

အချင်းချင်း နှုတ်ဆက်စကားသံ၊ ရယ်မောနောက်ပြောင်သံများဖြင့် လှေဆိပ်တွင် ဆူညံ၍သွားလေသည်။

"ဆရာမ ရင်မွေးပါလား။ ကျုပ်တို့ရွာဘက် ဆေးလာထိုးမယ်ဆိုလို့ မျှော်နေတာ။ ကျုပ်တော့ နေ့လယ်မှရောက်မယ်နော်။ ကျုပ်အိမ်က ကောင်တွေတော့ မှာထားလေရဲ့"

"ဆရာမကိုတွေ့မှပဲ သတိရတော့တယ်။ ကျုပ်တို့ပဒဲကို မနက်ဖြန်မှ လာမှာပဲ။ ကျုပ်စောင့်နေမယ်။ မုန့်လုပ်ထားမယ်နော်"

နော်ရင်မွေး အသိမိတ်ဆွေများက တစ်ယောက်တစ်ပေါက် နှုတ်ဆက်သွားကြသည်။

"ဟာ. . . .ဒါ. . . .နင့်ညီမလား"

"မဟုတ်ဘူး သမီး"

"ဟာ ငါက နင့်ကို အပျိုအောက်မေ့လို့၊ ကြည့်စမ်း ကလေးက တော်တော်ကြီးနေပြီပဲ။ ငါ့ထက်သာသွားပြီ"

"အို ကိုတင်ဝင်းကလည်း"

ဒဲရွာမှ ရွာလူကြီး ကိုတင်ဝင်းက လှမ်းနောက်လိုက်သဖြင့် နော်ရင်မွေးက မျက်နှာနီနီနှင့် ရှက်ရယ်ရယ်မိသည်။ ကလေးက စူးခနဲ မျက်စောင်းထိုးလိုက်၏။

"လူကြီးကိုက ဘာပြောတာလဲ ငါ့ထက်သာတယ်လို့"

"ဟော. . . သူ့ကလေးတွေက ငယ်သေးလို့ ပြောတာလေ။ ကဲ ကလေး လှေပေါ်တက်စို့"

ကလေးက လှေစီးရတော့မည်ဖြစ်၍ ပျော်ရွှင်နေ၏။ ကလေးသည် တဝါးမသွေး ပါသောကြောင့် အရာရာကို ကြောက်ရွံ့ရကောင်းမှန်းမသိဘဲ ပျော်ရွှင်နေသည်။ တစ်လှေပြီးတစ်လှေ ဖြတ်ကျော်၍ ဥက္ကာမောင်ဆီသို့ ကူးသွား၏။

"ကလေး ကျမယ်နော်"

ငါးပတ်အိုင်နှင့်နန္ဒမိတ်ရွာတို့တွင် နှစ်ရှည်လများ လှေနှင့်အကျွမ်းဝင်သူမို့ လှေအဆင်းအတက်ကို မကြောက်သော်လည်း ငယ်ငယ်ကကဲ့သို့ မသွက်လက်ရဲပေ။ ဣန္ဒြေပျက်အောင် ချော်ကျမည်စိုး၍ သတိထားနေရသည်။ စိတ်မချစွာဖြင့် ဒေါက်တာဟန်ကြည်က မိမိနှင့်ကလေးကိုပါ စောင့်ခေါ်နေ၏။

သူကပဲ ဦးဆောင်၍ ဆေးသေတ္တာများ အိတ်များကို သယ်ပေးသည်။



ဒေါက်တာဟန်ကြည်သည် တခြားဆရာဝန်များကဲ့သို့ သူနာပြု ဆရာမကို ဆေးအိတ်မကိုင်ခိုင်းဘဲ သူ့ဘာသာသူသာ ကိုင်တတ်သည်။

ရွာမှ လာကြိုသူများနှင့်အတူ ဝိုင်းကူ၍ သယ်ပေးသည်။

"မထွက်သေးဘူးလား"

စက်လှေပေါ် ထိုင်မိသည်နှင့် ကလေးက စက်လှေထွက်ရန် စိတ်စောနေသည်။

"ဆီထည့်ရဦးမယ် သမီးရဲ့။ လမ်းတစ်ဝက်ကျမှ ဆီကုန်ရင် ရေလယ်ထဲ မျောနေဦးမယ်"

"ကလေးက ရေမကူးတတ်ဘူး။ မိုး ကူးတတ်လား"

"အင်း. . ."

"ကလေးကို သင်ပေးနော်။ ဦးဦးရော ကူးတတ်လား"

"ကူးတတ်တာပေါ့"

"ကလေးတော့ ရေ သိပ်ကူးတတ်ချင်တာပဲ။ ဒါမှ ဒီလိုသွားတော့ မကြောက်တော့မှာ။ ခုလည်း မကြောက်ပါဘူး။ မိုးပါတာပဲ"

ကလေးက ပျော်နေသဖြင့် တောင်စဉ်ရေမရ လျှောက်ပြောနေသည်။ သို့သော် သူ့စကားထဲတွင် မိုးကိုသာ အားကိုးကြောင်း အမြဲ ထည့်ပြောတတ်သည်။

"ကလေး ငြိမ်ငြိမ်ထိုင်ကွယ်"

"ဟုတ်ကဲ့. . ."

ကလေးက စက်နှိုးသည်ကို သဘောကျစွာ ထိုင်ကြည့်နေ၏။

စက်လှေ စထွက်သောအခါ ကလေးသည် အထူးပျော်ရွှင်၍နေသည်။ တံတားအောက်မှ ဖြတ်သွားသောအခါ တံတားကြီးကို မော့ကြည့်ရင်း ပျော်ရွှင်နေလေသည်။

ထို့နောက် ပဲ့ကိုင့်ဘေးနားထိုင်ရင်း သူသိချင်ရာကို တတွတ်တွတ်မေးနေသည်။ ကလေးသည် ယခင်နှစ်များနှင့်မတူဘဲ တစ်နေ့တခြား အရပ်မြင့်လာ၏။ ပေါင်တံတုတ်တုတ်ကလေးနှင့် တဝါးမကဲ့သို့ အသားဖြူသောကြောင့် ဘိုမလေးနှင့်တူသည်။ သူ့ဆံပင် ရှည်ရှည်တုတ်တုတ်ကလေးကို ကျစ်ဆံနှစ်ဖက်ကျစ်ထားသည်။ ရောင်စုံဖဲပြားကလေးများ တပ်ဆင်ထားသည်။ ထိုရောင်စုံ ဖဲပြားကလေးမှာ လေထဲတွင် တလူလူလွင့်နေ၏။

နံနက်ခင်း၏ နေခြည်နုအောက်တွင် ကလေးပါးပြင်လေးမှာ ရဲ၍ မို့မို့ကလေး ဖြစ်နေသည်။

"နော်သဲဆူး လိမ့်ကျလိမ့်မယ်နော်"

"ကလေး ကိုင်ထားပါတယ် ဦးဦး။ ဒီနားမှာ ခဏ ထိုင်နေချင်လို့ပါ"

"အေး. . . အေး. . ."

ကလေးက ဒေါက်တာဟန်ကြည်စကားကို နားထောင်ဟန်ဖြင့် ခေါင်းလေးကို ငဲ့၍ ပြောလိုက်သည်။ ကလေး စကားပြောသည်ဖြစ်စေ ပြုံးလိုက်သည်ဖြစ်စေ ပါးချိုင့်လေးနှစ်ဖက်မှာ ခွက်ဝင်သွား၏။ ဤသည်မှာလည်း တဝါးမ၏ အလှပင်ဖြစ်သည်။

ကလေး ဤကဲ့သို့ ပျော်ရွှင်နေသည်ကို မြင်ရသောအခါ မိမိရင်ထဲတွင် လွန်စွာ ချမ်းမြေ့လှပါသည်။

"အစ်မ ရင်မွေး"

မိမိက ကလေးကို မြတ်နိုးစွာ ငေးကြည့်နေသကဲ့သို့ ဒေါက်တာဟန်ကြည်ကလည်း မိမိအား မြတ်နိုးစွာ ငေးကြည့်နေသည်ကို တွေ့ရသောအခါ ရင်ထဲ၌ လှိုက်ဖိုသွား၏။ မိမိအား သန့်စင်သော မေတ္တာဖြင့် ချစ်ပါသည်ဟု ဖွင့်အတင်းပြောသော်လည်း တစ်ခါတစ်ရံတွင် ပိုင်ဆိုင်လိုစိတ်ဖြင့် မြတ်နိုးစွာ ငေးမောကြည့်နေတတ်သည်ကို တွေ့ရသည်။ မည်သို့ပင်ဖြစ်စေ သူ့စိတ်အတွင်းမှ ဖြစ်ပေါ်လာသော စိတ်ကို ထိန်းချုပ် ဟန်ဆောင်နိုင်ခြင်းသည်ပင်လျှင် ချီးကျူးဖွယ် ကောင်းလှသည်။

"အစ်မဇာတိက ဖြူးမြို့နယ် သပြေလဟာကျေးရွာအုပ်စု ငါးပတ်အိုင်ရွာဆိုတော့ သိပ်ဝေးသလားဟင်။ အဲဒီမှာ ကရင်လူမျိုးတွေ ရှိသလား"

"ရှိတယ်ဒေါက်တာ။ သပြေလဟာကျေးရွာအုပ်စုက ကရင်တွေ အနေများတယ်လေ"

အတိတ်ကို တူးဖော်လိုက်သည့်အခါတိုင်း ရင်ထဲစူးနစ်သွားခဲ့သည်။ တမင် မေ့ဖျောက်ထားသော်လည်း မတွေးဘဲ ရင်ထဲသို့ အလိုလိုဝင်လာသောကြောင့် စိတ်မောမိသည်။

"နော်သဲဆူးရဲ့ အမေဟာ တဝါးမဆိုတာလား"

"ဒေါက်တာ"

အလန့်တကြား၊ အော်လိုက်မိသည်။ ဒေါက်တာဟန်ကြည်ကို စူးစူး



စိုက်စိုက်ကြည့်မိသည်။ မိမိအသံကျယ်သွား၍လား မသိ။ ဦးပိုင်းတွင် ထိုင်နေသော အကြိုလာသည့်လူငယ်က ငဲ့ကြည့်လိုက်သည်။

"ဆောရီး အစ်မရယ်၊ ခမုံလေးရွာမှာ နော်ထူးကြည်မွေးကို မွေးပေးတုန်းက အစ်မ ရေရွတ်ပြောဆိုတာကို သတိထားမိတယ်။ အစ်မရဲ့ ကိုယ်ရေးရာဇဝင်စာရင်းထဲမှာ အစ်မအဖေရော၊ အစ်မရဲ့ အမေရော ကွယ်လွန်လို့ ရေးထားတာကို အားလုံးဆက်စပ်ကြည့်မိတယ်။ ပြီးတော့ နော်သဲဆူး အသက်နဲ့အစ်မအသက်နဲ့က ၁၆ နှစ်ပဲကွာတယ်။ အစ်မဘာလို့ ဇာတ်မြှုပ်ထားတာလဲဟင်။ ကျွန်တော် အစ်မကို အများကြီး ထောက်ပြနိုင်ပါတယ်"

"အစ်မ သူနာပြုသင်တန်း တက်တုန်းကတည်းက နော်သဲဆူး မွေးပြီးနေပြီ။ သူနာပြု သုံးနှစ်သင်တန်းက ကလေးအမေတွေကို လက်မခံဘူး။ အစ်မသင်တန်း တက်ကတည်းက အပျိုစာရင်းဝင်တယ်။ အစ်မ ရန်ကုန်ဆေးရုံကြီးမှာ လက်တွေ့ တစ်နှစ်ဆင်းပြီး ဒီကို ပြောင်းလာတဲ့ အထိဟာ လက်ထပ်တာတို့ မီးဖွားခွင့် တင်တာတို့ မတွေ့ရဘူး"

သက်ပြင်းလေး တိုးတိုးချမိသည်။ မလိုသူများ ပြောသကဲ့သို့ပင် နော်သဲဆူးအား ဘယ်အချိန်ကတည်းက မွေးထားမှန်းလည်း မသိဟူသော အပြောမျိုး ဒေါက်တာဟန်ကြည် မပြောလိုပေ။ နော်သဲဆူးသည် မိမိနှင့် ရုပ်ချင်းဆင်လွန်း၍ သမီးအရင်းမဟုတ်ဟူ၍ ပြော၍လည်း မရပေ။ ထို့ကြောင့် ငယ်ငယ်ရွယ်ရွယ် ဆယ်ကျော်သက်ဘဝနှင့် ကလေးမွေးသည်ဟု ပြောနိုင်သည်။

ပြောချင်ရာ ပြောပါစေ။ ထိုအပြောမျိုးကိုခံဖို့ အစောကတည်းက ကြို စဉ်းစားထားသည်။ နော်သဲဆူးအား ညီမအဖြစ်လည်းကောင်း၊ တူမအဖြစ်လည်းကောင်း အမည်မခံရက်။ ကလေးအားငယ်ရှာမည်။ သူများကဲ့သို့ မိဘမေတ္တာကို တမ်းတရှာပေမည်။ ထို့ကြောင့် မိမိသည် အရာရာကိုစွန့်လွှတ်ကာ နော်သဲဆူးအတွက် နွေးထွေးသော အမိရင်ခွင့်ကိုပေး၍ နော်သဲဆူး၏ မိခင်အဖြစ် အားကိုးစေချင်သည်။

ကလေး၏စိတ်တွင်လည်း သူများတွေလို အဖေရှိ၊ အမေရှိသည်ကို မစဉ်းစားမိဘဲ သူ၏တစ်ဦးတည်းသော ချစ်ခင်အားကိုးဖွယ် အမေရှိသည်ကို ဂုဏ်ယူနေမိသည်။

ထို့ကြောင့် အဖေအကြောင်းကို သိချင်သော်လည်း အဖေဘယ်မှာလဲဟု

တစ်ခါမျှ မမေးဖူးပေ။

"ဒေါက်တာ ဆရာဝန်လုပ်ဖို့ မကောင်းဘူး။ စုံထောက်လုပ်ဖို့ ကောင်းပါတယ်။ ကျွန်မ စိတ်မဆိုးပါဘူးဒေါက်တာ၊ စိတ်ထိခိုက်တာ တစ်ခုတည်းပါ။ ကျေးဇူးပြုပြီး ဒေါက်တာရယ် ဘယ်သူ့ကိုမှ လျှောက်မပြောနဲ့နော်။ ဒေါက်တာသိတာ ဒေါက်တာ့ရင်ထဲပဲ ထားပါ။ အထူးသဖြင့် ကလေးမသိပါစေနဲ့နော်။ ကလေးသိမှာကို အကြောက်ဆုံးပဲ။ ကလေးကြောင့် ကျွန်မ ညာရတာကို လောကကြီးက ခွင့်လွှတ်မှာပါ။ ဒေါက်တာပြောတာ မှန်ပါတယ်။ ကလေးက ကျွန်မတူမလေးပါ။ ဒီစကားကို ကလေးမွေးတဲ့ အချိန်ကစပြီး ဒီနေ့အထိ ဒီတစ်ခါပဲ ပြောဖူးသေးတယ်။ မွေးမွေးချင်း သူ့အမေစွန့်ခွာသွားတဲ့ နီတာရဲလေးဟာ ကျွန်မရင်ငွေ့နဲ့ ကြီးလာရတာပါ။ ကျွန်မရင်ထဲက သမီးလေးပါ ဒေါက်တာရယ်"

မျက်ရည်များ ဝေ့ဝဲလာသည်။ ဒေါက်တာဟာန်ကြည်က ခေါင်းကို ခါရမ်းရင်း–

"အစ်မ မငိုနဲ့ဗျာ။ အစ်မ ဒီလောက် စိတ်ထိခိုက်မှန်း မသိလို့ မေးမိတာပါ။ ဒီအကြောင်းပြောလို့ အစ်မစိတ်ထိခိုက်ရရင် ကျွန်တော် မသိချင်တော့ပါဘူး။ မမေးတော့ပါဘူး။ အစ်မ မငိုနဲ့"

ဒေါက်တာက စိတ်ထိခိုက်စွာ ပြောလိုက်သောအခါ မိမိက နာကြည်းစွာ ရယ်လိုက်မိသည်။ ထို့နောက် စစ်တောင်းမြစ်ရေကို လက်နှင့် လှမ်းခပ်ယူရင်းက–

"မငိုပါဘူး ဒေါက်တာရယ်။ ကျွန်မလေ နန္ဒမိတ်ရွာဘေးက စစ်တောင်းမြစ်ရေထဲမှာ ငိုခဲ့ပြီးပါပြီ။ ဒီမြစ်ရေထဲမှာ လွန်ခဲ့တဲ့ ဆယ်နှစ်ကာလက ကျွန်မနဲ့ ကျွန်မချစ်သူရဲ့ မျက်ရည်တွေ ရှိနေသေးလားလို့ မေးကြည့်ချင်ပါတယ်"

ဆရာ့အကြောင်းကို မစဉ်းစားချင်ပေ။ ဆရာသည် မိမိနှင့် ဝေးကွာမှုကို မျက်ရည်ဖြင့် တိုင်တည်နေပေလိမ့်မည်။ ဆရာသည် မိမိရှေ့တွင် မျက်ရည်မကျဘဲ အားမာန်အပြည့်နှင့် ရယ်မောပြသော်လည်း မိမိနောက်ကွယ်တွင် ရင်နာမှုကို မျက်ရည်ဖြင့် ဖြေလျှော့တတ်သည်။ ဆရာသည် မိမိအား နန္ဒမိတ်ရွာကပင် စောင့်မျှော်နေမည်လား မသိနိုင်။ သို့သော် ခဲအိုအစ်ကိုစိုး နောက်သို့ လိုက်လာသောအခါ ဆရာ့တွင် မျှော်လင့်ချက်မရှိ



တော့ကြောင်းကို ထုတ်ဖော်ပြောပြရင်း ဆရာငိုခဲ့၏။ မျက်ရည်မကျဘဲ တင်းခံနေသော်လည်း ဆရာ့ရင်ထဲမှ ရှိုက်သံကို ကြားနေရသည်။

"ဆရာရယ် နန္ဒမိတ်မှာပဲ ရှိသေးလား"

"မိုးရေ ကလေး ဒီမှာ ခဏထိုင်နေဦးမယ်နော်"

"နေပူနေဦးမယ် ကလေးရယ်"

"ခဏလေးပါမိုးရဲ့၊ ထိုင်လို့ကောင်းလို့ပါ။ ဟိုး . . က မြက်ပင်ကြီးတွေ သိပ်လှတာပဲနော် မိုး"

"အဲဒါ ကျူပင်လို့ခေါ်တယ်"

ကမ်းစပ်တစ်လျှောက်တွင် လေယူရာယိမ်းနွဲ့နေသော ကျူပင်များကို အမှတ်မထင် ငေးနေရင်းက ငါးပတ်အိုင်ရွာလေးမှ သက်ငယ်ပင်များကို သတိရမိသည်။ နွေရောက်လျှင် အပါးနှင့်အတူ ငါးပတ်အိုင်ရွာသို့ သွားပြီး သက်ငယ်ရိတ်လေ့ရှိသည်။ ထို့နောက် နွားတင်းကုပ်နှင့် အိမ်မိုးရန်အတွက် အစ်မနှင့်အတူတူ သက်ငယ်ပျစ်ရပြန်သည်။ သို့သော် တစ်နေရာတည်းတွင် ကြာရှည်စွာထိုင်ရသည့်အလုပ်ကို ဘယ်တော့မှ မလုပ်ချင်သူ ပီပီ သက်ငယ်ရိတ်ရာတွင် မညည်းညူသော်လည်း သက်ငယ်ပျစ်ရာတွင်တော့ ညည်းညူမိသည်။ အစ်မတစ်ယောက်တည်း မနိုင်သောအခါ အခြားလူများက ကူညီရသည်။ ထို့ကြောင့် အပါးက တစ်ခါတစ်ရံ ညည်းညူတတ်သည်။

"ရင်မွေးရယ် နင်ဟာလေ ယောကျ်ားလေးဖြစ်ဖို့ပဲ ကောင်းတယ်။ မိန်းကလေးဖြစ်ဖို့ မကောင်းဘူး။ နင် ဘာလို့များ မိန်းကလေးဖြစ်နေတာလဲဝေ့။ ဒါပေမဲ့ မိန်းကလေးက ယောကျ်ားလေးလိုနေတာ ငါ မကြိုက်ဘူးနော် မိန်းမပီပီသသနေစမ်း"

"အပါးကလည်း ယောကျ်ားလေးလည်း လူ မိန်းကလေးလည်း လူပဲ။ လူလူချင်းပဲ သူတို့လုပ်နိုင်သလို ကိုယ်လည်း လုပ်နိုင်ရမှာပေါ့"

မိမိက ထိုသို့ပြောသောအခါ အစ်မက စကားပြောရိုင်းသည်ဆို၍ သတိပေးမျက်စောင်းထိုးလိုက်ပြီး နှုတ်ခမ်းလေးကို စူပွပွလုပ်၍ တိုးတိုးလေး ကြိမ်းမောင်းတတ်သည်။

ထိုအမှုအရာလေးကို အလွန်နှစ်သက်လွန်း၍ အစ်မပါးပြင်မှ အကြောစိမ်းစိမ်းနှင့် ပါးချိုင့်ခွက်ခွက်ကလေးကို တအားနမ်းမိသည်။ အစ်မမျက်နှာ နီလာသည်အထိ ရှက်ပြီး မိမိအား ဆွဲလိမ်ခဲ့၏။

အစ်မ၏ဖြူသောအသားနှင့် ပါးချိုင့်လေးကြောင့် အစ်မသည် ရွာတွင် အလှဆုံးစာရင်းဝင်နေသည်။

"အစ်မရယ် ကျွန်တော်က အစ ဖော်ပေးသလို ဖြစ်သွားတယ်နော်။ အစ်မငိုင်နေတာ တွေ့ရတော့ ကျွန်တော် စိတ်မကောင်းလိုက်တာ"

ဒေါက်တာ ဟန်ကြည့်စကားကြောင့် မိမိအတွေးများ ပျောက်ကွယ်သွားပြီး ခြောက်ကပ်စွာ ရယ်မောမိ၏။

"မဟုတ်ပါဘူး ဒေါက်တာရယ်။ ကျွန်မ စိတ်တွေအားတဲ့အခါတိုင်း သတိရနေတာပါ။ ကျွန်မ ဘယ်တော့မှ မမေ့တဲ့အကြောင်းအရာတွေပါ ဒေါက်တာ"

"ကျွန်တော့်ကို ဒေါက်တာပဲ ခေါ်နေမှာလား"

"ဩော် ဒါပဲ ကောင်းပါတယ်။ ခင်မင်မှုမှာ အခေါ်အဝေါ်နဲ့ မဆိုင်ဘူးလေ။ ပြီးတော့ ကျွန်မ ဘယ်လိုခေါ်ရမှန်းမသိလို့။ ဒါပဲ ကောင်းပါတယ်"

ရယ်၍ပြောလိုက်သည်ကို ဒေါက်တာဟန်ကြည်က ငေးနေသည်။

ဆရာ့တုန်းကရော ဒီအတိုင်းပဲ ချစ်သူဘဝရောက်လို့ ဆရာက "ဒီလိုပဲ ဆရာဟု ခေါ်သွားမှာလား" ဟုမေးသောအခါ မိမိကလည်း ထိုကဲ့သို့ပင် ပြောဖူးခဲ့သည်။ "အချစ်ဟာ အခေါ်အဝေါ်နဲ့ မဆိုင်ပါဘူး ဆရာရယ်"

"အစ်မ ရယ်ရင် လှတယ်ဗျာ"

ဒေါက်တာ ဟန်ကြည်က တိုးတိုးလေး ညည်းလိုက်ရင်း မျက်နှာလွှဲလိုက်သည်။ ဆရာသည်လည်း မိမိရယ်မောနေလျှင် ငေးငိုင်ကြည့်တတ်သည်။ မိမိသည် ငယ်စဉ်ကပင် အစဉ်အမြဲပျော်ရွှင်နေသူမို့ မျက်နှာ ပြုံးနေတတ်သည်။ ခဏခဏရယ်သည်။ မိမိ၏ ရယ်မောခြင်းသည် လှမည်ဟု ဘယ်တုန်းကမျှ မထင်ခဲ့ပါ။ ပါးချိုင့်ပါသော အစ်မကဲ့သို့ လှမည် မထင်ပေ။ သို့သော် ဆရာက မိမိရယ်သည်ကို နှစ်သက်တတ်သည်။

ငယ်စဉ်က ငိုစရာရှိလျှင် မျက်ရည်ကျလွယ်သကဲ့သို့ ရယ်စရာရှိလျှင်လည်း ထိန်းချုပ်မှုမရှိအောင်ပင် ရယ်မောတတ်သည်။

"ဒေါက်တာရယ် ကျွန်မလေ ဘာမှ မစဉ်းစားချင်ဘူး။ စဉ်းစားမိရင် တစ်ခုခုကို စိုးရိမ်နေတယ်။ ကလေးကို လက်ဆွဲပြီး ဟိုး ကမ္ဘာအပြင်ဘက်ကို ပြေးထွက်ချင်တဲ့အထိ စိတ်ရှုပ်မိတယ်။ ကျွန်မဘဝမှာ ဖြစ်ချင်တာ တစ်ခုတည်းအတွက်ကို ပျော်ရွှင်စရာတွေအားလုံး ပုံအောပြီး အရင်းတည်



ခဲ့တယ်။ ကျွန်မလေ ကလေးကို ဆရာဝန်မကြီးဖြစ်စေချင်တယ်။ ကလေးနဲ့ ကျွန်မ တောရွာအနှံ့ ဆင်းပြီး ဆေးမရောက်သေးတဲ့ ရွာတွေ၊ ဆရာဝန် မရှိတဲ့ ရွာတွေမှာ ဆေးကုချင်တယ်။ ဒီရည်ရွယ်ချက်လေးတစ်ခု၊ မျှော်လင့်ချက်လေးတစ်ခုတည်းနဲ့ အရာရာကို စွန့်လွှတ်ခဲ့ပါတယ်။ ကျွန်မလေ"

"မိုးရေ သဖန်းပင်ရွာတဲ့လေ သဖန်းပင်လည်း မတွေ့ဘူး။ ဆီးသီးတွေပဲ တွေ့တယ်။ ဆီးပင်ရွာလို့ ပေးဖို့ကောင်းတယ်နော်"

ကလေးက မိမိတို့ထံ ကူးလာပြီးနောက် မိမိရင်ခွင်ကို မှီဝင်ကာ စကားတွေ တတွတ်တွတ်ပြောနေသည်။ လျှောက်မေးနေသည်။

❑

## အခန်း ၆

နေ၏အပူရှိန်က ပြင်းထန်လှသည်။ ရဲရဲတောက်နေသော ပေါက်ပွင့် လက်ပံပွင့်များက အပူကို အားပေးနေ၏။

ဆက်ရက်များ၏ ဆူညံစွာအော်မြည်သံကို ကြားနေရသည်။ လက်ပံပင်ပေါ်တွင် အအုပ်အသင်းဖွဲ့ကာ အပွင့်လေးများကို ခြွေချပြီး စားသောက်ပျော်မြူးနေကြသည်။

နော်ရင်မွေး ရင်ထဲတွင် ပျော်မြူးလာမိသည်။ တစ်ခြံလုံးတွင် မိမိတစ်ဦးတည်း မဟုတ်ပါ။ ဆက်ရက်ကလေးများပင်လျှင် မိမိအနား၌ ရှိနေသည်မို့ ပျင်းမနေမိတော့ပေ။ ခြံဝင်းထဲတွင် လှည့်ပတ်ကြည့်နေရင်းက တစ်ခါမျှ သတိမထားဖူးသော ကမန်းကတန်း စားသောက်ကာ ပျံပြေးသွားကြသော ဆက်ရက်ကလေးများကို ငေးကြည့်နေသည်။ အရွက်မရှိဘဲ ပင်လုံးကျွတ်ပွင့်နေသော လက်ပံပွင့်များကို သဘောကျမိ၏။

အပါးနှင့်အစ်မကား လင်းယောခင်ရွာမှ ဘုန်းကြီးပျံပွဲသို့ မနက်စောစောလှည်းနှင့် ထသွားကြသည်။ နေ့လယ်အထိ ပြန်မလာကြသေးပါ။ မိမိအတွက် ကြက်ဥကြော်နှင့် ထမင်းကြမ်းခဲကိုသာ ထားခဲ့သည်။ အဘယ်အချိန်ကတည်းက ထသွားကြသည်မသိ။ ၆ နာရီခွဲလို့ အိပ်ရာမှ နိုးလာသောအခါ သူတို့မရှိကြတော့။



မိမိတစ်ယောက်တည်း ကျန်ရစ်ခဲ့၍ ဒေါသဖြစ်မိ၏။ ညကတည်းက ဘုန်းကြီးပျံသွားလျှင် မိမိပါလိုက်ချင်သည်ဟု ပြောရာ အစ်မက မလိုက်စေချင်ပေ။

"မလိုက်နဲ့ဦးလေ။ ပွဲနေ့မှ လိုက်ပေါ့။ ဒီနေ့က အလုပ်အကိုင်နေ့ပဲ။ နင်က ဘာလုပ်မှာလဲ။ လိုက်ရှုပ်မှာပဲ မဟုတ်လား။ နေပူကပူနဲ့။ ငါ နင့်ကို မထိန်းနိုင်ဘူးဝေ့"

"အမယ် ဘာထိန်းဖို့လိုလဲ။ ရင်မွေးအရွယ်က အစ်မလိုက်ထိန်းရမယ့် အရွယ်မှမဟုတ်တာ"

အစ်မကို ကက်ကက်လန်အောင် ပြန်ပြောတော့ အစ်မက မျက်စောင်းထိုးလိုက်သည်။ ရင်မွေး အထက်တန်းကျောင်းသူကြီး ဖြစ်နေသည့်တိုင်အောင် အစ်မက ကလေးလိုပဲ မြင်နေဆဲ။ နေရာတကာ စိုးရိမ်လွန်း၏။

"ထပ်စကားမပြောနဲ့စမ်း ရင်မွေး။ နင့်အကြောင်း ငါသိတယ်။ နင်အစားပေါင်းစုံစားပြီး နေပူထဲမှာ တစ်အိမ်ဝင်တစ်အိမ်ထွက် သူငယ်ချင်းတွေအိမ်ကို လျှောက်လည်နေမှာ။ မနက်ဖြန်လိုက်ရင် ပွဲနေ့မလိုက်ရဘူး"

အစ်မစကားကြောင့် ခြေဆောင့်ပြီး နှုတ်ခမ်းစူနေမိသည်။ ပွဲနေ့လည်း သွားချင်သည်။ အလုပ်အကိုင်နေ့လည်း လိုက်ချင်သည်။ ထိုအခါ အပါးက ကွမ်းတံတွေးတွေ ထွေးလိုက်ပြီး နှုတ်ခမ်းထောင့်စွန်းတွင် ပေကျံသွားသော ကွမ်းသွေးများကိုသုတ်၍ လက်မှ ကွမ်းသွေးများကို ပုဆိုးတွင် သုတ်လိုက်၏။

"ငါတို့က အစောကြီး ထသွားမှာ။ နင် နိုးရင်လိုက်ခဲ့ပေါ့" အအိပ်ကြီးသော မိမိအား တမင်ပြောလိုက်ခြင်းပင်ဖြစ်သည်။

"တကယ်နော် အပါး"

"အေးပါ နင့်ဘာသာ နိုးနော်။ ငါတို့တော့ မနှိုးဘူးဝေ့"

"ဒါဆိုပြီးရော မအိပ်ဘူး။ တစ်ညလုံးကို မအိပ်ဘူးပေါ့"

အပါးနှင့် အစ်မက ရယ်ကြ၏။ ဘယ်ကိုသွားသွား နံနက်စောစော ထသွားရမည့် ခရီးတွင် ရင်မွေး ဘယ်တော့မျှ မနိုးပေ။ အမြဲ နှိုးရ၏။

ဒီတစ်ခါတော့ မိမိအား ဘယ်သူမျှ နှိုးမည်မဟုတ်သောကြောင့် အိပ်ပျော်မသွားစေရန် အိမ်ရှေ့ခန်း၌ပင် ရေနွေးကြမ်းသောက်လိုက် ကာတွန်းဖတ်လိုက် လက်ဖက်သုတ်စားလိုက်နှင့် အချိန်ဖြုန်းနေသည်။

တစ်ညလုံး မအိပ်ဘဲ ထိုင်စောင့်နေမည်ဟု တေးထားလိုက်၏။

သို့သော် ၁၁ နာရီကျော်ကျော်တွင် လက်ဖက်ပန်းကန် အစမသတ်သေးဘဲ အိမ်ရှေ့ကြမ်းပြင်လက်ဖက်ပန်းကန်ဘေး၌ပင် အိပ်ပျော်သွား၏။

အပါးတို့ သွားသည်ကို မသိလိုက်။ သူတို့သည် ဧည့်ခန်းမအလယ်တွင် အိပ်နေသော မိမိကိုဖြတ်ကျော်၍ သွားပေလိမ့်မည်။ ဤသည်ကို လုံးဝမသိဘဲ အအိပ်မက်လှသောကြောင့် ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်နေမိသည်။

မနက်စာအဖြစ် အစ်မစီမံခဲ့သော ကြက်ဥကြော်ကို စားပြီး အပါးတို့ ပြန်ရာလမ်းကို မျှော်နေမိ၏။ မွန်းတည့်ချိန်အထိ ပြန်မလာသေးပေ။

ပူလောင်လွန်းသောကြောင့် အစ်မ မရှိတုန်း အင်္ကျီအစုတ် လုံချည်အစုတ်ကို ဝတ်ထားမိ၏။ အစ်မကား အစုတ်ဝတ်လျှင် မကြိုက်ပေ။ ဆူတတ်၏။ ခုတော့ မိမိတစ်ဦးတည်းမို့ ဆူမည့်သူမရှိ။ အစ်မ ပြန်လာလျှင် အမောဆို့သွားအောင် အင်္ကျီစုတ်ကို ဝတ်ပြရမည်။ ပြီးတော့ အိမ်တွင်ရှိသော ထန်းလျက်ခဲ၊ ပေါက်ပေါက်ဆုပ်တို့ကို အကုန်စားပစ်လိုက်၏။

တစ်ခါတစ်ရံ လူကြီးများ မရှိသည့်အခါ အိမ်ထဲတွင် တစ်ယောက်တည်းနေရသည်မှာ လွတ်လွတ်လပ်လပ်ရှိလှသည်။ အစ်မနှင့် အစ်ကိုစိုးတို့ အပြန်အလှန်ပေးကြသော ရည်းစားစာများကို အစ်မ မရှိတုန်း ခိုးဖတ်ရသည်မှာ ပျော်စရာကောင်းလှ၏။

"အသက်ရှူတိုင်း သတိရနေမယ်တဲ့လေ။ ဟီး . . . အစ်ကိုစိုးကြီးက သည်းလိုက်တာ"

အစ်ကိုစိုး၏ စာများကို ဖတ်ရင်းက အစ်ကိုစိုး ချွဲတတ်ပုံ၊ သည်းတတ်ပုံ၊ ရေးတတ်ပုံများကို လှောင်ပြောင်ရယ်မောမိသည်။

ဘာမျှ မွှေစရာမရှိတော့။ မိမိဆံပင် တိုတိုထွာထွာလေးကို ကောက်ရိုးတစ်ချောင်းဖြင့် စုစည်း၍ သရက်ပင်ပေါ်တွင် အလေ့ကျပေါက်နေသော သစ်ခွပန်းကို အပင်ပေါ်တက်ခူးပြီး ခေါင်းပေါ်တွင် အပုံလိုက် တင်ပန်ထားလိုက်သည်။ အစ်မ အရိပ်တကြည့်ကြည့်ထားသော ပန်းလေးကို ပန်လိုက်ရ၍ ကျေနပ်သွား၏။

ပျင်းလွန်းသောကြောင့် အပါးငယ်ငယ်က အမေ့ကို နောက်ပိုး၍ လူပျို လှည့်စဉ်က မှုတ်သော ကြေးပလွေလေးကို သတိရမိသည်။



အပါးက ထိုကြေးပလွေလေးကို အမြတ်တနိုးသိမ်းထားတတ်ပြီး အမေ့ကို သတိရသည့်အခါမှသာ ခံစားချက်လေးနှင့် ပလွေမှုတ်ရင်း တေးကျူးရင်း လွမ်းတတ်သည်။ ထိုအခါတွင် အစ်မ တဝါးမက ငေးငိုင်သွားတတ်သည်။ မိမိအဖို့မူ အမေ့ကို မမြင်ဖူး၍ တွယ်တာရမှန်းမသိပေ။ အပါးနှင့် အစ်မကိုသာ တွယ်တာနေမိသည်။

ယခုအခါ နော်ရင်မွှေးသည်လည်း နေပူပူထဲတွင် အပါးကဲ့သို့ တေးကျူးရင်း လွမ်းရဦးမည်။ ဘယ်လိုလွမ်းရမည် မသိနိုင်ပါ။

မြင့်မားသော ကောက်ရိုးပုံပေါ်သို့ သရက်ပင်မှတစ်ဆင့် တက်လိုက်သည်။ ထို့နောက် ငါးပေါက်သံ၊ ခြောက်ပေါက်သံများနှင့် အသံစုံ မှုတ်ပစ်လိုက်သည်။ အပါးလို သီချင်းတစ်ပုဒ်လုံး မရပေ။

ထွက်ပေါ်လာသော ပလွေသံ တဝီဝီတရှီရှီကို မိမိဘာသာနားထောင်ရင်းက ကျေနပ်ပီတိဖြစ်နေမိသည်။ မောရမှန်း ပါးညောင်းရမှန်း မသိတော့ပေ။

"ဟာ . . . ရင်မွှေး။ တယ် . . . ဒီကောင်မလေး"

ကိုယ့်အသံနှင့် ကိုယ်မို့ ပတ်ဝန်းကျင်မှအသံကား တိုး၍ မဝင်နိုင်။ ကုက္ကိုသီးတောင့်လို အစိုင်အခဲတစ်ခုက မိမိခေါင်းကို လာမှန်တော့မှ သံစဉ်ကို တန့်သွားလေ၏။

ထောင်းခနဲ ဒေါသဖြစ်သွားပြီး အော်ဆဲရန် ပြင်လိုက်၏။

"အယ် . . ."

ကျေးရွာလူကြီးနှင့် သမဝါယမစာရေး ကိုမြင့်လွင်တို့နှစ်ယောက်အပြင် လူစိမ်းတစ်ယောက်။

ပါဝါမျက်မှန်ထူထူလေး တပ်ထားပြီး အင်္ကျီအဖြူတိုက်ပုံပင်နီနှင့် ပုဆိုးစိမ်းကွက်စိပ်လေးကို သေသပ်စွာ ဝတ်ဆင်ထားသော လူစိမ်း တစ်ယောက်။

မိမိရင်ထဲ အေးခနဲ ခံစားလိုက်ရ၏။ နေပူပူထဲတွင် လမင်းထွက်ပေါ်လာသကဲ့သို့ပင်။

တစ်ဆက်တည်းမှာပင် မိမိ၏မလှမပ ကပိုကရိုပုံစံကို သတိရပြီး ပြုံးဖြဲဖြဲနှင့် ခေါင်းပေါ်မှ သစ်ခွပန်းများ၊ ကောက်ရိုးများကို လက်ချောင်းများဖြင့် ဆွဲကုတ်ယူကာ ဖြုတ်ချလိုက်မိသည်။

"ဟော. . . ပတ်ကညောမလေး၊ နင့် အပါးရော"

ခါတိုင်း ကိုမြင့်လွင်က မိမိအား "ပတ်ကညော" ဟု ခေါ်လျှင် သိပ်ဒေါသဖြစ်မိသည်။ ယခုတော့ ဒေါသမဖြစ်သည့်အပြင် ချိုချိုသာသာပင် ပြန်ဖြေမိ၏။

"လင်းယောခင် သွားတယ်လေ"

မိမိအသံကို မိမိဘာသာ အံ့ဩသွားမိသည်။ ဒီလို အသံမျိုးနှင့် တစ်ခါမှ မပြောဖူး။ နူးညံ့ချိုသာပြီး လှိုင်စည်၍နေလေ၏။

"ဘယ်တော့ ပြန်လာမှာလဲ"

ကိုမြင့်လွင်က ရွာလူကြီး ဦးအောင်ဝင်းကို လှမ်းကြည့်လိုက်သည်။ ဦးအောင်ဝင်းက ခေါင်းညိတ်လိုက်ရင်း–

"အေး . . .ဒါဆို နင့်အပါးပြန်လာရင် အဘဆီကို လွှတ်လိုက်စမ်းပါကွယ်။ ကိစ္စရှိတယ်လို့ ပြောနော်"

"ဟုတ် . . .ကဲ့ . . .ရှင့်"

ဦးအောင်ဝင်းနှင့် လူစိမ်းကား မိမိကို ကျောခိုင်းထွက်ခွာသွားသည့်တိုင်အောင် အားမနာတမ်း ငေးနေမိသည်။

"ရင်မွေးရေ . . .နင် ပလွေမမှုတ်ရင် ငါဘယ်လောက်ပေးရမလဲ။ နားရောဂါရမှာစိုးလို့။ နင်ဟာလေ တစ်ရွာလုံးကို အသံနဲ့ နှိပ်စက်နေတာပဲ"

"သေလိုက်ပါလား"

ကိုမြင့်လွင်က မိမိအား နောက်ပြောင်နေသဖြင့် မျက်စောင်းထိုးပြီးစွာဖြစ်အောင် စွာလိုက်သေးသည်။ မိမိအသံကြောင့် စည်းရိုးထိပ်ရောက်နေသော သူက လှည့်ကြည့်လိုက်သည်။

အကြည့်ချင်း ဆုံသွားသောအခါ သူခိုးလူမိတဲ့အဖြစ်မို့ လျှာထုတ်ပြောင်ပြလိုက်မိ၏။ သူကား နှုတ်ခမ်းကိုစေ့၍ လူကြီးပြုံး ပြုံးလိုက်၏။

သူတို့ကို မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ငေးမော၍ ကြည့်နေမိသည်။ တဒိတ်ဒိတ်ခုန်နေသော ရင်ခုန်သံကား ရင်ထဲတွင် ဆူညံနေလေသည်။

မိမိကို လှည့်ကြည့်စဉ်က ပြုံးလိုက်သောအပြုံးသည် မိမိဘဝတစ်ခုလုံးကို စိုးမိုးချုပ်ကိုင်သွားနိုင်မှန်း မရိပ်မိခဲ့ပေ။

သို့သော် ထိုနေ့မှစ၍ ညစဉ်ညတိုင်းတွင် သူ့အပြုံးနှင့် သူ့အကြည့်က



မိမိမျက်ဝန်းထဲထိအောင် လိုက်၍ စိုးမိုးနေတော့သည်။

သူတို့ မြင်ကွင်းမှပျောက်သွားသည်နှင့် ကောက်ရိုးပုံပေါ်မှ ကမန်းကတန်းဆင်းပြီး မှန်ပြေးကြည့်မိ၏။ မှန်ရိပ်ထဲတွင် မြင်ရသော မိမိမျက်နှာသည် လွန်စွာ အကျည်းတန်လွန်းလှသည်။

ဒါကြောင့်လည်း အစ်မက အိမ်နေရင်း အကျီအစုတ်၊ လုံချည်အစုတ်မဝတ်ရန် တားမြစ်ခဲ့ခြင်းပင်ဖြစ်ပါသည်။ ထို့အပြင် ချွေးများဖြင့် အဆီတဝင်းဝင်းဖြစ်နေသော မိမိမျက်နှာကိုကြည့်၍ နံနက်အိပ်ရာမှထတိုင်း သနပ်ခါးလိမ်းခိုင်းသော အစ်မ၏ တင်းကျပ်သော စည်းကမ်းကို နားလည်လိုက်သည်။

မိမိ၏မလှမပမျက်နှာကို မှန်ထဲကြည့်ရင်းက ငိုချင်စိတ်ပေါက်သွား၏။ အဝတ်အစားကလည်း အရောင်အဆင်းမရှိပေ။ စုတ်ခါနီး ထဘီအကျီဖြစ်၍ အရောင်လွင့်နေသော စောစောက ဆော့ထားသောကြောင့် ချွေးများ ဖုန်များဖြင့် ညစ်ထပ်ထပ်ဖြစ်နေ၏။ ဤသည်ကို သူမြင်သွားလေပြီ ဟူသော အသိနှင့် အလွန်ရှက်မိသည်။

နောက်ဆို အစ်မစကားနားထောင်ပြီး မိုးလင်းလျှင် သနပ်ခါးလူး၍ အကျီအဝတ်အစား အစုတ်မဝတ်တော့ဘူးဟု ဆုံးဖြတ်ချက် ချလိုက်မိသည်။

နော်ရင်မွေး လှချင်လာလေပြီ။ လင်းယောခင်း ဘုန်းကြီးပျံပွဲတွင် အစ်မ၏ တိုက်တွန်းချက်မပါဘဲ မိမိကိုယ်ကို အလှပြင်ချင်လာ၏။ အစ်မလူးသော မိတ်ကပ်ကို လူးချင်လာသည်။ အစ်မဆိုးသော နှုတ်ခမ်းနီကို ဆိုးချင်လာ၏။ သို့သော် မပြင်တတ်ပေ။ ထို့ကြောင့် အစ်မ အလှပြင်နေစဉ် အနားလာပြီး မျက်နှာမော့ပေး၏။ အစ်မက တအံ့တဩဖြစ်သွားသည်။ ခါတိုင်း သနပ်ခါးလိမ်းခိုင်းသည်ကိုပင် မလိမ်းဘဲ မျက်နှာပြောင်နှင့်နေတတ်သော နော်ရင်မွေးကို အထူးအဆန်းဖြစ်သွား၏။

သို့သော် အစ်မသည် ညီမကို လှစေချင်သူပီပီ မိတ်ကပ်လိမ်းပေးသည်။ နှုတ်ခမ်းနီ ဆိုးပေးသည်။ ဒါကို နော်ရင်မွေးက အားမရသေးဘဲ–

"အစ်မ ဟိုလိုင်နာ ဆိုးပေးလေ"

"ဟဲ့ . . .ငါက မျက်လုံး မှေးလို့ဆိုးတာ နင့်မျက်လုံးက လှပြီးသားပဲ။ ဘာမှ ဆိုးစရာမလိုဘူး။ နင် ဒါဆိုးလိုက်ရင် မျက်ပြူးကြီးဖြစ်သွားမှာပေါ့နော့"

အစ်မပြောလိုက်သောကြောင့် မျက်လုံးမဆိုးခိုင်းတော့ပေ။ ပန်းရောင်မရင့်တရင့် နှုတ်ခမ်းနီလေးကိုသာ သဘောကျ၍ မနေတတ် မထိုင်တတ်နှင့် နှုတ်ခမ်းကို လျှာဖြင့် ခဏခဏ လျက်နေမိသည်။

"အေး . . . ကုန်မယ်၊ ပျက်ကုန်မှာပဲ။ ဟိုမရောက်ခင် အားလုံးပျက်ကုန်မှာပဲ"

အစ်မက မသွားခင် ထပ်ဆိုးပေးရင်းက ဆူလိုက်သည်။ ထို့ကြောင့် မလျက်တော့ဘဲ နှုတ်ခမ်းကိုဟထား၏။ သူ့ကိုကြည့်၍ အစ်မက သဘောကျစွာရယ်နေမိသည်။

ဘုန်းကြီးပျံပွဲကို ဈေးတန်းကြီးနှင့် စည်ကားစွာ ကျင်းပသည်။ ညဘက်၌ ဇယင်ကျူးပွဲကို လုပ်၏။

နော်ရင်မွေးသည် နေ့ခင်းပွဲဈေးတန်းမှာရော ညပွဲဈေးတန်းမှာပါ တစ်စုံတစ်ဦးကို ရှာဖွေနေခဲ့သည်။ မတွေ့၍ အလိုလို ဒေါသဖြစ်မိ၏။ နောက်ဆုံး မိမိမကြိုက်သော ဇယင်ကျူးပွဲ ဝင်ဝင်ကြည့်ပြီး ရှာဖွေခဲ့၏။ မတွေ့။

မင်းသမီးက သီချင်းဆိုရင်း ငိုလိုက်၊ ဘုန်းကြီး ရုပ်ကလပ်ကို သွင်းထားသော အခေါင်းကို ကြိုးနှင့် ပုခက်လွှဲသကဲ့သို့ ရမ်းလိုက်နှင့် လူပြက်တွေက စကားပြောလိုက်နှင့် နောက်ဆုံး နော်ရင်မွေးသည် ပွဲခင်းထဲ၌ အစ်မပေါင်ပေါ် ခေါင်းတင်ကာ အိပ်ပျော်သွားလေသည်။

အိပ်မက်ထဲတွင် သူရှာဖွေနေသော သူက သူ့အား ပြုံးကြည့်နေသည်။

* * *

ရှာသောအခါက မတွေ့ဘဲ မရှာမှသာ တွေ့ရသည်။ ငါးမြစ်ချင်းရွာရှိ အရီးလှစိန်၏ ကောက်သစ်ပွဲတွင် တွေ့ရသည်။

ငါးမြစ်ချင်းရွာနှင့် နန္ဒမိတ်ရွာကို အိမ်ဦးကြမ်းပြင်လို ကူးနေသူများက နော်ရင်မွေးတို့ သားအဖပင်ဖြစ်သည်။ ထို့အပြင် အမေ့အစ်မဝမ်းကွဲ အရီးလှစိန်သည် နော်ရင်မွေးတို့ ညီအစ်မကို အလွန်ချစ်သောကြောင့် မကြာခဏခေါ်၍ အမြဲလိုလို ရောက်တတ်၏။ တစ်ခါတစ်ရံ ညအိပ်ညနေ အလည်သွားခဲ့သည်။ သို့သော် အစ်မ မပါဘဲ ရင်မွေးတစ်ခါမျှ မသွားဖူးပေ။ အစ်မနှင့် ခွဲမအိပ်ဖူးသောကြောင့် အစ်မသွားရာ တကောက်ကောက်



လိုက်တတ်သည်။

အရီး၏ကောက်သစ်ပွဲသည် လွန်စွာပျော်ရွှင်ဖွယ် ကောင်းလှသည်။ အရီးက ကောက်သစ်ပွဲတွင် အစွမ်းကုန်လှူတတ်သည်။ နှစ်စဉ်လည်း ပြုလုပ်နေကျဖြစ်ပါသည်။

(ကောက်သစ်ပွဲမှာ ထမနဲပွဲကို ခေါ်သည်။ ကောက်ဦးပေါ်ချိန်တွင် ဦးဦးဖျားဖျားထွက်သည့်ဆန်နှင့် ထမနဲပွဲကို ကျင်းပ၍ ကောက်သစ်ပွဲဟု ခေါ်ခြင်းဖြစ်သည်။)

ကောက်သစ်ပွဲကျင်းပရန်ဟု အဓိဋ္ဌာန်ပြီး လယ်နှစ်ကွက်ကို ကောက်ညှင်းကြဲထားသည်။ အရီးလှစိန်သည် ကြွက်သွားကောက်ညှင်းစပါးကို ပို၍စိုက်သည်။ တစ်ခါတစ်ရံ ငချိပ်ကို အနည်းငယ်စိုက်၏။ ခွံနီကမူ မလှဟူ၍ သိပ်မစိုက်ပေ။

ရှင်ကိုလှူမယ်၊ လူကိုမျှမယ်၊ တောင်းရင်ပေးမယ်၊ ခိုးရင်ဆဲမယ်ဟု သစ္စာပြုပြီးကြဲထားသော ကောက်ညှင်းစပါးပေါ်သည်ဆိုလျှင် မုန့်ဆန်ထောင်းမုန့်ဆန်းနယ်ပြုလုပ်ပြီး ရွာဦးကျောင်းသို့ သွားလှူသည့်အလုပ်ကို နှစ်စဉ်ပြုလုပ်သည်။

ခါတိုင်းနှစ်များတွင် အရီး၏ကောက်သစ်ပွဲမှာ တပို့တွဲလမှာ ထမနဲပွဲပြုလုပ်ရင်း ကောက်သစ်ပွဲကျင်းပသည်။ ယခုနှစ်တွင် အရီးနေမကောင်းသောကြောင့် တပေါင်းလကျမှ ကောက်သစ်ပွဲသဘော ကျင်းပပြီး ကိုတ္တိမသားများကို ရှင်ပြုပေးခြင်းဖြစ်သည်။ ရွာထဲမှ မိဘမဲ့ယောကျ်ားလေး ငါးဦးကို ရှင်ပြုပေးသည်။ အရီးအတွက် ကောက်သစ်အလှူဖြစ်သည်။ နံနက်စောစော ကောက်ညှင်းပေါင်းကို အုန်းသီးများနှင့်ကျွေးပြီး နေ့လယ်တွင် ငါးခြောက်ထောင်းကြော်နှင့် မယ်ဇလီရွက် ဟင်းခါးကို အတို့အမြှုပ်လေးနှင့်တကွ ရွာလုံးကျွတ် အလှူကြီးပေးသည်။ တစ်နေ့လုံး ဆိုင်းဝိုင်းနှင့် သီဆိုဖျော်ဖြေပြီး ညတွင် အငြိမ့်ငှား၏။

အများအားဖြင့် ကညွတ်ကွင်းတွင် နာမည်ကြီးနေသော ခင်စန်းရီ အငြိမ့်ကို လာငှားကြသည်။ ဘုန်းကြီးပျံပွဲတုန်းကလည်း ခင်စန်းရီကိုပဲ ငှားသည်။ ခင်စန်းရီက အငိုအပြောအလွမ်းပိုင်သည်။ အချင်းချင်းမို့ မခိုကပ်ဘဲ ကတတ်၏။ ထို့ကြောင့် ခင်စန်းရီကိုပဲ ကြိုက်ကြသည်။

နံနက်စောစောကျွေးရန် ကောက်ညှင်းများကို ဆေးနေစဉ် အစ်မနား

တွင် ရစ်သီရစ်သီလုပ်နေသော နော်ရင်မွေးကို အစ်မက–

"ပွဲသွားကြည့်လေ"

"ဘာလုပ်ရမှာလဲ"

"ဆိုင်းတီးတာ ကြည့်နေပေါ့၊ ကလေးပီပီ"

အစ်မစကားကို မကျေနပ်၍ ခြေဆောင့်ကာ ထွက်သွားမိသည်။ အစ်မက မိမိအား ကလေးဟုသာ သဘောထားနေသေးသည်။ထို့ကြောင့် စိတ်ကောက်ပြီး ဘုန်းကြီးကျောင်းပေါ်သို့ တက်အိပ်နေ၏။ အရိုးအိမ်ဝိုင်းနှင့် ဘုန်းကြီးကျောင်းဝင်းမှာ တော်တော်လေးလှမ်းသည်။ ပွဲပါ ပြုလုပ်ရန်အတွက် အရိုးက ဘုန်းကြီးကျောင်းတွင် အလှူလုပ်ခြင်းဖြစ်သည်။

"ဟဲ့ . . . ရင်မွေး ထစမ်း။ တော်ကြာ အုန်းသီးခြစ်တဲ့လူတွေ လာတော့မှာ။ နင်အိပ်နေလား သွား . . . ပွဲထွက်ခါနီးပြီ။ သွားကြည့်"

"အရိုးက နှင်လိုက်၊ အစ်မက နှင်လိုက်နဲ့ ရင်မွေး ဘယ်နားသွားနေရမှာလဲ"

အရိုးနှင့်အတူ ယောကျ်ားလေးငါးဦး ပါလာပြီးအောက်လင်းမီးထိုး ရန် ကြိုးစားနေကြသည်ကိုပင် သတိမထားမိဘဲ ခြေဆောင့်၍ ငိုမဲ့မဲ့ပြောမိသည်။

"ဟဲ့ . . .ကလေးက ပွဲခင်းထဲသွားနေပေါ့။ ဟိုမှာ နင့်သူငယ်ချင်းတွေလည်း ရှိသားပဲ"

"ပွဲမှမထွက်သေးတာ ဆိုင်းတီးတာ ဘာလုပ်ဖို့လဲ။ မနေဘူး။ ရွာပဲပြန်မယ်။ ရင်မွေးဘာသာ လှည်းမောင်းပြန်မယ်"

"အေး . . .နင့်ကို ခင်တန်းဘက်က သရဲထွက်ဆွဲလိမ့်မယ်။ သွားသွား အဲဒီလိုပဲ ဆရာလေးရေ။ တူမငယ်လေးက တအားဆိုးတာပဲ။ သူ့အပါးနဲ့ အစ်မက အလိုလိုက်ထားတော့ ဆိုးတာလွန်ရော"

ပြောရင်းဆိုရင်းနဲ့ အရိုးက တစ်စုံတစ်ဦးကို တိုင်တည်လိုက်သည်။ မှောင်နေ၍ ဘယ်သူမှန်းမသိပေ။ သို့သော် ဆရာဟူသော အခေါ်အဝေါ်ကအတော်လေး ထူးဆန်းနေ၏။

"ဆရာလေးရေ အုန်းသီးခြစ်တဲ့အဖွဲ့ကို အပေါ်မှာတင်လိုက်တာပဲကောင်းမယ်နော်။ အောက်မှာက သဲတွေဖုန်တွေ လွင့်တာနဲ့"

"ကောင်းပါတယ်ဗျာ။ ကျွန်တော်လည်း ဝိုင်းခြစ်ပေးပါ့မယ်"



"ဟော . . . ဟော ဆရာလေးတောင် ချစ်ချင်လာပြီထင်တယ်။ ရင့်တာချစ်မှ ရမယ်နော်။ နုတာချစ်ရင် မချိုဘူး။ ဟိုမှာ ကြည့်ပါလား။ ပတ်ကသြောမလေးက တစ်စက်မှ မချိုဘူး"

"ကိုမြင့်လွင် . . . နင်နော်၊ ငါ့ အစ်မနဲ့တိုင်ပြောမှာ"

သမဝါယမ စာရေးကိုမြင့်လွင်မှန်းသိ၍ လှမ်းရန်ထောင်လိုက်သည်။ ကိုမြင့်လွင်သည် နန္ဒမိတ်ရွာမှ သမဝါယမ စာရေးဖြစ်သော်လည်း အရိုးလှစိန်ကိုခင်၍ လာရောက်ကူညီခြင်းဖြစ်သည်။

"ငါက အရင်တိုင်မှာပေါ့"

ပြောပြောဆိုဆိုနှင့် ကိုမြင့်လွင်သည် အောက်ထပ်ရှိ ကောက်ညှင်းပြာနေသော အဖွဲ့ထံကို လှမ်းအော်လိုက်၏။

"အစ်မ တဝါးမရေ ဒီမှာ ရင်မွေးရယ်လေ ပြောမရဘူးပေါ့။ လိုက်ရှုပ်နေတယ်"

"ကြည့်စမ်း၊ ကြည့်စမ်း ငါ့ဘာသာအိပ်နေတာများ ရှုပ်တာက သူတို့သိမယ်"

"ဟဲ့ . . . ဟဲ့ ရင်မွေး"

"တော်စမ်းပါ မြင့်လွင်ရယ်။ နင်က ငါ့ညီမပဲ စနေတာ။ လာ ကလေး အစ်မနဲ့ ပွဲခင်းထဲ မုန့်သွားစားမယ်"

အစ်မက မိမိအား ချော့၍ခေါ်သွားသည်။ ပြီးတော့ ကြက်သွန်နွာနေသည့် ဝိုင်းထဲလာပြီး ကြက်သွန်နွာရင်း စကားပြောကြ ရယ်ကြမောကြနှင့် အချိန်ကုန်သွားသည်။ ပွဲထွက်သောအခါတွင် ဝိုင်းသိမ်းပြီး မိမိနှင့်အစ်မသည် ပွဲခင်းထဲ၌ နေရာယူလိုက်သည်။ မင်းသမီးကတာ ကြည့်ဖို့ကိုတမေ့တမောကြီး စောင့်နေရသည်။ ဆိုင်းဝိုင်းက ထုံးစံအတိုင်း ဗေထိဗေထိနှင့် မတီးချင်တီးချင် တီးနေသည်။ ရွာထဲမှ ကာလသားများက တစ်ယောက်ပြီးတစ်ယောက် သီချင်းတက်ဆိုသည်။ ရဲသည့်မိန်းကလေးများကလည်း တက်ဆိုကြသည်။

လူပြက်ထွက်လာတော့လည်း ဆိုင်းဆရာက ပတ်စာညှိသလိုလို နဲ့ သံစမ်းသလိုလို လုပ်နေ၍ စိတ်မရှည်ဖြစ်မိသည်။

၉ နာရီမှ ပွဲထွက်၏။ မင်းသမီးက သီချင်းဆိုပြီး ကသည်။ လူပြက်တွေက ပြောရင်းရယ်သည်။

"အစ်မ ငါပြန်မယ်၊ အိပ်ဦးမယ်"

"လုပ်ပြီ နေဦး"

အစ်မက လှည့်မာန်လိုက်သဖြင့် အသာကုပ်နေရသည်။ ဒူးပေါ်မေးစေ့တင်ကာ ငိုက်နေမိသည်။ မိမိတို့လို မြို့နှင့် အလှမ်းကွာဝေးလွန်းသော ရွာများအဖို့ ပွဲဆိုလျှင် ဖွဲကောင်းကြသည်။ ဤကဲ့သို့ ဘုန်းကြီးပျံပွဲ အလှူပွဲများတွင် ရွာနီးချုပ်စပ်ကပါ လာကြ၍ အလွန်စည်ကားလှသည်။

မိမိတို့ ငယ်ငယ်ကဆိုလျှင် ဧယင်ကျူးပွဲကို ပျော်လွန်း၍ ကျောင်းထိုင်ဘုန်းကြီးတွေ မြန်မြန်ပျံလွန်တော်မူပါစေဟု ဆုတောင်းကြ၏။ ကြီးလာတော့ သိပ်မပျော်တော့ပေ။ ရွာနှင့်ဝေးလျှင် လှည်းနှင့်သွားပြီး ပျော်ရတာကိုပင် မနှစ်သက်တော့။ မိမိရွာထဲမှာပဲ ဖြစ်စေချင်သည်။ သို့သော် မိမိရွာသည် မြို့နှင့်အဝေးဆုံးဖြစ်သောကြောင့် ဘယ်ပွဲမျှ မလာပေ။ ကညွတ်ကွင်းမြို့နယ်အဆုံး နန္ဒမိတ်ရွာပင်ဖြစ်သည်။ စစ်တောင်းမြစ်နံဘေးမှာ ရှိသည်။ တစ်ရွာလုံး မြစ်ရေကိုသာ အားကိုးကြရသည်။

နန္ဒမိတ်ရွာသည် မိဿလင်ကျေးရွာအုပ်စုဖြစ်ပြီး မိဿလင်ကျေးရွာတွင် နန္ဒမိတ်ရွာအပြင် အခြားရွာခွဲလေးခုလည်း ရှိသည်။ ငါးမြစ်ချင်းရွာကမူ ရွာကြီးဖြစ်၏။ ရွာတစ်ရွာတည်းဖြစ်သည်။ ကျေးရွာခွဲမရှိပေ။ ငါးမြစ်ချင်းရွာကို ရင်မွေးပို၍ နှစ်သက်သည်။ နန္ဒမိတ်ကဲ့သို့ မြစ်ထဲ ရေဆင်းမချိုးရဘဲ တွင်းရေကြည်ကြည်ကို ချိုးရသည်။ ရေကြောမြေကြော ကောင်း၍ အစဉ်စိမ်းစိုနေ၏။

"အစ်မ ငါပြန်မယ်ဟာ။ အရီးလှစိန် အိမ်မှာ သွားအိပ်မယ်"

"လုပ်ပြီ ခဏလေးပါဟာ။ ငါလည်း လိုက်မယ်လေ။ ဒီတစ်ခါ ကပြီးရင် လိုက်ခဲ့မယ်နော်"

"နင့်ဘာသာနင် ဝအောင်ကြည့်ပါ။ အရီးအိမ်က နီးနီးလေးပဲ။ ပြီးတော့ လူသွားလူလာမှ မပြတ်တာ။ ငါ သွားမယ်နော်"

အစ်မကို တောင်းတောင်းပန်ပန်နှင့် အတင်းထားခဲ့ပြီး ပြန်လာသည်။ အစ်မကား ပွဲကြိုက်သူပင်ဖြစ်သည်။ ပွဲဆိုလျှင် ညလုံးပေါက် ကြည့်တတ်၏။ မိမိကမူ ပွဲထက် အအိပ်ကိုပိုမက်၍ ဘယ်တော့မှ ဆုံးအောင်မကြည့်ဘဲ တစ်ဝက်တစ်ပျက်နှင့် ထပြန်တတ်၏။

အိပ်ချင်စိတ်နှင့် တစ်ယောက်တည်း ထွက်လာခဲ့ပြီး ပွဲခင်းနှင့် အနည်းငယ်ဝေးသောနေရာသို့ ရောက်သောအခါ လူအနည်းငယ် ကျဲသွား၍ ကျောထဲစိမ့်သွား၏။



တစ်ခြမ်းပဲ့ လလေးက မလင်းတစ်လှည့် လင်းတစ်လှည့်မို့ အားမကိုးရပေ။

မြေဖို့ထားသော လမ်းဖြစ်၍ သွားရသည်မှာ လွယ်ကူ၏။ တစ်ရွာလုံးကို ရွာလမ်းမကြီးက အဆက်အသွယ်ပြုထားသည်။ လမ်းမကြီးက လူသုံးယောက်ယှဉ်၍ သွားနိုင်လောက်အောင် ကျယ်ပြန့်ပြီး နှစ်စဉ်မြေဖို့ထား၍ ကုန်းမို့ မြေမာမာလေး ဖြစ်နေ၏။ ဘေးတစ်ဖက်တစ်ချက်ရှိ သစ်ပင်ကြီးများက လမ်းမို့မို့လေးအား အေးချမ်းသောအရိပ်ကို ဖန်တီးပေးထား၏။ ညဖြစ်၍ အမှောင်ထု လွှမ်းကဲနေသည်။

မိမိမျက်လုံးအစုံက တဖြည်းဖြည်းကျယ်လာပြီး ကြောက်စိတ်ဝင်လာမိ၏။ လမ်းပေါ်တွင် မိမိတစ်ဦးတည်းသာ ရှိသည်ဟူသော အသိကြောင့် ကျောထဲစိမ့်လာသည်။

လေရှိန်ဖြင့် သစ်ရွက်အချင်းချင်း ပွတ်တိုက်မြည်သံကလည်း တရှဲရှဲဖြင့် ကျယ်လောင်လွန်းလှ၏။ အရီးလှစိန်အိမ်က ရွာအစွန်မှာမို့ ပွဲခင်းဘက်ပြန်လှည့်ရကောင်းမလား၊ ဆက်သွားရကောင်းမလားဟု ရပ်၍ စဉ်းစားလိုက်သည်။

"ရင်မွေး ဘယ်လဲ"

မိမိကို နှုတ်ဆက်သံနှင့်အတူ အနားသို့ ဓာတ်မီးတဝင်းဝင်းဖြင့် ရောက်လာသော သူအားကြည့်၍ ဝမ်းသာမိသည်။ ဘယ်သူမှန်းလဲ မသိ။ ဒီအသံကို ကြားဖူးသလိုလိုရှိသည်။ သို့သော် ရွာပတ်ဝန်းကျင်က ရင်မွေးဆိုလျှင် မသိသူရှား၏။

"အိမ်ပြန်မလို့ပေါ့ အိပ်ချင်ပြီ။ အတော်ပဲ နင့်မှာမီးပါရင် လိုက်ပို့စမ်းပါဟယ်"

"တစ်ယောက်တည်း ဘာလို့ ထွက်လာတာလဲ"

"သူတို့မှ မပြန်တာ။ ငါ သိပ်အိပ်ငိုက်တာပဲ"

"ဟိုတစ်ခါ ဧယင်ကျူးပွဲတုန်းကလို ပွဲခင်းထဲမှာ အိပ်ပေါ့"

"ကြော် . . ."

သူသည် ဧယင်ကျူးပွဲတုန်းက ပွဲခင်းထဲမှာ အိပ်သည့်မိမိကို သိနေ၏။

ထို့ကြောင့် စိုးရိမ်စိတ်မရှိဘဲ သူ့နောက် လိုက်လာမိသည်။

သို့သော် သူဘယ်သူမှန်း ရင်မွှေးမသိပေ။ သူ့အသံက နူးညံ့သည်။ ညင်သာသည်။

သူ့ကိုလှမ်း၍ကြည့်မိ၏။ အမှောင်ထဲတွင် ဘယ်သူမှန်းမသိပေ။ သူ့ကို မကြာခဏ လှမ်းကြည့်၍ ခလုတ်တိုက်သွားသည်။ သူက မိမိလက်မောင်းကို ဆုပ်ကိုင်ရင်း–

"မင်းဟာ သိပ်ကလေးဆန်တာပဲနော် ရင်မွှေးရယ်။ အဲဒီလိုသာ တစ်ယောက်တည်း လျှောက်သွားနေရတာ မကြောက်ဘူးလား။ ခု တို့ ဘယ်သူလဲ သိရဲ့လား"

ရင်မွှေးက ခေါင်းခါရင်း

"အို . . . ရင်မွှေးနာမည် သိနေတာ ကိုယ့်ရွာသား ကိုယ့်အသိပဲ ထင်တာပေါ့။ ဘယ်သူမှန်းမသိလည်း ဘာအရေးလဲ။ ရင်မွှေးဘာသာ သွားတတ်တယ်နော်။ အခု လိုက်မပို့ပေးချင်လည်းနေ။ ရင်မွှေးဘာသာ သွားမယ်"

သူက ဘာမျှပြန်မပြောဘဲ တိုးတိုးလေးရယ်မောရင်းက ဦးဆောင်၍ စထွက်လာသည်။

"ခင်ဗျား ပြန်တော့လေ။ ရင်မွှေးဘာသာ သွားမယ်"

"ကိုယ်က ငါးမြစ်ချင်းရွာသားပါပဲ။ ငါးမြစ်ချင်းရွာမှာ နှစ်ရှည်လများ နေမယ့်သူပါ"

သူ့ကို မမြင်ရဘဲ ကြည့်နေချင်သည်။

"ဟင် . . . ဖြစ်ရမယ်လေ။ ငါးမြစ်ချင်းရေက ချိုတယ်။ ဒီရေကို သောက်ပြီးရင် ဒီရွာက မခွဲနိုင် ဖြစ်နေရမယ်"

ငါးမြစ်ချင်းရေ အေးမြကြောင်း၊ ချိုကြောင်းကို ရွာသားများကိုယ်စား အမွှမ်းတင်မိသည်။

"ဒါပေမဲ့ ကိုယ်ကတော့ နန္ဒမိတ်ရွာက ရေကို ပိုကြိုက်တယ်"

"ဟာ . . . ဟား . . . ခင်ဗျားက နန္ဒမိတ်ရောက်ဖူးလို့လား။ နန္ဒမိတ်က ရေရှားတယ်။ စစ်တောင်းမြစ်ပဲ အားကိုးနေရတာ"

အမည်မသိ ကိုလူစိမ်းကို နောက်ပြောင်လိုက်ရင်း တဟားဟားရယ်မောမိ၏။

"ရောက်ဖူးပါတယ်။ စိတ်ထဲမှာ နန္ဒမိတ်ရေပဲ တမ်းတနေတာ။ နန္ဒ



မိတ်ရွာက မခွာချင်ဘူး။ လာချင်တယ်"

"လာပေါ့ ကိုယ့်ဘာသာကိုယ်လာတာ ဘယ်သူတားလို့လဲ"

"ရင်မွှေးတို့အိမ်ကိုပါ လာလည်မှာ"

"အပါးနဲ့ အစ်မ ဆူလိမ့်မယ်။ ဘယ်သူမှန်းမသိဘဲနဲ့ အိမ်အလည် မခေါ်ဝံ့ပါဘူးလေ"

"ဖြည်းဖြည်း သိလာမှာပေါ့"

သူနှင့်စကားပြောနေရသည့် အချိန်တိုလေးအတွင်းတွင် ရင်မွှေးရင်ထဲ ပျော်ရွှင်လာမိသည်။ သူသည် မိမိစွဲလန်းရှာဖွေနေသူလား ဟူသော အသိလေး ဝင်လာပြီး သူ့ကို ပိုမြင်ချင်လာမိသည်။ အမှောင်ထဲတွင် တလဲ့လဲ့တောက်ပနေသော သူ့မျက်လုံးအစုံနှင့် ဆုံတွေ့လေတိုင်း မိမိရင်ဖိုရသည်။

"နော်ရင်မွှေးက နန္ဒမိတ်ဇာတိ မဟုတ်ဘူးနော်"

"ဘယ်လိုသိလဲ"

"နန္ဒမိတ်က ကရင်လူမျိုး ရှားတယ်"

"ငါးပတ်အိုင်ဆိုတဲ့ ရွာမှာ မွေးတယ်။ အဲဒီရွာက အပါးရွာလေ။ ရင်မွှေးငယ်ငယ်က အဲဒီမှာပဲနေတာ။ ဒီပြောင်းလာတာ မကြာသေးဘူး။ ဆယ်နှစ်ပဲရှိသေးတာ"

ကိုယ်မသိတဲ့လူ မမြင်ဖူးတဲ့ လူတစ်ယောက်ကို ဘာလို့ ကိုယ်ရေးကိုယ်တာ ကိစ္စပြောနေရတာလဲဆိုတာ စဉ်းစားမရ ဖြစ်သွားသည်။

"သူ့ရဲ့ ဩဇာသံအောက်မှာ ရုန်းထွက်၍ မရတော့ပါ။

"ဒီအိမ်နော်"

သူကလည်း မိမိသွားမည့်အိမ်ကို သိနေ၍ အံ့ဩမိသည်။

"ဟုတ်တယ် ကျေးဇူးပဲနော်"

ပြောရင်းက သူ့လက်ထဲမှ သုံးထောင့်ထိုးဓာတ်မီးကို ဆတ်ခနဲ ဆွဲယူပြီး သူ့မျက်နှာကို ထိုးကြည့်လိုက်မိသည်။

"ဟင် . . ."

အံ့ဩသွား၏။ သူပါလား။ မိမိအမြဲ ရှာဖွေတမ်းတနေသူ။ မိမိအား ရင်ခုန်တတ်အောင် ဖန်တီးသူ"

"သိသွားပြီ ရော့"

ရှက်ရှက်နှင့် သူ့လက်ထဲသို့ ဓာတ်မီးပြန်ထည့်ပြီး ခြံဝင်းထဲသို့ ပြေးဝင်လာမိ၏။

"မင်းသိပ်ဆိုးပါလား ရင်မွေးရယ်"

သူက တီးတိုးရယ်မောရင်း မှတ်ချက်ချလိုက်၏။ ဤအသံကို မိမိရင်ထဲတွင် ကျယ်လောင်စွာ ကြားလိုက်ရသည်။ ဒီသိပ်ဆိုးတဲ့ ကောင်မလေးက သူ့ကိုစွဲလန်းပြီး ရှာဖွေနေတာကို သူမသိပေ။။

သူဟာ မိမိအပေါ်မှာ စိုးမိုးလွှမ်းသူပါပဲ။ ညအိပ်ရာဝင်သည်အထိ အိပ်မက်တံတားခင်းပြီး မိမိနောက်ကို လိုက်ခဲ့သူ မိမိဘဝတစ်ခုလုံးကို ကိုင်လှုပ်နိုင်မည့်သူပါပဲ။

* * *

ငါးမြစ်ချင်းရွာနှင့် နန္ဒမိတ်ရွာကို ခြေကျင်သွားလျှင် တစ်နာရီကျော်ကျော် လျှောက်ရသည်။ သို့သော် ထိုကျောင်းဆရာအဖို့ တစ်မိနစ်ခရီးကဲ့သို့ သွားနေသည်။ ဆရာနေသည့်အိမ်ကား ငါးမြစ်ချင်းမှ ဘကြီးအိမ်။ အလုပ်လုပ်နေရသည်ကား နန္ဒမိတ်မူလတန်းကျောင်းမှ ကျောင်းအုပ်။ လက်အောက်တွင် ဆရာ၊ ဆရာမသုံးဦးရှိသည်။

ဆရာ နန္ဒမိတ်ရွာကို ရောက်သည်မှာ မကြာသေးသော်လည်း ငါးမြစ်ချင်းရွာနှင့်ရော နန္ဒမိတ်ရွာနှင့်ပါ အဆင်ပြေလှ၏။ ကျေးရွာကိစ္စများကို အားသွန်ခွန်စိုက် ဆောင်ရွက်ပေးသည်။ အပါးနှင့်လည်း အဆင်ပြေသကဲ့သို့ အစ်မနှင့်လည်း ပိုအဆင်ပြေလှသည်။ တစ်ခါတစ်ရံ အစ်မဦးဆောင်သော လယ်မြေတွင် ဓာတ်မြေဩဇာကျွေးရင် ပိုးသတ်ဆေးဖျန်းရင်ဖြင့် သူက အကူအညီပေးတတ်သည်။

နော်ရင်မွေးက သူလာလျှင် ရေနွေးကြမ်းနှင့်အမြည်းကို တွင်တွင်ချပေးရင်း သူ့ကို အခန်းထဲမှနေကာ ခိုးပြီးကြည့်တတ်၏။ သူကတော့ လူကြီးသဖွယ် ဣန္ဒြေနှင့် လက်ဖက်ရည်ကြမ်း လာချပေးသည့် မိမိအား မော့ပင်မကြည့်ပေ။

မြင်းကမလှုပ် ခုံကလှုပ်မည့်အဖြစ်မို့ မိမိက သူ့အား ခိုးကြည့်ရုံနှင့်သာ ကြည်နူးနှစ်သိမ့်ရပါသည်။ တစ်ခါတစ်ရံ သည်အိမ်တွင် အပါးနှင့် တဝါးမတို့သာ ရှိသည်ထင်နေရော့လား မသိပေ။ နော်ရင်မွေးကို ရှိသည်



ဟုပင် မထင်ပေ။

"ကောင်မလေး ရေခပ်မသွားသေးဘူးလား"

"ခု ခပ်မလို့"

ရေအိုးကိုချကာ ရေကပြင်တွင် ခြေဆင်းထိုင်ရင်း ငိုင်နေသော မိမိကို ကြည့်၍ အစ်မက မာန်လိုက်သည်။

မိမိသည် သူတို့လူကြီးဝိုင်းတွင် အရေးမပါသော ကလေးသက်သက်သာဖြစ်သည်။

"ကြည့်စမ်း ဖိနပ်စီးမသွားဘူး"

အစ်မက လှမ်းအော်လိုက်၍ ဖိနပ်မစီးခဲ့သည့်အဖြစ်ကို သတိရမိသည်။ အိမ်ရှေ့မှ ကျည့်သွားရမည်စိုးသောကြောင့် နောက်ဘက် ရေကပြင်မှာပင် ဆင်းလာခြင်းဖြစ်သည်။ အစ်မသည် မိမိအား အသေးအဖွဲ့မှစ၍ ဂရုစိုက်တတ်၏။ အစ်မကို လျှာထုတ်ပြပြီး ရေအိုးကို ခါးစောင်းတင်ကာ ထွက်လာခဲ့သည်။

မြစ်ဆိပ်သို့ ရောက်သောအခါ လူအတော်လေးရှင်းနေသည်။ မှောင်ရီပျိုးလာ၏။ နှမ်းပွင့်ကလေးများ၏ရနံ့က သင်းသင်းလေး မွှေးနေသည်။ သောင်ပြင်ပေါ်တွင် မြေပဲပင်၊ ဆေးရွက်ကြီးပင်များကို စိုက်ပျိုးထားသည်။ မိမိတို့အိမ် ရွာပြင်လမ်းမှပင် ဆင်းလာသည်။ ခါတိုင်းအချိန်တွင် သူငယ်ချင်းများနှင့် စကားပြောချင်၍ ခရီးဝေးသော ရွာလမ်းမှသွားသည်။ ယခုအခါ ဆရာ ပြန်သွားမှာစိုး၍ လမ်းတိုမှသွားသည်။ ပြီးတော့ ဆရာ့အကြောင်း တွေးရင်း တစ်ယောက်တည်း ငြိမ်သက်စွာနေချင်သည်။

သည်နေ့ပြောသော စကားများထဲတွင် ရွာကို စည်းရိုးကာတော့မည်ဟု ကြားလိုက်မိသည်။ အပါးကား ကျေးရွာလူကြီးတစ်ဦး ဖြစ်သောကြောင့် အပါးနှင့်တိုင်ပင်နေသည်။ နန္ဒမိတ်ရွာသည် အစွန်ဆုံးမှာ ဖြစ်သောကြောင့် စည်းရိုးလိုကြောင်း တစ်အိမ်ကို ဝါးတစ်စီးတိုက်လာလျှင် ကာ၍ ရကြောင်း ဆရာက စိတ်အားထက်သန်စွာ ပြောနေသည်။ ဤကဲ့သို့ ပွင့်လင်းရာသီတွင် ရွာ၏စည်းရိုးမှာ ပို၍အရေးပါကြောင်း ပြောပြ၏။ ဆရာသည် နန္ဒမိတ်တွင် ညမအိပ်သော်လည်း တစ်ခါတစ်ရံ ညလုံခြုံရေးကင်းနှင့် လက်ဆက်ကင်းများတွင် သူ့အမည်ကိုပါ ထည့်ပြီး ကင်းတာဝန်ကိုယူထား၏။ ဆရာလာမှ လုပ်ငန်းပို၍ တွင်ကျယ်လာပြီး လူငယ်များ

တက်ကြွမှုရှိသည်။ အခြေခံစစ်ပညာသင်တန်းကိုလည်း ဆရာကပဲ ဦးဆောင်ပြီး ရွာရှိလူငယ်လေးများကို သင်ပေးခဲ့သည်။ နောင်နှစ်နွေတွင် မိန်းကလေးများကိုပင် သင်ပေးနိုင်ကြောင်းလည်း ပြောသံကြားရသည်။ ဤသို့ဆိုလျှင် နော်ရင်မွှေးဟူသော ကရင်မလေး ရှေ့ဆုံးက ပါပေမည်။

မြစ်ကမ်းနံဘေးသို့ ရောက်သောအခါ မိမိရုပ်သွင်ကို ရေထဲတွင် ငုံ့ကြည့်လိုက်မိသည်။ သနပ်ခါးဝါဝါလေးကို ဘီးနှင့်ညီအောင် ဆွဲညှိထားသည်။ ဆံပင်ကိုလည်း သပ်သပ်ရပ်ရပ်ဖြီးထားပြီး ရင်ခတ်ပန်းဝါဝါလေးနှစ်ပွင့်ကိုဆင့်၍ ပန်ထား၏။ နေ့လယ်က ဘုရားအိုးထိုးရန် ခင်တန်းထဲသို့ သပြေချိုးစဉ် ရင်ခတ်ပန်းတွေ့၍ ခူးထားသည်။ ညနေ ဆရာလာခါနီးမှ ပန်ရန်ဖြစ်သည်။ သင်းပျံ့ပျံ့ရနံ့လေးနှင့် နူးညံ့သော ရင်ခတ်ပန်းလေးသည် အနည်းငယ် ငိုက်ချင်ငယ်သလိုလို။

ဟင်း . . .သူက မြင်ချင်မှ မြင်မှာ၊ အုန်းမှုတ်ခွက်ကို လက်ကိုင်ရိုးရှည်ရှည်တပ်ထားပြီး ရေကြည်ကြည်ကို လှမ်းခပ်ယူရင်း သူ့အကြောင်းတွေးမိသည်။ သူသည် နော်ရင်မွှေးအပေါ် အဘယ်ကြောင့် စိုးမိုးအနိုင်ယူနေပါသနည်း။

ယခုလည်း ရေခပ်ပြီးသည်နှင့် အိမ်သို့ အမြန်ပြန်လာခဲ့သည်။ အိမ်မှာရှိနေသေးသည့်သူ့အား ခိုး၍ ကြည့်ချင်သေးသည်။

အမြန်လျှောက်လာရသော မိမိအဖို့ သူ့ကိုမတွေ့ရသောအခါ ရင်ထဲဟာသွားပြီး ငိုင်နေမိ၏။ တကယ်ပါပဲ။ မိမိကပဲ ဆရာ့ကို ဂရုစိုက်နေရ၏။ သူကတော့ မိမိကို ရှိတယ်လို့ မထင်။ တကယ်ဆို မိမိပြန်အလာစောင့်ပြီးမှ "ပြန်တော့မယ်" လို့ တစ်ခွန်းပြောစမ်းပါ။ သည်ကရင်မလေး ကျွမ်းပစ်အောင်အထိ ပျော်သွားမှာ။

"ဟဲ့ . . .ရင်မွှေး ရေမပြည့်သေးဘူး မဟုတ်လား။ ထပ်ခပ်လေ။ ဘာငိုင်နေတာလဲ . . .ဝေ့"

ရုတ်တရက်လန့်သွားသည်။ ငိုင်နေမိသော မိမိအဖြစ်ကို မလုံမလဲနှင့် အစ်မကား ရယ်ပြလိုက်မိသည်။ အစ်မက မျက်စောင်းထိုးရင်းက–

"ကောင်မလေး၊ နင် အခုတလော မူပျက်နေတယ်နော့။ ကျောင်းပိတ်ကတည်းက တစ်မျိုးဖြစ်နေတယ်နော့"

အစ်မကို လျှာထုတ်ပြောင်ပြမိသည်။ မြစ်ဆိပ်သို့ရောက်သောအခါ



နေလုံးကြီးပင် ရေဆင်းသောက်နေလေပြီ။ နီလွင်သော ညနေခင်းက အမှောင်ထုနှင့် ရောကာ ခရမ်းရင့်ရောင် ဖြစ်နေ၏။

အမြဲမြင်တွေ့နေကျ မြင်ကွင်းလေးကို ကြည့်ရင်းက ခါတိုင်းဘာမျှမထူးခြားသော်လည်း ဒီနေ့တော့ လွမ်းသလို ဆွေးသလိုခံစားရသည်။ ဆရာ ငါးမြစ်ချင်းကို ပြန်သွားပြီလား။

"အမေ့"

ရုတ်တရက် သောင်ပြင်ပေါ်သို့အဆင်းတွင် ခြေဖဝါးတစ်ဖက်ဆူးစူးသွား၏။ မြက်ခနဲခံစားရ၍ ယိမ်းယိုင်သွားကာ သောင်ပြင်ပေါ်တွင် ထိုင်ချပြီး ရေအိုးကို ဘေးချလိုက်၏။

"ရင်မွှေး . . ."

"ဟင်. . ."

မိမိတစ်ကိုယ်လုံး တုန်လှုပ်သွားသည်။ ဤအသံသည် မိမိနှလုံးသားကို အစဉ်အမြဲ ရိုက်ခတ်ခဲ့သည့်အသံဖြစ်သည်။

"ဆူးစူးသွားတာလား မှန်းစမ်း"

ဆရာက မိမိနားတွင် ဆတ်ခနဲထိုင်ချပြီး ခြေဖဝါးကို လှပ်ကြည့်၏။

"အို . . .ရပါတယ်၊ ရင်မွှေးဘာသာ လုပ်ပါ့မယ် ဆရာရယ်"

ဆရာက ဘာမျှမပြောဘဲ မိမိခြေဖဝါးမှ ဖုန်များသဲများကို လက်နှင့်ဖယ်ပြီးကြည့်သည်။

"ဟာ . . . တော်သေးတယ်။ သိပ်မနက်သေးဘူး။ ဒီအတိုင်း ဆွဲထုတ်လို့ရတယ်။ ငြိမ်ငြိမ်နေ"

အမိန့်သံပါသော ဆရာ့စကားကြောင့် ငြိမ်နေလိုက်ရသည်။ ဆရာက ဆူးကို လက်သည်းနှင့်ညှပ်ကာ ဆွဲထုတ်လိုက်သည်။ သွေးလေးစို့ထွက်လာသည်ကို ညှစ်ထုတ်လိုက်၏။

"နာလား"

"နာတာပေါ့"

မြို့ကြီးသူတို့၏ခြေဖဝါးလို နူးနူးညံ့ညံ့ လှလှပပလေး မဟုတ်ဘဲ အက်ရာများဖြင့် ကြမ်းတမ်း၍နေသဖြင့် ရှက်မိ၏။

ဆရာက ဆူးချွန်လေးကို လက်ဖဝါးပေါ်တင်ရင်းက–

"ဆူးနောက်ပိုး"

"ဟင် . . . ဆူးနောက်ပိုးတဲ့လား၊ ရင်မွေး မကြားဖူးပါဘူး"

"ကိုယ်ဖြတ်လာတုန်းက မစူးဘဲ ရင်မွေးဖြတ်လာမှ စူးလို့လေ ဆူးနောက်ပိုးပေါ့"

"အိုး . . . ပေါက်ကရပြောပြီ"

သဘောကျစွာဖြင့် လွတ်လပ်စွာ ရယ်မောမိသည်။ ဆရာက မိမိ ရယ်သည်ကိုပြုံး၍ငေးကြည့်ရင်းက–

"မင်းက ရယ်ရင်လှတယ်။ ဒါနဲ့များ ဘာလို့ မျက်နှာတည်ရတာလဲ"

"မတည်ပါဘူး အစ်မက ရင်မွေးကို ခဏခဏရယ်လို့တောင် ဆူတာ" ရှက်ဝဲဝဲဖြင့် ပြန်ပြောလိုက်မိသည်။

"မသိပါဘူး ဆရာ့တွေ့ရင် နှုတ်ခမ်းကြီး စူထားသလားလို့ပါ"

"အမယ် . . . ဆရာကလည်း ရင်မွေးတွေ့ရင် မျက်နှာကြီးတည်ထားလို့"

"ဩော် . . ."

ထိုအခါမှလည်း ဆရာက သဘောကျစွာ ရယ်လိုက်သည်။ သွားတန်းဖြူဖြူလေးများ ညီညာ၍နေသည်။ ဆရာရယ်လျှင် ကလေးကဲ့သို့ ရုပ်နသွား၏။

"ကဲ . . . ရပါတယ် ဆရာ"

ကိုယ့်ဘာသာကိုယ် အတင်းကုန်းထလိုက်သည်။

ဆူးစူးထားသောဒဏ်ရာကြောင့် နည်းနည်းလေး နာနေသည်ကလွဲလို့ လမ်းလျှောက်ရပါသည်။ ဆရာက ရေအိုးကို မယူလိုက်သဖြင့် –

"ရင်မွေးကို ပေးပါဆရာ"

"ရတယ်လေ ကိုယ် သယ်ခဲ့မယ်"

ဆရာက ပြောပြောဆိုဆိုနှင့် ရှေ့မှထွက်သွားသည်။

ရေစပ်သို့ ရောက်သောအခါ ဆရာသည် ရေထဲဆင်းရန် ဟန်ပြင်လိုက်သည်။

"ဟင့်အင်း မဆင်းပါနဲ့ ဆရာရယ်။ ရင်မွေးဘာသာ ခပ်ပါ့မယ်နော်"

ဆရာ့ထံမှ ရေအိုးကို ပြန်လုသော်လည်း ဆရာက ဆွဲထားရင်း–

"ရင်မွေး ခြေနာနေတာပဲ။ ဆရာ ခပ်ပေးမှာပေါ့"

"မလုပ်ပါနဲ့ ဆရာရယ်၊ စစ်တောင်းမြစ်ကလေ ဧည့်သည်မှ စားတာ ဆရာရဲ့"



စိုးရိမ်စိတ်နဲ့ အလန့်တကြားတားနေသော မိမိကို ဆရာက စူးစိုက်ကြည့်ပြီးနောက်–

"ဆရာ့အတွက် စိုးရိမ်သလား ကလေးမရယ်။ မစိုးရိမ်ပါနဲ့လေ။ ဆရာက ဧည့်သည်မဟုတ်ဘူး။ အိမ်ရှင်လို တစ်သက်နေသွားမှာ"

"ဟုတ်ရဲ့လား ရွာကိုရောက်တဲ့ ဆရာတိုင်း တစ်နှစ်တောင် မကြာဘူး။ ပြန်ပြေးကြတာ များတယ်"

"စိတ်ချပါ ရင်မွေး မနှင်မချင်းနေမှာ"

ရုတ်တရက်မို့ ဆရာပြောသည့် အဓိပ္ပာယ်ကို နားမလည်ဘဲ ရယ်မောမိသည်။ ညရောက်သည့်အခါမှ စဉ်းစားရင်း သူ့စကားက ဘာလိုလိုမို့ ရင်ဖိုရသည်။

"တကယ်တော့ ဧည့်သည်ဆိုတာ ရေကြောကိုမသိဘဲ ရမ်းသွားတော့ ရေနစ်တာပေါ့။ ရွာခံလူတွေကျတော့ ဘယ်နားနက်တယ်။ ဘယ်နားတိမ်တယ်ဆိုတာ သိနေတော့ မနစ်ဘူးပေါ့။ ကဲပါ ကိုယ်က နန္ဒမိတ်ရေကို မထိဘဲ မနေနိုင်ဘူး။ ငါးမြစ်ချင်းရေက မစွဲဘူး။ နန္ဒမိတ်ရေက စွဲတယ်ဗျ။ ကိုယ်က နန္ဒမိတ်သားပဲနော်။ အန္တရာယ်မရှိပါဘူး။ ကိုယ် ခပ်ကြည့်စမ်းပါရစေ"

"ဒါနဲ့ လှမ်းခပ် ဆရာရယ်။ ဒီနားကပဲ ခပ်ပါ။ ရေနက်ထဲ မသွားနဲ့နော်"

ရေအိုးကို ဆွဲယူ၍ သူ့အား ရေမှုတ်ပေးလိုက်သည်။ ဆရာက မိမိစကားကို နားထောင်ပြီး ရေမှုတ်နှင့် ရေကြည်ရာဘက်သို့ လှမ်းခပ်လိုက်သည်။

"ရေမှုတ်က ကြီးတယ်နော်။ သေးရင်ကောင်းမှာပဲ"

"အို့ . .ဆရာကလည်း ကြဲ့ကြဲ့ဖန်ဖန် ကြီးတော့ မြန်မြန်ပြည့်တယ် မဟုတ်လား"

"အခုတော့ မပြည့်ချင်ဘူး။ အကြာကြီး ခပ်ချင်တယ်"

ရုတ်တရက် ဆရာ့စကားအဓိပ္ပာယ်ကို နားမလည်ပေ။

"နောက်တစ်ခါ ဆရာရေချိုးရင် ဒီက နန္ဒမိတ်ရွာသူကို ခေါ်ပြီး ရေကြောပြခိုင်းရမယ်"

"ဟင့်အင်း ရင်မွေးက နန္ဒမိတ်ရွာသူ မဟုတ်ဘူးလေ။ ငါးပတ်အိုင်မှာ

မွေးတယ်လေ။ ငါးပတ်အိုင်သူပေါ့"

"အဲဒီကရေကို လိုက်ချိုးဦးမှ"

"မိုးပဲချိုးလို့ရမယ် ဆရာရေ၊ မိုးဆို မချိုးချင်လည်း မရဘူး။ တစ်ရွာလုံး ရေဖွေးနေရောပဲ။ နွေမှာရော ရေခန်းပြီး ရေကို ဝေသုံးနေရတယ်"

"တစ်မျိုးကြီးပါလား"

ဆရာနှင့် မိမိသည် ရယ်စရာမဟုတ်သည်များကို ရယ်မောပြောနေမိသည်။ ဆရာနှင့်စကားပြောရသည်မှာ စိတ်ထဲတွင် အလိုလိုပျော်နေမိ၏။ ခဏခဏရယ်ချင်သည်။ အစ်မများမြင်လျှင်တော့ ဗိုက်ခေါက် ပြတ်မလားပဲ။

"ဆရာ သယ်ခဲ့မယ်လေ"

ဆရာက ပြောပြောဆိုဆိုနှင့် သူ့ပခုံးပေါ်တင်၍ ထမ်းလိုက်သည်။

"ဆရာရယ် ကြည့်မကောင်းပါဘူး။ ရင်မွေးတို့ ရွာမှာလေ ယောကျ်ားလေးတွေက ဘယ်သူမှ ရေအိုးမထမ်းဘူး။ ရေပုံးနှစ်လုံးကို ထမ်းပိုးလျှို ထမ်းတာ ဆရာရဲ့ ပေးနော်"

"ဘယ်သူမှ ရေအိုးမထမ်းပေမယ့် ဆရာ ထမ်းပြီ၊ ဘာဖြစ်လဲ"

"အဲဒါဆို ဆရာ့ဘာသာသွားတော့ ရင်မွေး မလိုက်တော့ဘူး။ အစ်မက ရင်မွေးကို ဆူမှာဗျ"

စိတ်ညစ်လာ၍ ခြေကိုဆောင့်ကာ စုံရပ်နေမိလိုက်သည်။ ထိုအခါမှ ဆရာကရယ်ပြီး မိမိခေါင်းပေါ်သို့ ပင့်တင်ပေးလိုက်၏။

"ကဲ . . . မမလေး သဘောကျလုပ်ပါဗျာ။ ခြေကိုတော့ မဆောင့်နဲ့နော်။ မြေစောင့်နတ် လန့်သွားဦးမယ်"

ဆရာ့အပြောကြောင့် ရယ်မိသည်။ ဆရာနှင့်အတူယှဉ်ပြီး လျှောက်လာရသည်မှာ ရင်ထဲတွင် တလှပ်လှပ်ခုန်ပြီး ကြည်နူးရပါသည်။

"ဆရာ . . . ငါးမြစ်ချင်း မပြန်ဘူးလား"

"မပြန်ဘူး ဒီနေ့ည ဆရာကင်းကျလို့။ ညကျရင် လာခဲ့ဦးမယ်။ အစ်မက လက်ဖက်သုပ်ကျွေးမလို့တဲ့ ရင်မွေးမအိပ်နဲ့နော်"

"ဟုတ်ကဲ့"

မျက်လွှာလေးချပြီး တိုးတိုးလေးပြောလိုက်မိသည်။ အပါးပြောဖူးသည်။ သူတို့ ကရင်လူမျိုးထုံးစံက အပျိုကို သဘောကျလျှင် လူပျိုက ညမှာ သွားလည်၏။ ထိုအခါ အပျိုက ကွမ်းဆေးလက်ဖက်တို့ဖြင့် ဧည့်ခံတတ်သတဲ့။



ဘုရားရေ အစ်မကိုများ ဆရာက ပိုးနေရော့လား။ အစ်မမှာ အစ်ကိုစိုးရှိတာ ဆရာမသိဘူးလား။ ဟုတ်မှာပေါ့ အစ်မဆိုရင် ဆရာက စကားတွေပြောပြီး ရယ်လို့ မောလို့။ ပြီးတော့ အစ်မက လှတယ်။ မိမိထက် အများကြီး လှတာပဲ။ တစ်ရွာလုံး၌ အလှဆုံးဖြစ်၏။ သို့သော် အမိ မရှိသောအစ်မသည် ကွမ်းတောင်ကိုင် မဖြစ်ခဲ့ပေ။ အပျိုခေါင်းတော့ အလိုလို ဖြစ်နေသည်။ အစ်မသည် အသက် ၃၀ ကျော်ရှိပြီကိုး။ ဘာပဲဖြစ်ဖြစ် အလှမပျက်ပေ။ အစ်မကို ပိုးပန်းသူ အတော်များများရှိသော်လည်း အစ်မ မကြိုက်ခဲ့။ နောက်ဆုံးတာဝန်ကျစပါးကို ကိုယ်တိုင်ရောင်းချရင်း စပါးဒိုင်မှ ဒိုင်မှူးကိုစိုးသွင်နှင့် ကြိုက်နေကြသည်မှာ သုံးနှစ်နီးပါးရှိပါပြီ။

ဒါကို အခုမှ ရောက်လာတဲ့ ဆရာက မသိ၍ အစ်မကို ပိုးနေတာလား။

မည်သို့ပင်ဖြစ်စေ ထိုနေ့ညက ဆရာ့ကို လုံးဝထွက်မတွေ့ဘဲ စောစော အိပ်နေလိုက်၏။

ဆရာလာသည်ကို သိသော်လည်း အိပ်ဟန်ဆောင်နေခဲ့သည်။ ဆရာက မိမိအား "ရင်မွေး မမြင်ပါလား" ဟု မေးမည်အထင်နှင့် နားစွင့်နေမိသည်။ သို့သော် ဆရာက မမေး။ ဆရာပြန်သွားသည် အထိ အိပ်မပျော်ခဲ့ပေ။ နောက်ဆုံး အစ်မ အိပ်ရာဝင်ပြီး မိမိဘေးတွင် လာအိပ်သည်အထိ အိပ်မပျော်။ အံကိုတင်းတင်းကြိတ်ရင်း အစ်မကို မသိမသာ တွန်းနေမိသည်။

"ရော်. . . ဒီကလေးမ အအိပ်ဆော့တာလေ"

အစ်မက မိမိအိပ်နေသည်အထင်နှင့် မိမိအား အသာလေး ရွှေ့ပေးသည်။ ထို့နောက် စောင်ပါးလေးကို အသာခြုံပေး၏။ ပြီးတော့ မိမိပါးပြင်ကို အသာငုံ့နမ်းလိုက်သည်။

ရင်ထဲမှာ နွေးသွား၏။ အစ်မသည် မိမိအား အလွန်ချစ်ခင် အလိုလိုက်သူဖြစ်သည်။ ဤသည်ကို မိမိက ရန်လုပ်မိ၍ စိတ်မကောင်းဖြစ်မိကာ မျက်ရည်များပင် ရစ်ဝဲ၍ လာလေပြီ။

ပြီးတော့ ဆရာ့ကို အလိုလို ဒေါသဖြစ်မိသည်။ သူ့ကို မတွေ့တော့ဘူးဟု ဆုံးဖြတ်ချက်ချလိုက်သည်။

ညနေဘက်တွင် ရေကို စောစောခပ်ထားပြီး ဆရာ့ကို ရှောင်နေသည်။ ဆရာ အိမ်လာလည်သောအခါ အစ်မက ရေနွေးချိုင်းမည်စိုး၍ တခြားကို ရှောင်နေလိုက်သည်။ ဆရာ့ကို ရှောင်နေရသော ရက်ပိုင်းအတွင်းတွင်

ရင်ထဲမှာ ပျော်ရွှင်မှု မရှိတော့ပေ။ အလိုလို စိတ်တိုနေပြီး ငြိမ်နေမိ၏။

သို့သော် ကြာရှည်စွာ ရှောင်၍မရပေ။ ဆရာက မိမိအိမ်သို့ မိန်းကလေး တစ်ဦးကို ခေါ်လာပြီး–

"ရင်မွေးရှိလား အစ်မ"

"ရှိတယ်လေ လာလာ ဧည့်သည်ပါ ပါသလားပဲ"

မိန်းကလေးမှာ ဖြူဖြူသွယ်သွယ်လှလှလေးမို့ ဆရာ့ဇနီးလားဟူသော အတွေးနှင့်ရင်ထဲဖိုသွား၏။ အစ်မခေါ်လိုက်၍ မရှောင်သာဘဲ ထွက်တွေ့ရသည်။

"အစ်မ မြို့က လယ်စည်းရုံးအဖွဲ့နဲ့ ပါလာတာ အသက်အာမခံအဖွဲ့ ကလေ။ အဖော်မိန်းကလေးမပါဘဲ တစ်ယောက်တည်းမို့ ရင်မွေးနဲ့ အဖော် ရအောင် တွဲပေးမလို့ပါ။ ရင်မွေးက ရွာထဲမှာ အသက်အာမခံ ကောက်ဖို့ အတွက် အကူအညီပေးရမယ်"

ရင်ထဲမှာ အနည်းငယ် ဘဝင်ကျသွားသည်။ အမျိုးသမီး၏ပြုံးချိုသော မျက်နှာကြောင့် ခင်သွားမိ၏။

"ဟယ် . . .ညီမ တစ်ယောက်တည်းလားဓေ့"

"မြို့နယ်က လယ်အစည်းအရုံး ဥက္ကဋ္ဌ ဦးအောင်သိန်းလည်း ပါပါ တယ် အစ်မရယ်"

"ဪ . . .မိန်းကလေး အဖော်မပါဘဲ လာတယ်နော့"

"ကျွန်မတို့ရုံးက မိန်းကလေးသုံးယောက်ပဲ ရှိပါတယ်။ သူတို့တွေ လည်း ဒီပြင်ရွာတွေကို ခွဲဆင်းနေရတာမို့လို့ပါ။ ပြီးတော့ ကျွန်မ သွားနေ ကျပါပဲ"

အမျိုးသမီး၏ စကားသည် နူးညံ့သိမ်မွေ့လှသည်။ သူ၏လက်ဖဝါး ခြေဖဝါးဖြူနုနုကလေးများကို ကြည့်ရင်းက ရင်ထဲတွင် သနားသွားမိသည်။ မနှစ်ကစ၍ မိမိတို့ရွာတွင် "တောင်သူလယ်သမားနှင့် မိသားစုများအတွက် အသက်နှင့် ထိခိုက်မှုအာမခံ" လုပ်ငန်းကို စပြီး လုပ်ကိုင်ခဲ့သည်။ ထိုစဉ် က ယောကျ်ားလေးတစ်ယောက်ပါသည်။ မိမိတို့ တစ်ရွာလုံး အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း ကျန်းမာရေးကောင်းသူတိုင်း အာမခံထားရသည် ထိုစဉ်ကလည်း လုပ်အားပေးရသေး၏။ တစ်နှစ်လုံးအတွက် ၁၂ ကျပ် နှင့် အာမခံစာချုပ် စာရွက်ကို ဖြတ်ပေးရသည်။



ထိုစာချုပ် သက်တမ်းတစ်နှစ်အတွင်း အသက်သေဆုံးလျှင် ငွေ ၁၀၀၀ ကျပ်ပေးလျော်၏။ အလုပ်မလုပ်နိုင်အောင် လေဖြတ်သွားလျှင် ငွေ ၁၀၀၀ ကျပ်လျော်ပေး၏။ ခြေတစ်ဖက်ကျိုးလျှင် ငွေ ၅၀၀ ကျပ်၊ လက်တစ်ဖက် ပြတ်လျှင် ငွေ ၅၀၀ ကျပ်၊ ခါးရိုးကျိုးလျှင်၊ လက်တစ်ချောင်းပြတ်လျှင်၊ မျက်လုံးတစ်လုံး ကွယ်လျှင် စသည်ဖြင့် ကိုယ်အင်္ဂါ ထိခိုက်မှုအတွက် ပေးလျော်ရမည့်ငွေများကို ဖြတ်ပိုင်းနောက်ကျောတွင် ရေးထားသည်။

"ကဲ . . . ဒီအိမ်ကစပြီး အသက်အာမခံ ထားကြပေါ့။ အစ်မနဲ့ အဘ ထားလေ။ ရင်မွေးကတော့ ကလေးမို့ မထားနဲ့ဦးပေါ့"

ဆရာ့စကားကြောင့် ရင်ထဲတွင် ဆတ်ခနဲ နာသွားပြီး ဆရာ့ကို မော် ၍ကြည့်မိ၏။ ဆရာက နှုတ်ခမ်းကို တင်းတင်းစေ့ပြီး မိမိအား မရယ်မပြုံး နှင့်ကြည့်နေ၏။

"အစ်မ မနှစ်က စာရွက်တွေပါ ယူခဲ့ပေးပါနော်"

ဆရာသည် မိမိအား စကားတစ်ခွန်းမျှ မပြောဘဲ မျက်လုံးနှင့်သာ မကြာ ခဏ လှမ်းလှမ်းကြည့်နေသည်။ သို့သော် နောက်ပိုင်းတွင် အသက် အာမခံမှ အစ်မ မသက်နွယ်နှင့် ခင်မင်ရင်းနှီးလာပြီး စကားပြောရသည်မှာ အလိုလို ပျော်ရွှင်လာမိ၏။

မသက်နွယ်နှင့်အတူ တစ်အိမ်တက် တစ်အိမ်ဆင်း အာမခံကြေး လိုက် ဖြတ်သည်။ နေပူပူတွင် ဂျူရိုးဦးထုပ်လေး ဆောင်းထားသော မသက်နွယ် မှာ ချွေးများစို့ပြီး မောဟိုက်နေသည်။ နှဲ့နှဲ့ကလေး လှမ်းလျှောက်သဖြင့် မိမိက သူ့ခြေလှမ်းကို စောင့်ခေါ်ရသည်။ ဆရာက ရှေ့ပြေးသွားကာ တစ် အိမ်ဝင် တစ်အိမ်ထွက်နှင့် နှိုးဆော်နေ၏။

"အစ်မ ရန်ကုန်ကလားဟင်"

"ဟုတ်တယ် ညီမရယ်၊ ရန်ကုန်ကပါပဲ"

"အစ်မ ကြည့်ရတာပင်ပန်းလိုက်တာ။ အဝေးကြီးလာပြီး အလုပ်လုပ် ရတာပဲနော်"

မသက်နွယ်က ပြုံး၍သာ နေလိုက်သည်။ ပင်ပန်းရုံမက တစ်ခါတစ်ရံ တွင် အဆင်မပြေသည်များနှင့် ကြုံတွေ့ရရှာသည်။

"ဟာ. . . ငါ့သားအသက် အခုမှ ၂၀ ကျော်ပဲ ရှိသေးတာ၊ ဘယ်သေ ဦးမလဲ။ မထားဘူးကွာ။ ငါတို့အဖေတွေ၊ အမေတွေပဲထားမယ်"

"ဟို. . . အသက် ၆၀ ကျော်ရင် ထားလို့ မရပါဘူး ဦးလေးရယ်"

"မင်းတို့ဟာက မဟုတ်သေးပါဘူး။ ငယ်တဲ့သူက တော်ရုံဘယ်သေမလဲ"

"နို့. . . ဦးလေးထွန်းကလည်း။ ဟိုနေ့ကပဲ ဖိုးသာ ပိုးထိလို့ သေတာ၊ သူ့အသက် ၁၅ နှစ်ပဲ ရှိသေးတာပဲ။ ပြီးတော့ မိအေးလည်းဖျားပြီး သေတာပဲ။ အများကြီးပါပဲ ဦးလေးထွန်း စကားမကပ်နဲ့နော်"

မိမိကဝင်ပြီး စွာမှပင် ဦးလေးထွန်း ငြိမ်သွား၏။ ဆရာက ဘာမျှဝင်မပြောဘဲ အိမ်ထောင်စုစာယားကို ကြည့်ပြီး နာမည်ခေါ်ပေးကာ ချက်ချင်းငွေတောင်းပေးလိုက်၏။

မသက်နွယ်သည် အသက်အာမခံငွေများကို အတော်လေး ထိန်းသိမ်းကောက်နေရရှာ၏။ ပြန်အမ်းရာတွင်လည်း မမှားအောင် အမ်းနေရသည်။

"အစ်မ ကြည့်ရတာ တာဝန်ကြီးလိုက်တာနော်"

ညည်းညည်းညူညူနှင့် ပြောလိုက်မိသည်။ ဆရာက ဘာမျှမပြောပေ။ သူစိမ်း၊ မိန်းကလေးရှေ့၌ ဆရာသည် အလွန်တည်ကြည်၍ နှုတ်နည်းနေသည်။ သို့သော် ခေတ္တနားနိုက် လူလစ်တုန်း ခဏ ဆရာက မကျေမနပ် စကားဆိုသည်။

"ရင်မွေးရယ်၊ မင်းက ဆရာ့ကို သိပ်နှိပ်စက်တာပဲ"

ဤစကားကိုသာပြောပြီး ခပ်တည်တည်နှင့် အလုပ်တာဝန်များကို ဆက်လုပ်နေသည်။ မသက်နွယ်က ရသမျှငွေများကို လယ်စည်းရုံးဥက္ကဋ္ဌ ဦးအောင်သိန်းထံတွင် အပ်နှံထားသည်။

ညနေရောက်သောအခါတွင် မသက်နွယ်နှင့်အတူတူ စစ်တောင်းမြစ်ထဲ ရေဆင်းချိုးကြသည်။ ဆရာပြောသကဲ့သို့ ညို့သည်ကို ရေနက်ထဲ မသွားမိစေရန် ဂရုစိုက်ရသည်။

"ဟယ်. . . . ဟိုးမှာ ပန်းလေးမျောလာတယ်၊ ဆယ်လိုက်မယ်နော်"

"အမလေး၊ မလုပ်ပါနဲ့ အစ်မရယ်။ ရင်မွေးတောင် အဲဒီကို မသွားရဲဘူး။ ဝါးတစ်ပြန်စာလောက် နက်တာ။ ဝဲတွေလည်းရှိတယ်။ ဒီဘက်ကိုချိုး အစ်မရေ"

"ဟုတ်လား၊ တော်သေးတယ်။ တို့ တစ်ယောက်တည်းသာဆို သွားပြီ။ ဟုတ်ပါရဲ့ ဟိုမှာ ပန်းလေးချာချာလည်ပြီး မြုပ်သွားပြီနော်"



ရန်ကုန်သူတို့သဘာဝ ချောင်းရေမြောင်းရေကို မချိုးဖူးသောကြောင့် တော်ရုံနှင့် ရေထဲက မတက်ပေ။ အစ်မ တဝါးမက စိုးရိမ်စွာ လိုက်လာပြီး–

"ကြာနေပြီ၊ ညို့သည်က ချိုးနေမကျရင် အအေးမိလိမ့်မယ် လာတော့ကွယ်၊ ငါ ထမင်းပွဲပြင်ပြီးပြီ"

အစ်မကို သူက သဘောကျစွာ ငေးရင်းက အစ်မ အသံဝဲဝဲကို သုနှစ်သက်နေမိသည်။

"နော်ရင်မွေး အစ်မက သိပ်လှတာပဲ။ အသားလည်းဖြူတယ်။ တို့လေ ဒီလောက်လှတဲ့ ချောတဲ့ အစ်မကို တစ်ခါမှ မမြင်ဖူးဘူး"

ရင်ထဲတွင် ကျေနပ်သွားသည်။

"အစ်မ သက်နွယ်လည်း အသားဖြူတယ်နော်"

"ဟေး၊ ဒါတောင် တစ်လလုံးလုံး ကွင်းဆင်းနေလို့ အသားမည်းသွားတာလေ"

မသက်နွယ်က ရယ်မောနောက်ပြောင်လိုက်သည်။ မိမိပါ လိုက်ရယ်မိ၏။

"တို့. . . . လေ. . . . ရန်ကုန်မှာနေရင် အသားသိပ်ဖြူတာ၊ ဒါပေမဲ့ အဲဒီလို အသားဖြူပုံကြီးကို မကြိုက်ဘူး။ ဖြူလျော့လျော့နဲ့ လှမှာနဲ့တူတယ်။ အစ်မ တဝါးမလို ဝါဝါစိမ်းစိမ်းလေးကို ကြိုက်တယ်။ နော်ရင်မွေးတို့ ညီအစ်မက တစ်မျိုးစီ လှတယ်နော်။ ရင်မွေးက မျက်လုံးလေးနဲ့ မျက်ခုံးလေးတွေ သိပ်လှတာပဲ။ နိုင်ငံခြား ရုပ်ရှင်မင်းသမီး ဘရုဒ်ရှီးနဲ့ တူတယ်"

"အားပါး. . . .အစ်မက မြှောက်နေလို့"

စာစောင်တွေ၊ မဂ္ဂဇင်းတွေထဲမှာ ဘရုဒ်ရှီးပုံကို မြင်ဖူး၍ သဘောကျသွားသည်။

"အဟုတ်ပြောတာ။ နော်ရင်မွေးက ကရင်မလေးနဲ့ မတူဘူး၊ အစ်မ တဝါးမက တူတယ်၊ မေးရိုးလေး နည်းနည်းကားတယ်"

"နော်ရင်မွေးက မျက်နှာကျပုံ လှတယ်။ ရုပ်ရှင်မင်းသမီး ဖေဝင်းမောင်နဲ့လည်း တူတယ်"

ရင်မွေး သိပ်ကျေနပ်မိသည်။ မသက်နွယ်က အပြန်တွင် ဘရုဒ်ရှီးပုံလေးကို သူ့ပိုက်ဆံအိတ်ထဲမှထုတ်ပြီး လက်ဆောင်ပေးခဲ့၏။ မြို့သူတိုင်း

လိုလိုတွင် နိုင်ငံခြားမင်းသမီးလေးများ၏ ရုပ်ပုံလှလှလေးများကို ဆောင်ထားတတ်သည်။

ထိုညတွင် မသက်နွယ်နှင့်အတူတူ အိပ်သည်။ မသက်နွယ်ကို အပါးရော၊ အစ်မ တဝါးမပါ ခင်ကြ၏။ ညလသာသာတွင် အပါးက နေကြာပွင့်များ ဆင်းရိုက်နေစဉ် မသက်နွယ်ကပါ ရိုက်ချင်တယ်ပြော၍ အောက်ဆင်းလာ၏။

တလင်းပြောင်ပြောင်တွင် နေကြာပွင့်များ စုပုံထားပြီး တုတ်လေးလေးနှင့် နေကြာပွင့်ဝတ်ဆံကို ရိုက်သောအခါ အဆံအောင်သော နေကြာစေ့များ ခုန်၍ ထွက်လာသည်။ အဆံမအောင်သော နေကြာစေ့များကျန်ခဲ့သည်။ ဤသည်ကိုကြည့်၍ မသက်နွယ်သိပ်သဘောကျနေသည်။

"ဆီကြိတ်လို့ ရတယ်နော်"

"ဟုတ်တယ် အစ်မ။ အဆံကိုဆီကြိတ်ပြီး ကျန်တဲ့နေကြာဖတ်တွေကို မြေဆွေးအဖြစ် လယ်ထဲချတယ်လေ"

"ဒီလိုဆိုတော့ နေကြာတစ်ပင်လုံး သိပ်အသုံးဝင်နေပါလား"

"ရော် ဧည့်သည်ကို ခိုင်းနေရသလားဝေ့။ ရင်မွေးရယ်။ လက်ရိုက်မိနေပါဦးမယ်"

"ရပါတယ်အစ်မ။ မရိုက်မိအောင် သတိထားပါမယ်။ ကျွန်မ လုပ်ချင်လို့ပါ"

အစ်မတဝါးမက မိမိအား ဧည့်သည်ကို လုပ်ခိုင်းရပါ့မလားဟူ၍ အပြစ်တင်လိုက်သေးသည်။ ထိုစဉ် မိမိအနားတွင် လာရပ်သော တစ်စုံတစ်ဦးကြောင့် အလန့်တကြား မော့ကြည့်လိုက်သောအခါ ဆရာက မိမိကို ငုံ့ကြည့်ရင်း. . .

"ရင်မွေးက စည်းရုံးရေး သိပ်ကောင်းပါလား"

"ကျွန်မဘာသာ လုပ်ချင်တာနဲ့ ရင်မွေးတော့ အပြစ်တင် ခံနေရပြန်ပြီ ဆရာရယ်"

"အပြစ်တင်ကာ မဟုတ်ပါဘူးဗျာ။ ချီးကျူးတာပါ။ ကဲ. . .ကျွန်တော်ပါ ဝိုင်းရိုက်တာပေါ့"

ဆရာနှင့်အတူ ကိုမြင့်လွင်ပါ ပါလာပြီး ဝိုင်း၍ ကူလုပ်ကြသည်။ ထိုည နေကြာဝိုင်းလေး စည်သွား၏။



ဆရာလာသောအခါ အလိုလို အနေကျဉ်းသွားပြီး မလှုပ်ဝံ့သလို ဖြစ်သွားမိသည်။ မကြာခဏ ဆရာ့ကို ခိုးကြည့်မိသည်။ လရောင်လင်း လဲ့လဲ့အောက်တွင် ဆရာ့ မျက်လုံးကလေးများက တလဲ့လဲ့တောက်ပနေ၏။

ထိုစဉ် အာမခံလျှောက်ထားသူ ရောက်လာသောကြောင့် အစ်မ တဝါးမနှင့် မသက်နွယ်မှာ အိမ်ပေါ်သို့ တက်သွား၏။ အပါးနှင့် ကိုမြင့်လွင်က ငွေစာရင်းကိစ္စ တစ်ခုအတွက် တွက်ချက်နေကြသည်။ ဆရာနှင့် မိမိနှစ်ဦးသာ နေကြာကို သဲသဲမဲမဲ ရိုက်နေ၏။

"ရင်မွေး တို့ကို ဘာလို့ ရှောင်နေတာလဲဟင်"

ဆရာက တိုးတိုးလေးမေးလိုက်သောအခါ ရင်ထဲတွင် သိမ့်ခနဲ လှိုက်ဖိုသွားသည်။ ဘာပြောရမှန်းမသိ၍ နေကြာကိုသာ မဲရိုက်နေသည်။

"အမေ့"

"ဟင်. . .လက်ရိုက်မိပြီလား၊ ပြစမ်း"

ရုတ်တရက် လက်ချောင်းလေးများ ကျင်သွား၏။ အရှိန်နှင့်မို့ ဆတ်ဆတ်ခါ နာကျင်မိသည်။ ဆရာက မိမိလက်ချောင်းကလေးများ ဆုပ်ကိုင်ချေပေးရင်း–

"အဘရေ ဒီမှာ၊ အဘသမီး လက်ရိုက်မိလို့တဲ့။ ပရုပ်ဆီ ရှိသလား ဟင် အဘ"

"ဟင်. . .ဒီကောင်မလေး နမော်နမဲ့လိုက်တာဝေ့။ ဧည့်သည်က မထိရဘူး၊ သူကထိတယ်"

အပါးက ကရုဏာဒေါသနှင့် လှမ်းဆူနေသည်ကိုပင် သတိမထားမိဘဲ မျက်ရည်များ ဝဲလာသည်အထိ နာကျင်မိ၏။ နှုတ်ခမ်းများ တဆတ်ဆတ် တုန်နေမိသည်။ အကယ်၍ ဆရာမရှိလျှင် အော်ဟစ်ငိုမိမှာပါပဲ။

"တော်တော်များသွားလား ဆရာ။ သူက ဒီလိုပဲ ပျာလောင်ခတ်နေတာပဲ"

အစ်မက အိမ်ပေါ်မှနေ လှမ်းအော်လိုက်သဖြင့် ပို၍ ငိုချင်သွားသည်။

"အရှိန်နဲ့ဆိုတော့ နည်းနည်းနာမှာပေါ့"

ဆရာက မိမိလက်ကို ဆုပ်ချေပေးရင်း လှမ်းပြောလိုက်သည်။

"အပါးရေ ပတ်တီးပါယူသွားနော်၊ တစ်ခါတည်း ပတ်ပေးရတာပေါ့"

"ဘယ်ရမလဲ၊ ရင်မွေးက နာမည်တစ်လုံးနဲ့ နေလာတာပဲ။ ထစ်ခနဲရှိ

အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ”

ကိုမြင့်လွင်က လှမ်းစနေသဖြင့် မနာသောလက်ဖြင့် နေကြာပွင့်တစ်ပွင့်ကို ကောက်ယူပြီး လှမ်းပေါက်လိုက်သည်။

ထိုနေ့ညတွင် ဆရာ၏ တယုတယ ဆေးလိမ်းပေးပုံ ပတ်တီးစည်းပေးပုံများကို တရေးရေးစဉ်းစားရင်းက ကြည်နူးစွာ ရင်ခုန်ရပါသည်။

သို့သော် အိပ်ချင်လာ၍ စောစော အိပ်ရာဝင်သည့်တိုင်အောင် ဆရာတို့သည် မပြန်သေးဘဲ ဝိုင်းဖွဲ့စကားပြောနေကြ၏။ မသက်နွယ်လည်း အိပ်ရာဝင်ပြီး ညည်းညည်းညူညူနှင့် အိပ်မပျော်ခဲ့ပေ။ သူ့ခြေသလုံးများကို တေဇောဘန်းလူးပြီး အိပ်သည်ကို တွေ့ရ၍ စိတ်မကောင်းဖြစ်မိသည်။

သူတို့မြို့ကြီးသူများသည် အလွန်နုနယ်ပြီး ခရီးကြမ်းဒဏ်ကို မခံနိုင်ပေ။ သို့သော် တစ်နေ့လုံး အပြုံးမပျက် အလုပ်လုပ်လာသည်ကိုတော့ ချီးကျူးမိသည်။ စိတ်ထဲတွင် မသက်နွယ်ကို လေးစားမိ၏။ နောက်တစ်နေ့တွင် ခရီးဆက်ရမည့် မသက်နွယ်ကား မာန်အပြည့်နှင့် ရှိနေဆဲ။

အပါးနှင့် ဆရာတို့က မသက်နွယ်ကို ချီးကျူးကြသည်။ အစ်မ တဝါးမကလည်း မသက်နွယ်ကို ကြည့်၍ စိတ်မကောင်းဖြစ်နေ၏။

“ငါးပတ်အိုင်ဘက် ခရီးဆက်ရဦးမယ်တဲ့လေ။ နည်းနည်း သတိထားနော်။ ငါးပတ်အိုင်က သိပ်ခေါင်တာ”

“အမယ်. . . .နှင့်မွေးဇာတိကို ပြောနေပြန်ပြီ။ ငါတို့အမျိုးတွေက သူ့ကို စောင့်ရှောက်ပါတယ်ဟ။ ကောင်မလေး နင်တည်းတဲ့အခါ ဒါးထူးတို့ အိမ်မှာတည်း သိလား။ အဲဒါ ငါ့တူမတွေ။ သူတို့တွေက ကောင်းကောင်း စောင့်ရှောက်ပါမယ်ဟ”

အပါးနှင့် အစ်မတို့က မသက်နွယ်အား ချက်ချင်း ခင်မင်သွားပြီး အထပ်ထပ် မှာကြားနေသည်။ ဆရာက သဘောကျစွာ ကြည့်ရင်း–

“အဘတို့ ကရင်လူမျိုးတွေက ခင်တတ်တယ်နော်”

အစ်မတဝါးမက ပန်းကြိုက်သော မိန်းကလေးပီပီ မသက်နွယ်အတွက် သစ်ခွပန်းများကို ခူးပေးသည်။ မသက်နွယ်က ဝမ်းသာအားရ ပန်လိုက်၏။

မသက်နွယ် လှည်းပေါ်တက်နိုင်ရန်အတွက် အပါးက ခုံတစ်လုံး ယူပေးသောအခါ မသက်နွယ်က ရယ်မောရင်းက–

“ကျွန်မတော့ လှည်းပေါ်ခုန်တက်နိုင်အောင် ကြိုးစားရဦးမှာပဲ ဖထီး



ရေ။ တော်ကြာ ခုံမရှိရင် ဒုက္ခပေါ့။ ကျေးဇူးတင်လိုက်တာ”

မသက်နွယ်က သူ့ဖိနပ်လေးကို လှည်းရုံတိုင်မှာ ချိတ်လိုက်၏။ မြေပြင်မှာ ချနင်းထားသော ခြေထောက်ဖွေးဖွေး မို့မို့ဖောင်းဖောင်းလေးကို ကြည့်ပြီး သနားမိသည်။ ခြေသည်းလေးများကို အနီရဲရဲအရောင် ဆိုးထား၍ သဲပေါ်နင်းထားသော ခြေထောက်လေးများမှာ သနားစရာ ဖြစ်နေသည်။

နော်ရင်မွေးက မိမိခြေထောက်ကို ပြန်ငုံ့ကြည့်ပြီး စိတ်ညစ်သွားသည်။ ရွှံ့များ ဖုန်များနှင့် လူးနေသော ခြေဖမိုးနှင့် ကြေးတင်နေသော ခြေသည်းအက်ရာထနေသော ခြေဖနောင့်တို့ကြောင့် မသိမသာ ဝှက်ထားမိသည်။ ဆရာသည် မသက်နွယ်၏ လှပသော ခြေချောင်းကလေးများကို ကြည့်ပြီး မိမိခြေထောက်ကို လှမ်းကြည့်မလားဟု စိုးမိ၏။ မသိမသာ ဝှက်ထားခြင်းဖြစ်၏။

အစ်မတဝါးမသည် အသားဖြူသော်လည်း ခြေလက်တို့မှာ အလုပ်လုပ်ရဖန်များ၍ အကြောအပြိုင်းပြိုင်းထနေသည်။ ခြေဖဝါးတွင် အသားမာတက်နေ၏။

“ညီမလေး နော်ရင်မွေး၊ သွားမယ်နော်။ ဖြူးရောက်ရင် ဝင်ခဲ့။ အစ်မလည်း သွားမယ်ရှင့်”

မသက်နွယ်က တစ်ယောက်ချင်းလိုက်နှုတ်ဆက်ကာ ထွက်သွားလေသည်။ လက်တပြပြနှင့် ဝေးကွာသွားသော လှည်းလေးကို ကြည့်ရင်း အားလုံးက ဆိတ်ငြိမ်နေ၏။

“တွေ့လား နော်ရင်မွေး မြို့ကြီးသူစစ်စစ်တွေတောင် လယ်တောဆင်းနေပြီ။ နင်က စပါးတစ်ပင်တောင် မစိုက်တတ်၊ မရိတ်တတ်ဘူး”

“ဘာဖြစ်လဲ မစိုက်တတ်တာ နင့်အပူလား”

ကိုမြင့်လွင်က လှမ်းစသဖြင့် ပြန်ရန်ထောင်ပြီး ခြေဆောင့်ကာ အိမ်ထဲဝင်လာမိသည်။ အိမ်ထဲရောက်သောအခါ မသက်နွယ်ကို အထူးသတိရမိ၏။

မနေ့က မြစ်ဆိပ်တွင် ရေချိုးစဉ် မသက်နွယ်အနီး၌ ကလေးများဝိုင်းရင်း ပွဲကြည့်ပရိသတ်သဖွယ် စူးစမ်းနေ၏။ ရွာထဲတွင် အာမခံကြေးလိုက်ကောက်စဉ်ကလည်း ဤကဲ့သို့ ဝိုင်းကြည့်ကာ တကောက်ကောက်လိုက်လာသဖြင့် ဆရာက အော်ခဲ့ရသည်။

ကလေးများက မသက်နွယ်ကို စူးစမ်းရင်းမေးလိုက်သော မေးခွန်းကြောင့် မိမိ ရင်မောခဲ့ရသည်။

"နင် ဘယ်ရွာကလဲ"

ထိုအခါက မိမိက နောက်ပြောင်၍ မသက်နွယ်ကိုယ်စား–

"ရန်ကုန်ဆိုတဲ့ ရွာကြီးက လာတာပေါ့"

"ရန်ကုန်ရွာ အဝေးကြီးလား"

"အေး ဝေးတယ်"

မသက်နွယ်က ကလေးများကို စူးစမ်းသလို ငေးကြည့်ရင်း သက်ပြင်းချကာ–

"နော်ရင်မွေးရယ် မသက်နွယ်တော့လေ ရွာကလူတွေကို သိပ်သနားတာပဲ၊ အချို့ဆိုရင် ရွာမှာမွေး ရွာမှာပဲကြီးပြီး ရွာမှာပဲ ခေါင်းချကြတာ။ မြို့ကြီးဆိုတာ ဘယ်နားမှန်းတောင် မသိဘူး။ မနွယ်တော့လေ အဲဒီလို မဖြစ်စေချင်ဘူး။ တောရွာက လူတွေလည်း မြို့ကိုရောက်ရမယ်။ အမြင်ကျယ်ရမယ်။ မြို့နဲ့တော လူနေမှုအဆင့်အတန်းချင်း မကွာစေချင်ဘူး"

ထဘီရင်ရှားထားသောကြောင့် အကြောစိမ်းကလေးများက လည်ပင်းတစ်ပိုက်တွင် ယှက်သမ်းနေသည်။ လက်မောင်းမှ မွေးညင်းနုလေးများ စိမ်းနေ၏။ သို့သော် သူသည် သူ့အလှအပအတွက် ဂရုမစိုက်ဘဲ ကလေးများကိုသာ ဂရုစိုက်ရင်း စူးစမ်းတတ်သည်။ မိမိမြင်ဖူးခဲ့သော မြို့သူများထဲတွင် မသက်နွယ်သည် ထူးဆန်းသောမြို့သူဖြစ်သည်။ စူးစမ်းတတ်သည်။ လေ့လာတတ်သည်။ ညှာတာတတ်သည်။ ယခု သူ့ပါးစပ်မှ ထွက်ပေါ်လာသော စကားများက မိမိတစ်ခါမျှ မစဉ်းစားဖူးသော အမှန်တရားများပင် ဖြစ်ပါသည်။

"ဟုတ်တယ် မမရေ။ တစ်ခါက မြို့ကို ရောက်ဖူးချင်လှချည်ရဲ့ဆိုလို့ ကလေးတစ်ယောက်ကို ခေါ်သွားတာ ပန်ကာလည်တာကို မော့ကြည့်ပြီး ပြုတ်ကျမှာစိုးလို့ ကြောက်အားလန့်အားနဲ့ ထွက်ပြေးဖူးတာကို ရင်မွေး ရယ်မိသေးတယ်။ ပြီးတော့ ရထားကိုလည်း နို့ဆီသေတ္တာ အကြီးကြီးတဲ့လေ"

"သိပ် သနားဖို့ ကောင်းတာပဲ။ ရင်မွေးလည်း စာကြိုးစားနော်။ ပြီးတော့ ဘဝတူတွေကို ဗဟုသုတကြွယ်အောင် ဆွဲခေါ်ခဲ့ပေါ့။ လယ်တော



တစ်ခုတည်းမှာပဲ နစ်နေမှာစိုးလို့ပါ။ လူရယ်လို့ ဖြစ်လာရင် လောကရဲ့အရသာစုံကို သိရမယ်။ ချမ်းသာဖူးရမယ်။ ဆင်းရဲဖူးရမယ်။ စိတ်ဆင်းရဲဖူးရမယ်။ ပျော်ရွှင်စရာ တွေ့ဖူးရမယ်။ ပြီးတော့ ချို၊ ချဉ်၊ ငန်၊ စပ်ဆိုတဲ့ အရသာစုံလည်း စားဖူးရမယ်လေ။ တိုးတက်ပြောင်းလဲပြီး ပျော်စရာကောင်းတာတွေကို မြင်စေချင်တယ်။ ခံစားစေချင်တယ်။ ရင်မွေးရော ရန်ကုန် ရောက်ဖူးလားဟင်"

"ဟင့် . . . အင်း"

"လာခဲ့ မနွယ်တို့ဆီ လာခဲ့။ မနွယ် အစုံလိုက်ပြမယ်"

မသက်နွယ်က လိပ်စာပေးခဲ့သည်။ မြို့ကြီးသူအတော်များများကို မြင်ဖူး ဆက်ဆံဖူးသော်လည်း မသက်နွယ်ကဲ့သို့ မဟုတ်ချေ။

မသက်နွယ်၏စကားကို စဉ်းစားမိသောအခါ အလွန်စိတ်တက်ကြွမိ၏။ မသက်နွယ်ကို အားကျမိသည်။ မိမိလည်း ဆရာဝန်မကြီးဖြစ်စေရမည်ဟု ရင်ထဲမှ ကြိမ်းဝါးရင်း ကျောင်းပိတ်ကတည်းက ပစ်ထားတာ ကြာပြီဖြစ်သော စာအုပ်များကို ကောက်ကိုင်လိုက်၏။ ကျောင်းမှာတော့ နှစ်စဉ် ပထမနေရာကို နော်ရင်မွေး ဘယ်သူ့မျှ မပေးခဲ့ပေ။

အစ်မကလည်း မိမိအား ဘယ်တော့မျှ ပင်ပင်ပန်းပန်း မခိုင်းရက်ဘဲ စာကိုသာ ကြိုးစားစေ၏။ အလုပ်မှန်သမျှ သူတစ်ဦးတည်း သိမ်းကျုံးလုပ်သွား၏။

နံနက်စောစော ကောက်စိုက်သမများအတွက် ထမင်းဟင်း ထချက်သည်။ ထို့နောက် နေ့လယ်အချိန် နေပူပူတွင် အပါးနှင့်အတူ လယ်ထဲသွားကာ အငှားကောက်စိုက်သမားများအတွက် ထမင်းသွားပို့၏။ အစ်မက သုတ်သူကြီးတို့ ထုံးစံအတိုင်း ဘယ်တော့မှ အလျှော့မပေးပေ။ တစ်နေ့လုပ်ခ တစ်နေ့ရှင်းပြီး မလာလျှင်မပေး။ အကြွေးရှိလျှင်လည်း ကောက်စိုက်ခထဲမှ နှိမ်ထား၏။ အပါးက လျှော့ပေးသည်ကိုပင် မကျေနပ်ပေ။ အစ်မသည် စုဆောင်းတတ်သည်။ ကပ်စေးနှဲသည်ဟု နာမည်ကြီးနေ သည်။

"ရင်မွေး ထစမ်းကွယ်။ အစ်မ မလိုက်အားလို့ အစ်ကိုစိုးဆီကို လိုက်သွားပြီး စာသွားပေးစမ်း။ အပါးက ဒိုင်မှာစပါးသွားချမလို့တဲ့"

တောင်တောင်အီအီ စဉ်းစားနေသောကြောင့် ဆတ်ခနဲ လန့်သွား သည်။ အစ်မသည် အရာရာကို ရဲရင့်သော်လည်း ရည်းစားထားသော ကိစ္စ တွင်

အလွန်လျို့ဝှက်လွန်းသည်။

"အင်း . . . လုပ်ပြီ။ စောစောက တစ်မျိုး ခုတစ်မျိုးနဲ့ တစ်ခါတည်း နေပူလာပြီ"

"ထီးယူသွားပါ ကလေးရဲ့။ တစ်ခါတည်း တာဝန်ကျေ ချထားမလို့။ အပါးက လှည်းနှစ်စီးတိုက် သွားမလို့တဲ့။ လိုက်သွားနော်"

"ဟင်း . . .ရင်မွေးကို မုန့်ဖိုးပေးရမယ်နော်"

"ပြန်လာတော့ ပေးပါ့မယ်ဟာ ထ။ အင်္ကျီလက်ရှည် ဝတ်သွား။ နေပူတော့ အသားမည်းကုန်မယ်"

အစ်မကို ပြန်၍ ငွေညှစ်နေသည်။ အစ်မက ရယ်မော၍ မိမိဝတ်မည့် ရှပ်အင်္ကျီအိတ်ထဲ စာလေး ထည့်ပေးလိုက်သည်။

လမ်းရောက်လျှင် အပါးက ရှေ့မှာ မသွားပေ။ မိမိနောက်က လိုက်လာသည်။ အဘယ်ကြောင့်ဆိုသော် ရှေ့လှည်းက ဖုန်ထလျှင် နောက်လှည်းကို မွှန်သောကြောင့် မိမိအား ဖုန်မိမှာစိုး၍ ရှေ့မှ သွားခိုင်းသည်။

ဆန်အိတ်များပေါ်ထိုင်ရင်း လှည်းမောင်းရသည်။ ပြီးတော့ စာကို ဖွင့်ဖတ်၏။

"အစ်ကိုစိုး ပေးလိုက်တဲ့ စာနှစ်စောင်စလုံးကို ရပါတယ်။ လူမကြုံလို့ စာမပေးဖြစ်တာ။ မင်္ဂလာကိစ္စအတွက် မလောပါနဲ့ဦး အစ်ကို စိုးရယ်။ ရင်မွေးက ဒီနှစ် ၁၀ တန်းရောက်ပြီပဲ။ သူက နှစ်ချင်းပေါက် အောင်မှာပဲ။ သူ ၁၀ တန်းပြီးမှ မြန်းစို့နော်"

ရင်ထဲ ဟာသွားသည်။ အစ်မသည် မိမိအား ငဲ့ညှာလွန်းသည်။ သူ့ရည်းစားစာထဲမှာပင် မိမိအကြောင်းပါ ဆွေးနွေးထား၏။

"ဟဲ့ ကောင်မလေး၊ နင် ဘယ်လိုလှည်းမောင်းနေလဲ။ အိပ်ငိုက်နေသလား"

ထီးကွယ်ထားသဖြင့် စာဖတ်နေသည့်အဖြစ်ကို အပါး မမြင်ပေ။ လှည်းအရှိန် နှေးသွားသည်ကိုသာ သိ၍ နောက်မှ လှမ်းအော်လိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် နွားညီနောင်ကို ကြိမ်တို့ကာ သတိပေးလိုက်၏။

"နေပူတော့မယ်ဝေ့ မြန်မြန်နှင်ပါဟ"

နံနက် ၇ နာရီနေသည် ပူပြင်းစ ပြုလာသည်။ အပါးက သူ့နွားများ



ကို နေပူမိမှာစိုးသောကြောင့် အမြန်နှင်ရန် နှိုးဆော်နေသည်။ ဘုရား လပဟာ ဒိုင်သို့ တစ်နာရီကျော်ကျော်ခန့် လှည်းမောင်းရပေဦးမည်။

အပါးက လူကြီးပီပီ တာဝန်ကျေစပါး သတ်မှတ်စပါးအပြည့်ကို အချိန်စော၍ ရောင်းပြသည်။ ပြီးတော့ ရွာထဲ၌လည်း လှို့ဆော်ရဦးမည်။ ဒီထဲမှာ ဆရာကပါ ရောယောင်ပြီး ပါနေဦးမှာလား။ သူကတော့ အပါးနဲ့ တပူးပူး တတွဲတွဲပဲ။ အစ်မကို လိုလို့ ကပ်ရင်တော့ မောသွားမယ်။ အဟိ . . .။

* * *

သစ်ရွက်ကလေး လှုပ်သည်ကိုပင် ရယ်မောလွယ်သော ဆယ်ကျော်သက်ရွယ်ဖြစ်သကဲ့သို့ ဝမ်းနည်းစရာတွေ့လျှင်လည်း ပေါက်ခနဲ မျက်ရည်ကျတတ်သည်။

အခုတလော ရင်မွေးက လူကြီးဂိုက်ဖမ်းနေသော်လည်း ငိုစရာရှိလျှင်တော့ ခြေဆောင့်ပြီး အာပြဲနှင့် အော်ငိုတတ်၏။ ယခုလည်း အပါးဆူနေသည်ကို တဟီးဟီးနှင့် ငိုနေ၏။

"နင်ဟာလေ မိန်းကလေးနဲ့ကို မတူဘူး။ ဒါကို ငါခဏခဏ ပြောတယ်။ နင် နားမထောင်ဘူးနော်။ ဒါနောက်ဆုံးပဲ။ နောက်တစ်ခါဆို ထမ်းပိုးနဲ့အဆော်ပဲ"

"ငါတို့ကတော့ မခိုင်းရက်ဘဲ စာပဲ ကျက်ခိုင်းတာ။ သူကတော့ လုပ်ချင်ရာလုပ်နေတယ်။ ဒီလောက်တောင် လုပ်ချင်တာ လုပ်စမ်း၊ နင့်ကို လယ်ထဲ ဆင်းခိုင်းမယ်။ ကျောင်းကို မထားတော့ဘူး"

"အစ်မ ထားမှာပေါ့"

ငိုရင်းက လှမ်းရန်တွေ့နေသေးသည်။ အပါးက နီးသင်နေရာမှ ဆတ်ခနဲ ထလိုက်သည်။

"အမယ် ငါ့ကို ပြန်ပြောနေလား ရင်မွေး"

အပါး မျက်နှာကြီး နီလာပြီး မိမိကိုရိုက်ရန် တုတ်ရှာနေသည်။ မိမိက ပြေးပေါက်ရှာထားလေပြီ။

"ဒီသားအဖတွေ ဘာဖြစ်နေတာလဲ"

ရုတ်တရက် အိမ်ပေါ်တက်လာသော ရွာလူကြီးများကြောင့် သက်သာရာ ရသွားသည်။ နို့မဟုတ်လျှင် အပါးက တွေ့ရာနှင့် ဆွဲရိုက်တော့မည်။

"ဟော့တော်"

ရုတ်တရက် မျက်နှာတစ်ခုလုံး ပူထူသွား၏။ ဆရာပါ ပါလာတာကိုး။ ဒုက္ခပဲ သည်မျက်ရည်စီးကြောင်းနှင့် မြင်သွားပြီ။

"လာ . . . တက်ကြလေ။ ဒီကောင်မလေးက အမြဲပြောနေတယ်။ ကျော်မကောင်း ကြားမကောင်းတာ။ မိန်းကလေးက အုန်းပင် တက်ရတယ်လို့။ ပြီးတော့ အုန်းရည်နဲ့ ထန်းရည်နဲ့ ရောသောက်တယ်လေ"

"ကောင်းသလား ထန်းရည်က နေကျော်နေပြီ။ အဲဒါ မိန်းကလေးလားဝေ့။ ဘယ်လောက် အရုပ်ဆိုးလိုက်သလဲလို့"

အားလုံးက ဝိုင်းရယ်သဖြင့် ထွက်ပေါက်ရသလို အခန်းထဲပြေးဝင်လာသည်။ အပါးက မရပ်သေး။

"အစ်မကိုလည်း နိုင်လိုက်တာ လွန်ရော။ သူလုပ်ချင်တာ လုပ်နေတာပဲ"

"မလွယ်ဘူးဝေ့ ယောကျ်ားလေးလိုပဲ။ မိန်းကလေးနဲ့ကို မတူဘူး။ ဆံပင်လည်းဖြတ်။ တစ်ခါမြို့သွား တစ်ခါဖြတ်နဲ့ အရူးလိုပဲ။ အခုလည်း မူးနေတာကို အော်ရယ်နေတယ်လေ။ ရှက်ဖို့ ဘယ်လောက်ကောင်းသလဲ ဆိုတာ"

နားကို အတင်းပိတ်ထားလိုက်မိသည်။ ဆရာ့ရှေ့တွင် မိမိကို အပြစ်တင်ပြီး ဆူပူနေတာမို့ အလွန်ရှက်မိသည်။ မျက်ရည်စီးကြောင်းနှင့် ဘယ်လိုမှ မလှပသော ရုပ်ရည်ကို မြင်သွားလေပြီ။

ကျူထရံပေါက်မှ ဆရာ့အား ခိုးကြည့်နေ၏။ ဆရာနှင့်အပါးတို့ ရယ်မောနေသည်ကိုကြည့်ရင်း ဆရာသည် မိမိအား အလွန်ဆိုးသူအနေဖြင့် မြင်သွားပြီ။ ထိုအတွေးများဖြင့် ရှိုက်၍ရှိုက်၍ ငိုလိုက်မိသည်။

"ရှက်လိုက်တာနော်၊ ဘယ်ကမ္ဘာ သွားပုန်းနေရမှာလဲ"

မောမောမူးမူးနှင့် အိပ်ပျော်သွားသည်။ ဆရာတို့သည် ရွာလမ်းဖောက်ရန်အတွက် အပြင်းအထန် ဆွေးနွေးနေကြ၏။ မည်မျှကြာကြာအိပ်ပျော်သွားသည် မသိ။ အစ်မက မိမိပါးကို ပွတ်၍နှိုးမှ အိပ်ရာမှ နိုးလာသည်။

"ကြည့်စမ်း ဝက်မလေး၊ အိပ်နေလိုက်တာ။ အပါးကို ခံပက်ပြီး တအီအီ ငိုရင်း အိပ်နေလိုက်တာ။ ထ . . . ထ အပါးသွားပြီ။ ရေချိုးလေ"

"ဟင့်အင်း . . . ဟင့်အင်း"



အစ်မက သူခူပြီးလို့ ဝရင် ဒီလိုပဲ လာချော့တတ်သည်။

"ရေချိုးထားလေ။ တော်ကြာ ဆရာလာရင် ကလေးကို မေးနေမယ်။ သွား . . . ကလေး၊ မြစ်ဆိပ်မှာ ရေသွားချိုးပြီး ရေခပ်ခဲ့ဦးလေ။ သုံးရေပြတ်နေပြီ"

"မသွားဘူး"

မသွားဘူးဆိုသော်လည်း ဆရာပြန်လာ၍ အပါးက အတင်းခိုင်းလျှင် ထွက်ရဦးမည်။ ထိုအခါ ဆရာ့အား ဤ ရုပ်ကြီးပြရလျှင် မကောင်းတော့ပေ။ ရေချိုးရပေဦးမည်။

"အစ်ကိုစိုးလည်း ရောက်နေတယ်။တော်ကြာ အိမ်လာလည်မှာ။ ရေချိုးထားလေ။ ညနေ ဒီမှာ ထမင်းစားကြမှာ ဆရာရော၊ အစ်ကိုစိုးရော"

နောက်တစ်ခါ ထပ်မခိုင်းရတော့ပေ။ ရေအိုးဆွဲ၍ မြစ်ဆိပ်သို့ ပြေးထွက်လာမိသည်။ ဆရာလာလျှင် မိမိအား ဤပုံစံနှင့် ထပ်မြင်၍ မဖြစ်တော့ပေ။ အစ်မအတွက် သုံးရေ တစ်ခေါက်နှစ်ခေါက် ဖြည့်ပေးပြီး ရေချိုးအလှပြင်ရပေဦးမည်။

"ရင်မွှေး"

ရုတ်တရက် တုန်လှုပ်သွားမိသည်။ ဆရာသည် မိမိအား လက်ပံပင်အောက်မှာ ထိုင်စောင့်နေတတ်သည်ကို သတိမထားမိပေ။ ရုတ်တရက် ခေါ်သံကြောင့် ခြေလှမ်းတုံ့သွား၏။ သို့သော် ဆရာ့အား မစောင့်ဘဲ ထွက်လာသဖြင့်–

"ဟေး နေဦးလေ"

ပြောပြောဆိုဆိုနှင့် အနားသို့ရောက်လာသောကြောင့် ခေါင်းကို တွင်တွင် ငုံ့ထားမိသည်။

"ဆရာ စောင့်နေတာ အစ်မ မပြောဘူးလား"

ကမန်းကတန်း ခေါင်းခါမိသည်။ အစ်မက ဆရာ စောင့်နေကြောင်း ပြောထားဖို့သင့်သည်။ ဒါမှ ခေါင်းလေးဘာလေးဖြီးပြီး မျက်နှာကို ပေါင်ဒါဖို့ထားနိုင်မည်။ ခုတော့ ဆံပင်ကလည်း ပွနေသည်။ မျက်နှာကလည်း မျက်ရည်စီးကြောင်းနှင့်။ ဘယ်လိုမှ မလှနိုင်သည့်ရုပ်။

"ဟော့ . . . ခေါင်းမော့ပါဦး။ ဆရာ့ကိုပါ ရောပြီး စိတ်ကောက်နေသလားကွယ်။ ဒါဆို ရင်မွှေးတို့အိမ်ကို လာပြီး ဧည့်သည်လုပ်ရမှာတောင်

ခက်နေပြီ"

"အို . . . မဟုတ်ဘူး"

ကမန်းကတန်း ပြောလိုက်သည်။ ဆရာမလာမှာကိုတော့ သိပ်စိုးရိမ်မိ၏။ ထိုအခါ ဆရာက ရယ်ရင်း–

"ဩော် . . . ရင်မွှေးက ကလေးပဲရှိသေးတာပဲ။ ငိုတတ်တယ်နော်။ ဆရာက ရင်မွှေးကို လူကြီးလို့ ထင်နေတာ"

"အို . . . လူကြီးပါနော်။ ရင်မွှေး အသက် ၁၇ နှစ်ပြည့်တော့မယ်လေ"

အမှန်တော့ ၁၆ နှစ်ပြည့်ပြီးသည်မှာ တစ်လပင် မရှိသေး။ မိမိကိုယ်ကို အလျှင်အမြန် အသက်ကြီးချင်နေပြီ။

"ဒါများ အုန်းပင်တက်ရသလား ကလေးရယ်။ အမြင့်ကနေ ပြုတ်ကျသွားရင် ဘယ်ကောင်းပါ့မလဲ။ နောက်တစ်ခါဆို မတက်နဲ့တော့နော်"

"ရင်မွှေး အုန်းစိမ်းရည် သောက်ချင်တယ်လို့ ပြောပြောနေတာ။ အပါးက မတက်ပေးတာ။ ပြီးတော့ အုန်းပင်က နိမ့်ပါတယ်။ အမြင့်ကြီးမှ မဟုတ်တာ"

ဆရာက မိမိအတွက် တကယ်စိုးရိမ်နေဟန်တူသည်။

"နောက် မတက်ပါနဲ့ ရင်မွှေးရယ်။ အပါးက ရင်မွှေးကို ရိုက်သေးလား"

"မရိုက်ဘူးလေ ဆူရုံဆူတာ"

"ဒါနဲ့များ ကလေး ငိုငိုနေရလား။ ပြောတော့ လူကြီးတဲ့။ လူကြီးဆိုတာ မငိုရဘူး။ ဆရာ့သားတောင် ဆရာမရိုက်ရက်ပါဘူး။ ဒါပေမဲ့ သစ်ပင် တက်ရင်တော့ ရိုက်ရတယ်"

"ဆရာ့သား"

နွေခေါင်ခေါင်ကြီး မိုးကြိုးပစ်ချလိုက်သကဲ့သို့ တုန်လှုပ်သွားမိသည်။ ဆရာ့သားဟူသော စကားသည် နှလုံးသားထဲတွင် ကျယ်လောင်စွာ မြည်ဟည်းသွား၏။ ဆရာ့မှာ သားရှိတယ်။ ဒါကြောင့်လည်း မိမိကို တပည့်တစ်ယောက်လို ဆက်ဆံတာကိုး။ မိမိကသာ . . .။

"ဒါပေမဲ့ သူ့ကို တစ်ခါပဲ ဆုံးမရတယ်။ ဆရာမကြိုက်တာကို ဘာမှ မလုပ်ဘူး"

အိမ်ထောင်ရှိသည်ဟူသော အသိကြောင့် ဝမ်းနည်းသွားမိသည်။



"ဟော . . .ရင်မွှေး၊ ကြည့်စမ်း၊ ခေါင်းက မြေကြီးထဲ ငုံ့ဝင်တော့မယ်။ ဟင် . . .မင်းငိုနေသလား ရင်မွှေး"

ဆရာက မိမိမျက်နှာကို အတင်းလိုက်ငုံ့ကြည့်ပြီး မေးလိုက်၍ မေးရက်သော ဆရာ့ကို ဘယ်လိုဖြေရမှန်းမသိဖြစ်သွား၏။

"ဩော် . . .ဆရာ့သားဆိုလို့ ငိုတာလား"

"အို . . .မဟုတ်ပါဘူး၊ အပါးဆူလို့ပါ"

ကမန်းကတန်းငြင်းလိုက်သော်လည်း ဆရာက သဲ့သဲ့လေးရယ်ရင်း–

"အပါးဆူတာလည်း ခုထိ မငိုပြီးသေးပါလား။ ဒါဆို ဆရာ့သား အကြောင်း မပြောတော့ဘူးလေ။ အပါးဆူထားတာပဲ ဆက်ငိုပေါ့"

သူ ရယ်နိုင်ရက် လှောင်နိုင်ရက်သည်။

"မပြောနဲ့ မကြားချင်ဘူး။ ဘာမှမပြောနဲ့"

ဘယ်လိုမှ ဟန်ဆောင်မရဘဲ ငိုသံကပါလာ၍ ကမန်းကတန်း ကမ်းစပ်ကို ဆင်းလိုက်သည်။ ဆရာက မိမိရေအိုးကို အတင်းဆွဲရင်းက–

"မပြောပါဘူး။ ဒါပေမဲ့ ဆရာ့သားက ဆရာ့ကိုမှာနေတယ်။ ကရင်မလေးကို လိုချင်တယ်တဲ့။ ဆရာ့သားက မကြာခင် ဆရာဝန်ဖြစ်တော့မှာဗျ"

ဆရာ့စကားကြောင့် တအံ့တသြနှင့်မော်ကြည့်လိုက်သော ခဏတွင် မျက်ရည်နှစ်ပွင့် လွင့်ကြွေကျသွား၏။

ဆရာက ထိုမျက်ရည်ပွင့်များကို အလန့်တကြား ကြည့်လိုက်ရင်းက–

"သူက ဆရာ့မွေးစားသားပါ။ ဆရာ့တူဝမ်းကွဲကို မိဘမဲ့လို့ ခေါ်မွေးစားထားတာပါ။ ဆရာ့စကား မရှင်းလင်းသွားတာကို တောင်းပန်ပါတယ်ကွယ်"

ဆရာ့လက်ထဲကို ရေအိုးကို ဆောင့်တွန်းရင်းက စစ်တောင်းမြစ်ရေများဖြင့် မျက်နှာကို ကမန်းကတန်း သစ်လိုက်သည်။ ဆရာ့ကို အားပါးတရ ရိုက်ပစ်ချင်၏။ ရင်ထဲ၌လည်း ပေါ့ပါးသွားပြီး လွတ်လပ်စွာ ပျော်ရွှင်လာမိတော့သည်။

* * *

ပူပြင်းလှသော မီးကျီခဲပေါ်သို့ ရေအေးအေးဖျန်းလိုက်ဘိသကဲ့သို့ အေးမြသွားသည်။ သို့သော် တငွေ့ငွေ့နှင့် အရှိန်မသေသေးပေ။ ဆရာ့ကိုသာ ပိုင်ဆိုင်ချင်သည်။ ဆရာသည် မိမိအား စွန့်ခွာသွားမည်ကို စိုးရိမ်မိသည်။ ဆရာသည် ရင်မွှေးတွက်သာ ဖြစ်ချင်ပါသည်။

"ရင်မွှေးကလည်းကွယ် ဘာလို့ မျက်နှာသစ်ပစ်ရတာလဲ။ ခုနက ကျလာတဲ့မျက်ရည်စက်လေးတွေကို ဘာလို့ ကျလာရတာလဲလို့ မေးကြည့်ချင်လို့ပါ"

ရယ်မောနိုင်ရက်သူ သူ့အား မျက်စောင်းထိုးလိုက်မိသည်။ သူနှင့်မျက်နှာချင်းဆိုင်ရန် အလိုလိုဝန်လေးမိသဖြင့် မျက်နှာကိုသာ ရေနှင့် အထပ်ထပ်ဆေးနေမိသည်။

"အပှတ်ပြောတာ ရင်မွှေးရဲ့။ ခုနက မျက်ရည်စက်ကလေးတွေက ကိုယ့်အတွက် သိပ်အဖိုးတန်တာပဲ"

"တော်ပါ"

ပူလောင်သောရင်ကို အေးမြသွားသည်။ ဆရာက အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါကိုထုတ်ပြီး ဖြန့်ခါ၍—

"ရော့ . . . ရော့ . . . ဆရာ့လက်ကိုင်ပဝါနဲ့ သုတ်လိုက်နော်"

"ဟင့် . . . အင်း"

ရှက်ရှက်နှင့် ငြင်းလိုက်သည်ကို ဆရာက အတင်းထိုးပေးနေသည်။

"သုတ်လိုက်ပါ တော်ကြာ အအေးမိသွားဦးမယ်"

ဆရာက ပြောပြောဆိုဆိုနှင့် လက်ကိုင်ပဝါကို မိမိခေါင်းပေါ်သို့ အုပ်မိုးပေးလိုက်သဖြင့် မျက်နှာပေါ်မှ ရေစက်များကို တို့၍ သုတ်လိုက်သည်။

စူးစူးစိုက်စိုက်ကြည့်နေသော ဆရာ့မျက်ဝန်းအကြည့်ကို လွှဲဖယ်ရယ်မော၍ မိမိရင်ထဲမှ ရင်ခုန်သံတို့ကို ဖျောက်ဖျက်ပစ်လိုက်သည်။

"ရင်မွှေးရယ် . . .မင်းဟာ တကယ့်ကလေးလေးပါလား။ မင်းကိုတွေ့စက ကောက်ရိုးပုံပေါ်မှာ ပလွေမှုတ်နေတဲ့ ကလေးစိတ်နဲ့ ကောင်မလေးတစ်ယောက်လို့ မြင်ခဲ့တယ်။ မင်းမှာ ကလေးစိတ် မကုန်သေးဘူးလား။ နည်းနည်းလေးဖြစ်ဖြစ် လူကြီးစိတ်လေးသွင်းကြည့်ပါဦး"

ရင်ထဲမှာ လှိုက်ဖိုသွားသည်။ မလုံမလဲဖြစ်နေသည်။ ဆရာ့အားမကြည့်ရဲပေ။



နော်ရင်မွှေး လူကြီးစိတ်ဝင်နေကြောင်းကို ဆရာ တကယ်ပဲ မသိလေသလား။ ဆရာသည် မိမိထံမှ အကြည့်ကိုလွှဲဖယ်၍ သက်ပြင်းလေးကို ခိုးချလိုက်သည်။

"မင်းက ဆရာ့သား ဖော့်အရွယ်ပဲ ရှိသေးတာပဲ။ ဖော့်ထက်တောင် ငယ်သေးတယ်။ မင်းလည်း ဖော့်လိုပဲ ဆရာဝန်ကြီးဖြစ်အောင် ကြိုးစားနော်"

သွက်လက်စွာ ခေါင်းကိုညိတ်လိုက်မိသည်။ ဆရာ ဘာပြောပြောနားထဲမှာ ချိုသာမိသည်။ ကြည်နူးမိပါသည်။ ဆရာက ရေအိုးပင့်ပေးသောအခါ ရင်ထဲမှာ မတင်မကျနှင့် မကျေမနပ်ဖြစ်မိသည်။ ဆရာနှင့်အတူတူ စကားအကြာကြီး ပြောချင်သည်။ သို့သော် ဆရာက ရေအိုးပင့်ပေးတော့ မိမိအဖို့ အိမ်ပြန်ရုံသာ ရှိတော့သည်။

မည်သို့ပင်ဖြစ်စေ ထိုနေ့ညအဖို့ စာအုပ်များကို ပြန်လည်ရှာဖွေကာ စာများကို ပြန်ကျက်ဖြစ်သည်။ ဆရာ အထင်ကြီးသကဲ့သို့ မိမိလည်း ကြိုးစားရပေဦးမည်။

အစ်မ ရည်မှန်းသကဲ့သို့ ကြိုးစားရပေဦးမည်။

* * *

ခါတိုင်းကျောင်းပြန်ဖွင့်လျှင် အစဉ်အမြဲ ပျော်ရွှင်တတ်သော နော်ရင်မွှေးသည် သည်တစ်ခါ ကျောင်းတက်ရမှာ အတော်ဝန်လေးမိ၏။

ဆရာနှင့် ဝေးရတော့မည်။ ထိုအသိလေးက နှလုံးသားထဲသို့ ဟာစ်ကြွေး၍ ဝင်လာလေပြီ။ ခါတိုင်း ကျောင်းဖွင့်ရက်များတွင် အစ်မကို လွမ်းသည်ကလွဲလို့ သိပ်မခံစားမိ။ သည်တစ်ခါ ခံစားရသည်က ပူလောင်လွန်းလှပါသည်။ စားစားသွားသွား သတိရနေ၏။ တစ်ခါတစ်ရံ ငေးငိုင်၍ပင် သူ့အကြောင်း တွေးနေမိသည်။

ထို့ကြောင့် စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် ရွာသို့ ပြန်လာရန် ဆုံးဖြတ်ထားလိုက်သည်။

အပါးက အိမ်ပြန်သည်ကို သိပ်မကြိုက်ပေ။ မိုးမိပြီး ဖျားမှာစိုးသည်။ ပြီးတော့ အခုတလော အလုပ်များနေသည်။ ဝါမဝင်ခင် အစ်မ မင်္ဂလာဆောင်တော့မည်။ အစ်မသည် အပါးကို ခွင့်တောင်းခြင်းထက် နော်ရင်မွှေး

အား ခွင့်တောင်းခြင်းကို ပို၍အလေးထားသည်။ ရင်မွှေးငြင်းလျှင် မင်္ဂလာပွဲ ပျက်နိုင်သည်အထိ အရေးပါသည်။ အစ်မသည် မင်္ဂလာဆောင်ပြီးလည်း မိမိတို့နှင့်အတူတူ မခွဲမခွာဘဲ နေသွားမည်ဖြစ်သောကြောင့် ထူးထူးခြားခြား မခံစားမိပေ။

အိမ်မှာ တရုန်းရုန်းနှင့် အလုပ်ရှုပ်နေသည်ကိုပင် ရင်မွှေးက ပျော်နေမိသည်။ အစ်မသူငယ်ချင်းများက အစ်မကို စကြနောက်ကြပြီး တအုန်းအုန်းရယ်နေသည်ကို ရင်မွှေးက ဝင်ရောနေ၍ ပျော်နေမိသည်။

ဤသည်ကို အပါးက နည်းနည်းမျှ မကြိုက်ပေ။

"ကောင်မလေးက ကလေးလို မနေဘူး။ လူကြီးတွေကြားထဲလည်း ပါချင်နေတာပဲ။ ကိုယ့်စာကိုယ်ကျက်ပြီး မြို့မှာပဲ အေးအေးနေတာ မဟုတ်ဘူး"

အပါးဆူသဖြင့် နောက်အပတ်များတွင် ပြန်မလာဘဲ နေနေရသည်။ ကျောင်းတက်နေစဉ်တော့ သိပ်မထူးခြားမိ။ သို့သော် ကျောင်းပိတ်တော့ ပျင်းနေမိသည်။ ရွာသို့ ပြန်ချင်သည်။ ဆရာ့ကိုလည်း တွေ့ချင်သည်။

"ရင်မွှေးရယ် . . .ညည်းကိုက ကဲလွန်းသဲလွန်းပါတယ်။ ဆရာက ဘာမှ မဖြစ်ရဘူး။ ညည်းကပဲ တစ်ဖက်သတ်ဖြစ်နေတာ"

ကိုယ့်ကိုယ်ကိုယ် ပြန်ဆုံးမရင်းက နောက်အပတ်များတွင်လည်း ရွာသို့ မပြန်ဘဲ အပါးကို စိတ်ကောက်ရန် ဆုံးဖြတ်ထားလိုက်၏။

"ရင်မွှေး"

"ဟယ် ဆရာပါလား။ ဘယ်ကလှည့်လာတာလဲ။ ဈေးဝယ်လာတာလား။ လာ ထိုင်လေ . . .ဆရာ"

"အင်း"

ပျင်းပျင်းနှင့်ကြမ်းပြင်ပေါ်မှောက်ကာ ဂဏန်းတွက်နေချိန်၌ ဆရာ့ကို ဘွားခနဲ မြင်တွေ့လိုက်ရသောကြောင့် အံ့သြသွားမိသည်။ ထို့ကြောင့် အလူးအလဲ ထလိုက်၏။

"မနေ့က ရင်မွှေးမလာတာနဲ့ ပြန်မလာဘူးထင်ပြီး ဒီနေ့ဝင်လာတာ အတော်ပဲပေါ့။ ဘာလဲ စာတွေ သိပ်ကျက်နေသလား"

ဆရာ့စကားကြောင့် အလိုလို နှုတ်ခမ်းချွန်မိသည်။

"မိရင်မွှေးက အပိုသက်သက်မဟုတ်လား။ ဘယ်သူကမှ အလိုမရှိ



ကြဘူး။ ရှုပ်တယ်မလာနဲ့ဆိုလို့ မလာတာလေ"

"ဘယ်သူကပြောလဲ အပါးလား။ မဟုတ်ပါဘူးဗျာ။ အပါးက သူ့သမီးငယ် မလာလို့မျှော်နေတာ။ ဆရာ့ကို ဝင်ကြည့်ဆိုပြီး လွှတ်လိုက်တာ"

"ဆရာက အပါး လွှတ်လို့လာတာပေါ့"

"ဂဏန်းတွက်နေတာလား။ ပြပါဦး။ ရင်မွှေးစာအုပ်ကို ဆရာ ကြည့်မယ်လေ"

နော်ရင်မွှေးစကားကို မကြားဟန်ဆောင်ရင်း လွှဲဖယ်မေးလိုက်သောကြောင့် ရင်မွှေးမကျေမနပ်ဖြစ်မိသည်။ သို့သော် ဆရာ့ဆန္ဒကို ဘယ်တော့မှ မငြင်းနိုင်ပေ။

ထိုနေ့က တစ်နေ့လုံး ဆရာသည် ဈေးမဝယ်ဖြစ်တော့။ ရင်မွှေးနှင့် အတူတူစာကျက်သည်။ သင်္ချာတွက်သည်။ ဆရာသည် ဆယ်တန်းစာများကို မမေ့သေး။

"ဆရာက ဉာဏ်သိပ်ကောင်းတာပဲ။ ရင်မွှေးဆိုရင် လေးငါးနှစ်ဆို မေ့သွားမှာပဲ"

"စွဲစွဲလန်းလန်း ကျက်ရင် ဘယ်မေ့မလဲ။ ဒါပေမဲ့ ဆရာ နည်းနည်း ပြန်နွှေးရတယ်။ နောက်အပတ်တွေ ရွာမပြန်နဲ့ ဆရာလာခဲ့မယ်။ ရင်မွှေးနဲ့ အတူတူ စာဝိုင်းကျက်ပေးမယ်"

မျက်လုံးဝိုင်းကြီးနှင့် တစ်ချက်မော်ကြည့်လိုက်ရင်းက တအံ့တသြဖြစ်မိသည်။ ဆရာက ဘာမျှမထူးဆန်းသလိုနှင့်–

"ဆရာ့သား ဖော့ကိုလည်း စာဝိုင်းကျက်ပေးရတာပဲ။ ဒါကြောင့်လည်း ဆေးတက္ကသိုလ်မီတာ။ မေမေတို့ရှိတုန်းကဆို ဖော့ကို သိပ်အလိုလိုက်တာပဲ။ ဆရာလည်း မိဘမဲ့မို့ အလိုလိုက်ပါတယ်။ ဒါပေမဲ့ ကျောင်းစာနဲ့ ပတ်သက်လာရင်တော့ အလိုမလိုက်ဘူး။ ရင်မွှေး တစ်နေ့ပေးတဲ့စာကို တစ်နေ့ မှန်မှန်ကျက်ရမယ်။ ပြီးတော့ စနေ၊ တနင်္ဂနွေ ဆရာလာပြီး ပြန်မေးမယ်"

ဆရာလာမည်ဆိုတော့ ရင်ထဲကြည်နူးရသည်။ သို့သော် စိုးရိမ်စိတ်လေး ဝင်မိ၏။

"ဆရာ ပင်ပန်းမှာပေါ့"

"ဆရာ မပင်ပန်းရအောင် ရင်မွှေးက စာတွေရအောင် ကျက်လေ။ ရင်

မွေး စာတွေရရင် ဆရာ မပင်ပန်းပါဘူး”

နောက်အပတ်များတွင် ရင်မွေး ရွာမပြန်တော့ပေ။ ဆရာ စာလာသင်သည့်အစီအစဉ်ကို အစ်မရော အပါးကပါ သဘောတူကြသည်။ ရင်မွေးနေနေသည့် အဒေါ်အိမ်ကလည်း ကြည်ဖြူသည်။ ဆရာ့ကို လေးစားသည်။ ကြည်ညိုသည်။

ဆရာကလည်း ရင်မွေးနှင့်တွေ့စဉ်တွင် ကျောင်းစာအကြောင်းက လွဲလို့ ဘာစကားမျှမပြောပေ။ စာသင်ခန်းထဲတွင် စာသင်နေသည့် ဆရာတစ်ဦးကဲ့သို့ မျက်နှာတည်သည်။ နန္ဒမိတ်ရွာက စစ်တောင်းမြစ်ကမ်းပါးတွင် ရင်းရင်းနှီးနှီး စကားပြောသည်မျိုးနှင့်မတူ။

အစကတော့ ရင်မွေး စိတ်ညစ်မိသည်။ ဆရာနှင့်အတူ ရင်ခုန်ဖွယ်စကားများကို ပြောချင်သည်။ ကြည်နူးချင်သည်။ သို့သော် အနေကြာလာတော့ ဆရာ့အား ဆရာတစ်ဦးလိုပင် လေးစားကြည်ညိုလာမိ၏။

ဆရာ နောက်ကျလျှင် မျှော်တတ်ပြီး ဆရာ ညနေစောင်း စက်ဘီးနှင့် ပြန်သွားလျှင်လည်း လွမ်းတတ်သည်။

“ဆရာရယ် ပုံစံအမျိုးမျိုးနဲ့ ရင်မွေး နှလုံးသားထဲ တိုးဝင်နေပါလား”

အစ်မ မင်္ဂလာဆောင်မည့်နေ့တွင် ဆရာသည် ရင်မွေးအား လာကြိုသည်။ ခရီးသွားဟန်လွှဲသဘောနှင့် ဝင်ခေါ်သလိုလို ပြောသည်။ ပစ္စည်းဝယ်အဖွဲ့နှင့် ပြန်လိုက်လာကြ၏။ မည်သို့ပင်ဖြစ်စေ ဆရာ့ကို မြင်တွေ့နေရံနှင့် ရင်မှာ ပျော်ရွှင်ချမ်းမြေ့ရသည်။ ဆရာသည် မိမိအတွက် အားမာန်တစ်ခုပင်ဖြစ်၏။

အိမ်ရောက်သောအခါ ခြိမ့်ခြိမ့်သဲပြင်ဆင်နေသော မင်္ဂလာမဏ္ဍပ်ကို ကြည့်ရင်း ရင်ထဲတွင် လွတ်ဟာသွားသည်။

တစ်စုံတစ်ခု ဆုံးရှုံးမှုကို ခံစားလိုက်ရ၏။

အစ်မ မင်္ဂလာဆောင်သည်ကို အထူးအဆန်း မဟုတ်သကဲ့သို့ တွေးထင်မိသော်လည်း တစ်ခုခု ထူးခြားနေသကဲ့သို့ ခံစားရသည်။ ခါတိုင်းကဲ့သို့ အစ်မနားကပ်၍ ဆိုးနွဲ့၍မရတော့ပေ။ အစ်မနားတွင် အစ်ကိုစိုးရှိနေလေပြီ။ မိမိအစား အစ်ကိုစိုးက အစ်မနား ရောက်နေလေပြီ။

အစ်မကား ချစ်သူနှင့်အတူ နေရမည်ဆိုပြီး ပျော်မြူးနေသည်ကို ရင်ထဲမှ အလိုလိုဝန်တိုလာမိ၏။ အစ်မ မင်္ဂလာဆောင်တွင် ဝက်သားဟင်း၊



မယ်ဇလီရွက်ဟင်းချို၊ သရက်ချဉ်သုပ်နှင့် ငါးပိတို့စရာ အစုံပါသည်။ ရွာအနီးအနား ဆွေမျိုးများကလည်း ညအိပ်ညနေ ဝိုင်း၍ ကူညီကြ၏။

နော်ရင်မွေးကမူ အစ်မမင်္ဂလာဆောင်မှာ ထုံးစံအတိုင်း ယောင်တောင်တောင်လုပ်နေ၏။

သူငယ်ချင်းများ ဝိုင်းစနေ၍ ရှက်ကိုးရှက်ကန်းဖြစ်နေသော အစ်မကို ကြည့်၍ အလိုလို ကြည်နူးမိ၏။ အစ်မ သိပ်ပျော်နေသလား။ မိမိအလှည့်ဆိုလျှင်ရော။

“အို . . . ဘာတွေ တွေးနေပါလိမ့်”

ရုတ်တရက် ကြက်သီးထသွားပြီး ဆရာ့ကို လှမ်းကြည့်လိုက်မိသည်။ ဆရာက မိမိအား လှမ်းကြည့်နေသည်နှင့် ဆုံမိသောအခါ ပို၍ ရှက်သွားပြီး ဆရာ့အား မျက်စောင်းထိုးလိုက်မိ၏။

ဆရာက သတို့သား အစ်ကိုစိုးထက်ပင် ပိုသည်းနေ၏။ အားလုံး သူကပဲ ဦးစီးလုပ်ကိုင်ပေးလေ၏။ အစ်ကိုစိုးကလည်း ဆရာ့အား ညီလေးအောင် ညီလေးအောင်နှင့် ပါးစပ်ဖျားက မချပေ။

“ရင်မွေး မပြန်သေးဘူးလားဟင်”

“မနက်ကျမှ ပြန်မယ်”

အစ်မ သူငယ်ချင်းများက လှမ်းမေး၍ ဖြေလိုက်သည်။ ထိုအခါ သူတို့အားလုံးက ဝါးခနဲရယ်ကြ၏။ မိမိစကားထဲတွင် ရယ်စရာပါသွားသလားဟူသော အတွေးနှင့် စဉ်းစားကြည့်မိသည်။

“ပြန်ပါဟယ် ကျောင်းပျက်နေပါ့မယ်”

“အို . . . မနက်အစော ထသွားမှာပေါ့”

နှုတ်ခမ်းချွန်၍ ပြောလိုက်သော နော်ရင်မွေးကို အားလုံးဝိုင်းရယ်ကြသည်။ ဒါကို ဆရာက မကျေမနပ်နှင့် မျက်မှောင်ချီရင်းက–

“ရင်မွေး ကျောင်းပျက်နေမယ်။ ဆရာ လိုက်ပို့ပေးမယ်လေ”

“ဆရာကလည်း ကညွတ်ကွင်းမှာ လုပ်စရာရှိသေးလို့”

ဆရာက တိုတိုတုတ်တုတ်ပြောရင်း အိမ်ပေါ်မှ ဆင်းသွား၏။ မိမိဘာမျှ ပြောချိန်မရလိုက်ပါ။ သို့သော် အစ်ကိုစိုးက ဆရာ့အား မျက်စိတစ်ဖက်မှိတ်ပြသလို အစ်မကလည်း အစ်ကိုစိုးလက်မောင်းကို ဆွဲဆိတ်တာ မြင်လိုက်၏။

"ရင်မွေး နေခဲ့ချင်ရင် နေခဲ့လေ"

အစ်မက မိမိစိတ်ကောက်မည်စိုး၍ တိုးတိုးလေးပြောလိုက်သည်။ အစ်မကိုကြည့်၍ သနားသွားသည်။ အပါးကိုယ်တိုင်ကလည်း သူ့ဆွေမျိုးများရှိရာ ငါးပတ်အိုင်သို့ လိုက်သွားလေပြီ။ ပြီးတော့ ဆရာက လိုက်ပို့ပေးမယ်ဆိုတော့–

"ရပါတယ် ရင်မွေး ပြန်လိုက်မယ်"

"ဒီလိုမှပေါ့"

အစ်ကိုစိုးက ပြုံးဖြဲဖြဲနှင့်ပြောလိုက်သည်ကို အစ်မက မျက်စောင်းလှမ်းထိုးလိုက်သည်။ အစ်မမျက်နှာသည် ရွှင်ပြုံး၍ နုပျိုနေ၏။ ထိုနေ့သည် အစ်မအတွက် အလှဆုံးနေ့ဖြစ်ပါသည်။

"ပြီးပြီလား ရင်မွေး"

"ဟုတ်ကဲ့ ခဏလေး"

မိမိအခန်းထဲသို့ ဝင်သွားပြီး အိတ်သွားယူစဉ် ဆရာသည် ရယ်မော၍ အစ်မကိုစနေ၏။

"အစ်မနော် ကောက်စိုက်ပြိုင်ပွဲကိုလည်း မမေ့နဲ့ဦးနော်"

အစ်မက ရှက်ရယ် ရယ်နေ၏။ ဤနယ်တွင် အစ်မသည် ကောက်စိုက်ရာ၌ အတော်ဆုံးဖြစ်၍ နှစ်စဉ် ဆုရနေကျဖြစ်သည်။

"ဒီနှစ်တော့ ငါးမြစ်ချင်းက အတော်ဆုံး မသေးသေး မပါတော့ အစ်မ တဝါးမပဲ ဆုရမှာ"

"ရင်မွေးလည်း ပြိုင်ချင်လိုက်တာ"

အားကျစွာ ဝင်ပြောလိုက်မိသည်။ ထိုအခါ ဆရာက ရယ်မော၍

"ကောက်မစိုက်တတ်ဘဲ ဝင်ပြိုင်လို့ ရမလားဗျာ"

ဆရာက ရယ်မောပြီး ပြောလိုက်သောစကားကြောင့် ရင်မွေး အသည်းဆတ်ဆတ်ခါ နာကျင်သွားသည်။ သို့သော် တကယ်လည်း မစိုက်တတ်သောကြောင့် ဆရာပြောသည်မှာ မှန်ကန်နေ၍ ဘာမျှမပြောသာ ပေ။

"ကျွန်မတော့ လယ်တွေကို မီးမရှို့တော့ဘဲ ဆရာပြောသလို ကြမ်းတုံးနဲ့ လှိမ့်ထားလိုက်ပြီး စမ်းသပ်ထားတယ်။ မြေသြဇာပါ တစ်ခါတည်း ထည့်ပေးလိုက်တယ်"

အစ်မက ရှက်ကိုးရှက်ကန်းနှင့် စကားများကို လွှဲပြောနေလိုက်သည်။



"ကျွန်တော်ကတော့ လယ်ကို မီးရှို့တာ မကြိုက်ဘူး။ မြေဆီမြေ နှစ်ခမ်းလို့ ကြမ်းတုံးနဲ့ ရိုးပြတ်ကို လှိမ့်ကြိတ်တာ ရိုးပြတ်ကနေ မြေသြဇာ ပြန်ရတယ်ဆိုလို့ အစ်မတို့လယ်ကို စမ်းသပ် စိုက်ခိုင်းတာပါ။ အောင်ရင် အားလုံး ဒီအတိုင်း လုပ်ကြတော့ ကောင်းတာပေါ့။ ကဲ. . . နောက်မှ ဆက်ဆွေးနွေးတာပေါ့။ ရင်မွေးရေ သွားစို့။ ဆရာတို့အပြန် မှောင်နေမယ်ကွယ်"

ဆရာသည် လူကြီးသဖွယ် အစ်မနှင့် အစ်ကိုစိုးအား နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ ဆရာသည် တခြားသော ရွာသားများကဲ့သို့ အစ်မနှင့် အစ်ကိုစိုးအား ပြောင်ခြင်းနောက်ခြင်း မရှိပေ။ အစ်မရှက်ကိုး ရှက်ကန်း ဖြစ်နေသည်ကို မသိဟန်ဆောင်၍ လုပ်ငန်းအကြောင်းနှင့် လွှဲပြောပြီး စကားရော ဖောရောနှင့် ထွက်လာခဲ့သည်။ ဤကဲ့သို့ ဆရာ၏ သိတတ်သော အပြုအမူမျိုးကြောင့်ပင်လျှင် တစ်ရွာလုံး၏ လေးစားခြင်း ခံရသည်။

ဆရာ့မျက်နှာတွင် အရယ်အပြုံး နည်းပါးသည်။ ဆရာသည် အစဉ်အမြဲ လုပ်ငန်းအကြောင်းသာပြောပြီး သူများကိုယ်ရေးကိုယ်တာ ကိစ္စတွင် စကားနည်းတတ်၏။

သို့သော် တစ်ခါတစ်ရံ ရင်မွေးအား နောက်ပြောင်ကျီစယ်တတ်သည်ကို ရင်မွေးရင်ထဲမှာ မကြည်နူးဘဲ မနေနိုင်။

"ကဲ. . . ကောက်စိုက်ချင်တဲ့ အစ်မကြီး မြန်မြန်လာဗျာ။ ပေးပါ ဒီလွယ်အိတ်ကြီးကို"

"ဟင့်အင်း ရတယ်"

"ပေးပါ"

ဆရာက ခနဲ့သလိုလိုပြောလိုက်၍ ရင်မွေး နှုတ်ခမ်းစူမိသည်။ ထို့ကြောင့် လွယ်အိတ်ကို ပြန်ဆွဲယူလိုက်၏။ သို့သော် ဆရာက ခပ်တည်တည်နှင့် ဆွဲယူလိုက်သောကြောင့် လွှတ်ပေးလိုက်ရသည်။ ဆရာ့ဟန်သည် တောသားအသွင် ဖန်တီး၍ ပုဆိုးတိုတိုဝတ်ထားပြီး ကြမ်းတမ်းဟန်ပြုထားသော်လည်း တောသားပုံမပေါက်ပေ။ တစ်ခါတစ်ရံတွင် ကွမ်းဝါးတတ်သေးသည်။ ဆေးလိပ်မသောက်တတ်သော ဆရာသည် စကားဝိုင်း၌ ကွမ်းကို အပျော်ဝင်စားတတ်သည်။

"ဒီနေ့ နေအေးတယ်။ ညရောက်ရင် မိုးများရွာမလားမသိဘူး"

ဆရာက ရှေ့မှ လှမ်းပြောလိုက်သဖြင့် ပတ်ဝန်းကျင်ကို သတိထား

မိလိုက်သည်။ ညနေ ၃ နာရီ နေရောင်ဖြစ်သော်လည်း ကျနေကဲ့သို့ ကျဲကျဲ တောက်ပူလောင်၍ မနေ။ မိုးသားများကြောင့် ကောင်းကင်မှာ ညိုမှောင်နေသည်။

ပျိုးချစပြုရန် ထွန်ထားသော လယ်မြေများအတွက် လုံလုံလောက်လောက် မိုးမရသေးပေ။

"ဆရာ့သားတောင်မှ ရှေ့အပတ်ထဲ လာလိမ့်မယ်။ ဆရာ့သားက လူချောပဲ။ ဆရာဝန်လောင်းဆိုတော့ ကျေးရွာဆင်းချင်အောင် ဆွဲခေါ်ရမယ်။ သူကတော့ လေးလေးသဘောကျ ဆင်းပါ့မယ်ပြောတာပဲ။ ရင်မွေးနဲ့ မိတ်ဆက်ပေးရမယ်။ ကောက်မစိုက်တတ်တဲ့ တောသူမလေးပါလို့လေ"

"ဆရာက ရင်မွေးကို သိပ်အထင်သေးတာပဲ"

"အစ်မတဝါးမ ညီမမို့ နည်းနည်းပဲ အထင်သေးပါတယ်"

"ကြည့်နော် . . . ဆရာ"

သိသိသာသာ မဟုတ်သော်လည်း မသိမသာ ခြေဆောင့်မိသည်။ အိမ်မှာဆိုလျှင် တစ်အိမ်လုံး တုန်ခါသွားအောင်ပင် ခြေဆောင့်မိပေလိမ့်မည်။

"အင်း ဒါကြောင့်လည်း ငါးပတ်အိုင်က မြေချိုင့်ကြီးဖြစ်နေတာကိုး"

"ဘာမှ မဆိုင်ဘူး"

"ဆိုင်တာပေါ့၊ နန္ဒမိတ်ရွာမှာလည်း ရင်မွေးတို့အိမ်ကို နစ်တိုင်းမြေဖို့နေရတာပဲ မဟုတ်လား။ ဒီလောက် ခြေဆောင့်နေတော့ အိမ်ကလည်း မြေကျွံနေပြီပေါ့။ ငါးပတ်အိုင်ဆိုရင် ပိုဆိုးမှာပေါ့"

"ဆရာနော်"

အားပါးတရ ထုရိုက်ပစ်ချင်သည်။ သို့သော် အစ်မက ယောက်ျားလေးနှင့် စကားပြောရာတွင် ရိုက်နှက်မပြောရဟု တားမြစ်ထားသည်။ ထို့အပြင် ခြေဆောင့်သည့်အမူအရာကိုလည်း ဖျောက်ဖျက်ပစ်ရန် သတိပေးထား၏။

သို့သော် ထိုအကျင့်က ပျောက်ပျက်၍မသွားပါ။

မိုးလေးအုံ့ပျပျမို့ လမ်းလျှောက်၍ကောင်းလှသည်။ ထွန်ရေးငင်သူများက မိမိတို့အား နှုတ်ဆက်၍သွားကြ၏။ မိမိတို့ရွာများတွင် ဤကဲ့သို့ အဖော်ကောင်းလျှင် ကောင်းသလို ယောက်ျားမိန်းမ တွဲသွားနေသည်ကို အထူးအဆန်းမလုပ်ကြပေ။ နော်ရင်မွေးလျှင် ရွာတွင် ယောက်ျားလေး အပေါင်းအသင်းများနှင့် မြို့သို့ အကြုံလိုက်ဖူးသည်။ နော်ရင်မွေးအတွက်



မထူးဆန်းသော်လည်း ဆရာကတော့ ဆန်းသည်။

ဆရာသည် ဘယ်မိန်းကလေးနှင့်မျှ တွဲမသွားဖူးပေ။ သူ့တပည့်များနှင့်သာ သွားတတ်သည်။ နော်ရင်မွေးတို့ ညီအစ်မနှင့် ခင်မင်သကဲ့သို့ အခြားမိန်းကလေးများနှင့် ခင်ခင်မင်မင်မနေတတ်ပေ။ နန္ဒမိတ်ရွာမှာရော ငါးမြစ်ချင်းရွာမှာပါ ဆရာ့တွင် မိန်းကလေးမိတ်ဆွေ မရှိခဲ့။ ထို့ကြောင့် ဆရာ့ကို မာနကြီးသည်ဟုပင်အတင်းဆိုဖူး၏။

ဒါဆို ရင်မွေးကိုကျတော့ရော ဘာလို့ခင်သလဲ။ ရင်မွေးနဲ့အတူတူ ဘာလို့သွားသလဲ။

တွေးရင်းက ရင်ဖိုလာသည်။ ရှေ့မှသွားနေသော ဆရာ့နောက်ကျောကို ကြည့်၍ အလိုလို ရှက်သွေးဖြာလာ၏။

"အမေ့ . . ."

ရုတ်တရက် ခလုတ်တိုက်ပြီး ကန်သင်းပေါ်မှနေ လယ်ကွက်ထဲသို့ ခြေတစ်ဖက်က လျှောခနဲကျသွား၏။

"ဟောဗျာ . . . အဲဒါကြည့် သူ့ကို ကောက်မစိုက်တတ်ဘူးပြောတော့ နာတယ်။ ခုကြည့် ကန်သင်းပေါ်တောင် လမ်းလျှောက်တတ်လို့လား"

ဆရာက ဆွဲတူရင်း တဖျစ်တောက်တောက်ပြောလိုက်သည်။ "သူ့ကြောင့် သူ့ကိုငေးလို့" ဟု ရင်ထဲမှ အပြစ်တင်ရင်း ဆရာ့ကို မျက်စောင်းထိုးလိုက်သည်။ ဆရာက သူ့စကားကို မျက်စောင်းထိုးသည်အထင်နှင့် ပြုံးလိုက်ရင်းက–

"ပြောရင်တော့ မကြိုက်ချင်ဘူး။ ဒီလယ်ကန်သင်းအပေါ် လျှောက်ရတာလည်း ပညာသားတစ်မျိုးပဲ။ တော်ရုံလူ မလျှောက်တတ်ဘူး။ လယ်တောထဲအသွားများမှ လျှောက်တတ်တာ။ မြို့ကြီးသူတွေဆို ဘယ်လျှောက်တတ်မလဲ။ ရွှံ့ကို ခြေမနဲ့ကုတ်ပြီး လျှောက်ရတာ လွယ်တဲ့ကိစ္စမှ မဟုတ်တာ။ ကဲ . . . ထ ဟိုနားက ရေအိုင်လေးမှာ ခြေသွားဆေးမယ်"

ခြေသလုံးအထိ နစ်ဝင်သွားသော ရွှံ့များကြောင့် မျက်နှာရှုံ့နေမိသည်။ သို့သော် ဆရာဆွဲထူတာတော့ ရင်ခုန်နေမိ၏။ ဆရာသည် ရေအိုင်ရှိရာသို့ မိမိ၏လက်မောင်းကိုဆွဲကိုင်၍ ခေါ်လာခဲ့သည်။

ရေအိုင်ဘေးတွင်ထိုင်၍ ခြေထောက်ကို စိမ်ပြေနပြေ ပွတ်ဆေးနေမိသည်။

"ကဲ . . .မမလေး မြန်မြန်လုပ်ဗျာ။ တော်ကြာ မှောင်လာလို့ ကျွန်တော် မီးထိုးပေးနေရဦးမယ်"

ပွဲညက အပြန် မီးထိုးပေးရသည်ကို ရည်ရွယ်၍ ပြောလိုက်သည်။

"ငါးမြစ်ချင်းကို ဝင်ပါဦးလား။ အမောပြေ ရေလေးဘာလေး သောက်ရတာပေါ့။ ပြောသာ ပြောရတယ် တော်ကြာ ငါးမြစ်ချင်းရေကို စွဲသွားရင် ဒုက္ခ"

"အမယ် ငါးမြစ်ချင်းရေများ ငါးပတ်အိုင်ရေလောက် မစွဲပါဘူး"

ဆရာ့အား စကားနိုင်လု၍ ပြောလိုက်သော်လည်း ငါးမြစ်ချင်းရေသည် ဖြူးမြို့နယ်မှာရော ကညွတ်ကွင်းနယ်မြေထဲမှာပါ အကောင်းဆုံးဖြစ်၏။

"မမလေးက သိပ်နွဲ့တာဗျာ။ မိုးချုပ်တော့မှာပဲ"

"မခေါ်ချင်နေ၊ သွား ကိုယ့်သာဘာသာကိုယ် သွားမယ်"

"ခင်ဗျားကို ပို့ချင်လို့ တမင်မြို့သွားရတာပါဗျာ"

လူကြီးတွေရှေ့ အများအမြင်မှာ ဣန္ဒြေကြီးသလောက် အခုတော့ ဆရာ့မျက်နှာက နုပျိုလန်းဆန်းနေသည်။ မျက်လုံးလေးများ တလဲ့လဲ့ တောက်ပကာ ပျော်မြူးနေဟန်တူသည်။ ဒါကြောင့်လည်း ဆရာ့အား မိမိ သူငယ်ချင်းများက သဘောကျနေခြင်းဖြစ်သည်။

"သိလား ဆရာ၊ ရင်မွှေးသူငယ်ချင်းတွေကလေ ဆရာ့ဆီမှာ စာလာသင်ချင်တယ်တဲ့။ ရမလားတဲ့"

"အာ . . .ဘာလို့မရ ရမှာလဲ။ ဆရာက ရင်မွှေးအတွက် လာသင်ပေးတာပဲ။ ရင်မွှေးခေါ်ချင်တဲ့သူ ခေါ်ပေါ့။ ရင်မွှေးနဲ့ ပတ်သက်ရင် နပ်တွဲလောင်းနဲ့ ကလေးတင်မကဘူး။ ကလေးမဟုတ် လူကြီးမဟုတ်တာလည်း သင်ပေးမှာပဲ"

* * *

"ဟဲ့ . . . ဟဲ့ ရင်မွှေးပါလား"

ဆရာရော တဝါးမရော အလန့်တကြားဖြစ်သွားပြီး ရင်မွှေးကို စူးစူးစိုက်စိုက် ငေးကြည့်နေကြ၏။ ရင်မွှေးက သဘောကျစွာ ရယ်မောလိုက်သည်။

"ဖြစ်ပါ့မလား ရင်မွှေးရယ်"



အစ်မက မဝံ့မရဲမေးလိုက်သည်ကို ရင်မွှေးက ရွှတ်နောက်နောက်နှင့် ရယ်မောရင်းက–

"မစိုးရိမ်ပါနဲ့ အစ်မရယ်၊ ရင်မွှေးက အစ်မနေရာ မလုပ်ပါဘူး။ ကိုယ့်အစ်မဆိုပြီး အလျှော့ပေးမှာပါ"

မိမိစကားကြောင့် ဆရာရော၊ အစ်မပါ ရယ်မောကြ၏။ မိမိကောက်စိုက်ပြိုင်ပွဲဝင်နေကြောင်း ဆရာ့ကိုပင် အသိမပေးခဲ့။ တစ်ယောက်တည်းကျိတ်၍ ကောက်စိုက်ကျင့်ခဲ့သည်။ မနက်စောစော ကျောင်းမတက်မီ ဒွေးလေးလယ်တွင် ကောက်စိုက်ပေးသည်။ပြီးတော့ ၉ နာရီခွဲ ကျောင်းချိန်မီ ပြန်လာပြီး ကျောင်းသွား၏။ စနေ၊ တနင်္ဂနွေနေ့များတွင် ဆရာလာ၍ မစိုက်ဖြစ်ပေ။ သို့သော် တစ်ခါတစ်ရံ စနေနေ့စောစောသွားစိုက်ပြီး ဆရာလာချိန်မှန်းကာ ပြန်လာတတ်သည်။ ကောက်စိုက်ရသည်ကိုပင် အလိုလိုပျော်လာမိသည်။

မနက်စောစော ၅ နာရီခန့်တွင် အိုးစည်ဗုံမောင်းသံပေးပြီး ကောက်စိုက်ဆင်းသည့်အဖွဲ့ထဲ၌ ရင်မွှေးပါလာတတ်၏။ တစ်ခါတစ်ရံ ကိုယ်တိုင် အိုးစည်တီး၊ မောင်းတီးပြီး ကွင်းဆင်းတတ်၏။ မလုပ်ဖူးသော အလုပ်မို့ လက်ထိပ်လေးများနာ၍ ခါးနှင့်ကျောလည်း နာနေသည်။

ဘယ်သူမျှ မသိစေရန် ငါးပတ်အိုင်တွင် စာရင်းသွင်း၍ ဝင်ပြိုင်လိုက်သည်။ သို့သော် ပြိုင်ပွဲတွင် နန္ဒမိတ်ရွာက အစ်မတဝါးမနှင့်ထိပ်တိုက်တိုးနေသည်။

ကောက်စိုက်ပြိုင်ပွဲတွင် စုစုပေါင်း ကျေးရွာအုပ်စု ကိုးအုပ်စု ပြိုင်ရ၏။ တစ်အုပ်စုစီတွင် သုံးယောက်ပါဝင်သည်။

"ဟုတ်မှလည်း လုပ်ပါ ရင်မွှေးရယ်"

ဆရာ့စကားသံကို မကြားဟန်ဆောင်ရင်းက ဖွဲဖွဲလေးကျနေသော မိုးစက်မိုးပေါက်များကို ငေးကြည့်နေမိသည်။ ရင်ထဲမှာတော့ မှန်တိုင်းကျနေပြီ။ ပထမပွဲဦးမို့ အနည်းငယ် ရင်ခုန်မိ၏။ သို့သော် မာန်တင်း၍ ရဲဝံ့သောဟန်အမူအရာနှင့် အခြားကောက်စိုက်သမများနှင့်အတူ ရော၍ ထိုင်လိုက်မိသည်။

အခမ်းအနားစကြောင်း အခမ်းအနားမှူးက ကြေညာပြီး သဘာပတိဦးရာတင်က မိန့်ခွန်းပြောကြားသည်။ အခမ်းအနားမှူးက ပြိုင်ပွဲဝင် စည်း

ကမ်းများကို မိန့်ကြားခဲ့သည်။ စိတ်စောနေ၍ ဘာမျှ နားမထောင်မိပေ။ မကြားတစ်ချက် ကြားတစ်ချက်နှင့်သာ ရင်ခုန်သံက စိုးမိုးနေသည်။

ရင်မွှေးနှင့်မျက်စောင်းထိုး တစ်ခုံကျော် ရှေ့တန်းတွင် အစ်မတဝါးမက ဖြောင့်ဖြောင့်ပင် မထိုင်နိုင်ဘဲ ညီမအားလှည့်ကြည့်လှည့်ကြည့်လုပ်နေသည်။ ယခင်နှစ်က အစ်မသည် ဒုတိယဆုသာ လေးနှစ်ဆက်တိုက်ရခဲ့၏။ အဘယ်ကြောင့်ဆိုသော် ဖြူးမြို့နယ်တစ်ခုလုံးတွင် အတော်ဆုံးသော ကောက်စိုက်သမကြီး ဒေါ်သေးသေးရှိသောကြောင့် ဖြစ်သည်။ ဒေါ်သေးသေးသည် ငါးမြစ်ချင်းတွင်နေ၏။ အပျိုကြီးဖြစ်ပြီး သူ့လယ်ကို သူ့ဘာသာ ဦးစီးလုပ်ကိုင်၍ မိအိုဖအိုကို လုပ်ကျွေးနေသူဖြစ်သည်။ ယင်းအပျိုကြီးကို အစ်မ လိုက်မမီသေးပေ။ ယခုနှစ် ဒေါ်သေးသေး အမောမခံနိုင်သောကြောင့် ကောက်မစိုက်နိုင်တော့။ ထို့ကြောင့် အစ်မတဝါးမသာ အနိုင်ရမည်ဟု မှန်းထားလိုက်သည်။ ယခုကဲ့သို့ အုပ်စုပွဲစဉ်တွင်တော့ အမြဲ ပထမရခဲ့၏။

"ယခုအချိန်မှစပြီး ပြိုင်ပွဲစတော့မှာဖြစ်လို့ အားလုံးကောက်ကွက်ထဲကို ကြွရောက်ရန် ဖိတ်ခေါ်ပါတယ်"

သူများထလို့သာ ထရပ်ရသည်။ ဘာတွေပြောလို့ ပြောလိုက်မှန်း မသိတော့"

"ဟဲ့ . . . ရင်မွှေး လာလေ"

မိမိတို့ သပြေလဟာအုပ်စုမှ အရွေးခံရသော သပြေလဟာကျေးရွာမှ နော်ပုလုက လှမ်းခေါ်လိုက်၍ သူ့နောက် လိုက်လာသည်။

"ညီမလေး နင် တကယ်ပြိုင်မှာလား"

"ရော် . . . အစ်မရယ် ငါပြိုင်ဖို့ ရောက်နေပြီပဲ"

"နင်ရှုံးရှာ သေချာရင် ငါလျှော့မယ်"

"ဟာ အစ်မကလည်း ငါက ဒီနှစ်မှ အစမ်းပြိုင်တာပဲ။ နင့်ဘာသာ ပထမရအောင် လုပ်ပါ။ ငါက စမ်းလုပ်ကြည့်တာပါ"

အစ်မ၏ညှာတာမှုကြောင့် ရင်ထဲတွင် လှိုက်ဖိုသွားသည်။ အစ်မကိုလည်း ပို၍ချစ်သွားမိသည်။ အစ်မသည် မိမိအတွက် အစစအရာရာ ငဲ့ညှာလွန်းလှသည်။

ဆရာက မိမိတို့ ညီအစ်မကိုစောင့်၍ကြည့်ရင်းက–



"ကျွန်တော်က အစ်မတို့ ညီအစ်မနှစ်ယောက်ရဲ့ ငန်းမှာ မကျဘူး။ ရင်မွှေးက နံပါတ် ၅ ဆိုတော့ သတိထားဦးနော်။ တော်ကြာ ငါးတွေ နှိုက်မိဦးမယ်"

"ဆရာနော်"

ဆရာနောက်လိုက်မှ ကိုယ့်ကျောက နံပါတ်သည် ၅ မှန်း သတိရလိုက်သည်။ ထို့ကြောင့် အစ်မနောက်ကျောမှ နံပါတ်ကို လှမ်းကြည့်လိုက်မိ၏။

"ဟင် အစ်မနဲ့က အဝေးကြီးပဲ။ ၂၃ တဲ့"

"ဟေး . . . နော်ရင်မွှေးရေ လာဟေ့ ကောက်ဆုပ်စီရအောင် သုံးမိနစ်ပဲ ပေးတာဝေ့"

နော်ရင်မွှေးတို့ ငန်းကြီး ၂ မှ ဒိုင်က လှမ်းခေါ်လိုက်၍ သူ့ထံသို့ အပြေးတစ်ပိုင်း လှမ်းလာခဲ့သည်။ ဒိုင်မှာ မိဿလင်ကျေးရွာမှ လယ်စည်းရုံးအတွင်းရေးမှူး ဦးထွန်းအေးဖြစ်သည်။ မိမိတို့နေသော နန္ဒမိတ်ကျေးရွာမှာ မိဿလင်ကျေးရွာအုပ်စုတွင် ပါဝင်၍ ငန်းကွက် ကွာသွားခြင်းဖြစ်သည်။

"ဘယ့်နှဲ့ ငါတို့ကျေးရွာအုပ်စုက နော်ရင်မွှေးက မျက်စိလည်ပြီး သပြေလဟာကို ရောက်နေရတာလဲ"

ကိုထွန်းအေးက နောက်ပြောင်၍ ပြောလိုက်သည်ကို နှုတ်ခမ်းလှန်၍ ခပ်ဆွာဆွာပြောဖြစ်အောင် ပြောလိုက်သေးသည်။

"ငါးပတ်အိုင်က ကျွန်မ မွေးရပ်မြေပဲ ကျွန်မရွာပေါ့"

ပြောပြောဆိုဆိုနှင့် မိမိတို့ ငန်းကြီး ၂ တွင် သပြေလဟာရွာမှ နော်ပုလုက ငန်းလေး နံပါတ် ၄၊ ရွာမကြီးမှ နော်တင်မေက ငန်းလေးနံပါတ် ၆၊ နော်ရင်မွှေးက နံပါတ် ၅၊ ငါးပတ်အိုင်ရွာမကြီးနှင့် သပြေလဟာရွာမှ သပြေလဟာ ကျေးရွာအုပ်စုဝင်များဖြစ်ကြသည်။

ကျေးရွာအုပ်စု တစ်စုလျှင် ငန်းကြီးတစ်ကွက်ဖြစ်ပြီး စုစုပေါင်း ကျေးရွာ ၁၀ အုပ်စု ပြိုင်ရ၏။

ကြိုတင်လေ့ကျင့်ထားသည့်အတိုင်း မိမိငန်းလေး နံပါတ် ၅ အတွင်း ချထားသော ကောက်စည်းများကို ယူ၍လက်ညီညီနှင့် တစ်ဆုပ်စာစီ ကောက်တန်းရှေ့တွင် ချထားလိုက်သည်။ ငန်းလေးထိပ်တွင် ခုနစ်တန်းတန်း၍ စိုက်ရ၏။ ကောက်စည်းများထဲမှ တစ်ဆုပ်စာစီကို ယူယူပြီး

ကောက်ဆုပ်စီ၍ ချထားရသည်။ အချိန်ကား သုံးမိနစ်သာ ရ၏။

ကောက်ဆုပ်စီပြီးသောအခါ အစ်မ ငန်းကြီးရှိရာသို့ လှမ်းကြည့်လိုက်သည်။ အစ်မက လုံချည် မရမ်းရင့်ရောင်ကို ဒူးအထက် ခပ်တိုတိုလေး ဝတ်ထား၏။ အစ်မတဝါးမတို့ မိဿလင် ကျေးရွာအုပ်စုက မရမ်းရင့်ရောင် လုံချည်ဆင်တူ အင်္ကျီအဖြူနှင့် ပဝါပန်းရောင်၊ မိမိတို့ သပြေလဟာ ကျေးရွာအုပ်စုက လုံချည်နက်ပြာ ပဝါ မိုးပြာရောင်နှင့် ခေါင်းပေါင်း မိုးပြာရောင်လေးဆင်ထားသည်။ အင်္ကျီကို ခါးမပေါ်စေရန် ရှပ်အင်္ကျီပုံစံ ချုပ်ထား၏။

"ခုချိန်ကစပြီး သိပ္ပံနည်းကျ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကြီး စတော့မှာ ဖြစ်လို့ ငန်းကြီး ၇ မှ ငန်းလေး နံပါတ် ၂၂၊ ၂၃ တို့ခင်ဗျား ပြိုင်ပွဲချိန်နီးကပ်လာပြီဖြစ်ပါ၍ အမြန်ဆုံး ကောက်ဆုပ်စီပေးပါခင်ဗျား"

ငန်းလေးထိပ်တွင် ကောက်ပင်ခုနစ်ပင်ကို စိုက်ချလိုက်စဉ် အခမ်းအနားမှူးအော်သံကြောင့် အစ်မထံသို့ ပြန်ကြည့်မိ၏။ အစ်မငန်းမြေက အနည်းငယ် မာနေပုံရသည်။ အဝေးမှကြည့်ရသော အစ်မ မျက်နှာသည် မရွှင်မပျဖြစ်နေ၏။

"အဲဒီ ငန်းကြီး ၇၊ ၈က မြေညှံနေတယ်ကွ။ တဝါးမတော့ ဒုက္ခပါပဲ"

"ဘယ်လိုဖြစ်လို့ ငန်းမညီရတာလဲ"

"မိုးက သိပ်မရတော့ ရေတင်ထားရတာ သူတို့ဘက်က ကုန်းမြင့်နည်းနည်းကျနေတယ်။ ငန်းကြီး ၉ နှင့် ၁၀ ကျတော့ အနိမ့်ပိုင်း ကျသွားပြန်ရောလေ"

ကန်သင်းပေါ်မှ ပြောသံကြောင့် အစ်မအတွက် စိုးရိမ်သွားသည်။ မိမိရင်ထဲ တဒိတ်ဒိတ် ခုန်လာ၏။ ထဘီကို ခိုင်မခိုင် ဆွဲကြည့်လိုက်သည်။ သူများတွေလို ဒူးအထက် မဝတ်ရဲ။ ဒူးဆစ်ဖုံးအထိသာ ဝတ်ထားသည်။ သမန်းမြေက ခြေသလုံးတစ်ဝက် ဖုံးနေသည်။ လက်ဖျား ခြေဖျားများက အေးစက်နေ၏။

"ဒိုင်း"

"အမေ့"

ရုတ်တရက် လန့်သွားသည်။ အချက်ပေးသေနတ်သံနှင့်အတူ လယ်ကွင်းတစ်ခုလုံး ညာသံပေးသံ အိုးစည်ဒိုးပတ်သံများ ညံသွား၏။



"ဟဲ့ ရင်မွေး စိုက်လေ"

ကိုထွန်းအေး သတိပေးမှ သတိဝင်လာပြီး ခါးကို ဆတ်ခနဲချိုးချ၍ ကောက်ဆုပ်ကို ဆတ်ခနဲကိုင်လိုက်သည်။ ဘယ်လက်နှင့် ကောက်ဆုပ်ကို ကိုင်ပြီး ညာလက်နှင့်အဆက်မပြတ် ဆက်၍ဆက်၍ စိုက်ချလိုက်သည်။ ရှေးဦးစွာ စိုက်ထားသော ခေါင်အတန်းနောက်မှ ညီနေအောင် လိုက်စိုက်ရသည်။

သို့သော် မိမိစိတ်မှာ လောကြီးလွန်းသောကြောင့် ညီမညီ သတိမထားမိလိုက်၊ အသင့်ချန်ထားသော ကောက်ဆုပ်များကို ကောက်ကိုင်၍ ရွှံ့ထဲတွင် စွတ်ခနဲ စွတ်ခနဲနေအောင် စိုက်ချလိုက်သည်။

"ရင်မွေးဟေ့ နော်ရင်မွေးကွနော်"

မိမိကျောင်းမှ သူငယ်ချင်းများက အော်ဟစ်၍ အားပေးနေကြသည်။ မိမိက သူများလို ကောက်စိုက်သမရိုးရိုးမဟုတ်ဘဲ ၁၀ တန်းကျောင်းသူဖြစ်၍ အားလုံးက စိတ်ဝင်စားကြသည်။ နူးညံ့သော သမန်းမြေများကား ထိုးစိုက်ရာမှာ လွယ်ကူလှပေသည်။ တစ်ချက်တစ်ချက်တွင် ရွှံ့စက်များက မိမိအင်္ကျီနှင့်လုံချည်ကို လာစဉ်လေ၏။

ပွဲဦးထွက်မှာ လက်က တုန်ချင်သလိုလိုဖြစ်လာသည်။နောက်တော့ လက်ကပါ သွက်လာ၏။ အားမာန်ပိုလာသည်။ ချထားသော ကောက်ဆုပ်နှင့်စိုက်သောအခါ သုံးပင်လေးပင်ခန့်ပါလာသဖြင့် အံဝင်လှ၏။ ပွဲမဝင်ခင် ည မနက် ကျင့်ထားသောကြောင့် အတော်လေး ကျင့်သားရနေသည်။

"နော်ရင်မွေးရေ လုပ်ဟာ ပြီးလုပြီဟေ့"

"နော်ပုလု လုပ်ပါဟ။ စိုက်ပါဟ ပြီးခါနီးပြီဝေ့"

ငါးပတ်အိုင်မှ ဦးလေးစောဖဝေး၏အသံအောကြီးက မိမိနားထဲ တိုးဝင်လာ၍ ပို၍အားတက်မိသည်။

"ဒီနှစ်မှ တက်လာတဲ့ လက်သစ်ကလေးတွေကွနော်။ အေး . . . ပြီးလု ပြီဝေ့"

နောက်ဆုံး လယ်အစိုက်တွင် အလံနီလေးကို မြင်ရတော့မှ မိမိပြီးသွားပြီဟူ၍ သိရပြီး ခါးကိုဆန့်ထုတ်လိုက်ကာ ဘေးဘီကို ကြည့်လိုက်သည်။ ဆစ်ခနဲ ခါးထဲမှ နာသွား၏။ သို့သော် ပတ်ဝန်းကျင်တွင် မိမိ

တစ်ယောက်တည်း အလျှင်ပြီးနှင့်လေပြီ။

မိမိနှင့်မရှေးမနှောင်းတွင် နော်ပုလုကပြီးသွား၏။ အားလုံးက တစ်ခဲနက် သြဘာပေးကြသည်။ အော်ဟစ်ပြီး အိုးစည်ကို ဖိတီးကြ၏။

"ငါ့တူမ သိပ်တော်တယ်"

အားလုံး၏ချီးကျူးမှုကို ခံယူနေစဉ် အခြားငန်းမှ တစ်ယောက်ပြီးသွားပြီး မိမိတို့ငန်းကြီး ၂ မှ နော်တင်မေလည်း ပြီးသွား၏။

"ရင်မွှေးတို့ ခြေလက်ဆေးပြီး သွားထိုင်နေလေ"

သုံးယောက်သား ရေတွင်းဆီသို့ ထွက်လာခဲ့၏။

"ရင်မွှေး နင် အလျှင်ဆုံးပြီးတာနော်" နော်ပုလုက ဝမ်းသာအားရ မေးလိုက်၏။

"အေး . . ."

"ဒါဆို နင် ပထမရမှာပဲ။ နင်ပြီးရင် ငါပဲ"

"အလျှင်ပြီးတာနဲ့ ပထမ မရနိုင်သေးဘူးဝေ့။ ဒီပြင် အမှတ်တွေလည်း ရှိသေးတာပဲ။ လျင်မြန်ခြင်းကတော့ အမှတ် ၃၀ အပြည့်ရတော့တာပဲ။ ဒီပြင် အမှတ်တွေလည်း ရှိသေးရတယ်ဝေ့"

မနှစ်က ပွဲတိုးဖူးသော နော်တင်မေ့စကားကြောင့် ရင်ထဲနွမ်းသွားသည်။ အတန်းညီ၊ မညီ သတိမထားမိလိုက်ပေ။ ပြိုင်ပွဲဝင်စဉ်က အမှတ် ၁၀၀ ရှိသည်။

ကောက်ကွက်မှန်လျှင် လျင်မြန်လျှင် အမှတ် ၃၀ စီ ပေးသည်။ ကောက်ပင်မှန်လျှင် ၂၀ ပေးပြီး လက်ဆမှန်လျှင် ကောက်တန်းဖြောင့်လျှင် ၁၀ မှတ်စီပေးသည်။ ရင်ထဲမှာ လှိုက်ဖိုသွား၏။

ကောက်ကွက်တစ်ကွက်တွင် ကောက်ပင် ၄၁၆ ပင်ရှိ၏။ ပင်ရေက တော့ ပြည့်ပါလိမ့်မည်။ ညီမညီတော့ သတိမထားမိလိုက်။

ကိုယ့်နေရာကိုယ်ထိုင်ပြီး ထဘီကို အသားကျအောင် ပြင်ဝတ်နေစဉ် အစ်မရောက်လာ၏။

"ရင်မွှေး နင်စိုက်တာ မြန်ပေမယ့် သိပ်မညီဘူး။ ငါ့ကောက်ကွက်က မြေမာလို့ မနည်းထိုးစိုက်ရတာ လက်ထိပ်ကို နာနေတာပဲ"

အစ်မက ရဲရဲနီနေသော လက်ချောင်းများကိုပြ၍ ရှုံ့မဲ့နေ၏။ ထို့နောက် အစ်မက လုံချည်ရှည်ရှည်ပြင်မဝတ်သေးဘဲ ဆေးလိပ်ဖွာရင်း တစ်စုံတစ်



ခုကို ထိုင်စဉ်းစားနေသည်။ မိမိကတော့ ဦးလေးစောဖဝေးပေးသော အချဉ်ထုပ်ကို ဖောက်စားရင်းက အမှတ်ပေးအစီအစဉ်ကိုသာ စောင့်နေသည်။ ရင်ထဲတွင် တဒိန်းဒိန်းမြည်ဟည်းနေ၏။ အစ်မကိုလည်း ဆုရစေချင်သည်။ မိမိလည်း ရချင်သည်။

ယခု ပွဲစဉ်သည် စပါးဒိုင်နယ်အလိုက်ပြိုင်သော ပွဲစဉ်သာဖြစ်သည်။ ကျန်ပွဲစဉ်တွင် ငါးဦးသာရွေးချယ်မည်ဖြစ်ပြီး ယင်းငါးဦးကို ဆုတစ်ခါပေး၍ ငန်းအလိုက် ပထမ၊ ဒုတိယ၊ တတိယ ဆုပေးမည်ဖြစ်သည်။ ထို့နောက် မြို့နယ်ပြိုင်ပွဲသို့ တက်ရဦးမည်။ ပြိုင်ပွဲတွင် စပါးဒိုင် နယ်ငါးခုတို့ တွေ့ဆုံ၍ ပြိုင်ပွဲဝင်ရဦးမည်ဖြစ်သည်။

"ယခုအချိန်စပြီး သိပ္ပံနည်းကျ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ဆုရသူများရဲ့အမည်စာရင်းကို ကြေညာပါတော့မယ်ခင်ဗျား"

ရင်ထဲတွင် ဒိန်းခနဲ မြည်သွားသည်။ ပထမ သို့မဟုတ် ဒုတိယ နေရာတွင် ရနိုင်မည်လားဟု တွေးလိုက်မိသည်။

"ပထမ ငန်းကြီး ၂၊ ငန်လေး နံပါတ် ၄ မှ နော်တင်မေ"

"ဟင်. . ."

အရမ်းအံ့သြသွားသည်။ မိမိနှင့် လေးယောက်ခြားပြီးမှသာ ပြီးသော နော်တင်မေကား ပထမရလေပြီ။

"ဒုတိယ ငန်းကြီး နံပါတ် ၈ မှ ငန်းလေး နံပါတ် ၂၃ နော်တာဝါးမ တတိယ"

ဆုများကို တစ်ခုပြီးတစ်ခုကြေညာပြီး နောက်ဆုံး မိမိကား နှစ်သိမ့်ဆုရပြီး အရန်အဖြစ်သာ ရွေးချယ်ခံရသည်။ ရင်ထဲမှာ မကျေမနပ်နှင့် ဝမ်းနည်းခြင်း၊ ရှက်ခြင်းတို့ စုပြုံလာပြီး ခန်းမထဲမှ ထွက်လာခဲ့သည်။

အရုပ်ဆိုးသွားသလားတော့ မသိပါ။ သို့သော် မတတ်နိုင်တော့ပေ။ ကိုယ့်ကောက်ကွက်ကို ကြည့်ချင်စိတ်က ပြင်းထန်လာ၏။

ကွင်းဘက်တွင် လူရှင်းနေ၏။ အလံရောင်စုံများက လေပြည်ထဲမှာ တဖျပ်ဖျပ်လွင့်နေသည်။

အပင် ၅၀ လျှင် အလံပြာတစ်ခုကို စိုက်ပြထား၏။ အလံရောင်စုံများ အလွန်လှပြီး ကြည်နူးဖွယ်ကောင်းသော်လည်း ရင်ထဲမှာ မကြည်နူးနိုင်။

ရင်မွှေး၏ ငန်းထိပ်တွင် ဆရာက ရပ်ကြည့်နေ၏။ မိမိကိုမြင်သောအခါ

ဆရာက ပြုံး၍ ခေါင်းညိတ်ပြလိုက်ပြီး မိမိစိုက်ထားသော စပါးပင်များကို ညွှန်ပြလိုက်၏။

"ဟုတ်ပါရဲ့၊ အတန်းလည်းမညီဘူး။ တချို့အပင်တွေက ယိုင်လို့ပဲ။ အရေအတွက်ပဲရှိသလို ဖြစ်သွားပြီ။ နော်တင်မေ့ ငန်းကွက်ကို ကြည့်ပါဦး။ နော်တင်မေ့ငန်းကွက်က မိမိငန်းကွက်နှင့် ကွာလှသည်။ အပင်များက စီရီ၍ ညီညာနေ၏။ ဘေးကကြည့်ကြည့် ရှေ့ကကြည့်ကြည့် ညီညာလှပသည်။

အစ်မငန်းကွက်က နော်တင်မေ ငန်းကွက်ထက်လှ၏။ ကြိုးတန်းနှင့် တန်းစိုက်ထားသလိုပင် ညီညာလွန်းလှသည်။

"ဒါပေမဲ့ အစ်မမြေက မာနေလို့ လျင်မြန်မှုမှာ အမှတ်နည်းသွားတယ်"

"ရင်မွှေးက ကောက်ကွက် မညီတာ အမှတ်မရဘူးပေါ့။ လျင်မြန်ခြင်းမှာတော့ အမှတ်ပြည့် ရပါတယ်"

"တော်ပါတော့ ဆရာရယ်၊ နောင်နှစ်တွေမှာ ရင်မွှေး ရအောင်လုပ်ပါ့မယ်။ ဒီနှစ်တော့ နေဦးပေါ့"

ဆရာက သဘောကျစွာ ပြုံးလိုက်၍ ရှက်ရမ်းရမ်းပြီး ဆရာ့အား မျက်စောင်းထိုးလိုက်မိသည်။

"အမြဲစိုက်နေတဲ့ ကောက်စိုက်သမတွေကို ဘယ်မီမလဲ ရင်မွှေးရယ်။ ကိုယ့်လိုင်းကိုယ် သွားပါကွာ။ စာတွေ နောက်ကျနေဦးမယ်"

ရည်ရွယ်ချက်မရှိဘဲ ထပြန်လာသည်။ ဆရာက မိမိအနားမှ လိုက်ပါလာရင်း–

"အစထဲက ဆရာ့ကို အသိပေးရောပေါ့။ အစ်မ တဝါးမကလည်း ဝါရင့်နေတာပဲ။ သူနဲ့အတူတူ ကျင့်ရင်ရတာပေါ့။ ရင်မွှေးက လက်သွက်သားပဲ"

"အိုး. . . ဆရာတို့ပဲ ကျောင်းစာပျက်သလေး ဘာလေးနဲ့ ပြောနေတာပဲ။ ရင်မွှေးက မနက်ဘက်မှာ အရီးတို့ရဲ့အတူတူ အပျော်ကောက်လိုက်စိုက်ရင်းက ငါးပတ်အိုင်မှာ လူမရှိလို့ ဝင်ပြိုင်ဖြစ်တာပေါ့"

ဆင်ခြေပေးလိုက်မိသည်။ ဆရာက လူကြီးသဖွယ်ပြုံး၍ ခေါင်းညိတ်လိုက်ပြီး–

"အေးပါ၊ စာတွေမေးလို့ မရရင်တော့လား၊ ထိပ်ကို နာနာလေး ခေါက်မယ်။ အပါးက စာမရရင် ရိုက်တဲ့လေ။ ရိုက်မှာပဲ"



"ဆရာက ရင်မွှေးကို တကယ်ရိုက်မှာလား"

မျက်လုံးအဝိုင်းသားလေးနှင့် လှမ်းမေးလိုက်သော ရင်မွှေးကြောင့် ဆရာက ပင့်သက်လေးရှိုက်ကာ–

"လက်နဲ့တောင် မရွယ်ပါဘူး ကလေးရယ်။ မင်းက ဆူဖို့ မလိုအောင်တောင် လိမ္မာပြီးသားပဲ။ ဆရာ့စကားနားထောင်တဲ့ မိန်းကလေးပဲကွယ်"

ရင်ထဲတွင် လှိုက်ဖိုသွားသည်။ လေပြည်တစ်ချက်အဝှေ့တွင် မိုးစက်ပွင့်ကလေးများ ကြွေကျလာသည်။

"ဟင်. . . ထီးလည်းမပါဘူး မဟုတ်လား ရင်မွှေး၊ မိုးတွေရွာလာပြီ"

"မပါတော့ ကောင်းတာပေါ့။ မိုးရွာထဲ ရေချိုးရတာပေါ့"

"အဲဒါမှ အအေးမိပြီး ဖျားနေဦးမယ်ကွယ်"

"အို. . . ကောက်စိုက်သမပဲ ဖျားပေါင်ရှင်"

"ဟော. . . ဒီကလေးမလေးတော့လေ"

ဆရာက ချော့မလိုဖြစ်သွားသော ရင်မွှေးလက်မောင်းကို ဖမ်းကိုင်လိုက်ရင်းက ကြည်နူးစွာ ပြုံးလိုက်သည်။

"ဒီကောက်စိုက်သမလေးက လယ်ကွင်းပေါ်မှာလည်း လမ်းမလျှောက်တတ်ဘူး"

လယ်တောတစ်ခွင်တွင် မိမိတို့၏ ရယ်သံလေးများပျံ့လွင့်သွားလေသည်။ လယ်ကွင်းထဲတွင် စိမ်းလွင်နေသော စပါးပင်လေးများက ကတ္တီပါစိမ်းကဲ့သို့ တအိအိ လှုပ်ရှားနေသည်။ လေယူရာ ယိမ်းနွဲ့နေလေ၏။ မိုးဖွဲဖွဲလေးသာ ရွာနေ၏။

"အမယ်. . . မယ်. . . အိမ်မှာတော့ ကလေးကငိုလို့၊ သူကတော့ ဒီမှာ အတွဲခုတ်နေတယ်ပေါ့လေ"

ရုတ်တရက် ကောက်စိုက်သမတစ်အုပ်စုနှင့် ရင်ဆိုင်တွေ့သောအခါ အသက် ၃၀ ခန့် ကောက်စိုက်သမကြီးက နော်ရင်မွှေးတို့ရှေ့ ခါးထောက်၍ လာရန် တွေ့လေ၏။ ရုတ်တရက် ဘာပြောရမှန်းမသိအောင် ထူပူသွားသည်။

"ဟဲ့. . . အဲဒါ နောက်မီးလင်းတာ ခေါ်တယ်တဲ့"

"ဟုတ်ဘူးဟဲ့။ ရှေ့တည့်တည့်တွဲတော့ ရှေ့မီးလင်းတာ"

"ဝါး. . . ဟား. . . ဟား"

တစ်ယောက်တစ်ပေါက် ဝိုင်းစနေသောကြောင့် ထောင်းခနဲ ဒေါသထွက်သွားပြီး ဝိုင်းစနေသူများကို စူးစူးစိုက်စိုက်ကြည့်ရင်းက ရှေ့သို့တိုးကာ ပြန်ပြောမည်အပြု။

"လာ. . . . လာ ရင်မွေး သွားစို့ကွယ်"

ဆရာက မိမိလက်မောင်းကို အတင်းဆွဲပြီး ခေါ်လာခဲ့သည်။

"ပါသွားပြီ။ ကျွန်မ ညီမလေးကို အေးစိန်ယောကျ်ား ခိုးသွားပြီးတော့။ လုပ်ကြပါဦး။ ဟဲ့. . .ကောင်မ၊ ညည်းလင်ညည်း နိုင်အောင်ထိန်းပါလား"

အော်သံရယ်သံများက နောက်တွင်ကျန်ရစ်ခဲ့သည်။ ဒူးများ ခွေယိုင်လာချင်သည်အထိပင် ရှက်စိတ်ဝင်ခဲ့မိသည်။ ဆရာ့ကိုမကြည့်ရဲတော့။

"ကောက်စိုက်ချိန်ဆို ဒီအတိုင်းပဲ ရင်မွေး။ တစ်ခါတလေ ယောကျ်ားလေးတစ်ယောက်တည်းသွားရင် ကလိ ဝိုင်းထိုးကြတာ။ ဆရာကျတော့ ကျောင်းဆရာမှန်းသိလို့ ကိုယ်ထိလက်ရောက် မစရဲဘဲ ပါးစပ်နဲ့ပဲ လှမ်းစကြတာ။ လူကြီးတွေတောင် ချမ်းသာပေးတာ မဟုတ်ဘူး။ ရင်မွေးကလည်း ကောက်စိုက်လိုက်နေပြီး ဒါတောင် မသိဘူးလား"

"အရီးနဲ့ အစ်မက သူများတွေကို မစတတ်ဘူး။ မိန်းကလေးချင်း ကိုယ်ချင်းစာမှပေါ့။ ဒီလိုကြီး စကြတာတော့"

ရင်မွေးမျက်နှာ ရှက်သွေးဖြာသွားသည်။ ဆရာက ခပ်ဟဟလေး ရယ်လိုက်ရင်း –

"ဒီအချိန်ဟာ ကောက်စိုက်သမတွေရဲ့ အပျော်ဆုံးအချိန်ပေါ့ ကလေးရယ်။ သူတို့အတွက် လယ်တောမှာပဲကြီးလာပြီး လယ်တောမှာပဲ ပျော်မွေ့အဆုံးသတ်ကြတာပဲနော်။ ဆရာလေ ရင်မွေးကို လယ်သူမ မဖြစ်စေချင်ဘူး။ လယ်တောကို သစ္စာမဲ့တဲ့စကားပြောတာ မဟုတ်ပါဘူးကွယ်။ ဆရာဝန်မကြီး ဖြစ်စေချင်တယ်။ ဆရာဝန်မကြီးအဖြစ်နဲ့ လယ်တောကို ပြန်လာစေချင်တယ်။ ရင်မွေး ပြန်လာမယ် မဟုတ်လား"

"ဟင်. . . ဆရာကလည်း။ ရင်မွေးက ဆရာဝန်ဖြစ်ဖို့မပြောနဲ့ ဆယ်တန်းတောင် မဖြေရသေးတာ"

ရှက်ပြုံးနှင့် ငြင်းလိုက်သည်ကို ဆရာက ခေါင်းကိုခါရမ်းရင်းက–

"ဆရာလုပ်သက် ရှစ်နှစ်နီးပါးရှိနေပြီပဲ ရင်မွေးရယ်၊ ဆရာသိတာပေါ့၊ ဇော်ဇော်ကိုတောင် စာပြရင်းက ဆရာမှန်းခဲ့ဖူးတယ်၊ ရင်မွေးက ဇော့်ထက်



ကြိုးစားတာပဲ ဖြစ်ရမှာပေါ့။ သူ့ကိုလည်း ဆရာ သိမ်းသွင်းထားတယ်၊ ကျေးရွာမှာ ဆေးမရောက်လို့ ဦးကြီးတွေ ဒုက္ခရောက်ရတာ သူ့အမြင်ပဲလေ။ ဟော. . . ဟို ပြောရင်းဆိုရင်း ဇော်ဇော်ထင်ပါရဲ့"

အဝေးမှ အပြေးတစ်ပိုင်းလာသော ဆရာ့သားဇော်ဇော်ကို လှမ်းမြင်လိုက်သည်။ အသားဖြူဖြူ သွယ်လျလျနှင့် ဖြစ်သည်။

ဆရာ့ထက် ခုနစ်နှစ်ငယ်တယ်။ ရင်မွေးထက် နှစ်နှစ်လောက်ကြီးလိမ့်မယ် ထင်တယ်။ သူ့ကို ကောက်စိုက်သမတွေနောက်လို့ ထွက်ပြေးလာရပြီ ထင်ရဲ့"

ဆရာက အလယ်တန်းပြလစာလေးနှင့် ဆေးကျောင်းသားတစ်ယောက်အတွက် အတော်ရုန်းကန်ပေးနေရသည်။ ဆရာကိုယ်တိုင်က အဝတ်အစားကို ဖြစ်သလို သုံးလေးထည်ဝတ်ပြီး သူ့မွေးစားသား ဇော်ဇော်ကိုမူ မငြိုငြင်အောင် ထားရှာသည်။

ဇော်ဇော်အနားသို့ရောက်သောအခါ သွားတက်လေးများ ပေါ်အောင်ရယ်ရင်းက–

"လေးလေးရ ကောက်စိုက်သမတွေစလို့ မနည်းကို ထွက်ပြေးလာရတာဗျ။ အပြတ်ကျွတ်တာပဲ"

စကားပြောရင်း ရင်မွေးကို လှမ်းကြည့်လိုက်သည်။ ရင်မွေးကလည်း သူ့ကိုပြန်ကြည့်ရင်း ပြုံးလိုက်၏။

"ဩော်. . . နော်ရင်မွေးပါ ပါလာတာကိုး"

ဇော်ဇော်ကို ဖြူး ဘူတာမှာ သွားကြိုပြီးအပြန် နော်ရင်မွေး၏ ကညွတ်ကွင်းအိမ်တွင် ဝင်နားပြီး မိတ်ဆက်ပေးသောကြောင့် ဇော်ဇော်နှင့် သိပြီးသားဖြစ်သည်။ ဇော်ဇော်သည် တက္ကသိုလ်ကျောင်းသားပီပီ သွက်လက်ပေါ့ပါးပြီး အပြောရဲ အကြည့်ရဲမှု့ ဇတ်ဇတ်ကျဲ ရင်မွေးပင် မျက်နှာလွှဲနေရ၏။

"နော်ရင်မွေးက ဘယ်လဲ၊ ရွာပြန်မလို့လား"

"ဟုတ်တယ်၊ အပါးနဲ့အစ်မ မတွေ့တာကြာလို့ ပြန်မလို့လေ"

ဇော်ဇော့်မျက်ဝန်းသည် နှစ်သက်မှု အရိပ်အရောင်ဖြင့် တလဲ့လဲ့တောက်ပနေ၏။ ရင်မွေး မကြည့်ရဲပေ။ ရင်မွေးဘဝတစ်သက်တာတွင် ဆရာ့အကြည့်မှလွဲ၍ ဘယ်သူ့အကြည့်မျှ ရင်မခုန်ခဲ့ဖူးပေ။ ဆရာ့ထက်

ချောသော ငယ်သောဇော်ဇော်ကို တွေ့ရသော်လည်း ရင်မွေး ရင်မခုန် ကြောင်းကို ရင်မွေးဘာသာ ရင်မွေး သိ၍ အံ့သြမိသည်။ အသားညိုညို အရပ်မြင့်မြင့် မျက်မှန်တဝင်းဝင်းနှင့် ဆရာ့ကိုသာ ရင်မွေးချစ်မိသည်။ ဆရာရုပ်သည် ခံ့ညားမှုရှိပြီး အလှမရှိပေ။ သို့သော် ရင်မွေး ရင်ခုန်ရပါသည်။ လေးစားမြတ်နိုးရပါသည်။

"ဇော်. . .ဘယ်သွားမလို့လဲ"

"ဘယ်မှမသွားဘူး လေးလေးကို လိုက်ရှာတာ။ ဇော်နိုးလာတော့ လေးလေးကမှ မရှိတော့တာပဲ"

ခပ်ချွဲချွဲလေး ပြောလိုက်သည်ကို ဆရာက သဘောကျစွာ ပြုံးလိုက်သော်လည်း ရင်မွေးက နှုတ်ခမ်းကို မသိမသာ မဲ့ပစ်လိုက်သည်။

"ဒီနေ့ ကောက်စိုက်ပြိုင်ပွဲရှိတယ်လေ။ နော်ရင်မွေးတို့ ညီအစ်မလည်း ဝင်ပြိုင်ကြတယ်"

"ဟာ. . .ဒီလိုမှန်းသိရင် လိုက်လာပါတယ်။ နော်ရင်မွေး နိုင်သလား ဟင်"

"လူ ၃၀ မှာ အဆင့် ၆ နဲ့ နှစ်သိမ့်ဆုရတယ်လေ။ ဆုမယူဘဲ ထွက်လာတာကြည့်"

ဆရာက ရင်မွေးကိုယ်စား အဖြေပေးရင်းက နှုတ်ခမ်းလေးမသိမသာ ချွန်နေသော ရင်မွေးကို ငဲ့ကြည့်လိုက်မိသည်။

"အား. . .တော်တာပေါ့။ ရင်မွေးကလည်း ယှဉ်ပြိုင်မှုသာအဓိကပဲ မဟုတ်လား။ ဆုယူရောပေါ့ဗျာ"

ဆရာ့ကို အလယ်မှာထားပြီး ဇော်ဇော့်အကြည့်များက မိမိထံ ရစ်ဝဲနေသည်ကို သတိထားလိုက်မိသည်။ ဆရာကတော့ သူ့တူသားဇော်ဇော့်အပေါ်တွင် ကြင်နာမြတ်နိုးသော အကြည့်နှင့် ကြည့်နေ၏။ ဆရာသည် တပည့်များအပေါ်တွင် စေတနာထားပြီး ယုယကြင်နာတတ်သကဲ့သို့ ဇော်ဇော့်အပေါ်တွင်လည်း ထိုကဲ့သို့ ယုယကြင်နာပေလိမ့်မည်။ ကြင်နာမှုမျက်ဝန်းကို ပိုင်ဆိုင်သော ဆရာသည် ရင်မွေးမျက်ဝန်း၌ အစဉ်အမြဲ လှပနေ၏။

"ရင်မွေး ဆုမလိုချင်ဘူး။ ဘာမှ မလိုချင်ဘူး။ အပျော်ဝင် စိုက်တာပါ။ ဆုမယူမိတာက ဆရာနဲ့ စကားပြောရင်းထွက်လာတာမို့ ဆုယူရမှန်းတောင် မသိတော့ဘူး"



တမင်ရွဲ့၍ ပြောလိုက်သည်ကို ဇော်ဇော်က တဟားဟား အော်ရယ်နေ၏။ ရယ်စရာမဟုတ်သည်ကို ရယ်နေ၍ မျက်စောင်းထိုးမိသည်။

"ရွှံ့ရေထဲများ အပျော်ဆင်းရတယ်လို့ဗျာ။ အခု လမ်းချော်နေတာတောင် လျှောက်ရတာ သိပ်ခက်တာပဲဗျာ"

"ဒါတောင် ပဏာမပဲရှိသေးတာ၊ မိုးဆက်သွားရင်း ပိုဆိုးမယ်"

"ဒီရွှံ့ကိုတော့ မြို့ကြီးသားမြို့ကြီးသူတွေက သေမလောက်ကြောက်ကြတာချည်းပဲ။ ကျွန်မတို့ တောသူတွေတော့ ရွှံ့ထဲပဲရှန်းပြီး လုပ်ကိုင်စားနေရတော့ ကြောက်ဖို့နေနေသာသာ ရွှံ့မရှိရင် မဖြစ်သလောက် စိုးရိမ်နေကြရတာ။ ရွှံ့ရှိမှ စပါးစိုက်လို့ရတာကိုး"

"ဟော. . . တစ်ခါ ကောက်စိုက်ရတာနဲ့ ရင်မွေးတော့ သဘောတွေ ပေါက်လာပြီ"

ဆရာက ဝင်နောက်လိုက်သဖြင့် ဇော်ဇော်က တဟားဟား အော်ရယ်နေပြန်သည်။

"နော်ရင်မွေးက စကားပြော သိပ်ကောင်းတာပဲ။ ပြီးတော့ ပြောရဲ ဆိုရဲတယ်"

သူတို့မြို့ကြီးသားတွေက လူကို မြှောက်ပင့်ပြီး ဝင်ရောတတ်ပါလား လို့ စိတ်ထဲမှာ တွေးထင်မိပြီး အလိုလို ပြုံးလိုက်မိသည်။

"ကလေးတို့ စကားတပြောပြောနဲ့ ပြန်နှင့်ကြကွယ်။ လေးလေးကိစ္စလေးတွေ ရှိသေးလို့ သပြေလဟာကို ဝင်လိုက်ဦးမယ်"

ရုတ်တရက် တအံ့တသြနှင့် ဆရာ့အား လှမ်းကြည့်လိုက်သည်။ ဆရာက မိမိအကြည့်ကို လွှဲဖယ်ရင်းက ကြည်လင်စပြုလာသော မိုးကောင်းကင်ကို မော်ကြည့်ရင်း–

"ရွာမလိုနဲ့ မိုးတိတ်သွားပြန်ပြီ။ ရင်မွေးက ငါးမြစ်ချင်းမှာ ခဏဝင်နားဦးနော်။ ဆရာလိုက်လာခဲ့မယ်။ ဆရာလာမှ နန္ဒမိတ်ကို ပို့ပေးမယ်"

"ရင်မွေးကို ဘယ်သူမှ ပို့ဖို့မလိုပါဘူးဆရာရယ်။ ရင်မွေးဘာသာ ရောက်အောင် သွားတတ်ပါတယ်။ ဆရာ့တူ မြို့ကြီးသားက တောသူ ရင်မွေးကို လိုက်ပို့တာ ရယ်စရာကောင်းနေတာပေါ့။ ဆရာ့ဘာသာ သွားစရာရှိတာသွား။ ရင်မွေးအတွက် ဝန်မလေးနေနဲ့။ ရင်မွေးဘာသာ တစ်ယောက်တည်း သွားမယ်"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦးရှေ့မှ ချာခနဲလှည့်ထွက်လာပြီး အပြေးတစ်ပိုင်း ထွက်လာခဲ့မိသည်။ ရင်ထဲတွင် ဝမ်းနည်းခြင်းတို့ စုပြုံကာအံကိုတင်းတင်းကြိတ်ရင်းက မျက်ရည်များ ယိုစီး၍ ကျလာလေသည်။ မိမိပြောလိုက်သည့်စကားကို ပြန်မစဉ်းစားချင်။

"ရင်မွှေး နေဦးလေ၊ ဆရာမသွားတော့ပါဘူး။ စောင့်ဦးလေ"

ဆရာ့ခေါ်သံသဲ့သဲ့ကို မကြားဟန်ပြု၍ လှည့်မကြည့်ဘဲ ရှေ့မှပြေးထွက်လာခဲ့မိသည်။ နောက်မှခြေသံများကြားရသောအခါ မိမိခြေလှမ်းတို့ ပို၍ မြန်လာသည်။

ပြေးရင်းက မောဟိုက်လာသည်။ လမ်းကလည်း ချော်လာ၏။ ထို့ကြောင့် ခြေလှမ်းအရှိန် လျှော့ရတော့၏။

"ရင်မွှေး မောနေပါ့မယ် ကလေးရယ်။ မပြေးပါနဲ့တော့နော်။ ဆရာတောင်းပန်ပါတယ်"

နောက်မှနေ မိမိလက်ကို ဆွဲလိုက်ခြင်းခံရသောအခါ တုံ့ခနဲရပ်သွား၏။ ဆရာက မောဟိုက်သံနှင့် မိမိအား တောင်းပန်နေသည်ကို ကြည့်ရင်းပို၍ ဝမ်းနည်းလာသောကြောင့် လမ်းဘေးတွင် ထိုင်ချကာ အားပါးတရငိုရှိုက်မိ၏။

"ရင်မွှေး. . ."

ဆရာက ဆို့နစ်စွာခေါ်ရင်းက အနားမှာ ထိုင်ချလိုက်သည်။

"မငိုပါနဲ့ ကလေးရယ်။ ဆရာ တောင်းပန်ပါတယ်။ ဆရာက ဆရာ့တူနဲ့ ရင်မွှေးတို့ ရင်းရင်းနှီးနှီး နေစေချင်လို့ပါ။ ဇော်ဇော်က ကျောင်းအကြောင်းတွေ ပြောရင် ရင်မွှေး အားကျသွားအောင်လို့ပါ"

"မလိုချင်ဘူး။ ဆရာ ရင်မွှေးကို လိုက်မပို့ချင်နေ။ ဘယ်တော့မှ လက်ပြောင်းလက်လွှဲမထည့်နဲ့။ ဒီလမ်းကို ရင်မွှေး မသွားတတ်တာ မဟုတ်ဘူး။ ဆရာ လိုက်မပို့ချင်ရင်လည်း ရင်မွှေးတစ်ယောက်တည်း သွားမယ်။ ဆရာက ရင်မွှေးကို လိုက်ပို့ဖို့ သိပ်ဝန်လေးနေရင် အစကတည်းက ပြောပါလား"

မျက်ရည်များ ကျလာသည်ကို ဆရာက လက်ကိုင်ပဝါနှင့် သုတ်ပေးရင်းက–

"မငိုပါနဲ့ ကလေးရယ်၊ ဆရာက အမှုမဲ့အမှတ်မဲ့နဲ့ ပြောမိတာပါ။ ရင်မွှေးကို လိုက်မပို့ချင်လို့ မဟုတ်ပါဘူး။ ရင်မွှေး သွားတတ်မှန်းလည်း



သိပါတယ်။ ဆရာ့ဘာသာ လိုက်ပို့ချင်လို့ ပို့တာပါ"

ဆရာချော့နေစဉ် ဇော်ဇော်သည် မိမိတို့နှစ်ယောက်ကို ဖြတ်ကျော်သွားရင်းက "နှစ်ယောက်တည်း နေချင်တယ်" သီချင်းတေးသွားလေးကို လေချွန်ကာ ထွက်ခွာသွားလေသည်။

"နှော်ရင်မွှေး. . ."

ဆရာက ရင်မွှေး၏ပါးနှစ်ဖက်ကို လက်ဖဝါးနှစ်ဖက်နှင့် ညှပ်ရင်းက ရှုံးရှုံးကြည့်ကာ ခေါ်လိုက်သည်။ ငိုရှိုက်နေရာမှ ရုတ်တရက် ရပ်သွားပြီး ဆရာ့ကို ကြည့်လိုက်မိသည်။

"ရင်မွှေးရယ် မင်းကို ကလေးဆိုပြီး ဆရာအထင်သေးတာ မဟုတ်ပါဘူးကွယ်။ ကြမ်းတမ်းလှတဲ့ ဆရာ့ဘဝထဲမှာ ပန်းကလေး နွမ်းသွားမှာစိုးတယ်။ မင်းသိပ်ခံစားနေရသလား ကလေးရယ်။ မငိုနဲ့တော့နော် ဆရာသိပ်မှားသွားတယ်။ ဆရာ့ကိုသာ အပြစ်ပေးပါကွယ်။ မင်းမငိုနဲ့တော့နော်။ ပင်ပန်းလှပါတယ်ကွယ်"

ဆရာ တတွတ်တွတ်ချော့နေကာမှ ဦးခေါင်းကို ငုံ့လိုက်ရင်း မျက်ရည်များ စီးကျလာပြန်သည်။

"ဆရာက ရင်မွှေးပြန်တိုင်းလိုက်ပို့မယ် လိုက်ကြိုမယ်ပြောပြီး ဒီလိုခွဲလွှတ်တော့ ဝမ်းနည်းတာပေါ့။ ဆရာ ရင်မွှေးကို လိုက်မပို့ချင်တော့ဘူးပေါ့"

"နောက် ဒီစကားမျိုး မပြောပါနဲ့ ကလေးရယ်။ ကဲ မငိုနဲ့တော့နော်"

ဆရာက မျက်ရည်သုတ်ပေးနေစဉ် မျက်လုံးကို စုံမှိတ်ထားလိုက်သည်။ မိန်းကလေးက စရတဲ့အဖြစ်မို့ ရှက်မိသည်။ ဆရာ၏ ကြင်နာယုယမှုများသည် မိမိနှလုံးသားချိုင့်ဝှမ်းထဲသို့ တစ်ဟုန်ထိုး ပြေးဆင်းလာလေပြီ။ မိမိနှလုံးသားသည် ကျယ်ပြန့်နက်ရှိုင်းလွန်းလှသည်ကို ဆရာ သိပါလေစ။

❑

## အခန်း ၇

"ဟော့. . . ကြည့်စမ်း ငေးနေလိုက်တာ ကိုယ်မေးတာလည်း ဖြေပါဦး"

"အင်း. . . ."

ရုတ်တရက် လန့်သွားသည်။ ရင်မွေးအတွေးတို့သည် ဆရာနှင့် စတွေ့ချိန်မှ ချစ်သူဖြစ်သည့် ကာလအထိ ပျံ့လွင့်သွားသောကြောင့် ဆရာဘာပြော၍ ဘာမေးသည်ကို မသိလိုက်ပါ။

"ဩော်. . . ကိုစိုးလာရင် ပြောရမယ်၊ ရင်မွေးနဲ့ ဆရာကို သမီးပေးလိုက်ပါလို့လေ။ ဒါမှ နော်သဲဆူးရဲ့ ဖထီးနဲ့အမိုးက လိုက်ဖက်ညီမှာပေါ့"

"ကြည့်စမ်း၊ ဆရာနော်"

ရှက်စိတ်နှင့် ဆရာ့အား ထုရိုက်မိသည်။ ဆရာက တဟဲဟဲရယ်ရင်း မိမိ၏ ထုရိုက်မှုကို ခံယူနေ၏။

တကယ်ပါ ဆရာဟာ မိမိရဲ့ ပစ္စုပ္ပန်ရော အနာဂတ်ကိုပါ လွှမ်းမိုးချုပ်ကိုင်ထားသူပါပဲ။ မိမိရဲ့ ဘဝတစ်ခုလုံးဟာ ဆရာ့လက်ထဲမှာပါပဲ။

ကလေးအသက် ၄၅ ရက်ပြည့်သောအခါ အစ်ကိုစိုး ရောက်လာသည်။ အစ်ကိုစိုးကိုတွေ့သောအခါ ဆရာရော မိမိပါ အလိုလို တုန်လှုပ်သွားမိ၏။ သူ့ပစ္စည်းကို ခိုးယူထားသကဲ့သို့ မလုံမလဲခံစားရသည်။ အစ်ကိုစိုးက သမီးအား ပွေ့ဖက်နမ်းရှုပ်ရင်းက သူ၏ချစ်ဇနီးအတွက် မျက်ရည်ကျသည်။



နော်ရင်မွေး မျက်ရည်မကျတော့ပေ။ မျက်ရည်များက အလိုလိုခန်းခြောက်၍ သွားလေပြီ။ မိမိသည် ဤကလေးပိုက်လျက် လူသူကင်းမဲ့သော ကွင်းခေါင်ခေါင် ညအမှောင်ထဲဝယ် ငိုရှိုက်ခဲ့ရ၍ မျက်ရည်များ ခန်းခြောက်နေလေပြီ။

"သမီးကို ဘယ်လို နာမည်ပေးထားသလဲရင်မွေး"

"နော်သဲဆူး"

"နော်သဲဆူး။ မသဲဆူး။ အို. . . သိပ်ကဗျာဆန်တဲ့ နာမည်လေးပဲကွယ်။ သမီးလေးကို အသည်းထဲ၊ ရင်ထဲစူးနစ်နေအောင် ချစ်ရမှာပေါ့"

"ညည်းတို့ဆီက အကြောင်းကြားစာက ၁၀ ရက်လောက်ကြာမှ ရတယ်လေ။ အစ်ကိုစိုးက စစ်ကြောင်းနဲ့ တောတွေ လိုက်ဆင်းနေလို့ ပိုကြန့်ကြာသွားတာပေါ့။ ကြားကြားချင်းက အစ်ကိုစိုး နေလို့မရဘူး။ နောက်တော့လည်း ခဏခဏ သတိရနေလို့ ပြန်လာကြည့်တာ။ ရင်မွေးတူမက သိပ်ချောတာပါကလား"

အစ်ကိုစိုးက သမီးအား နမ်းရင်းက တဖွဖွ ပြောနေသည်။ ဤကဲ့သို့ သမီးအား ချစ်ခင်ယုယဟန်ပြသောအခါ ရင်မွေး၏စိတ်ထဲတွင် မနာလိုဖြစ်မိသည်။ အစ်ကိုစိုးသည် မိမိနှလုံးသားအား ဖဲ့ချွေသွားမည်ကို စိုးရိမ်မိသည်။

"အစ်ကိုစိုး ကလေးကို ရင်မွေးပေးဦးလေ။ ရေချိုးပြီး နားနားနေနေ နေပါဦးလား"

"သမီးလေးကို ငါ့ရင်ခွင်ထဲ ခဏထားပါဦးဟာ။ ငါ အမောပြေလွန်းလို့ပါ။ သမီးအတွက် ငါ့မှာ စီစဉ်စရာတွေ အများကြီးရှိတယ်"

ရင်ထဲ ထိတ်သွားသည်။

"အစ်ကိုစိုးက ဘယ်လိုစီစဉ်မှာလဲ။ ရင်မွေးတော့ ကလေးကို မခွဲဘူးနော်"

"အေးပါဟ။ ငါ ကောင်းသလို စီစဉ်ပါမယ်။ နင်ကလည်း ကျောင်းသူပဲဟာ။ ငါ့အဒေါ် အပျိုကြီးတစ်ယောက် ရန်ကုန်မှာရှိတယ်။ ငါ သွားအကူအညီတောင်းဦးမယ်"

"အို. . . ရင်မွေးကျောင်းဖွင့်ဖို့ အများကြီး လိုသေးတာ။ ခေါင်းရှုပ်မခံပါနဲ့ဦးလေ"

အစ်ကိုစိုးက သူ့ခေါင်းကို ကုတ်ရင်းက သက်ပြင်းအခါခါ ချလိုက်သည်။

"ငါလည်းမအားဘူး ရင်မွှေး။ ငါ့သမီးကို စောင့်ရှောက်ထားလို့ သိပ်ကျေးဇူးတင်တာပဲ။ ဆက်ပြီးတော့ သည်းခံပါဦးဟာ။ ငါတို့ ရှေ့အပတ်ဆိုရင် ကျေးရွာအနှံ့ဆင်းပြီး အောင်ရေရရှိဖို့အတွက် လိုက်ရဦးမယ်။ စပါးတွေ သီးတဲ့အချိန်ပဲ တစ်ကွက်ကလေးအားတယ်။ အဲဒီမှာ အစ်ကိုစိုးတို့ စီစဉ်ကြတာပေါ့"

အစ်ကိုစိုးစကားက မိမိနှင့်ကလေးအတွက် သူစိမ်းပြင်ပြင် ဖြစ်နေသည်။ ထိုကြောင့် အစ်ကိုစိုးနှင့် တဝါးမရဲ့ အမည်ခံ သမီးသက်သက်ပါ။ အမိဝမ်းက ကျွတ်လာကတည်းက ဒီဆရာနဲ့ ရင်မွှေးက စောင့်ရှောက်လာရတာပါဟုသာ ပြောပစ်လိုက်ချင်သည်။ သို့သော် ခဏတဖြုတ်လာသော အစ်ကိုစိုးအတွက် စိတ်အနှောင့်အယှက် မဖြစ်စေရန် အသာငြိမ်နေလိုက်သည်။ အစ်ကိုစိုး ပြန်သွားသည့်အခါမှပင် စိတ်အေးရတော့သည်။ အစ်ကိုစိုးသည် မိမိအသည်းနှလုံးအား ဆွဲထုတ်သွားလိမ့်မည်ဟု ဘယ်တုန်းကမျှ မမျှော်လင့်ခဲ့။

အစ်ကိုစိုး ပြန်သွားပြီးမှ ရင်ထဲမှာ လွတ်လပ်ပျော်ရွှင်လာသည်။ အစ်ကိုစိုးသည် ဖြူးနှင့်တောင်ငူကို အားလျှင် အားသလိုလာပြီး သမီးကို လာတွေ့ပေမည်။ သမီးကို ခေါ်သွားရန် သူ ဘယ်တုန်းကမျှ စဉ်းစားမည်မဟုတ်ပေ။ အစ်ကိုစိုးတို့ အလုပ်သည် အစဉ်အမြဲအလုပ်များနေသောကြောင့် ဖြစ်သည်။

"ကလေးရယ် ကလေးဟာ မိုးရဲ့သမီးပါပဲ။ နော်ရင်မွှေး သမီးပါပဲ"

ကလေးသည် ကျန်းမာရေးကောင်း၍ အလွန်လိမ္မာသူဖြစ်သည်။ သူ့အား စနေဂြိုဟ်ဟုပြောနေသော တစ်ရွာလုံးကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ရလေပြီ။

စနေဂြိုဟ်သည် ဂြိုဟ်မင်းက ဖန်တီးသည်မဟုတ်ဘဲ လူကသာ ဖန်တီးခြင်း ဖြစ်သည်။

လယ်တောထဲ၌ မိမိဘာသာ ရုန်းကန်ရသောအခါ အစ်မတဝါးမ၏ အလုပ်သည် ပင်ပန်းကြောင်း သိလာရပြီး အစ်မကို သနားမိသည်။ တစ်ခါတစ်ရံ မလိုလျှင် ဆူဆောင့်တတ်သော မိမိကိုယ်ကိုမိမိ ပြန်အပြစ်တင်မိ၏။

မနှစ်က ဆရာ့နည်းဖြင့် ရိုးပြတ်များကို မီးမရှို့ဘဲ ကြမ်းတုံးလိမ့်ပေး



ခြင်းဖြင့် လယ်မြေများ ညှို၍သမသွား၏။ ဆရာကနည်းပြ၍ ထွန်သားကျသောမြေတွင် ကိုယ်တိုင်ပျိုးကြဲရသည်။

ရယ်စရာတော့ကောင်းနေသည်။ မြို့ကြီးသားက ပြန်၍ စိုက်နည်းပြနေရ၏။

ငယ်စဉ်က တာဝန်မဲ့နေသည့်အဖြစ်ကို ပြန်တွေးရင်း စိတ်မကောင်းဖြစ်နေသည်။ မနက်စောစော ဆွမ်းထချက်သည်ကအစ အစ်မအား ဝိုင်းမကူမိပေ။ ယခုကဲ့သို့ ကောက်စိုက်ချိန်များ၌မူ ထွန်သမားများအတွက်၊ ကောက်စိုက်သမများအတွက် ကိုယ်တိုင် ချက်ပြုတ်ရသည်။ ကလေးအား ဆရာ့တပည့်မတစ်ယောက်ကို ထိန်းခိုင်းပြီး ကိုယ်တိုင် လယ်ထဲဆင်းကာ ကောက်စိုက်ရသည်။

မနှစ်က အစ်မတဝါးမသည် ပထမဆု မရခဲ့ပေ။ မည်သည့်ဆုမျှ လည်း မရခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ကလေးကိုယ်ဝန်စရခါစဖြစ်၍ ပန်းမဝင်မိမူးလဲကျသွားသဖြင့် နှစ်သိမ့်ဆုသာ ရခဲ့သည်။ အစ်မ တဝါးမ လိုချင်သော ပထမဆုကို မရသွားခဲ့ပေ။ သို့အတွက်ကြောင့် ရင်မွှေးရင်ထဲတွင် ကြိမ်းဝါးခဲ့သည်။ အစ်မ မရသည့်ပထမဆုကို မိမိရ ရမည်။ သို့သော် ကလေးရှိနေ၍ စိတ်မဖြောင့်ပေ။ တစ်ခါတစ်ရံ ကျောင်းအားရက်များတွင် ဆရာ့အား ကလေးထိန်းခိုင်း၍ လယ်ကွင်းထဲမှာ ကောက်စိုက်ကျင့်ရသည်။ ဆရာကလည်း အားပေးသည်။

လက်ညီစေရန်အတွက် ကြိုးတန်းပေးသည်။ နော်ရင်မွှေးသည် အစ်မတဝါးမကဲ့သို့ပင် စိတ်ဓာတ်ပြတ်သား ကြံ့ခိုင်သူဖြစ်ရပေမည်။ အစ်မ တဝါးမကဲ့သို့ တစ်အိမ်ထောင်လုံးကို ဦးစီးနိုင်သူဖြစ်ရမည်။

သို့သော် ကလေးသည် လွန်စွာ အလုပ်ရှုပ်လွန်းလှသူဖြစ်သည်။

ကျန်းမာသည့်အခါတွင် အလွန်အေးဆေးသော်လည်း မကျန်းမာသည့်အခါ၌ လွန်စွာအိပ်ပျက်လှသည်။ ယခင်က တစ်ရေးမျှ မနိုးဘဲ အအိပ်စုံမက်လှသော ရင်မွှေးသည် ကလေးကြောင့် အိပ်ပျက်ရသော ညစဉ်အတွက် ကျေနပ်စွာပင် ခံယူခဲ့သည်။

အစ်မတဝါးမကဲ့သို့ပင် အနေကုပ်ကုပ်နှင့် နွမ်းနွမ်းပါးပါး ဝတ်ကာ အလုပ်နှင့်လက် မပြတ်ပေ။ ကျောင်းသူဘဝမှနေ လယ်သူမအသွင်ဖြင့် လုံးဝပြောင်းလဲသွားလေပြီ။

"ရင်မွှေးရေ. . ."

အသံပြုပြီး တက်လာသော ရွာလူကြီးအုပ်စုအသံကြောင့် ရင်ထဲထိတ်သွားသည်။ ယခုကဲ့သို့ အုပ်စုဖြင့် တစ်ခါမျှ မလာဖူးပေ။ လူလေးငါးခြောက်ယောက် ပါလာ၏။

"အယ်. . . မသက်နွယ်"

စပါးပေါ်ချိန်က အသက် အာမခံကြေး လာကောက်သွားသော မသက်နွယ်ကို မြင်ရသောအခါ ရင်ထဲလှိုက်ဖိုသွားသည်။ အပါးနဲ့ အစ်မခင်သော မသက်နွယ်၊ မသက်နွယ် ဒုတိယအကြိမ် ရောက်လာသောအခါ အပါးနှင့်အစ်မ မရှိတော့။ ခြောက်သွေ့နေသော အိမ်ကြီးသည် မသက်နွယ်အတွက် ကြိုဆိုမှု ကင်းဝေးနေ၏။

ဘာပြောရမှန်း မသိအောင် ယောင်ချာချာနှင့်ဖြစ်နေစဉ် ဧည့်သည်များနှင့်အတူပါလာသော ဆရာက ကမန်းကတန်း ဖျာခင်းပေးလိုက်၏။ ထို့နောက် လက်ထဲမှ ကလေးကို လှမ်းယူရင်း–

"ရေနွေးကြမ်း လုပ်ပါဦး ရင်မွှေး"

ဘာအတွက်လာသည်မသိ။ ရင်ထဲမှာတော့ တဒိတ်ဒိတ် ခုန်နေသည်။ ရေနွေးကြမ်းပန်းကန်များ ဆေးကြောပြင်ဆင်နေစဉ် ဆရာက အနားသို့ရောက်လာပြီး–

"မြို့နယ် လူကြီးတွေလေ ရင်မွှေးရဲ့။ အပါးနှင့်အစ်မအတွက် အသက်အာမခံကြေး ငွေနှစ်ထောင် လာပေးတာ"

"ဟင်. . ."

ရင်ထဲ လွတ်ဟာသွား၏။ ဘာပြောရမှန်းမသိ ဖြစ်သွားပြီး ဆရာ့အားကြောင်ငေးနေစဉ် ဆရာက လက်ထဲမှ ရေနွေးဇန်းကို ယူပြီး–

"အပြင်ထွက်စို့"

ဆရာက ရင်မွှေးလက်ဝါးကို တင်းတင်းဆုပ်ကိုင်၍ သတိပေးပြီး အပြင်ထွက်သွား၏။

အံကို တင်းတင်းကြိတ်ရင်း ဆရာ့နောက်က လိုက်လာသည်။ လေးလဆိုသော ကာလကို ခါးသီးစွာ ဖြတ်ကျော်ခဲ့ရသည်။ အသက်အာမခံကိစ္စကို ဆရာကသာ လိုက်လုပ်ပေးနေကြောင်း သတိထားမိသော်လည်း ဤကဲ့သို့ မြန်မြန်ကြီး ကျလာလိမ့်မည်ဟု မမျှော်မိ။



အိမ်ရှေ့ရောက်သောအခါ မသက်နွယ်က ကလေးကိုချီ၍ ချော့မြူနေ၏။

"ရင်မွှေး မျက်လုံးလေးလိုပဲ ကလေးလေးကလည်း မျက်လုံး သိပ်လှတာပဲနော်"

"ဒါကြောင့်လည်း ရင်မွှေးသမီးဖြစ်တာပေါ့"

အားလုံးသော လူကြီးများက အပါးနှင့်အစ်မအကြောင်း စကားမဆိုပေ။ ရင်မွှေးအား လယ်မြေအကြောင်း၊ စပါးစိုက်ပုံအကြောင်းသာ ပြောသည်။ ကောက်စိုက်ပြိုင်ပွဲအကြောင်းလည်း ပြောသည်။ မနှစ်က ရင်မွှေးဝင်ပြိုင်သည့်အကြောင်းကို ပြော၍ ရယ်ကြသည်။

ပြီးတော့ ပြန်ခါနီးတွင် ကမန်းကတန်း လက်မှတ်ထိုးခိုင်းကြ၏။ ထိုအခါမှ တင်းထားသောစိတ်ကို လျှော့ချလိုက်ရင်း "မျက်ရည်" တစ်ပွင့် လွင့်ကြွေလာသည်။ မသက်နွယ်က မိမိပခုံးကို ဖက်ရင်းက

"ဒါက ဘဝအစပါ ရင်မွှေးရယ်။ ဒီလိုဖြစ်လာမယ်လို့ ဘယ်သူမှ မျှော်လင့်ကြတာ မဟုတ်ဘူး။ အဆိုးဝါးဆုံး အခြေအနေကို အသက်အရွယ်နှင့်မမျှ ဖြတ်ကျော်ရင်ဆိုင်ပြီးခဲ့ပြီပဲ။ နောက်ကြုံတွေ့မယ့် အခဲအခက်တွေအတွက် ရင်ဆိုင်ရဲပြီပေါ့။ ကိုယ့်အား ကိုယ်ကိုး နိုင်တဲ့ ရင်မွှေးအတွက် ရှေ့လျှောက် ဘာမှ အားငယ်စရာ မလိုတော့ဘူးပေါ့။ တို့ မင်းအတွက် သိပ်ဂုဏ်ယူပါတယ်။ ကောက်စိုက် ပြိုင်ပွဲကျရင် လာကြည့်မယ်နော်။ ရင်မွှေး ကောက်စိုက်နေတုန်း မသက်နွယ် ကလေးထိန်းပေးပြီး အားပေးမှာပေါ့"

"ပြီးတော့လေ. . . ရင်မွှေးက အခုမှ ပိုပြီး လှပလာတယ်လို့ မသက်နွယ်ထင်တယ်။ ကလေးတစ်ယောက်ကို မွေးမြူရတဲ့အလုပ်က သိပ်ပင်ပန်းတာပဲ။ ရင်မွှေးကို ပိုလေးစားလာတယ်"

မသက်နွယ် စကားများက မိမိနားထဲတွင် ရစ်ဝဲလျက်–

မနှစ်က မိမိတို့ မိသားစု အင်တိုက်အားတိုက် ကူညီခဲ့သော အသက်အာမခံသည် မိမိတို့အတွက်သာ ဖြစ်နေပေသည်။

"ရင်မွှေး. . . ငွေတွေ သိမ်းလိုက်ဦးကွယ်။ မင်းကို စကားပြောစရာရှိတယ်"

ဆရာက သတိပေးလိုက်၍ တွေဝေ ငေးမောနေသည်ကို ပြုပြင်၍

ဆရာခိုင်းသည့်အတိုင်း ပြုလုပ်လိုက်သည်။ ဤငွေများကို ဘဏ်ထဲအပ်နှံရန် ဆရာ့အား ပေးရပေမည်။

ရင်မွေးဘဝအတွက် ယခင်ကငွေသည် ဘာမျှ အရေးမကြီးသော်လည်း ယခုအခါမှ ကလေးရှေ့ရေးအတွက် ရင်မွေး စဉ်းစားရပေဦးမည်။

ဆရာသည် တွေဝေ ငေးမောခြင်းကို မနှစ်သက်ပေ။

"ကလေးက တော်တော်လေး မှတ်မိနေပြီပဲ ရင်မွေးရဲ့။ ကြည့်လေ ဆရာ့ကို ရယ်ပြနေတယ်"

ဆရာက ကလေးအား ချော့မြူရင်းက မိမိအား လှမ်းပြောလိုက်သည်။ ဆရာ့နှုတ်ဖျားမှ မိမိအတွက် သတိရဖွယ်စကားများ၊ ဝမ်းနည်းဖွယ်ရာ စကားကို မပြောပေ။ သို့သော် ဆရာ့မျက်လုံးများက မိမိအပေါ်တွင် တစ်စုံတစ်ရာကို ဖုံးကွယ်ထားဟန် တူသည်။

"ထိုင်ပါဦး ရင်မွေးရဲ့။ အေးအေးဆေးဆေး စကားမပြောရတာတောင် ကြာပြီ"

ဆရာ့နားတွင် ညင်သာစွာ ထိုင်ချလိုက်သည်။

"ဘာလိုလိုနဲ့ ၁၀ တန်း အောင်စာရင်းတွေတောင် ထွက်တော့မယ်"

ရင်ထဲမှာ ဒိန်းခနဲ မြည်ဟည်းသွား၏။ စဉ်းစားမထားသောကြောင့် ချက်ချင်း အဖြေရှာမရဘဲ ရင်ထဲ လှိုက်ဖိုနေမိသည်။

"ကလေး ဆယ်တန်းအောင်ရင် ဘာလုပ်မလဲဟင်"

ပင့်သက်ကလေး ဖြာမိသည်။ အမြဲကြွေးကြော်နေကျ စကားတို့ကား ကြွေးကြော်နိုင်လောက်အောင် အားအင်မရှိတော့ပြီ။ အောင်မည်ကို သိသော်လည်း အမှတ်အနည်းအများကိုတော့ မသိနိုင်ပေ။

"ရင်မွေး ဘာလုပ်မလဲဟင်. . ."

ဘယ်လိုမှ စဉ်းစားမရ၍ ဆရာ့အား ပြန်မေးမိသည်။ ဆရာက အားပေးနှစ်သိမ့်သော အပြုံးနှင့် ပြုံးလိုက်ရင်က

"အမှတ်ကောင်းရင် ဆရာဝန်မကြီးလုပ်ပေါ့"

ပင့်သက် အခါခါချရင်းက ဦးခေါင်းကို ခါရမ်းလိုက်မိသည်။

"ဒီကလေးနဲ့ ဘယ်လို လုပ်ရမှာလဲ ဆရာရယ်"

"ဖြစ်လာမှာပေါ့ ရင်မွေးရယ်။ ဆရာတစ်ယောက်လုံး ရှိတာပဲ။ ရင်မွေး ဘာသာ ကျောင်းတက်။ ဆရာက ကလေးထိန်းမှာပေါ့။ ရင်မွေး အမှတ်



တွေ နှမြောစရာ ကောင်းနေတာပေါ့"

"မုန့်ဆီကြော်က ဘယ်နေမှန်းမသိ၊ နှုတ်ခမ်းနာနဲ့ တည့်ပါ့မလား ဆရာရဲ့"

စိတ်ရှုပ်ရှုပ်နှင့် ရယ်မောလိုက်ရင်းက ဆရာ့ကို ပြန်စမိသည်။

"ဒီနေ့ ရန်ကုန်မှာ အောင်စာရင်း ထွက်နေပြီ ရင်မွေး။ ဆရာ မနက်စောစောကပဲ ကညွတ်ကွင်းပြေးပြီး ဖုန်းနဲ့ လှမ်းမေးကြည့်တယ်။ ရင်မွေး အောင်တယ်။ ဒီလေးခုပါတယ်။

"ဟာ. . ."

ရင်ထဲ လွတ်ဟာသွားသည်။ ဘာပြောရမှန်း မသိအောင် ငေးကြောင်နေမိသည်။ ဝမ်းသာရမည်လော ဝမ်းနည်းရမည်လော ဝေခွဲမရဖြစ်ပြီး ရင်ထဲတွင် ရှန်းကန်အော်ဟစ်နေမိ၏။

"ရင်မွေး"

ဆရာက ရင်မွေးလက်ကို ဆုပ်ကိုင်လာသောအခါ ဆရာ့လက်ကို ဆောင့်ရုန်းလိုက်ရင်းက–

"ဘာလုပ်ရမှာလဲ အဲဒီ ဒီလေးခုကို ရင်မွေး ဘာလုပ်ရမှာလဲ။ ဒီလိုဖြစ်လာမယ်မှန်းသိရင် ရင်မွေး မကြိုးစားဘူး။ စာမေးပွဲတောင် မဖြေဘူး"

ငုန်းခနဲထရပ်လိုက်သော ရင်မွေးအား ဆရာက လှမ်းဆွဲပြီး–

"ကိုယ်ရဲ့ ကြိုးစားမှုကို အောင်မြင်လာတဲ့အခါ ဂုဏ်ယူရမှာပေါ့ ရင်မွေး။ ဆရာတော့ သိပ်ဂုဏ်ယူတယ်။ ရင်မွေးကို ဆရာ သိပ်ချီးကျူးတယ်။ ရင်မွေး သိပ်တော်တာပဲ။ ခုနတည်းက ဆရာပြောမလို့ပဲ။ လူတွေကြားထဲမှာ ခံစားမှုကို ထိန်းချုပ်နေရမှာစိုးလို့။ ကဲ. . . အခု ရင်မွေး ငိုချင်ငို၊ ရယ်ချင်ရယ်လေ"

ဆရာ့အသံက တုန်ရီနေပြီး ဝမ်းသာမှုကြောင့် မျက်လုံးအစုံမှာ တဖျတ်ဖျတ် လဲ့နေသော်လည်း ရင်မွေးရင်ထဲတွင် မခံစားတတ်အောင် လွတ်ဟာ၍ နေ၏။

"ရင်မွေး ဆရာဝန်မကြီး ဖြစ်ပြီပေါ့။ ရင်မွေးဖြစ်ချင်တာ ဖြစ်ရပြီပေါ့ နော်"

ဆရာ့စကားကြောင့် ရုတ်တရက် အိပ်ရာမှလန့်နိုးသကဲ့သို့ တုန်လှုပ်သွားမိသည်။ ထို့နောက် မျက်ရည်များ အဆက်မပြတ် ယိုစီးလာပြီး မိမိ

အား စာမေးပွဲအောင်စေချင်လွန်းသော အပါးနှင့်အစ်မကို သတိရလာ သည်။ သူတို့အား ရှိစေချင်သည်။ မြင်စေချင်သည်။

"အို ကလေးရယ် ငိုလိုက်စမ်းပါ။ အားရအောင် ငိုလိုက်စမ်းပါကွယ်"

ဆရာက မိမိဦးခေါင်းကို ထွေးပွေ့ရင်းက ယုယကြင်နာစွာ ပြောလိုက်သဖြင့် စိတ်ကိုလျှော့ချလိုက်ပြီး ဆရာ့ရင်ခွင်ထဲတွင် တသိမ့်သိမ့်ငိုရှိုက်မိပါတော့သည်။

ဆရာကား နော်ရင်မွေးကျောကို ပွတ်သပ်ချော့မြှူရင်းက–

"ဆရာ့တူ ဖော်လိုပဲ ရင်မွေးလည်း ဆေးကျောင်းသူကြီး ဖြစ်ရတော့မှာပေါ့"

ဆရာ့ရင်ခွင်ထဲမှ ဆတ်ခနဲရုန်းထွက်ပြီး ဆရာ့ကို ကြည့်လိုက်မိသည်။

"ကံကြမ္မာက ရင်မွေးကို ဆေးကျောင်းတက်ခွင့် မပြုဘူး ဆရာရဲ့။ အစ်မလည်း ရှစ်တန်းပဲ အောင်ခဲ့တယ်ဆရာ။ ဒါပေမဲ့ ရင်မွေးနဲ့ အပါးကိုငဲ့ပြီး ကျောင်းဆက်မတက်ဘဲ နေခဲ့တယ်။ အခု ရင်မွေးအလှည့် ရင်မွေးမှာ ငဲ့စရာ ရှိနေပြီလေ။ ရင်မွေးအတွက် အစစအနစ်နာခံခဲ့တဲ့ အစ်မသမီးကို ရင်မွေးက ပစ်သွားရမှာလား"

"ဒါတွေ မပူပါနဲ့ ကလေးရယ်၊ ဆရာ အစစတာဝန်ယူပါ့မယ်။ အပါးတို့ အစ်မတို့ဖြစ်စေချင်တဲ့ ဆရာဝန်ကိုသာ ဖြစ်အောင်လုပ်ပါ။ ဆရာ့ကို အားကိုးစမ်းပါကွယ်"

ခေါင်းကို သွက်သွက်ခါအောင် ရမ်းလိုက်ရင်းက ဆရာ့ရင်ခွင်ထဲမှ ကလေးကို ဆွဲယူ၍ ချီမြှောက်လိုက်မိသည်။

"ဒီမှာလေ ဆရာဝန်မကြီး နော်သဲဆုး။ နော်သဲဆုးအမေက လယ်သူမကြီး နော်ရင်မွေးလေ။ နော်ရင်မွေးရဲ့သမီး နော်သဲဆုးဟာ ဆရာဝန်မကြီးဖြစ်ရမယ်။ သူ့အဘိုးနဲ့ သူ့အမေအပေါ် တင်ခဲ့တဲ့ ရာဇဝင်ကြွေးတွေကို ဆပ်ရမယ်လေ။ ကလေးဆရာဝန်ဖြစ်မှ လယ်တောကို စွန့်ပြီး ကလေးနဲ့အတူ တကောက်ကောက်လိုက်ပြီး ဆေးကုမှာ။ ဆေး မရောက်တဲ့ရွာကို ဆေးပေးမယ်။ ဆရာဝန် မရောက်တဲ့ရွာကို ဆရာဝန် ပေးမယ်။ ရင်မွေး ဆုံးဖြတ်ချက်ကို ဘယ်လိုမှ မပြင်နိုင်တော့ဘူး"

ဆရာထံမှ သက်ပြင်းချသံကို ကြားလိုက်ရသည်။ ထပ်မပြောလျှင် မရေမည်မှန်းသိ၍ ဘာမျှထပ်မပြောတော့ပေ။ သို့သော် ဆရာ့မျက်ဝန်းအိမ်ထဲ



တွင် မျက်ရည်များ ပြည့်လျှံနေသည်ကိုတော့ သတိထားမိလိုက်သည်။

မိမိရင်ထဲ၌ မျှော်မှန်းထားခဲ့ရသော ဘဝရည်မှန်းချက်အတွက် ဆုံးရှုံးမှုဝေဒနာကား တောက်လောင်နေဆဲ ပူလောင်ဆဲ ဖြစ်ပါသည်။

သို့သော် သားကောင်းမိခင်ကို မွေးဖွားပေးရမည့် မိခင်မာန်နှင့် ဟန်အပြည့်ရှိကာ ဦးလည်ကိုမော့၍ ပြုံးရင်း ကလေးအား ကျီစယ်နေမိသည်။ ပြီးတော့ ကြေကွဲနေသည့်ဆရာ့အား ဖြေသိမ့်လိုက်၏။

"မစံစားပါနဲ့ ဆရာရယ်၊ ရင်မွေးအတွက် စိတ်မကောင်း မဖြစ်ပါနဲ့နော်၊ ရင်မွေး လယ်တောကို စိတ်ဝင်စားပါတယ်"

❑

## အခန်း ၈

နုထွေးသစ်လွင်သော နေရောင်ခြည်သည် အရှေ့ဘက်ကောင်းကင်ဆီမှ အေးဆေးစွာ ပေါ်ထွက်လာ၏။ သို့သော် ဒေါသတကြီးနှင့်မိုးသားမည်းများကို ရှောင်ရှားရင်းက လောကအလင်းကို ထွန်းလင်းတောက်ပစေသည်။ တစ်ချက်တစ်ချက်တွင် ဖေ့ရမ်းတိုက်ခတ်လာသော ဝသန်လေပြည်ကို ရှောင်ရှားနေရသေးသည်။

အိပ်ရာမှနိုးလာသော ငှေဖျိုင်းတစ်စုက လယ်ကန်သင်းမှာ ဝဲပျံ၍ ဆင်းလာကြသည်။

ကိုယ့်ကိုယ်ကိုယ် နော်ရင်မွေးဟု မထင်ပေ။ တဝါးမဟုသာ ထင်နေမိသည်။ အစ်မတဝါးမကဲ့သို့ ဦးကိုမော့၊ ရင်ကိုကော့ ခြေနှစ်ဖက်ကို ကား၍ ရပ်ရင်းက အားမာန်အပြည့် သွင်းမိသည်။ မနှစ်ကထက် လုံ့ချည်တိုသွား၏။ ခါးတွင်စည်းထားသော ပဝါအနီကား ရွက်ကဲ့သို့ပင် တဖျပ်ဖျပ်လွင့်နေသလိုလို။

ငန်းလေးထိပ်တွင် စီ၍စိုက်ထားသော ကောက်ပင်ခုနစ်ပင်ကား မားမားမတ်မတ်ထောင်ပြီး လေအဝှေ့တွင် ထိပ်ဖျားကလေးများသာ ယိမ်းနွဲ့နေ၏။ နော်ရင်မွေး ရင်မခုန်တော့။ အစ်မနေရာတွင် ဝင်လိုက်ပြီဟူသောအသိလေးဖြင့် ကြည်နူးနေမိ၏။ အားမာန်နှင့် ရင်ထဲတွင် ပူနွေးနေသည်။

"ဒိုင်း . . ."



သေနတ်သံကို လန့်မနေတော့ပေ။ ဆတ်ခနဲ ခါးချိုးချလိုက်ပြီး ကောက်ဆုပ်ကို ကောက်ကိုင်မိပြီးသားဖြစ်သွား၏။ ထို့နောက် ကြက်ကလေးအစာကောက်သလို ဆက်ဆက်၍ ထိုးချစိုက်လိုက်သည်။

"နော်ရင်မွေးကွ . . . နော်ရင်မွေး"

လယ်ကန်သင်းပေါ်မှ အော်ဟစ်အားပေးနေကြသော အသံများထဲတွင် ဆရာ့အသံသည် အကျယ်ဆုံးဖြစ်၏။ ကျေးရွာ ၆၂ အုပ်စုမှ မြို့နယ်အထိ တက်လာသည့်ကောက်စိုက်ပြိုင်ပွဲဝင်သူများ ဖြစ်သည်။ ဒိုင်နယ်အလိုက်ပြိုင်ပွဲတွင် ရင်မွေးသည် ပြိုင်ဘက်မရှိ စံချိန်ချိုးပြီး ပထမရခဲ့၏။ ယခု မြို့နယ်အဆင့်တွင်လည်း ယှံကြည်ပြီးသားဖြစ်သည်။

"ရင်မွေး ပြီးတော့မယ်"

ကန်သင်းပေါ်မှနေ အားပေးနေသော ဆရာ့အသံသည် မိမိအတွက် အားမာန်တစ်ခုပင် ဖြစ်သည်။

ကောက်ပင်များက မလဲမပြိုနှင့် မတ်မတ်ထောင်ကာ ကြိုးတန်း၍ စိုက်ထားသကဲ့သို့ ညီညာ၍ လှပနေ၏။

"ပြီးပြီ"

ခါးကို ဆတ်ခနဲမတ်ပြီး ကိုယ့်ကောက်ကွက်ကို လှမ်းကြည့်လိုက်၏။ လှလိုက်သည့် ကောက်ပင်လေးတွေ ညီနေပါလား။

အားရကျေနပ်သွားပြီး ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်သည်။ မိမိတစ်ဦးတည်းသာ ပြီးသေးသဖြင့် ရင်ထဲမှာ ပီတိဖြစ်မိ၏။

နားထဲတွင် ဆူညံနေသည်။ အိုးစည်ဒိုးပတ်သံများက အပြိုင်ကြဲနေကြ၏။

"အစ်မကို သတိရလိုက်တာ"

ရင်ထဲမှာ ဆို့နစ်သွားပြီး မျက်လုံးအိမ်ထဲမှာ မျက်ရည်များ ဝေ့ဝဲသွား၏။

"လာလေ ရင်မွေး"

ဆရာက လယ်ကန်သင်းပေါ်မှ လက်ကမ်းလိုက်သည်။ ထိုအခါမှ ဆရာ့ကို သတိရမိသည်။

"ဆရာ . . . ဆရာ ရင်မွေးစိုက်တာ ဟုတ်ပါတယ်နော် ဆရာ"

ဆရာနှင့်အတူတူ ရေတွင်းဆီသို့ ထွက်လာသောအခါ လှုပ်ရှားလွန်းသောအသံနှင့် မေးလိုက်၏။ ဆရာက ပြုံး၍ ခေါင်းညိတ်လိုက်ပြီး–

"ဆရာ စားချန်ဖို့မရှိအောင်ပဲ အားလုံး အမှတ်ပြည့်ပဲ ရင်မွေးရ"

ဆရာက ရေငင်ပေးသည်။ လှုပ်ရှားလွန်း၍ မတားလိုက်မိပေ။ ထို့နောက် သံပရာရည်ညှစ်ထားသော နာနတ်သီးစိတ်လေးများကို လှမ်းပေးလိုက်သည်။

နှစ်ဦးစလုံး စိတ်ကြည်နူးစွာ ပြုံးနေမိသည်။ ဆရာကျွေးသော နာနတ်သီးစိတ်များက အလွန်ချိုမြိန်လှ၏။

"ဆရာလည်း စားလေ၊ အော်ရတာ မောလို့"

"ရင်မွေး ကြားလို့လား၊ လည်ချောင်းတောင် နာတယ်"

"ကြားတာပေါ့။ ဆရာ့အသံက အကျယ်ဆုံးပဲ။ ဆရာ့အသံကြားတော့ ရင်မွေး ပိုလက်သွက်တာပေါ့"

"ကြည့်စမ်း စကားတွေ အတော်တတ်နေတာပဲ။ ဒါကြောင့် ထင်ပါရဲ့ ဒိုင်နယ်မှာပြိုင်တဲ့စံချိန်ထက် ငါးစက္ကန့်စောတယ်"

နှစ်ဦးသား ကြည်နူးစွာ ရယ်မောကြသည်။ ဒိုင်နယ်ပြိုင်စဉ်က ဆရာက ငန်းလေးတစ်ခုတွင် ဒိုင်သူကြီးအဖြစ် တာဝန်ကျနေ၏။ ယခုမူ ပရိသတ်ဖြစ်နေ၍ ရင်မွေးကို အနီးကပ် အားပေးနိုင်ခြင်းဖြစ်သည်။

နာနတ်သီးစားရင်းက ပြိုင်ပွဲခန်းမထဲသို့ ပြန်ဝင်လာသည်။

"ပျောက်လို့ လိုက်ရှာတာ ရင်မွေးရယ် သိပ်တော်တာပဲ"

မသက်နွယ်က ရင်မွေးအနားရောက်လာပြီး အားပေးသည်။ ပြီးတော့ အချဉ်ထုပ်များကို ပေးရင်းက–

"မသက်နွယ် အားပေးနောက်ကျသွားပြီ ထင်တယ်"

ရယ်မော၍ စလိုက်သောကြောင့် ဆရာရော ရင်မွေးပါ ရှက်သွေးဖြာ၍ ရယ်မောမိကြသည်။

"သမီးရော နေကောင်းလားဟင်၊ ဘယ်သူနဲ့ ထားခဲ့သလဲ"

"ကောင်းပါတယ် အစ်မရယ်။ အဒေါ်တစ်ယောက်နဲ့ ထားခဲ့ပါတယ်။ အစ်မရော ရွာဘက်ကို လာပါဦး"

"လာမယ် အခုတလော ဝဲကြီးအုတ်ဖြတ်ဘက်ကို သွားနေရလို့ မနက်ဖြန်တောင် သွားရဦးမယ်။ စိုက်ချေးရာသီဆိုတော့ အလုပ်နည်းနည်းများတယ်။ အဲဒီဘက်တောင် လာရဦးမယ်"

"ဒါဆို စိုက်ပျိုးစရိတ်ချေးရင် အစ်မ ပါမှာပေါ့နော်။ ရင်မွေး ဟင်း



ချက်ထားမယ်။ အစ်မကြိုက်တဲ့ တာလပေါ့ဟင်းပေါ့။ အစ်မ လာခဲ့နော်"

"ကြိုတင် မလုပ်ထားပါနဲ့ ညီမရယ်။ အစ်မ ပါလာဦးမှကိုး"

"လာဖြစ်အောင် လာပါ အစ်မရယ်။ ရင်မွေး စောင့်နေပါ့မယ်"

"အခုအချိန်ကစပြီး သိပ္ပံနည်းကျ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲအတွက် ဆုပေးပွဲအခမ်းအနားစတော့မှာမို့ ပြိုင်ပွဲဝင်များ နေရာယူကြပါရန်"

စကားပြတ်သွားသည်။ ရင်မွေးရင်ထဲ သိမ့်ခနဲ လှိုက်ဖိုသွားမိ၏။

"ခေါ်နေပြီ ရင်မွေးရ။ ကဲ . . . ထဘီကို ရှည်ရှည်ချဝတ်ပါဦး အစ်မလေးရဲ့။ ဆုယူရဦးမယ်လေ"

"ဩော် . . . ဟုတ်ပါရဲ့"

ဆ ာတိပေးလိုက်မှ သတိဝင်လာပြီး ရှက်ရှက်နှင့်ရယ်မိ၏။ ဆရာက ရင်မွေးလက်ထဲသို့ ရှူဆေးဆွတ်ထားသော ပဝါလေးကိုထည့်ပေးပြီး ထွက်သွားသောအခါမှ ရင်မွေးက ထဘီကို ရှည်ရှည်ချဝတ်လိုက်၏။ အမှုမဲ့ အမှတ်မဲ့မို့ ရှက်သွားမိသည်။ မသက်နွယ်က အင်္ကျီမှ ရွံ့စက်ကလေးများကို လက်ဖြင့်တောက်ပေးရင်းက–

"ရင်မွေး ခတ်ပုံလှလှလေးကို အမှတ်တရယူထားရဦးမယ်။ ပြီးတော့ ရင်မွေး စာမေးပွဲအောင်တာကို သိပ်ဂုဏ်ယူတာပဲ။ ကျောင်းဆက်တက်မလားဟင်"

"တက်လို့မဖြစ်ပါဘူး အစ်မရယ်။ ရင်မွေးမှာ ငွဲစရာတွေ ရှိနေပြီပဲ"

မသက်နွယ်က သက်ပြင်းတိုးတိုးလေးချရင်းက ရင်မွေးလက်ကို ဆုပ်ကိုင်ကာ

"ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုပဲ ဦးစားပေးရမှာပေါ့ ညီမရယ်။ ဒီအတွက် ဝမ်းနည်းမနေပါနဲ့ကွယ်။ အောင်ထားပြီးပြီပဲ ကလေးနည်း နည်းလွတ်ထားလို့ရရင် နှစ်ယောက်စလုံး ဘော်ဒါနေပြီး ကျောင်းတက်ကြပေါ့။ စာပေးစာယူနဲ့လည်း ကျောင်းတက်လို့ ရတာပဲ။ အားမလျှော့နဲ့နော်။ ကဲ . . . သွားတော့ ညီမရေ။ အစ်မ လာဖြစ်အောင် ကြိုးစားမယ်"

"ဟုတ်ကဲ့"

မသက်နွယ်နှင့် လမ်းခွဲထွက်လာပြီး မိမိအတွက် သတ်မှတ်ထားသော နေရာတွင် ဝင်ထိုင်လိုက်၏။ မနှစ်ကကဲ့သို့ မဟုတ်တော့ပါ။ ရင်ထဲတွင် ပျော်ရွှင်မိသော်လည်း တစ်စုံတစ်ခုက တုပ်နှောင်ထားသကဲ့သို့ ပျော်ရွှင်မှု

နှောင့်နှေးသလိုလို ခံစားရသည်။

ပထမဆုနှင့် လွဲခဲ့သောအစ်မကို သတိရမိသည်။ အစ်မရှိလျှင် အပါး ရှိလျှင် မိမိအတွက် ဂုဏ်ယူရင်း ပြုံးနေပေလိမ့်မည်။

အောင်မြင်မှုတွေ တသီကြီးရနေသည့် မိမိအား ပို၍အလိုလိုက် အရေး ပေးဦးမည်။ သို့သော် အပါးတို့ အစ်မတို့ ရှိနေလျှင် ဤကဲ့သို့ ကြိုးစား မိလိမ့်မည်မဟုတ်ပေ။

ရင်မွေးကြိုးစားမှုသည် ဝမ်းရေးအတွက် လှုပ်ရှားကြိုးပမ်းမှုနှင့် ယှဉ်၍ ဖြစ်လာခြင်းဖြစ်သည်။ အစ်မကဲ့သို့ပင် ကောက်စိုက်ခကို ချွေတာချင်သော ကြောင့် ကိုယ်တိုင်ဝင်စိုက်ခဲ့ခြင်းဖြစ်သည်။

ရှေ့ခရီးအတွက် စဉ်းစားမိလျှင် ရင်မွေးရင်ထဲမှာ မောဟိုက်လာမိသည်။ အစ်မ သမီးအတွက် မိမိ ရုန်းကန်ရဦးမည်။

"မိဿလင် ကျေးရွာအုပ်စုမှ နော်ရင်မွေးခင်ဗျား ဆုယူရန် စင်မြင့်ပေါ်သို့ ကြွပါခင်ဗျား"

"ဟင်"

ဆုကြေညာလိုက်သည်ကို သတိမထားမိနိုင်အောင် စိတ်က ပျံ့လွင့် သွားမိ၏။ အနားမှ ကောက်စိုက်သမတစ်ဦးက လက်တို့လိုက်မှပင် သတိ ဝင်လာပြီး ကမန်းကတန်း ထလာ၏။ ဘာဆုမှန်း မသိပေ။

သို့သော် ပထမဆုမှလွဲ၍ ဘာမျှမဖြစ်နိုင်ပါ။

"ပြုံးပြုံးလေး ပြုံးပြုံးလေး"

ဓာတ်ပုံဆရာများက ဝိုင်းပြောကြသည်။

"နေဦး နေဦး ခေါင်းမော့ဦး"ဆုယူဟန်ကို အမျိုးမျိုး ရိုက်ကြ၏။ ရင်မွေး ပြုံးနေသော်လည်း မျက်လုံးအိမ်ထဲမှ မျက်ရည်များ ရစ်ဝဲ၍ နေလေ သည်။

ဓာတ်ဘူးတစ်ဘူးနှင့် တစ်တောင်ခန့်မြင့်သော အထုပ်ကြီးတစ်ထုပ်ပင် ဖြစ်သည်။

"ငယ်ငယ်လေးဟင် ကျောင်းသူကလေးလားပဲ"

ထင်ကြေးပေးနေကြသော ဧည့်ပရိသတ်အလယ်မှ ထွက်လာခဲ့မိသည်။ ရင်ထဲတွင်မူ ဝမ်းနည်းဝမ်းသာဖြစ်ပြီး လှုပ်ရှားနေမိ၏။

"အရူးမ ဆရာ့ကိုတောင် မစောင့်ဘူး။ ပထမဆုရတဲ့လူက ပွဲပြီးအောင်



နေဖို့ ကောင်းတယ်။ အခုတော့ ဆုရတာနဲ့ တန်းပြန်တာပဲ။ ဘာလဲ ငိုချင် နေသလား။ အစ်မတဝါးမကို သတိရနေတယ် မဟုတ်လား။ ငိုချင်ရင် ငိုလိုက်။ ဒီကွင်းထဲမှာ ဘယ်သူမှရှိတာမဟုတ်ဘူး"

"မငိုပါဘူး"

အံကိုတင်းတင်းကြိတ်ရင်းက စိတ်ကိုတင်းထားသည်။ ဆရာက လက် ထဲမှ ဆုများကို လှမ်းယူရင်းက–

"ရင်ထဲက ခံစားချက်ကိုသတ္တိရှိရှိ ဖွင့်ဟငိုလိုက်စမ်းပါ ရင်မွေးရယ်"

"ဆရာက မျက်ရည်ကျတာကို သတ္တိရှိတာတဲ့လား။ ပြောင်းပြန်။ ရင်မွေး ကြားဖူးတာက ငိုရင် အရှုံးပေးတာဆို"

"ဟင့်အင်း ဆရာတော့ အဲဒီလို မယူဆချင်ဘူး။ ငိုတာ သတ္တိရှိတယ်။ ရင်ထဲက ခံစားချက်ကို တစ်လောကလုံးသိအောင် ကြွေးကြော်တာပဲ။ ငိုချင်လို့ငိုတယ် ဘာဖြစ်လဲ။ အခုတော့ ဘယ်သူမှမသိအောင် ကြိတ်ခံ စားနေပြီး မငိုဘဲနေတာ ကြောက်လို့၊ သတ္တိမရှိလို့"

ဆရာ့စကားကို ရယ်ပစ်လိုက်သည်။ ညောင်ပင်သာစိုက်ကွင်းမှနေ ရန်ကုန်–မန္တလေးသွား ကားလမ်းကိုကူးပြီး ရွာသို့လမ်းလျှောက်ပြန်ရမည် ဖြစ်သည်။ ဆရာ့ထံမှ ဓာတ်ဘူးလှမ်းယူရင်း–

"ဆရာ လေးနေပါ့မယ်"

"ရပါတယ် ရင်မွေး လေးနေမယ်လေ၊ ဆရာက ယောကျ်ားလေးပဲ"

"ခရီးက အဝေးကြီးလျှောက်ရမှာ။ ပေး . . . ဒီအထုပ်ပေးနော်။ ဘာလဲ မသိဘူးနော်"

"အထည်တွေ နေမှာပေါ့။ ကဲ . . . ရော့ ကျုပ်လက်တစ်ဖက် အားနေ တော့ ခင်ဗျားလေး လက်ကိုဆွဲပြီး လမ်းလျှောက်ရမှာပဲ"

"အာ. . . "

ရှက်ရှက်နှင့် ဆရာ့လက်ထဲမှ ဆောင့်ရုန်းလိုက်သည်။ ဆရာက အလွတ်မပေးဘဲ ခပ်တင်းတင်း ဆုပ်ကိုင်ထားရင်းက–

"နေဦး။ ဆရာပြောစရာရှိတယ်။ အေးအေးဆေးဆေး စကားပြောသွား ရတာပေါ့"

ဆရာ့စကားကြောင့် မရုန်းမိတော့ပေ။ သို့သော် ဆရာ့မျက်နှာကို မော် မကြည့်ရဲ။ ချစ်သူများဖြစ်ကြသော်လည်း ဆရာသည် ချစ်ခွင့်ပန်သည့်

နေ့မှစ၍ နဖူးကို နမ်းသည်ကလွဲလို့ တစ်ခါမျှ မနမ်းဖူးပေ။ မိမိတို့ အခြေအနေကလည်း လွတ်လပ်ပျော်ရွှင်နေရမည့် အခြေအနေမဟုတ်။ ထို့အပြင် ဆရာက ဣန္ဒြေရှိသည်။ ချစ်သူတစ်ဦးအနေနှင့် ဆက်ဆံခြင်းထက် ညီမလေးတစ်ဦးအနေနှင့်သာ ဆက်ဆံတတ်၏။

"ရင်မွေး ကိုယ်ပြောတာကို သေသေချာချာနားထောင်ပြီး စဉ်းစားနော်"

"ကိုယ်တို့ လက်ထပ်ကြရအောင် ကလေးရယ်"

"အို . . ."

ကြက်သီးထသွားသည်အထိ ရှက်သွားမိသည်။ ခုမှ မိမိအသက်က ၁၇ နှစ်ကျော်ကျော်သာ ရှိသေး၏။ ဆရာက လက်ကိုတင်းတင်းဆုပ်ကိုင်ရင်းက–

"ရင်မွေး အသက်ငယ်တာကို ဆရာသိတယ်။ ဒီအရွယ်ဟာ အိမ်ထောင်ပြုတာ သိပ်စောလွန်းတာလည်း သိပါတယ်။ ဆရာ ရင်မွေးကို ဒီလို မတောင်းဆိုရက်ဘူး။ သန့်စင်နေတဲ့ ရင်မွေးစိတ်ကို မညစ်ညူးစေချင်ဘူး။ ဆရာ့ဆန္ဒက ရင်မွေးကိုလေ ပန်းကလေးလို အလှကြည့်ချင်တယ်။ မခူးချွေရက်ဘူး။ မပိုင်ဆိုင်ရဘဲနဲ့လည်း တစ်သက်လုံးကြည့်နေပါဆိုလည်း ကြည့်နိုင်ပါတယ်။ ဒါပေမဲ့ ရင်မွေး စဉ်းစားကြည့်စမ်းကွယ်။ ပတ်ဝန်းကျင်အမြင်မှာ ဆရာနဲ့ရင်မွေးတို့ လူသိရှင်ကြား လက်ထပ်ပြီး အတူနေပြရတော့မယ်"

ရင်ထဲမှာ နွမ်းလျသွားသည်။ ပတ်ဝန်းကျင်အကြောင်းကို စဉ်းစားမိလျှင် ဆရာ့ကိုအားနာမိသည်။ အရိုးခံသက်သက် စောင့်ရှောက်သော ဆရာ့အား ပစ္စည်းယူချင်သည့်သဘော ပြောနေကြသည်ကို ဆရာလည်း သိပေလိမ့်မည်။

"ပြီးတော့ ကလေးတစ်ယောက်နဲ့ တစ်ဦးတည်းနေတာ မသင့်တော်ဘူး။ ဆရာ မင်းကို စောင့်ရှောက်ချင်တာတောင် ပိုင်ပိုင်နိုင်နိုင် မစောင့်ရှောက်နိုင်ဘူး။ ဒီတော့ မင်းကို ဆရာလက်ထပ်မယ်။ တစ်အိမ်တည်းနေပြီး စောင့်ရှောက်ပါရစေနော်။ ဒွေးလေးတို့ကလည်း အကြံပေးတယ်။ ဆရာပြောတာကို နားလည်တယ်နော်။ ဆရာတို့ရဲ့ ဖြူစင်သန့်ရှင်းတဲ့ မေတ္တာကို ဘယ်သူမှ နားမလည်ဘူး။ ဒါပေမဲ့ ရင်မွေးနားလည်တယ်နော်။ အင်းလေ ဆွေမတော်မျိုးမစပ် မိန်းကလေးနဲ့ ယောကျာ်းလေး နေ့နေ့ညည အနီးကပ်နေထိုင်နေတာကို ပတ်ဝန်းကျင်က ဘယ်နားလည်မလဲ။ ဆရာတို့ ပတ်ဝန်းကျင်ကို ငဲ့နေလို့ ရင်မွေးနဲ့သမီးနား ဆရာမနေရဘူး။ သမီး ညဘက် ထငိ



လည်း ဆရာလာလို့ မဖြစ်ဘူး။ ရင်မွေးရယ် မင်းကို အနီးကပ် စောင့်ရှောက်ချင်တယ်။ မင်းဘေးမှာ ဆရာ အမြဲရှိချင်တယ်"

ဆရာက မိမိမျက်နှာကို ငုံ့ကြည့်ရင်းက–

"ငိုနေသလားဟင် ဆရာ့ကြောင့် မျက်ရည်ကျတာလား မငိုပါနဲ့ကွယ်။ ဆရာ့အတွက် မင်း ဘယ်တော့မှ မငိုပါနဲ့ ကလေးရယ်။ မင်း သဘောမတူရင် ဆရာ ဘာမှမလုပ်ဘူး။ ဆရာ ပြောတာကို နားလည်သလားဟင်"

ဆရာ အထင်လွဲမည်စိုး၍ ကမန်းကတန်း ခေါင်းညိတ်လိုက်သည်။ ရှက်၍ ကျသော မျက်ရည်ဆိုတာ ဆရာသိသွားမည်စိုး၍ ကမန်းကတန်း မျက်ရည်သုတ်လိုက်၏။

"စပါးပေါ်ချိန်ကျရင် လက်ထပ်စို့နော်။ ပြီးတော့ နောင်နှစ်မှာ ကလေးကို ဆေးကျောင်းပို့ပေးမယ်။ ဆရာ မင်းကို ညီမလေးလို စောင့်ရှောက်မှာပါ"

"ဟင့်အင်း . . .ရင်မွေး ကျောင်းမတက်တော့ဘူး ဆရာ။ နောင် သုံးလေးနှစ်မှ စာပေးစာယူတက်မယ်။ အဲဒီတော့ ကလေးက ကြီးလာပြီပေါ့။ ရင်မွေး ဆရာဝန်မဖြစ်ချင်တော့ပါဘူး။ နော်သဲဆူးဖြစ်အောင်ပဲ ကြိုးစားတာပေါ့။ ရင်မွေးလေ ဆရာနဲ့ ကလေးအနားမှာပဲ မခွဲမခွာဘဲ နေချင်တယ်"

ဆရာက မချင့်မရဲဖြင့် မိမိလက်တစ်ဖက်ကို သူ့ရင်မှာ ပိုက်ထားရင်းက–

"ရင်မွေးရယ် မင်းဟာ လူငယ်သလောက် မေတ္တာတရားကြီးမားလှပါတယ်"

ရိတ်သိမ်းပြီးစ ရင့်မှည့်နေသော ကောက်လှိုင်းများကိုကြည့်၍ ရင်မွေး ရင်ထဲတွင် လှိုက်လှိုက်လှဲလှဲ ဝမ်းသာမိသည်။ လယ်သူမလေး နော်ရင်မွေးသည် ကိုယ်တိုင်ယုယစိုက်ပျိုးထားသော ကောက်လှိုင်းများကို ကြည့်၍ ငယ်မူငယ်သွေး ကလေးစိတ်ရှိသူပီပီ ခုန်ပေါက်ပျော်မြူးနေမိသည်။ နှစ်စဉ် ဝင်းမှည့်နေသော စပါးခင်းများနှင့်မတူ။ ယခုနှစ် စပါးများကို ကြည့်ရသည်မှာ လွန်စွာပီတိဖြစ်နေမိသည်။ မိမိ၏ ချွေးစက်ပေါင်းမြောက်မြားစွာတို့ စုစည်းဖွဲ့စည်းထားသော စပါးကောက်ပင်လေးများပင် ဖြစ်သည်။ ထို့ကြောင့် ကြမ်းတမ်းစပြုလာသော လက်ဖဝါးနှစ်ဖက်ကို ပွတ်သပ်ရင်းက ကျေနပ်ပီတိ ပြုံးနေမိသည်။

ယခင် ယခင်နှစ်များက ဤစပါးပုံနှင့် နော်ရင်မွေးမှာ မသက်ဆိုင်

သကဲ့သို့ သတိမထားမိ။ အပါးနှင့်အစ်မက စပါးနယ်ခိုင်းလျှင် နွတ်ခမ်းတဆူဆူနှင့် နယ်ရသည်။ ယခုမူ ကိုယ်တိုင်လုပ်နေရပြီ။

စပါးပုံနားတွင် ဝဲပျံနေသော ပျံလွှားငှက်ကလေးများကို လက်ညှိုးညွှန်ပြရင်းက–

"ကလေးရေ ပျံလွှားလေးတွေ ယူမလားဟင်"

ကလေးက ပျံလွှားငှက်ကလေးများကို ကြည့်ရင်း တဝူးဝူးနှင့်စကားပြောနေသည်။ နော်ရင်မွှေးက ကလေး၏ပါးလေးကို အသာလေးနမ်းရှုပ်ရင်းက–

"ကလေးရေ မိုးရဲ့စပါးတွေ မလှဘူးလားဟင်။ အဲဒါ မိုးစိုက်တာလေ။ ဒီလိုပဲ နှစ်တိုင်း မိုးပဲစိုက်မယ်။ ပြီးတော့ ကလေးကို ဆရာဝန်မကြီးဖြစ်အောင် လုပ်ပေးမယ်လေ"

ကလေးနှင့်တတွတ်တွတ်ပြောရင်းက ကြည်နူးနေမိသည်။ ကလေးကတဝူးဝူးနှင့် စကားတွေလိုက်ပြောနေ၏။ စကားမတတ်သေးသော ကလေးကို တိုင်တည်ရင်း စကားပြောရသည်မှာ လွန်စွာကြည်နူးမိသည်။

ညနေရောက်သောအခါ ကောက်လှိုင်းစည်းများကို တလင်းပေါ် ဖြန့်ရင်းက ငိုနေသောကလေးအား ကျောပိုး၍ စပါးနယ်ရသည်။ ပါးစပ်ကလည်း သီချင်းလေးသီဆိုရင်း ကလေးအား ချော့မြှူရသည်။ ကလေးက နော်ရင်မွှေး၏ကုပ်မှ ဆံပင်များကို ဆွဲဆော့ရင်း ရင်မွှေးလက်မောင်းကို သွားဖုံးနှင့် လှမ်းကိုက်ရင်းက ငြိမ်သက်နေသည်။ ခဏအကြာ ကလေး၏ လှုပ်ရှားမှု ငြိမ်သက်သွားသောအခါမှ အိပ်ပျော်သွားသော ကလေးအား မြင်နိုင်သောနေရာတွင် ချသိပ်ပြီး စပါးနယ်ရင်းက လှမ်းကြည့်နေရသည်။

ညမိုးချုပ်လျှင် နွားညီနောင်ကို ဖြုတ်သိမ်းပြီး နွားသောက်ရေဖြည့်၊ နွားစာထည့်နှင့် အချိန်လင့်သွားသည်။ ကလေးမနိုးမီ တစ်အိမ်လုံးတံမြက်စည်းလှည်း၊ ဘုရားရေလဲ၊ ဘုရားရှိခိုးရင်းက တိတ်ဆိတ်လွန်းသောညကို ကုန်ဆုံးစေ၏။ ကလေးနိုးလာလျှင် ငိုက်မျည်းနေသော မျက်လုံးကို ကြိုးစားဖွင့်ရင်းက ကလေးအား ချော့မြှူရသည်။ တစ်ခါတစ်ရံ မြေပဲအခွံခွာရင်းက ချောက်ချားဖွယ်ရာ တိတ်ဆိတ်သောညကို ကျော်ဖြတ်နေရ၏။

ထို့ကြောင့် ကလေးအား စကားများပြောရင်း သီချင်းဆိုပြရင်းက တိတ်ဆိတ်မှုကို ချေဖျက်ပစ်သည်။



"ဩော်. . .နှစ်ယောက်စလုံးများ တစ်ပြိုင်တည်း စွန့်လွှတ်ကြတယ်နော်"

ပြန်မတွေးသော်လည်း ခေါင်းထဲ အလိုလိုဝင်လာသည်။ တစ်ခါတစ်ရံတွင် အဒေါ်နှင့်သူငယ်ချင်းများက တစ်လှည့်စီ လာအိပ်ကြသော်လည်း ကြာလာသောအခါ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ဆရာသည်လည်း အတိုင်းအတာတစ်ခုအထိသာ စောင့်ရှောက်နိုင်သည်။ နည်းနည်းလေး ညနေစောင်းလာလျှင် မေးငေါ့ချင်နေသည်။

"အင်း . . . ဒီလိုဆိုတော့လည်း ဆရာ့ကို လက်ထပ်လိုက်တာ အကောင်းဆုံးဖြစ်မှာပဲ"

ထိုသို့တွေးမိသောအခါ ကြက်သီးလေးထသွားပြီး ရှက်သွေးဖြာမိသည်။

"ဘာလိုလို့နဲ့ ဆရာ မလာတာ ၁၀ ရက်တောင်ရှိပြီ။ ရန်ကုန်က သူ့သားခေါ်လို့ သွားနေတာ ကြာလှပါရော့လား ဆရာရယ်"

ဆရာရှိနေသည်ဆိုတော့ အနည်းငယ်အားရှိသည်။ ဤကဲ့သို့ တစ်ရပ်တစ်ကျေးသွားနေတော့ အလိုလို အားငယ်မိ၏။ ညဘက်တွင် ဓားမြှောင်ကို ခေါင်းအုံးအောက် ထည့်အိပ်ရင်းက အသံကြားသည်နှင့် ဆတ်ခနဲနိုးလာပြီး ဓားကိုင်ကာ သတိထားနေရ၏။ အစ်မနှင့်အပါးရှိစဉ်က လက်ဝတ်လက်စားများ ထုတ်ဝတ်ခဲ့၍ မိမိတွင်ပစ္စည်းရှိနေမှန်းသိကြသည်။ ပစ္စည်းဥစ္စာကြောင့် ရင်မွှေး စိတ်မအေးပေ။

အစစအရာရာ ပူပန်နေရသောကြောင့် ဆရာ့ကို ပို၍ အားကိုးမိသည်။ မြတ်နိုးမိသည်။ ထို့ကြောင့် စပါးပေါ်ချိန်ဟူသော အချိန်၌ ရင်မွှေး ရင်ဖိုရသည်။ ကောက်လှိုင်းများ စပါးများကို ကြည့်၍ ရင်မွှေးစိတ်ကူးယဉ်မိ၏။

လေးတန်းစာမေးပွဲများပြီး၍ ဇော့်ဆီသွားဦးမည်။ မင်္ဂလာပစ္စည်းများ ဝယ်ဦးမည်ဟူသော ဆရာသည် ပြန်မလာသေးပေ။ ဆရာသွားသည့်ရက်ကို လက်ချိုးရေတွက်ရင်းက ရင်မွှေးမောရသည်။

"ကလေးရယ် နင့်အမိုးလည်း လူစင်စစ်ကနေ ဖျိုင်းဖြစ်သွားပြီလားမသိဘူးဟယ်။ ဆရာက အကြာကြီးသွားနေတာ ကလေးမလွမ်းဘူးလားဟင်။ ကလေးလွမ်းလို့ ထင်တယ် အခုတလော နို့သိပ်မစို့ဘူး"

ကလေးပါးစပ်တွင် နို့ဘူးတပ်ပေးရင်းက စကားများ တတွတ်တွတ်ပြောနေသည်။ ကလေးက နို့သီးခေါင်းကိုကိုက်ရင်း တဝူးဝူးနှင့် စကားများပြောနေပြန်သည်။

ကလေးရယ်လျှင် အစ်မတာဝါးမကဲ့သို့ ပါးချိုင့်လေးနှစ်ဖက်ပါသည်။ ကလေးသည် အလှမျိုးစုံစုနေ၏။ နော်ရင်မွေး၏မျက်လုံးအလှကို နှစ်သက်သောအစ်မသည် ကလေး၌ ရင်မွေးကဲ့သို့ မျက်လုံးမျိုးကိုပါအောင် မွေးဖွားပေးသည်။ အစ်ကိုစိုးကဲ့သို့ မျက်ခုံးမည်းမည်း နှာတံချွန်ချွန်နှင့် အစ်မတာဝါးမကဲ့သို့ အသားဖြူဖြူ ပါးချိုင့်ခွက်ခွက်လေးမို့ ကလေးတွင် အလှမျိုးစုံစုနေ၏။

"နော်သဲဆူးကြီးလာရင် သိပ်လှမှာပဲ။ အဖေရဲ့အလှဆုံး၊ အမေရဲ့ အလှဆုံးတွေကို ဖြုတ်ယူထားတဲ့အပြင် အဒေါ်ရဲ့အလှဆုံးကိုလည်း ယူထားတာပဲ။ ဘြော် ကိုယ်တို့နှစ်ယောက် သမက်ချောချောလေးတွေ ကြည့်ထားဦးမယ်။ အရွေးရခက်လို့ ဖေဖေကြီးတို့ ခေါင်းဖြူဦးမှာပဲနော် သမီး"

ဆရာက သူ့ကိုယ်သူ ဖေဖေကြီးဟု အသားယူစလိုက်သောအခါ ကလေးက အသံထွက်ရယ်၍ ဆရာ့ရင်ခွင်ထဲတွင် ပျော်မြူးတတ်သည်။ ကလေးက ဆရာ့အား မှတ်မိနေလေပြီ။ ဆရာလာလျှင် ရယ်မော၍ လက်ကလေးကို ကမ်းပေးတတ်၏။ တစ်ခါတစ်ရံ ကလေးသည် ဆရာ့ပခုံးထက်မှနေ၍ ဆရာ့ဆံပင်များကို ဆွဲကိုင်ကာ ဆော့ကစားရင်း ရယ်မောနေတတ်သည်။

ဆရာသည် ကလေးနှင့်ဆော့နေရလျှင် ကျောင်းဆရာမဟုတ်တော့ပေ။ ကလေး၏စီးတော်မြင်းအဖြစ် ခံယူကာ ပျော်ရွှင်နေတတ်၏။

ရင်မွေးကမူ ကလေးနှင့် ဆရာ့ကို ပစ်ထားကာ ကလေးထိန်းပေးမည့် သူရှိနေစဉ်အလုပ်ကို အဆက်မပြတ်လုပ်သွား၏။

ဤကဲ့သို့ ပျော်ရွှင်နေသည့်အခါတိုင်း မိမိတို့ အမြန်ဆုံးလက်ထပ်ရမည်ဟူသော အသိလေးများ ဝင်လာပြီး လက်ထပ်ရက်အတွက် ကြည်နူးစွာ ရင်ခုန်ရသည်။

"သမီးရေ သမီး"

ရုတ်တရက် ခေါ်သံကြား၍ ကလေးရော နော်ရင်မွေးပါ လှည့်ကြည့်လိုက်မိသည်။ အတွေးထဲက ဆရာသည် ရင်မွေးရှေ့သို့ ရောက်လာပြီး အထုပ်အပိုးများတစ်ပွေ့တစ်ပိုက်နှင့် ဖြစ်သည်။

"ဟင် . . . ဆရာ နေကောင်းရဲ့လား၊ ဘယ်နေ့က ရောက်တာလဲဟင်"

ရုတ်တရက်မေးလိုက်၍ ဆရာက လန့်သွားဟန်နှင့် ဆတ်ခနဲမော်



ကြည့်လိုက်သည်။ ဆရာ့မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ရစ်ဝဲ၍နေ၏။ အစဉ်အမြဲတက်ကြွနေသည့် ဆရာသည် ယခုအခါ ညှိုးငယ်ကြေကွဲနေ၏။

"ဆရာ . . . ဘာဖြစ်လာသလဲဟင်။ ဆရာ တစ်ခုခု ဖြစ်လာပါပြီ။ ရင်မွေးကို မညာနဲ့နော်။ ဆရာ့သားရော နေကောင်းလားဟင်"

ရင်မွေးက စိုးရိမ်စွာဖြင့် အဆက်မပြတ်မေးလိုက်သည်။ ထိုအခါ ဆရာက ဦးခေါင်းကိုဖြည်းညင်းစွာ ခါရင်းက–

"ဇော်က ကျန်းမာပျော်ရွှင်လျက်ပါပဲ ကလေးရယ်။ ဒါပေမဲ့ သူဟာ ဆရာ့မျှော်လင့်ချက် ယုံကြည်ချက်တွေကို ခါးလယ်က ရိုက်ချိုးပစ်လိုက်ပြီလေ"

ရင်မွေးသည် ဘာမျှ နားမလည်ဟန်နှင့် မျက်လုံးအဝိုင်းသားဖြစ်နေသည်။ ဆရာ၏ ကြေကွဲဆို့နစ်နေသောအသံကို ကြားရသောအခါ ရင်ထဲမှာ ကြောက်လန့်မိ၏။

"ဇော် . . . မင်္ဂလာဆောင်သွားပြီ ရင်မွေး။ သူ စာပြပေးနေတဲ့ သူဌေးသမီးနဲ့လေ။ ပြီးတော့ သူ့ကျောင်းစရိတ်ကို လေးလေး ဆက်မထောက်ပါနဲ့တော့တဲ့"

"ဒါများ သက်သာတာပေါ့ ဆရာရယ်"

လွှတ်ခနဲ ပြောလိုက်ပြီးမှ ဆရာ့ကို အားနာသွားသည်။ သို့သော် ဆရာက အပြစ်မယူဘဲ–

"ဟုတ်တယ် အများအမြင်က သက်သာတယ် ရင်မွေး။ ဒါပေမဲ့ ဥယျာဉ်မှူးရင်ထဲကို မဝင်ကြည့်ကြဘူး။ ဥယျာဉ်မှူးဆိုတာက ကိုယ်စိုက်ထားတဲ့ ပန်းကို ပွင့်ခါနီးဆဲဆဲ သူများခူးသွားမှာ စိုးကြတာပဲ။ ဒါပေမဲ့ ရင်မွေးရယ် ဆရာ ဖြေသိမ့်ပါတယ်။ မျှော်လင့်ချက်ထားပြီး ဇော့်အပေါ်မှာ ယုံကြည်မိတဲ့ ဆရာ့အမှားပေါ့"

ဆရာ့မျက်လုံးအိမ်ထဲမှာ မျက်ရည်များရစ်ဝဲလာလေသည်။ ဆရာ သည် အရှိန်ရလာသောကြောင့် ခံစားချက်နှင့် ရင်ဖွင့်လေ၏။

"ငါးစာပြုပြီး ငါးမျှားလိုက်တာပေါ့။ ဆရာက ဇော့်ကို ဆရာဝန်ဖြစ်စေချင်တာ။ ချမ်းသာစေချင်လို့ မဟုတ်ဘူး။ ဂုဏ်လုပ်ချင်လို့ မဟုတ်ဘူး"

"ဆေးမရောက်တဲ့ဒေသတွေ ဆေးရောက်စေချင်လို့။ ဆရာဝန်တွေ မရောက်တဲ့ ကျေးရွာတွေ ဆရာဝန်ရောက်စေချင်လို့။ ဒါကို ဇော်နားမလည်

ဘူးကွာ။ သူနေခဲ့တဲ့ ရွာအခြေအနေ သူ့မိဘတွေ ဆေးမရှိလို့ မသေသင့်ဘဲ သေရတဲ့အခြေအနေတွေကို သူအားလုံးသိတယ်။ သိလျက်နဲ့ ပကာသနနောက်လိုက်တာ"

ဆရာက တစ်ဦးတည်းရေရွတ်သလိုလိုနှင့် တတွတ်တွတ်ရေရွတ်နေသည်။ ဆရာ၏ထိခိုက်ကြေကွဲသော အမူအရာကိုကြည့်ရင်း စိတ် မကောင်းဖြစ်မိသည်။ ဆရာ့အား သနားရုံကလွဲ၍ ဆရာ့လောက် မခံစားမိပေ။

ဆရာသည် ဖော့်အား လွန်စွာချစ်ခင်သည်။ အားကိုးသည်။ မိမိတို့အသိပင်ဖြစ်သည်။ သူမျှော်လင့်သည့်အတိုင်း ဖြစ်မလာသည်မှာ ထိခိုက်ကြေကွဲစရာပင်ဖြစ်သည်။

"ကဲပါ ဆရာရယ် ဖြစ်ပြီးပြီပဲ။ ဘာမှ ပြုပြင်လို့ မရတော့ဘူး။ ပောဒီ ကလေးနော်သဲဆူးကျမှ ဆရာ့အလိုကျ ပြုပြင်ပေါ့"

ဆရာက ဦးခေါင်းကို သွက်သွက်ခါရမ်းလိုက်ရင်းက–

"ဆရာ ဘယ်သူ့ကိုမှ ယုံကြည်ချက် မထားတော့ဘူးနော်ရင်မွှေး။ ဒီကလေးတွေ ခေတ်ဆိုရင် ဆရာတို့ လိုက်မိပါ့ဦးမလားကွယ်။ ဆရာ နော်ရင်မွှေးကိုတော့ မျှော်လင့်ချက်ထားချင်တယ်။ ဆေးတက္ကသိုလ် အမှတ်မီရင် တက်ပါလားဟင်"

ဆတ်ခနဲ တွန့်သွားသည်။ ဆရာ့အား ရဲရဲမကြည့်ဘဲ လွှဲဖယ်ကြည့်နေရင်း ခေါင်းကို ခါရမ်းမိသည်။

"သမီးလေး အရွယ်ရောက်လို့ နေသားကျမှ အရန်သားဖွားသင်တန်းဖြစ်ဖြစ်၊ သူနာပြုသင်တန်းဖြစ်ဖြစ် တက်မယ်လေ"

"အဲဒါ အပျိုမှ ရတယ်ဗျ"

ဆရာ့စကားကြောင့် ရှက်သွေးဖြန်းသွားသည်။ သို့သော် အလျှော့မပေးသေးဘဲ–

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ ဆရာရယ်၊ တစ်ဖက်တစ်လမ်းကတော့ ကူညီနိုင်အောင် ကြိုးစားမှာပေါ့"

ဆရာက ရင်မွှေးခေါင်းလေးကို ချစ်စနိုးဖိလိုက်ရင်း ပြုံးလိုက်သည်။ ရင်မွှေးရင်ထဲ၌လည်း ဆရာ့အပြုံးကြောင့် အေးမြသွား၏။

"ရင်မွှေး အချိန်ရှိသေးရင် ငါးပတ်အိုင်ကို လိုက်ပို့ပေးပါလားဟင်။ ဆရာ တစ်ခေါက်မှ မရောက်ဖူးလို့"



"သုံးနာရီလောက်တော့ သွားရမယ် ဆရာ။ ဟိုကို ၁၀ နာရီထိုးခါနီး ရောက်မယ်။ ဆရာ သွားချင်လို့လားဟင်"

"အခုသွားချင်လို့ပါ ရင်မွှေးရယ်။ နေပူမှာစိုးရင် သမီးထားခဲ့မယ်"

"အမယ် မထားခဲ့ပါဘူး။ သမီးက နေပူခံနိုင်ပြီးသားပဲ။ လယ်ကွင်းဘေးနေပူပူမှာ ခနိတဲလေးနဲ့ အိပ်နေကျပါနော်။ အပါးအမျိုးတွေကလည်း သမီးကို မြင်ဖူးချင်တယ်တဲ့။ ပြီးတော့ ဆရာ့ကိုလည်း မြင်ဖူးချင်တယ်တဲ့"

"ပြောရင်း ရှက်သွေးဖြာသွားသည်။

"ဟင် . . . အမျိုးတွေတောင် သိနေသလား"

"အို . . . မသိဘဲ နေမလား။ စပါးပေါ်ရင် မြန်းမယ်ဆိုတာ။ စပါးပင်ပျိုးကတည်းက သိနေကြတာများ"

ရှက်ဝဲဝဲနှင့် မျက်စောင်းထိုးရင်း ပြောလိုက်သောအခါ ဆရာ့မျက်နှာရွှင်လာပြီး–

"သွားရမှာတောင် ရှက်လာပြီ"

"အမယ်လေးနော် ဒါဆို မသွားနဲ့ဝေး"

"လှည်းသွားပြင်မယ်၊ ရင်မွှေးက သမီးအတွက် အသင့်လုပ်ထားနော်"

ဆရာက ပြောပြောဆိုဆိုနှင့် အောက်ဆင်းသွားသောအခါ ရင်မွှေးပြုံးလိုက်မိသည်။ ကလေးအတွက် အနီး၊ အကျီနှင့် နို့မှုန့်တို့ကို အပြည့်အစုံထည့်ပြီး ကိုယ့်ကိုယ်ကိုယ်အလှပြင်ရသည်။

ချစ်သူနှင့်အတူယှဉ်တွဲသွားရမည့် မိန်းကလေးတိုင်း လှချင်ကြသည်မှာအထူးအဆန်းမဟုတ်ပေ။

"ရင်မွှေး ထမင်းချက်ပြီးပြီလား။ ဟား . . . အတော်ပဲ ချဉ်ပေါင်ကြော်ထားတာကိုး။ ဆရာထည့်ယူခဲ့မယ်နော်။ လမ်းမှာ စားရအောင်။ မစားဖြစ်လည်း ဟိုရောက်တော့ အဆင်သင့်ဖြစ်တာပေါ့"

"ဟုတ်ကဲ့ ရင်မွှေးလည်း မစားရသေးဘူး။ အကုန်လုံးသာ ထည့်တော့ ဆရာရေ့"

အတူနေ ဇနီးမောင်နှံများကဲ့သို့ မိမိတို့နှစ်ဦးသည် လွတ်လပ်ပျော်ရွှင်မိသည်။

ဆရာက အိမ်တံခါးများကို လိုက်ပိတ်နေစဉ် နော်ရင်မွှေး အလှပြင်၍ ပြီးသွားလေသည်။ အိမ်တိုင်တွင် ချိတ်ထားသော တိမ်ပြာနှင့်မှိုင်းညို

ညီနောင်ကို ချူမျှားဆွဲပေးရန်အတွက် ချူမျှားကိုပါ ယူလာသည်။

အပါးမြတ်နိုးသော ထိုညီနောင်ကို အပါးရှိစဉ်ကကဲ့သို့ မြတ်မြတ်နိုးနိုးထားသည်။

ထို့ကြောင့် အပြင်သွားရမည်ဆိုလျှင် ခေါင်းတခါခါနှင့် အလွန်ပျော်နေတတ်၏။ သူတို့နှစ်ကောင်ကို ခိုင်းရုံသာ သုံးပြီး လှည်းဆွဲရာတွင် အစ်မနှစ်ကောင်သာ အသုံးများ၏။

"ခဏနေဦး ဆရာ။ အရီးတို့အိမ် သွားပြောဦးမယ်"

ဆရာက ပြုံး၍ ခေါင်းညိတ်လိုက်သည်။ အစ်မနှင့်အပါး ဆုံးပြီးကတည်းက အလှအပခြယ်သမှုမရှိသော ရင်မွှေးသည် အခု အလှပြင်ထား၍ ထူးဆန်းသွား၏။ သနပ်ခါး ရေကျဲလေးလိမ်းပြီး ပေါင်ဒါရိုက်ထားဟန်တူသည်။ ထို့နောက် နှုတ်ခမ်းနီ ပန်းနုရောင်လေး ဆိုးထား၏။

ယခင်ကကဲ့သို့ ကျောင်းသူမလေးတစ်ဦး၏အလှမဟုတ်တော့ပေ။ အသက်အရွယ်နှင့်မျှ ရင့်ကျက်တည်ငြိမ်နေလေပြီ။

ဆရာက လှည်းပေါ်မှာ ကလေးချီရင်း အသင့်ထိုင်နေစဉ် ရင်မွှေး ရောက်လာ၏။

"အရီးက နေမြင့်နေပါလားလို့တောင် ပြောလိုက်သေးတယ်။ သူက နည်းနည်းရှည်ရမှလေ"

"ကြည့်စမ်း အရီးကို ခလုတ်တိုက်ပြန်ပြီ"

ရင်မွှေးနှင့် အရီးသည် တကျက်ကျက် ရန်ဖြစ်တတ်၏။ သို့သော် ဆွေမျိုးများဖြစ်၍ ကြာရှည်ငြိုးမထားတတ်ပေ။

ဆရာက နွားဇက်ကြိုးကို ကောက်ကိုင်လိုက်သောအခါ ဆရာ့ရင်ခွင်ထဲမှ ကလေးက လှမ်းဆွဲလိုက်၏။

"ဟော . . . သမီးက လှည်းမောင်းမလို့လား"

ဆရာသည် သူ့တပည့်များကိုသာမက ကလေးတိုင်းကိုပင် သား၊ သမီးဟု ကြင်နာစွာခေါ်တတ်သည်။

ထီးကိုဖွင့်လိုက်သည်။ နွေဦးအစမို့ နေက ပြူထွက်ခါစတည်းက ပူပြင်းနေ၏။

ဆရာ့ရင်ခွင်ထဲမှ ကလေးကို လှမ်းယူလိုက်သောအခါ ကလေးက ဆရာ့အင်္ကျီကို အတင်းဆွဲထား၏။



"ကြည့်စမ်း ကလေးက သိပ်တတ်နေပြီ"

"သူ မလိုက်ချင်ရင် မခေါ်ပါနဲ့ ရင်မွှေးရယ်"

"ဒါဆို ပိုဘက်ရွှေ့ ရင်မွှေး လှည်းမောင်းမယ်"

ဆရာက လှည်းထိပ်မှနေ နေရာရွှေ့ပေးလိုက်သည်။ ရင်မွှေးက လှည်းမောင်းသူနေရာမှ နေရာယူလိုက်စဉ် မနှင်ရသေးမီ နွားညီနောင်က အလျင်စထွက်နေ၏။

စပါးရိတ်သိမ်းပြီးစဖြစ်၍ လယ်ကွက်မှာ ချောမွေ့မှုမရှိဘဲ ကြမ်းတမ်းနေသေးသည်။ ကလေး ကိုယ်လက်နာမှာ စိုးရသည်။ ဆရာ ကောက်ရိုးထူထူ ခင်းပေးထားသည့်တိုင် လှည်းဆောင့်နေ၏။

ကလေးကမူ ဆရာ့ရင်ခွင်ထဲ၌ တခစ်ခစ်ရယ်မောနေ၏။ ထို့အပြင် သူ့သွားဖုံးလေးနှင့် ဆရာ့လက်ဖမိုးကို လှမ်းကိုက်နေသည်ကို ဆရာက သဘောကျစွာ ရယ်မောရင်းက–

"ကြည့်စမ်း ရင်မွှေးရယ်၊ ငယ်ငယ်က ဖော့်ကို ထိန်းခဲ့ရတုန်းကလည်း ဖော်က ဒီလိုပဲ ဆရာ့လက်ကို ကိုက်တယ်"

ဆရာက လွမ်းလွမ်းဆွေးဆွေးလေး ပြောလိုက်သည်။ ဖော့်ကို ချစ်တတ်လွန်းသော ဆရာ့အတွက် စိတ်မကောင်းဖြစ်သွား၏။ သို့သော် ဆရာသည် ကြာရှည်စွာ လွမ်း၍မနေနိုင်။ ကလေးက ဆရာ့လက်ထဲမှ ထီးကို အတင်းဆွဲလုနေပြန်သည်။

ကညင်ချောင်းရိုးလေးကို ဖြတ်ရသောအခါ ဆရာက သဘောကျနေပုံရသည်။ ထိုချောင်းရိုးလေးကို ကျော်ပြီးသည်နှင့် လယ်ကွင်းများ ကျဲသွားသည်။ စိမ့်တောမြေအပိုင်းနှင့် ကျူပင်များ၊ တောကျွဲဆွဲပင်များကိုသာ တွေ့ရ၏။ မိုးအခါတွင် ရေစီးတတ်သော ချောင်းရိုးလေးသည် နွေအခါ၌ လှည်းလမ်းဖြစ်နေ၏။

"ရေက တော်တော်မြင့်တက်ပုံ ရတယ်နော်။ ဒီမှာ အပင်တွေက ရွှံ့တွေလူးနေတာပဲ။ အဖျားပိုင်းအထိကို မြုပ်လိမ့်မယ်"

ဆရာက တောကျွဲဆွဲပင်များ အစိမ်းရောင်ပျောက်၍ ရွှံ့လူးနေသည်ကို ကြည့်ရင်းပြောလိုက်သည်။

"ဟုတ်တယ် ဆရာ၊ ဒါက မိုးအခါ လှေလမ်းဖြစ်သွားတယ်။ နွေအခါ လှည်းလမ်းပေါ့ ဆရာရယ်"

ဟိုဘက်သည်ဘက် ချုံနွယ်များဖုံးနေသည်။ ဆရာက ကလေးငယ်ကဲ့သို့ မမြင်ဖူးသောနေရာ မရောက်ဖူးသောနေရာကို တအံ့တသြ ငေးကြည့်နေ၏။ တစ်ခါတစ်ရံ သစ်ခက်များ လှည်းပေါ်က ဖြတ်သွား၍ ဆရာရော မိမိပါ ခေါင်းငုံ့ရှောင်ရသည်။

နွားညီနောင်မှာ မနင်ရဘဲ အလိုလိုမြူးလာသည်။ ဒီချုံနွယ်တွေကို မြင်တော့ သူတို့မှတ်မိဟန်တူသည်။

"ဟော ဆရာရေ တိမ်ပြာနဲ့ မှိုင်းညိုက မြူးလာတာကြည့်ပါဦး။ သူတို့ဇာတိ ပြန်ရမှာမို့ သိပ်ပျော်နေတယ်ထင်တယ်"

"ဟာ . . . ဒါဆို နော်ရင်မွေးနဲ့ တိမ်ပြာတို့ ညီနောင်က မွေးချင်းတွေပေါ့နော်"

"ဟုတ်တယ်၊ အို . . .ဟုတ်ဘူး ဆရာနော်ရင်မွေးကို နွားနဲ့ နှိုင်းတယ်"

ဆရာက ကြည်နူးစွာ ရယ်မောလိုက်သည်။ ဆရာ ဤကဲ့သို့ ပျော်သည်ကို မြင်ရသောအခါ ရင်ထဲ၌ ချမ်းမြေ့မိ၏။ ဆရာ့သောကများ ပျောက်ကွယ်သွားစေချင်သည်။

"နွားဟာ အသက်သခင်ပဲ ရင်မွေးရဲ့။ နွားနဲ့နှိုင်းတော့ ဘာဖြစ်လဲ"

"ဟင်းနော် နွားစိတ်ပေါက်ပြီး ဆရာ့ကို ဝှေ့လိုက်မှာ၊ ဘာမှတ်လဲ"

ဆရာ့ကို ခေါင်းနှင့်ဝှေ့ရန် ရွယ်ရင်းက နွဲ့လိုက်သည်။ ဆရာက ကြည်နူးစွာ ရယ်မောရင်းက–

"မဝှေ့ပါနဲ့ နွားလေးရယ်။ ရွာကို ရောက်ရင် မြက်ရိတ်ကျွေးပါ့မယ်"

"ကြည့်လေ . . .ဆရာ၊ ပြောလေ . . . ကဲလေ. . . အို"

သစ်ခက်ကို သတိမထားမိ၍ သစ်ခက်နှင့်ငြိကာ ထီးလန်သွားသဖြင့် ဆရာရော မိမိပါ ကမန်းကတန်းလှမ်းဆွဲမိသည်။ ဆရာ့မေးနှင့် မိမိနဖူး ဆောင့်မိသွား၏။

"အို . . . နာသွားလား"

"ဟာ . . .နာသွားလား ကလေး"

နှစ်ယောက်သား ပြိုင်တူပြောမိ၍ ထပ်မံ၍ ရယ်မောမိသည်။ ဆရာ့မေးစေ့ရဲသွားသည်ကို တွေ့ရတော့ စိတ်မကောင်းဖြစ်မိ၏။

"ဆရာ့မေးစေ့က နနလေး နာမှာပေါ့"

"ရင်မွေးနဖူးကလည်း ရဲသွားတယ်။ ဒါပေမဲ့ သိပ်မသိသာဘူး။ မျက်နှာ



က ရဲသွားလို့"

"ကြည့် . . .ဆရာနော်"

ပြောကာမှ ပို၍ရှက်သွားသည်။ မိမိတို့၏ရယ်မောသံကြောင့် ကလေးကလည်း ခိုးခိုးခစ်ခစ်လိုက်၍ ရယ်နေပြန်သည်။

"ရှေ့က ရွာလေးက သဘော်ကျွန်းတဲ့ဆရာ။ သူက သပြေလဟာအုပ်စုပေါ့။ အခု မိဿလင်အုပ်စုကို ကျော်လာပြီလေ။ ခုန ကျန်ခဲ့တဲ့ရွာက ဇီးခုံနဲ့ ပုစွန်မြောင်ပေါ့"

အရှက်ပြေလေး ပြောလိုက်သည်။ ဆရာက ပတ်ဝန်းကျင်အခြေအနေကိုကြည့်ရင်း–

"သပြေလဟာလို့ ဒါကြောင့် ခေါ်တာကိုး။ ကြည့်စမ်း သပြေပန်းတွေ သိပ်ပေါတာပဲ။ ဒါပေမဲ့ သပြေနီတွေ များတယ်နော်"

တစ်နှစ်က မီးရှို့ထား၍ သပြေပင်ငုတ်တိုလေးများတွင် ရွက်နုကလေးများဝေနေ၏။

"အောင်သပြေညိုကို သိပ်မတွေ့ရဘူးနော်"

"ဆရာက အောင်သပြေတို့၊ သပြေနီတို့ ခွဲတတ်သေးတယ်။ ရင်မွေးတော့ မခွဲတတ်ပါဘူး"

"လွယ်ပါတယ် အောင်သပြေညိုက အညိုဘက်ကိုလုပြီး သပြေသီးမှည့်ရောင်နဲ့ အရွက်ကြီးတယ်။ သပြေနီက အနီရောင်လုပြီး အရွက်ညိုတယ်။ ချောတယ်။ ဟောဟိုမှာ အောင်သပြေ။ ကြည့်စမ်း ရဲနေတာပဲ လှလိုက်တာ။ ဒီနားကို မှတ်ထားနော် ရင်မွေး။ အပြန်ကျရင် ခူးစို့။ ရင်မွေးတို့အိမ်မှာ ဘုရားအိုးလဲပြီး အောင်ပါစေလို့ ဆုတောင်းရမယ်"

"ဘာအောင်ပါစေလဲ ဆရာ။ ရင်မွေး စာမေးပွဲအောင်ပြီးပြီ"

"မဟုတ်ဘူး ဆရာတို့ ကြံစည်ထားတဲ့ကိစ္စ အဖျက်ရန်မရှိ အောင်မြင်အောင် ယတြာတို့ ဓာတ်တို့ ဆင်ရမယ်လေ"

"သြော်"

အားပါးတရ ရယ်မောမိလိုက်၏။

"ခဲမှန်ဖူးတဲ့ စာသူငယ်လိုပဲပေါ့ ရင်မွေးရယ်။ မျှော်လင့်ချက် ဆုံးရှုံးသွားဖူးတဲ့လူတစ်ယောက်က နောက်ထပ် မျှော်လင့်ချက်တွေ ထပ်ဆုံးရှုံးသွားမှာကို သိပ်စိုးတယ်"

"ဆရာကလည်း ရင်မွှေးကို မယုံသလိုပဲ။ အားလုံး စီစဉ်ပြီးနေပြီပဲ ဟာ"

ဆရာက သက်ပြင်းလေးသဲ့သဲ့ချရင်းက ကလေး၏ လက်သီးဆုပ်ကလေးကို ကိုင်ရင်း

"သံယောဇဉ်ကြီးမားလွန်းတဲ့ ရင်မွှေးအတွက်ကို စိုးရိမ်တာပါ။ ရင်မွှေးကို ယုံတယ်။ ဒါပေမဲ့ ယှဉ်ပြိုင်မှုဖြစ်လာရင်"

ဆရာက စကားကို လမ်းတစ်ဝက်မှာပဲ ရပ်လိုက်ပြီး မိမိဘက်သို့ ထီးကိုငဲ့စောင်းပေးလိုက်သည်။ ဆရာ့စကားကို နားစွင့်နေသော်လည်း ဆရာက ဘာစကားမျှ ဆက်မပြောတော့ပေ။

"ဟော . . . ရင်မွှေးရေ ဟိုမှာ သစ်ခွပန်းလေး လှလိုက်တာ။ လှည်းရပ်ပါဦး"

ဆရာက သမီးအား မိမိထံထိုးပေးပြီး လှည်းပေါ်မှ ကမန်းကတန်း ခုန်ဆင်းလိုက်သည်။ သဖန်းပင်တွင် တွယ်ကပ်ပေါက်နေသော ရတနာရွှေခက်သစ်ခွပန်းလေးကို သစ်ပင်ပေါ်တက်၍ ခူးလိုက်သည်။

"ဆရာရယ် ငါးပတ်အိုင်ရောက်ရင်လေ ပန်းတွေ အများကြီး တွေ့မှာပါ"

ဆရာ့အပြုအမူကို သဘောကျစွာ ရယ်မောရ၍ ပြောမိသော်လည်း ဆရာက မျက်မှောင်ကြုတ်ပြီး–

"တစ်ကမ္ဘာလုံးမှာ ပန်းတွေပေါမှန်း လှမှန်းတော့ သိတာပေါ့ခင်ဗျား။ ဒါပေမဲ့ ကိုယ့်ချစ်သူပေးတဲ့ ပန်းနဲ့တူလို့လား။ ရော့ . . .ပန်ချင်ပန် မပန်ချင်ရင်လွှင့်ပစ်လိုက်"

ဆောင့်ဆောင့်အောင့်အောင့် ပြောလိုက်သော ဆရာ့စကားကြောင့် ခစ်ခနဲ တစ်ချက် ရယ်မိသည်။ ဆရာသည် ဤကဲ့သို့ တစ်ခါမျှ မနွဲ့ဖူးပေ။ သူ့ပန်းလေးကို ပန်လိုက်မှ ကျေနပ်သွားသည်။

"ကလေးကို ရင်မွှေးပဲ ချီထားမယ်။ ဆရာ လှည်းမောင်းတော့နော်"

နေကား တော်တော်လေးပူလာသောကြောင့် ခြင်းထဲမှ အနီးစတစ်စကို လှမ်းယူပြီး ကလေးကို ထပ်မိုးပေးသည်။

"ဆရာ ရင်မွှေး အသင့်ဖြစ်ပါပြီ။ လှည်းနှင်တော့လေ"

ဆရာ့နောက်ကျောမှ ထိုင်ပြီး ဆရာ့အား ထီးမိုးပေးလိုက်သည်။



"ရင်မွှေး"

"ရှင်"

"ဆရာ့မျက်ကွယ်မှာ ဘာလို့ ထိုင်နေရတာလဲဟင်"

ဆရာ့စကားကြောင့် ရင်ထဲမှာ နွေးသွားသည်။

"ဩော် . . . ဆရာ့ကို နေပူမှာစိုးလို့ နောက်ကနေ ထီးမိုးပေးမလို့လေ"

"ပူချင်ပူပါစေ ဆရာမြင်နေရတဲ့ နေရာမှာပဲ ထိုင်ပါကွယ်"

ဆရာ့အလိုကျ ဆရာ့ဘေးသို့ ပြောင်းထိုင်လိုက်သော်လည်း ဆရာ့မျက်နှာမကောင်းပေ။ ဘာစကားမျှမပြောဘဲ ငြိမ်နေသည်။

"ဆရာ ရှေ့က ရွာက ရွာမကြီးလေ။ အဲဒါက သပြေလဟာအုပ်စုပဲ။ ငါးပတ်အိုင်ရယ်၊ ရွာမကြီးရယ်၊ သဘော်ကျွန်းရယ်၊ သာယာကုန်းရယ်၊ ဘုရားကုန်းရွာရယ်က တစ်စုတည်းပဲလေ။ နန္ဒမိတ်ကျေးရွာပါတဲ့ မိဿလင်ကျေးရွာအုပ်စုရယ်၊ ငါးမြစ်ချင်းရယ်၊ သပြေလဟာ အုပ်စုရယ်က သုံးပွင့်ဆိုင်လေ။ ဆရာတို့နေတဲ့ ငါးမြစ်ချင်းကျတော့ ကျေးရွာခွဲ မရှိဘူး။ ရွာကြီးတစ်ရွာပဲရှိတာ"

ဆရာက ငြိမ်သက်နေဆဲ တစ်စုံတစ်ခုကို စဉ်းစားနေဟန်တူသည်။

"ရင်မွှေးတို့ ငါးပတ်အိုင်ရွာကျတော့ သပြေလဟာရဲ့ နယ်နိမိတ်အစွန်ဆုံး။ ကညွတ်ကွင်းရဲ့ နယ်နိမိတ်အစွန်ဆုံးပဲ ဆရာရဲ့"

ပြောရင်းက အပါးကို သတိရမိသည်။ ဝေးလံလွန်း၍ ဘယ်သူမျှ မရောက်ဖူးကြပေ။ ရောက်သည့်သူ အလွန်ရှား၏။ သို့သော် ငါးပတ်အိုင်ဇာတိ ကရင်လူမျိုးများသည် ငါးပတ်အိုင်ကို အလွန်တွယ်တာကြသည်။ စွန့်ခွာသွားသူနည်းပြီး ရွာကို ခံမင်စွာ စွဲမြဲနေထိုင်ကြ၏။ အစ်မတာဝါးမနှင့် အပါးလည်း ရွာကိုတွယ်တာကြ၏။ သို့သော် မိမိပညာရေးကိုငဲ့၍ နန္ဒမိတ်ရွာသို့ ပြောင်းလာခြင်းဖြစ်သည်။

အပါးရှိစဉ်က ငါးပတ်အိုင်တို့ မကြာခဏသွားသည်။ မိုးတွင်းရေများ ဖုံးလွှမ်း၍ အစားအသောက် ရှားပါးသောအချိန်တွင် စားစရာများကို မြို့မှဝယ်ပေးပြီး လှေလေးတစ်စီးနှင့် သွားရောက်ထောက်ပံ့ပေးသည်။

နန္ဒမိတ်သူအမေသည် ငါးပတ်အိုင်တွင် ပျော်မွေ့အောင် ကြိုးစား၍ နေသေးသည်။ သို့သော် ဆေးမရောက်သောဒေသမို့ ငါးပတ်အိုင်မှာပင် အမေ ခေါင်းချသွား၏။ အမေ မသေမီ သားသမီးများ၏ နောင်ရေးကိုငဲ့

ကာ ငါးပတ်အိုင်ကိုစွန့်ခွာရန် အပါးနှင့်အစ်မအား တဖွဖွမှာခဲ့သည်။

ငါးပတ်အိုင်ရွာတည်နေပုံသည် ဒယ်အိုးသဏ္ဌာန်ဖြစ်၍ တစ်မိုးတွင်းလုံး ရေဖုံးနေသည်။ ထိုအခါ ကျွဲနွားများအား မိုးမကျခင်ကတည်းက ကုန်းမြေမြင့်များသို့ ပို့ထားရသည်။ ကုန်းဘက်ကျသော လယ်များဆီသို့ လှေနှင့်သွားရသည်။ တစ်မိုင်နီးပါးခန့် ဝေးကွာ၍နေ၏။ ဤရေကိုသာ သုံးပြီး ဤရေထဲတွင်သာ အညစ်အကြေးစွန့်ရသည်။ စာသင်ကျောင်းမရှိပေ။ ဘုရားရှိခိုးကျောင်းတွင်သာ စာသင်ရသည်။ အစ်မတာဝါးမ စာသင်တုန်းက ရွာမကြီးသို့ သွားသင်ရ၏။

ငါးပတ်အိုင်သည် မိုးတွင်း၌ ရေလွှမ်းသော်လည်း နွေအခါတွင် ရေခန်းခြောက်၍ ပပ်ကြားအက်မြေ ဖြစ်ခဲ့တော့သည်။ ရေလည်း ရှားသွား၏။ ရေတွင်းတစ်တွင်းကို တစ်ရွာလုံး အားကိုးကြပြီး နံနက်စောစောနှင့် ညနေ၌သာ ရေများစိမ့်ထွက်ပြီး သူ့ထက်ငါအလုအယက် ခပ်ကြရသည်။ ရေနောက်ရလျှင် ရေစစ်အိုးထဲထည့်၍ ရေစစ်ထားကြ၏။ ရေအိုးကြီးကို အပေါက်သေးလေးပေါက်ခန့် ဖောက်ပြီး သဲမြေထည့်ကာ ရေစစ်ထားခြင်းဖြစ်၏။

ထို့ကြောင့် အမေသည် သူတစ်ကိုယ်တည်းနေစဉ်က ငါးပတ်အိုင် တွင် ပျော်မွေ့နေသော်လည်း သားသမီးရလာသောအခါ မပျော်တော့ပေ။ အထူးသဖြင့် ကြွေရုပ်ကလေးလို လှနေသော သမီးကြီးတဝါးမကိုကြည့်၍ ပညာတတ်ဖြစ်စေချင်သည်။ ငါးပတ်အိုင်မှာပဲ မြုပ်နှံမနေစေချင် နော်ရင်မွေးကို လွယ်ထားချိန်တွင် အမေသည် ငါးပတ်အိုင်ကို စွန့်ခွာသွားရန် ဆုံးဖြတ်ချက် ချလိုက်၏။

သို့သော် နော်ရင်မွေးကို မွေးပြီး မကျန်းမာသောကြောင့် နန္ဒမိတ်သို့ အမေ မရောက်လိုက်ပါ။ အမေ ဆုံးသွားပြီးနောက် အမေ့ဆန္ဒအရ အပါးသည် ပျော်ရာမှာမနေဘဲ သင့်တော်ရာကိုသာ ရွေးချယ်ရသည်။

အမေရည်ရွယ်သကဲ့သို့ အစ်မတာဝါးမသည် ပညာတတ်တစ်ယောက် မဖြစ်တော့ဘဲ အိမ်ထောင်ဦးစီး လယ်သူမတစ်ဦးသာ ဖြစ်တော့သည်။ အပါးလည်း လေမိသွားသောကြောင့် ခြေတစ်ဖက် မသန်တော့ပေ။

"အင်း. . ."

သက်ပြင်းရှည်ကြီး ချလိုက်မိသည်။



"နော်ရင်မွေး"

"ရှင်. . ."

အနားမှ ဆရာ၏ ခေါ်သံကြောင့် ရုတ်တရက် လန့်သွားသည်။

"ဘာတွေ တွေးနေတာလဲဟင်၊ ပျော်စရာဖြစ်အောင် ခရီးထွက်လာပြီပဲ ကလေးရယ်"

"အပါးနဲ့ အစ်မကို သတိရလို့ပါ။ သူတို့ဆုံးပြီးမှ ငါးပတ်အိုင်ကို တစ်ခေါက်မှ မရောက်ဖြစ်ဖူးဘဲ"

"ကဲ. . . အခု၊ အစ်မနဲ့ အပါးအစား ဆရာနဲ့ ကလေးပါလာပြီပဲ။ ပြည့်စုံပြီပေါ့။ ဟောဗျာ သမီးက ဒီလောက် လှည်းဆောင့်နေတာတောင် အိပ်ဖြစ်အောင် အိပ်လိုက်သေးတယ်ဗျ"

ဆရာက ကလေးအနှီးကို လှပ်ကြည့်ရင်း ရယ်မော၍ စိတ်ကိုဖြေသာအောင် ကြံဖန်ပြောလိုက်သည်။

"ဩော်. . . ဆရာတစ်ခု စဉ်းစားမိတယ်၊ ရင်မွေးတို့ ရွာမှာက ရေဖုံးနေတယ်နော်။ ရွာပတ်ပတ်လည် ရေတွေချည်းပဲ နေမှာပဲ"

"အင်းလေးလိုပဲပေါ့"

"အဲဒါဆို အဲဒီရေပဲသုံး"

"အဲဒီရေပဲချိုးပေါ့။ ရင်မွေး ခုနစ်နှစ်သမီးရောက်မှ ပြောင်းလာတာလေ၊ ရင်မွေးကောင်းကောင်း မှတ်မိတယ်။ အဲဒီရေပဲချိုးတာ။ ရေထဲမှာ လျှောက်ဆော့ရတာ အားကြီးပျော်တာပဲ။ အစ်မက သိပ်စိုးရိမ်တာ။ ခဏခဏဆူတယ်။ လှေတွေနဲ့ လျှောက်ဆော့တာလေ။ ကြီးတဲ့အထိတောင် ငါးပတ်အိုင်ကို အပါးနဲ့လိုက်သွားရင် သိပ်မကြိုက်ချင်ဘူး။ ရေကို စိုးရိမ်လို့လေ"

အစ်မကား ရောင့်ရဲတင်းတိမ်၍ အေးချမ်းလွန်းသော ငါးပတ်အိုင်ကို မနှစ်သက်ပေ။ အစ်မသည် အမေကဲ့သို့ မျှော်လင့်ချက် ကြီးမားလွန်းသည်။ ကိုယ့်အတွက် အကျိုးဖြစ်မည်ဆိုလျှင် စွန့်စွန့်စားစားသွားဖို့ ဝန်မလေးခဲ့ပေ။ အစ်မ၏ စီးပွားရေးလုပ်ငန်းသည် ကညွတ်ကွင်းမြို့ပေါ်အထိ ကျယ်ပြန့်၏။ ဟာလာ ဆန်ကြိတ်စက်တစ်ခုနှင့် ဆီဆုံတစ်ခု၌ပင် အစုဝင်ထားသည်။ ထို့ပြင် စစ်တောင်းမြစ်ကိုဖြတ်၍ ကျောက်ကြီးမြို့အထိ သွားပြီး စွန့်စွန့်စားစား စီးပွားရှာဖူးသည်။

မိမိသည် ကျောက်ကြီးမြို့ကို တစ်ခါမျှ မရောက်ဖူးပေ။ ကွင်းဆူသောကြောင့် အစ်မက တင်းတင်းကျပ်ကျပ် တားမြစ်ထား၏။

"ဟာ. . . ဟိုမှာ ကြည့်စမ်း ရင်မွေး။ ငှက်ကလေးနှစ်ကောင် တွေ့လား"

သပြေပင်ပေါ်တွင် နားနေသော ဆက်ရက်ကလေး နှစ်ကောင်ကို တွေ့၍ ဆရာက ဝမ်းသာအားရ ညွှန်ပြလိုက်သည်။

"နှစ်ကောင်တွေ့ရင် ပျော်ရမယ်တဲ့။ ဆရာတော့လေ ထွက်လာကတည်းက ပျော်တယ်။ ရင်မွေးက မပျော်လို့လားဟင်"

"ပျော်ပါတယ် ဆရာရယ်။ ငါးပတ်အိုင်ရွာအကြောင်း တွေးမိရင် သိပ်ပျော်တာပေါ့ဆရာရယ်။ နွေမှာ ပန်းတွေဝေပြီး မိုးမှာ ရေတွေဖွေးနေတာ တွေ့ရင် သိပ်ပျော်တာပေါ့"

"အဲဒါဆို အပေါ့အပါး ဘယ်မှာသွားလဲဟင်"

ဆရာ့အမေးကြောင့် မိမိကြောင်သွားသည်။ နောက်မှ အားပါးတရ ရယ်ရင်းက–

"အဲ. . . ရေထဲမှာပဲ သွားပေါ့"

"ဟာ. . . ဒါဆို အဲဒီရေကိုပဲ ရေချိုး ရေသုံးပေါ့"

"အမေ့. . . "

နှစ်ဦးသား အားပါးတရ ရယ်မောနေစဉ် ရုတ်တရက် လှည်းထဲကို လှည်းပြေးဆင်း၍ လန့်သွားသည်။ ဆရာ့ဘက်သို့ ယိုင်သွား၏။ ဆရာက မိမိလက်မောင်းကို အသာလေး ထိန်းပေးလိုက်သဖြင့် ရင်ထဲမှာ သိမ့်ခနဲ ဖိုလှိုက်သွားကာ ကလေးကို ငုံ့ကြည့်လိုက်၏။ ကလေးက ခဏလေးလွန့်ပြီး ပြန်အိပ်သွား၏။

"ရောက်ခါနီးပြီ ဆရာရေ့"

ရွာမကြီးကို ကျော်လွန်လာသည်နှင့် သပြေပင်စုတို့ ပျောက်ကွယ်ကာ ကျွဲဆွဲပင်များ ပြန်တွေ့ရ၏။ မြေမှာ ပပ်ကြားအက်နေသည်။ သစ်ပင်ကြီးများတွင် ကပ်ပေါက်နေသော သစ်ခွပင်များကို တွေ့လာရ၏။

ရွာထဲသို့ ဝင်လာသောအခါ သစ်ပင်တိုင်းတွင် သစ်ခွပန်းများ အခဲလိုက် အဆုပ်လိုက် ပွင့်နေကြ၏။ ရတနာ ရွှေခက် လက်တံရှည် ကျားမျက်လုံး၊ ကြက်တူရွေးပန်း စသော ပန်းများက အလေ့ကျပေါက်ကာ ပွင့်နေသည်။ ပန်းဝါများက ပိုများ၏။



"လှလိုက်တဲ့ ပန်းတွေကွာ"

ဆရာက ရင်သပ်ရှုမော ပြောလိုက်သည်။

"ဒီလိုဆိုတော့ ဆရာခူးပေးတဲ့ပန်းက အပွင့်သိပ်မလှဘူးနော်။ ဟိုက ပန်းတွေက ပိုလှတယ်"

မည်သို့သော ပန်းအလှများကို တွေ့စေကာမူ ဆရာခူးပေးသော ပန်းကလွဲ၍ ဘာပန်းမျှ ခူးမပန်တော့ပေ။ နေ့လယ်တွင် ပန်းကိုဖြုတ်ပြီး ရေအိုးထဲ ထည့်ထားသည်။ ပန်းကို မမြင်တော့ ဆရာ့မျက်နှာ မကောင်းပေ။ သို့သော် ဘာမျှမမေး။ ညနေ ပန်းလေးလန်းလာသောအခါ အိမ်အပြန် ရေချိုးအလှပြင်ပြီး ပန်းလေးပန်လာတော့ ဆရာ့မျက်နှာ ဝင်းပလာ၏။ ထို ပန်းလေးကို မိမိအသက်နှင့်ထပ်တူ မြတ်နိုးစွာ သိမ်းထားမည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။

အမျိုးများက မိမိနှင့်ဆရာ့အား လိုက်ဖက်ညီသောအတွဲအဖြစ်သတ်မှတ်ပြီး မိမိတို့မင်္ဂလာဆောင်အတွက် လက်ဖွဲ့ရန် ဝက်ကိုပင် လျာထားကြသည်။

ရိုးသားသော ကရင်ရွာသားများအကြားတွင် ဆရာက ရွှေမင်းသားလေးတစ်ပါးနှယ် အားလုံးက ဝိုင်း၍ အရေးပေးခြင်း၊ ဂုဏ်စမ်းခြင်းခံရ၍ ဆရာ့ခမျာ မနေတတ်မထိုင်တတ် ဖြစ်ရသည်။

ထို့အပြင် မိမိအကြိုက်ကို သိတတ်လွန်းသောဆရာသည် သစ်ခွပင်များကို ကိုယ်တိုင်ကိုယ်ကျ ဖြုတ်ယူပြီး ပန်းများကိုမူ ငှက်ပျောဖက်နှင့် ထုပ်ထား၏။

လမ်းမှာ မစားဖြစ်သော ချဉ်ပေါင်ကြော်နှင့် ရွာမှ ငါးပိရည်တို့စရာတို့ကို ဆရာက အားပါးတရ မြိန်ရေရှက်ရေစားသောကြောင့် ရွာသား များက အလွန်သဘောကျသည်။

သူတို့တည်သော ကွမ်းကိုလည်းစားသည်။ ရေနွေးကြမ်းနှင့် မရွေးကိုလည်း စားပြသည်။ ဆရာ့အမူအရာသည် သူတို့နှစ်ခြိုက်ဖွယ်ချည်းသာဖြစ်၏။ ဆရာကလည်း ရွာထဲလှည့်ကြည့်ရင်း သဘောကျနေသည်။

"ရင်မွေးတို့ရွာလေးက အဆင့်မြင့်တယ်နော်"

အားလုံးအမြင့်ခုနစ်ပေခန့် ခြေတံရှည်အိမ်များဖြစ်ပြီး အိမ်အောက်သုံးပေအကွာအနိမ့်တွင် ကြက်၊ ဝက်များ ကြမ်းခင်းနှင့်ထားပြီး ကြက်၊ ဝက်

များက လှေကားအတက်အဆင်း ပြုလုပ်ကြ၏။

ဤသည်ကိုကြည့်၍ ဆရာက သိပ်သဘောကျနေ၏။ ရေကျသွားသောမြေမို့ တစ်ရွာလုံးသည် အင်္ဂတေကိုင်ထားသကဲ့သို့ တင်းမာနေ၏။

ဆရာက အားလုံးကို ကျေနပ်သဘောကျသော်လည်း ကျောင်းဆရာပီသစွာနှင့် ကျောင်းမရှိသည့်အဖြစ်ကို ဘဝင်မကျပေ။

အပြန်ခရီးတွင် အသွားခရီးထက်ပို၍ သွက်လက်ပျော်ရွှင်နေ၏။

"ဒီပန်းတွေလည်း ပန်ဦးလေ။ ဆရာ ခူးပေးတာပဲ"

ပန်းဝါဝါများကို မိမိခေါင်းပတ်ပတ်လည်ထိုး၍ လိုက်ပန်ပေး၏။ ဆရာ ချစ်ခင်မှုအပြုအမူကို ဒီတစ်ခါသာကြုံဖူး၍ ကြည်နူးမိသည်။

ဆရာက ဓက်ကြိုးကိုင်၍ ကဗျာလေးတစ်ပုဒ် ဆိုပြပြန်သည်

"ထမ်းပိုးကို အတူရုန်းလို့၊ ပခုံးထက်တင်ဆောင်၊
နွားညီနောင်ပြေး။
ဖုန်လုံးရယ်ထပါလို့၊ လှည်းယဉ်ငယ်
မာန်ကြွကြွ၊ ဟန်ရေးပြလေး။
ချုံသံမှာ ချွင်ချွင်နှောက်လို့
ခလောက်သံလွင်လွင်၊ လှည်းယဉ်ကကြော့၊
ပျိုတို့မောင် သျှောင်တစောင်းလည်း၊
ကြိမ်တံကို တစ်ချောင်းနှင့် မောင်းလိုက်လေပေါ့။
မောင်ခေါ်ရာလိုက်ခဲ့တဲ့၊ နှန်းမကိုင်ပျိုမဒီ၊
လှည်းယဉ်တော်ကြော့ကြော့လေးမှာ၊
ငေးမော့ဟန်ချီ။
ထီးဆောင်းလျက်ကယ်နှင့်၊ မျက်လုံးလဲ့ရီ၊
ရွှဲကြည်လို့မှုပါသေး။
နွားငေါက်သလိုလိုနှင့် လှည်းနောက်ကို ခိုးကာကြည့်၊
လူမိမယ်လေး။

ဆရာက ပျော်ရွှင်မြူးထူးနေပုံရသည်။ ပြီးတော့ မိမိမျက်နှာကို မကြာခဏ ခိုးခိုးကြည့်ရင်း–

"ရင်မွေး ဆရာတော့လေ ဒီလိုသွားနေရတာ သိပ်ပျော်တာပဲ။ မင်းနဲ့ လက်ထပ်ပြီးရင် ဆရာတို့ရွာတွေကို ခုလိုပဲသွားမယ်။ အဲဒီအခါကျရင်



သမီးက စကားတတ်ရောပေါ့နော်၊ ဆရာတို့ မင်္ဂလာဆောင်တဲ့နေ့ကို တစ်နှစ်နောက်ဆုတ်ထားပြီး ဆရာတို့သမီးပဲ ပြောတာပေါ့နော်"

ဆရာက သမီးအား ငုံ့နမ်းရင်းက မိမိအားကြည့်ပြီး တိုးတိုးလေး ပြောလိုက်သည်။ ဆရာ့မျက်လုံးလေးများက နေရီရီအောက်တွင် တလဲ့လဲ့ တောက်ပနေသည်။ နော်ရင်မွေးရင်ထဲမှာ တသိမ့်သိမ့် ခုန်နေ၏။

"အိုး. . .ဆရာရယ် ဘာကြည့်နေတာလဲ နွားတွေ ချုံတိုးကုန်ပြီ"

ရှက်ကိုးရှက်ကန်းနှင့် ဆရာ့လက်မောင်းကို ဆွဲဆိတ်လိုက်သည်။ ဆရာက ရယ်မောရင်းက–

"တကယ်ကွာ။ ရန်ကုန်မှာနေတုန်းက မင်းကိုပဲသတိရနေတာ။ နီးနေတုန်း ဘာမှမဟုတ်ဘူး။ ဝေးသွားမှ သိပ်တွေ့ချင်တာပဲ။ လွမ်းတယ်ဆိုတာ ဒါများလား မသိဘူး"

"ရင်မွေးကလည်း လက်ချိုးစောင့်နေတာပေါ့နော်။ ဆရာက တစ်ပတ်ပဲ ကြာမယ်ဆိုပြီး ဆယ့်နှစ်ရက်လောက်တောင် ကြာသွားတော့ အရမ်းစိတ်ပူတာပဲ"

အားကျမခံ ပြန်ပြောလိုက်သောအခါ ဆရာက မိမိအား မြတ်နိုးယုယစွာ ကြည့်နေသည်။

ထိုအခါ ရှက်စိတ်နှင့် မျက်စောင်းထိုးရင်း နွားဇက်ကြိုးကို ဝင်ဆွဲလိုက်၏။

ထိုအခါမှ ဆရာက ရှက်ကိုးရှက်ကန်း ပြုံးလိုက်၏။

တဖြည်းဖြည်းနေစောင်းလာသည်။ တိမ်တောက်ချိန် ဖြစ်သောကြောင့် တစ်လောကလုံး ပုစွန်ဆီသွေးများ ယိုဖိတ်ကျနေသည့်အလား တောက်ပနေ၏။ ဆရာက လှည်းကိုဖြည်းညင်းစွာ နှင်နေသည်။

ရွာနားရောက်လာသောအခါ ဆရာက လှည်းကိုမောင်းရင်းက–

"ခုနက ကဗျာလေးကလေ ဆရာရထားပေါ်မှာ ဖတ်လာခဲ့တဲ့ ကဗျာဆရာ မောင်ကြင်နွယ်ရဲ့ လှည်းယဉ်ကျော့ကျော့ ကဗျာလေးပဲ။ မဆုံး သေးဘူး ဆက်ရွတ်ပြမယ်နော်"

အုံ့ဆိုင်းသော ကုက္ကိုပင်ရိပ်အောက်တွင် လှည်းကို တုံ့ခနဲရပ်ရင်းက သမီးအား နမ်းရင်း မိမိပါးကို နမ်းလိုက်သည်။

ရင်ထဲတွင် ပြောင်းဆန်အောင် လှုပ်ရှားသွားပြီး ဆရာ့ရင်ခွင်ထဲ မျက်နှာ

ဇ၇က်ထားမိ၏။ ယခုကဲ့သို့ တစ်ခါမျှ အနမ်းမခံရဖူးပေ။

ဆရာက မိမိနဖူးကို သူ့ပါးနှင့်ကပ်ထားရင်း ပေွးမွေ့ကာ–

"ရှက်နေတဲ့ ကောင်မလေးကို ကဗျာဆက်ရွတ်ပြမလို့ပါ"

"မှောင်ရိပ်ကွယ်၊ လှည်းယဉ်အောက်က

နှစ်ယောက်ချင်း ချိန်းတွေ့ဆုံ၊

ပြောစရာနှုတ်ကဆိတ် ဒိတ်ဒိတ်ရင်ခုန်၊

ငွေလရယ်မှုန်၊ ကြယ်စုံလို့ လေချိုသွေး၊

ပျိုထိတ်တယ်မောင်ရယ်တဲ့၊

နှောင်တကယ် သွေ့မပစ်ဖို့၊ ရွှေသန္တာအတူထားလို့၊

နပါးကိုမွှေး . . ."

□

## အခန်း ၉

"အို . . ."

ရှုတ်တရက် လန့်သွားသည်။ ပါးတစ်ဖက်မှ ရှေ့ခနဲဖြစ်သွား၍ မျက်လုံးဖွင့်ကြည့်လိုက်၏။

"မိုး . . . အိပ်နေတာလားဟင်"

ကလေးမျက်နှာကို တွေ့လိုက်ရ၍ ရင်ထဲအေးမြသွား၏။

"အင်းပေါ့၊ ကလေးက လာနှိုးတော့ နိုးသွားတာပေါ့"

"ကန်တော့နော်မိုး၊ ကလေးက မိုးပြုံးနေလို့ မအိပ်ဘူးမှတ်နေတာ အိပ်မက်မက်ပြီး ပြုံးနေတာလား"

ကလေးစကားကြောင့် ရှုတ်တရက် မျက်နှာတစ်ခုလုံး ထူပူသွားပြီး ဒေါက်တာဟန်ကြည်ကို မလုံမလဲ လှမ်းကြည့်လိုက်မိသည်။ ဒေါက်တာ ဟန်ကြည်က ပြုံးရယ်နေပြီး–

"ဟုတ်တယ် အစ်မပြုံးလိုက်တယ်။ ပြုံးတာမှ ရှက်ပြုံးဗျ ကေနွယ်တော့"

"အို . . . မဟုတ်ရပါဘူး ဒေါက်တာရယ်။ ကျွန်မ တစ်ခါတလေ အိပ်ပျော်ရင်း ရယ်တတ်ပြုံးတတ်လို့ပါ"

ဣန္ဒြေဆယ်ပြီး တင်းထားသော်လည်း မျက်နှာတစ်ခုလုံး ပူထူနေ၏။

"ဆိုးလိုက်တာဆရာရယ်၊ အတိတ်ထဲက အနမ်းလေးတစ်ခုနဲ့တောင် ရင်ခုန်နေရပါလား"

"ကလေးဟိုမှာ တွေ့လား ကမ်းနီရွာလေးလေ။ သိပ်သာယာတာပဲ ကလေးရဲ့"

ဒေါက်တာဟန်ကြည်က စကားလွှဲလိုက်ပြီး လက်ယာဘက် ကမ်းပါးကို ညွှန်ပြလိုက်သည်။

ကမ်းနဖူးပေါ်တွင် အုံ့အုံ့ဆိုင်းဆိုင်းရွာလေးကို လှမ်းတွေ့၏။ ကြီးမားသော ကုက္ကိုပင်ကြီးအောက်တွင် ရွာကျက်သရေ မူလတန်းကျောင်းလေးကို တွေ့လိုက်ရသည်။ အိမ်လေးများမှာ ခြေတံရှည်လေးများပင်ဖြစ်သည်။

"ကျောင်းလေး ထင်တယ်နော် ဦးဦး"

"ဟုတ်တယ် ကလေးရဲ့။ ဟိုမှာ ကြည့်ပါဦး ကမ်းနီဘုရားလေ။ တပေါင်းလ ဘုရားပွဲလုပ်ရင် သိပ်စည်တာပဲ"

ကုန်းမို့မို့ပေါ်တွင် တည်ထားသော ထုံးဖြူဖြူစေတီကြီးတစ်ဆူကိုတွေ့ရသည်။ စောင်းတန်းတစ်လျှောက် လှေကားအဆင်းသည် ကမ်းခြေဘက်သို့လှည့်ထားပြီး ကြီးမားသော ခြသေ့်နှစ်ကောင်က မြစ်ကမ်းဘက်သို့ ခုန်ချတော့မယောင်ယောင်နှင့် လွှန်စွာလက်ရာမြောက်လှသည်။ ရှေးဘုရားတစ်ဆူဖြစ်ကြောင်း ဒေါက်တာဟန်ကြည်က ပြောပြနေ၏။

"ပွဲတော်ဆိုရင် ဒီဘုရားပတ်ဝန်းကျင်မှာ လှေတွေ ပြည့်နေတာပဲ။ တောင်ကုန်းအဆင်းတွေမှာ လှေကားတွေ လုပ်ထားတယ်။ ရွာဘက်ကတက်ရင် ပြေပြေလေးပဲ ကလေးရဲ့"

တောင်ခြေတွင် ရုပ်ပွားတော်တစ်ဆူ အမိုးမိုးထားပြီး ကမ်းခြေဘက်သို့ မျက်နှာလှည့်ထား၏။

"အဲဒီ ရုပ်ပွားတော်ရှိတဲ့ ဇရပ်လေးမှာ ဘုရားဖူးလာသူတွေ အပန်းဖြေနားဖို့ ဘုရားကို အာရုံပြုဖို့အတွက် အကောင်းဆုံးပဲ"

"သိလား အစ်မရေ၊ ဘုရားကုန်းတော်ပေါ်ကနေ ကြည့်ရင် သိပ်လွမ်းဖို့ကောင်းတာပဲ။ တွေးချင်ရာတွေး၊ ငေးချင်ရာငေးနဲ့ စိတ်ကူးယဉ်လို့ သိပ်ကောင်းတာပဲ။ အစ်မကို ကျွန်တော် တစ်ခါလောက်တော့ လိုက်ပို့ဦးမှပဲ"

ဒေါက်တာဟန်ကြည်က သူ့ဘက် မြားဦးလှည့်ကာ စလိုက်သည်။

"ဒေါက်တာကြီးရေ စိတ်ကူးယဉ်တယ်ဆိုတာ မဖြစ်နိုင်တာကို စိတ်ကူးယဉ်တာရယ်၊ မဖြစ်သေးတာကို ကြိုတွေးတာရယ်ကို စိတ်ကူးယဉ် တာလို့ ခေါ်တယ်နော်။ ကျွန်မ အဲဒီလို မယဉ်တတ်ဘူးရှင့်"



ဒေါက်တာ ဟန်ကြည့်စကားကို ပြန်လည် ချေပလိုက်သောအခါ ဒေါက်တာဟန်ကြည်က ပခုံးနှစ်ဖက်ကို တွန့်လိုက်ပြီး–

"အစ်မ စိတ်ကူးမယဉ်တတ်ပါဘူး။ အတိတ်ကို ပြန်သတိရပြီး တွေးမိတာပေါ့"

ကလေးဆန်ဆန်နှင့် ကပ်သီးကပ်သပ်ပြောသော ဒေါက်တာဟန်ကြည့် စကားကြောင့် သက်ပြင်းသဲ့သဲ့ချပြီး အလျှော့ပေးလိုက်သည်။

"ဦးဦး ကြည့်ပါဦး၊ ရေက နှစ်ရောင်ဖြစ်နေတယ်"

ကလေးက ဒေါက်တာ့လက်ကိုဆွဲပြီး ညွှန်ပြလိုက်၍ စကားပြတ်သွားသည်။

ကမ်းနီဘုရားကုန်းဘေးကွေ့မှ ရေသည် ကြည်စိမ်းနေသည်။

"အဲဒီက ရေစိမ်းက ကမ်းနီချောင်းလို့ ခေါ်တယ် ကလေးရဲ့။ တောင်ကျ ချောင်းရေဆိုတော့ ကြည်တာပေါ့။ တောတောင်တွေကို ဖြတ်လာရတော့ ရေမနောက်ဘူးလေ။ ဒီက စစ်တောင်းမြစ်ရေကျတော့ မြို့ရွာအနံ့စီးပြီး စက်လှေတွေ မပြတ်ခုတ်မောင်းနေတော့ ဘယ်ကြည်ပါ့မလဲ"

စစ်တောင်းမြစ်ရေဝါသည် နောက်နေသည်။ မြစ်ရေထဲသို့ ကမ်းနီချောင်းရေစိမ်းက ကွန့်မြူးရစ္စာ စီးဆင်းဝင်နေသောကြောင့် ရေဝါတစ်ကန့် ရေစိမ်းတစ်ကန့် ဖြစ်နေ၏။

ရင်ထဲမှာ အလိုလိုအေးမြသွားသည်။ ဝေး၍ ကျန်ခဲ့သော ကမ်းနီဘုရားကုန်းတော်ကို ငေးမျှော်ကြည့်ရင်းက ဆရာ့ကို သတိရလာပြီး မောဟိုက်လာ၏။

ခြင်းထဲမှ ရေဘူးကိုဖွင့်၍ ရေသောက်လိုက်သည်။ ဖြူးနှင့် တောင်ငူက သိပ်မဝေးလှ။ စစ်တောင်းမြစ်ရေကျော ဆက်နေသည်။

"ယောဗျာ စကားတွေအများကြီးပြောနေတဲ့ ကျွန်တော်တို့ နှစ်ယောက်က ရေမငတ်ရဘူး။ အစ်မက ရေငတ်ရတယ်ဗျာ"

"ဒေါက်တာတို့အစား အာခြောက်လို့ပေါ့"

ရယ်မော၍ ချော်လဲရောထိုင်လိုက်သည်။

ကလေးကလည်း ယခုမှ ရေသောက်ရန် သတိရဟန်ဖြင့် ရေတစ်ခွက် လှမ်းတောင်းလိုက်သည်။

ထို့နောက် ရွှေလေးအင်း အရှေ့ဆင်ရွာ၊ အနောက်ဆင်ရွာ ဟူသော

ရွာကြီးများကို ဖြတ်ကျော်ပြီး ဒိုးအင်းသို့ ရောက်ခဲ့သည်။ ဒိုးအင်းသို့ ရောက်သောအချိန်သည် နေမွန်းတည့်နေ၏။ စဥ့်အိုင်ရွာတွင် ချိန်းထား၍ စဥ့်အိုင်သို့ အလျင်ဆင်းရသည်။

ရေအနည်းငယ် ကျသွားသောကြောင့် နုန်းမြေများက မြစ်ဆိပ်တွင် တင်နေသည်။ ငယ်စဥ်ကတည်းက ရွှံ့နှင့်ရင်းနှီးသော်လည်း မြို့ပေါ်မှာ အနေများသောကြောင့် ရွှံ့ကိုကြောက်မိသည်။

ကလေးကတော့ ငယ်ရွယ်သူပီပီ မိမိလက်ကိုဆွဲ၍ ညွန်ရုန်းရင်း အတော်လေးပျော်နေသည်။

သောင်ပြင်၌ မြေပဲခင်းများကို တွေ့ရသောအခါ အမှတ်မထင် မိမိတို့ နန္ဒမိတ်ရွာမှ မြေပဲခင်းများကို သတိရမိသည်။ ပြီးတော့–

ဘယ်လိုမှမေ့ပျောက်၍မရသော အကြောင်းအရာကလေးများ–

"ဩော် . . . ဆရာရယ် နော်ရင်မွှေးဘဝကို စိုးမိုးလှချည်လား ဆရာ။ အခု ဘယ်များ ရောက်နေပါလိမ့်နော်"

"ဟောဗျာ အစ်မက လမ်းလျှောက်ရင်းများ အိပ်ပျော်နေသလားလို့"

"ဟုတ်ပါရဲ့ အမိုးကလည်း ဦးဦးခေါ်နေတာ ကြာလှပြီ"

ရွှံ့ဖုံးနေသော ညွန်မှကျော်ပြီး မြေပဲခင်းထဲ ရောက်လာမှန်းတော့ သတိထားမိသည်။ ဒေါက်တာဟန်ကြည်စကားပြောသည်ကို မသိလိုက်။ ကိုယ့်အပြစ်နှင့်ကိုယ်မို့ ရယ်မော၍နေလိုက်သည်။

"ကျွန်တော်တို့ ဒိုးအင်းရောက်မှ နားမယ်နော် အစ်မ"

"ဒေါက်တာ စီစဥ်ထားသလိုသာ လုပ်ပါ"

စဥ့်အိုင်ကျေးရွာလူကြီးအိမ်တွင် ခဏနားပြီး အသင့်စောင့်နေသူများကို ကာကွယ်ဆေးထိုးပေးသည်။ လူ ၁၅ ယောက်မှာ ခဏလေးသာ ဖြစ်သည်။ ထို့နောက် ဒိုးအင်းသို့ ခရီးဆက်ရသည်။ ဒိုးအင်းရွာက စဥ့်အိုင်နှင့် မဝေးလှပေ။ မဝါရွာသို့ မသွားတော့ဘဲ ဒိုးအင်းကျေးရွာလူကြီးအိမ်၌ စတည်းချပြီး ကာကွယ်ဆေးထိုးပေးရသည်။ မဝါရွာနှင့်စဥ့်အိုင်မှ ကျန်နေသည့်လူများကိုပါ ဖိတ်ခေါ်၍ ထိုးပေးရသည်။

ကာကွယ်ဆေးသည် အရေးပါကြောင်း သိနေ၍ စည်းရုံးစရာပင် မလိုတော့ပေ။

ထိုမှတစ်ဆင့် ပဒဲသို့ ပိန်းကောလှေလေးနှင့် ကူးရသည်။ သောင်ထွန်း



နေသောကြောင့် လှေကိုကမ်းစပ်မရောက်မီ ရပ်ထားရပြီး ရေထဲဆင်းလျှောက်ရ၏။ ခြေသလုံးခန့်မြုပ်သော ရေထဲတွင် ကလေးပျော်နေ၏။ ကျယ်ပြန့်သော သောင်ခုံကိုတွေ့ရသောအခါ ကလေးက ဝမ်းသာအားရ ပြေးလွှားခုန်ပေါက်လေသည်။

ညနေချိန်ဖြစ်သောကြောင့် ကမ်းစပ်တွင် ရေချိုးနေကြသော ရွာသားများကိုတွေ့သောအခါ ကလေးက အော်ဟစ်ပြီး နော်ရင်မွှေးထံသို့ ပြေးလာလေသည်။

"မိုးရေ၊ ကလေးရေချိုးချင်တယ်။ မြစ်ထဲမှာ ရေချိုးချင်တယ်"

"အို . . .မြစ်ရေထဲ မချိုးရဘူး ကလေးရဲ့"

"ဟင့်အင်း . . .ချိုးချင်တယ်၊ ဟိုမှာ သူများတွေတောင် ချိုးနေပြီပဲ"

"မချိုးပါနဲ့ ကလေးရယ်၊ စစ်တောင်းမြစ်ရေက ဇည့်သည်မချိုးရဘူး"

"ဘာလို့လဲဟင်"

ငယ်စဥ်ကတည်းက အစွဲအလမ်းကလေးတစ်ခုက ပျောက်၍ မသွားပေ။ ကလေးက ပါးစပ်ကလေးဟပြီး တအံ့တဩငေးနေစဥ်–

"အစ်မကလည်းဗျာ ကလေးစိတ်ကို လန့်အောင်မပြောပါနဲ့။ ရေကြောမသိဘဲ ရေဆင်းချိုးတဲ့ ဧည့်သည်တွေအတွက် ရန်များတာပါ။ ရေကြောနားလည်တဲ့ ရွာခံလူတွေနဲ့ အတူတူချိုးရင် ဘာမှမဖြစ်ပါဘူးဗျာ"

ဒေါက်တာဟန်ကြည့်ကိုငေးကြည့်နေမိသည်။ သူသည် ဆရာ့ကဲ့သို့ ဝင်ပြောနေပြီ။

"နားပြီးတော့ ချိုးကြတာပေါ့ ကလေးရယ်"

"ဟေး ဒါမှ တို့အမိုးကွ"

ကလေးက မိမိလက်ဖမိုးကို နမ်းပြီး မြေရိုင်းဖြစ်နေသော မြေကွက်ကျယ်ကြီးထဲတွင် ပြေးရင်းက လိပ်ပြာငယ်လေးများကို လိုက်ဖမ်းနေ၏။

"ကလေး၏ လိမ္မော်ရောင်ဂါဝန်လေးသည် ညနေတိမ်တောက်ချိန်နှင့် အပြိုင်လှနေ၏။ ကလေး၏အသားဖြူဝင်းဝင်းလေးသည် နေရောင်ကြောင့် ရဲရဲတောက်လှနေသည်။ ကလေးကို မိမိက မြတ်နိုးစွာ ငေးနေစဥ် ဒေါက်တာဟန်ကြည်က မိမိကို မြတ်နိုးစွာ ငေးကြည့်နေသည်ကို သတိမထားမိပေ။

"အစ်မ"

"ဟင်"

ခေါ်လိုက်မှ သတိဝင်လာပြီး လှည့်ကြည့်သောအခါ ရွှန်းလဲ့နေသော မျက်ဝန်းအစုံကြောင့် ရင်ဖိုမောဟိုက်သွား၏။

"တိမ်တောက်ချိန်က အကျည်းတန်တဲ့သူတောင် လှတယ်နော်။ အစ်မက ပိုလှတယ်ဗျ"

ဖျတ်ခနဲ ဆရာ့ကို သတိရမိ၍ နာကျင်စွာ ပြုံးလိုက်သည်။

*　　*　　*

"ဦးဦးဒေါက်တာလည်း မလာသေးဘူး အမိုးရယ်"

ကလေးအမေးကြောင့် ကြမ်းတိုက်နေရာမှ ဆတ်ခနဲ မော်ကြည့်လိုက်မိသည်။ ကလေးက အိမ်ပေါက်ဝတွင် ထိုင်ရင်း ဒေါက်တာဟန်ကြည်ကို မျှော်နေ၏။

"ဒီနေ့ ဂျူတီကျတယ်ထင်တယ် ကလေးရယ်။ မိုးလည်း သတိမထားမိဘူး"

မှသားသုံးလိုက်ပြီး နေ့လယ်က အဖြစ်အပျက်လေးတစ်ခုကို ပြန်မြင်လာမိသည်။

လက်ဖက်ကြိုက်တတ်သော ဒေါက်တာဟန်ကြည်အတွက် လက်ဖက်သုပ်ယူလာမိသည်။ ဒေါက်တာဟန်ကြည်အတွက်မှန်းသိလျက်နဲ့ ရှုပါဦးနှင့်သဇင်မြင့်တို့အုပ်စုက ပြောင်သလိုလိုနှင့် အတင်းလုစားကြ၏။ ရင်မွှေးစိတ်ထဲတွင် ဘယ်လိုမှဖြစ်ပေ။ စက်ဘီးနှင့်ဈေးပြေးပြီး ရွှေနဂါးမှာ သွားဝယ်၍ သုပ်ပေးမည်ဟု စဉ်းစားနေသည်။

"ကဲ . . .မောင်လေးအတွက် မကျန်အောင်ကို စားပစ်ပြီဟေ့"

သဇင်မြင့်၏စကားကို မကြားဟန်ပြုလိုက်သည်။ ဤကဲ့သို့ အနောက်အပြောင်မျိုးခံနေရ၍ အထူးအဆန်းမဟုတ်တော့။ ဒေါက်တာဟန်ကြည်က မျက်မှောင်ချီ၍ ဝင်လာပြီး–

"အစ်မ လက်ဖက်တွေရော"

"ဟော . . .ခုပဲ ရှုပါဦးတို့ စားလိုက်တယ်လေ"

ရှုပါဦးက ပြောင်ချော်ချော်နှင့်စလိုက်၍ ဒေါက်တာဟန်ကြည်က အံကြိတ်ရင်း–



"ကိုယ်စားချင်လို့ မှာထားတာ။ ယူတို့ကကွာ လုပ်ပြီ"

"ကျွန်မ အခုပဲသွားဝယ်ပြီး ထပ်လုပ်ပေးမယ်။ မကြာဘူး ခဏလေး"

ပြေရာပြေကြောင်း ဝင်ပြောပြီး အပြင်ထွက်မည်ပြု–

"နေပါစေ အစ်မ မောနေမယ်။ ကျွန်တော် လိုက်ပို့ပေးမယ်"

"ရပါတယ် ကျွန်မ ဘာသာသွားပါ့မယ်"

"လိုက်ပို့မယ်ဗျာ"

ဇွတ်အတင်းလိုက်လာ၍ သူ့စက်ဘီးထုတ်ကာ ကယ်ရီယာမှာ ထိုင်လိုက်လာရ၏။

"သိပ်ခက်တာပဲ ဟိုကပြောကြတော့မယ်"

"ပြောလို့ကောင်းအောင် ရွဲ့လိုက်တာ"

"အထင်လွဲစရာဖြစ်အောင် မလုပ်ပါနဲ့ ဒေါက်တာရယ်။ ကျွန်မတို့ ရိုးရိုးခင်ကြတာကို သူများတွေ အထင်လွဲနေဦးမယ်"

"ထင် . . . ထင် . . . ဗျာ"

သူ့အား ဘာမျှ ဆက်မပြောတော့ပေ။ လက်ဖက်သွားဝယ်သည်အထိ သူက ကပ်လိုက်လာသည်။ ဈေးထဲမရောက်ဖူး၍ ယောင်ချာချာဖြစ်နေသော သူ့အား သဘောကျမိသည်။

အပြန် သူနှင့်အတူ ပြန်လာသောအခါ ရင်ထဲတွင် တစ်စုံတစ်ခုအတွက် လေးလံနေ၏။

"သား"

"ဟင် . . . မာမီ"

ဆေးရုံဝမှာ တွေ့လိုက်ရသော အမျိုးသမီးကြီးကြောင့် သူ့ခြေလှမ်းတုံ့သွား၏။ အမျိုးသမီးကြီးက သားကိုမကြည့်ဘဲ မိမိအား ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။

"မာမီ ဘယ်တုန်းကရောက်လဲ၊ သားကို ကြိုဖုန်းဆက်ရောပေါ့"

"မဆက်ချင်လို့ တမင်ထလာတာ။ အခု ဘယ်က ပြန်လာတာလဲ"

"ဈေးက မာမီ။ သားလက်ဖက်သုပ်စားချင်လို့ ဒီက အစ်မကို ဝယ်ခိုင်းရတာ မာမီ။ သူက နော်ရင်မွှေးတဲ့။ အစ်မ ဒါ ကျွန်တော့်မာမီလေ"

မိမိကပြုံးပြသော်လည်း ဒေါက်တာဟန်ကြည့်အမေက မပြုံးဘဲ မဲ့ပြ၍–

"ဩော် သူကိုး။ အတော်လေးတော့ လှသားကွယ့်"

ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားပြီး အမျိုးသမီးကြီးကို ပြန်ကြည့်လိုက်သည်။ တစ်ခုခုကို ဆက်ပြောလျှင် မိမိက ခုခံရန် အသင့်ပြင်ထား၏။

"လာ မာမီ သားအိမ်သွားစို့။ အစ်မ ခဏနော် လက်ဖက်သုပ်ထားနှင့် ကျွန်တော် မာမီကို ပို့ပြီး ပြန်လာမယ်"

သူ့မိခင်ကို အတင်းဆွဲခေါ်သွားသည်။ ဒေါက်တာဟန်ကြည်သည် လုပ်စရာရှိလျှင် သူထင်ရာ ဇွတ်လုပ်တတ်ကြောင်း ပေါ်လွင်နေ၏။ ယခုလည်း မှာဖြစ်အောင် မှာထားသေးသည်။ သို့သော် မိမိ လက်ဖက်မသုပ်ဖြစ်ပါ။ ဝိုင်းကြည့်နေကြသော မျက်လုံးအစုံကို ရှောင်ရှားရင်း တစ်နေ့လုံး ပင်ပန်းနေ၏။

ထို့ကြောင့် နေ့လယ်က မိခင်လာထား၍ ဒေါက်တာဟန်ကြည်လည်း လာတော့မည် မထင်။ ဒေါက်တာဟန်ကြည်အား မျှော်နေသည့် ကလေးအား သနားမိလာ၏။ ညနေတိုင်း စာလာပြပေးနေသောကြောင့် မျှော်နေခြင်း ဖြစ်သည်။

"မလာတော့ပါဘူး ကလေးရယ်။ သူ ဂျူတီရှိနေတယ်"

"အမိုးညာတယ်။ ဟိုမှာ ဦးဦးဒေါက်တာ လာပြီ"

ကလေးက ပြောပြောဆိုဆိုနှင့် ပြေးဆင်းသွားသည်။ ဒေါက်တာ ဟန်ကြည်က ခြံဝတွင် ပြုံး၍ရပ်နေ၏။

"ခက်ပါလား ဒေါက်တာရယ်"

တိုးတိုးလေး ညည်းညူမိရင်းက ရင်ထဲတွင် အလိုလို ပြီးပြည့်စုံသွားသည်ဟု ထင်လိုက်မိသည်။ သို့သော် ကလေးကဲ့သို့ လွတ်လပ်စွာ ပျော်ရွှင်ချင်သောစိတ်၊ ပုထုဇဉ်ပီပီ သာယာချင်နေသော စိတ်တို့ကို ချက်ချင်း ရပ်သိမ်းလိုက်သည်။

ကလေးက ဒေါက်တာဟန်ကြည်လက်ကိုဆွဲရင်း စီဝေလှိုင်သော အသံလေးဖြင့်–

"မိုးကလေ ဦးဦးဒေါက်တာ မလာတော့ဘူး။ ဂျူတီကျတယ်တဲ့။ မိုးညာတယ် မိုးညာတယ်"

ကလေးနှင့်ပတ်သက်လျှင် လိမ်ညာတတ်လာပြီဖြစ်၍ ကလေး၏စွပ်စွဲချက်ကို အပြစ်မတင်မိ။ အိမ်ပေါ်တက်လာသော ဒေါက်တာဟန်ကြည်ကို လှမ်းကြည့်ရင်းက တစ်စုံတစ်ခုသောအမေးကို မေးချင်နေသည်။ သို့သော်



ကလေးရှေ့တွင် ဘာမျှမမေးလို၍ မျက်နှာလွှဲလိုက်ရသည်။

သူနေ့လယ်စာ မစားလိုက်ရသော လက်ဖက်သုပ်ကို သုပ်၍ ကျွေးရန် အတွက် မီးဖိုချောင်ဘက်သို့ ထွက်လာသည်။ အပြင်ဘက်တွင် မှောင်နေပြီဖြစ်၍ မီးဖွင့်လိုက်၏။

ဒေါက်တာဟန်ကြည် ပြုံးနေသော်လည်း မျက်လုံးများက ရီဝေနေသည်။ တစ်စုံတစ်ခုကို ဖုံးကွယ်ထားသလိုလို ထင်လိုက်ရ၏။

"သြော် . . . သူကိုး။ အတော်လေးတော့ လှသားကွယ့်"

သူ့အမေ၏ မဲ့ပြုံးပြုံးလိုက်သော စကားသံနှင့် ခနဲ့တဲ့တဲ့ အသံသာ နားထဲသို့ ဝင်လာသည်။ ထိုခဏ၌ပင် မိမိကိုယ်မိမိ အပြစ်တင်နောင်တ ရမိသည်။ ြတ်သားသော မိမိစိတ်သည် ဤဒေါက်တာအား အဘယ် ကြောင့် တွယ်တာနေရသနည်း။

တစ်ခါတစ်ရံတွင် မှိုခိုအားထားချင်သောစိတ်ကို အလိုလိုက်မိသော ကိုယ့်စိတ်ကိုသာ အပြစ်တင်မိသည်။

ဧည့်ခန်းမှ ကလေး၏ တီတီတာတာ အသံလေး ပျံ့လွင့်လာသည်။ ထို့နောက် သူတို့နှစ်ဦး၏ စာရွတ်သံ စာသင်သံတို့ကို နားထောင်ရင်းက ဒေါက်တာဟန်ကြည်အား စွန့်ထွက်ပြေးလိုစိတ်၊ လျော့နည်းသွားပြန်၏။

ဒေါက်တာဟန်ကြည်သည် ငယ်ရွယ်သူဖြစ်သော်လည်း လေးစားထိုက်၏။ ဆရာကဲ့သို့ အားကိုးထိုက်သည်။ တစ်ခါ ခဲမှန်ဖူးပြီမို့လည်း ဘယ်ယောကျ်ားလေးကိုမျှ မယုံရဲဖြစ်ရသည်။ မိမိအဖို့ ငယ်ရွယ်သူပီပီ လက်လှမ်းသူများအား ရှောင်ရှားနေရ၏။ ဒေါက်တာဟန်ကြည် မိမိအနားတွင် စောင့်ရှောက်နေသောအခါ ဘယ်သူမျှ အနားမကပ်ဝံ့ပေ။

သို့သော် ဆရာ တစ်ခါက ပြောဖူးသကဲ့သို့ပင် ဆွေမတော်မျိုးမစပ် လွတ်လပ်တဲ့ မိန်းကလေးနဲ့ ယောကျ်ားလေးရဲ့ ခင်မင်ရင်းနှီးမှုကို ပတ်ဝန်းကျင်က နားလည်ကြပေမည် မဟုတ်ပေ။ မည်သို့ပင် ဖြူစင်သော မေတ္တာနှင့် နေကြသည် ကျိန်တွယ်၍ ပြောသော်လည်း မည်သူမျှ မယုံကြည်ကြပေ။

ပြီးတော့ မိမိက အသက်ကြီးသူ၊ သမီးတစ်ယောက်အမေ။ သူက ငယ်ရွယ်သူ လူပျိုစင်။ ပတ်ဝန်းကျင်က မိမိကိုသာ အပြစ်တင်မည်။ ညို့ယူသည်၊ ဖမ်းယူသည်ဟု အပြစ်တင်ပေလိမ့်မည်။

"အစ်မ"

"ဟင်"

ရုတ်တရက်မို့ လန့်သွားသည်။ သူသည် စောစောကလို ရှင်းပြမနေ။ မိမိရှေ့တွင် ဟန်ဆောင်မှုအားလုံးကို ခွာချလိုက်သည်။

"အစ်မ မမေးတော့ဘူးလားဟင်"

"ဘာကိုမေးရမှာလဲ"

"ကျွန်တော့်အမေ ရောက်နေလျက်နဲ့ ဘာလို့လာတာလဲလို့ မမေးဘူးလား"

ခေါင်းကို ရမ်းလိုက်မိသည်။ ဤသို့ မိမိမေးလိုက်လျှင် ဖြေမည့်အဖြေကို ကြိုသိနေသလိုလို။

"အစ်မကို မတွေ့ရရင် မနေနိုင်ဘူးဗျာ"

"လာ လက်ဖက်သုပ် စားရအောင် အိမ်ရှေ့သွားစို့"

စကားကို သိသိသာသာ လွှဲပစ်လိုက်သည်။ သူက ရှေ့မှ စားလိုက်ရင်း–

"နေဦး ကျွန်တော် အစ်မကို ပြတ်ပြတ်သားသားမေးမလို့၊ အစ်မ ကျွန်တော့်ကို လက်ထပ်ပါဗျာ။ ကျွန်တော့်ကို မယုံလို့လားဟင်။ အမေက ပြတ်ပြတ်သားသား မေးခိုင်းတယ်"

"ဘာလဲ ဒေါက်တာ့အမေက သဘောမတူဘူး မဟုတ်လား"

"အစ်မ သဘောပါ။ အစ်မ ခေါင်းညိတ်ရင် ကျွန်တော် ဘာကိုမှ ဂရုမစိုက်ဘူး"

သူက အဖြေကို ဝေ့လည်လည်လုပ်လိုက်သည်။ စိတ်ညစ်ညူးစွာ ခေါင်းရမ်းလိုက်၏။

"ကျွန်မအတွက် ဒုတိယအကြိမ် အိမ်ထောင်ပြုခြင်းဆိုတာ ဘယ်တော့မှ မဖြစ်နိုင်တော့ဘူး ဒေါက်တာ။ ဝမ်းနည်းပါတယ်။ ဒေါက်တာ့ကို ကျွန်မ မောင်တစ်ယောက်လိုပဲ မပြောင်းလွဲသော ခင်မင်မှုနဲ့ပဲ ခင်ပါရစေ"

သူ့ထံမှ သက်ပြင်းရှည်ကြီး ချလိုက်သည်ကို ကြားလိုက်ရသည်။ အပြင်တွင် ကလေးက ဂဏန်းတွက်နေသော်လည်း မျက်လုံးများက စူးစမ်းကြည့်နေသည်။

ဒေါက်တာဟန်ကြည်သည် တစ်စုံတစ်ခုကို ထိန်းချုပ်နေဟန် တူသည်။



မျက်နှာက မှိုင်းမှုန်နေသည်။ တစ်ခါတစ်ရံ ညိုမှိုင်းမှိုင်းမျက်လုံး များဖြင့် မိမိအား ငေးကြည့်နေသေးသည်။ သူနှစ်သက်သော လက်ဖက် ကိုပင် တို့ကနန်းဆိတ်ကနန်း စားနေ၏။ ကလေးနှင့်အတူတူ စာသင်ရင်း က မိမိထံသို့ မကြာခဏ လှမ်းကြည့်နေသည်ကို တွေ့ရသည်။

"ဒေါက်တာ ပြန်တော့လေ။ ကလေးကို ရင်မွေးပြလိုက်ပါ့မယ်။ ဒေါက်တာ့အမေ ရှိနေတာပဲ"

"အမေက ကျွန်တော့်ဆီမှာ မအိပ်ဘူး"

"ဩော် . . .ဘယ်သူ့ဆီမှာ အိပ်တာလဲ။ အသိရှိလား"

"ရူပါဦးတို့အိမ်မှာ"

"ဩ . . ."

* * *

"ရူပါဦးတို့ မိဘနဲ့က လူကြီးချင်း ညှိထားတယ်။ ရူပါဦးကတော့ နော်ရင်မွေးနဲ့ ဖြစ်နေတယ်ဆိုပြီး လုံးဝငြင်းလိုက်တယ်တဲ့"

"ဩော် . . ."

မေထရွှန့်စကားကြောင့် ရင်ထဲမှာ တိုးတိုးလေးညည်းလိုက်သည်။ ဒေါက်တာရူပါဦး၏ဆက်ဆံရေးကို နားလည်လိုက်သည်။ သို့သော် ဦး နှောက်ထဲတွင် ကြာရှည်မထားချင်ပေ။ လူနာများအတွက် ဆေးခွက်လေး များထဲတွင် ဆေးများကို စီထည့်နေ၏။

"အဘွားကြီးက ကိုယ့်ကို လာမေးနေတယ်။ ကိုယ်ကတော့ ကိုယ့် အမြင်တိုင်းပဲ ဖြေတယ်လေ။ ဒေါက်တာကတော့ သိပ်စွဲလန်းနေတာ။ ရင်မွေးကတော့ ရိုးရိုးခင်တာပါပဲလို့လေ။ ဒါပေမဲ့ အဘွားကြီးက သတင်း အတိအကျ ရနေတာပါလား။ ရင်မွေးရဲ့သမီး နော်သဲဆုးကို စာပြပေးတာ ကအစ သိနေတယ်လေ"

"ဟင်"

ဝေဒနာကို ရယ်မော၍ ချေဖျက်ပစ်လိုက်သည်။ မေထရွှန်စကားကပင် သံသယငွေ့များ ပါဝင်နေလေပြီ။

"သွေးမတော် သားမစပ် မောင်လိုနှမလို ခင်တယ်ဆိုတာ ကြာရှည် မဖြစ်နိုင်ဘူး ရင်မွေး"

"ကိုယ် အကောင်းဆုံးအကြံပေးချင်တာက ရင်မွေး သတ္တိရှိရှိ ဆုံးဖြတ်လိုက်ပါ။ သူက ကိုယ့်အပေါ် ဒီလောက်မြတ်နိုးနေတာပဲ"

ဆတ်ခနဲ လှည့်၍ မေထရွန်ကို ရင်ဆိုင်လိုက်သည်။ မေထရွန့်မျက်လုံးကို စူးစူးကြည့်ရင်းက–

"ရင်မွေးမှာ မောင်နှမ မရှိဘူး မေထရွန်။ သူ့ကို မောင်လိုချစ်တယ်။ အားကိုးတယ်။ ဒါပေမဲ့ ချစ်သူလို ခင်ပွန်းလို မချစ်ဘူး။ ရင်မွေး သူ့အပေါ်ထားတဲ့ စိတ်ထား ဘယ်တော့မှ မပြောင်းလဲဘူး မေထရွန်။ ဘယ်သူမှ နားမလည်ချင်နေ ရင်မွေးကိုယ်ရင်မွေး လိပ်ပြာသန့်ရင်ပြီးရော။ ရှင်းရင် ပိုရှုပ်ကုန်မှာမို့ မရှင်းပြတော့ဘူး။ ဘယ်သူမှ နားမလည်ချင်နေတော့"

အခန်းထဲမှ ထွက်လာခဲ့သည်။ တတ်နိုင်လျှင် ကလေးနှင့်အတူ လောကအပြင်ဘက်သို့ ပြေးထွက်ချင်သည်။

ဆန်းကြယ်ပြီး အမျိုးအမည်များပြားလှသော မေတ္တာတရားကို လူတိုင်း ဝေခွဲ၍ မကြည့်တတ်ကြပေ။ သွေးမတော်သားမစပ် မိန်းကလေးနှင့် ယောကျ်ားလေး ခင်မင်စွာ နေထိုင်ခြင်းကိုပင် အရောင်ဆိုး၍ အမျိုးအမည် ခွဲခြားချင်နေကြသည်။ ဤသည်ကို မိမိတို့ဘယ်ကဲ့သို့ ရှင်းပြရမည်နည်း။

လူနာများကို ဆေးဝေပြီးသောအခါ စိတ်ညစ်ညူးစွာဖြင့် စက်ဘီးနင်း၍ ထွက်လာခဲ့၏။ ဦးတည်ရာမဲ့ ထွက်လာခြင်းဖြစ်သည်။ စိတ်ထဲတွင် လွတ်ဟာနေပြီး တစ်စုံတစ်ယောက်ကို တမ်းတနေမိသည်။ ထို တစ်စုံတစ်ယောက်သည် ချစ်သောဆရာမှလွဲ၍ဘယ်သူမှ မဖြစ်နိုင်။

ဆရာနှင့်မိမိကို ပတ်ဝန်းကျင်က သမုတ်ကြသည်ကို ခံနိုင်ရည်ရှိပါသည်။ တကယ့်ချစ်သူများဖြစ်၍ အရာရာကို လက်တွဲ၍ ရင်ဆိုင်နိုင်သည်။ ခုတော့ မိမိတစ်ဦးတည်း။

စစ်တောင်းတံတား သစ်ကြီးကို ဖြတ်ကျော်လာပြီး မိုးကောင်းရွာဘက်သို့ပင် ရောက်မှန်းမသိ ရောက်လာသည်။ သို့သော် ရင်မွေးစိတ်က ပျံ့လွင့်နေ၍ ခြေသြောင်းအောင်နင်းရင်း အရာရာကို သတိမပြုမိတော့။

ဆရာနှင့်ဒေါက်တာ ဟန်ကြည်ကဲ့သို့ မွန်မြတ်သောစိတ်ထားတတ်သူများရှိသော်လည်း အစ်ကိုစိုးကဲ့သို့ အနိုင်အထက်ပြုလိုသောစိတ်ရှိသည့် ယောကျ်ားများကိုလည်း ရင်မွေး တွေ့ဖူးသည်။ ဘယ်ယောကျ်ားမဆို အလှမက်တာချည်း ဖြစ်သည်။ ယုယ မြတ်နိုးမှုထက် ပိုင်ဆိုင်လိုမှုက ပိုများ



သည်။ ဒေါက်တာဟန်ကြည်က ထိုကဲ့သို့ ပိုင်ဆိုင်လို၍ မိမိအား ချစ်တာလား။

ပင့်သက်ချရင်းက ဦးခေါင်းကို လေးတွဲ့စွာ ခါရမ်းလိုက်မိသည်။

"သြော် ဆိတ်ဖူးတောင်ကိုတောင် ကျော်ခဲ့ပါရော့လား"

နေပူပူမြင်ကွင်းရှင်းရှင်းမှ ကျော်လွှန်၍ သစ်ရိပ်ကို သတိထားမိသောအခါ သံတောင်သို့သွားသော လမ်းပေါ်သို့ရောက်လာပြီး ကုန်းမြင့်သို့ တက်လာသည်ကို သတိပြုမိလိုက်သည်။ ပတ်ဝန်းကျင်တွင် တောရိပ်တောင်ရိပ်တို့ဖြင့် အုံ့ဆိုင်းနေ၏။ သစ်တောကြိုးဝိုင်းနယ်မြေ ဖြစ်သည်။

ပြန်လှည့်ရန် စိတ်ကူးမိသော်လည်း စိတ်ထဲတွင် ကြည်လင်နေသောကြောင့် လေသာတောင်ကို လှမ်းမျှော်ကြည့်ရင်း ဘုရားဖူးရန် စိတ်ကူးရမိ၏။ ထို့ကြောင့် ကတ္တရာလမ်းကုန်းမြင့်အထိ စက်ဘီးနင်း၍ တက်လာသည်။ အတော်လေးတော့ မောဟိုက်လာ၏။

ကတ္တရာလမ်းသည် ခလရ ၃၉ တောင်ကုန်းနှင့် လေသာတောင်ကုန်းကြားတွင် ပြန့်ပြူးစွာ ငြိမ်သက်နေသည်။ လေသာတောင်ကို ကွေ့ဝိုက်ကာ ဖောက်ထားသည်။ တောင်ပေါ်တွင် စူဠာမဏိစေတီကည်ထား၏။ လှေကားထစ်များအတိုင်း တက်လာသည်။ တောင်ထိပ်ပေါ်သို့ ရောက်သောအခါ အတော်လေး မောဟိုက်လာ၏။ သို့သော် အေးမြသောလေ၏ ထိတွေ့မှုကြောင့် ရင်ထဲတွင် ချမ်းမြေ့သွားသည်။ ဝါးပင်များက တရှဲရှဲနှင့် သစ်ပင်ကြီးဝါးပင်ကြီးများနှင့် အေးချမ်းသော ဘုရားအရိပ်ပင်ဖြစ်သည်။ ကုန်းစွန်းလေးပေါ်မှ လှမ်းကြည့်လျှင် လမ်းမကို ဆီးမြင်ရသည်။

အေးချမ်းစွာဖြင့် စိတ်ကို လွှင့်ပစ်လိုက်သည်။ ဘာမျှမတွေးဘဲ ငေးမိငေးရာ ငေးမောနေမိ၏။

"အစ်မ"

"ဟင် . . ."

ရုတ်တရက် တုန်လှုပ်သွား၏။ သူသည် မိမိအရိပ်ပါလား။ လှည့်မကြည့်ဘဲ အောက်နှုတ်ခမ်းကို တင်းတင်းလေးဖိကိုက်ထားရင်းက အဝေးသို့ ငေးနေလိုက်သည်။ မိမိ ဒီမှာရှိတာ သူဘယ်လိုသိလဲ။

"အစ်မ စက်ဘီးနဲ့ ထွက်သွားတာကို ကျွန်တော် လှမ်းတွေ့တာနဲ့ လိုက်လာတာ။ အစ်မ ဒီလိုတစ်ယောက်တည်း ဘာလို့ ထွက်လာတာလဲဟင်"

"ဘုရားဖူးလာတာ"

မဆိုင်းမတွ ဖြေလိုက်သော်လည်း ရင်ထဲတွင် စိုးထိတ်သွားသည်။ ပတ်ဝန်းကျင်က ပြောဆိုနေကြသည်အထိ မိမိတို့နှစ်ယောက် ချိန်းတွေ့လေသလားဟု ပိုအထင်လွဲနေပေလိမ့်မည်။

"အစ်မရယ် အဝေးကြီးလာရတယ်ဗျာ။ ကျွန်တော်ဖြင့် စိုးရိမ်လိုက်ရတာ"

"ဩော် . . . ကြည့်စမ်း၊ ကျွန်မ ဘုရားကို ဦးမတိုက်ရသေးဘူး။ ဒေါက်တာပြန်နှင့်လေ။ ကျွန်မ ဘုရားအာရုံပြုတာ ကြာတယ်ရှင့်"

မဲ့ပြုံးပြုံးရင်းက မိမိအား စူးစိုက်ကြည့်နေသည်။ နှင်မည့်သာနှင်ရသည်။ သူက နော်ရင်မွှေးစကားကို အစဉ်အမြဲလိုက်နာမည် မဟုတ်ပေ။ တစ်ခါတစ်ရံ ဆန့်ကျင်ပြီး တစ်ခွတ်ထိုး ပြုတတ်၏။ ထို့ကြောင့် နော်ရင်မွှေး သူ့အား အတင်းအကျပ်မပြောရဲပေ။

ဘုရားရှိခိုးသည့် လူ မဖြောင့်တော့ပေ။ သူသည် မိမိအား စူးစိုက်ကြည့်ရင်းအတွေးစိတ်များ ဝင်နေပေလိမ့်မည်။ အကယ်၍ ရွာသားတစ်ဦးဦး မြင်လျှင် မိမိတို့အပေါ် အထင်လွဲနေပေလိမ့်မည်။

"ဟင် . . .အစ်မ ကြာမယ်ဆို"

ပြုံးလိုက်မိသည်။ မယ်တော် နုတ်နှုန်းနားရပ်၍ မယ်တော်အားဦးတိုက်ကန်တော့လိုက်သည်။ ပြီးတော့ သူ့အား မော်ကြည့်လိုက်၏။

"ကျွန်တော့်ကို ဘယ်နှင်ဦးမလို့လဲ အစ်မရယ်"

ရင်ထဲ နင့်သွား၏။ ခေါင်းကို လေးတွဲ့စွာ ခါရမ်းရင်းက–

"မင်းပြောမယ့်စကားတွေကို အစ်မ နားထောင်မယ်လေ။ ကဲ . . . ဘာပြောချင်လဲ ပြော"

သူခေါ်သလို အစ်မဟု မိမိကိုယ်ကို နာမ်စားသုံးလိုက်၍ သူ့မျက်နှာလေးဝင်းပသွားသည်။ လေထဲတွင် တဖျပ်ဖျပ်လူးလွန့်နေသော နော်ရင်မွှေးဆံပင်များကဲ့သို့ သူ့ရင်ထဲတွင် တဖျပ်ဖျပ်လှုပ်ရှားနေသည်။

"အစ်မက နားထောင်ရုံပဲလား။ ဘာမှ ပြန်မပြောဘူးလားဟင်"

"အစ်မ ဘယ်သူ့ကို ဘာမှ ပြန်မပြောချင်ဘူး ကလေးရယ်။ မင်းပြောသမျှ အစ်မနားထောင်နေမယ်လေ။ အဲဒါက အကောင်းဆုံးပဲပေါ့"

"ကျွန်တော့်မှာ ပြောစရာကုန်ပြီ။ အစ်မပြောဖို့ပဲ လိုတော့တယ်လေ။



ကျွန်တော် အစ်မကို ပြောထားတာ တစ်ခုကို အစ်မ ပြန်ဖြေလေ"

စကားပြောလိမ္မာသော ဒေါက်တာဟန်ကြည်ကို မျက်လွှာပင့်၍ တစ်ချက်ကြည့်ပြီး ပြုံးလိုက်မိသည်။ ထို့နောက် ဒေါက်တာဟန်ကြည့်ရှေ့မှနေ၍ လှေကားထစ်များဘက်သို့ ဦးတည်လာခဲ့၏။ သူကား မိမိနောက်မှ တဖြည်းဖြည်းလိုက်လာ၏။

"အစ်မရယ် ကျွန်တော်လေ အစ်မကို ဘာလို့ ဒီလောက်ချစ်နေရသလဲလို့ စဉ်းစားမရဘူးဗျာ။ ညအိပ်ရာဝင်တိုင်း အစ်မအကြောင်းတွေးရင်း ရင်မောနေမိတယ်"

"ဩော် . . .ဒေါက်တာရယ် ကျွန်မလေ လူတိုင်းအပေါ်မှာ စေတနာထားတယ်။ မေတ္တာထားတယ်။ ဒေါက်တာ့အပေါ်မှာလည်း စေတနာ ထားတယ်။ မေတ္တာထားတယ်။ ဘယ်တော့မှ မညှိုးနွမ်းတဲ့ သန့်စင်တဲ့မေတ္တာမျိုးနဲ့ သံယောဇဉ်ရှိတယ်။ ဒါပေမဲ့ ကျွန်မက အပေး၊ ဒေါက်တာက အယူနဲ့ လွဲနေတယ်"

"ကျွန်မပေးတာက စေတနာ၊ အကြင်နာ။ ဒေါက်တာ ရလိုက်တာက ဝေဒနာထင်ပါရဲ့"

"ချစ်တယ်ဆိုတာ ဝေဒနာမဟုတ်ပါဘူး အစ်မရယ်။ ပတ်ဝန်းကျင်က ပြောဆိုတာတွေကို ကျွန်တော် ခံနိုင်ပါတယ်။ အစ်မ ပြန်မချစ်မှာကိုတော့ ကျွန်တော် ခံနိုင်မှာ မဟုတ်ဘူး"

"ခက်တယ် ဒေါက်တာ။ အနေနီးလို့ တွယ်မိတွယ်ရာ တွယ်တာလည်း ဖြစ်ချင်ဖြစ်မယ်။ ပြန်စဉ်းစားပါဦး။ ကဲ ပြန်မယ် ကျွန်မ ဈေးဝယ်စရာ ရှိသေးတယ်"

"အစ်မ စကားမဖြတ်နဲ့ဗျာ။ ကျွန်တော်လည်း ပြန်မှာပေါ့"

သူ့စက်ဘီးနှင့် ဘေးမှ ကပ်လိုက်လာ၏။

"ဒေါက်တာ့အမေရော"

"ပြန်သွားပြီ"

"အို . . ."

"စိတ်ဆိုးသွားတာပေါ့နော်"

မိမိအမေးကို ဒေါက်တာက ဆိတ်ငြိမ်စွာဝန်ခံလိုက်သည်။ သက်ပြင်းရှည်ကြီး ချရုံကလွဲ၍ ဘာမျှမတတ်နိုင်တော့ပါ။ အပြန်ခရီးသည် တိတ်ဆိတ်လှ၏။

"တီ . . .တီ"

အဆက်မပြတ်မြည်နေသော ကားဟွန်းသံကြောင့် ရင်မွှေးတို့ စက်ဘီးလေး ဘေးကပ်ပေးလိုက်သည်။ ကားက ဟွန်းရှည်ကြီးအဆက်မပြတ် တီးကာ သူတို့ကို ကျော်တက်သွား၏။

"ကားထဲမှာ ရုပ်ါဦးပါသွားတယ်"

"ဩော် . . ."

မအံ့ဩဟန်နှင့်နေလိုက်သော်လည်း ရင်ထဲမှာ နွမ်းလျသွားသည်။ အပြန် ဈေးအဝင်တွင် ဒေါက်တာဟန်ကြည်က ဈေးထဲသို့ တကောက်ကောက်လိုက်နေပြန်သည်။

"ကရင် တာလပေါ့ဟင်း ချက်ကျွေးပါလား အစ်မ။ မစားရတာ ကြာပြီ"

"အတော်ပဲ အိမ်မှာ မှျစ်ဆတ်တွေရှိတယ်။ နောက်ဘာစားမလဲ"

"ကြက်ဟင်းခါးသီး"

ကလေး ပူဆာသကဲ့သို့ ပူဆာနေသည်။ ထိုအခါ ရင်မွှေး၏စိတ်ထဲတွင် ကြည်နူးမိသည်။ စောစောက ပင်ပန်းနွမ်းနယ်သော စိတ်များ ပြေပျောက်သွားလေ၏။

"ကျွန်တော် ၆ နာရီလောက် လာခဲ့မယ်နော်။ အစ်မ ထမင်းစား စောင့်နေနော်။ ကလေးလည်း ပြောလိုက်ပါ"

သူနှင့် လမ်းခွဲပြီး ကလေးကျောင်းချိန်အမီ ပြေးလာရ၏။ ကလေးက သစ်ပင်တစ်ပင်ကို မှီရင်း စောင့်နေရာမှ မိမိအား မြင်သောအခါ ဝမ်းသာအားရခုန်ပေါက်ပြီး စက်ဘီးနောက်သို့ ခုန်တက်လိုက်သည်။

"မိုး နောက်ကျတယ်နော်။ ဘာယ်ဝင်နေသလဲ။ မှန်မှန်ပြော"

ကလေးက မိမိခါးကိုဖက်ရင်းက နွဲ့မူမူအသံလေးနှင့် မေးလိုက်သဖြင့် ကြည်နူးစွာ ရယ်မောရင်းက–

"ဒီမှာလေ ဈေးဝင်ဝယ်ခဲ့တာပဲ"

"ဒေါက်တာဟန်ကြည်တောင် ညနေ ထမင်းစားလာလိမ့်မယ်၊ ကလေးကို စောင့်နေလို့ မှာထားတယ်"

"ကလေးက ပဲကုလားဟင်း စားချင်တာ"

တစ်ခါတစ်ရံ ဒေါက်တာဟန်ကြည်အား ဂရုစိုက်သည်ထင်လျှင် မနာ



လိုဖြစ်တတ်သေး၏။ ထို့ကြောင့် ကလေး၏မလိုစိတ်ကို မသိဟန်ဆောင်ကာ–

"ဟိုတစ်နေ့ကပြောတော့ တာလပေါ့ဟင်း ချက်စားချင်တယ်ဆို။ ဒါကြောင့် မိုးဝယ်လာတာ။ ပဲကုလားဟင်း စားချင်ရင် မနက်ဖြန်မှစားနော်။ ညကတည်းက ပဲစိမ်ထားမယ်။ မနက်မှာ ကရင်မဈေးသွားပြီး အသီးအရွက် ပြေးဝယ်ရတာပေါ့နော်"

ကလေးက ဘာမျှမပြောတော့ဘဲ ငြိမ်သွား၏။ အိမ်ရောက်သော် မီးဖိုထဲဈေးခြင်းပြေးထားပြီး အဝတ်အစားလဲလိုက်၏။ ကလေးကလည်း ကျောင်းစိမ်းကိုချွတ်လဲပြီး သူ့အား တာဝန်ပေးထားသည့်အတိုင်း တံမြက်စည်းကိုင်၍ အိမ်သန့်ရှင်းရေးကို စလိုက်၏။

"ပြီးမှ မိုးကို လာကူမယ်နော်"

"အေး . . .အေး"

ကညင်ဆီစလေးများဖြင့် မီးသွေးမီးကို မွှေးလိုက်သည်။ ထို့နောက် မီးဖိုဘေးတွင် ဖင်ထိုင်ခုံလေးချပြီး ဇယ်စက်သလို အလုပ်ရှုပ်သွား၏။

"မိုး . . .ကလေး ဘာလုပ်ပေးရမလဲ"

တစ်ခါတစ်ရံ ကလေးကို ဘာခိုင်းရမှန်းမသိပေ။ ကြက်သွန်နွာခိုင်းလျှင် လက်ဓားရှမှာစိုးသည်။ ငရုတ်သီးထောင်းခိုင်းလျှင် မွှန်သွားမှာစိုးသည်။ မီးဖိုနှင့်ပတ်သက်၍လည်း ပူမှာစိုး၍ မခိုင်းရဲ။

"ပြီးပြီ ကလေး။ ကလေးဘာသာ အိမ်စာတွေပြီးအောင် လုပ်လေ။ ခဏကြာ ဦးဦးဒေါက်တာ လာလိမ့်မယ်"

ကလေးထွက်သွားပြီ အထင်နှင့် မိမိလုပ်စရာများ ဆက်လုပ်နေသည်။ ရေစိမ်ပြီး ဆန်များကို ခပ်ဖွဖွလေးထောင်းလိုက်သည်။ မညက်တညက်လေး ထောင်း၍ တာလပေါ့ဟင်းထဲထည့်ချက်လျှင် အလွန်သောက်ကောင်း၏။

"မိုး"

"ဟင်"

"ဦးဦးဒေါက်တာ လာရင်လေ ကလေးပျော်တယ်။ မိုး ဦးဦး ဒေါက်တာကို ယူလိုက်ပါလား"

"ဘုရားရေ"

"ဦးဦးဒေါက်တာက မိုးကိုလည်း သိပ်ချစ်တယ်။ ကလေးကိုလည်း သိပ်ချစ်တယ်တဲ့။ ကလေးတို့သုံးယောက် အတူတူနေပြီး ခရီးတွေထွက်နေရရင် သိပ်ကောင်းမှာပဲနော်။ ပျော်စရာကောင်းမှာပေါ့"

"ကလေးရယ်"

ကလေးသည် ဒေါက်တာဟန်ကြည်အပေါ် အားကိုးစိတ် တွယ်တာစိတ်များနှင့် ကလေးပီပီ ဖွင့်ဟပြောခြင်းသာဖြစ်သည်။ ထို့ကြောင့် ဒေါသစိတ်များကို လျှော့ချလိုက်ပြီး–

"ကလေးရယ် ဦးဦးဒေါက်တာက သိပ်သဘောကောင်းပါတယ်။ ဒါပေမဲ့ အတူနေလို့ မဖြစ်ဘူး။ မိုးက သူ့ကို မချစ်ဘူး။ ကလေးကိုပဲ ချစ်တယ်။ ကလေးနဲ့ အမြဲနေသွားမယ်။ ကလေးက သူ့ကို မိုးထက် ပိုချစ်နေသလား။ မိုးထက် ပိုမချစ်ပါနဲ့ ကလေးရယ်"

"အို . . .မိုးလောက် ဘယ်ချစ်မှာလဲ"

ကလေးပြောနေကျ သဝန်တိုစကားအတိုင်း ပြန်ပြောလိုက်၍ ကလေးက ကျေနပ်သွားပြီး မိမိပခုံးကိုဖက်ရင်းက–

"မိုးကို ကလေးက အချစ်ဆုံးပါ"

"မိုးကလည်း ကလေးကို အချစ်ဆုံးပဲ။ ကလေးအပြင် ဘယ်သူ့ကိုမှ မချစ်ဘူး။ နောက်တစ်ခါ ဦးဦးဒေါက်တာနဲ့ အတူတူနေဖို့ မပြောရဘူးနော်။ ဦးဦးဒေါက်တာက ဧည့်သည်ပဲ။ ဧည့်သည်ဆိုတာ ခဏပဲလာမှာပေါ့။ အချိန်တန်ရင် အိမ်ပြန်ကြတာပါပဲ ကလေးရယ်. . . ."

"ကဲ. . . .ကလေး၊ မိုးကို လွှတ်ပါဦး။ မိုး ဟင်းချက်လို့ မပြီးသေးဘူးလေ။ ကလေး အိမ်ရှေ့သွားနေနော်။ ကျောင်းစာတွေပြီးအောင် လုပ်ထားနော်"

ကျောင်းစာနှင့် ပတ်သက်လာလျှင် အလို မလိုက်တတ်မှန်းသိသောကြောင့် မိမိပါးကိုအသာနမ်းပြီး အိမ်ရှေ့သို့ ပြေးထွက်သွား၏။ ဒေါက်တာဟန်ကြည်စားချင်သော ကြက်ဟင်းခါးသီးကို နူးအိနေအောင်ကြော်ပြီးမှ အစာများထည့်ကာ ပြန်ချက်လိုက်သည်။ ပြီးတော့ တာလပေါ့ဟင်းချိုကို တည်ထားရင်း ကမန်းကတန်း ရေချိုးလိုက်၏။ မိမိရေချိုးနေစဉ် ကလေးက သနပ်ခါးသွေးထားသည်။ အဝတ်အစားထုတ်ပေးထားသည်။ ဤကဲ့သို့ အလိုက်သိတတ်မှုလေးများက မိမိရင်ကို ချမ်းမြေ့စေသည်။



"ဟော်. . . အိမ်ရှေ့က စက်ဘီးသံ ကြားတယ်။ ဦးဦးလာပြီထင်တယ်"

ကလေးက မိမိသနပ်ခါးလိမ်းသည်ကို ထိုင်ကြည့်နေရာမှ အိမ်ရှေ့မှ စက်ဘီးသံကြောင့် ထပြေးသွားသည်။ သက်ပြင်းလေးတစ်ခုကို မသက်မသာချမိလိုက်၏။ မိမိပတ်ဝန်းကျင်တွင် အသိုင်းအဝိုင်း တစ်ခုလုံးကပင် ဒေါက်တာဟန်ကြည်အား လိုလားနှစ်သက်နေကြသည်။ ကလေးကိုယ်တိုင်က နှစ်သက်နေသောကြောင့် ရင်ထဲတွင် ပူပန်မှုလေး ဖြစ်လာသည်။ မည်သို့ပင်ဖြစ်စေ မိမိရင်ထဲတွင် ဆရာ့အား ဖယ်ထုတ်မပေးနိုင်။

"မိုးရေ. . . ဧည့်သည်တဲ့။ မိုးနဲ့တွေ့ချင်လို့တဲ့"

"သြော်. . . ထိုင်ခိုင်းလိုက် ကလေး၊ မိုးအခုပဲ လာခဲ့မယ်"

ကလေးပြန်ထွက်သွားသော် အင်္ကျီကို ကမန်းကတန်း လဲလိုက်သည်။

"ကလေးက နော်ရင်မွေး သမီးလား"

"ဟုတ်ကဲ့"

"သြော်. . . နော်ရင်မွေးသမီးက ကြီးလှပါရောလား။ အင်းလေ ကြာပြီပဲ"

ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ မျက်နှာစိမ်းဧည့်သည် မဟုတ်ဘဲ မိမိနှင့် သိဟောင်းကျွမ်းဟောင်း ငယ်ပေါင်းဧည့်သည်မှန်း ရိပ်မိလိုက်၍ ကမန်းကတန်း ထွက်လာ၏။

"ဟယ်. . . ."

အံ့ဩလွန်း၍ ပါးစပ်မှ လွှတ်ခနဲ အော်လိုက်သည်။ ဆရာ့သားဇော်ဇော်။

သူက မိမိအား ပြုံးပြုံးကြီးကြည့်ရင်းက–

"မင်းက ဟို ငယ်ငယ်ကထက် ပိုလှနေပါလား။ ရင်မွေးရယ်"

ကလေးရှေ့မှာ အပြောခံလိုက်ရ၍ မျက်နှာ ရဲခနဲ ဖြစ်သွားသည်။

"ဇော်ဇော် အခု ဘယ်လာတာလဲဟင်။ ဒီကို ဘာလာလုပ်တာလဲ။ ဆရာ. . . ဆရာ. . . ရှာမှာပဲလားဟင်"

"အမယ်လေး နော်ရင်မွေးရယ်၊ မေးခွန်းတွေ များလွန်းလို့ ကျွန်တော် ဘယ်လိုဖြေရမှန်းတောင် မသိတော့ဘူး"

သူက အားပါးတရ ရယ်မောလိုက်သော်လည်း မိမိ ရင်ထဲတွင် ဆတ်ဆတ်ခါ နာကျင်သွား၏။ ဆရာ့အား သတိရစိတ် တမ်းတစိတ်များဖြင့် မျက်ရည်များ ရစ်ဝဲ၍လာလေသည်။

“ဖော့ခယ်မ တစ်ဝမ်းကွဲက ဒေါက်တာရူပါဦးလေ”

“ဩော်. . . ”

“နေ့လယ်က နော်ရင်မွေးနဲ့ ဒေါက်တာဟန်ကြည်ကို တွေ့လိုက်လို့ စုံစမ်းရင်း တွေ့ချင်လို့လာခဲ့တာ။ ဖော် ဒီကို အလည်သက်သက် လာတာပါ။ သူ့ ဟောက်ဆာဂျင်ဘဝက ဖော်နဲ့အတူတူပဲပေါ့”

“ဩော်. . . ”

အံ့ဩမှုများဖြင့် ဖော်အား ငေးကြည့်နေမိ၏။

“လေးလေးတော့ ရှက်ဝါလို လွင့်လို့ ကောင်းတုန်းပဲလေ”

“ဟင်. . . ငါးမြစ်ချင်းမှာ မရှိတော့ဘူးလားဟင်”

“မသိဘူး။ ပျောက်နေတယ်”

“ဆရာရယ်”

အောက်နှုတ်ခမ်းကို တင်းတင်းကိုက်ထားရင်းက ဝေ့လာသော မျက်ရည်များကို ကြိုးစား၍ ထိန်းချုပ်လိုက်သည်။ ဖော်က ရိပ်မိဟန်ဖြင့်

“သမီးနာမည် ဘယ်လိုခေါ်လဲဟင်”

“နော်သဲဆူး. . . ”

“အား. . . သိပ်လှတဲ့ နာမည်လေးပါလား။ သမီးဖေဖေရောဟင်။”

ကလေးက မိမိအားလှမ်းကြည့်သည်။ ရင်ထဲမှာ တင်းကျပ်သွားသည်။

“ဖော်က ဒေါက်တာရူပါဦးဆီက အကြောင်းစုံ အကုန်လုံးသိရဲ့သားနဲ့ ဘာလို့ မေးတာလဲ။ ကလေးအဖေက နော်ရင်မွေး၊ ကလေးအမေကလည်း နော်ရင်မွေးပဲ။ ကလေးဘဝမှာ တစ်ဦးတည်းသော အားထားရာက နော်ရင်မွေးပဲ။ နော်ရင်မွေးရဲ့ဘဝဟာ နော်သဲဆူး”

“ဟား. . . ဟား. . . ဟား ကြိုက်သွားပြီ ရင်မွေးရေ။ ဒါနဲ့များကွာ”

“ဟော ဟိုမှာ ဦးဦးဒေါက်တာ လာနေပြီ။ ကလေးရေ သွားကြိုပါဦး”

ကလေးအား အတင်းတွန်းလွှတ်လိုက်ပြီး ဖော့ကို လှမ်းကြည့်၍–

“ဖော်၊ ကလေးမသိတဲ့အကြောင်းတွေ ဘာမှမပြောပါနဲ့နော်။ အဖေသေပြီဆိုတာပဲ သိပါစေ။ ကလေးအတွေး အမြဲသန့်စင်နေပါစေ ဖော်ရယ်။ ရင်မွေးလောကမှာ ကလေးကလွဲလို့ ဘယ်သူမှ ဂရုမစိုက်နိုင်ပါဘူး။ ဆရာ့ကိုတောင် စွန့်လွှတ်ခဲ့တာပဲ။

“အခုဘဲ အချစ်ဆုံးဆရာပဲလား ရင်မွေး”



ကလေးနှင့် ဒေါက်တာဟန်ကြည်က အိမ်ပေါ်သို့ တက်လာသည်။

“ဟုတ်တယ်၊ ဒါ ဘယ်တော့မှ မပြောင်းလွဲတဲ့ သစ္စာစကားပဲ”

ဒေါက်တာဟန်ကြည်က မိမိအား နားမလည်သောမျက်လုံးနှင့် လှမ်းကြည့်လိုက်သည်။ ကျောခိုင်းနေသော ဖော့ကိုလည်း ကြည့်နေ၏။

“လာ. . .ဒေါက်တာ။ ဒီမှာ ဧည့်သည်ရောက်နေတာနဲ့ အတော်ပဲ”

“ဟာ အစ်ကိုဖော်”

ဒေါက်တာဟန်ကြည်က ဝမ်းသာအားရ ခေါ်လိုက်၏။ ကြမ်းပြောင်ပြောင်ပေါ်တွင် သင်ဖျာလေး ခင်းပေးလိုက်၏။ ဒေါက်တာဟန်ကြည်ရော ဖော်ပါ ဖျာပေါ်သို့ ထိုင်ချလိုက်သည်။ ဖော်သည် အခန်းပတ်ဝန်းကျင်ကို ကြည့်၍ အိမ်ခန်းကျဉ်းနဲ့မို့ မိမိအား အထင်သေးဟန် တူသည်။

“အစ်မနဲ့က အစ်ကိုဖော်နဲ့ ဘယ်လိုသိနေတာလဲ”

“ကိုယ့်ဦးလေးနဲ့ပတ်သက်ပြီး သိတာပါ။ အရင်က နော်ရင်မွေးဆိုသတင်း မွှေးပျံ့နေတာပဲ။ ဆေးရုံမှာလည်း နော်ရင်မွေးက နာမည်ကြီးပဲ မဟုတ်လား”

ဘာအဓိပ္ပာယ်နှင့် ပြောသည်မသိ။ အရာရာကို အလျှော့ပေးရင်းက ဖော့အား မျက်လုံးဝိုင်းကြီးနှင့် ကြည့်နေသော ကလေးလက်ကို ဆွဲ၍–

“လာ. . . ကလေး၊ မိုးတို့ ထမင်းပွဲပြင်စို့။ ဦးဦးတို့ လွတ်လွတ်လပ်လပ် စကားပြောပါစေ။ ဖော် ဒီမှာ ထမင်းစားသွားနော်။ ကရင်တာလပေါ့ဟင်းချက်တယ်”

“အား မစားရတာကြာပြီပဲ။ အစ်မတာဝါးမ လက်ရာပဲ စားဖူးတာ။ စားတာပေါ့။ ဟန်ကြည်ရော စားမှာလား”

“သူ့ကို တာလပေါဟင်းချက်တိုင်း ခေါ်ကျွေးရတာလေ”

သူတို့ဘာပြောနေသည်ကို မိမိမကြားလို။ မီးဖိုထဲဝင်ပြီး ထမင်းဝိုင်းကိုသာ ပြင်လိုက်၏။ ကလေးက အိမ်ရှေ့ကို ခေါင်းငုံ့ကြည့်ရင်း–

“အဲဒီ လူကြီးက တစ်မျိုးပဲနော်. . . မိုး”

“မိုးတို့ ငယ်ငယ်ကတည်းက ခင်လာတာ သဘောကောင်းပါတယ်”

မှျစ်ဖတ်နှင့် တညင်းသီးစိတ်ကလေးများက တာလပေါ့ဟင်းထဲတွင် မြုပ်ချည်ပေါ်ချည်ဖြစ်နေသည်။ ဆရာသည် မှျစ်စိမ်းဖတ်များကို အလွန်နှစ်သက်တတ်၏။ အစ်မတာဝါးမက သူ့ထဲကို အလိုက်သိသိ ဆယ်ပေးလျှင်

သူက အားပါးတရ စားတတ်သည်။ ဒေါက်တာဟန်ကြည်ကမူ တညင်းသီးဖတ်ကလေးများကိုသာ ရွေးစားတတ်၏။

မီးတောက်နေလျက်က မီးဖိုကို ယပ်ခပ်နေမိသည်။

ငါးမြစ်ချင်းကို ချစ်သောဆရာ၊ နန္ဒမိတ်ကို မခွဲဘူးဟူသော ဆရာသည် အဘယ်သို့သော အရပ်ဒေသသို့ ရောက်နေသနည်း။ အိမ်ထောင်ကျလို့ ထွက်သွားလေရော့လား။ ဆရာ အိမ်ထောင်ပြုမည်ဟု မိမိဘယ်တုန်းကမျှ မထင်ခဲ့။

"ကလေး လက်ဖက်ပွဲပြင်ထားနော်"

စားပွဲဝိုင်းကိုလှိမ့်၍ အပြင်ဘက်ထုတ်လာသည်။ ဒေါက်တာဟန်ကြည်က ကမန်းကတန်း ထလာပြီး လှမ်းယူလိုက်၏။ သူက အိမ်ရှင်ကဲ့သို့ပင် ဖျာရောစားပွဲခင်းပါ ခင်းပေးနေ၍ ဇော်က မချိုမချဉ် အပြုံးနှင့် ငေးကြည့်နေသည်။

"အစ်မတို့ပါ တစ်ခါတည်းစားနော်"

"အို. . . ရပါတယ်။ ဒေါက်တာတို့ စားနှင့်ပေါ့"

"ဘယ်ဟုတ်မလဲ။ ငယ်ငယ်ကလို ရင်မွှေး အပါးတို့နဲ့ စားသလို ပျော်ပျော်ပါးပါး စားကြတာပေါ့။ သမီးကိုလည်း ခေါ်ပါရင်မွှေး။ အစဉ်အမြဲ ပြောင်းလွဲတဲ့ လောကမှာ ရင်မွှေးကို မပြောင်းလဲစေချင်ဘူး"

ဇော့်စကားသည် ဘယ်အတိုင်းအတာအထိ ရောက်သွားသည်ကို သတိထားမိသောအခါ နာကြည်းစွာ မဲ့ပြုံးပြုံးလိုက်မိ၏။

"မပူပါနဲ့ဇော်။ ရင်မွှေးဟာ ငါးပတ်အိုင်သူ ကရင်မ နော်ရင်မွှေးပါ။ ဘယ်တော့မှ မပြောင်းလဲဘူး။ ဇော်နဲ့ဝေးပြီးနောက်ပိုင်းမှာ ရင်မွှေးပြောင်းလဲတာကတော့ မိခင်နော်ရင်မွှေး ဖြစ်သွားတာ တစ်ခုပါပဲ။ ဆရာ့ကိုချစ်တဲ့ စိတ်ဟာ ဘယ်တော့မှ မပြောင်းလဲဘူး။ စိတ်ချ ဆရာ့ကိုတွေ့တဲ့အခါ ပြောပြလိုက်ပါ ဇော်ရယ်"

"လောက လှိုင်းဂယက်တွေ ကြားကနေ မယိုင်လဲဘဲနဲ့ ဆရာ့ကို စောင့်နေဆဲပါလို့လေ"

ဇော့်မျက်နှာ ပြုံးသွားသော်လည်း ဒေါက်တာဟန်ကြည်မျက်နှာ မှိုင်းမှုန်သွားသည်။ ရင်ထဲမှာ စူးနစ်သွား၏။ ထိုနေ့ညနေထမင်းဝိုင်းတွင် ဇော်နှင့် ကလေးသာ ထမင်းစားမြိန်သူဖြစ်၏။ ဒေါက်တာဟန်ကြည်က မျှော်လင့်



ချက် ကုန်ဆုံးသူပမာ လှုပ်ရှားမှုများက အသက်မပါတော့ပေ။

ဇော်က သူ့တွင် သမီးလေးတစ်ဦး ရှိပြီဖြစ်ကြောင်း။ သူမိန်းမက သူ့ထက်ငယ်၍ အလွန်ဆိုးကြောင်းပြောပြနေသည်။ မိမိကဟန်ဆောင်နိုင်သူပီပီ ဝင်ရော၍ စကားများ ပြောနိုင်သော်လည်း ဒေါက်တာဟန်ကြည်ကမူ ငေးငိုင်နေ၏။

အပြန်တွင် ဇော်က မိမိအား မစသာစသာ စသွားသေးသည်။

"အစွဲအလမ်းကြီးလွန်းတဲ့ ခင်ဗျားတို့နှစ်ယောက်ကို ပြန်ပေါင်းဖို့ ကျွန်တော်ကပဲ အောင်သွယ်ပေးရမှာပေါ့ဗျာ"

* * *

"အလို ဘုရားရေ. . .။ မင်းက အလုပ်ပြောင်းစာ တင်နေပြန်ပြီလား ရင်မွှေး"

မေထရွှန်က မိမိပြောင်းရွှေ့ခွင့်လျှောက်လွှာကို ဖတ်ရင်းတအံ့တသြ ပြောလိုက်သည်။

"ဟုတ်ကဲ့။ ဒေါက်တာဟန်ကြည် မသိစေနဲ့နော်"

"အင်း. . . မင်းသာပြောင်းသွားရင် အခြေအနေက တစ်မျိုးဖြစ်သွားနိုင်တယ် ရင်မွှေး။ ဒီမှာ ဒေါက်တာဟန်ကြည်အတွက် ကချင်ပြည်နယ်ကို ပို့စတင်ကျလာတာ သုံးရက်ရှိပြီ။ သူက မင်းမသိအောင် ဖုံးထားခိုင်းတယ်"

"ဘုရားရေ. . ."

ရင်ထဲ လွတ်ဟာသွား၏။ တုန်ရီသောလက်များဖြင့် စာရွက်ကို ကိုင်ကြည့်လိုက်သည်။

ဒေါက်တာဟန်ကြည်၏ ဆန္ဒသဘောထားအရ ကချင်ပြည်နယ် မြစ်ကြီးနားသို့ ပြောင်းရွှေ့ခွင့် ပြုလိုက်သည်။

"ဖြစ်ရလေဒေါက်တာရယ်။ တကယ်တမ်းပြောင်းရမှာက ရင်မွှေးပါ"

ရင်ထဲမှာ တီးတိုးရေရွတ်ရင်းက မေထရွှန်ထံ စာရွက်ကို ပြန်ပေးလိုက်သည်။ ထို့နောက် မိမိ၏ လျှောက်လွှာစာရွက်ကို ဆွဲဆုတ်ပစ်လိုက်၏။

"မေတ္တာ သဘောက သိပ်ဆန်းကြယ်တာပဲ ရင်မွှေးရယ်။ ဒေါက်တာဟန်ကြည် မင်းအပေါ်မှာ ထားတဲ့မေတ္တာက အံ့သြစရာပဲ။ မင်းတို့နှစ်ဦးရဲ့ ဆက်ဆံရေးဟာ သန့်ရှင်းကြောင်းကို တို့ဆေးရုံက ဝန်ထမ်းတွေ တဖြည်း

ဖြည်း နားလည်လာပါပြီ။ တို့တွေကတော့ မင်းတို့နှစ်ယောက်လုံးကို ဘယ်သူ့ကိုမှ မပြောင်းစေချင်ဘူး။ ဒေါက်တာဟန်ကြည်က ရန်ကုန်ကို ပြန်မသွားဘဲ ပြည်နယ်ကို တမင်လျှောက်တာ သိပ်ထူးဆန်းတာပဲ။ သူ့ အမေက ရန်ကုန်ကို လျှောက်ခိုင်းထားတာ"

မေထရွှန်စကားသံများကို မကြားတစ်ချက် ကြားတစ်ချက်နှင့် မိမိအား ဟန်မပျက် ပြုံးရယ်၍ ဆက်ဆံနေသော ဒေါက်တာဟန်ကြည်ကို မြင်ယောင်လာမိသည်။ တွယ်တာနေသူတစ်ဦး စွန့်ခွာသွားမည်ဆိုတော့ အလိုလို အားငယ်မိသည်။

"အို. . . ဘယ်လိုနည်းနဲ့ပဲ သံယောဇဉ်တွယ်တွယ် လူသားတွေက သူစိမ်းမျိုး မတူမေတ္တာဆို တစ်သမတ်တည်းပဲ မြင်ကြတာပဲ။ ရင်မွေးကတော့ အစ်ကိုစိုးနဲ့ လက်ထပ်ပြီးကတည်းက ပြောင်းလွဲမရတဲ့ မေတ္တာသဘောကို သိပြီးသားပါ"

တိတ်ဆိတ်နေသော သူ့ခြံဝင်းထဲသို့ ဝင်လာသောအခါ မိမိကိုယ်ကို မိမိ အံ့ဩသွားသည်။ အဘယ်ကြောင့် သူ့ထံလာရပါသနည်း။

အိမ်ပေါ်သို့တက်လာသောအခါ သူသည် တံခါးပေါက်ဝကို ကျောပေး၍ စားပွဲမှာထိုင်နေသည်။ တစ်စုံတစ်ခုကို စူးစိုက်၍ ကြည့်နေ၏။

"ဒေါက်တာ"

"ဟင်. . . အစ်မ"

သူ့အိမ်သည် ဘာမျှမရှိတော့ပေ။ ယခင်ကကဲ့သို့ ရုပ်ပုံကားချပ်များ စာအုပ်များ မရှိတော့ဘဲ စားပွဲပေါ်တွင် ရှင်းလင်းနေ၏။ သူ့မျက်ဝန်းတွင် မျက်ရည်များ ရစ်ဝဲနေ၏။ သူငိုနေသလား။

"အစ်မကို ဝန်ခံစရာရှိလို့ ကျွန်တော်လေ အယ်လ်ဘန်ထဲက အစ်မ ဓာတ်ပုံကို အစ်မ မသိအောင် ယူထားတယ်"

သူကြည့်နေသောအရာသည် မိမိဓာတ်ပုံမှန်း သိလိုက်သောအခါ ရတ်တရက် ရှက်သွား၏။ သူသည် ဓော်လာပြီးကတည်းက မိမိအား ရှောင်ဖယ်နေသည်ကို သတိထားမိသည်။ သို့သော် သူ့မျက်ဝန်းထဲမှ ချစ်အရိပ်သည် ပျောက်ကွယ်၍ မသွားပေ။

"ကျွန်တော်တောင် အစ်မဆီ လာတော့မလို့။ အစ်မက ထူးထူးဆန်းဆန်း ရောက်လာတာပဲ"



သူက ရယ်သွမ်းသွေး၍ ပြောသော်လည်း တကယ်တော့ သူ့ ခံစားချက်ကို ရယ်မော၍ ဖုံးကွယ်နေသည်။

"အစ်မ ထိုင်လေ"

မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက်စဉ် သူက မိမိအကြည့်ကို လွှဲဖယ်ရင်း မလုံမလဲ ပြုံးလိုက်သည်။

"ကျွန်တော်လေ အစတုန်းက ရန်ကုန်ပြန်ပြီး ဆေးခန်းဖွင့်မလို့ပဲ။ မေမေတို့က စပေါ်တောင်တင်ပြီးပြီ။ ဒါပေမဲ့ အစ်မနဲ့ အစ်မရဲ့ ဆရာဇာတ်လမ်းကို သိပြီးတော့ စိတ်မကောင်းဖြစ်မိတယ်။ အစ်မတို့ မျှော်လင့်ချက်တွေနဲ့ တည်ဆောက်ထားတဲ့ စိတ်ကူးယဉ် ကမ္ဘာလေး ပြိုကွဲသွားပြီနော်။ နောက်ထပ် မျှော်လင့်ချက် အသစ်ကလေး တည်ဆောက်ဖို့အတွက် နှလုံးသားကို စတေးခဲ့တာပဲ"

"ဒါတွေပြီးခဲ့ပြီပဲ ဒေါက်တာရယ်။ ဆရာက ကျေးလက်ဆရာဝန်ဖြစ်အောင် ဇော်ကို မွေးစားပေမယ့် မျှော်လင့်ချက် မပြည့်ဝရှာဘူး"

"အစ်မလည်း ဆရာဝန်အမှတ်မီလျက်နဲ့ ကလေးကို ငဲ့ညှာတယ် မဟုတ်လား"

ဒေါက်တာဟန်ကြည်အမေးကို ဘာမျှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။

"မျှော်လင့်ချက်လေးတစ်ခုအတွက် ထပ်ပြီး လမ်းခွဲကြတာကို ကျွန်တော် စိတ်မကောင်းပါဘူး။ မေတ္တာတရားကြီးမားလှတဲ့ အစ်မတို့နှစ်ယောက်ရဲ့ စိတ်ဓာတ်ကို လေးစားပါတယ်။ ကျွန်တော် တိုးဝင်ပြီး မဖျက်ဆီးချင်တော့ပါဘူး အစ်မရယ်"

သူ့အား မကြည့်ရက်၍ အဝေးကို ငေးနေမိသည်။ သူသည် စားပွဲခုံပေါ် တင်ထားသော မိမိလက်ဖမိုးနှစ်ခုကို ဆွဲကိုင်ဆုပ်ယူ၍–

"အစ်မကို ကျွန်တော်မြတ်နိုးတယ်ဆိုတာ ထပ်ပြောပါရစေ အစ်မရယ်။ အစ်မရည်ရွယ်ချက် မပြည့်ခင် မျှော်လင့်ချက်လေးတွေ မအောင်မြင်ခင်မှာ အစ်မတို့အလိုကို ဖြည့်ပေးပါမယ်။ အစ်မကို ချစ်မိတဲ့ ကျွန်တော်က အစ်မရဲ့ မွန်မြတ်တဲ့စိတ်ထားလေးကိုတော့ ရယူပိုင်ဆိုင်ပါရစေနော်"

ရင်ထဲမှာ လှိုက်ဖိုလာပြီး မျက်လုံးအိမ်အတွင်းမှ မျက်ရည်များ လိမ့်စီးကျလာလေသည်။ နှုတ်ခမ်းအစုံမှာ လှုပ်ရှားနေသော်လည်း မည်သည့်စကားမျှ မပြောနိုင်။

"ကလေး ဆရာဝန်မကြီး ဖြစ်လာတဲ့နေ့ကို ပြည့်နယ်တွေက စောင့်နေပါ့မယ် အစ်မရယ်။ အစ်မ မငိုပါနဲ့နော်"

သူက မိမိပါးပြင်ပေါ်မှ မျက်ရည်စများကို တယုတယ သုတ်ပေးလိုက်သောအခါ ရင်ထဲ၌ ချမ်းမြေ့သွားသည်။ တအုံနွေးနွေးဖြစ်နေသော အကြောင်းအရာလေး ပြေလည်သွားလေပြီ။ သူသည် နှလုံးသားရေးရာကြောင့် ပြည်နယ်သို့ စိတ်အပန်းဖြေသွားသည် မဟုတ်ဘဲ မွန်မြတ်သော စိတ်အတွေးနှင့် ထွက်သွားခြင်းဖြစ်သည်။

"အစ်မက ကျွန်တော့်အပေါ် ဘယ်လိုနည်းနဲ့ပဲ မေတ္တာတုံ့ပြန်တုံ့ပြန်၊ ကျွန်တော်က တစ်ဖက်သတ်အချစ်နဲ့ ထာဝရကျေနပ်ပါ့မယ်။ မေတ္တာဆိုတာ ပေါင်းစပ်ရယူမှ မဟုတ်ပါဘူး အစ်မရယ်။ အဝေးကပဲ တမ်းတနေပါ့မယ်။ အစ်မက ဆရာကို သတိရတဲ့အခါ ဆရာ့မေတ္တာထက် မသာတောင်မှ မလျော့တဲ့မေတ္တာနဲ့ ချစ်နေမယ့်ဟန်ကြည့်ကို မမေ့ပါနဲ့ဗျာ"

ရင်ထဲမှာ ဆို့နင့်သွားသည်၊ သူသည် မိမိရဲ့ ဆရာမဟုတ်ပါ။ သို့သော် ဆရာလို စကားကို ပြောနေလေပြီ။

"မေတ္တာဆိုတာ ပေါင်းစပ်ရယူမှ မဟုတ်ပါဘူး"ဟူသော ဆရာ့ စကားသံလေးက နားထဲတွင် ဝဲပျံလာသည်။

အလိုလိုစီးကျလာသော မျက်ရည်များကို လက်ဖမိုးဖြင့် သုတ်လိုက်ရင်းက အားငယ်စိတ်များ ဝင်လာသည်။ ဆရာအား ခွဲခွာစဉ်က မိမိသည် ဤကဲ့သို့ မျက်ရည်ကျရသည်။ ထိုစဉ်ကလည်း ရင်နာမှု၊ ပူလောင်မှု၊ ဝမ်းနည်းမှုများဖြင့် နန္ဒမိတ်ရွာ စစ်တောင်းမြစ်ကမ်းပါးတွင် ဆရာနှင့်မိမိ နှစ်ဦး ငိုခဲ့ရသည်။ ခွဲခွာမှုအတွက် မျက်ရည်ကျခဲ့ရပါသည်။

□

## အခန်း ၁၀

"ဘယ်ဖြစ်မလဲ ရင်မွှေး။ သူကအဖေ၊ နင်ကအဖေါ်။ ဆိုင်ရှင်းဆိုင်အဖေက ပိုဆိုင်တာပေါ့။ ပြီးတော့ နင်က အိမ်ထောင်ပြုတော့မယ်။ နောင်လည်း ကိုယ်မွေးလို့ ရနိုင်သားပဲ"

အစီးစကားကြောင့် ရှက်ဒေါသဖြစ်ပြီး အဲကို တင်းတင်းကြိတ်ထားလိုက်သည်။

"အစ်ကိုစိုးလည်း အိမ်ထောင်ပြုရင် ရနိုင်သားပဲ။ ရင်မွှေးက ကလေးမွေးလာကတည်းက ထိန်းလာတာ ဘယ်ခွဲရက်မလဲ"

အကျောက်အကာန် ငြင်းမိသည်၊

အစ်ကိုစိုးသည် ရန်ကုန်သို့ ပြောင်းမိန့်ကျလာ၍ ကလေးအား ခေါ်သွားရန် တောင်းဆိုနေခြင်းဖြစ်သည်။ ကလေးအား တောင်းဆိုခြင်းသည် မိမိနှလုံးသားကို ထုတ်ယူရန် တောင်းဆိုနေသည်ဟု ထင်မိ၏။

"ငါက သမီးအတွက် တမင်ရည်ရွယ်ပြီး ရန်ကုန်သို့ ရွှောက်ထားတာပဲ၊ ရင်မွှေး နင့်တာသာ ကျောင်းဆက်တက်ပါဟာ။ ငါ့သမီးအတွက် ငါ့ဘာသာ တာဝန်ယူပါ့မယ်။ ဟိုမှာ ငါ့အစ်မကြီးတွေ အဒေါ်တွေ ရှိပါတယ်ဟာ"

ဘယ်လိုမှ လှည့်ပတ်ပြော၍ မရတော့ပေ။ ဆရာက ကြားလူဖြစ်နေ၍ မိမိတို့ပြဿနာကို ဘာမျှဝင်မပြောဘဲ ဝေးဝေးရှောင်ထွက်သွားလေ၏။

ဆရာ့မျက်နှာသည် ပြုံတော့မယောင် ညိုမှောင်နေ၏။

"ငါ့မှာ တွယ်တာစရာ ဒီသမီးလေး တစ်ယောက်တည်း ရှိတာပဲ။ နင်စဉ်းစားကြည့်ပေါ့ ရင်မွှေးရယ်၊ နင်တောင် ဒီလောက်ချစ်နေရင် ငါအဖေအရင်းက မချစ်ဘဲနေပါ့မလား"

ဝေခွဲမရသောစိတ်များနှင့် ရင်ထဲတွင် ပူလောင်နေ၏။ ဆွေမျိုးများနှင့် ရွာလူကြီးများက ဖြေရှင်းပေးသည်က အမေမရှိတော့လည်း အဖေရှိနေ၍ သမီးက အဖေနှင့်သာဆိုင်သည်။ အဒေါ်က မခွဲနိုင်လျှင် လိုက်သွားတဲ့။

ဝမ်းနှင့်လွယ်မမွေးရုံ မွေးလာသောကလေးကို မိမိဘယ်လိုခွဲရမှာလဲ။ ကလေးကို မခွဲနိုင်လျှင် ဆရာ့ကို ခွဲရမည်။

"ဆရာရယ်"

မင်္ဂလာရက်သတ်မှတ်ရန်သာ လိုတော့သည်။ ဆရာက ရန်ကုန်သို့ဆင်းကာ မင်္ဂလာဝတ်စုံများပင် ဝယ်ထားပြီးလေပြီ။ ဆရာ့ကိုခွဲဖို့ စဉ်းစားမိသောအခါ မိမိနှလုံးသား ဆတ်ဆတ်ခါ နာကျင်သွားမိ၏။

ကလေးအား ခွဲသွားလျှင် အပါးနှင့် တဝါးမျက်နှာသည် ဘွားခနဲပေါ်လာလေသည်။ ဆရာဝန်ရှိရာ ရှာဖွေလာသော မိမိတို့ သားအဖသုံးယောက်၊ ဆရာဝန်အလာကို ဝေဒနာကြားမှာ စောင့်နေရှာသည့် အစ်မတဝါးမ။

အစ်မသည် မိမိထံ၌ သမီးငယ်ကို ယုံကြည်စွာ အပ်နှံထားခဲ့သည်။ မိမိက စွန့်ခွာသွားလျှင်။ မည်သို့မျှ စဉ်းစား၍မရ။

သို့ဖြစ်လျှင်–

"ဆရာရယ်"

ရင်ထဲက ကြေကွဲစွာ ရေရွတ်ရင်းက ဆရာ့ကိုရှာဖွေမိသည်။ ဆရာမရှိတော့ပေ။ ဆရာကား စစ်တောင်းမြစ်ကမ်းဘေး ရောက်နေပြီလား။

"ရင်မွှေးအသည်းကို ခွဲနေကြတယ်။ ရင်မွှေး ဘယ်လိုမှ ရုန်းမရအောင်လို့ အညာကိုင်နေကြပါလား။ အစ်မရေ ငါ ဘယ်လိုဆုံးဖြတ်ရမလဲ"

အိပ်ခန်းထဲဝင်၍ သည်းအူပြတ်မျှ ငိုကြွေးမိသည်။ တကယ်တမ်း ခွဲရမည်ဆိုမှ ဆရာ့ကို ချစ်ရမှန်း ပိုသိလာ၏။

အစ်ကိုစိုးသည် အောင်နိုင်သောစစ်သူကြီးကဲ့သို့ ကလေးအား ချီ၍ ရွာထဲအနှံ့ လျှောက်လည်နေသည်။



"ရင်မွှေးရယ် ညည်းက မိန်းမသားပဲအေ။ သားသမီးတွေ အများကြီးမွေးဦးမှာပဲ။ ဆရာလေးကိုတော့ မစွန့်ပါနဲ့အေ။ သူ့ခမျာ မြစ်ကမ်းမှာထိုင်နေတာ ကြာလှပြီ"

အရီးစကားကြောင့် ဆရာရှိနေသည်ကို သတိရပြီး အိမ်ပေါ်မှ ကမန်းကတန်း ပြေးဆင်းလာခဲ့သည်။ နေမင်းကွယ်၍ အမှောင်စိုးမိုးစပြုနေပြီ။ ဆရာသည် သဲသောင်စပ်၌ ကျောက်ရုပ်ကဲ့သို့ မလှုပ်မယှက်ထိုင်နေပြီး ခံစားမှုကင်းမဲ့စွာ ငြိမ်သက်နေ၏။

"ဆရာ. . . ဆရာရယ်။ ရင်မွှေး ဘာလုပ်ရမလဲ။ ရင်မွှေး ဘာလုပ်ရမလဲ"

ဆရာ့ထံ ကမူးရှူးထိုးပြေးသွားပြီး ဆရာ့လက်မောင်းကို ကိုင်လှုပ်၍ မေးလိုက်မိသည်။

"ခုထိ ဘာလုပ်ရမှန်းလဲ မသိသေးဘူးလား နှော်ရင်မွှေးရယ်။ မင်းနဲ့ ဆရာ့အသည်းကိုထုတ်ပြီး ပေါ်ဒီစစ်တောင်းမြစ်ထဲကို ပစ်ချလိုက်ပေါ့။ ဆရာ့ရင်ထဲမှာတော့ အသည်းမရှိတော့ဘူး။ မင်းပဲ ကျန်တော့တယ်"

"အို. . ."

မျက်နှာကို လက်ဖဝါးနှင့်အုပ်၍ အားပါးတရ ငိုရှိုက်မိသည်။ ဆရာသည် မိမိအပေါ်တွင် စိမ်းကားသွားလေပြီ။ မိမိအား ဤကဲ့သို့ လေသံမာနှင့် တစ်ခါမျှ မပြောဖူးပေ။

"ရင်မွှေး၊ မငိုပါနဲ့ ကလေးရယ်။ အို. . .ဝမ်းနည်းနေတာပဲ ငိုလိုက်ငိုလိုက်။ ဒါပေမဲ့ ဆရာ့ကြောင့် မျက်ရည်ကျတာကို မလိုလားဘူး ကလေးရယ်။ ဆရာ မကြည့်ရက် မမြင်ရက်ပါဘူး"

ဆရာ့အသံသည် နူးညံ့ပျော့ပျောင်းသွားပြီး တုန်ရီလှိုက်မောနေ၏။ ဆရာသည် မိမိဦးခေါင်းကို သူ့ရင်တွင် ထွေးပွေ့ထားရင်း ဆံပင်များကို သူ့ပါးနှင့် ကပ်ထားလိုက်၏။

"ဆရာ့ကို စွန့်လွှတ်လိုက်ပါ ရင်မွှေးရယ်။ ဆရာ့ဘဝက အထီးကျန်တစ်ကောင်ကြွက်ဆိုတဲ့ ဘဝကိုပဲ ပိုင်ဆိုင်ရုံကလွဲလို့ ဘာမှပြောင်းလဲသွားမှာ မဟုတ်ပါဘူး"

"ဆရာရယ်၊ ရင်မွှေး ဘယ်လိုလုပ်ရမလဲ။ ကလေးကိုလည်း မခွဲနိုင်ဘူး။ ဆရာ့ကိုလည်း မခွဲနိုင်ဘူး"

"ရင်မွှေး ဆုံးဖြတ်ပါကွယ်။ ရင်မွှေးက သမီးနဲ့အတူနေရင် သမီး ဆရာဝန်ဖြစ်ဖို့က ရင်မွှေးတာဝန်ပဲ။ ဆရာနဲ့အတူနေရင် ရင်မွှေး ဆရာဝန် ဖြစ်ဖို့က ဆရာ့တာဝန်ပဲ။ ရင်မွှေးကို ဆရာ ကျောင်းဆက်ထားမယ်။ ဒါပေမဲ့ ရင်မွှေးရယ် ဆရာမပြောရက်ပါဘူး။ သမီးအပေါ် ဆရာတို့ မစိမ်းရက်ပါဘူးကွယ်။ ဆရာကပဲ နောက်ဆုတ်ပေးပါ့မယ်။ တကယ်လို့များ သမီးကို ကြည့်မယ့်သူရှိရင် ရင်မွှေး ကျောင်းဆက်တက်ပါလားဟင်. . ."

သူ့အတွက် မပြောဘဲ မိမိနှင့် ကလေးအတွက်ကိုသာ ငဲ့ကွက်လွန်းသော ဆရာ့အား ကြည့်ရင်းက ကြေကွဲစွာ ငိုရှိုက်မိသည်။

"အစကတည်းက ဆရာ့ကို မချစ်ခဲ့မိရင် အကောင်းသား"

"ဆရာ့ကို ချစ်တာ မှားတယ်လို့ နောင်တစကား ဆိုနေသလား ကလေးရယ်၊ ဆရာကတော့ မေတ္တာတွေအားလုံး ပုံအောပြီး ချစ်တာမို့ ကျေနပ်ပါတယ်။ ဆရာ မင်းကို သိပ်ချစ်ပါတယ်"

"ဟင့်အင်း. . . ဆရာရယ်၊ ရင်မွှေးကို မုန်းလိုက်စမ်းပါ"

ဆရာက မိမိမျက်နှာကိုဆွဲမော့ရင်း မျက်ရည်များကို တယုတယ သုတ်ပေးနေပြန်သည်။

"ဆရာ့ကို စွန့်ခွာသွားတာနဲ့ ရင်မွှေးကို မုန်းလိုက်မေ့လိုက်ရမှာလား။ ရင်မွှေးက ဆရာ့ကိုမုန်းလို့ စွန့်ခွာသွားတာမှ မဟုတ်တာ။ ကလေးအတွက် စွန့်ခွာသွားတာပဲ။ ရင်မွှေး အစ်ကိုစိုးနဲ့လက်ထပ်သွားခဲ့ရင်တောင် ဆရာ မမုန်းပါဘူး"

"အို. . . အဲဒီလို မပြောပါနဲ့"

ခါးသီးစွာ အော်ဟစ်မိသည်။ ပြီးတော့ ဆရာ့ရင်ခွင်ထဲ တိုးဝင်၍ ငိုရှိုက်မိပြန်သည်။

"ဆရာကလွဲလို့ ဘယ်သူ့ကိုမှ မချစ်ဘူး။ ဆရာက ဘာလို့ သဘောထားကြီးနေရတာလဲ။ ရင်မွှေးကို မုန်းလိုက်စမ်းပါ ဆရာရယ်"

ဆရာသည် မည်သို့မျှမပြောတော့ဘဲ မိမိခေါင်းကို ပွတ်သပ်ချော့မြူပေးနေသည်။ အမှောင်ထုက တဖြည်းဖြည်းကြီးစိုးလာသည်ကို သတိမထားမိလိုက်ပေ။

"ဆရာ ဘယ်တော့မှ မမုန်းဘူး"

"အရွယ်နဲ့မမျှအောင် မိခင်စိတ်ရှိတဲ့ ရင်မွှေး၊ အနစ်နာခံလွန်းတဲ့ ရင်မွှေး



ကို ဆရာပိုပြီး လေးစားမြတ်နိုးတယ်။ အချစ်ဆိုတာ ပေါင်းစပ်ရမှ မဟုတ်ပါဘူး ကလေးရယ်။ ဆရာ့ရင်ထဲမှာ ရင်မွှေးက ထာဝရ ရှိနေပြီပဲ။ ရင်မွှေးကလည်း ဆရာ့ကို အမြဲချစ်သွားရင် ပြည့်စုံပြီပေါ့။ ရင်မွှေး အချစ်ကိုရတဲ့ ဆရာ့ဘဝက ဖြေသာပါတယ်ကွယ်"

ကြံဖန်ပြီး ဖြေသိမ့်သော ဆရာ့အား တင်းကျပ်စွာ ဖက်တွယ်ရင်း မခန်းသေးသော မျက်ရည်များ သွန်ချမိသည်။ ဆရာလည်း ငိုသည်။ မိမိ နဖူးပြင်မှာ စိုစွတ်နေ၏။

"မှောင်လာပြီ။ သွားစို့နော်ကလေး"

ဆရာက မိမိအား ဆွဲထူပြီး အိမ်ဝတိုင်အောင် လိုက်ပို့ပေးခဲ့သည်။ ထိုနေ့ညတွင် ဆရာ့အား နောက်ဆုံး တွေ့လိုက်ရသည်။ နောက်နေ့တွင် ဆရာသည် သူ့ဇာတိအညာသို့ ခေတ္တပြန်သွားကြောင်း သိလိုက်ရ၏။

ထိုအခါ ဆရာ၏ စိုးရိမ်လွန်းသော စကားများကို ကြားယောင်လာမိသည်။

"ရင်မွှေး စိတ်ကို သိပါတယ်။ ရင်မွှေးရဲ့ မေတ္တာကိုလည်း ယုံပါတယ်။ ဒါပေမဲ့ ကံသွားတဲ့လမ်းကြောင်းကို မသိနိုင်ဘူး။ ကံကြမ္မာနောက်က တွဲခိုလိုက်လာမယ့် ကြမ္မာရိုင်းကိုလည်း ဆရာ မမြင်နိုင်ဘူး"

"ဆရာရယ်. . .ရင်မွှေးရဲ့ မေတ္တာတရားက ကံတရားကို တွန်းလှန်နိုင်ပါတယ်။ ကြမ္မာရိုင်းကိုလည်း ဖြတ်ကျော်နိုင်ပါတယ်"

ထိုစဉ်က ပေါ့ဆစွာ ပြောလိုက်မိသည်။ ရင်မွှေးအဖို့ ဆရာ့ကို ချစ်သောစိတ်နှင့် အရာရာကို ရင်ဆိုင်ရဲ ဖြတ်ကျော်ရဲပါသည်။ သို့သော် နော်သဲဆူးကိုတော့ ဆရာမနိုင်တော့ပေ။ နော်သဲဆူးသည် ဆရာနှင့်ရင်မွှေးကို လွဲဖယ်အောင် ဖန်တီးနိုင်စွမ်းရှိသည်။

အသည်းနှလုံးနှင့် ရင်းပြီး ကလေးကို ချစ်ရပါသည်။

ဆရာနှင့် နော်ရင်မွှေးတို့၏ မျက်ရည်များကို စုပုံပြီး ရင်းနှီးပြီး ကလေးကိုချစ်ရပါသည်။

❑

## အခန်း ၁၁

"မငိုပါနဲ့ အစ်မရယ်၊ ကျွန်တော် ရင်နာလွန်းလို့ပါဗျာ"

ဒေါက်တာဟန်ကြည့်စကားကြောင့် သတိဝင်လာပြီး ကမန်းကတန်း မျက်ရည်များကို သုတ်လိုက်သည်။ ထို့နောက် ကြိုးစားပြုံးရင်းက–

"ကလေးသာသိရင် စိတ်ကောင်းမှာ မဟုတ်ဘူး။ ညနေတိုင်း သတိရနေတော့မှာပဲ။ သံယောဇဉ်ဆိုတာ မကောင်းပါလားကွယ်။ အစ်မ အမြဲ သတိရနေမှာပဲ။ မင်းရဲ့သန့်စင်တဲ့ မေတ္တာတရားကို လေးစားပါတယ်။ အသိအမှတ် ပြုပါတယ်ကွယ်။ အစ်မတို့တစ်တွေ ဘယ်တော့မှ မေ့ကွာ မသွားပါဘူး။ တစ်နေ့မဟုတ်တစ်နေ့ ပြန်တွေ့မှာပါ"

သူက မိမိလက်ကို ရုတ်တရက် ဆုပ်ကိုင်ပြီး တလဲ့လဲ့တောက်ပသော မျက်လုံးများကို စူးစူးနစ်နစ်ကြည့်နေ၏။ သူ့အကြည့်က စူးရဲလွန်း၍ ရင်ထဲ ဖြောင်းဆန်အောင် လှုပ်ရှားသွားသည်။ သို့သော် ဘာမျှ မသိဟန်ဆောင်ပြီး–

"တို့သွားမယ်"

ပြောလည်းပြော အပေါက်ဝသို့လည်း ထွက်လာသည်။ သူ့ထံမှ သက်ပြင်းချသံ သဲ့သဲ့ကို ကြားလိုက်ရ၏။



"အသိအိမ် တစ်အိမ်က ဖိတ်ထားလို့ အစ်မရယ်၊ နောက်မှပဲ။ ဒီည မလာတော့ဘူးနော်"

ဒီညမဟုတ်။ နောက်ညများတွင်လည်း မလာတော့ပေ။ ဒေါက်တာ ဟန်ကြည်သည် နော်ရင်မွှေးတို့ သားအမိအား စာဖြင့်သာ နှုတ်ဆက်သွား လေပြီ။

ရင်မွှေးရော ကလေးပါ သိသိသာသာ ငေးငိုင်သွားပြီး တခဏ်အားဖြင့် အိမ်လေးမှာ ခြောက်သွေ့သွားလေသည်။ သံယောဇဉ်ကြိုးမျှင်ကား ခိုင်မြဲ လွန်းလှ၏။ ဘယ်နေရာသွားသွား ဒေါက်တာဟန်ကြည့်အရိပ်က စိုးမိုးနေ သည်။ တတ်နိုင်သမျှ ကလေးကို စိတ်ပြောင်းအောင် လုပ်ပေးသော်လည်း ကလေးက တမ်းတဆဲ သတိရနေဆဲဖြစ်သည်။

သို့သော် ဒေါက်တာဟန်ကြည်ကို သတိရစိတ် တမ်းတစိတ်ထက် ပတ်ဝန်းကျင်၏ လှောင်ပြောင်ရယ်မောသံက ပိုခဲ့သည်။ ဒေါက်တာ ဟန်ကြည်က မိမိအား စွန့်ခွာသွားသလိုလိုနှင့် အထင်သေးစကား ပြောနေ ကြသည်။ ဤသည်ကို ဒေါက်တာဟန်ကြည်က ကြိုမြင်၍လား မသိပေ။ ရင်မွှေးထံသို့ တစ်ပတ်တစ်စောင် စာမှန်မှန် ရေးသည်။ ကလေးထံသို့ လည်း ရေးသည်။ ကလေးကတော့ ဒေါက်တာဟန်ကြည်ထံ စာမှန်မှန် ပြန်၏။

နော်ရင်မွှေး စာမရေးအားတော့ပေ။ ကလေး၏မိခင်လည်းဖြစ် ဖခင် လည်းဖြစ်သော နော်ရင်မွှေးသည် လူ့လောကအလယ်၌ ကလေးမျက်နှာ မငယ်ရအောင် ကြိုးစားရုန်းကန်ရပေသည်။ နေ့ဘက်တွင် ဆေးရုံတာဝန် ပြီးပါက ညနေနှင့် စနေ၊ တနင်္ဂနွေနေ့များတွင် ပြင်ပဆေးတိုက်များ၌ ဝိုင်း ကူရင်း အပိုဝင်ငွေ ရှာရသည်။ ကလေးကိုမူ ညဘက်ကျူရှင်ပို့၍ ဆေးခန်း ပြန်လာချိန် ည ၈ နာရီတွင် ဝင်ခေါ်ခဲ့သည်။

တစ်နေ့လုံး ပင်ပန်းနွမ်းနယ်လာသောကြောင့် အိပ်စက်အနားယူလို သော်လည်း ရင်မွှေး မအိပ်နိုင်သေး။ အိမ်စာများကို ပြီးအောင်လုပ်ပေး သော ကလေးအနားမှာထိုင်ရင်း ယပ်ခတ်ပေးသည်။ ကလေးနှင့် အတူတူ စာကျက်သည်။ ကလေးသည် တတ်သိလိမ္မာသောကလေးတစ်ဦးဖြစ်၏။ ငယ်စဉ်ကတည်းက စာကျက်ရန် တိုက်တွန်း မနေရပေ။ မိမိငယ်စဉ်က အပါးနှင့် အစ်မက တဖွဖွတိုက်တွန်းနေရ၏။ သို့သော် ဆရာနှင့် ခင်မင်

ရင်းနှီးပြီးနောက် ဆရာတိုက်တွန်းလျှင်၊ ဆရာအနားမှာရှိလျှင် မိမိအဖို့ ဘာမျှမလိုတော့။ စိတ်ထဲတွင် အလိုလိုပျော်ရွှင်လာပြီး စာကျက်ချင်စိတ် ဝင်လာခဲ့၏။

ယခုလည်း ကလေးအနားတွင် မိမိသော်လည်းကောင်း၊ ဒေါက်တာ ဟန်ကြည်သော်လည်းကောင်း ရှိနေလျှင် ကလေးက စာကျက်သည်။ စာထဲ ကို စိတ်ဝင်စားစွာ ကျက်မှတ်တတ်၏။

မေတ္တာ၏ စေ့ဆော်တိုက်တွန်းချက်ကား အရာရာကို အောင်နိုင်ခဲ့၏။

ည ၉ နာရီခွဲတွင် အိပ်ရာကို အဆင်သင့်ပြင်ထားလိုက်၏။ ကလေး သည် မည်မျှပင် အရွယ်ကြီးလာစေကာမူ မိမိရင်ခွင်ထဲ တိုးဝင်၍ အိပ်တတ် ၏။ ခါးအောက်ထဲသို့ လက်လေးတစ်ဖက်ထိုးပြီး ကျန်လက်တစ်ဖက်က မိမိကိုယ်ပေါ်တင်ထားပြီးမှ အိပ်တတ်၏။

"မိုး. . . သိပ်ပင်ပန်းလားဟင်"

"ဘာလို့ မေးတာလဲ. . . ဟင်"

"အခုတလော မိုးကိုကြည့်ရတာ မျက်ကွင်းတွေညိုပြီး ပိန်နေတယ်"

"ကလေးလည်း ပင်ပန်းတာပဲ"

ဘဝကို နားလည်အောင် သင်ကြားပေးရခြင်း မရှိဘဲ အလိုလို နားလည်လာသည်။ အထူးသဖြင့် မိမိအပေါ်တွင် အလွန်ညှာတာပြီး အစစ လူကြီးတစ်ယောက်ကို အကူအညီပေးခဲ့၏။

မိမိငယ်စဉ်က ထိုကဲ့သို့ နားမလည်ခဲ့။ အစ်မအပေါ်တွင် ဆိုးနွဲ့၍ ကောင်းတုန်းပင် ဖြစ်သည်။

"မိုးရယ် အန်တီအေးကပြောတယ် မိုးသာ ဦးဦးဒေါက်တာကို ယူရင် အေးအေးချမ်းချမ်း နေရမယ်တဲ့ ဟုတ်လားဟင်"

ကလေးအမေးကြောင့် ရင်ထဲမှာ ပူခနဲဖြစ်သွားသည်။ မှေးငိုက်နေသော မျက်လုံးများ ပြူးကျယ်လာသည်။ မီးရောင်ဖျော့ဖျော့လေးအောက်မှ ကလေးမျက်နှာကို ငေးစိုက်ကြည့်မိသည်။ ကလေးက သူ့အမေးအတွက် အဖြေကို ငံ့လင့်နေ၏။ သက်ပြင်းလေး တိုးတိုးချလိုက်ရင်းက–

"ကလေးရယ် ချမ်းသာတယ်ဆိုတာ ဘာလဲဟင်။ ကလေးသိလား။ ရုပ်ရှင်တွေထဲကလို တိုက်ကြီးကားကြီးတွေနဲ့ နေနေရတာကို ချမ်းသာ တယ် ထင်သလား"



"အဲဒါ ချမ်းသာတာပဲ မဟုတ်လားဟင် မိုး. . ."

"ဒါဆို ကလေးကို ဆေးရုံအုပ်ကြီးက မွေးစားချင်တယ် ပြောနေတယ်။ ကလေးသွားနေမလား။ တိုက်နဲ့ကားနဲ့ နေရမယ်လေ"

ကလေးတစ်ကိုယ်လုံး တုန်သွားပြီး မိမိအား တင်းကျပ်စွာ ဖက်တွယ် လိုက်ရင်းက –

"ဟင့်အင်း မိုးမပါဘဲ ကလေးဘယ်မှမသွားဘူး။ မိုးနဲ့ခွဲပြီး ဘယ်သူနဲ့မှ မနေဘူး။ ကလေး မိုးနဲ့ပဲအတူနေမယ်"

ရင်ထဲတွင် အေးမြသွား၏။ ကလေး၏ ဆံပင်လေးများကို တယုတယ ပွတ်သပ်ပေးရင်းက–

"ကလေးရယ် မိုးကို သိပ်ချစ်လားဟင်"

"ချစ်တာပေါ့။ မိုးက ကလေးအမေပဲ။ ကိုယ့်အမေ ကိုယ်ချစ်တာပေါ့"

ကလေးနဖူးကို နမ်းလိုက်ရင်းက ကျေနပ်စွာ ပြုံးလိုက်မိသည်။

"တိုက်ကြီးကားကြီးတွေနဲ့နေပြီး မိုးနဲ့ခွဲနေမယ်ဆို ကလေးစိတ်ချမ်း သာမလား"

"ငိုနေမှာပဲ"

"ကလေးရယ် ချမ်းသာတယ်ဆိုတာလေ ရွှေတွေငွေတွေထက် စိတ်ချမ်း သာဖို့က အဓိကပါ။ လောကမှာ ကိုယ်ချစ်တဲ့သူနဲ့ အတူတူနေပြီး ကိုယ့် စိတ်သဘောကျ လွတ်လွတ်လပ်လပ် လှုပ်ရှားသွားလာနေရမယ်ဆိုရင် ပျော်စရာမကောင်းဘူးလားဟင်။ ကလေးအခု မိုးနဲ့နေရတာ မပျော်ဘူး လား။ စိတ်မချမ်းသာဘူးလား"

"အိုး. . . မိုးနားမှာ နေရတာ သိပ်ပျော်တာပဲ။ စိတ်ချမ်းသာတာပဲ။ ကလေးအတွက် မိုးပဲလိုတာ"

ကလေးသည် မိမိအား တင်းကျပ်စွာ ဖက်တွယ်ထားရင်း ပြောလိုက် သည်။ ကလေးနားလည်သွားသဖြင့် ရင်ထဲမှာ ပီတိဖြစ်နေမိ၏။ ထို့နောက် ယုံကြည်မှုလေးနှင့် ပျော်သွားသည်။ ကလေးသည် မိမိအား ဘယ်တော့မှ မခွဲသွားနိုင်ပေ။ ထိုမျှော်လင့်ချက် ယုံကြည်ချက်များက မိမိအသည်းနှလုံးထဲ သို့ စိမ့်ဝင်သွားပြီး ကြက်သီးလေးများ ထသွားသည်အထိ ပီတိဖြစ်သွား၏။

"ဒါပေါ့ ကလေးရယ်။ မိုးကလည်း ကလေးနဲ့ အတူနေရတာ ချမ်းသာ ခြင်းပေါ့"

ပြောရင်း ရင်ထဲမှာ စစ်ခနဲ နာကျင်သွားသည်။ တဝါးမလည်း မိမိအပေါ် အလွန်အလိုလိုက်ပြီး မိမိလက်ညှိုးညွှန်ရာကို ပြည့်စုံအောင် ဖြည့်ပေးသူ ဖြစ်သည်။ မိမိသည် နန္ဒမိတ်က နော်ရင်မွေးဖြစ်စဉ်က တန်ဖိုးကို နားမလည်။ အဖိုးတန်သည် မတန်သည်ကို မသိဘဲ လိုချင်လျှင် မြေပေါ် လှိမ့်၍ ပူဆာတတ်သည်။ လိုတာရမှ စိတ်ကောက်ပြေသူဖြစ်သည်။

ကလေးကမူ မိမိ၏လခကို သိသည်။ ဝင်ငွေ အတိုင်းအတာကို သိသည်။ ထို့ကြောင့် ဘာကိုမျှ မပူဆာဘဲ ရသမျှနှင့် ရောင့်ရဲခဲ့၏။ သူ့အသိ လေးတွင် မိုးကလွဲလို့ ဘာမျှမက်မောမှုမရှိပေ။ ထို့ကြောင့် ကလေးကို တစ်နေ့တခြား တွယ်တာလာ၏။ ကလေးအတွက် အလိုလောဘကြီး လာသည်။

ခါတိုင်းတွင် လူနာထံမှ ငွေယူရမည်ကို မဝံ့ရဲသော်လည်း ယခုအခါ ဆေးဖိုးဝါးခ တန်ရာတန်ဖိုးကို ယူရလေပြီ။ အတန်းကြီးလာလေ ကလေး ခန္ဓာကိုယ်ထွားပြီး အရွယ်ရောက်လာလေ မိမိအတွက် ကုန်ကျစရိတ် များလာလေဖြစ်သည်။

အစ်ကိုစိုးမသိအောင် ဘယ်သူမျှ မသိသော ကျိတ်စုထားသော တဝါးမ ပစ္စည်းနှင့် မိမိ၏ လက်ဝတ်လက်စားအချို့သည် တစ်စတစ်စ လျော့ခဲ့ရ သည်။

ဆရာ တဖွဖွမှာထားသကဲ့သို့ တတ်နိုင်သမျှ သိုသိပ်ထားသည်။ သို့ သော် ကလေးရှစ်တန်းအောင်သောနေ့တွင် ကလေးအတွက် ပန်းကမ္ဘာ စက်ဘီးအလှလေးကို မိမိ၏မောင်နှံခုနစ်ဖော်လက်ကောက်နှင့် လဲလိုက် ရသည်ကိုမူ ကလေး မသိလိုက်ပေ။

စက်ဘီးရ၍ ပျော်မြူးနေသော ကလေးကိုကြည့်ရင်း မိမိရင်ထဲ လှိုက်ဖို ကြည်နူးရသည်။ သို့သော် ကလေးသည် လွတ်လွတ်လပ်လပ် မပျော်နိုင်ပေ။

"မိုးရယ်၊ ဘယ်က ပိုက်ဆံရလဲဟင်။ အကြွေးတွေ တင်နေလားဟင် မိုး. . . ."

ကလေးက သိတတ်သူပီပီ စိုးရိမ်စွာ မေးနေပြန်သည်။

"မပူပါနဲ့ ကလေးရယ်။ စာတော်တဲ့ကလေးကို ဆုချဖို့ မိုးအစောကြီး ထဲက ချွေတာပြီး စုထားတာပါ"

"မိုးကိုလေ ဒါကြောင့် ကလေးက သိပ်ချစ်တာ"



ကလေးက မိမိကိုဖက်ရင်း ချွဲနွဲ့လိုက်သည်။ ရင်ထဲတွင် အားမာန် များ တိုးဝင်လာခဲ့သည်။ ကလေးအတွက် ပစ္စည်းအားလုံးကို စွန့်ရဲသည်။ မိမိတွင် ဘာမျှတွယ်တာမက်မောမှု မရှိတော့ပေ။ မိမိပစ္စည်းကိုသာ ထုခွဲ မည်ဟု ဆုံးဖြတ်ပြီး တဝါးမ၏ ပစ္စည်းကိုမူ မထိရက်ပေ။ သူများနည်းတူ ကလေးကို ဆင်ပေးချင်သည်။ ကလေးလှစေချင်သည်။ မျက်နှာမငယ်စေ ချင်ပါ။

အဖမဲ့ကလေးသည် လောကအလယ်၌ မျက်နှာမငယ်စေရ။ မိမိ၏ အနေအထိုင်ကြောင့်လည်း ကလေးမျက်နှာ မငယ်စေချင်။

ဒေါက်တာဟန်ကြည်နှင့်ပတ်သက်၍ မိမိအပြောခံရသည်ကိုပင် မိမိ ဂုဏ်ညှိုးခြင်းထက် ကလေးအား ထိခိုက်သွားမည်ကို အလွန်စိုးရိမ်မိသည်။

ထို့နောက် နောင်တွင် မိမိအနေအထိုင်နှင့် ပတ်သက်၍ မည်သူမျှ ငဲ့ စောင်းမကြည့်နိုင်အောင် ယောကျ်ားများနှင့် ကင်းကင်းရှင်းရှင်း နေလိုက် သည်။ မိမိအား အသည်းမာသူ၊ စိမ်းကားတတ်သူ၊ လူမှုရေးနားမလည် သော မိန်းမကြမ်းတစ်ယောက် အနေဖြင့်သာ ပတ်ဝန်းကျင်က မြင်လျှင် လည်း ကျေနပ်စွာ ခံယူနိုင်ပါသည်။

ကလေးသည် အသိဉာဏ်တိုးတက်လာသည်နှင့်အမျှ မုဆိုးမ အမည်ခံ ထားသော မိမိအတွက် စိုးရိမ်တတ်လာသည်။ ဤသည်ကို ဒေါက်တာ ဟန်ကြည်ထံ ဖွင့်ဟထား၏။

ကလေးနှင့် ဒေါက်တာဟန်ကြည်သည် စာချင်းအဆက်အသွယ် ရှိသည်။ ရင်းနှီးပြီး အကျိုးအကြောင်း အဆိုးအကောင်းမှန်သမျှကို ဖွင့်ဟ ကြသော်လည်း မိမိကား ဒေါက်တာဟန်ကြည်နှင့် ပို၍ဝေးကွာခဲ့သည်။ ဒေါက်တာဟန်ကြည်စာများကို မဖတ်နိုင်သည်အထိ ဥပေက္ခာပြုထား လိုက်၏။

တစ်ခါတစ်ရံ လူကြုံရှိလျှင် လက်ဆောင်ပစ္စည်းများနှင့် စားစရာများ ကို ဒေါက်တာဟန်ကြည်က ပို့ပေးသကဲ့သို့ ကလေးကလည်း ပြန်လည် ပို့ပေးခဲ့သည်။

ကလေး၏တွယ်တာမှု သံယောဇဉ်ကို မဟန့်တားချင်သော်လည်း ကလေးရှစ်တန်းကို ငါးဘာသာဂုဏ်ထူးဖြင့် အောင်စဉ်က ဒေါက်တာ ဟန်ကြည်က ငွေ ၅၀၀ိ ပို့၍ ဆုချရာ မိမိသည် အကျောက်အကန်ငြင်း၍

ပြန်ပို့လိုက်သည်။ ထိုအခါ ဒေါက်တာဟန်ကြည်ကလည်း ခါးခါးသီးသီး ငြင်း၍ ပြန်ပို့ပေးခဲ့သည်။ ထိုငွေ ၅၀၀ သည် စာတိုက်မှပင် လေးခါပြန်လှန်ပို့နေ၏။ နောက်ဆုံး ဒေါက်တာဟန်ကြည်ထံမှ ငွေလက်ခံသူ မရှိဟုဆိုကာ ဘဏ်လွှဲဖြင့် မိမိငွေစုဘဏ်စာအုပ်ထဲ ဝင်လာခဲ့၍ လက်ခံထားသည်။

ထိုငွေကို လက်ခံစဉ်တွင် မိမိရင်ထဲ၌ မီးခဲတစ်ခဲကို ဆုပ်ကိုင်ထားသကဲ့သို့ ခံစားရသည်။ ဒေါက်တာဟန်ကြည်နှင့် အပြန်အလှန် စာရေးရင်းရန်ဖြစ်ခဲ့သည်။

သူသည် နော်သဲဆူး၏ ဦးလေးတစ်ယောက်အနေဖြင့်လည်းကောင်း ဆရာသမားအနေဖြင့်လည်းကောင်း ဆုချသည်ကို မငြင်းသင့်ကြောင်း၊ သူ့စေတနာကို မစော်ကားသင့်ကြောင်းရေးထား၍ မိမိပြန်လည်၍ မချေပလိုတော့ပေ။

ထို့နောက် ကလေးကိုးတန်းအောင်သောအခါ ငါးရာပို့၍ ဆုချပြီး မြစ်ကြီးနားမှ ပျောက်ကွယ်သွားသည်။ မည်သို့မျှ စုံစမ်းမရတော့ပေ။

ထိုအခါ ကလေးသည် သူ့အား အကြောင်းမကြားသောကြောင့် ဝမ်းနည်းစွာ ငိုရှိုက်ခဲ့သည်။

တစ်နှစ်လုံးလုံး ပျောက်ကွယ်နေသော်လည်း ကလေးသည် ဒေါက်တာဟန်ကြည်အား မေ့ပျောက်၍ မသွားခဲ့ပေ။ ကလေး ၁၀ တန်းကို ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သောအခါ ဒေါက်တာဟန်ကြည်သည် မိုးပေါ်ကကျလာသကဲ့သို့ ဖြုန်းခနဲ မိမိတို့ရှေ့ ရောက်လာခဲ့၏။

ထိုနေ့သည် ကလေးအတွက် အပျော်ဆုံးနေ့ဖြစ်ပြီး မိမိအတွက် ဝမ်းအနည်းဆုံးနေ့ ကြိတ်၍အငိုရဆုံးနေ့ ဖြစ်သည်။

မိမိသည် ကလေးဆရာဝန်ဖြစ်ဖို့ ရှန်းကန်ရဦးမည်။

* * *

"အစ်မ ဝမ်းမသာဘူးလား"

"ဘာကိုလဲဟင်. . ."

"ကလေး စာမေးပွဲအောင်တာကို အစ်မ ဝမ်းမသာဘူးလား ဟင်။ အစ်မကြည့်ရတာ မပျော်သလိုပဲ"

ကလေးသည် ပကူးကျောင်း၌ပင် ကျောင်းမဖွင့်မီတွင် လုပ်အားပေးနေ



၍ ဆရာမဖြစ်နေသည်။ ဒေါက်တာဟန်ကြည်ကား ကလေး၏ အောင်မြင်မှုကိုကြည့်၍ မိမိထက် ဝမ်းသာပီတိ ဖြစ်နေဟန်တူသည်။

"ဘာလို့ ဝမ်းမသာရမှာလဲ။ ကျွန်မ မျှော်လင့်ထားတာ အောင်လို့သိပ်ဝမ်းသာတာပေါ့။ ဒါပေမဲ့ သက်ဆိုင်သူတွေကို ပိုတာဝန်တာရင်း ဝမ်းနည်းသလိုပဲ"

ဒေါက်တာဟန်ကြည်က ပင့်သက်လေး ချလိုက်သည်။

စက်ဘီးနှစ်စီးစလုံး ဦးတည်ရာမဲ့ လျှောက်နင်းနေသည်။ သင်းပျံ့သောပဒုမ္မာကြာပန်းရနံ့ကိုရသောအခါ ဆေးရုံဟောင်းလမ်းအတိုင်း ကျူးဘေးမှ ဖြတ်လာသည်ကို သတိထားမိလိုက်သည်။

ကျူးရေစီမ်းထဲတွင် တွေ့ရသော ရေစိမ်းစိမ်းနှင့် ကြာရွက်စိမ်းလေးများက လောကကြီးကို အစိမ်းရောင်ပြနေသည်။

"အစ်မ သိပ်အလုပ်လုပ်တာပဲ။ ဆေးခန်းတွေလည်း လိုက်ထိုင်နေတယ်လို့ ပြောကြတယ်"

ရင်ထဲလှိုက်ဖိုသည်။ ဒေါက်တာဟန်ကြည်သည် မိမိအား အလွန်လေးစားသူပင် ဖြစ်သည်။ ဤကဲ့သို့ မိမိစီးပွားရေးအတွက် အပင်ပန်းခံသည်ကို ရှုတ်ချကောင်း ရှုတ်ချပေလိမ့်မည်။ မိမိအကြောင်းကို ကလေးနှင့်အခြားလုပ်ဖော်ကိုင်ဖက်များက ပြောကြပေလိမ့်မည်။

"ဘာထူးသလဲ ဒေါက်တာ။ လူ့လောကကြီးဟာ မွေးဖွားလာကတည်းက လှုပ်ရှားရုန်းကန်ကြဖို့ပဲ မဟုတ်လား။ မဆန်းပါဘူး"

"အစ်မရယ် အစ်မ ပင်ပန်းလွန်းလို့ပါ။ ကျွန်တော်လေ နော်သဲဆူးရဲ့ပညာရေးကို ဆက်ပြီး ထောက်ပံ့ပါရစေ။ ဆေးတက္ကသိုလ်ရဲ့ စရိတ်ကကြီး. . ."

"ဒေါက်တာ"

ဆက်နားထောင်နိုင်စွမ်း မရှိတော့ဘဲ အော်ပစ်လိုက်ပြီး သူ့အားစိမ်းစိမ်းကြည့်လိုက်သည်။

"ဘာထူးလဲဒေါက်တာ။ ဒီလို အထောက်အပံ့ခံနေရရင် ရှင့်ကို ကျွန်မယူလိုက်ပြီပေါ့။ ဒီမှာ ဘယ်သူ့အထောက်အပံ့မှ မယူဘဲ ကျွန်မသမီးကိုကျွန်မဘာသာ ကျွေးနိုင်လို့ ကလေးအဖေကိုတောင် စုံကန်ပြီး ထွက်လာတဲ့ရင်မွှေးပါ။ ဒေါက်တာ ကျွန်မ ရှင့်ကို ခင်နေတာ မျှော်လင့်ချက်နဲ့ မှီခိုချင်

လို့ ခင်တွယ်နေတယ်လို့ ထင်နေသလားဟင်။ ကျွန်မ ကလေးအတွက် ဘာပဲလုပ်ရလုပ်ရ ကောင်းတဲ့အလုပ် သမ္မာအာဇီဝအလုပ်ဆို ကျွန်မ အကုန်လုပ်တယ်။ လောဘနဲ့ အလုပ် ကြိုးလုပ်တာ မှန်ပေမယ့် မိုးရေကို ဆေးဆိုပြီး ညာမထားပေးဘူး။ မတရားဆေးဖိုး မယူဘူး။ ဒါပေမဲ့ နော်သဲဆူး ငယ်ငယ်ကလို စေတနာနဲ့ အခမဲ့ မထိုးပေးနိုင်တော့ဘူးပေါ့"

"တော်ပါတော့ အစ်မရယ်၊ အစ်မစေတနာကို ကျွန်တော် နားလည်ပါတယ်။ ကျွန်တော့်အပေါ်မှာ ဒီလောက်တောင် မစိမ်းကားပါနဲ့နော်။ ကျွန်တော်က နော်သဲဆူးကို၍ မုန့်ဖိုးပေးပွါရစေ။ ထူးချွန်တဲ့ကလေးကို မုန့်ဖိုးဆုချပါရစေ"

ခေါင်းကို ခါရမ်းပစ်လိုက်သည်။ ရင်ထဲမှာ တင်းကျပ်နေ၍ ဘာမျှ ဆက်မပြောချင်တော့ပေ။ ဒေါက်တာဟန်ကြည်က မိမိအား စိမ်းစိမ်းကြည့်ရင်းက–

"အစ်မနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး။ ကျွန်တော် နော်သဲဆူးရဲ့ ဆရာသမားတစ်ယောက်အနေနဲ့ ဦးလေးအနေနဲ့ ဂုဏ်ပြုတာ။ ပတ်ဝန်းကျင်က ဘာပြောပြော ကျွန်တော် ဂရုမစိုက်ဘူး။ အစ်မလည်း ဂရုမစိုက်နဲ့။ ကလေးကိုလည်း မဆူနဲ့။ ကျွန်တော် အစ်မဆီက ဘာမျှ မမျှော်လင့်ဘူး။ ကျွန်တော့်ကို ဒီအခွင့်အရေးလေးတစ်ခုတော့ ပေးပါလို့ တောင်းပန်ပါတယ်။ နော်သဲဆူး စာမေးပွဲအောင်တိုင်း ဆုချပါရစေ"

နှုတ်ခမ်းကို တင်းတင်းစေ့ပြီး သူ့အား စူးစူးကြည့်မိသည်။ ရင်ထဲမှာ မာနစိတ်များက ပူလောင်တင်းကျပ် လွန်းလှသည်။ သို့သော် သူ့ရဲ့ တောင်းပန်တိုးလျှိုးသောအကြည့်များကြောင့် မျက်နှာလွှဲလိုက်ရင်း

"ဒေါက်တာသဘောပဲ။ ဒါပေမဲ့ ကျွန်မကတော့ လုံးဝမကျေနပ်ဘူး။ ကလေးက ဒေါက်တာ့ဆုအတွက် ပျော်နေပေမယ့် ကျွန်မကတော့ ဘယ်တော့မှ ပျော်မှာမဟုတ်ဘူး"

သူ့ရှေ့မှချာခနဲ လှည့်ထွက်လာမိသည်။ မိမိအပြုအမူ ရိုင်းပျသွားလေသလားမသိ။ မိမိနောက်သို့ ဆက်မလိုက်တော့ဘဲ ကျန်ရစ်ခဲ့လေ၏။

စက်ဘီးကို နင်းနေသော ခြေထောက်အစုံမှာ အားအင်ချည့်နဲ့လာ၏။ မိမိအလွန်နှစ်သက်သော ပဒုမ္မာကြာပန်းနံ့ကိုပင် ဥပေက္ခာပြုလျက် ကျုံးပေါင်းလမ်းအတိုင်းသွားပြီး လူရှင်းသော ဘုတာရုံလမ်းမှ ဖြတ်လာခဲ့၏။



စိန်ပန်းပင်ပုကလေးများကား ရဲရဲတောက်နေဆဲ။ ပင်လုံးကျွတ်ပွင့်နိုင်သော သတ္တိကို အားကျမိသည်။ မိမိလည်း ရှိသမျှ အားမာန်များနှင့် ဤလောကကြီးအား ရင်ဆိုင်ရန်းကန်ရပေဦးမည်။

အသက် ၃၀ မပြည့်သေးသော မုဆိုးမအမည်ခံ မိန်းမသားတစ်ယောက်အနေဖြင့် လောကကြီးတွင် ရပ်တည်ရသည်မှာ လွန်စွာ ကြံ့ခိုင်နိုင်မှ ဖြစ်သည်။ ဆွေမျိုးကင်းမဲ့သော အထီးကျန်ဘဝတွင် နေရင်းက တစ်ခါတစ်ရံ ရွာကို အောက်မေ့တမ်းတမိသည်။ နန္ဒမိတ်ရွာမှာပဲဖြစ်ဖြစ် ငါးပတ်အိုင်ရွာမှာပဲ ဖြစ်ဖြစ် နေခဲ့လျှင် ဆွေရိပ်မျိုးရိပ်က လုံခြုံအေးမြကြောင်း သိလာခဲ့သည်။

ရွာကို အောက်မေ့တမ်းတမှုများနှင့်အတူ။

မိုင်ဒါကွင်းရှေ့ရောက်သောအခါ ကလေးစက်ဘီးနှင့် ရင်ဆိုင်တွေ့မိ၏။ ကလေးက မိမိကိုတွေ့သောအခါ ပျော်ရွှင်သွားဟန်နှင့်–

"မိုးကို လာကြိုတာ။ တော်သေးတာပေါ့။ ကလေးက ဒီအပြင်လမ်းက လာချင်စိတ်ရှိလို့လာတာ။ အတွင်းလမ်းဘက်ကလာရင် မိုးနဲ့လွဲမှာ ဦးဦးဒေါက်တာရော တွေ့သေးလား"

"မိုးစောစောထွက်လာတာ။ လာ. . .ကွင်းထဲက သွားရအောင်"

အမေးနှင့်အဖြေကား တခြားစီ ဖြစ်သော်လည်း ကလေးက ဆက်မမေးတော့ဘဲ မိုင်ဒါကွင်းကိုဖြတ်ပြီး စက်ဘီးနင်းလာ၏။ လမ်းကောင်းမှာ နင်းရခြင်းထက် ကမူများကို ရှောင်နင်းရသည်ကို ပိုသဘောကျမိ၏။ ကလေးကလည်း အားကျမခံ ပြိုင်နင်းရင်းက ပျော်ရွှင်နေ၏။

မိုင်ဒါကွင်းမှနေ၍ မြို့ကြီးလမ်းဘက် ဆက်နင်းပြီးလာခဲ့သည်။ ကလေးက ကျောင်းမှ သူငယ်ချင်းများအကြောင်းပြောရင်း လိုက်လာ၏။

"ဟင်. . . မိုး။ ကလေးတို့ ဘယ်သွားမှာလဲ"

"လောကုတ္တရာကိုလေ ကလေး။ ဘုရားဖူးချင်တယ်"

ကလေးက အနည်းငယ် ထူးဆန်းသွားဟန်ဖြင့် မိမိအား လှမ်းကြည့်လိုက်သည်။ ဒေါက်တာဟန်ကြည်နှင့် ချိန်းထားလေသလားဟူသော အတွေးလေးက သူ့ဦးနှောက်ထဲသို့ ဝင်သွားဟန်တူသည်။ ဘုရားကုန်းပေါ်သို့ မော်ကြည့်လိုက်သည်။

"ဒေါက်တာဟန်ကြည်နဲ့ ခုနပဲတွေ့ခဲ့တယ်ကလေး။ သူနဲ့ မချိန်းထားပါဘူး။ မိုးဘာသာ ဘုရားဖူးချင်လို့ ထွက်လာတာ"

မစစ်ဆေးဘဲ အလိုလိုမြောင့်ချက်ပေးလိုက်သည်။ ကလေးက တအံ့တသြနှင့် မိမိအား မော့ကြည့်လိုက်ရင်း–

"ကလေးစိတ်ထဲ တွေးတာကို မိုးက ဘာလို့ သိနေရတာလဲ"

"ကလေးက မိုးသမီးပဲ"

ဤသို့ ပြောလိုက်ရသောအခါ ရင်ထဲတွင် သိမ့်ခနဲနွေးသွား၏။ ပတ်ဝန်းကျင်သို့ မလုံမလဲကြည့်မိသည်။

လောကုတ္တရာဘုရား ပတ်ဝန်းကျင်သည် ဆိတ်ငြိမ်နေ၏။ ကလေးလက်ကိုဆွဲပြီး ဘုရားကုန်းတော်ပေါ်သို့ တက်လာသောအခါ လေနုအေးတို့နှင့်အတူ စကားပန်းရနံ့လေးတို့ မွှေးပျံ့လာသည်။

ပင်ပန်းသောစိတ်တို့သည် အေးမြငြိမ်သက်သွားလေသည်။ ဘုရားကိုဝတ်ပြုပြီး ကလေးနှင့်အတူ ရင်ပြင်တော်ပေါ်မှနေ၍ စစ်တောင်းမြစ်ပြင်ကျယ်ကြီးကို ငေးကြည့်နေမိသည်။

တစ်ယောက်တည်း အဖော်မဲ့စွာ ထွက်ခွာသွားသည့် ဆရာနှင့် ဒေါက်တာဟန်ကြည်တို့အား သတိရမိသည်။

ဆရာနန္ဒမိတ်တွင် မရှိတော့ပေ။ ငါးမြစ်ချင်းတွင်လည်း မနေတော့။ ဆရာသည် နှလုံးသားကွဲကြေမှုဒဏ်ကြောင့် ဘယ်အရပ်သို့ လွင့်သွားသနည်း။ စိတ်အလိုလိုက်ပြီး လွင့်ချင်ရာ လွင့်နေသည်လား။ ဒါမှမဟုတ် ကျောင်းဆရာဘဝနှင့် သူလိုချင်သော ပုံစံခွက်ထဲတွင် ပုံစံဝင်မည့် နိုင်ငံသားကောင်းများကို ဆက်ပြီးမွေးထုတ်နေသေးသလား။ မိမိစဉ်းစားမရတော့ပေ။

ဒေါက်တာဟန်ကြည်ကမူ နှလုံးသားကွဲကြေမှုဒဏ်ကို တာဝန်ဖြင့်ကုစားရင်း မိမိ၏အလိုဆန္ဒအတွက် ပါရမီဖြည့်ခဲ့သည်။

ဒါဆို မိမိနော်ရင်မွေးကရော ဆရာနှင့် ဒေါက်တာဟန်ကြည်တို့ကဲ့သို့ မစွန့်စားဝံ့သေး။ ကလေးတစ်ယောက်တည်းအတွက်နှင့် အရာရာကို လျစ်လျူပြုရင်းက ကလေးကိုသာ အလေးထားရဦးမည် တာဝန်ကြီးကား မိမိကိုယ်ပေါ် ပိကျနေ၏။

သံယောဇဉ်တွေ ရှုပ်ထွေးလွန်း၍ မိမိရည်မှန်းချက်သည် ဝိုးတဝါးနှင့် မှေးမှိန်နေလေပြီ။

သို့သော် ဆရာပြောသောနေ့ ဒေါက်တာဟန်ကြည်ပြောသောနေ့



အတွက် ကလေးကို မျှော်လင့်အားကိုးမိသည်။ တစ်နေ့နေ့တွင် ကလေးသည်လည်း ဒေါက်တာဟန်ကြည်ကဲ့သို့ပင် တောင်တန်းဒေသများသို့သွား၍ ပြည်သူ့ဆရာဝန် ဖြစ်လာခဲ့လျှင်–

အတွေးလေးများနှင့်အတူ ကြက်သီးထလာသည်အထိ ပီတိဖြစ်လာမိ၏။

"မိုးရေ. . .ဦးဦးဒေါက်တာ ဘယ်နေ့ပြန်မှာလဲဟင်။ ကလေးတော့လေ သိပ်သတိရတာပဲ။ သူ့ကို ဒီပြန်ပြောင်းလာအောင်ပြောရင် ရမလားဟင်"

"ဘယ်ရမလဲ ကလေးရယ်။ သူဘာသာသူ ပြောင်းသွားတာပဲ"

"ဟင်. . ဦးဦးက ဘာလို့ပြောင်းတာလဲ"

"ဦးဦးက သိပ်စိတ်ထားမွန်မြတ်တာ ကလေးရဲ့။ ဆရာဝန်မရှိတဲ့ အရပ်တွေကိုသွားပြီး ဆေးကုတာလေ။ တောင်ပေါ်ဒေသတွေမှာ သွားလာရေးခက်ခဲတော့ ဘယ်သူမှ မသွားချင်ကြဘူး။ အဲဒါကို ဦးဦးဒေါက်တာ သွားတယ်လေ"

ကလေးမျက်လုံးလေးက တလဲ့လဲ့တောက်ပလာပြီး–

"ကလေးလည်း ကြီးရင် ဦးဦးဒေါက်တာလိုပဲလုပ်ရမယ်နော်။ မိုးလည်းလိုက်ခဲ့နော်"

"လိုက်တာပေါ့ ကလေးရယ်"

ရင်ထဲမှာ ဝမ်းသာကျေနပ်မှု ဖြစ်သွားပြီး ကလေးအား ထွေးပွေ့လိုက်မိသည်။

"ကလေးမှာလေ ဖေဖေရှိရင် သိပ်ကောင်းမှာပဲနော်။ သူများတွေလို ဘယ်သွားသွား ဖေဖေနဲ့မေမေ အမြဲပါတယ်။ ဆုယူရင်လည်း ဖေဖေ၊ မေမေနဲ့ အမြဲတွဲပြီး ဓာတ်ပုံရိုက်လို့ သိပ်ပျော်ဖို့ကောင်းတာပဲမိုးရယ်"

ရင်ထဲနင့်သွားပြီး ကလေးအား မကြည့်ရက်တော့ပေ။ အဝေးဆီသို့ လှမ်း၍ ငေးမောကြည့်နေမိ၏။ မြစ်ပြင်စိမ်းစိမ်း သစ်ရွက်စိမ်းစိမ်းတို့သည် တဖြည်းဖြည်း မှုန်ဝါးသွားပြီး မျက်လုံးအိမ်အတွင်းတွင် မျက်ရည်များ ရစ်ဝဲလာလေသည်။ အစ်ကိုစိုးကို စွန့်ခွာသွားမှုသည် မိမိအား မထိခိုက်ဘဲ ကလေးအပေါ်တွင် ထိခိုက်ခဲ့သည်ကို သိရသောအခါ ရင်ထဲမှာ ဆို့နင့်သွားလေသည်။ ကလေး၏အတွေးထဲတွင် "ဖေဖေရှိခဲ့လျှင်" ဟူသော

အတွေးရောက်နေပြီး တမ်းတနေပေသည်။

နှစ်စဉ်ဆုယူသည့်အခါတိုင်း ကလေးအား အလှဆုံးပြင်ဆင်ပေးပြီး ကလေးနှင့်အတူ ဓာတ်ပုံတွဲရိုက်ခဲ့သော်လည်း ကလေးသည် တစ်ဖက်တွင် လစ်လပ်နေသော ဖခင်နေရာအတွက် တမ်းတနေပေလိမ့်မည်။ သတိရနေပေလိမ့်မည်။ အဖမဲ့ဟူသောအသိနှင့် အားငယ်ရှာနေလိမ့်မည်။

မိမိအား ကလေးမည်မျှပင် ချစ်ခင်သော်လည်း မိဘနှစ်ပါးလုံးကို ရှိစေချင်ဟန်တူသည်။

အစ်ကိုစိုးနှင့် ခွဲရမှုအတွက် ပထမဦးဆုံးအကြိမ် နောင်တရခဲ့မိသည်။ ထို့ကြောင့် အစ်ကိုစိုး၏ ကြီးကြီးပြောသော စကားများသည် မှန်ကန်လာကြောင်း သိလာသောအချိန်၌ နှောင်းခဲ့လေပြီ။

သို့သော်ထိုစဉ်က မိမိသည် မိန်းမသားမာနနှင့် အရာရာကို တစ်ဇွတ်ထိုးပြုခဲ့သည်။ ထိုအမှားကား ကလေး၏နှလုံးသားအတွက် ဒဏ်ရာရစေခဲ့မှန်း ယခုမှ သတိထားမိ၏။

❑

## အခန်း ၁၂

အစ်မ၏ ချစ်သူ ကလေးအဖေအဖြစ်ဖြင့် အစ်ကိုစိုးကို လက်ထပ်ရန်ခေါင်းညိတ်ခဲ့သည်။ ထိုစဉ်က အစ်ကိုစိုး၏အကြီးမှာ အလွန်ဝမ်းသာခဲ့၏။ သူ တဖွဖွတိုက်တွန်းထားသည့် ကိစ္စရပ်မှာ အောင်မြင်သွား၍ ကျေနပ်နေ၏။

မိမိရင်ထဲတွင် ဆရာ့အပေါ် သစ္စာမဲ့လေသလားဟူသော အတွေးနှင့် ယှုကျုံးမရ ကြေကွဲမိသည်။

"သမီးစဉ်းစားကြည့်လေ။ ကြီးကြီးသေရင် သမီးနဲ့မောင်စိုးတို့ နှစ်ယောက်တည်း ကျန်ခဲ့မှာ။ ခယ်မနဲ့ခဲအို ဘယ်လိုမှ အတူနေဖို့ မသင့်တော်ဘူး။ ပြီးတော့ ကလေးကလည်း သမီးကို အမေထင်နေရာဆိုတော့ ပိုအဆင်ပြေတာပေါ့။ သူ့မှာ အဖေစုံအမေစုံရှိတယ်ဆိုတဲ့ အသိကို မပြောင်းလဲပစ်ပါနဲ့ သမီးရယ်"

အကြီး၏စကား မှန်ကန်သောကြောင့် မိမိသည် ငါးပတ်အိုင်နှင့် နန္ဒမိတ်မှ ဆွေမျိုးများထံ စာရေးပြီး ခွင့်ပန်ခဲ့သည်။ ပြီးတော့ ဆရာ့ထံ စာရေးသည်။ ဆရာက မိမိကို ယခင်သင်တန်း တက်စဉ်ကတည်းက တိုက်တွန်းခဲ့သည်။

"တစ်ခါတလေ လောကကြီးမှာ ဆန္ဒထက် ဘဝကို ဦးစားပေးရတယ်။ ဖြစ်သင့်တာကို ဖြစ်ပါစေ ကလေးရယ်"

အစ်ကိုစိုးသည် မိမိအတွက် ခဲအိုကောင်းဖြစ်သည်။ မိမိသူနာပြုသင်တန်းတက်စဉ်က ကြီးကြီးနှင့်အတူ ကလေးကို ထိန်းကျောင်းခဲ့သည်။ အလုပ်သင်ဘဝ တစ်နှစ်အတွင်းတွင် ကြီးကြီး၏ ကျန်းမာရေးချို့တဲ့လာ၏။ ထို့ကြောင့် အလုပ်သင်တစ်နှစ်ပြီးဆုံးလျှင် အစ်ကိုစိုးနှင့် လက်ထပ်ရန်အတွက် ကမ်းလှမ်းခဲ့သည်။ အားလုံး၏ တိုက်တွန်းချက်အရ ဖြစ်သင့်သည်ကို ဦးစားပေးပြီး အလုပ်သင်တစ်နှစ် ပြီးသည်နှင့် အစ်ကိုစိုးအား လက်ထပ်ခဲ့သည်။

ရုံးတွင် လက်မှတ်ထိုးပြီး မိမိဘဝအတွက် ဝမ်းနည်းကြေကွဲခဲ့ရ၏။ အစ်မနှင့်အပါးသေဆုံးစဉ် ဆရာ့အား စွန့်ခွာစဉ်က ကဲ့သို့ပင်။

ယခုခံစားမှုက ဝမ်းနည်းခြင်းထက် ဒေါသဖြစ်ခြင်း၊ ရှက်ခြင်း၊ နာကြည်းခြင်းဖြင့် စုပြုံပြီးရင်ကို ပွင့်လုမတတ် ခံစားခဲ့ရ၏။

အစ်ကိုစိုးအား တရားရုံးတွင်လက်ထပ်ပြီး အိမ်အပြန်တွင် မျက်ရည်ဝဲရ၏။ ဆရာနှင့် လက်ထပ်မည့်ဆဲဆဲတွင် မင်္ဂလာခန်းဝင်ပစ္စည်းများနှင့် မင်္ဂလာဝတ်စုံတို့ကို ဆရာက ဖြန့်ပြပြီး ပျော်ရွှင်ခဲ့သည့်ကာလကို ပြန်လည်သတိရကာ အပူရပ်ကို ချုပ်တည်းလျက် ပြုံးနေရသည်။ ကလေးအတွက် ပြုံးနေရသည်။

ထို့ကြောင့် အိမ်ရှေ့သို့ ကားဆိုက်ဆိုက်ချင်း မိမိက အလျင်ပြေးဆင်းလာ၏။

"လင်ခိုးမ. . ."

တစ်ခါမျှ မကြားဖူးသောလေသံနှင့် မမြင်ဖူးသော အမျိုးသမီးက နှစ်နှစ်အရွယ် ကလေးကို ခါးထစ်ခွင်ချီ၍ မိမိအား လက်ညှိုးထိုးပြီး အော်ပြောလိုက်သည်။

"ခယ်မဆိုတော့ ခဲအိုကို ပိုင်သွားပြီပေါ့ ဟုတ်လား။ လင်ခိုးမ ဟင်.... ညည်းရုပ်ကလေးနဲ့ ဒီလောက်တောင် ယောကျ်ားရှားသလားအေ့"

အသက်ရှူရပ်သွားမတတ် အံ့သြစိတ်နှင့် ငေးကြောင်နေစဉ် အစ်ကိုစိုးက ထိုအမျိုးသမီးအား ဝင်ဆွဲနေသည်ကိုသာ သိလိုက်သည်။ မိမိမျက်လုံးထဲ အနီရောင်များ ဖုံးလွှမ်းသွား၏။

"မောင် ညာတယ်။ ခယ်မဆို အခုတော့"

သူတို့ ဘယ်လိုပြဿနာ ရှင်းကြသည်မသိ။ မိမိသတိရလာသောအခါ



မင်္ဂလာခုတင်ပေါ်ရောက်နေပြီး မိမိအား စိုးရိမ်တကြီး ကြည့်နေသော အစ်ကိုစိုးအား တွေ့ရ၏။

ရင်ထဲတွင် ထောင်းခနဲ ဒေါသဖြစ်သွားပြီ။

"မလာနဲ့ သွား. . . သွား. . . ။ ရှင့်ကို မုန်းတယ်။ သွား. . ."

"မဟုတ်ပါဘူး ရင်မွေးရယ်။ ရှင်းပြပါရစေ၊ အစ်ကို ရှင်းပြပါရစေ"

"မလိုချင်ဘူး။ သွား ကျွန်မနားက အခု ထွက်သွားနော်"

ဒေါသဖြစ်လွန်း၍ ဘာမှုမသိတော့ဘဲ လက်လှမ်းမီရာပစ္စည်းများနှင့် အစ်ကိုစိုးအား ပစ်ပေါက်မိသည်။ မှန်တင်ခုံပေါ်မှ ပုလင်းများ၊ ပေါင်ဒါဘူးများ လွင့်ပျံကုန်၏။ အစ်ကိုစိုးနဖူးမှ သွေးချင်းချင်းနီနေသည်ကိုပင် သတိမထားမိတော့ပေ။ ဒေါသနှင့် အသိတရား လုံးဝ ကင်းမဲ့နေ၏။

"အမိုး. . ."

ဒေါသမီးတို့ ဟုတ်ခနဲ ငြိမ်းသွားသည်။ ကြီးကြီးက လိမ္မာပါးနပ်စွာဖြင့် ကလေးအား လွှတ်လိုက်၏။ ကလေးက မိမိထံပြေးလာပြီ။

"အမိုး. . . ဖေဖေ့ကို မလုပ်ပါနဲ့။ သွေးတွေ ဖေဖေ့မှာသွေးတွေနဲ့"

ကလေး မိမိကို ဖက်တွယ်ထားသောအခါ လက်ထဲတွင် မြှောက်ကိုင်ထားသော ပန်းအိုးကို နံရံသို့ ပစ်ပေါက်ခွဲလိုက်ပြီးနောက် နှုတ်ခမ်းကို ပြတ်လုမတတ် ဖိကိုက်ထားလိုက်သည်။

ကလေးသည် မိမိကိုဖက်၍ ကြောက်အားလန့်အားနှင့် အော်ငိုနေသည်။ မိမိတစ်ကိုယ်လုံး တဆတ်ဆတ်တုန်ရီနေ၏။

အစ်ကိုစိုးက မိမိရှေ့မှလှည့်ထွက်သွားသောအခါ မျက်လုံးမှိတ်ချလိုက်ပြီး နှစ်ယောက်အိပ်မွေ့ရာကို ရွံရှာစွာ ဆွဲဖြုတ်၍ ကလေးကို အသာတွန်းဖယ်ပြီး အရူးကဲ့သို့ တတွတ်တွတ်ပြောရင်း–

"ကလေး. . .ကလေးမှာ အဖေမရှိတော့ဘူး။ သေပြီ။ ကလေးအတွက် အဖေဆိုတာ သေပြီ သိလား။ အဲဒါမှတ်ထား ကလေး"

အိပ်ရာခင်း အိပ်ရာဖုံးများကို ကတ်ကြေးနှင့် ညှပ်ပစ်လိုက်သည်။ ခြင်ထောင်များကိုလည်း ဖျက်ဆီးပစ်၏။

"သမီးရယ် စိတ်ထိန်းပါဦးကွယ်"

အကြီးက မျက်ရည်စက်လက်နှင့် ဝင်တားသည်။ ကလေးက ကြောက်အားလန့်အားနှင့် အကြီးအား ဖက်တွယ်ထားသည်ကို သတိမမူမိပါ။

"ဒီမှာ ကလေး သိပ်ကြောက်နေပြီ၊ သတိထားပါဦးကွယ်"

ထိုအခါမှ ကလေးကို သတိရပြီး သူရူးတစ်ယောက်ကဲ့သို့ သတိလက်လွတ်ဖြစ်သွားသည်ကို ပြန်ထိန်းရင်းက ကလေးကို ကြည့်လိုက်ရာ ကလေးသည် ပြူးကြောင်သောမျက်ဝန်းအစုံနှင့် မိမိအားကြည့်နေသည်။ ကလေးငိုပင်မငိုနိုင်တော့။ ထိုအခါမှ သတိဝင်လာပြီး မိမိကိုယ်ကိုမိမိ ထိန်းချုပ်လိုက်ရ၏။

"ခွင့်လွှတ်ပါကြီးကြီး။ ကျွန်မ အခုပဲထွက်လာခဲ့ပါမယ်။ ကလေးကို အခန်းအပြင်ခေါ်သွားပြီး ရေတိုက်လိုက်ပါဦး။ အစ်ကိုစိုးကိုတော့ ကျွန်မလုံးဝမမြင်ပါရစေနဲ့"

"အေး. . . . အေး။ အကြီးပြောလိုက်ပါ့မယ်"

အကြီးထွက်သွားသောအခါ မိမိကိုယ်ကိုမိမိ မှန်ထဲပြန်ကြည့်မိသည်။ ဆံပင်များပွယောင်းနေပြီး အောက်နှုတ်ခမ်းတွင်သွေးများ စို့ထွက်နေသည်ကို တွေ့ရ၏။

ထိုသွေးစများကို အဝတ်နှင့်သုတ်လိုက်ပြီး ခေါင်းကိုဖြီးလိုက်သည်။ အခုလောလောဆယ်တွင် ဘာကိုမျှ စဉ်းစား၍မရဘဲ ဦးခေါင်းတစ်ခုလုံး မူးဝေနေ၏။ ကလေးကို ချော့ရန်သာ စိတ်ထဲရှိနေသည်။

မိမိအား ရက်စက်သူ အစ်ကိုစိုးအတွက် ဥပေက္ခာပြုလိုက်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

"ကလေးရေ. . .မိုးဆီလာ"

အတတ်နိုင်ဆုံးပြုံးပြီး ကလေးကိုလက်ဆန့်၍ ခေါ်လိုက်သည်။ ရုတ်တရက် ကလေးမလာရဲပေ။ ကြီးကြီးက "သွားလေ"ဟု အသာတွန်းပို့မှ ကလေးမငံ့မရဲ လှမ်းလာ၏။

"ကလေး လာပါဦး။ မိုးနာနာကို ဆေးထည့်ပေးနော်"

ကလေးသည် မိမိအတုကိုယူပြီး ဆေးကုတမ်း ကစားတတ်သည်။ တစ်ယောက်ယောက် ဒဏ်ရာရလျှင် ဖွဖွလုပ်၍ ဆေးထည့်ဟန်ပြုတတ်၏။ ထို့ကြောင့် ကလေးအကြိုက် ကစားနည်းနှင့် ဆွယ်လိုက်၏။

"ခုနက မိုးအနာနာလို့ငိုတာ။ ကလေးက ဆေးမထည့်ပေးဘူး"

"ထည့်ပေးမှာပေါ့"

ကလေးလက်ထဲသို့ သွေးဆေးပုလင်း ထည့်ပေးလိုက်သည်။ ကလေး



က သူ့လက်ညှိုးလေးနှင့် သွေးဆေးမှုန့်များကိုကော်၍ မိမိအောက်နှုတ်ခမ်းမှ ဒဏ်ရာများကို ထည့်သိပ်ပေးနေ၏။ အကြီးထံမှ သက်ပြင်းတိုးတိုးချသံကို ကြားရ၏။ မနက်ဖြန်ညနေတွင် မင်္ဂလာဧည့်ခံပွဲ ပြုလုပ်မည်ဖြစ်သည်။ ထိုဧည့်ခံပွဲအတွက် မိမိလုံးဝရင်မဆိုင်ရဲပေ။ ကလေးကိုဖက်ကာ အိပ်ပျော်အောင် သိပ်ရင်းက မိမိခေါင်းထဲတွင် အစီအစဉ်များ ရေးဆွဲနေမိသည်။

အလုပ်သင်ပြီး၍ ဘယ်ဒေသသို့လွှတ်မည် မသိသေး။ ရန်ကုန် ဆေးရုံကြီး၌ တာဝန်ကျစေရန်အတွက် အစ်ကိုစိုးက တောင်းဆိုခိုင်း၍ တောင်းဆိုထားသည်။ သို့သော် အမိန့်မထွက်သေးပေ။ မိမိအချိန်မီသွားပြော၍ မြို့နယ်တစ်ခုခုကို တောင်းပြောင်းပြီး အစ်ကိုစိုးနှင့် ဝေးရာသို့ သွားရန် ဆုံးဖြတ်ချက်ချလိုက်သည်။

ကလေးကိုမူ မိထွေးလက်ထဲ မထားခဲ့နိုင်။ အစ်ကိုစိုးသည် မည်သည့်အချိန်ကာလကတည်းက အိမ်ထောင်ပြုထားသည်မသိ။ မည်သို့ပင်ဖြစ်စေ မချစ်မနှစ်သက်သူတစ်ဦးအတွက် မိမိဂုဏ်ငယ်မခံတော့။ အနစ်မွှန်းလည်း မခံတော့ပေ။

ကလေးအိပ်သွားသောအခါ အကြီးနှင့် ရင်ဆိုင်လိုက်၏။ အကြီးက မိမိကို မကြည့်ရဲပေ။

"အကြီး၊ ဒီကိစ္စကို ကြီးကြီးသိတယ် မဟုတ်လား"

အကြီးက သက်ပြင်းတိုးတိုးချလိုက်သည်။

"သိတယ်။ ဒါပေမဲ့ အဲဒီမိန်းမက မကောင်းဘူး။ ငစိုးကို အရက်မူးနေတုန်း ထောင်ဖမ်းထားတာ။ ဘာလက်ထပ်စာချုပ်မှ မရှိပါဘူး သမီးရယ်။ ကလေးကလည်း ငစိုးကလေး မဟုတ်ပါဘူး။ သူက တရားဝင် မဟုတ်ပါဘူး"

ရင်ထဲ စူးဝင်သွားသည်။ ထွက်ပေါ်လာသော ဒေါသစိတ်ကို အတင်းမျိုသိပ်ရင်းက အကြီးကို စူးစူးကြည့်မိ၏။

"အကြီး မိန်းကလေး မဟုတ်ဘူးလား။ အကြီးဟာ ဟိုမိန်းမဘက်က ရော ရင်မွှေးဘက်ကပါ မစာမနာတွေးတတ်တယ်"

"ဟိုမိန်းမဘက်က တွေးကြည့်ပါဦး။ သူနှင့်ပတ်သက်လို့ ဒီလာရဲတာပေါ့။ သူ့မှာ ပြောပိုင်ခွင့်ရှိလို့ ပြောတာပဲ။ အစ်ကိုစိုးရဲ့ တစ်ဖက်သတ်အပြောနဲ့ အကြီးယုံလား။ ရင်မွှေးတော့ မယုံဘူး။ ပြီးတော့ ရင်မွှေးအနေ

နဲ့ စဉ်းစားကြည့်ပါဦး။ ရင်မွေး လက်ထပ်တော့မယ်ဆဲဆဲ အစ်ကိုစိုးကြောင့် ပျက်ရတယ်။ သူက ကလေးကို ငါးစာလုပ်ခဲ့တာပဲ။ ဘာပဲဖြစ်ဖြစ် ရင်မွေးရဲ့ ဂုဏ်ပုဒ်လေးကို အကြီးတွက်ကြည့်စမ်းပါ။ အစ်မဆုံးတော့ ခယ်မ။ ခယ်မကနေ ဒုတိယမယား ဖြစ်ရပြီး အခု ဒုတိယ မယားတောင် မဟုတ်တော့ဘူး၊ တတိယအငယ်တဲ့လေ။ မယားကြီးရှိလျက်နဲ့ မယားငယ် ဖြစ်ရတဲ့ ဘဝ"

အံကို တင်းတင်းကြိတ်လိုက်သည်။ အကြီးက တွေဝေနေ၏။

"ရင်မွေး ဒီမှာ မနေတော့ဘူး။ ကလေးကိုလည်း မိထွေးလက်ထဲ မထားတော့ဘူး။ သူ့ကို ကွာပေးမယ်"

"အို. . . ဒီလိုမလုပ်နဲ့လေ။ စိတ်လိုက်မာန်ပါ မဆုံးဖြတ်ပါနဲ့ သမီးရယ်။ ဟိုမိန်းမကို လျော်ကြေးပေး ကွာလိုက်မှာပဲ"

အစစကတည်းက လျော်ကြေးပေး ကွာထားတာပဲ မဟုတ်လား။ ဒါပေမဲ့ ဟိုကမပြတ်လို့ လာပြောတာပေါ့။ တော်ပြီ ကြီးကြီးရယ်။ ရင်မွေး နှစ်ခါအနာမခံတော့ဘူး။ အစ်ကိုစိုး အကျင့်စာရိတ္တ ဒီလောက် ယိုယွင်းနေတာ ရှေ့လျှောက် လက်တွဲဖို့လည်း ကြောက်ပါပြီ။ မနက်ဖြန် ညနေဆိုတာကို ရင်မွေး ရင်မဆိုင်ရဲဘူး။ ဒီနေ့ညပဲ သွားတော့မယ်"

ပြောပြောဆိုဆိုနှင့် ပစ္စည်းများကို ကောက်သိမ်းလိုက်သည်။ အကြီးက တရှုံ့ရှုံ့ငိုရင်းက. . .

"ငစိုးကို စောင့်ပါဦး သမီးရယ်၊ သူဘာပြောမလဲလို့"

"အကြီး သူ့အကြောင်းမပြောနဲ့ ရင်မွေး မကြားချင်ဘူး။ အကြီးကို လေးစားလို့ ရင်မွေးစကားပြောနေတာနော်။ သူ့ကိုတွေ့လည်း မတွေ့ချင်ဘူး၊ ပြောလည်း မပြောချင်ဘူး။ ဒီတစ်ခါတွေ့ရင် လူသတ်မှု ဖြစ်လိမ့်မယ်"

ကလေးနှင့် မိမိ၏ အသုံးအဆောင်ပစ္စည်းများ အကုန်လုံး သိမ်းလိုက်သည်။ ထို့ပြင် မိမိနန္ဒမိတ်မှပါလာသော အိမ်ထောင်ပစ္စည်းများကိုပါ တစ်ခုချင်း လိုက်သိမ်းလိုက်သည်။ ညမမှောင်မီ ထွက်ခွာရန် ပြုလုပ်ထားသည်။

"ကလေးကိုတော့ ထားခဲ့ပါ သမီးရယ်။ အကြီး စောင့်ရှောက်ပါမယ်"

"အို. . . ဒီကလေးကြောင့် ရင်မွေး အားလုံးကို စွန့်လွှတ်ခဲ့တာပဲ။ ဒီကလေးကို မတွယ်တာရင် အစကတည်းက လိုက်မလာဘူး ကြီးကြီး။ ရင်မွေး သင်တန်းတက်တုန်း စောင့်ရှောက်ထားလို့ ကလေးအပေါ်မှာ တွယ်



တာတဲ့ ကြီးကြီးရဲ့ သံယောဇဉ်ကို နားလည်ပါတယ်။ ဒါပေမဲ့ ကလေးကို မိထွေးနဲ့ မထားခဲ့နိုင်ဘူး ကြီးကြီး။ ဒီအဖေကလည်း ဒီသမီးကို တွယ်တာလို့လား။ ဒီသမီးကိုချစ်ရင် သူ နောက်မိန်းမ ယူစရာအကြောင်း မရှိပါဘူး"

"ဒါတော့ ပုထုဇဉ်ပဲ"

အကြီးက သူ့တူဘက်က ရှေ့နေလိုက်၍ အသည်းဆတ်ဆတ်ခါ နာသွားသည်။ ထို့ကြောင့် အကြီးကို စေ့စေ့ကြည့်ကာ–

"ဒါဆို ရင်မွေးလည်း ပုထုဇဉ်ပဲလေ။ ကလေးကို မငဲ့ဘဲ ဆရာ့ကိုယူရင် ရတာပေါ့။ ဘာပဲဖြစ်ဖြစ် ရင်မွေးက သံယောဇဉ် ပိုပါတယ်။ သူ့မှာ သားသမီးအစားရပြီပဲ"

"တရားခွင်က ရင်ဆိုင်ရင် သမီးရှုံးလိမ့်မယ်နော်"

ဆတ်ခနဲ ဖြစ်သွားပြီး အကြီးအား ဒေါသတကြီးနှင့် စူးစူးစိုက်စိုက်ကြည့်လိုက်သည်။ ထို့နောက် အပါးအမွေဖြစ်သော မားရှည်အား နံရံမှ ဖြုတ်၍ ပစ္စည်းများ ထည့်ထားသော ထင်းရှူးသေတ္တာထဲခဆောင့်ထည့်လိုက်ပြီး–

"ဒီကလေးအတွက် ရင်မွေးမှာ စွန့်လွှတ်မှု အများကြီး လုပ်ခဲ့တာကို အကြီးလည်းအသိ။ အစ်ကိုစိုးလည်းအသိ။ ဒီကလေးကို ဆုံးရှုံးရင် ရင်မွေးဘဝလည်း သေတာပဲ။ ဒီမှာအကြီး သူ့အမေက မွေးပေမယ့် ရင်မွေးကြောင့် အသက်ရှင်လာရတဲ့ကလေးပါ။ ဒီတော့ တောင်းတဲ့သူရော ကလေးရော လူ့ပြည်မှာ မထားဘူး။ ရင်မွေးလည်း မနေဘူး။ လိုက်ပြီး နှောင့်ယှက်မယ် မစဉ်းစားနဲ့။ အကြီးက ကလေးကို မခွဲနိုင်ရင် ရင်မွေးနဲ့လိုက်ခဲ့။ အကြီးရဲ့ ယုတ်မာတဲ့ တူကို မခွဲနိုင်ရင်နေခဲ့။ ရင်မွေးတော့ ဒီလိုယောကျ်ားမျိုးနဲ့ ကြာရှည် မပေါင်းနိုင်ဘူး။ ကလေးကိုလည်း မြာမွေတဲ့လူတစ်ယောက်ရဲ့သမီး အဖြစ်မခံဘူး။ ရွံတယ်၊ မုန်းတယ်"

ဒေါသသံနှင့် ပြောလိုက်၍ အကြီးက ကြောင်၍ ကြောက်သွားဟန်ဖြင့် နောက်ဆုတ်သွားသည်။ အကြီး ဘာမှမပြောရဲတော့ပေ။ တရှုံ့ရှုံ့သာ ငိုနေ၏။ သူသည် နော်သဲဆူးအား အလွန်တွယ်တာသူ ဖြစ်သည်။

မိမိကိုယ်ကို မိမိ သပ်ရပ်အောင် ပြင်ဆင်ပြီး ကလေးအား နှိုး၍ အဝတ်သစ် ဝတ်ပေးနေစဉ် အကြီးက ဝေခွဲမရဟန်နှင့် အနားလာပြီး

"လင်မရှိတဲ့မိန်းမ မတင့်တယ်တာထက် ဖခင်မရှိတဲ့ကလေးအားငယ်

နေလိမ့်မယ် သမီးရယ်။ ကလေးကိုငဲ့ပါ။ သမီးသဘောကျ ဖြစ်စေရပါ့မယ်။ ကလေး လူတစ်လုံး သူတစ်လုံးဖြစ်ဖို့အတွက် စဉ်းစားပါဦး သမီးရယ်"

အကြီးစကားကို လုံးဝနားမထောင်တော့ပေ။ ကလေးအား အလှဆုံးဖြစ်အောင် ပြင်ပေး၍–

"ကလေးနဲ့မိုးနဲ့ လျှောက်လည်မယ်နော်ကလေး။ မုန့်တွေလည်း စားမယ်နော်"

"ဘွားဘွားလေးက ဘာလို့ငိုတာလဲ"

"ဗိုက်နာလို့တဲ့။ ကဲ ဘွားဘွားလေးကို ကန်တော့ရအောင်။ မိုးတို့ခရီးထွက်မယ်နော်" ကလေးအား ချော့နေစဉ် အကြီးက တရှုံ့ရှုံ့ငိုနေ၏။ ထို့နောက် သူ့လည်က ဆွဲကြိုးကြီးကို ချွတ်၍ ကလေးကို ဆွဲပေးလိုက်သည်။

"မယူဘူး အကြီး၊ ရင်မွေးဘာမှ မလိုချင်ဘူး။ ရင်မွေးတို့ကို မနှောင့်ယှက်ရင် ပြီးရော"

ခါးခါးသီးသီးငြင်း၍ ပြန်ချွတ်ပေးမည်အပြု–

"အကြီးကို ဒါတော့ ခွင့်ပြုပါကွယ်။ အကြီး မနှောင့်ယှက်ပါဘူး။ အကြီးတူ လူမိုက်ကြီးအတွက် မခွဲနိုင်လို့သာ နေခဲ့ရတာ။ ငါ့မြေးကို ငါ သိပ်ချစ်ပါတယ်။ အကြီးကိုတော့ ပစ်မထားပါနဲ့ သမီးရယ်။ မကြာမကြာ လာတွေ့ပါရစေ"

"အစ်ကိုစိုးနဲ့ ပေါင်းဖို့စကား၊ ကလေးကို ပေးဖို့စကား မပြောဘူးဆိုရင် အချိန်မရွေးလာပါ အကြီး။ အေးအေးမြင့်အိမ်မှာ ရှိပါတယ်။ အစ်ကိုစိုးတော့ မလာစေနဲ့။ လာရင်အသိပဲ။ နောက်မှ ကွာရှင်းစာချုပ် ပို့လိုက်မယ်။

ပြတ်ပြတ်သားသားပြောပြီး ကလေးလက်ကိုဆွဲကာ ထွက်လာခဲ့၏။

လှောင်ချိုင့်မှ လွတ်သွားသည့်နှယ် ရင်ထဲမှာပေါ့ပါးသွား၏။ ထိုစဉ်က မိမိသည် ဘာမျှ အလေးအနက် မစဉ်းစားဘဲ ကလေးနှင့်အတူ မန္တလေး ပုဂံ၊ စစ်ကိုင်းစသော ဘုရားများလည်ဖူးရင်း လွတ်လပ်စွာ ပျော်ရွှင်မိသည်။ ခရီးမှ ပြန်လာသောအခါ အေးအေးမြင့်နှင့်မိမိသည် တောင်ငူသို့ ပြောင်းမိန့်ကျကြောင်း သိလိုက်ရ၍ အထူးပျော်ရွှင်မိ၏။

ထို့ကြောင့် အစ်ကိုစိုးနှင့် ဝေးရာသို့ သတင်းမပေးဘဲ ပြောင်းရွှေ့လိုက်သည်။ သို့သော် မိမိသည် မုဆိုးမအမည်ခံ အပျိုစင်ပင် ဖြစ်နေရ၏။ ထို့



အတွက် ဝမ်းမနည်းမိ။ အစ်ကိုစိုးအား လက်ထပ်လိုက်ရ၍ အစ်ကိုစိုး၏ လွှမ်းမိုးမှုလွတ်ရန် အကြောင်းဖန်လာသည်ကိုပင် ကျေနပ်နေမိသည်။

အစ်ကိုစိုးနှင့် အဆက်အသွယ် ဖြတ်ရုံမက နန္ဒမိတ်က ဆွေမျိုးအုပ်စုနှင့်ရော ဆရာနှင့်ပါ အဆက်ဖြတ်လိုက်သည်။ ကလေးအဖေ သေပြီဟု ပြောထားလိုက်သည်။

❑

## အခန်း ၁၃

"မိုး ကလေးပြောနေတာ မကြားဘူးလားဟင်"

ရုတ်တရက် လန့်သွားသည်။ ကလေးက နှုတ်ခမ်းလေးချွန်ရင်း

"မိုးက ဘာတွေ စိတ်ကူးနေလဲ မသိဘူး။ ကလေး မေးနေတာ နှစ်ခါရှိပြီ။ ကလေးဖေဖေဓာတ်ပုံ ရှိလားလို့"

"ဘာလုပ်မလို့လဲ ကလေးရယ်"

"မမြင်ဖူးလို့ မြင်ဖူးချင်တာပဲ။ သူများတွေမှာ သူတို့အဖေအမေ မင်္ဂလာဆောင်တဲ့ပုံတွေ ပြတယ်။ ကလေးတို့ အတန်းထဲက အေးသီတာမှာ အဖေမရှိတော့ပေမယ့် ဓာတ်ပုံရှိသေးတယ်"

ရင်ထဲနင့်သွားသည်။ အစ်မနှင့် အစ်ကိုစိုး မင်္ဂလာဆောင်စဉ်က ဓာတ်ပုံများကို ကလေးမမြင်အောင် ဝှက်ထားမိသည်မှာ ကံကောင်းလွန်းသည်။ ကလေးသည် သူ့ဖခင် ဓာတ်ပုံကို တစာစာ တောင်းဖူးသည်။ အစ်ကိုစိုး တစ်ယောက်တည်းပုံ မရှိပါ။ အစ်မနှင့်တွဲလျက် ပုံများသာ ရှိသည်။ ထိုပုံများကို မပြရဲပေ။

"ဩော်. . . ကလေးရယ်၊ ကလေးဖေဖေကလေ ဓာတ်ပုံရိုက်ရမှာ သိပ်ရှက်တာ။ မိုးလည်း ရှက်တယ်။ ဒါကြောင့် မရိုက်ဖြစ်တာ။ သူသေသွားမယ်မှန်းသိရင် ဓာတ်ပုံရိုက်ထားတာပေါ့"



ကလေးက အဝေးသို့ငေးရင်း စဉ်းစားလိုက်သည်။ သူ ငါးနှစ်ခန့်က သူ့ရင်ထဲမှာ စွဲမှတ်နေသော မြင်ကွင်းလေးကို သူ ဝိုးတဝါး မှတ်မိနေသည်။

"အမိုးနဲ့ အဖေနဲ့ ရန်ဖြစ်ပြီး အမိုး ထွက်လာတယ်နော်။ နောက်တော့ ဖေဖေနဲ့ မတွေ့ရတော့ဘူး။ ဖေဖေ့ခေါင်းမှာ သွေးတွေနဲ့"

ကလေးက ကြောက်လန့်ဖွယ်ရာ မြင်ကွင်းကို ရင်ထဲ စွဲနေသဖြင့် မိမိ စိတ်လိုက်မာန်ပါ လုပ်မိခြင်းအတွက် နောင်တရမိသည်။

"မိုးတို့ပြန်လာတော့ အသုဘတစ်ခုကို ကလေးနဲ့မိုး လိုက်ပို့သေးတယ်လေ။ မိုးတောင် ငိုနေတာပဲ။ အဲဒါ ကလေးဖေဖေ အသုဘပေါ့"

ဆရာဝန်မတစ်ဦး သေဆုံးခဲ့သည်ကို ကလေးအား ညာပြောခဲ့သည်။ ထိုစဉ်က မိမိ ငိုနေ၍ ကလေးကပါ ဘုမသိဘမသိ လိုက်ငိုခဲ့သည်။

"အင်း. . . ဟုတ်တယ်နော်။ အန်တီလေးလည်း ငိုတယ်"

"ဟယ် ကြည့်စမ်း။ ကလေးရယ် ဟိုးမှာ ဗျိုင်းလေးတွေ အိပ်တန်းတက်နေကြတာ မလှဘူးလားဟင်"

စစ်တောင်းမြစ် တစ်ဖက်ကမ်းရှိ သရက်ပင်အုပ်ကြီးပေါ်တွင် ဗျိုင်းဖြူဖြူများ အုပ်လိုက်နားနေသည်ကို အဝေးမှ လှမ်းမြင်ရသည်မှာ အလွန်လှ၏။

"ဟာ. . . ဟုတ်ပါရဲ့ လှလိုက်တာ မိုးရယ်။ အများကြီးပဲနော်၊ ခါတိုင်း မရှိဘူး"

"ဟုတ်တယ်။ သူတို့က အသိုက် ခဏခဏပြောင်းရတာ။ ကြာကြာ အသိုက်လုပ်ထားရင် အန္တရာယ်များလို့လေ"

ဩော်. . .မတည်ငြိမ်သော မိမိတို့ဘဝမှာလည်း ငှက်ဗျိုင်းဖြူများနှင့် ဘာများ ထူးပါသနည်း။

"ပျော်စရာကြီး မိုးရယ်။ ဟော. . . ဟိုမှာလ လာပြန်ပြီ အများကြီးပဲ"

ကလေးစိတ်က ဗျိုင်းလေးများထံ ရောက်သွားပြီး ပျော်ရွှင်စွာ အော်ဟစ်ရေရွတ်လိုက်၏။ ရင်ထဲမှာ သက်ပြင်းတိုးတိုးလေး ချမိသည်။

ကလေးအစ်ကိုစိုးကို မမှတ်မိပါစေနှင့်ဟု ဆုတောင်းလိုက်သည်။

□

## အခန်း ၁၄

"မိုး ရေ မိုး၊ ထမင်းဆာပြီလားဟင်" ခြင်းလေးဆွဲကာ စက်ဘီးပေါ်မှ ဆင်းဆင်းချင်း ကလေးက လှမ်းမေးလိုက်သည်။ တစ်နေ့လုံး ပင်ပန်းထားသမျှ အမောပြေသွား၏။

"ကလေးရယ်. . . ဘာတွေ ချက်လာသလဲ။ ကျောင်းတစ်ဖက်နဲ့ကွယ်"

ကလေးလက်ထဲမှ ခြင်းကို ဆွဲယူလိုက်ပြီး ကြင်နာစွာ မေးလိုက်သည်။ ကလေးက မိမိခါးကို ဖက်လိုက်၏။ ကလေးအရပ်သည် မိမိနှင့်တန်းတူ ဖြစ်နေသည်။ ကလေးသည် အစ်မတာဝါးမကဲ့သို့ သေးသေးသွယ်သွယ်နှင့် အသားဖြူဖြူမို့ မိမိထက်ပိုလှကြောင်း လူတိုင်းပြောသည်။ မိမိကဲ့သို့ မျက်လုံးဝိုင်းစက်စက်သာ မရှိလျှင် ကလေးကို မိမိသမီးဟု မည်သူမျှ ထင်မည်မဟုတ်ပေ။

"မိုးက ပိုပင်ပန်းတာပေါ့။ ကလေးက ကျောင်းမှန်မှန်တက်နေတာပဲ စာလိုက်နိုင်ပါတယ်မိုးရဲ့။ ကလေးတစ်ယောက်တည်း အိမ်မှာ မစားချင်လို့ မိုးနဲ့ စားမယ်နော်။ ကလေးအတွက်ပါ ထည့်လာတယ်"

"အမယ်. . . .လေးတဲ့။ ဒီသားအမိ နှစ်ယောက်ကလေ သည်းကို သည်းတယ်"

မိမိတို့နှစ်ယောက်၏ ကြင်နာမှုကို ဆေးရုံဝန်ထမ်းများက ပြောနေကြသည်။ ကလေးက ရယ်မောနေ၏။ ကလေးသည် ဆေးတက္ကသိုလ်ကျောင်းသူဖြစ်သော်လည်း မိမိအပေါ်တွင် တွယ်တာမှု လျော့မသွားပေ။ အထူးသဖြင့် သူ့အတွက် အပင်ပန်းခံကာ ငွေရှာနေသည်ကို သူ နားလည်သည်။



ကလေး ၁၀ တန်းအောင်၍ ဆေးတက္ကသိုလ်ဝင်ခွင့် ရသောအခါ မန္တလေးသို့ပြောင်းရွှေ့ခွင့် လျှောက်လိုက်သည်။ ကလေးက ရန်ကုန်ကို သွားချင်သည်။ သို့သော် မိမိအလိုအတိုင်း လိုက်ရှာ၏။

မိမိအနေနှင့် အစ်ကိုစိုးရှိသော အရပ်တွင် လုံးဝမနေချင်။ ကလေးက အစ်ကိုစိုးကို မှတ်မိသွားမှာ စိုးသည်။ ထို့ကြောင့် မန္တလေးသို့ ပြောင်းလာခဲ့၏။

မန္တလေးသို့ ရောက်သောအခါ ညဘက် ဂျူတီမရှိသည့် လူမှုဖူလုံရေးဆေးခန်းတွင် တာဝန်ထမ်းဆောင်သည်။ ညဘက်တွင် အားလပ်သည့်အခါ ညလူနာစောင့် စပယ်ရှယ်နာ့စ်လုပ်ပြီး အပိုဝင်ငွေရှာခဲ့သည်။ ထို့ကြောင့် မိမိသည် အိမ်မှာ နေရသည်မရှိ။ ကလေးက အိမ်ရှင်အပျိုကြီး တစ်ဦးနှင့် နေနေရသည်။ လူနာမရှိသောအခါမှသာ ကလေးနှင့် အတူအိပ်ရသည်။

ထို့ကြောင့် ကလေးသည် မိမိအား အလွန်သနားကြင်နာပြီး ဂရုစိုက်တတ်၏။

"ကလေး ဆရာဝန်မကြီးဖြစ်ရင် မိုး အနားယူပေါ့"

ရင်ထဲတွင် သိမ့်ခနဲ လှုပ်ရှားသွားသည်။ တစ်နေ့လုံး ပင်ပန်းနွမ်းနယ်မှုများ ပပျောက်သွားလေ၏။ ကလေးသည် သိတတ်လိမ္မာလှသည်။ ပင်ပန်းကြောင်း မညည်းညူဘဲနှင့် ကလေးသိနေသည်။ ကျောင်းအတွက် လိုအပ်သော ငွေများ၊ စာအုပ်ဖိုးများကို ကလေးတောင်းတိုင်း နော်ရင်မွေး မညည်းညူပေ။ စစ်ဆေးမေးမြန်းခြင်း မပြုဘဲ အများနှင့် တန်းတူထားနိုင်ရန်အတွက် ကြိုးစားခဲ့၏။

သို့သော် တစ်ခါတစ်ရံတွင် နော်သဲဆူးသည် သူ့အပေါ်တွင် ဆိုးနွဲ့တတ်၏။ ရုပ်ရှင်ကြည့်ရန်၊ ပွဲကြည့်ရန်၊ ဈေးထဲလျှောက်ကြည့်ရန် ပူဆာတတ်သည်။ အစ်မ တာဝါးမကဲ့သို့ အပျော်အပါး မက်၏။ ငယ်စဉ်က ရင်မွေးသည် အစ်မအလိုကို မလိုက်လျောခဲ့။ အစ်မပွဲကြည့်လျှင် တဆူဆူလုပ်ပြီး ပွဲမပြီးခင် အိမ်ပြန်ပို့ခိုင်းတတ်၏။ သို့သော် နော်သဲဆူးအတွက်မူ အလုပ်ပင်ပန်းပြီး နားရမည့်အချိန်ကို ဖျက်၍ ပွဲပြရသည်။ ရုပ်ရှင်ပြရသည်။ ဤသည်ကို ကျေကျေနပ်နပ်နှင့်ပြုပြီး ရုပ်ရှင်ထဲ၌ ငိုက်လျှင် ငိုက်တတ်သည်။ မညည်းညူမိပေ။

ကလေး တစ်နှစ်တစ်တန်း မှန်မှန်အောင်လျှင်ပင် ကျေနပ်ပါပြီ။ ယခု ကလေးသည် ဆေးတက္ကသိုလ် စတုတ္ထနှစ်သို့ပင် ရောက်နေလေပြီ။ ရင်မွေး

ပူပင်ထားသကဲ့သို့ အချစ်ရေးကို မစဉ်းစားသေးဘဲ အလှမာန်ဝင့်ပြီး နော်ရင်မွှေးအား ဆိုးနွဲ့နေဆဲဖြစ်သည်။

"နော်ရင်မွှေးရယ် ဧည့်သည်လာတယ်၊ တွေ့ချင်လို့တဲ့"

"အို. . . လွှတ်လိုက်လေ"

ထမင်းစားနေရာမှ လှမ်းပြောလိုက်သည်။ ကလေးက မျက်နှာတစ်ချက်မဲ့ လိုက်ပြီး

"မိုး ဂျူတီရှိတာတောင် ဧည့်သည်က လာသေးတာပဲလား"

"ပြော်. . . ပြည်သူနဲ့အမြဲ ထိတွေ့ရတဲ့သူ မဟုတ်လား။ ကလေးရဲ့။ ဆေးသမားတွေအဖို့ လူနာဆိုတာ နေ့ညမရွေးပါဘူးကွယ်"

ထမင်းကို ကမန်းကတန်းစားနေစဉ် ခြေသံကြား၍ တံခါးရှိရာသို့ လှည့်ကြည့်လိုက်ရာ–

"ဟယ်"

လက်ထဲမှ ဇွန်းလွှတ်ကျသွားပြီး ရုတ်တရက် ထလိုက်သည်။ လှုပ်ရှားမှုကင်းမဲ့စွာ ကြောင်ငေးနေမိ၏။

"ရင်မွှေးရယ် ဆရာ့ကို မမှတ်မိတော့ဘူးလားဟင်"

"ဆရာ . . . ဆရာ"

ဆရာ့အနားသို့ တိုးကပ်လာပြီး ဆရာ့လက်မောင်းကို တင်းတင်းဆုပ်ကိုင်လိုက်မိသည်။ ဆရာသည် ရုပ်ကျသွားသည်ကလွဲ၍ ဘာမျှမပြောင်းလဲပေ။ ယခင်ကကဲ့သို့ တလဲ့လဲ့တောက်ပသော မျက်လုံးများဖြင့် သူ့အား ကြည့်နေ၏။

ရင်မွှေးသည် ဆရာ့လက်မောင်းကို ဆုပ်ကိုင်လိုက်ရင်းက မျက်ရည်များလိမ့်၍ ကျလာလေသည်။

တဒင်္ဂလေးအတွင်း သူ့စိတ်များက နန္ဒမိတ်မြစ်ကမ်းဘေးသို့ ရောက်သွား၏။ ဆရာ့မျက်ဝန်းထဲမှာလည်း မျက်ရည်များ ရစ်ဝဲနေ၏။ သို့သော် ဆရာက ရင်မွှေး၏မျက်ရည်များကို တယုတယ သုတ်ပေးရင်းက တုန်ရီလှိုက်လှဲသောအသံနှင့်

"ကလေးရယ် ဘာမှမပြောင်းလဲပါလားနော်။ ဆရာတို့ ခွဲရတာ ကြာပေမယ့် မနေ့တစ်နေ့ကလိုပဲ နေ့စဉ်နဲ့အမျှ ခံစားနေရတုန်းပါပဲကွယ်။ မင်္ဂလာ နဲ့တော့နော် ကလေး"



ဆရာက တတွတ်တွတ်ချော့လေ ရင်မွှေးက ပို၍ ဝမ်းနည်းလာလေဖြစ်သည်။

"တိတ်ပါတော့ကွယ် ဆရာ့ကြောင့် ဘယ်တော့မှ မျက်ရည်မကျပါနဲ့လို့ ဆရာ ပြောထားတာပဲ။ ဆရာလေ ရင်မွှေးသတင်းကို အမြဲနားစွင့်နေတာပါ။ ဒါပေမဲ့ မန္တလေးကို ပြောင်းလာတော့ မသိတော့ဘူး။ ဖော်ပြောပြလို့ ဆရာ သိသိချင်း လိုက်လာတာ"

"ဆရာရယ့် ဒါနဲ့များ တောင်ငူမှာ နေတုန်းက မလာဘူးနော်။ ရက်စက်လိုက်တာ"

"စိတ်မဆိုးနဲ့နော် အိမ်ထောင်ပြုသွားသလိုလို ကြားလို့"

"ဟင်"

အံ့ဩတုန်လှုပ်ဟန်နှင့် ဆရာ့အား မော့ကြည့်လိုက်သည်။ ဆရာက နော်သဲဆူးကို မြင်သွားဟန်နှင့် လက်ကို ကမန်းကတန်း လွှတ်လိုက်ပြီး–

"သူ သူဟာ သမီးလေး နော်သဲဆူးလားဟင်"

ယခုမှပင် ကလေးအား သတိရသွားပြီး လှည့်ကြည့်လိုက်သည်။ ကလေးက မျက်လုံးဝိုင်းကြီးနှင့် မိမိတို့နှစ်ယောက်အား ငေးကြည့်နေသည်။ ရုတ်တရက် ရှက်သွား၏။

"အင်းပေါ့ ကလေးလေ။ ကလေး ဒါက ကလေးငယ်ငယ်က ထိန်းပေးတဲ့ ဆရာလေ။ ကလေးက သိပ်ငယ်တော့ ဘယ်မှတ်မိမလဲ"

ကလေး၏မျက်လုံးများမှာ အစိမ်းရောင်တောက်နေ၏။ ကိုယ့်ကိုယ်ကိုယ်လည်း ရှက်သွားမိသည်။ ကလေးရှေ့တွင် ဣန္ဒြေမရဖြစ်သွားသည်။ ထို့ကြောင့် ရှက်သံဝဲဝဲနှင့် ကလေးမျက်နှာရော ဆရာ့မျက်နှာပါ မကြည့်ရဲတော့ပေ။ ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ငေးကြည့်နေမိ၏။

ညီအစ်ကို မသိတသိအချိန် မှုန်ပြပြနေရောင်ခြည်၏ ကြွင်းကျန်သောအလင်းရောင်လေးသည် လောကကြီးအား နှုတ်ခွန်းဆက်နေလေပြီ။ တစ်ခါတုန်းက လွန်ခဲ့သော ၂၂ နှစ်ကာလက ဆရာနှင့် ခွဲခွာခဲ့ရသောအချိန်–

"ဆရာဝန်တစ်ယောက်နဲ့ လက်ထပ်လိုက်တယ်လို့ ကြားလိုက်တယ်။ ဒါနောက်ဆုံး သတင်းပဲပေါ့။ အဲဒါနဲ့ ဆရာလည်း ရင်မွှေးသတင်းကို လုံးဝမစုံစမ်းတော့ဘူးလေ။ စိတ်ချသွားတာပေါ့"

ဆရာ့စကားကြောင့် အသည်းဆတ်ဆတ်ခါ နာကျင်သွားသည်။ ငယ်မူ

မပျောက်သေးဟန်ဖြင့် ဆရာ့အား မျက်စောင်းထိုးလိုက်မိသည်။

"လူကို သိပ်အထင်သေးတယ်ပေါ့ ဟုတ်လား။ ဒီမှာ အဲဒီဆရာဝန်နဲ့ ယှဉ်ရင် ကလေးကလည်း သဘောတူပါတယ်။ ဒါပေမဲ့ ရင်မွှေး သူ့ကို မချစ်ဘူး။ ပြီးတော့ သူ့မိဘ အသိုင်းအဝိုင်းကို မဆက်ဆံချင်ဘူး"

ဆရာက သိမ်မွေ့စွာ ပြုံးလိုက်သည်။ ထုံးစံအတိုင်း သူ့အကြည့် သူ့အပြုံးသည် ရင်မွှေး၏ရင်ကို လှုပ်ခတ်သွား၏။ ဆယ်ကျော်သက် ဘဝတုန်းကလို ရင်မွှေးစိတ်များ ကြည်နူးဆွတ်ပျံ့မိသည်။

ထို့နောက် ရင်မွှေးသည် သူ့ဘဝကြုံတွေ့ပုံများကို ဆရာ့အား ပြောပြသည်။ ကြွံကြွံခံနေရသော မိမိဘဝကို ဆရာငြိမ်သက်စွာ နားထောင်ပြီး မိမိလက်ဖဝါးလေးကို နွေးထွေးစွာ ဆုပ်ကိုင်၍ ချီးကျူးစကားပြောခဲ့သည်။

"အစ်မ တဝါးမနဲ့ အပါး ဆုံးသွားကတည်းက ရင်မွှေးကို ဆရာ ယုံကြည်ပါတယ်။ အဆိုးဆုံးအခြေအနေကို ရင်ဆိုင်ပြီးနေပြီပဲ။ နောက်ထပ် ဘဝဒဏ်ဆိုတာ ခံနိုင်ရည်ရှိသွားပြီပေါ့။ ပြီးတော့"

"အစ်ကိုစိုးကို မယူဘဲ သင်တန်းတက်ပြီးမှ လက်ထပ်ဖို့ စာရလာတော့ ဖြစ်သင့်တယ်လို့ ယူဆပြီး နော်သဲဆူးအတွက် ကျေနပ်ပါတယ်။ ဘာကြောင့် ကွဲသွားသလဲဆိုတာ ဆရာ မသိခဲ့ဘူး"

နာကြည်းမှုနဲ့ အောက်နှုတ်ခမ်းကို တင်းတင်းကိုက်ထားလိုက်သည်။ ဆရာက သက်ပြင်းလေး တိုးတိုးချရင်းက–

"အကျိုးအကြောင်း ပြန်ပြောတာကို ရင်မွှေးက နားထောင်မိလို့လား"

"အင်းပေါ့ သိပ်ဒေါသဖြစ်တာပဲ။ ကလေးအတွက်ပဲ ရင်နာတာပါ။ တစ်နေ့ သူ့လက်ထဲကို ရင်မွှေးက အလိုလိုရောက်မှာကို သိလျက်နဲ့ စည်းမစောင့်တာ သိပ်ရွံတာပဲ"

ကလေးသဖွယ် ဒိုးဒိုးဒေါက်ဒေါက် ပြောချလိုက်သော စကားကြောင့် ဆရာက ပြုံးလိုက်သည်။ ဆရာနှင့် ကွဲကွာနေရသော ကာလအတွင်း ထိန်းချုပ်ထားရသော မကျေနပ်မှုများ ဒေါသဖြစ်စရာများကို ဖုံးကွယ်မှုမထားဘဲ ပွင့်လင်းစွာပြောပြသည်။ ရယ်တစ်လှည့် ငိုတစ်လှည့်နှင့် တစ်ခါတစ်ရံ အစ်မနှင့်အပါးအပေါ် ဆိုးနွဲ့သကဲ့သို့ နွဲ့ဆိုးဆိုး၍ နှုတ်ခမ်းလေး ချွန်ကာ ချွန်ကာ စကားပြောမိသည်။ ဤသည်ကို ဆရာက ယုယမြတ်နိုးစွာ ငေးကြည့်နေ၏။



"နောက် . . . ဒေါက်တာဟန်ကြည်နဲ့ အကြောင်းကြားတော့ မယုံဘူး။ အခြေအနေကို သိချင်တာနဲ့ တောင်ငူလာသေးတယ်"

"ဟင် . . . တောင်ငူလာသေးတယ်"

အံ့ဩတုန်လှုပ်စွာ မေးလိုက်သည်။

"ဟုတ်တယ် ကလေး။ ဆရာက သူငယ်ချင်းတစ်ယောက်ဆီကို ဝင်ရင်းက မြင်လိုက်တယ်။ ဒေါက်တာနဲ့ ရင်မွှေးက စက်ဘီးကလေးတွေ ကိုယ်စီနဲ့ စကားတပြောပြောနဲ့ သွားတာကို တွေ့ရတယ်။ အဲဒီတုန်းက စိန်ပန်းပွင့်တွေက ရဲရဲတောက်နီနေတာပဲ။ ဒေါက်တာလေးက သိပ်ချောလို့ ဖြစ်သင့်ပါတယ်။ လိုက်ဖက်တဲ့အတွဲလို့ မှတ်ချက်ချပြီးတော့ ပြန်လာခဲ့တယ်"

"ဟင်"

ဆရာ့လက်မောင်းကို ဆွဲလိမ်ပြီး နှုတ်ခမ်းချွန်ထားလိုက်မိသည်။ ဆရာက တိုးတိုးလေး ရယ်မောရင်းက–

"အဲဒီတုန်းက ဆရာ့ရင်ကွဲအက်ရော အောက်မေ့တာပဲ။ အစ်ကိုစိုးကို ယူမယ်ဆိုတော့ ဒီလောက် မခံစားရဘူး။ ယူသင့်လို့ ယူတယ်ထင်တာ။ ဒေါက်တာကျတော့ ရင်မွှေး ချစ်လို့ယူတာပဲဆိုပြီး ရင်ကွဲမတတ်ပဲ နောက်မှ ဇော်ပြောမှ အကြောင်းစုံသိရတာ"

"တော်ပါ အခုလာပြီး ချွဲမနေနဲ့။ သူသာ အစကလာရင် ခုလောက် အထိ မနေရဘူးပေါ့"

သူ့အား ထုရိုက်၍ နွဲ့မိသည်။ ဆရာက ကျေနပ်ပီတိဖြစ်စွာဖြင့် ရယ်မောနေ၏။ ခဏပင်လျှင် တစ်လောကလုံးကို မေ့ထားလိုက်မိသည်။

နန္ဒမိတ်ရွာမှ နော်ရင်မွှေးနှင့် ကျောင်းဆရာလေး အောင်နိုင်ဘဝသို့ ရောက်လာခဲ့သည်။ ထို့နောက် ဆရာက ၂၂ နှစ်အတွင်း သူကျင်လည်ခဲ့ရသော ဘဝများအကြောင်း ပြောပြသည်။ နန္ဒမိတ်ရွာမှ အညာ ရေနံချောင်းသို့ ရောက်ခဲ့သည်။ ထို့နောက် မြစ်ဝကျွန်းပေါ် အိမ်မဲ ထိုမှတစ်ဆင့် မြစ်ကြီးနားသို့ ရောက်ခဲ့ကြောင်း ပြောပြသည်။

"ဒါဆို ဒေါက်တာဟန်ကြည်နဲ့ မတွေ့ဘူးလား"

"သူနဲ့ အဝင်အထွက်လွဲသွားတယ်လေ။ ဆရာပြောင်းလာတော့ သူက ရှမ်းပြည် ကျိုင်းတုံဘက်ကို ထွက်သွားတယ်တဲ့။ ဇေတနာကောင်းကြောင်း၊ အလုပ်တာဝန်လေးစားကြောင်း၊ မိန်းမကောင်းရှင်းကြောင်း နာမည်

တော်တော်ကြီးတဲ့ ဆရာဝန်ပဲ။ ဆရာ သူ့ကို ချီးကျူးမိတယ်"

ရင်ထဲမှာ ကြည်နူးသွားမိသည်။ ဆရာ့နှုတ်ဖျားမှ ဒေါက်တာဟန်ကြည်ကို ချီးကျူးစကားထွက်လာသည်မို့ ဝန်တိုမှုကင်းသော ဆရာ့စိတ်ဓာတ်ကိုလေးစားမိ၏။

"ဆရာကတော့ ဒေါက်တာလို မဟုတ်ဘူးလားဟင်"

"ဒါကတော့ ရင်မွေးသိပါတယ်ကွယ်။ ဆရာကတော့ တစ်နေရာတည်းမှာ ကြာကြာနေဖို့ မလိုပါဘူး။ ပန်းပင်လေးတွေကို စိုက်ပျိုးမယ်။ ပြုစုမယ်။ ပန်းလေးတွေ ပွင့်လာရင် သူတို့ကို မျိုးစေ့ချပေးမယ်လေ။ တစ်နေရာမှာ ပန်းတွေနဲ့လှပရင် နောက်တစ်နေရာကို ပြောင်းပြီး ထွန်ယက်စိုက်ပျိုးရမှာပေါ့ ရင်မွေးရယ်။ သမီး ဒေါက်တာဖြစ်ရင် ဆရာတို့သုံးယောက် လက်တွဲရအောင်နော်။ ဒါဆို သိပ်ပျော်ဖို့ကောင်းမှာပဲ။ သမီးက ရွာတွေသွားမယ်ပြောလား"

"အို . . .သိပ်လိမ္မာတဲ့သမီး။ မိုးပါရင် ဘယ်ကိုဖြစ်ဖြစ် သွားမယ်တဲ့"

လိမ္မာသောသမီးကို မွေးထုတ်ပေးခဲ့သော မိခင်ဟန်ဖြင့် ခေါင်းမော့ပြီး ကြွားလိုက်သည်။ ထိုအခါ ဆရာက မိမိခေါင်းကို လက်ဝါးနှင့်ဖိကိုင်ရင်း–

"တော်ကြာ သူ့ချစ်သူတွေ့မှ မိုးသဘောကနေ မောင့်သဘော ဖြစ်သွားမှ"

"အို . . . သမီးကို ဒီလိုမပြောနဲ့။ ခုထိရည်းစားတောင် မထားဘူး သိလား"

သမီးဘက်မှ ဆတ်ဆတ်ထိမခံ ပြန်ပြောလိုက်သည်။ ဆရာက သူ့ထုံးစံအတိုင်း ခေါင်းတညိတ်ညိတ်ဖြင့် ပြုံးနေလိုက်၏။

ဆရာနှင့်အတူ အေးအေးဆေးဆေး စကားပြောရန်အတွက် နန်းသီတာဥယျာဉ်ထဲတွင် ဆယ်ကျော်သက် သမီးရည်းစားဘဝကဲ့သို့ ချိန်းတွေ့ရ၏။ တစ်နေ့လုံး စကားတွေ ပြော၍မကုန်ဘဲ ကုန်လွန်သွားသည့် အချိန်ကိုပင် ဆွဲထားလိုက်ချင်သည်။

မိမိရင်ထဲမှာ ထာဝရခိုဝင်နေသော ဆရာသည် မိမိဘဝတစ်ခုလုံးကို စိုးမိုးလွှမ်းလှသည်။ မည်မျှပင်ကြာသွားသော်လည်း ယခင်ကကဲ့သို့ ရင်ခုန်ဆဲ ပူနွေးဆဲဖြစ်ပါသည်။

ဆရာနှင့်ပြန်လည်ဆုံစည်းပြီး ကလေးထံ ခွင့်ပန်၍ အတူပေါင်းနေမည်ဟု စိတ်ထဲတွင် ရဲဝံ့စွာဆုံးဖြတ်လိုက်သည်။ ဆရာနှင့်ဆိုလျှင် အစ်ကို



စိုးသည် ဒုတိယအကြိမ် မနှောင့်ယှက်နိုင်တော့ပါ။ ကလေးကရော–

ဒေါက်တာဟန်ကြည်နှင့်တောင် သဘောတူသေးသည်။ ဆရာ့လိုလူဆိုလျှင် ကလေးက ပို၍သဘောတူမည်။ ကလေးအား ငယ်ငယ်က ထိန်းခဲ့သောအကြောင်း၊ အနစ်နာခံခဲ့သောအကြောင်းကို ပြောလျှင် ကလေးက သဘောတူမှာပါ။

ဤသို့ဆိုလျှင် နှစ်ပေါင်းများစွာ ကွဲကွာနေရသော မိမိတို့ချစ်သူနှစ်ဦးသည်–

ရင်ထဲမှ သိမ့်ခနဲလှုပ်ရှားသွားပြီး ကြည်နူးစွာပြုံးလိုက်မိသည်။

ဆရာ့ ရင်ခွင်ကျယ်ကြီးသည် ယခင်ကကဲ့သို့ပင် အားကိုးချင်ဖွယ်ဖြစ်၏။

ယခင်က ဖြူမလိုလို အသားသည် နေလောင်ထား၍ အနီရောင်ထနေ၏။ အလုပ်ကြမ်းကြောင့် တောင့်တင်းခိုင်မာပြီး လက်ဖဝါး၊ ခြေဖဝါးများမှာ ကြမ်းတမ်းမာကျောနေ၏။

ဆရာသည် မြို့ကြီးဟန်လုံးဝမရှိဘဲ တောင်သူလယ်သမားဦးကြီးကဲ့သို့ ရင့်ကျက်နေ၏။ ဤကဲ့သို့ ကြမ်းတမ်းသော ရုပ်ရည်ကိုပင် နော်ရင်မွေး လေးစားမြတ်နိုးရပါသည်။

"ကလေးရယ် ချစ်သူနဲ့ ကွေကွင်းရခြင်းဆင်းရဲဟာ ဘယ်ဆင်းရဲခြင်းနဲ့မှ မတူဘူး။ ဒုက္ခကြီးမားလှပါတယ်။ စားလို့မဝင် အိပ်လို့မပျော်နဲ့ အနေ ခက်လှပါတယ်။ နေ့ဘက်မှာ လုပ်ငန်းခွင်ထဲရောက်ရင် အလုပ်ကြောင့် နေလို့ရသေးတယ်။ နည်းနည်းလေး အလုပ်မနားနဲ့၊ အလုပ်နားတာနဲ့ မင်းက ဝင်လာပြီ။ ငါးမြစ်ချင်းမှာနေရင် ဝေဒနာက ပိုကြီးလာလို့ မင်းနဲ့ပတ်သက်တဲ့ နေရာမှန်သမျှ ရှောင်ရတယ်။ ဒါပေမဲ့ ဘယ်သွားသွား လိုက်လာတာပဲ"

"ရင်မွေးလည်း ဒီအတိုင်းပါပဲ ဆရာရယ်"

"ဒီတစ်ခါ ဆရာတို့တွေ အတူနေစို့နော်"

"ကျွန်မကို ချစ်ရင် အမေ့ကိုပြောပါလို့ ဆိုသလိုပါပဲ၊ ရင်မွေးကိုချစ်ရင် ကလေးကိုပြောပါပေါ့"

ဆရာက ရင်မွေးစကားကြောင့် တိုးတိုးရယ်မောလိုက်သည်။ ကြည်နူးမှုကလေးများ ပွဲတင်ထပ်သွား၏။

* * *

ဆရာနှင့်အတူနေမည်ဟု စိတ်ကူးမိတိုင်း ကလေးအား ရင်မဆိုင်ရဲ ဘဲ အလိုလိုကြောက်ရွံ့မိသည်။ ဒေါက်တာဟန်ကြည်အား လက်ထပ်ရန် ဘယ်တုန်းကမျှ မဆုံးဖြတ်ခဲ့သောကြောင့် ဒေါက်တာဟန်ကြည်နှင့် ပတ်သက်လျှင် ကိုယ့်လိပ်ပြာကိုယ်သန့်သည်။ အရာရာကို ရင်ဆိုင်ရဲသည်။ ယခုအခါ ကလေးနှင့်ရင်မဆိုင်ရဲ။ ဆရာ့အကြောင်းပြောလျှင်ပင် အလိုလို မလုံမလဲဖြစ်မိ၏။

ကလေးကား တက္ကသိုလ်ကျောင်းသူပညာတတ်ပီပီ ဣန္ဒြေရလွန်းပြီး အရာရာကို ဥပေက္ခာပြုထားတတ်သည်။ သူ့ရဲ့မိုး အရိပ်အခြည်ကို အမြဲ မြင်နေသည်ဖြစ်သော်လည်း ဘာမျှမသိဟန် ဆောင်ထား၏။

မိုးကား သိသာလွန်းသည်။ ဆယ်ကျော်သက်ကလေးကဲ့သို့ လှုပ်ရှား မြူးကြွလွန်း၏။ ဆရာ့အား ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးမွေးရင်းက ကြည်နူးပျော်ရွှင်နေသည်။

တစ်ခါတစ်ခါ ဆေးရုံမှအားလျှင် ဆရာနှင့်အတူ စက်ဘီးစီးရင်း ပတ်ဝန်းကျင်ကို မေ့လျော့ထားသည်အထိ ပျော်ရွှင်နေ၏။

သို့သော် ဆရာနှင့်နီးစပ်သွားသော်လည်း ကလေးနှင့်ကား တဖြည်းဖြည်း ဝေးကွာသွားသည်ကို သတိထားမိလိုက်၏။ အခုတလော ကလေးသည် ကျောင်းမှာစာကျက်ပြီး ကျောင်းမှာအနေများ၏။ တစ်ခါတစ်ရံ အဆောင်ရှိ သူငယ်ချင်းများနှင့်အတူတူ ညဥ့်အိပ်ညဥ့်နေ စာကျက်တတ်သည်။

ယခင်ကကဲ့သို့ ရင်မွှေးအား ပွတ်သီးပွတ်သပ်နှင့် ချွဲနွဲ့၍ မနေတော့ပေ။ ခပ်စိမ်းစိမ်းနှင့် ရှောင်နေတတ်သည်။ ဤသည်ကို သူတို့နှစ်ဦးစလုံး သတိထားသော်လည်း တစ်ဦးနှင့်တစ်ဦးဟန်ဆောင်၍ ညာနေမိသည်။ ရင်မွှေးသည် ဆရာ့အား မပြောရက်သကဲ့သို့ ဆရာသည်လည်း ရင်မွှေးအား ဖွင့်မပြောရက်ပေ။

ကလေး၏အမူအကျင့်ကို သတိထားမိသောအခါ သူတို့နှစ်ဦး၏ ပျော်ရွှင်မှုကြည်နူးမှုများကို တုံ့ခနဲ ဆွဲလိုက်သကဲ့သို့ ခံစားလိုက်ရသည်။

ဆရာသည် နော်သဲဆူးအား တတ်နိုင်သမျှ ရင်းနှီးအောင် စွမ်းဆောင်ကြိုးစားသော်လည်း နော်သဲဆူးထံမှ ဟန်ဆောင်တုံ့ပြန်မှုပင် မရခဲ့ပေ။

နော်ရင်မွှေးသည် အနေရကျပ်လှသည်။ အစဉ်အမြဲ ကလေးအပေါ်မှာ လွှမ်းမိုးပြီး မိမိပြောသမျှကို လိုက်နာတတ်သော ကလေးကို ဆရာနှင့်



ပတ်သက်၍တော့ မပြောရဲပေ။ ရင်မွှေး၏စိတ်ထဲ မလုံမလဲဖြစ်မိသည်။ အလိုလို ပြန်ရှိန်နေရ၏။

"ကလေးက ဒီလိုပဲ ဆရာ။ ဒေါက်တာဟန်ကြည်ကိုလည်း အစက ရန်လုပ်ပြီး နောက်ပိုင်းမှ ရင်းနှီးသွားတာ။ အခု သူ့စာတွေပိနေလို့ ထင် တယ်။ ခုလည်း ညဥ့်နက်မှ အိပ်တယ်"

မိမိ၏ ဝေ့လည်လည်အပြောကို ဆရာက ပြုံး၍သာ နားထောင်နေ သည်။ ဆရာ့အပြုံးသည် တွေ့စကကဲ့သို့မတောက်ပတော့ဘဲ အားအင် လျော့နည်းနေသည်ကို တွေ့ရ၏။

"တစ်ခါတလေ ကလေးမှာ အားကိုးချင်စိတ်ကလေးတွေ ရှိတယ် ဆရာ ရဲ့။ ရင်မွှေးကို သိပ်ချစ်တော့ ရင်မွှေးပင်ပန်းတာကို မကြည့်ရက်ဘူးလေ။ အမိုးကို အေးအေးချမ်းချမ်းထားနိုင်တဲ့ ယောက်ျားနဲ့တွေ့ရင် ယူလိုက်လို့ တိုက်တွန်းပါတယ် ဆရာရဲ့"

မခိုင်လုံသော အကြောင်းပြချက်လေးများနှင့် ဖြေသိမ့်ပေးနေသည်။ ဆင်သေကို ဆိတ်သားရေနှင့် ဖုံးရန် ကြိုးစားနေသော ရင်မွှေးကို ဆရာ သည် ရင်နင့်စွာဖြင့် ငေးကြည့်ရင်းက ပင့်သက်လေး ချလိုက်သည်။

နော်သဲဆူးသည် ဆရာလာသည့်အခါတွင် ဒေါက်တာဟန်ကြည်ထံမှ ပေးပို့သောနားကြပ်နှင့် ဆေးစာအုပ်များကို ဂုဏ်ယူဝင့်ကြွားစွာ ပြတတ် သည်။ ဒေါက်တာဟန်ကြည်ဓာတ်ပုံကိုလည်း သူ့စာကြည့်စားပွဲတွင် မှန်ပေါင်သွင်း၍ ပေါ်ပေါ်ထင်ထင်ပင် ထောင်ထားလိုက်သေးသည်။

ကျောင်းဖွင့်ရက်များတွင် ဆရာ ပြန်ရပေဦးမည်။ ထိုနေ့ရက်ကို မြန်မြန် ရောက်ပါစေဟု နော်သဲဆူးက ကျောင်းနေသော ကလေးများကို ပြောင် သလိုလိုနှင့် စောင်းပြောခဲ့သည်ကိုလည်း ရင်မွှေးရော ဆရာပါ ကြားခဲ့သည်။

"ကလေးက ဒေါက်တာဟန်ကြည်ကို သဘောကျနေတယ်ထင်တယ်။ အင်းလေ . . . သူက ဆရာဝန်ကို။ အဖေ ခေါ်ရမှာ ဘယ်ဝန်လေးမလဲ"

"ကလေးကို ဒီလိုမပြောပါနဲ့ ရင်မွှေးရယ်။ ကလေးကြားသွားရင် စိတ် မကောင်းဖြစ်နေဦးမယ်။ ဆရာ့ကုသိုလ်နဲ့ ဆရာ ရှိပါစေတော့ကွယ်။ ဒီတစ်ခါ လည်း ဆရာတို့ ဝေးကြရဦးမှာပါပဲ"

"အို . . . ဆရာရယ်"

ခွဲခွာမှုစကားကို ကြားရလျှင် အသည်းဆတ်ဆတ်ခါ နာကျင်သွားမိ

သည်။ ဆရာ့မျက်နှာသည် တွေ့စကထက် ပို၍အိုမင်းသွား၏။ ဆရာက နော်ရင်မွှေး၏မျက်လုံးကို စူးစူးကြည့်ရင်းက–

"မင်းတို့သားအမိနှစ်ယောက်ဟာ မျက်လုံးချင်း သိပ်တူတာပဲကွယ်။ ဒါပေမဲ့ ဆရာ့အပေါ်မှာ ကြည့်ပုံချင်းမတူတာကို ဆရာ သိရပါတယ်။ နော်သဲဆူးဟာ ဆရာ့ကို မလိုလားမှန်းသိပါတယ်"

"တဖြည်းဖြည်းတော့ နားလည်သွားမှာပါ ဆရာရယ်"

ဆရာ့အား ဖြေသိမ့်လိုက်သည်။ ထိုအခါ ဆရာက မဲ့ပြုံးလေး ပြုံးလိုက်ရင်း ဦးခေါင်းကို ဖြည်းညင်းစွာခါရမ်းလိုက်သည်။

"သမီးငယ်ငယ်တုန်းက ဆရာ့ရင်ကိုခြေနဲ့ကန်ပြီး ဆော့နေတာ ရင်မွှေးက ဟန့်တားခဲ့တယ်နော်။ ဆရာက ခွင့်လွှတ်ပြီး မသိနားမလည်တဲ့ ကလေးအတွက်အပြစ်မယူဘဲ ရင်ကိုဖွင့်ပေးခဲ့တယ်။ ခုလည်း ဆရာ့ရင်ကို ခြေနဲ့စုံကန်တဲ့ သမီးလေးကို ခွင့်လွှတ်လိုက်ပါ ရင်မွှေးရယ်။ သူ့အသိမှာ အတ္တအချစ်ပဲဖုံးနေတော့ သူဘာသိမှာလဲ ရင်မွှေးရယ်"

ဆရာ့အပြောကို ခေါင်းခါပြီး ငြင်းလိုက်မိသည်။ ထို့နောက် ဆရာ့လက်မောင်းကို တင်းတင်းဆုပ်ကိုင်ရင်းက–

"ဆရာနဲ့ မခွဲနိုင်ဘူး ဆရာ။ ဟိုတစ်ခါက အစ်ကိုစိုးကြောင့် ဒီတစ်ခါ ဘယ်သူကြောင့်မှ မဟုတ်ဘူး။ ငယ်ငယ်က ရည်ရွယ်ထားသလိုပဲ ကလေးရယ်၊ ဆရာရယ်၊ ရင်မွှေးရယ် အတူတူနေမယ်နော်။ ကလေးကိုလေ အေးအေးဆေးဆေးပြောရင် နားဝင်ပါတယ်။ ငယ်ငယ်က အမိုးကောက်စိုက်သွားရင် ဆရာနဲ့ကလေး နေခဲ့ရကြောင်းကိုလေ ပြန်ပြောပြရင် သူနားလည်မှာပါ"

မျက်ရည်ကြားမှနေ၍ သူ့အား ဖြေသိမ့်ပေးနေသော နော်ရင်မွှေးကို ကြည့်ရင်းက ရင်ထဲတွင် ဆုံးရှုံးမှုများနှင့်အတူ မချိပြုံးပြုံးလျက်–

သို့သော် အိမ်ရောက်၍ ကလေးကိုတွေ့ရသောအခါ ဆရာနှင့် ပတ်သက်၍ မည်သို့မျှ စ၍မပြောဝံ့တော့။ ကလေးက သူ့အားရှောင်ဖယ်၍ စာကြည့်နေလိုက်သည်။ သူက ထုံးစံအတိုင်း ကလေးအတွက် ရေနွေးအိုးတည်ပေးပြီး ပဲကြီးလှော်ကို ကြက်သွန်နီနှင့် သုပ်ပေးကာ ချထားခဲ့သည်။

စာမေးပွဲနီးလာပြီဖြစ်သောကြောင့် ကလေးသည် စာကိုသာ ကျက်မှတ်နေခဲ့သည်။ ကလေးအား စောင့်ကြည့်နေရင်းနှင့် အိပ်ပျော်သွားခဲ့ သည်။



မိမိတစ်ရေးနိုးသောအခါ အနားတွင် ကလေးမရှိကြောင်း သတိထားမိလိုက်သောကြောင့် ကမန်းကတန်း အိပ်ရာမှထလိုက်၏။ အိမ်ရှေ့ခန်းမီးလင်းနေ၍ ကလေးစာကျက်နေဟန်တူသည်။

နာရီကို လှမ်းကြည့်လိုက်သောအခါ ၂ ချက်ထိုးပြီးနေလေပြီ။ နော်သဲဆူးက အိပ်ခန်းဝကို ကျောခိုင်း၍ မေးထောက်ပြီး ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်ကို ငေးနေလေ၏။ မအိပ်မီက နော်ရင်မွှေးချပေးသော ရေနွေးကရားနှင့် ပဲလှော်သုပ်ပန်းကန်မှာ နေရာမပြောင်းပေ။

ကျောက်ရုပ်ကဲ့သို့ မလှုပ်မယှက်ငြိမ်သက်စွာ ထိုင်နေရင်းက အမှောင်ထုကို ငေးကြည့်နေ၏။ ရုတ်တရက် အသံပြုလျှင် လန့်သွားမည်စိုး၍ အိပ်ခန်းထဲ အသာပြန်ဝင်ပြီး ခြေသံပေး၍ ထွက်လာသည်။ ကလေးက ပဲလှော်ပန်းကန်ကို စာရွက်တစ်ရွက်နှင့် ဖုံးလိုက်သည်။ သူ မစားလျှင် မိုး စိတ်မကောင်းဖြစ်သွားမှာ စိုးရိမ်ဟန်တူသည်။

"ကလေး မအိပ်သေးဘူးလား"

ရင်မွှေးကို မော်ကြည့်ပြီး ပြုံးလိုက်သည်။

"စာကျက်နေလို့ပါ မိုး။ တစ်ရေးနိုးလာတာလားဟင်"

"ကလေးရယ် ညဉ့်နက်လှပြီ။ သိပ်အိပ်ပျက်မခံနဲ့နော်။ ကလေး ပိန်နေတယ်"

"မိုးကတော့ ဝလာတယ်။ စိတ်ချမ်းသာလို့ ထင်တယ်နော်"

အမှတ်မထင် ထိုးစစ်ကြောင့် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

"ဦးဦးဆရာနဲ့ မိုး ဘယ်တော့ ယူမှာလဲဟင်"

ရုတ်တရက် ဘာမျှမပြောတတ်ဘဲ ကြောင်ငေးနေမိသည်။ ထိုအခါ ကလေးက ရယ်မောလိုက်ရင်း–

"မိုးက သူ့ကို သိပ်ချစ်တာပဲနော်"

"ကလေးရော မချစ်ဘူးလား"

"ကလေးအဖေဆို ချစ်တာပေါ့။ ခုဟာက ဟုတ်မှ မဟုတ်ဘဲ"

"အို . . ."

ရုတ်တရက် လန့်အော်မိသည်။ တစ်ဆက်တည်းမှာပင် ဆရာနှင့် ထပ်မံ၍ ဝေးကွာရဦးမည်ဟု နားလည်လိုက်၏။

"ဒါပေမဲ့ မိုးပြောဖူးပါတယ်လေ။ အမိဝမ်းက ကျွတ်တာနဲ့ ထိန်းပေး

တဲ့သူအနေနဲ့တော့ ခင်တွယ်ဖို့ ကြိုးစားရမှာပေါ့။ ကဲ မိုး အိပ်တော့။ ကလေးဒါလေး လက်စသတ်ပြီးရင် အိပ်မယ်"

ကလေးက သူ့စာထဲ အာရုံစိုက်ပြီး ပါးစပ်လေး တလှုပ်လှုပ်ဖြင့် စာကျက်နေ၍ ဘာမျှဆက်မပြောဘဲ အိပ်ရာထဲ ဝင်နေလိုက်သည်။ သို့သော်နံနက်မိုးလင်းသည်အထိ ပြန်အိပ်မရတော့ပေ။ ကလေးသည် မိမိဘေးတွင်ငြိမ်သက်စွာပင် အိပ်လိုက်သည်။ ယခင်ကကဲ့သို့ မိမိအား ဖက်တွယ်ပြီးကျောအောက်သို့ လက်ထိုးမအိပ်တော့။ ထိုအခါတွင် ရင်ထဲမှာ အလိုလိုဝမ်းနည်းမိ၏။

အစ်ကိုစိုးနှင့် ကလေးလုစဉ်က ခံစားရသကဲ့သို့ နှစ်ဖက်လွန်ဆွဲနေသည်။ ထိုစဉ်က ဆရာသည် သူ့အား ငဲ့ညှာမည်စိုးကာ သူက ဦးအောင်စွန့်ခွာထွက်သွားခဲ့သည်။

ယခုလည်း ဆရာသည် မိမိအား စွန့်ခွာလေမည်လား၊ ကလေးသည်အဘယ်ကြောင့် ဆရာ့ကို မုန်းနေသနည်း။

တွေးရင်းက မျက်ရည်များ ယိုစီးကျလာသည်။ ရင်ထဲမှာ ဆတ်ဆတ်ခါနာကျင်လာ၏။ အရဏ်ဦးရောက်မှ မှေးခနဲပျော်သွားသည်။ မိမိနိုးလာချိန်တွင် နေမြင့်နေ၏။ ကလေးမရှိတော့။ ၇ နာရီခွဲသာ ရှိသော်လည်းကလေးသည် ကျောင်းစောစောသွားလေပြီ။ ထမင်းတော့ ချက်သွား၏။

ရယ်မောသံ စကားသံကင်းမဲ့ပြီး ခြောက်သွေ့လှသော အိမ်ကို ကြည့်ပြီး စိတ်ရှုပ်သွား၏။ အိမ်ရှင် အပျိုကြီးကပင် မိမိတို့သားအမိနှစ်ယောက်၏အခြေအနေကို အကဲခတ်မိ၍ အလိုက်သိသိ စကားသံတိတ်နေသည်။

စက်ရုပ်တစ်ရုပ်ကဲ့သို့ လှုပ်ရှားနေရသည်။ အဝတ်လျှော်၊ တံမြက်လှည်းအလုပ်ကို ငြိမ်သက်စွာလုပ်ရင်း တင်းကျပ်နေသော စိတ်တို့က ထွက်ပေါက်မရှိ မွန်းကျပ်နေ၏။

"အစ်မ ရင်မွှေး"

"ဟယ် . . ."

ရုတ်တရက် ဝမ်းသာအားရ အော်လိုက်မိသည်။ ဒေါက်တာဟန်ကြည်ကား အိမ်ရှေ့တံခါးဝတွင် ရပ်လျက် မိမိအား ပြုံးပြုံးကြီးကြည့်နေသည်။

"နေကောင်းတယ်နော် အစ်မ"

"ဘယ်က ဘယ်လို မျက်စိလည်လာတာလဲ ဒေါက်တာရယ်"



သူက အစဉ်ရွှင်လန်းတက်ကြွနေသော အပြုံးမျိုးနှင့် အေးချမ်းစွာပြုံးလိုက်ရင်းက–

"အစ်မ ဆေးရုံမသွားသေးဘူးလား"

"သွားမယ်လေ ဂျူတီဝင်မလို့"

"လူမှုဖူလုံရေးမှာဆို"

"အခု ဆေးရုံကြီးပြန်ရောက်သွားပြီ။ လေးနှစ်တစ်ခါလဲနေတော့ ဘယ်ကြာကြာထားမလဲ"

ရယ်မော၍ ပြောလိုက်သော်လည်း ရင်ထဲမှာနင့်သွားသည်။ ဒေါက်တာဟန်ကြည်က ကလေး၏စာကြည့်စားပွဲဆီသို့ လျှောက်သွားပြီး သူ့အိတ်ကို ကုလားထိုင်ပေါ်တင်လိုက်သည်။ စားပွဲပေါ်တွင် ထောင်ထားသောသူ့ ဓာတ်ပုံကို တွေ့ရသောအခါ သူ့နှုတ်ခမ်းက ပြုံးမဲ့မဲ့လေးဖြစ်သွားသည်။

"ကလေးက စာရေးပေမယ့် အစ်မကတော့ စာမရေးဘူးဗျာ"

"မအားလို့ပါ"

အရိုးဆုံးသော ဆင်ခြေလေးကို သူခေါင်းညိတ်၍ ကျေနပ်လိုက်သည်။

"အစ်မက အရင်ကထက် လှနေပါလား"

"ထင်လို့ပါကွယ် အသက်ကြီးလာသော ရုပ်ကျလာတယ်"

"ကြီးကြီးငယ်ငယ် မဆိုင်ပါဘူး၊ လူသားတွေဟာ အချစ်နဲ့တွေ့ရင်နုပျိုလှပလာတယ်ဆို"

"ဟင် . . ."

ရုတ်တရက် အံ့အားသင့်သွားသည်။ နောက်မှ ကလေးလက်ချက်မှန်းရိပ်မိလိုက်၍ နှုတ်ခမ်းကိုတင်းတင်းစေ့ကာ ပြုံးလိုက်မိသည်။

"ကလေးက ဘာတွေရေးလိုက်သလဲ"

ရှက်ဝဲဝဲနှင့်မေးလိုက်သည်။ သူက သက်ပြင်း သဲ့သဲ့ချလိုက်ရင်းက–

"ဒီအတွက် ကျွန်တော် သက်သက်ဆင်းလာခဲ့တာပါ။ ဆရာနဲ့ရောက်ပြီး ကလေးစာရေးတာ ငါးစောင်လောက်ကိုရှိပြီ"

ဆရာနှင့်တွေ့သည်မှာ တစ်လပင် မပြည့်သေးပေ။ တစ်ပတ်ကို နှစ်စောင်လောက်များ ရေးနေရော့သလားဟု တွေးမိရင်း သက်ပြင်းခိုးချလိုက်မိ၏။

"သူမကျေနပ်ရင် ပွင့်ပွင့်လင်းလင်းပြောဖို့ ကောင်းတယ်။ ဒီလိုရေးနေတာတော့ မကောင်းဘူးပေါ့။ သူ မကျေနပ်ရင် ဘာမှ မလုပ်ဘူး။ ပြီးတော့

ကျွန်မကိုယ်တိုင်ကလည်း ဘာမှဆုံးဖြတ်ရသေးတာ မဟုတ်ဘူး”

အလိုလို ဒေါသဖြစ်သွားမိသည်။

မျက်ရည်များ ရစ်ဝဲလာသည်အထိ ဒေါသဖြစ်သွား၏။

“ဒေါသမဖြစ်ပါနဲ့ အစ်မရယ်။ သူ့မှာလည်း ရင်ဖွင့်စရာဆိုလို့ ကျွန်တော် တစ်ယောက်ပဲရှိတာ”

ရင်ထဲမှာ နွမ်းလျသွားသည်။ ဒေါက်တာဟန်ကြည်က စာလေးတစ်စောင်ကို ထုတ်ပြသည်။ ကလေးလက်ရေးနှင့်စာ–

“ဦးဦးဒေါက်တာနဲ့တုန်းက ကလေး မနာလို မဖြစ်ပါဘူး။ ဘာလို့လဲဆိုတော့ မိုးက ဦးဦးကိုမှ မချစ်တာ။ ကလေးကို သိပ်ချစ်တာကိုး။ မိုးဟာ ဦးဦးနဲ့ လက်ထပ်သည့်တိုင်အောင် ကလေးက ကြည်ဖြူနေမှာပဲ။ မိုးရဲ့ မေတ္တာတွေ အပြည့်အဝ ပိုင်ဆိုင်နေရပြီပဲလေ။ ဒါပေမဲ့ ဦးဦးရယ် အဲဒီ ဆရာရောက်လာတော့လေ ကလေးက ဒုတိယဖြစ်သွားပြီး ဆရာက မိုးကို သိပ်ချစ်တယ်။ မိုးကလည်း ဆရာ့ကို သိပ်ချစ်တာပဲ။ ဆရာက မိုးရဲ့အချစ်ဦးလေ။ ကလေးက ဒုတိယဖြစ်သွားပြီပေါ့။ သူတို့နှစ်ယောက်အတူနေရင် ကလေးဟာ အလိုလိုလွင့်ရတော့မှာပဲ ဦးဦးရယ်။ မိုးက ကလေးထက် ဆရာ့ကို ပိုချစ်တာပဲ”

“အို . . . မဟုတ်ဘူး မဟုတ်ဘူး”

အလန့်တကြား အော်လိုက်မိသည်။ မျက်ရည်များက ပါးပြင်ပေါ်သို့ လိမ့်စီးလာလေသည်။

“ကလေး အိပ်လို့မရဘူး ဦးဦးရယ်။ မိုးနဲ့ ခွဲအိပ်ရတော့မှာမို့ အခုထဲက ခွဲအိပ်ထားတယ်။ အဆောင်မှာ သွားအိပ်တာပဲ။ မိုးက သိပ်အရေးတယူ မမေးတော့ပါဘူး။ သူ့မှာ ရင်ခွင်ဦးရှိပြီပဲ”

“ဘုရား . . . ဘုရား ဘာတွေ ရေးထားပါလိမ့် ဒေါက်တာရယ်။ သူ တကယ် စာကြိုးစားနေတယ်ထင်လို့ ခွင့်ပြုတာပါ။ သူ မသိဘူး ဆရာ့ထက် ချစ်လို့ ဆရာနဲ့ခွဲရတာကို သူ မသိဘူးဒေါက်တာ။ အသိလည်း မပေးရဲပါဘူး။ အခုတောင် စိမ်းကားနေပြီပဲ။ အမေရင်း မဟုတ်ရင် ပိုစိမ်းကားမှာပေါ့”

အားပါးတရ ရှိုက်ငိုလိုက်မိသည်။

ဒေါက်တာဟန်ကြည်က စိတ်ရှုပ်စွာဖြင့် မိမိပခုံးကို ဆုပ်ကိုင်ရင်းက–

“အစ်မ မငိုပါနဲ့ဗျာ။ ကျွန်တော် ပြောတာ နားထောင်ပါဦး အစ်မရယ်။



ကလေးက ဆရာ့ကို မလိုလားတာထက် သူ့ကို အချစ်လျော့မှာ စိုးလို့ပါ။ အဆင်ပြေအောင် ကျွန်တော် ဝိုင်းပြောပေးပါ့မယ်”

“ဟင့်အင်း . . . မပြောနဲ့။ မိခင်တစ်ယောက်အနေနဲ့ အချစ်ရေးမှာ သားသမီးကို အောက်ကျခံပြောရမှာ ရင်မွှေး ရှက်တယ်။ သူ့အလိုလို လက်ခံလာတဲ့အထိပဲ စောင့်နေမယ်”

ဘယ်အချိန်ဖြစ်ဖြစ် စောင့်နေမယ်။ ဒီတစ်သက် မပေါင်းရလည်း အရေးမလုပ်ဘူး။ ရင်မွှေးတို့အချစ်က ပေါင်းစပ်ရယူမှ မဟုတ်ပါဘူး”

အရူးတစ်ယောက်ကဲ့သို့ တတွတ်တွတ် ရေရွတ်ရင်းက ရှိုက်ငိုမိသည်။ ဒေါက်တာဟန်ကြည်က မျက်ရည်များကို တယုတယ သုတ်ပေးလိုက်၏။

“ရင်မွှေး”

တိုးညှင်းသောခေါ်သံလေးကြောင့် ဒေါက်တာဟန်ကြည်ရော ရင်မွှေးပါ လှည့်ကြည့်လိုက်သည်။ အိမ်ပေါက်ဝတွင် ရပ်နေသောဆရာ့ကို မြင်လိုက်သောအခါ ရင်ထဲထိတ်သွားမိသည်။ ဆရာအထင်များ လွဲသလားဟု စိုးထိတ်စွာ ဆရာ့အား ကြည့်မိသည်။ ဆရာက ဒေါက်တာဟန်ကြည်အား စူးစမ်းသောမျက်လုံးနှင့်ကြည့်နေ၏။

“ဆရာ . . .”

“ဒေါက်တာဟန်ကြည် ထင်တယ်”

မိတ်ဆက်မပေးရဘဲ တစ်ယောက်ကိုတစ်ယောက်ခေါ်ပြီး လက်ဆွဲနှုတ်ဆက်လိုက်၏။ နှစ်ဦးစလုံး၏အပြုံးသည် တွေ့ဆုံမှုအတွက် ကျေနပ်နှစ်သက်နေကြ၏။

“ဒေါက်တာ ဘယ်တုန်းက ရောက်လဲ”

“ဒီမနက်မှ ရောက်တာပါ ဆရာ”

“ဟိုတယ်မှာ ပစ္စည်းထားပြီး ဒီကိုထွက်လာတာ။ ဆရာ့ကိုတွေ့ရတာ ကျွန်တော် သိပ်ဝမ်းသာတာပဲ”

“ကျွန်တော်လည်း တွေ့ချင်နေပါတယ်”

“ပြီးတော့ ကျွန်တော့်အိမ်မှာ လိုက်တည်းပါ ဒေါက်တာ။ ဒေါက်တာ ပျော်သလောက်နေပါ။ အိမ်ထောင်ပစ္စည်း အပြည့်အစုံရှိပါတယ်။ အေးအေးဆေးဆေး နေလို့ရတာပေါ့”

ဆရာက ရွှန်းရွှန်းဝေအောင် ဖိတ်ခေါ်နေသည်။ နော်ရင်မွှေးသည်

ဆရာ့ကို ကြည့်၍ ဝမ်းသာသွားမိ၏။ ဆရာသည် ဘယ်သောအခါမျှ အမြင်ကျဉ်းလိမ့်မည် မထင်ပါ။

"ရပါတယ် ခင်ဗျာ။ ကျွန်တော်က သိပ်အကြာကြီးလည်း နေမှာမဟုတ်ပါဘူးခင်ဗျာ"

"ဩော် . . . ဘယ်ဟုတ်မလဲ။ ကျွန်တော် ဒီမှာ အိမ်ငှားထားပါတယ်။ တစ်ယောက်တည်းပါပဲ။ ရင်မွှေးရယ် ဒေါက်တာ့ကို ကူပြောပေးဦးလေ"

ဆရာသည် မျှော်လင့်ချက်နှင့် မန္တလေးတွင် အိမ်ငှားပြီး ပစ္စည်းများ ဝယ်ထား၏။ ဆရာ့အလုပ်ကား မြစ်သားဘက်မှ ရွာလေးတစ်ရွာတွင် တာဝန်ကျသည်။

"ဟုတ်ပါတယ် ဒေါက်တာရယ်။ ရင်မွှေးတို့နဲ့လည်း နီးပါတယ်။ ဒေါက်တာ စားချင်တာလည်း ရင်မွှေး ချက်ကျွေးနိုင်တာပေါ့"

"ကောင်းပါပြီဗျာ။ အစ်မရင်မွှေးတို့ တည်ဆောက်ထားတဲ့ နိဗ္ဗာန်လေးမှာ တစ်ခဏ ခိုနားရရင် အေးချမ်းမှာပါ။ အစ်မနဲ့ ဆရာက ပစ္စည်းတော်တော်စုထားလား"

"ဒီလိုပဲ မျှော်လင့်ချက်နဲ့ တည်ဆောက်ထားတဲ့အိမ်ဟာ ခဏခဏ ပြိုကျလို့ ဒီတစ်ခါလည်း ထပ်ပြီး မငဲ့မရဲနဲ့ပဲ ဆောက်ထားရတာပေါ့"

ကျလုဆဲဆဲ မျက်ရည်များကို မျက်တောင်ခတ်၍ ထိန်းသိမ်းလိုက်သည်။ ဆရာရော ဒေါက်တာဟန်ကြည်ပါ မိမိမျက်ရည်များကို မျက်နှာလွှဲလိုက်၏။

ဒေါက်တာဟန်ကြည်က သက်ပြင်းသဲ့သဲ့ချပြီး–

"စိတ်ကို အေးအေးထားပါအစ်မရယ်။ အတတ်နိုင်ဆုံး ပြေလည်အောင် လုပ်ပေးပါ့မယ်"

"တော်ပါတော့ ဒေါက်တာရယ်။ မိခင်တစ်ယောက်အနေနဲ့ သားသမီးရဲ့ အသနားကို မခံပါရစေနဲ့။ သူ သဘောမတူဘူးဆို ဘာမှ မလုပ်ဘူး။ ဒီကိစ္စမှာ အောက်ကျခံမနေနိုင်ပါဘူး"

ဆရာရော ဒေါက်တာဟန်ကြည်ပါ ဘာမျှ ထပ်မပြောတော့ပေ။ ထို့နောက် သူတို့နှစ်ဦးသည် မြစ်ကြီးနားမှာ မဆုံလိုက်ရဘဲ လွဲသွားခဲ့သော မြစ်ကြီးနားမြို့အကြောင်း ပြောကြသည်။ ဒေသခံမိတ်ဆွေများအကြောင်း ပြောနေစဉ် နော်ရင်မွှေးက သူတို့အတွက် ကမန်းကတန်း စီစဉ်ပေးပြီး



ဆေးရုံသွားဖို့ ပြင်ဆင်လိုက်၏။

"ဒေါက်တာ ဒီမှာပဲ နားပါ။ ညနေမှ ဆရာ့ဆီ လိုက်သွားပေါ့။ ဆရာ ရင်မွှေး သွားမယ်နော်။ ကလေးကို ပြောလိုက်ပါ ညနေအတွက် ဘာမှ မချက်နဲ့လို့။ ရင်မွှေးတို့ အပြင်ထွက်စားကြတာပေါ့။ ဒေါက်တာ မန္တလေး မရောက်ဖူးတော့ လိုက်ပြတာပေါ့နော်"

"စိတ်ချ ရင်မွှေး၊ ဆရာ စီစဉ်လိုက်ပါ့မယ်"

မိမိတို့နှစ်ဦး၏စကားကို ဒေါက်တာဟန်ကြည်က ပြုံး၍နားထောင်နေရင်းက–

"ဆရာ အိမ်ပေါ်တက်လာလာချင်း အစ်မရဲ့ ဆရာမှန်း ချက်ချင်းသိပါတယ်။ ဘာလို့ဆိုတော့ ဆရာ့ကရုဏာမျက်ဝန်းလေး ပါနေတယ်။ ပြီးတော့ ခံ့ညားတဲ့ ရုပ်ရည်လည်းရှိလို့ ကျွန်တော် ခန့်မှန်းမိပါတယ်"

ဒေါက်တာက ဆရာ့အား ကြည့်၍ ချီးကျူးသည်ကို ဆရာက အရိုးခံ သက်သက် ရယ်မောလိုက်ရင်းက–

"ကျွန်တော်ကလည်း ဒေါက်တာမှန်း ချက်ချင်းသိလိုက်ပါတယ်။ ရင်မွှေးရဲ့ အရင်းနှီးဆုံးမိတ်ဆွေဟာ ဒေါက်တာတစ်ယောက်တည်း ရှိလို့ပါ"

ဒေါက်တာဟန်ကြည်က အားပါးတရ ရယ်မောလိုက်သည်။

"တကယ်လို့များ ကျွန်တော်မဟုတ်ဘဲ အခြားသူတစ်ယောက်ဆိုရင်ရော ဆရာရယ်"

ဒေါက်တာဟန်ကြည်က ရင်းရင်းနှီးနှီးသွေးတိုးစမ်းလိုက်သည်။ ထိုအခါ ဆရာက မိမိအား ဖျတ်ခနဲခိုးကြည့်လိုက်ပြီး–

"ကျွန်တော် ရင်မွှေးကို ယုံတယ်။ ဒီလောကမှာ ရင်မွှေးရဲ့ ချစ်သူဟာ ကျွန်တော်တစ်ယောက်တည်း ရှိပါတယ်"

ရင်ထဲနွေးသွားသည်။ ဆရာ့ချစ်သူအဖြစ် ခံယူထားသော မိမိအဖို့ များစွာ ဂုဏ်ယူမိသည်။ ဆရာသည် တစ်ပါးသူ၏မေတ္တာကို တန်ဖိုးထားလေးစားသူတစ်ယောက်ဖြစ်သည်။ သံသယနှင့် အထင်မသေးတတ်ပေ။

"အစ်မနဲ့ ဆရာဟာ ကျွန်တော် ထင်ထားတာထက်တောင် ပိုပြီး သဘောထားပြည့်ဝပါသေးလား။ အစ်မတို့နှစ်ယောက် အတူတူပေါင်းဆုံပါစေလို့ ဆုတောင်းပါတယ်ဗျာ"

* * *

အခြေအနေသည် ဤမျှအထိ တင်းမာလိမ့်မည်ဟု ဘယ်တုန်းကမျှ မမျှော်လင့်ပေ။ မိမိ ဂျူတီထွက်ချိန်တွင် ကလေးနှင့်ဒေါက်တာဟန်ကြည် သာမက ဆရာပါ လာကြသည်။ ရုတ်တရက် သုံးဦးစလုံးကို တွေ့ရ၍ ဝမ်းသာအားရ ဖြစ်သွားမိ၏။

သို့သော် ပြုံးနေသော ဆရာ့မျက်ဝန်းမှာ ငိုနေသည်။ ဆရာသည် အလကားနေရင်း မပြုံးပေ။ ခံစားချက်ကို ဖုံးကွယ်လို၍သာ ပြုံးနေခြင်း ဖြစ်သည်။

"အစ်မရေ မြို့ထဲလျှောက်လည်ဖို့ စီစဉ်ထားတယ်။ အစ်မ ပင်ပန်း နေလား"

"ရပါတယ် ဒေါက်တာ။ နေ့လယ်ကျတော့ ပြန်အိပ်တာပေါ့။ စီစဉ် ထားသလိုသာ လုပ်ပါ"

ကလေးက ဒေါက်တာဟန်ကြည် လက်မောင်းကို မလွှတ်တမ်းဆွဲ ထားသည်။ ဒေါက်တာဟန်ကြည့်ကားနောက်က ထိုင်လိုက်လာ၏။ မိမိနှင့် ဆရာက တစ်စီး။

ကလေး ဒေါက်တာဟန်ကြည်နားတွင် တွတ်တီးတွတ်တာစကား များကို ပြောနေသည်။ ရယ်မောနေသည်။ မိမိတို့နှစ်ဦးကို ရှိသည်ဟုပင် မထင်ပါ။

ဆရာနှင့် မိမိတို့နှစ်ဦးမှာ စကားမပြောတတ်သူများပမာ တိတ်နေမိ ၏။ ထမင်းဆိုင်တွင်လည်း ကလေးက ဒေါက်တာဟန်ကြည့် ပန်းကန် ထဲသို့သာ ဟင်းများထည့်ပေးနေသည်။ ဒေါက်တာ ဟန်ကြည်က တောင်း ပန်သောအကြည့်နှင့် မကြာခဏ ကြည့်နေသည်။ ကလေး၏အပြုအမူ သည် လွန်စွာရိုင်းပျလွန်းသည်ဟု ထင်မိသည်။ သူသည် ဆရာ့အား အရွဲ့ တိုက်ခြင်းထက် မိမိအားအရွဲ့တိုက်ခြင်းက ပို၍ ထိရောက်လွန်းသည်။ သို့ သော် သူ၏ထိုးစစ်ကို ဟန်ဆောင်ကာ ဖယ်ရှားရင်း ဟန်မပျက်နေနေ၏။

"ညနေကျရင် ရုပ်ရှင်ကြည့်ချင်တယ်။ ကလေး လက်မှတ်ယူလာမယ်"

"ကောင်းသားပဲ"

ကလေးအကြံအစည် ထောက်ခံမိ၏။ နေ့လယ်အိမ်မှာ အနားယူပြီး ညရောက်သောအခါ ကလေး၏အကြံအစည်ကိုသိလာ၏။

ကလေးက ရုပ်ရှင်ရုံရှေ့တွင် လက်မှတ်များကို နှစ်စောင်စီ ခွဲထား၏။



"ဒီကားက ကားကောင်းတော့အပြင်က ဝယ်ရတယ်။ အတော်ပဲပေါ့။ အမိုးရယ် ဦးဦးဆရာရယ် ကြည့်။ ကလေးက ဦးဦးဒေါက်တာနဲ့ ကြည့် မယ်"

ရုတ်တရက် ဘာမျှမပြောနိုင်အောင် မှင်တက်မိသွားသည်။ ထိုအခါ ဒေါက်တာဟန်ကြည်က အခြေအနေကို နားလည်စွာဖြင့်-

"ဦးနဲ့ဆရာနဲ့ ကြည့်ပါမယ်။ ကလေးတို့နှစ်ယောက် ကြည့်လေ။ ကလေးတို့ သားအမိက ခွဲဖူးတာမှ မဟုတ်တာ"

"ဒါက အရင်ကပါ ဦးဦးရဲ့။ အခုတော့ ခွဲရမှာပေါ့။ ဟင်း . . . ဟင်း သွားစို့"

ကလေးက ဒေါက်တာဟန်ကြည့်လက်ကို ဆွဲကိုင်ကာ ခေါ်သွား၏။ ရင်ထဲ ဖြောင်းဆန်အောင် လှုပ်ရှားသွားသည်။ ဘာမျှမပြောနိုင်ဘဲ ကျောက် ရုပ်ကဲ့သို့ ရပ်နေမိသည်။

"လာလေ ရင်မွေး ဆရာတို့လည်း သမီးကောင်းမှုကြောင့် ဒီတစ်ခါပဲ နှစ်ယောက်တည်း ရုပ်ရှင်ကြည့်ဖူးတော့တယ်"

ဆရာက ရယ်မော၍ပြောလိုက်သော်လည်း မိမိခေါင်းရမ်းလိုက်သည်။

"ရင်မွေး မကြည့်ချင်တော့ဘူး ဆရာ။ အိမ်ကိုပဲ ပို့ပေးပါတော့"

ဆရာက ဘာမျှမပြောတော့ဘဲ ခေါင်းညိတ်လိုက်သည်။ ထို့နောက် ကျူးဘက်သို့ ခေါ်လာပြီး မေတ္တာပေါင်းကူးတံတားနားတွင် ရပ်လိုက်၏။ တစ်လမ်းလုံး ဘာစကားမျှ မပြောဖြစ်ဘဲ တိတ်ဆိတ်နေရာမှ မေတ္တာပေါင်း ကူးတံတားကို လျှောက်မိချိန်တွင် မျက်ရည်များ စီးကျလာလေသည်။

ဆရာသည် ဘာမျှမပြောဘဲ မိမိအား ငေးကြည့်နေ၏။ မျက်ရည်စ များကို သုတ်ပေးနိုင်သည်အထိ ဆရာ့တွင် အားအင်ရှိတော့ဟန် မတူပေ။

နှလုံးသားမှ ပူလောင်သည့်အတွက် လေဝင်လေထွက်ကို ရှူရှိုက်ရ သောအခါ မောဟိုက်ပင်ပန်းလာမိသည်။ အေးချမ်းသောည လေပြေဆော့ ကစားနေသည်ကိုပင် သတိမမူမိတော့ပေ။ မိမိပတ်ဝန်းကျင်နှင့် မိမိရင်ထဲ ရှိ အသည်းနှလုံးတို့ ကွဲကြေပျက်ပြုန်းသည်အထိ မီးဟုန်းဟုန်း တောက် လောင်နေ၏။

"ရင်မွေးရယ် ဆရာ့ကို မျှော်လင့်ချက်လေးတွေ ထပ်မပေးတော့ဘူး လားဟင် ကလေး"

ဆရာ ကမိမိဦးခေါင်းကို ရင်ခွင်ထဲဆွဲပွေ့ရင်း တုန်ရီလှိုက်လှဲသော အသံနှင့်ပြောလိုက်သည်။ ဆရာ့စကားသံများက မိမိအသည်းနှလုံးကို ပြင်းထန်စွာ ထိုးမွှေနေလေပြီ။ ဆရာ့ ရင်ခုန်သံကို ကျယ်လောင်စွာ ကြားနေရ၏။ ဆရာ့ရင်ထဲမှ ပူလောင်မှုသည် မိမိနှလုံးသားအား ပြင်းထန်စွာ လောင်မြိုက်နေလေပြီ။

"တို့နှစ်ယောက် မတွေ့ကြရရင် အကောင်းသားပဲ ကလေးရယ်။ အခု တော့ ဒုတိယအကြိမ် ဆေးရပြီနော်။ ဒီတစ်ကြိမ် ခွဲခွာမှုက ပိုပြီးရင်နာလှ ပါတယ် ကလေးရယ်"

ခွဲခွာမှု ခါးသီးလှသောဝေဒနာသည် မိမိအသည်းပြင်အား ဖိကြိတ် ချေမွနေ၏။ မိမိနဖူးပြင်တွင် ပူနွေးသော မျက်ရည်များ၏ ထိတွေ့မှုကို ခံစားရသောအခါ နှလုံးသားမှာ ထိတ်လန့်တုန်လှုပ်သွားမိ၏။

ဆရာငိုနေတယ်။ ဆရာသည် မိမိကြောင့် နန္ဒမိတ်ရွာက စစ်တောင်း မြစ်ဘေးတွင် ငိုခဲ့ဖူးသည်။ ငါးမြစ်ချင်းရွာက ဆရာ့အိမ်လေးတွင် ငိုခဲ့ လိမ့်မည်။ ယခု မိမိအတွက် ထပ်မံ၍ ငိုခဲ့ပြန်ပြီ။ ဆရာ့မျက်ရည်စများက မိမိအသည်းကို ပြင်းထန်စွာ ပူလောင်စေသည်။ ဆရာ့ကို ဘယ်လိုဖြေသိမ့် ရမှာလဲ။

ဆရာ့မျက်ရည်များကို သုတ်ပေးရင်းက–

"ဆရာ ရင်မွှေးအတွက် အမြဲစိတ်ထိခိုက်နေတာပဲနော်။ ဆရာ့ကို တစ်ယောက်တည်း မခွဲထားချင်ဘူး။ အချိန်စောင့်ပါဦး ဆရာရယ်။ ရင်မွှေး လေ ကလေးကိုတောင်းပန်ပြီး ပြောပါ့မယ်"

"မပြောနဲ့ ရင်မွှေး။ ဆရာပြောဖူးသားပဲ။ မင်းကိုချစ်တာ ပေါင်းစပ်မှ မဟုတ်ပါဘူး။ ဆရာ့အတွက်နဲ့ မင်းဂုဏ်သိက္ခာ အကျမခံနဲ့။ တစ်သက် ထိန်းလာခဲ့တဲ့ သိက္ခာတွေ တစ်ခါတည်း မမျှောလိုက်နဲ့ကွယ်။ တကယ်လို့ များ နော်သဲဆူးမှာ ချစ်သူရှိလာရင် သူစာနာတတ်မှာပါ။ အဲဒီတော့ နားလည်လာမှာပေါ့။ အခုတော့ နားလည်မှာ မဟုတ်ဘူး။ ရင်မွှေး အိမ်ထောင် မပြုဘဲ သူ့အတွက် အနစ်နာခံခဲ့တာတွေ မသိဘဲ တလွဲထင်လိမ့်မယ်"

"မထင်ပါဘူး ဆရာရယ်။ သဝန်တိုတာပဲ ရှိတယ်"

ဆရာက သက်ပြင်းလေး တိုးတိုးချရင်းက ဦးခေါင်းကို ခါရမ်းလိုက် သည်။



"ဒေါက်တာဟန်ကြည်ကို ကလေးက သိပ်ချစ်တာပဲနော်။ တကယ်လို့ များ ရင်မွှေးသာ လက်ခံခဲ့ရင် သူပျော်မှာပဲ"

"ဆရာ"

အလန့်တကြား အော်ဟစ်လိုက်ပြီး ဆရာ့မျက်နှာကို စိမ်းစိမ်းကြည့် လိုက်သည်။ ရင်ထဲမှာ ဝမ်းနည်းတုန်လှုပ်မိ၏။ ဆရာက ဦးခေါင်းကို ခါ ရမ်းလိုက်ပြီး–

"ဆရာ့ကို ဒီလိုမကြည့်နဲ့ ရင်မွှေး။ ရင်မွှေးမေတ္တာကို စော်ကားတာ မဟုတ်ပါဘူး။ ကလေးရဲ့ စိတ်သဘောထားကို ပြောပြတာပါ။ ဆရာတော့ ဒေါက်တာဟန်ကြည့်လိုပဲ ရင်မွှေးကို ညီမလေးလို ပြောင်းလဲချစ်တော့မယ်"

"ဟင့်အင်း ဆရာပြောင်းပေမယ့် ရင်မွှေး မပြောင်းဘူး။ ဆရာ့ကို ချစ်သူလိုပဲ ချစ်တယ်။ ဆရာ့ကို ရင်မွှေးသိပ်ချစ်တယ်"

မိန်းကလေးတန်မယ့် အရှက်ကင်းမဲ့စွာပြောရင်းက ဆရာ့ပါးကို နမ်း လိုက်သည်။

ဆရာ့ထံမှ သက်ပြင်းချသံကို ပူလောင်စွာ ကြားလိုက်ရသည်။ ဆရာ သည် မိမိဆံပင်များကို သပ်ပေးရင်းက–

"ဆရာ မပြောဘူးလို့ နေနေတာ။ ဒါပေမဲ့ အခုပြောမယ်။ ဆရာနဲ့ ရင်မွှေးဟာ ဘယ်တော့မှ လက်ထပ်လို့ ရမှာမဟုတ်ဘူး။ နော်သဲဆူးက နေ့လယ်ကပြောခဲ့တယ်။ အမိုးဟာ ယောကျ်ားတွေနဲ့ ကင်းကင်းရှင်းရှင်း နေပြီး သူ့အပေါ်မှာ အချစ်တွေစုပုံထားပြီး သူ့ကို ပထွေးလက်ထဲ မထည့် တာကို ခုမှ သူနားလည်တယ်တဲ့။ အမိုးမှာ အချစ်မရှိလို့ အိမ်ထောင်မပြု တာကိုးတဲ့လေ"

"အို. . ."

တုန်လှုပ်စွာ ညည်းညူလိုက်မိသည်။ ရင်ထဲမှာ လွတ်ဟာသွား၏။ အခိုးအငွေ့လေးအဖြစ်ဖြင့် လေထဲတွင် ပျောက်ကွယ်သွားချင်သည်အထိ တုန်လှုပ်သွားမိသည်။

တစ်လောကလုံး အမှောင်ဖုံးသွားသည်ဟု ထင်လိုက်မိ၏။ ဆရာက မိမိခေါင်းလေးကို ဖွဖွသပ်ပေးရင်း နှစ်သိမ့်လိုက်သည်။

* * *

"ဆရာလယ်တောကို စွန့်ခွာလို့ မဖြစ်ဘူးရင်မွေး။ ရိုးသားတဲ့ နှလုံးသားတွေကို အသိဉာဏ်ပေးမယ့်သူ မရှိရင် လယ်တောကလူတွေ လယ်တောထဲမှာ နစ်ရင်း ခေတ်ရေစီးကြောင်းထဲမှာ မပါဝင်မှာ စိုးတယ်။ ဒါကြောင့် နန္ဒမိတ်ပြီးရင် ငါးပတ်အိုင်၊ ပြီးတော့ ဟိုးအညာဒေသက လယ်တောတွေ၊ ပြီးရင် ဟိုးတောင်ပေါ်က တောင်ယာတွေအားလုံးကို ဆရာ လှည့်နေမှာပဲ။ ဆရာ့အသက်နဲ့ခန္ဓာ မြသရွေ့ မြို့ကြီးသားဆရာက လယ်တောမှာပဲ လှည့်နေမှာပဲ။ လယ်တောဟာ ဆရာ့ဘဝပဲ"

"ဖော်ကပြောတယ်လေ။ အချစ်အတွက် ဆရာ့စိတ်လွှင့်ပြီး ကိုယ့်မြို့ကိုယ်မပြန်ဘဲ လွှင့်ချင်ရာလွှင့်တယ်တဲ့လေ။ ဒါဟာ သိပ်မှားတဲ့ အတွေးပဲ ရင်မွေးရယ်။ ရင်မွေးကို ပိုင်ဆိုင်ရလည်း ဆရာ လယ်တောမှာပဲနေမယ်။ ရင်မွေးက ဆရာနဲ့မလိုက်ချင်ဘူး မြို့မှာပဲနေမယ်ဆိုလည်း ဆရာလယ်တောမှာပဲ နေမယ်။ ဘယ်တော့မှ မပြောင်းလဲပါဘူး ရင်မွေးရယ်။ တစ်ခုတော့ ရှိတယ်။ စပါးပင်ကိုမြင်တိုင်း ဆရာမပျော်ဘဲ ရင်မွေးကို သတိရတဲ့စိတ်နဲ့ စပါးပင်နဲ့ဝေးရာပြေးဖို့ စိတ်ကူးမိတာပါပဲ။ ဒါပေမဲ့ လယ်တောကို စိတ်မနာရက်ပါဘူး ရင်မွေးရယ်"

ဆရာသည် တိတ်ဆိတ်၍ နေလေ၏။ တစ်အိမ်တည်းနေသော်လည်း ဝေးကွာသည်ဟု ထင်နေမိသည်။ ရုပ်ရှင်က ပြန်လာပြီး နော်သဲဆူးက သူ့အား စကားမပြောဝံ့ပေ။ သူကလည်း စကားမပြောမိ။ ရင်ထဲမှာ နာကြည်းစိတ်များနှင့် ဘာမျှမပြောဖြစ်ပေ။ ဒေါက်တာဟန်ကြည်က အခြေအနေကို နားလည်၍ရုတ်တရက် မပြန်သေးပေ။

"အစ်မတို့ ရုပ်ရှင်မကြည့်ဖြစ်ဘူးလား"

"ဟုတ်တယ်၊ ရုပ်ရှင်ရုံထဲက လွတ်လွတ်လပ်လပ် မနေရဘူးလေ။ ဒါကြောင့် နန်းသီတာဥယျာဉ်ထဲ သွားစကားပြောတာပဲ"

တမင်ရွှဲ့ပြောလိုက်သည်။ နော်သဲဆူးက အိပ်ရာစောစောဝင်ပြီး အိပ်သွားသည့်တိုင်အောင် နော်ရင်မွေး အိပ်မရခဲ့ပေ။ စွန့်လွှတ်ဆုံးရှုံးမှုများနှင့် ရင်ထဲလှိုက်ဖိုနေသည်။

နောက်တစ်နေ့မနက်တွင် နော်ရင်မွေး အိပ်ရာမှမထမီ နော်သဲဆူးက စောစောကျောင်းထွက်သွား၏။

အိပ်ရာမှထသောအခါ အိပ်ပျက်ထားသောဒဏ်ကြောင့် ခေါင်းထဲ မူး



နောက်နောက်ဖြစ်နေ၏။ အစားအသောက်လည်း ပုံမှန်မဖြစ်တော့ပေ။ အထိုင်အထတွင် ခေါင်းမူးနောက်နောက် ဖြစ်နေသောကြောင့် ကိုယ့်စိတ်ကို ကိုယ်လျှော့ရန် သတိထားနေရ၏။ လုပ်ဖော်ကိုင်ဖက်များကလည်း အနည်းငယ်ရိပ်မိသောကြောင့် မသိမသာ တီးခေါက်ကြသည်။

မည်သို့မျှ ပြေးရှောင်မရသော ပတ်ဝန်းကျင်လောကတွင် အခိုးအငွေ့အဖြစ် ပျောက်ကွယ်သွားချင်သည်။ ထို့အပြင် ဒေါက်တာဟန်ကြည်က ဖုန်းဆက်လာသေးသည်။ ထိုအခါ ပို၍ တုန်လှုပ်ချောက်ချားမှု ဖြစ်ရ၏။

"ဆရာလည်းပြန်ဖို့ စီစဉ်နေတယ်အစ်မ။ ပြီးတော့ အစ်မသမီးကလည်း သူ့စာမေးပွဲအပြီးကို စောင့်ပြီး သူ့ပါခေါ်သွားဖို့ ပြောနေတယ်။ ကျွန်တော်ကတော့ ခေါ်မယ်ပဲ ပြောရတာပေါ့၊ အစ်မပြောတော့ပြောနော်။ သိပ်ပြီးတော့ မတင်းမာပါစေနဲ့"

နှလုံးသားထဲတွင် ပုန်ကန်လှုပ်ရှားမှုများက ပြင်းထန်လွန်းလှသည်။ ဦးနှောက်က အမိန့်ပေး၍ မေ့ခိုင်းထားသော ဆရာအား မေ့ပစ်ရန်ကြိုးစားရသည်မှာ ကြာမြင့်လှပါသည်။

သို့သော် ဘယ်တော့မှ မေ့ပျောက်နိုင်လိမ့်မည် မထင်ပါ။

ကြိုးစား၍ မေ့ပျောက် ချန်လှပ်ရင်းက ဦးတည်ချက်ကလေးတစ်ခုကိုသာ ဦးတည်ထားပြီး အိမ်သို့ စောစော ပြန်ထွက်လာခဲ့သည်။ လောလောဆယ်ဆယ် ခရီးထွက်ရန်ကိစ္စကိုပင် လူမှုရေးအကြောင်းပြပြီး ငြင်းပယ်ခဲ့ရ၏။ ကလေးအတွက် တာဝန်ကို လေးစားထိန်းသိမ်းမှု မရှိတော့ပါ။ ထို့ကြောင့် မလုံမလဲဖြစ်လာသည်။ လုပ်သက်ရလာ၍ ရာထူးတိုးလာပြီဖြစ်သောကြောင့် တာဝန်ပိုကြီးလာသည်ကိုတော့ မိမိနားလည်သင့်သည်။

အိမ်ရောက်သောအခါ ကလေးက သူ့အဝတ်အစားများကို စီ၍ခေါက်နေသည်။ မနက်ဖြန် စာမေးပွဲ ဖြေရတော့မည် ဖြစ်သည်။ ကလေးသည် စာမေးပွဲဖြေခါနီးမှ စိတ်သောကဖြစ်နေရခြင်း၊ တွေဝေနေရခြင်းသည် မိမိအပြစ်မကင်းဟု ထင်ပြီး စိတ်မကောင်းဖြစ်မိ၏။

သူ့ကို မြင်သောအခါ ကလေးက မလုံမလဲနှင့် ပြုံးရင်း မဝံ့မရဲ ခွင့်ပန်သည်။

"ကလေးစာမေးပွဲပြီးရင် ဦးဦးဒေါက်တာနဲ့ လိုက်သွားမယ်နော်"

"ဘာ. . ."

ကြိုတင်သိထားလျက်နှင့် လန့်အော်လိုက်သည်။

ကလေးအား စိမ်းစိမ်းကြည့်နေမိ၏။ ကလေးက အနည်းငယ် ကြောက်လန့်သွားဟန်နှင့်–

“မိုးတို့ မင်္ဂလာဆောင်ပြီးမှ ပြန်လာမယ်”

နှလုံးသားကို ပြင်းထန်စွာ ထိုးနှက်လိုက်သည်။

“နေပါဦး။ မိုးမင်္ဂလာဆောင်မယ်လို့ ကလေးကို ဘယ်သူပြောလဲ”

“ဘယ်သူမှ ပြောစရာမလိုပါဘူး။ ကလေးဘာသာ သိတာပါ။ မိုးနှလုံးသားရေးရာကိစ္စပဲ။ မိုးဘာသာဆုံးဖြတ်ပေါ့။ ဦးဦးဒေါက်တာကတော့ အောင်သွယ်ပေးရတဲ့သူ။ တာဝန်ကျလို့ ပြန်တော့မှာပဲ မဟုတ်လား။ မိုးက လူတစ်ယောက်ကို မချစ်ရင်နေပါ။ ဘာလို့များ ခေါ်ပြီး နှိပ်စက်နေတာလဲ”

“နော်. . . သဲ. . . ဆူး”

ရင်ထဲမှာ လွတ်ဟာသွားသည်။ ထိန်းချုပ်မှုအသိတရားများ ဝေးကွာသွားပြီး ကလေးပခုံးနှစ်ဖက်ကို အားပါးတရ ကိုင်လှုပ်လိုက်သည်။

“မင်း. . . .စော်ကားလှချည်လား။ နော်သဲဆူး ဟင်. . .။ ဒေါက်တာကို ဘယ်သူခေါ်တာလဲ။ ဘယ်သူ စာရေးခေါ်တာလဲ ပြောစမ်း ပြန်ပြောစမ်း”

စကားကိုပင် ပီသအောင်မပြောနိုင်ဘဲ ကလေးကိုကိုင်လှုပ်ပြီး ကုလားထိုင်ပေါ်သို့ တွန်းပစ်လိုက်သည်။

“ငါက အချစ်ကို ဦးစားပေးရအောင် မိုက်ရူးရဲအရွယ်လည်း မဟုတ်ဘူး နော်သဲဆူး၊ ဆရာနဲ့ပတ်သက်ပြီး ငါ့ကို ဘာတစ်ခွန်းမှ ထပ်မပြောနဲ့။ မင်းကို မွေးကတည်းက ငါအားလုံးကိုစွန့်ခဲ့ပြီးပြီပဲ၊ မင်းထပ်ပြီး ရွံ့စရာ မလိုဘူး။ မင်းကို ဒီအရွယ်ထိ လူဖြစ်အောင် ကျွေးလာခဲ့တာ။ အခု အတောင်အလက်စုံခါနီးမှ ငါ့ရင်ကိုစုံကန်ပြီး ထွက်ချင်တယ်ပေါ့ ဟုတ်လား။ ငါ မင်းအတွက် ဘယ်သူ့ဆီကမှ လက်မဖြန့်ခဲ့ဘူး။ ထောက်ပံ့ကြေးလည်း ယူတာ မဟုတ်ဘူး။ မင်း ဘယ်သူ့မှ အားကိုးစရာမလိုဘူး”

မိခင်၏မာန်နှင့် ကလေးအား ပြင်းထန်စွာပြောပြီး ဗီရိုကိုဖွင့်ကာ အံဆွဲသော့ကို လှည့်ဖွင့်၍ ထိုထဲမှ ငွေစုစာအုပ်ကို ထုတ်ကာ ကလေးထံသို့ ပစ်ပေးလိုက်သည်။

“ဒီမှာ ဒေါက်တာဟန်ကြည် ပို့ထားတဲ့ငွေတွေ။ မင်းရှစ်တန်းအောင်



ကတည်းက နှစ်စဉ်ပို့နေကျငွေတွေလေ။ ငါအသုံးပြုမယ်လို့များ မင်း ထင်နေသလား။ မင်းကျောင်းပြီးတော့ ဆေးရုံအတွက် လှူဖို့ ရည်စူးထားတာ။ မင်းကို ကျွေးမွေးပြီး ပညာသင်ပေးတာ ငါ့ချွေးစက်တွေနဲ့ စုထားရတာ။ ဘယ်သူ့အကူအညီမှ မပါဘူးဆိုတာ မင်း သိထားစမ်း။ ဒေါက်တာဟန်ကြည်ကို အဖြူသက်သက်ခင်တာ။ ငါ့နှလုံးသားရေးရာနှင့် ပတ်သက်ပြီး မင်း ဘာမှပြောစရာမလိုဘူး။ ဆရာ့ကိုချစ်ရတာ မင်းမမွေးခင်ကတည်းက ချစ်တာ။ အခုလည်း ချစ်တာပဲ။ နောင်လည်း ချစ်နေမှာပဲ လက်ထပ်ပြီး အတူနေမှ မဟုတ်ဘူး။ ငါအသက်သေတဲ့အထိ မပြောင်းလဲတဲ့စိတ်နဲ့ ချစ်နေမှာပဲ။ မင်း ငါ့ထက် ဒေါက်တာ့ကိုအားကိုးရင် လိုက်သွား။ ငါ့ဘဝထဲက အပြီး ထွက်ပြီး လိုက်သွားလေ။ ငါ့ဆီပြန်လာဖို့တော့ လုံးဝ စိတ်မကူးနဲ့။ ဆရာဝန်ဆိုတဲ့ ဂုဏ်က ကြီးမားတော့ ပိုတင့်တယ်မှာပေါ့။ ငါ့မှာက ဂုဏ်ဆိုတာ ရှိမှ မရှိဘဲလေ”

“မဟုတ်ပါဘူး မိုးရယ်။ ကလေး. . . လေ”

ကလေးက စကားကို တစ်ဝက်တစ်ပျက်ဖြတ်ပြီး ငိုရှိုက်လျက် အိပ်ခန်းထဲသို့ ပြေးဝင်သွားသည်။ တုန်ရီနေသော ခန္ဓာကိုယ်ကို မထိန်းနိုင်တော့၍ စောစောက ကလေးလဲကျသွားသော ကုလားထိုင်မှာ ထိုင်လိုက်၏။ ရင်ထဲမှာ တလှပ်လှပ်နှင့် ဒူးများ ညွတ်ခွေလာသည်။ ကလေး၏ငိုရှိုက်သံများနှင့် မျက်ရည်စက်များက မိမိနှလုံးသားထဲသို့ စူးနင့်ဝင်သွားသည်။

ကလေးကဲ့သို့ အားပါးတရငိုရှိုက်ပစ်ချင်သည်။ သို့သော် မိမိမျက်ရည်မကျချင်ပေ။ ကလေး၏ရှေ့၌ ဘာအတွက်နှင့်မျှ မျက်ရည်မကျချင်ပေ။

ဤကဲ့သို့ ကလေးအထင်လွဲရသည်ပင်လျှင် မိမိအပြစ်ဖြစ်နေ၏။ မိမိဦးနှောက်က ဆင်ခြင်မှုနည်းကာ ဆရာ့အား လက်တွဲရန် ရည်ရွယ်ထားမိခဲ့သော စိတ်ကူးယဉ်မှုကြောင့်ပင် ဖြစ်သည်။

ကလေး၏ ရှိုက်သံကို မကြားလို၍ အိမ်အောက်သို့ဆင်းကာ တစ်ခြံလုံး တံမြက်စည်းလှည်းပစ်သည်။ ထို့နောက် ချိုးရေများသုံးရေများကို ရေစည်အပြည့်ခပ်၍ ဖြည့်ထားလိုက်သည်။ တံမြက်စည်းလှည်း ကြမ်းတိုက်နှင့် အိပ်ခန်းမှလွဲ၍ တစ်အိမ်လုံးရှိ အလုပ်များကို လျှောက်လုပ်ပစ်ပြီး ရင်ထဲမှဝေဒနာကို အလုပ်နှင့် ဖုံးကွယ်လိုက်မိသည်။

သို့သော် မောဟိုက်မှုနှင့် ကြေကွဲမှုတို့ရောထွေးကာ ရင်ထဲတွင် မီးဟုန်း

ဟုန်းတောက်လောင်နေသည်။ မှောင်ရီသမ်းလာသောအခါ လှုပ်ရှားပူလောင်သော စိတ်ကို ငြိမ်သက်စေရန်အတွက် ခေါင်းမှလောင်း၍ ရေချိုးလိုက်သည်။ သို့သော် အေးမြသွားခြင်းမရှိဘဲ ရင်ထဲမှာ နာကျင်ပူလောင်ဆဲ။

မစဉ်းစား မတွေးတောဘဲနှင့် ဆရာ့ကိုမြင်ယောင်လာသည်။

ငယ်စဉ်ကတည်းက ချစ်ခဲ့သော ကလေး၏အမုန်းနှင့် ချစ်သူ၏ ဒုတိယအကြိမ် စွန့်စားမှုကို ခံရသောဆရာ။

ဤဆရာအား မိမိသည် အလွန်နှိပ်စက်ခဲ့ဖူးသည်။ ယခု မိမိဝဋ်လည်လေပြီ။ ကလေးသည် မိမိအား စွန့်ခွာဖို့ ကြိုးစားနေလေ၏။

"ရင်မွေးရယ်၊ ညကြီး ခေါင်းလျှော်ပြီး ရေစိမ်နေတော့ ဖျားနာပါမယ့်ကွယ်"

အိမ်ရှင်အပျိုကြီးက လှမ်းသတိပေးလိုက်၍ သတိဝင်လာပြီး ရေချိုးသည့်အလုပ်ကို ရပ်တန့်လိုက်၏။ အိပ်ခန်းထဲတွင် ကလေးငိုရှိုက်သံက ဆိတ်ငြိမ်နေလေပြီ။ သို့သော် အိပ်ခန်းထဲ မဝင်ချင်၍ အပြင်ဘက် ဗီရိုထဲမှ အင်္ကျီအသစ်ကိုသာယူဝတ်ပြီး သနပ်ခါးမလိမ်းဘဲ ထိုင်နေလိုက်၏။ ရင်ထဲမှာ ဆောက်တည်ရာမရအောင် လှုပ်ရှားလွန်း၍ ဒေါက်တာဟန်ကြည် ကျန်ခဲ့သော စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ယူပြီး မီးညှိရှိုက်ဖွာလိုက်သည်။

တစ်ခါမျှ ဆေးလိပ်မသောက်ဖူးသော်လည်း ဒီတစ်ခါတော့ ထွက်ပေါက်တစ်ခု ရလိုရငြား ဆေးလိပ်ဖွာမိသည်။

တိတ်ဆိတ်မှုသည် ချောက်ချားဖွယ်ရာ ပို၍ကောင်းလှ၏။ အဝေးသို့ ပြေးထွက်သွားချင်သည်အထိ စိတ်ထဲတွင် လှုပ်ရှားမိသည်။

ကလေး၏ရှိုက်ငိုသံ တိတ်နေ၍ ရင်ထဲတွင် ပို၍လှုပ်ရှားမိသည်။ ကလေးအား ရင့်ရင့်သီးသီးဆူထား၍ ကလေးကို ထွေးပွေ့ပြီး ချော့ချင်နေမိသည်။ မိခင်တစ်ဦး၏မာနနှင့် မချော့ဘဲ တင်းခံနေ၏။

တိတ်ဆိတ်မှုဒဏ်ကို မခံနိုင်တော့ဘဲ တအားအော်ဟစ်ပစ်ချင်သည်။ ထို့ကြောင့် ရေဒီယိုခလုတ်ကို ဖွင့်လိုက်၏။ သီချင်းသံများက တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်၏။ သို့သော် ထွက်ပေါ်လာသည့် သီချင်းသံကား "စန္ဒကိန္နရီ"မို့ အလန့်တကြား ခလုတ်ကို ပြန်ပိတ်လိုက်သည်။ ရင်ထဲမှာ တဒိတ်ဒိတ်တုန်လှုပ်နေ၏။



ညှိခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန် လူးလာခတ်နေရင်းက ဆရာ့အတွက် ကြေကွဲမိသည်။ ဆရာသည် အထီးကျန်ဘဝနှင့် နေနေပေမည်။

ကလေးသည် ဆရာ့အား မုန်းတီးနေသော အကြောင်းရင်းကို သိရသောအခါ ရင်ထဲမှာ ပို၍ကြေကွဲမိသည်။ ကလေးသည် မိမိအား ချစ်လွန်း၍ ဆရာ့အပေါ် သဝန်တိုပြီး မုန်းနေသည် မဟုတ်ပါလား။

"ဒေါင် ဒေါင် ဒေါင်"

၇ နာရီ သံချောင်းခေါက်သံကြားသောအခါ ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်သွား၏။ ကလေး ဘာမျှမစားရသေးဘူး ဟူသော အသိက ရင်ထဲတွင် ပူသွားသည်။ မနက်ဖြန် ကလေး စာမေးပွဲဖြေရမည်။

ထို့ကြောင့် တင်းထားသော မာနများကို လျှော့ချလိုက်ရင်း အိပ်ခန်းထဲသို့ ဝင်လာသည်။ တစ်ခန်းလုံး မှောင်နေ၍ မီးခလုတ်ကို ဖွင့်လိုက်၏။

ကလေးသည် ခုတင်ပေါ်တွင် မှောက်လျက် အိပ်နေသည်။ ရင်ထဲတွင် မိမိကိုယ်ကိုမိမိ အပြစ်တင်မိသည်။ ကလေးနှင့်ပြိုင် စိတ်ကောက်မိ၏။

"ကလေး"

ကလေးဦးခေါင်းကိုကိုင်၍ ညင်သာစွာ ခေါ်လိုက်သောအခါ ကလေးက ရုတ်တရက် မိမိအား ဖက်လိုက်ရင်း–

"မို: . . . မို: . . . "

ကလေးသည် မိမိချော့မည့်အချိန်ကို စောင့်မျှော်နေဟန်တူသည်။ ဟန်ပင် မဆောင်နိုင်ဘဲ မိမိအား အတင်းဖက်၍ ရှိုက်ကြီးတငင် ငိုကြွေးရှာသည်။

"မို: ကလေးကို မုန်းသွားလားဟင်။ စိတ်မဆိုးပါနဲ့ မို:ရယ်။ ကလေးကို မို: စွန့်ခွာသွားမှာ စိုးလို့ပါ"

"ကလေးရယ်"

"ကလေးကို မင်းတွေ ငါတွေ သုံးပြီး မစိမ်းကားပါနဲ့ မို:ရယ်"

ကလေး၏တောင်းပန်သံကား မိမိရင်ထဲသို့ မွှေနှောက်နေလေပြီ။ ထိုအခါမှ ကလေးအား စိမ်းကားမိသော ကိုယ့်အဖြစ်ကို ပို၍ ယူကျုံးမရဖြစ်လာမိသည်။ နုနယ်သော ကလေးနှလုံးသားကို ပင်ပန်းနွမ်းနယ်အောင် ပြုခဲ့မိလေပြီ။ ကလေးအား၊ အနိုင်ယူခဲ့မိလေပြီ။

"ကလေးကို မို: ဘယ်တော့မှ မမုန်းပါဘူး။ ကဲ. . . .ထ။ ကလေး

ဆာနေရှော့မယ်။ မိုးတို့ ညဈေးမှာ တစ်ခုခု သွားစားရအောင်နော်"

ကလေးက ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။ ကလေးမျက်လုံးများက ဖောင်းအစ်နေသော်လည်း ရွှန်းလဲ့ လှပလွန်းသည်ဟု ထင်မိသည်။ ကလေး၏ မျက်ရည်များကို တယုတယ သုတ်ပေးနေစဉ် ကလေးသည် ပို၍ ဝမ်းနည်းလာ၍ မျက်ရည်များစီးကျ၍ လာလေပြီ။

"မငိုပါနဲ့တော့ကလေးရယ်။ မနက်ဖြန် စာမေးပွဲဖြေရမှာ မဟုတ်လား။ မိုး. . . . ကလေးကို မဆူတော့ပါဘူးနော်"

ကလေးသည် သူ၏စက်ဘီးကိုပင် မစီးဘဲ မိမိစက်ဘီးနောက်မှာ ထိုင်လိုက်ရင်းက ခါးကို တင်းကျပ်စွာ ဖက်တွယ်ထားရှာ၏၊

ကလေး မိမိနောက်တွင် ရှိနေသည်ဟူသောအသိက ရင်ထဲမှာ လှိုက်ဖို နွေးထွေးလာပြီး ချစ်စိတ်သံယောဇဉ် စိတ်များက ကလေးအပေါ် တိုးလာလေလေ ဆရာနှင့် ဝေးကွာလေလေဖြစ်သည်။

❑

## အခန်း ၁၅

နောက်ဆုံးတော့ ပိုနေမြဲကျားနေမြဲပါပဲ။ ကလေးရဲ့ သမုဒယလှောင်အိမ်ထဲတွင် နော်ရင်မျှေး ရုန်းထွက်၍ မရတော့ပါ။ ဘယ်တော့မှလည်း ရုန်းထွက်ရလိမ့်မည် မဟုတ်တော့ပေ။

ကလေး အတန်းကြီးလာလေလေ ပို၍ အကုန်အကျများလေလေ ဖြစ်သည်။ ဒေါက်တာဟာန်ကြည်က ငွေကို နှစ်စဉ်ပို့ပေးသည်သာမက လိုအပ်သောပစ္စည်းများ ဆေးဝါးအုပ်များပို့သဖြင့် ငွေကို မသုံးသော်လည်း စာအုပ်များကို အသုံးပြုရ၍ ကလေးအတွက် ကျောင်းစရိတ်နှင့် မုန့်ဖိုးသာ ကုန်ကျသည်။ ကလေးက ဒေါက်တာဟာန်ကြည်အား တွယ်တာဆဲ၊ အားကိုးဆဲပင် ဖြစ်သည်။

ဆရာ့အကြောင်းကိုတော့ မိမိရောကလေးပါ မေ့ထား၍ စကားစပ်၍ပင် မပြောမိပေ။ သို့သော် ရင်ထဲ၌မူ ပထမအကြိမ် ခွဲခွာမှုထက် ပို၍ခံစားမိလာသည်။

ဆရာသည် ရွာမှကျွေးသောထမင်းကိုစားပြီး သူ့လုပ်အားခကိုမူ ဝမ်းမနာသားသမီးများအတွက် ဖြည့်ပေးရင်းက အထီးကျန် သူ့ဘဝကို မြှုပ်နှံနေပေလိမ့်မည်။

တစ်ကိုယ်ကောင်းဆန်သူ မိမိအဖို့မှာကား တူမ နော်သဲရှားအတွက် လှုနာပေါ်မှာ ဆေးဖိုးဝါးခယူ၍ ဆေးရောင်းနေရသည်၊ ကရုဏာကို ငွေနှင့်

ရောင်းရသည်။ လုပ်အားကို ငွေနှင့်ရောင်းရသည်။ ဆေးခန်းများတွင် လိုက်ထိုင်ရင်းက ဝင်ငွေရှာရသည်။ ကလေးအတွက် ရင်းနှီးမှုက နှလုံးသားပါမက လုပ်အားပါ ဆုံးရှုံးရသည်။

ဤသည်ကို ကလေးသိပါစေ။ ကလေးသည် ဆရာ့အား အဝေးသို့ ရောက်အောင်နှင်နိုင်သော်လည်း မိမိနှလုံးသားထဲမှ ထွက်ခွာသွားအောင် မနှင်နိုင်။

ဆရာသည် မိမိဖျားနေလျက်က နှုတ်ဆက်စကားမဆိုဘဲ ရုတ်တရက် ပျောက်ကွယ်သွားခဲ့သည်။ ဒေါက်တာဟန်ကြည်သာ မိမိအနားတွင် ကျန်ရစ်ခဲ့သည်။ ဆရာမြစ်သားမှာလည်း မရှိတော့ပေ။

ဆရာ ဘယ်သို့ရောက်နေသည်ကို မိမိ မသိနိုင်ပါ။ ဆရာပြောဖူးသကဲ့သို့ "နန္ဒမိတ်တွင် ခေါင်းချလျက် စောင့်နေမည်"ဟူ သကဲ့သို့ ဆရာသည် နန္ဒမိတ်သို့ ရောက်နေလေပြီလား။ သတိရစိတ် တမ်းတစိတ်များနှင့် မိမိအိမ်တွင်နေကာ မိမိအား စောင့်မျှော်နေပေလိမ့်မည်။ မိမိ သူ့ထံသို့ ဘယ်သောအခါ လာလေမည်လဲဟု မျှော်နေဦးမည်။ ကလေး စာနာတတ်ပြီး ခွင့်ပြုတဲ့တစ်နေ့မှာ ရောက်လာလိမ့်မည်ဟု မျှော်လင့်ထားဟန်တူသည်။ သို့သော် ကလေးက မိမိအပေါ်ဆိုးနွဲ့သော ကလေးပီပီ ဆိုးနွဲ့နေ၏။ အလှမာန်ကြီးသော နော်သဲဆူးအဖြစ် နာမည်ကြီးသော်လည်း ကလေးအဖို့ ဘာကိုမျှ အလေးမထားပေ။ ကျောင်းတစ်ဖက်နှင့် အိမ်အလုပ်ကို နိုင်နင်းအောင် လုပ်ရှာသည်။ မိမိကား စီးပွားရေးအတွက် ကြိုးပမ်းနေ၍ အိမ်အတွက် ဘာမျှ လှည့်မကြည့်နိုင်။

ကလေးက ခါတိုင်းထက် ပိုသိတတ်လာသည်။ ဒေါက်တာဟန်ကြည်ထံမှ ထောက်ပံ့ငွေကို လုံးဝမသုံးဘဲ ကိုယ့်အားကိုယ်ကိုးသောအမိုးအားနားလည် ဟန်တူသည်။ ပို၍ လိမ္မာလာလေ၏။

"မိုးရေ ဒီမှာ ပန်းပန်ပေးပါဦး။ ခရေကုံးဆိုတော့ ပန်ရခက်လို့လေ"

ကလေးအသံကြောင့် အိပ်ခန်းထဲ ပြေးဝင်လာသည်။ ကလေးက ခရေကုံးဖြင့် အလုပ်များနေ၏။ ကလေးသည် သူ့ဆံပင်ရှည်ကြီးအား ကျစ်ဆံမြီး ကျစ်၍ ပန်းနှင့်တင့်တယ်စေသည်။ နေ့စဉ် ပန်းပန်သည်။

သည်နေ့ ကလေးအဖို့ ပိုထူးခြားနေ၏။ ပန်းပန်ပြီး မှန်အခါခါကြည့်ကာ ခါတိုင်းကဲ့သို့ သနပ်ခါးရေကျဲနှင့် ကပိုကရိုမနေဘဲ မိတ်ကပ်ပါးပါး



လေးလူးကာ မှန်တကြည့်ကြည့်နှင့်။

အင်္ကျီရွေးသောအခါတွင်လည်း ဘာဝတ်ရမှန်းမသိ။ စိတ်ရှုပ်နေပြန်သည်။ ခါတိုင်းကဲ့သို့ အလျဉ်းသင့်သလို မဝတ်ဘဲ အထပ်ထပ်ရွေးနေ၏။

"ဒီ အမည်းဝတ်သွားရင် အိုသွားမလား အမိုးရယ်။ ကလေးက ဆံပင်ရှည်လို့ ရုပ်ရင့်သလို ဖြစ်နေတာ၊ အမည်းဝတ်လို့ မဖြစ်ပါဘူး"

အဝတ်ရွေးရင်း စိတ်ရှုပ်နေသော ကလေးအား ခရေပန်းနှင့် လိုက်ဖက်သည့် နို့သာရောင်ဝတ်ရန် တိုက်တွန်းလိုက်မှ ငြိမ်သွား၏။

ထူးခြားနေသော ကလေးအတွက် ရင်ထဲစိုးထိတ်သွားမိ၏။ ဩော်... နောက်ဆုံးနှစ်တောင် ရောက်တော့မှာပဲလေ။

"မိုးရေ နောက်လဆိုရင် ကွင်းဆင်းရတော့မယ်လေ။ အဲဒါဆို မိုးလိုက်ခဲ့နော်" "ဘယ်လိုက်လို့ရမလဲ ကလေးရယ်၊ မိုးကလည်း တာဝန်နဲ့၊ ကလေးက ကျောင်းနဲ့၊ သွားရမှာပဲ။

အင်္ကျီလဲနေသော ကလေးမျက်နှာ ညှိုးသွားသည်။ ကလေးသည် ယခုအချိန်အထိ မိမိအား အားကိုးနေဆဲဖြစ်သည်။

"မိုးကလည်း တစ်လကြီးများတောင် အကြာကြီးပဲ မိုးရဲ့"

"တစ်လဆိုတာ ကလေးတို့ အလုပ်လုပ်ရင်း ပြည့်သွားမှာပါ။ ကဲ... ပြီးရင်လည်း သွားစို့"

ကလေးက နောက်ဆုံးအနေနှင့် သူ့ကိုယ်သူ လှည့်ပတ်ကြည့်လိုက်ပြီး မျက်နှာမကြည်မသာနှင့် ထွက်လာသည်။

ကလေးသည် မိမိအား တွယ်တာဆဲမို့ ဝေးကွာ၍ မနေတတ်ပေ။ တလောက ပြင်ဦးလွင်ဆေးရုံသို့ လေ့လာရေးသွားစဉ်ကလည်း မိမိအား တဖွဖွခေါ်ခဲ့သည်။ ကလေးအပေါ်တွင် မိမိအရိပ်သည် စိုးမိုးနေဆဲ ဖြစ်ပါသည်။

ကလေးသည် မိမိအား တွယ်တာလေ မိမိအတွက် ပင်ပန်းရကျိုးနပ်လေလေဖြစ်သည်။ ကလေး လိမ္မာရေးခြားရှိပုံကို မြင်ရသည့်အခါတိုင်း အစ်မ တဝါးမကို သတိရမိသည်။ ဆရာဝန်မရှိ၊ သူနာပြုမရှိ၍ ရေတိမ်နစ်ရသော အစ်မနှင့်အပါးကို ဥပမာပြု၍ ကလေးအား ရင်နာစရာအကြောင်းပုံပြင်တစ်ခုအနေဖြင့် ပြောပြရပေဦးမည်။ ကလေးကျောင်းပြီးတော့မည်။ မကြာမီဆရာဝန်မကြီးအဖြစ်ဖြင့် ကလေးသွားလိုရာလို့ မိမိလိုက်ရတော့မည်။

"မိုး. . . ညနေ ဘာစားချင်သလဲဟင်"

"တာလပေါ့ဟင်း စားချင်လား။ ကလေး ချက်ပေးမယ်နော်။ ပူပူလေး လာပို့ပေးမယ်"

"ပင်ပန်းပါတယ် ကလေးရယ်။ ကလေး ဘာချက်ချက် မိုးစားလို့ ကောင်းပါတယ်"

ကလေးက ကျေနပ်သွားသည်။ ကလေးသည် အစ်မတဝါးမကဲ့သို့ ဘက်စုံထူးချွန်သော မိန်းကလေးဖြစ်သည်။ ဤကဲ့သို့ ကလေးကို ကျွေးမွေး ရသည်မှာ ပင်ပန်းရကျိုးနပ်ပါသည်။ ပြီးတော့ အရာရာကို စွန့်လွှတ်ရကျိုး နပ်ပါသည်ဟု ဒေါက်တာဟန်ကြည်ထံသို့ စာရေးခဲ့ဖူးသည်။

ဒေါက်တာဟန်ကြည်သည် ဆရာနှင့် အဆက်အသွယ် အမြဲရှိနေ သည်။ ထို့ကြောင့် မကြာခဏဆိုသလို ဆရာ့အကြောင်းကို ထည့်ရေးတတ် သည်။ မိမိကမူ ဆရာ့အကြောင်း လေသံပင် မကြားစေရပါ။ ကလေးပြော သည့်အခါ၌ သိသိသာသာ စကားလွှဲပစ်လိုက်သည်။ ဆရာနှင့် ပတ်သက် ၍ ထပ်ပြီး အစော်ကား မခံတော့။ ဆရာ့အား ထိခိုက် မခံနိုင်တော့ပေ။

ဆရာ့အား ဘယ်တော့မျှ မမျှော်လင့်နိုင်။ အရင်က အစ်ကိုစိုးကြောင့် ဝေးခဲ့သည်။ ယခု ကလေးကြောင့် ဝေးခဲ့ရသည်။ ဆရာသည် ကျေနပ်စွာ ဖြင့် နောက်ဆုတ်၍ ထွက်ခွာသွားလေပြီ။ ကလေး၏ လောကတွင် ရင်မွေး တစ်ယောက်တည်းကိုသာ တွယ်တာအားကိုးရာဖြစ်ကြောင်း မေတ္တာငတ်နေ ရှာသည့် ကလေးဖြစ်ကြောင်း ဆရာသည် နားလည်ခွင့်လွှတ်ခဲ့၏။

"အမိုး. . . ကလေးပြောနေသော မကြားဘူးလားဟင်"

"ဟင်. . ."

"မိုးကလည်း ဘာတွေ တွေးနေသလဲ မသိဘူး။ ဧကန္တ. . ."

"ကဲ. . . . ပြောမှာသာ ပြောစမ်းပါ"

ကလေး၏ ဧကန္တစကားကို အဆက်မခံနိုင်။ ခပ်ဆတ်ဆတ်ကလေး မေးလိုက်တော့ ကလေးက ရယ်မောလိုက်ရင်း မလိုအပ်ဘဲနှင့် စက်ဘီး ဘဲလ်ကို တီး၍ ဆော့လိုက်၏။

"ကလေး မွေးနေ့ နီးပြီနော်"

ရင်ထဲမှာ စူးနစ်ဝင်သွားသည်။ လမိုက်ည လယ်ကွင်းထဲမှ မြင်ကွင်း လေးကို သွားမြင်ရသည်။ ကလေးမွေးနေ့ကို စနေလား၊ သောကြာလား



မသိသော်လည်း မိမိအစွဲနှင့် သောကြာနေ့ဟုသာ ပြောခဲ့သည်။

"အင်း"

"မွေးနေ့ပွဲလေး လုပ်မလို့"

"ခါတိုင်းနှစ်လည်း လုပ်ပေးနေကျပဲ"

မိမိစကားကြောင့် ကလေးမျက်နှာလေး တည်သွားပြီး တွေဝေသွားသည်။ ခါတိုင်းနှစ်တွင် ကလေး၏သူငယ်ချင်းများကို ဖိတ်၍ ကျွေးခဲ့ဖူးသည်။

"ဒီတစ်ခါ ပြင်ဦးလွင်ဆေးရုံက အဖွဲ့ကိုပါ ဖိတ်ချင်လို့ပါ။ ခါတိုင်း ထက်နည်းနည်း ပိုလုပ်ချင်တယ်လေ"

"ဩော်. . . ဒါများ ကလေးရယ်။ ကလေး ဖိတ်ချင်သလောက် ပြော။ မိုး လိုက်မိအောင် လုပ်ပေးမှာပေါ့"

"ကြည့်စမ်း၊ အမိုးက သိပ်ချစ်ဖို့ ကောင်းတာ။ နည်းနည်းပါပဲမိုးရဲ့။ လူ ငါးဆယ်လောက်ပါပဲ"

"အေး. . . အေး. . . ရတယ်လေ။ မိုး ဆေးရုံက ကလေးနဲ့ ရင်းနှီးတဲ့ လူပဲ ဖိတ်မှာပါ"

"မိုး. . .သဘော ဖိတ်လေ"

ကလေးက ကျေနပ်အားရသွားဟန်နှင့် ပြုံးနေသည်။ ကလေး၏ ပျော်ရွှင်မှုသည် မိမိထံ ကူးစက်၍ အလိုလို ပျော်သွားမိသည်။

မိမိလစာထဲမှ အပိုဝင်ငွေအတွက် မရှိ။ သို့သော် နောက်ဆုံး ကျန်နေ သည့် မိမိလက်စွပ်လေးကို ကလေးမွေးနေ့အတွက် အသုံးချရန် ရည်ရွယ် လိုက်သည်။ အသက်အရွယ် ကြီးလာပြီဖြစ်သော မိမိအတွက် နားကပ်ပင် မလိုအပ်တော့ပေ။ ကလေးအတွက် အစစ ပြည့်စုံရန်သာ လိုအပ်ပေသည်။

* * *

မွေးနေ့ပွဲမရောက်မီ ၁၅ ရက်ခန့် အလိုကတည်းက ကလေးတစ် ယောက် တစ်အိမ်လုံးကို ကြမ်းတိုက်မွမ်းမံပြီး အလုပြင်နေလေပြီ။

အိမ်ထဲ၌ ပိုးအိမ်များကို ရှင်းရုံမက ခြံထဲတွင်လည်း တံမြက်စည်းများ ပြောင်အောင်လှည်းကာ ဂရုစိုက်နေသည်။ ဤသည်ကို မိမိက သတိမထား မိပေ။ ဤသည်တွင် ခုနစ်နှစ်နီးပါး နေလာသောကြောင့် အိမ်ရှင်အပျိုကြီး က သတိထားမိသည်။

"ခါတိုင်းနှစ် ညည်းသမီးက ဒီလောက် မလုပ်ပါဘူးအေ။ မဟုတ်မှ လွဲရော သူ့အဆက်ပါလာမလား မသိဘူး"

"ကလေးမှာ အဆက်မရှိပါဘူး အစ်မရဲ့"

"ဟဲ့. . . ရှိဖို့ အလားအလာရှိတယ်။ သူ ဂရုစိုက်ရမယ့်လူပါလို့ ဒီလောက် ပြင်နေတာပေါ့။ ခါတိုင်း လူအစိတ်လောက်နဲ့ တိတ်တိတ်ဆိတ် ဆိတ် ပြီးသွားတာပဲ။

ခြံထဲရှိ ပန်းအိုးများကိုလည်း ထုံးအဖြူသုတ်ပြီး သူ့စိတ်တိုင်းကျ ပြင်ဆင်နေ၏။ သီချင်းတအေးအေးနှင့် ပျော်ရွှင်နေသော ကလေးကိုကြည့်၍ မိမိပါ အလိုလိုပျော်လာမိသည်။

ကလေး၏ဟန်သည် မိုးသောက်ပန်းကလေးကဲ့သို့ လန်းဆန်းနေ၏။ ပန်းများအကြားတွင် ဝဲပျံပျော်မြူးနေသည့်လိပ်ပြာကလေးကဲ့သို့ လှပနေသည်။

ခါတိုင်းဆံပင်ဖြီးလျှင် ညည်းညူတတ်သော ကလေးသည် ယခုအခါ ဆံပင်ရှည်ကြီးအတွက် တသသနှင့် ဂုဏ်ယူနေတတ်၏။

မိမိအား အိမ်ရှင်အပျိုကြီး သတိပေးစဉ်က သတိမထားမိပေ။ သို့သော် မွေးနေ့ပွဲနေရာက်သောအခါ အနည်းငယ် ရိပ်မိလိုက်၏။

"မိုး. . .ဒီမုန့်တွေ နည်းနည်းဖယ်ထားပေးနော်။ ဧည့်သည်လာဦးမှာ"

"အေး. . .အေး. . . ဖယ်ထားပါ့မယ်"

ကလေးအလိုကျ ရောင်စုံကျောက်ကျောကလေးများကို သီးသန့်ထားထားပြီး အုန်းနို့ခေါက်ဆွဲဟင်းရည်ကို အိုးတစ်လုံးနှင့် သီးသန့်ထား၍ မအေးစေရန် မီးဖိုခွဲ၍ နွေးထားရသည်။

နေ့လယ် ၁၁ နာရီခန့်အထိ ကလေးသူငယ်ချင်းများ၊ ဆရာမများ တဖွဲဖွဲလာနေသည်။ ကလေးက ဧည့်ခံနေရင်းက လမ်းမဘက်ကို မကြာခဏ လှမ်းကြည့်နေသည်ကို အပျိုကြီးက လက်တို့ပြ၍ သတိထားမိလိုက်၏။

"တွေ့လား ရင်မွေး၊ ညည်းသမီးအတွက် အထူးဧည့်သည်ရှိနေပြီ"

"ဆရာ၊ ဆရာမတွေ နေမှာပေါ့"

"ခုနက လာပြီးပါပြီအေ"

၁၁ နာရီခွဲခန့်တွင် နော်သဲဆူး မျက်နှာညိုလာသည်။ ဧည့်သည်များလည်း စဲသွား၏။



"ကလေး ဧည့်သည်တွေ ကုန်ပြီလားဟင်"

"နောက်ထပ် လေးငါးယောက်ပဲ ကျန်တော့တယ်မိုး။ သူတို့က ပြင်ဦးလွင်က လာမှာ"

"ခုနက ပြင်ဦးလွင်က တစ်အုပ်စု လာသွားပြီပဲ"

"ကျန်သေးတယ် လာမလားမသိဘူး။ ကလေး သေသေချာချာ ဖိတ်ထားတာပဲ"

ကလေးက အောက်နှုတ်ခမ်းလေးကို မသိမသာ ဖိကိုက်လိုက်သည်။ ကလေး၏မျက်နှာသည် စောစောကလောက် မရွှင်လန်းတော့ပေ။ မျက်လုံးဝိုင်းတွင် မျက်ရည်ကြည်များ ဝေ့ဝဲနေ၏။

"သဲဆူ ရေ ဟိုမှာလာပြီ"

"အို. . . ဟုတ်ပါရဲ့၊ သူငယ်ချင်းရေ ကြိုပေးပါဦး"

"မိုး ခုနက ကလေးသိမ်းခိုင်းတာကို ပြင်ပေးနော် မိုး"

"အေး. . . အေး. . ."

ကလေးသည် ချက်ချင်း ပျာယာခတ်သွား၏။

ကလေးသူငယ်ချင်းက ဧည့်ကြိုနေစဉ် သူက အခန်းထဲပြေးဝင်သွား၏။ မိမိက အဝေးမှ လှမ်းမြင်ရသော ဧည့်သည်ငါးယောက်စာအတွက် နောက်ဖေးဝင်ပြီး ပြင်နေ၏။ ခဏအကြာ ဧည့်ခန်းထဲတွင် ကလေးအသံလေး ပျံ့လွင့်လာ၏။

"သိပ်နောက်ကျတာပဲ။ ဒီက စောင့်နေတာ"

"ဆောရီးသဲဆူးရယ်။ တစ်ယောက်စောင့်တစ်ယောက်စောင့်နဲ့ ကြာသွားပြီး ကားဘီးပေါက်သွားလို့ပါ။ ပြီးတော့ ဟိုကောင်ကြီး အောင်နေဦးပေါ့"

သူတို့ ရယ်မောနေစဉ် အပျိုကြီးက အပြင်ဘက်ကို ချောင်းကြည့်ရာက–

"ဟုတ်ပြီ၊ ညည်းသမီးအဆက်က အောင်နေဦးပဲ ဖြစ်ရမယ်"

"သဲဆူးတို့အိမ် စောစောစီးစီးလာပြီး ခုတ်သွားတဲ့ တင်တင်မြင့်တို့နဲ့ လမ်းမှာတွေ့တော့မှ သဲဆူးမွေးနေ့မှန်းသိလို့ ဈေးချိုဘက်ပြန်လှည့်ရတယ်လေ။ မွေးနေ့လက်ဆောင် ပေးချင်လို့တဲ့"

"အိုး. . . မဟုတ်ဘူး သဲဆူးက အဲဒီလို လက်ဆောင်ပေးမှာစိုးလို့ မွေးနေ့လို့ ပြောမဖိတ်တာ။ ရင်းနှီးတဲ့ သူငယ်ချင်းတွေပဲသိတာ"

"ကိုယ်တို့လည်း ရင်းနှီးတဲ့သူလို့ မသတ်မှတ်ဘူးလားဟင်"

"အို. . . မဟုတ်ပါဘူး၊ ကိုအောင်နေဦးရဲ့၊ သဲဆူးသူငယ်ချင်းတွေက သူတို့ဘာသာသူတို့ မှတ်ထားတာပါ"

ကလေး၏အသံသည် ယခင်ကနှင့်မတူ ပြိုးပြိုးပြာပြာနိုင်လှသည်။ ရှက်ကိုးရှက်ကန်းနှင့် ရယ်သံနှောနေ၏။ မိမိ မုန့်ပွဲသွားချသောအခါ ကလေးမျက်နှာမှာ ပန်းနုရောင်သမ်းနေသည်။

"ခဏနော်"

ကလေးက မီးဖိုချောင်ထဲသို့လိုက်ဝင်သွားပြီး လက်သုပ်ပဝါအသစ်ကို ထုတ်ယူ၍ ကျောက်ကျောတုံးလေးများကို သူ့စိတ်တိုင်းကျလှအောင် ပြင်လိုက်သည်။ ဟင်းအိုး ပူမပူ စမ်းကြည့်လိုက်သေး၏။

စောစောက ဧည့်သည်လာစဉ်တွင် အိပ်ခန်းထဲ ပြေးဝင်သွားသည်မှာ မျက်နှာကို နည်းနည်းပြင်လာပြီး နှုတ်ခမ်းနီ ထပ်ဆိုးလာဟန် တူသည်။

အပျိုကြီးက မျက်နှာလေးမဲ့ရင်းက—

"ကလေးရဲ့ အထူးဧည့်သည် ထင်တယ်"

"ဟာ. . . ကြီးကြီးကလည်း"

ရှက်ကိုးရှက်ကန်း ရယ်မောပြီး ထွက်သွား၏။ မည်သို့ပင်ဖြစ်စေ ကလေးမျက်နှာသည် ရွှင်လန်းတက်ကြွနေ၏။

"မိုးကို မိတ်ဆက်ပေးရဦးမယ်။ မိုး. . .ပြင်ဦးလွင် ဆေးရုံကလေ၊ ဒေါက်တာဦးမိုးခိုင်နဲ့ ဒေါက်တာဇနီးဒေါက်တာရီရီမြင့်လေ။ သူက ဗိုလ်ကြီးတင်ဦး။ သူက ဗိုလ်မောင်မောင်သက်။ ပြင်ဦးလွင် စစ်ဆေးရုံကလေ အမိုးရဲ့။ သူကတော့ ပြင်ဦးလွင်ဆေးရုံကြီး အလုပ်သင် ဒေါက်တာ အောင်နေဦး"

ကလေး မိတ်ဆက်ပေးသူတွေထဲတွင် ဒေါက်တာ အောင်နေဦးဟူသော လူရွယ်ကို ကြည့်မိသောအခါတွင် ရင်ထဲတွင် တုန်လှုပ်သွား၏။ သူကလည်း မိမိအား စူးစူးကြည့်နေသည်။

"မိုး. . . ဘယ်သူနဲ့ တူလဲဟင်"

သူ့မျက်နှာကို ရင်းရင်းနှီးနှီး တွေ့ဖူးသည့်အထင်နှင့် ငေးကြည့်ရင်းက သူပြုံးလိုက်သောအခါတွင် ဖျတ်ခနဲ သတိရမိသည်။

"ဒေါက်တာဟန်ကြည်"

"မိုး. . . မိုးက ရုပ်ဖမ်းတတ်သားပဲ။ ဟုတ်တယ်။ မိုးရဲ့ဦးဦးဒေါက်တာ



ရဲ့ တူအရင်းလေ"

"ဩော်. . ."

တိုက်ဆိုင်မှုအတွက် အံ့ဩမိသည်။ ရင်ထဲတွင် စိုးရိမ်စိတ်လေး ဝင်သွားမိ၏။ ဘာကို စိုးရိမ်သည် မသိပေ။

"ကလေးလည်း ဦးဦးဒေါက်တာနဲ့တူလို့ သတိထားပြီး မေးကြည့်တော့ ဆွေမျိုး အရင်းကြီး တော်နေတာကိုး။ ဦးဦးဒေါက်တာက အမျိုးတွေနဲ့ အဆက်ပြတ်နေတာ။ တူတစ်ယောက်လုံး ပြင်ဦးလွင် ရောက်နေတာ မသိဘူးလေ မိုးရဲ့။ ကလေးစာရေးမှ အံ့ဩသွားတာ"

ဝိုင်းအားလုံးထဲတွင် ဒေါက်တာအောင်နေဦးကိုသာ အရေးပေး၍ ဆက်ဆံနေသည်။ မိမိကမူ စကားနည်းပြီးအေးသော ဗိုလ်မောင်မောင်သက်၏ ရုပ်ရည်ကို သဘောကျမိသည်။ အသားညိုညို အရုပ်မြင့်မြင့်နှင့် ရုပ်မလှသော်လည်း ခံ့ညားမှု၊ တည်ကြည်မှုက ပါနေသည်။ ဘယ်သူမျှ အရေးမစိုက်ဘဲ ခေါင်းငုံ့၍သာ အားပါးတရစားနေ၏။

"သဲဆူးအမေက ညီအစ်မလိုပဲနော်။ ရုပ်ချင်း သိပ်ဆင်တာပဲ"

"မိုးကို နုတယ်ပြောတာ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ သဲဆူးကို ရင့်တယ်ပြောတာတော့ မကျေနပ်ဘူးနော်"

ရယ်သွေး၍ ပြောလိုက်သော ကလေးကို အောင်နေဦးက မော်ကြည့်လိုက်သောအခါ သူ့မျက်လုံးသည် ဆရာ့မျက်လုံး၊ ဒေါက်တာဟန်ကြည်မျက်လုံးကဲ့သို့ ဝင်းလဲ့တောက်ပနေသည်ကို တွေ့ရ၏။ အောင်နေဦးရယ်လိုက်လျှင် သွားတက်ကလေးများနှင့် လွန်စွာချစ်ဖွယ်ကောင်းလှသည်။ ကလေးက အောင်နေဦး၏ ရယ်မောနေသော နှုတ်ခမ်းလွှာကို ခေတ္တငေးကြည့်သည်ကို သတိထားမိ၏။ ထို့ပြင်ကလေး၏ မျက်လုံးအစုံမှာ ရွှန်းလဲ့တောက်ပြောင်နေသည်ကို တွေ့ရပြန်သည်။

ရင်ထဲမှာ လှိုက်ဖိုသွား၏။ ကလေးမှာ ချစ်တတ်တဲ့စိတ်လေးဝင်လာလေပြီ။ ကလေး၏ မြူးကြွသောလှုပ်ရှားဟန်၊ ရွှန်းလဲ့သော မျက်လုံးများက သက်သေပြနေ၏။

ထို့အပြင် စိုးရိမ်စိတ်ကလေး ဝင်သွားမိသည်။ ဒေါက်တာဟန်ကြည်တူ ဖြစ်နေ၍ ဂုဏ်ပကာသနအသိုင်းအဝိုင်းမှ ပေါက်ဖွားလာဟန်တူသည်။ လက်ချောင်းများမှာ သွယ်လျှနူးညံ့ပြီး မုန့်စားပုံကအစ ကဗျာဆန်သည်။

လှအောင် စားတတ်သည်။ ဒေါက်တာဟန်ကြည်ထက်ပင် နူးညံ့သိမ်မွေ့နေသည်။

သူ့ဘေးမှ ဗိုလ်မောင်မောင်သက်ကမူ ပွင့်လင်းစွာနှင့် စားသောက်နေ၏။ သူ့တွင် အလှမရှိ၊ ဗိုက်ဝဖို့သာ သတိထားပုံရသည်။ ကလေးထံသို့ မကြာခဏ လှမ်းကြည့်တတ်သည်။ ထိုသို့ကြည့်တိုင်းတွင် ဆုံးရှုံးမှုနှင့် မှိုင်းဝေနေ၏။

စားပြီးသောအခါ အချိုပွဲနှင့် ဧည့်ခံနေစဉ် သူတို့အကြောင်းကို သတိထား အကဲခတ်မိ၏။

"ကျွန်တော်နဲ့ ဒီက ဗိုလ်မောင်မောင်သက်နဲ့ ငယ်ငယ်ကတည်းက သူငယ်ချင်းပဲ အမိုးရဲ့။ နောက်မှ လိုင်းကွဲသွားတာ။ သူက ဆေးထိုးအပ်နှင့် သေနတ်ကို တစ်ပြိုင်တည်း ကိုင်ချင်တာလေ။ ကျွန်တော်က သေနတ်မကိုင်ချင်ဘူး။ ဒါနဲ့ ခုနစ်နှစ်လောက်ဝေးပြီး ခုမှ ပြင်ဦးလွင်မှာ လာဆုံတာ"

"ဪ. . . ရေစက်မကုန်သေးလို့ပေါ့ကွယ်"

"ဟုတ်တယ် မိုးရဲ့။ ကျွန်တော်လည်း သတိထားမိတယ်။ ရှေးရေစက်ဆိုတာ ယုံကြည်ဖို့ကောင်းတယ်နော်။ ကျွန်တော်လည်းလေ လေးလေးကြည်တို့ပြောတုန်းက အမိုးကို သိပ်မြင်ဖူးချင်တာ။ အခုမြင်ဖူးတော့ ကျွန်တော့်အလိုပြည့်သွားတာပေါ့"

တခြားသူစိမ်းများရှိနေ၍ ဘာမျှမပြောသာပေ။ ခဏအကြာ သူတို့အားလုံးက အပျိုကြီးနှင့်အတူ ခြံထဲဆင်းပြီး ပန်းအိုးများ ကြည့်နေစဉ် မိမိတို့ သုံးဦးသာ ကျန်ခဲ့သည်။ အောင်နေဦးက ကလေးအား အသည်းပုံ ပတ္တမြားလော်ကတ်လေးပေးသည်။ တန်ဖိုးကြီးသော ပစ္စည်းမို့ ကလေးက လက်မခံပေ။ သို့သော် အတင်းတောင်းပန်ပေး၍ မိမိခွင့်ပြုချက်နှင့်လက်ခံလိုက်သည်။

"လက်ဆောင်ဆိုတာ မွန်မြတ်ပါတယ်။ လူ့လောကကို စရောက်တဲ့ အထိမ်းအမှတ်နဲ့ ပေးတာမို့ မွန်မြတ်ပါတယ်။ ဒါပေမဲ့ကွယ် ခဲတစ်ခါမှန်ဖူးတဲ့ ငှက်လိုပေါ့။ အမြဲလန့်နေရတာပါ ကလေးရယ်။ ဒီတစ်ကြိမ်သာ ရှိပါစေတော့။ နောက်တစ်ခါ သန့်စင်တဲ့ ခင်မင်မှုကလွဲလို့ ဘာမှမလိုချင်ပါဘူးကလေး။ ဒေါက်တာဟန်ကြည်နဲ့မိုးတို့ဟာ သားချင်းတွေလို ဖြူစင်တဲ့စိတ်နဲ့ ရင်းရင်းနှီးနှီးနေတာပါ။ ကလေးလည်း ဒေါက်တာဟန်ကြည်လိုပဲ



မိုးတို့သားအမိကို ဖြူစင်စွာ ခင်ပါ။ ဝင်ပါ ထွက်ပါကွယ်"

အောင်နေဦးက ဝမ်းသာသွားဟန်နှင့် နော်သဲဆူးမျက်နှာကို လှမ်းကြည့်ရင်း ပြုံးလိုက်၏။

"မိုးအကြောင်းကို လေးလေးပြောဖူးပါတယ်။ ကျွန်တော်က လေးလေးကို သနားသလို မိုးကိုလည်း သိပ်ချီးကျူးတာပဲ"

သူ့အပြောကြောင့် နာကြည်းစွာဖြင့် ဟက်ခနဲတစ်ချက်ရယ်မိသည်။

"ဟုတ်ရဲ့လား အောင်နေဦးရယ်။ နာကြည်းမနေဘူးလားဟင်။ ဆရာဝန်တစ်ယောက်ကို အမိဖမ်းတဲ့ နှစ်အနေနဲ့ မင်းတို့ဂုဏ်ကြီးရှင် အသိုင်းအဝိုင်းက နော်ရင်မွေးကို နာကြည်းနေမှာပဲ။ ပြီးတော့ ဝေးလွင့်သွားအောင် တစ်ဘဝလုံး ကြိုးကိုင်ထားတယ်လို့ရော မထင်ဘူးလားဟင်"

ကလေးရောသူပါ မျက်နှာပျက်သွား၏။ မိမိ၏ဆိုလိုရင်းစကားကို သူသိပေလိမ့်သည်။ သို့သော်သူက ချက်ချင်းပင် မျက်နှာပြင်လိုက်၏။ အောင်နေဦးသည် ဤတစ်ချက်မှာတော့ ဒေါက်တာဟန်ကြည်ထက် သာသွားလေပြီ။ သူသည် ခံစားမှုကို ဖုံးကွယ်ဟန်ဆောင်တတ်သူပင် ဖြစ်၏။

"အမိုးရဲ့မာနက စံတင်လောက်ပါတယ်"

"ဘာပဲဖြစ်ဖြစ် လေးလေးအပေါ်တော့ အမိုးက အမြဲလွမ်းမိုးနေမှာပဲ။ အနှစ်နှစ်ဆယ် ကျော်တာတောင် ဒီနေ့အထိ လေးလေးအိမ်ထောင်မပြုဘဲ ပြည်နယ်တွေမှာပဲ နေခဲ့တာကြည့်လေ"

"အမိုးတို့က ရိုးရိုးလယ်သမားသားသမီးပါ။ ဒီကလေးရဲ့ ရှေ့ဘဝကြောင့် မိုးက ပညာဆက်မသင်ဘဲ မြို့ကြီးပေါ်မှာ အလုပ်လုပ်ရတာပဲ။ ဒီကလေး ဆရာဝန်ဖြစ်ရင် ဒေါက်တာဟန်ကြည်လို ဆရာဝန်ဖြစ်အောင် မိုး လယ်တောထဲပဲ ပြန်ခေါ်သွားမှာပဲ။ ဘဝတူအတွက် ပြန်အကျိုးပြုရမယ်လေ။ ဘဝနဲ့ယှဉ်ထားတဲ့ မိန်းကလေးမာနပါ ကလေးရယ်။ အမိုးလိုမုဆိုးမမှာ ဒီလိုမာန ထားသင့်ပါတယ်။ လောကမှာ မိခင်မာနဆိုတာ ရှိသင့်ပါတယ်။ ဥစ္စာမာနသာ မတည်မြဲတဲ့သဘောမို့ မရှိသင့်ပါဘူးလေ"

မီးမလောင်ခင် ကြိုတင်ကာကွယ်လိုက်သည်။ ကလေးရောသူပါ ရိပ်မိသလိုဖြစ်၍ မျက်နှာအနည်းငယ် ပျက်နေကြ၏။ ခြံထဲဆင်းသွားသော အုပ်စု ပြန်တက်လာသောအခါ စကားပြတ်သွားကြသည်။ ဗိုလ်မောင်မောင်သက်က မိမိတို့အား တစ်ချက်လှမ်းကြည့်ပြီး ပြုံးရုံသာပြုံးပြီး ရေနွေးကြမ်း

ကိုသာ တရှုးရှုးမှုတ်သောက်နေ၏။ သူတို့ လှုယယ်များလှုတ်လှုတ် လပ်လပ် နေစေရန်အတွက် မိမိတို့နှစ်ဦး ရှောင်ထွက်လာသည်။

"ဒီမှာ ညည်းသမီးရဲ့ ဖူးစာရှင် ရွေးပွဲပဲ"

"အို . . . အစ်မကြီးကလဲ"

"ဘာ . . . အစ်မကြီးလဲ၊ ပညာစုံရင် ကြင်ယာရှာပေးဖို့ မိဘတာဝန်ပဲ။ ညည်းက အပြကျန်းမာနေတာမဟုတ်ဘူး။ တစ်ကောင်ကြွက်သမီးကို ကြိုတင်စီစဉ်ထားသင့်တယ်အေ၊ သိလား ရင်မွေး၊ အောင်နေဦးဆိုတဲ့ ဒေါက်တာက ညည်းသမီးနဲ့ အသင့်တော်ဆုံးပဲ"

"အို . . . အစ်မကြီးကလည်း သူတို့က ဂုဏ်ကြီးရှင်တွေ။ ကျွန်မသမီးနဲ့ မဖြစ်ပါဘူး"

"ဒါဆို ဗိုလ်မောင်မောင်သက်ဆိုတဲ့ ကောင်လေးက မဆိုးဘူး။ သူပြောတာ သူ့မိဘက တပ်မတော်သားတွေပဲတဲ့။ သူ့အဖေက ဗိုလ်ကြီးပဲ။ ရှေ့တန်းမှာ တိုက်ပွဲကျသွားတာပဲ။ ဒါကြောင့် စစ်ဗိုလ် ဆရာဝန်ဖြစ်ချင်တာ။ ညည်းပြောတဲ့ ဘဝနဲ့ နီးစပ်တဲ့ ကောင်လေးပဲ"

"ဪ . . . သနားစရာလေးပဲ"

ဗိုလ်မောင်မောင်သက်ကို စိတ်ဝင်စားသွားသည်။ ထို့ကြောင့် အိမ်ရှေ့ ခန်းကို ငုံကြည့်လိုက်၏။ လက်ဖက်သုပ်ကို အားပါးတရစားနေသည်။ သူက အစားသမား။ အောင်နေဦးက စကားသမား။ ဒေါက်တာဟန်ကြည် ထက် အစစသာသူဖြစ်၏။

"ဒီမှာနော်ရင်မွေးရဲ့၊ ဟိုက ဗိုလ်ကြီးတင်ဦးဆိုတာကတော့ တစ်ခုလပ် အေ့။ သူ့မိန်းမက သူ့ကိုပစ်ပြီး အမေရိကက ကောင်တစ်ကောင်နဲ့ ယူ လိုက်လို့ အသည်းပက်တက်ကွဲနေတာတဲ့"

"အို . . . အစ်မကြီးကလည်း။ ကြုံကြုံဖန်ဖန် တောလေးတွေ့တာနဲ့ နှံသွား တာပဲ"

"ငါ့ကို ဒေါ်ရီရီမြင့်ပြောတာဟဲ့။ သူ့ကို ဘယ်သူနဲ့မှ ပေးစားလို့ မရဘူး။ မိန်းမတွေကို စိတ်နာလို့တဲ့။ အဲဒီလူက ညည်းကို ကြည့်ကြည့်နေတယ်"

"ကြည့်စမ်း၊ အစ်မကြီးနော်၊ တော်ကြာ ကြားသွားလို့၊ ခုကွပါပဲ"

အပျိုကြီးက စပ်စပ်စုစုသတင်းကို ဖောက်သည်ချလိုက်ပြီး တခစ်ခစ် ရယ်မောလိုက်သည်။ မိမိပါရော ရယ်လိုက်၏။



အိမ်ရှေ့မှလည်း အုန်းခနဲ ရယ်သံထွက်လာ၍ ကမန်းကတန်း လှမ်း ကြည့်လိုက်ရာ ဒေါ်ရီရီမြင့် ကအောင်နေဦး ပော်ကက်လေးအား ကလေးဆွဲ ကြိုးတွင် ချိတ်ပေးနေသည်ကို တွေ့ရ၏။ အစ်မတာဝါးမ၏ ဘတ်ကြိုးလေး မှာ မှေးမှိန်သွားပြီး အောင်နေဦး၏ ပတ္တမြားပော်ကက်လေးမှာ တောက်ပစွာ ဝင့်ထည်နေ၏။

❑

## အခန်း ၁၆

ရောင်စုံလိပ်ပြာလေးများ ဝဲပျံနေကြသည်။ ထိုလိပ်ပြာလေးများကို ကလေးက လိုက်ဖမ်းရင်း မြူးပျော်လျက် ဒူးခေါက်ကွေးခန့်ရှည်သော ဆံပင်ရှည်ကြီးများကို ဖြန့်ချ၍ထားသဖြင့် ပြေးလေတိုင်း ဆံပင်လေးများ လွင့်မျောနေ၏။

နေခြည်နုနုလေးအောက်တွင် ကလေး၏လှုပ်ရှားဟန်ကလေးသည် မြူးကြွနေ၏။ ထို့နောက် ကလေးနှင့်အတူ လိပ်ပြာလေးများကို လိုက်ဖမ်းပေးနေသော အောင်နေဦး။

တစ်ခါတစ်ရံတွင် သူတို့နှစ်ဦးလုံး ခေါင်းချင်းတိုက်မိ၍ ရယ်မောနေကြသည်။ တစ်ခါတစ်ရံတွင် အောင်နေဦးသည် လိပ်ပြာဖမ်းနေရာမှရပ်၍ ကလေးအား ငေးကြည့်နေတတ်သည်။ အောင်နေဦး၏ မျက်လုံးလေးများမှာ တလဲ့လဲ့တောက်ပ၍ မေတ္တာရိပ်များဖြင့် ပြည့်လျှံနေ၏။

လိပ်ပြာလေးများကို ပုလင်းထဲထည့်ပြီး ပြုံးပျော်နေသူနှစ်ဦးကို ကြည့်ရင်း ရင်ထဲတွင် နာကျင်နေမိ၏။ ကလေးသည် အောင်နေဦးအပေါ်တွင် သံယောဇဉ် တွယ်နေလေပြီ။

အောင်နေဦးနှင့်ပတ်သက်၍ မိမိသဘောထားကို ကလေးသိပါသည်။ အောင်နေဦးလည်း သိပါသည်။ သို့သော် သူတို့နှစ်ဦးက ဇွတ်တိုးချင်ကြ၏။ အောင်နေဦးက စနေ၊ တနင်္ဂနွေနေ့တိုင်း မန္တလေးသို့ဆင်းလာပြီး စာပြ



ပေးသည်။ ထိုအခါတွင် ကလေးက ဂရုစိုက် နားထောင်ရှာသောမက အောင်နေဦး နှုတ်ခမ်းဝိုင်းဝိုင်းလေးကို ကြည့်ရင်း ကျေနပ်ပီတိ ဖြစ်နေသည်။

ထိုအကြည့်မျိုး ကလေးမျက်လုံးတွင် တစ်ခါမျှ မပေါ်ပေါက်ခဲ့ဖူးပေ။

ပင့်သက်ခါခါချရင်း ကလေးအတွက် စိတ်မကောင်းဖြစ်မိသည်။ ဒေါက်တာဟန်ကြည်၏ အသိုင်းအဝိုင်းသည် သူ့အမိုးအား ချိုးနှိမ်၍ ပြောခဲ့သည်ကို ငယ်သောကလေးက မသိခဲ့။ သို့သော် အောင်နေဦးကတော့ သိခဲ့ပေလိမ့်မည်။

အောင်နေဦးသည် မိမိအား ဒေါက်တာဟန်ကြည်ရင်ကို ခွဲခဲ့သော နှာ့စ်နော်ရင်မွေးအနေဖြင့် မုန်းတီးနေသော ဆွေမျိုးအုပ်စုထဲတွင် သူပါ ပါဝင်ပေလိမ့်မည်။

ခုတော့ နော်သဲဆူး၏မိခင် မေထရှန်နော်ရင်မွေးအနေနှင့်သာ လေးစား ဂရုစိုက်နေလေပြီ။

ဒေါက်တာဟန်ကြည်ကိုယ်တိုင်က သူ့ဆွေမျိုးအသိုင်းအဝိုင်းကို ကြောက်ရွံ့နေ၏။

"ကျွန်တော်တို့ အမျိုးတွေက မနဂုဏ်အုတ်တံတိုင်းပေါ်က ကျူပင်လေးတွေလိုပါပဲ။ မြေကြီးအရသာကို မသိဘူး။ ခေါင်းမော့ပြီး မိုးကို မျှော်ကြည့်တတ်ပါတယ်။ အောင်နေဦးကို တူအနေနဲ့တော့ ချစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အစ်မနဲ့ဆက်ဆံဖို့တော့ ကန့်ကွက်ချင်တယ်။ ကလေးရဲ့ စိတ်ဓာတ်ကို အကဲမခတ်မိပေမယ့် အစ်မစိတ်ဓာတ်နဲ့တော့ မိုးနဲ့ မြေကြီးလိုပါပဲ။ ကျွန်တော့်အမျိုးတွေဟာ မိန်းကလေးတစ်ယောက်အတွက်နဲ့ ကျွန်တော့်ကို ခုထိ နားမလည်သေးဘူး အစ်မရေ"

"မိန်းကလေးတစ်ယောက်အတွက်နဲ့ ရှက်ဝါလိုလွင့်မျောနေတယ်လို့ ထင်နေဆဲပါ။ ကျွန်တော်ဟာ ရှက်ဝါမဟုတ်ဘဲ ပန်းပျိုးတဲ့ ဥယျာဉ်မှူး၊ ပန်းလေးတွေကို ပြုစုတဲ့ ဥယျာဉ်မှူးဆိုတာကို လက်မခံသေးဘူး။ တကယ်ပါ။ နေ့မှာ လူနာကု ညမှာစာသင်တဲ့ ဆရာဝန်တစ်ပိုင်း၊ ကျောင်းဆရာတစ်ပိုင်း၊ ကျွန်တော်က လွမ်းရေးနဲ့ အတွေးမှာ လွင့်မျောပြီးတော့တောင် မနေပါဘူး အစ်မရယ်။ ဆရာ့လိုပေါ့။ ဆရာက မြေဖြူလည်းကိုင် ပေါက်တူးလည်းကိုင်နဲ့ ရပ်ရွာအကျိုးအတွက် နေ့မအားညမအား လုပ်နေတာ။ ဆရာ့မှာ အလွမ်း မရှိပါဘူး အစ်မရယ်။ ဒါပေမဲ့ ဆရာက မျှော်လင့်ချက်လေး

ထားနေသေးတယ်။ ကလေး နားလည်စာနာတတ်တဲ့ တစ်နေ့ဆိုတာကို သူ စောင့်နေတယ်။ အစ်မရေ ကျွန်တော် ဒီနှစ်မှာ မန္တလေးဆင်းမလာတော့ဘူး။ အစ်မရွာဖြစ်တဲ့ နန္ဒမိတ်တို့၊ ငါးမြစ်ချင်းတို့၊ ငါးပတ်အိုင်တို့ကို ကျွန်တော်တစ်လလောက် သွားနေမယ်။ ဆရာနဲ့အတူတူနေပြီး ဆေးကုလိုက်ဦးမယ်။ ဩော်. . .အစ်မရေ ကျွန်တော့်ကြောင့် ကျွန်တော့်တူနဲ့တွေ့တယ် မထင်နဲ့ဦးနော်။ သူတို့ချင်းတွေ့ပြီးမှ ကျွန်တော့်တူမှန်း သိရတာပါ"

ဒေါက်တာဟန်ကြည်ထံမှ စာရှည်ကြီးကို ဖတ်ပြီး ရင်ထဲလှိုက်မောနေမိသည်။ ဦးလေးကိုယ်တိုင်က တူအတွက် အာမခံချက် ရဲရဲမပေးရဲပေ။

"အမိုး နေကောင်းလား"

"ဟော. . . ဗိုလ်ကြီးပါလား"

ဗိုလ်ကြီးတင်ဦးနှင့် ဗိုလ်မောင်မောင်သက်တို့ကို တွေ့ရသောအခါ ကမန်းကတန်း ဆီးကြိုလိုက်၏။

"လာကြလေ၊ ဘယ်က လှည့်လာတာလဲ"

"ဟိုမှာလေ၊ အောင်နေဦးက အပြန် သူ့ကို လှည့်ခေါ်ပါဆိုလို့ လာတာ"

ဗိုလ်ကြီးတင်ဦးက သွက်လက်စွာပြောသော်လည်း ဗိုလ်မောင်မောင်သက်က ပြုံးရုံသာ ပြုံးနေသည်။

"အေးအေးဆေးဆေးပေါ့။ ညနေစာ စားပြီးမှ ပြန်လေ"

"ဟာ. . . နေပါစေအမိုးရယ်၊ ကျွန်တော်တို့ ပြန်မှာပါ"

ဗိုလ်မောင်မောင်သက်က ကမန်းကတန်း ဝင်တားလိုက်သည်။

"မဟုတ်ဘူးလေ၊ အချိန်ရသေးတာပဲ။ ဘာမှမစီစဉ်ရဘူး။ ရှမ်းပြည်နယ်က လာတော့ ရှမ်းအစားအစာတွေပဲ စားဖူးမှာပေါ့။ ကျွန်မတို့ ကရင်လိုဟင်းလည်း စားစေချင်တယ်။ ကလေးနဲ့ စကားပြောကြလေ။ ကျွန်မခဏလေးဝင်ချက်မယ်။ မများပါဘူး။ ဟင်းနှစ်မျိုးထဲပါ။ ဒီမှာ စာအုပ်တွေလည်း ဖတ်လေ။ အညောင်းပြေ ကျောလည်းဆန့်ပေါ့"

ကလေးတို့နှစ်ဦး အိမ်ပေါ်တက်လာစဉ် နော်ရင်မွေးက အိမ်နောက်ဘက်ဝင်လာပြီး ကမန်းကတန်း ဟင်းချက်ရန် စီစဉ်လိုက်၏။ အပျိုကြီးမမကို ဈေးပြေးခိုင်းပြီး မိမိက နောက်ပိုင်းမှ တာဝန်ယူလိုက်သည်။ ကရင်တာလပေါ့ဟင်း၊ ငါးပြေမနှင့် ပန်းပွင့်ကြော်တစ်ခွက်၊ ပြီးတော့ ဝက်သား



အချိုချက် ချက်ရန် စီစဉ်လိုက်သည်။ ဝက်သားဟင်းက အဆင်သင့် ရှိနေသည်။

"အမိုး. . . ကျွန်တော် ဝိုင်းလုပ်မယ်လေ"

"ဟော. . . ရတယ် ကလေးရယ်၊ မိုးနိုင်ပါတယ်"

ဗိုလ်မောင်မောင်သက် မီးဖိုထဲဝင်လာပြီး အတင်းဝိုင်းကူ လုပ်ပေးရန် တောင်းဆိုနေ၏။

"ကျွန်တော်တို့နှစ်ယောက်က အိမ်ထမင်းဟင်းကို သိပ်မက်တာပဲ အမိုးရဲ့။ ဒါကြောင့် တစ်ခါတလေ ရဲဘော်တွေနဲ့အတူတူ ဝင်ချက်ကြတယ်။ ကရင်ဟင်းများ အပျော်ချက်စားရအောင် အမိုးဆီက သင်ရမယ်။ ဗိုလ်ကြီးကလည်း သင်ပါလားဆိုလို့ ထွက်လာတာ အမိုးရဲ့။ အားမနာပါနဲ့။ လုပ်စရာရှိတာပြောပါ"

ဖင်ထိုင်ခုံလေးမှာ ဝင်ထိုင်ရင်း ပွင့်လင်းစွာ ပြောနေသော ဗိုလ်မောင်မောင်သက်ကြောင့် အားနာစွာ ရယ်မောရင်း–

"မိုးပြောပြမှာပေါ့ ဗိုလ်ကြီးရယ်။ အဝတ်တွေ ပေကုန်ပါ့မယ် သွားနော်"

"လက်တွေ့ လုပ်တာ ပိုကောင်းပါတယ်အမိုးရဲ့။ ကျွန်တော်ဝင်လုပ်ချင်လို့ပါ။ ဒီလိုပဲ ကျွန်တော် အိမ်ပြန်ရောက်ရင် အမေကို ကူနေကျပါ။ ကျွန်တော် ထမင်းဟင်းချက်တတ်ပါတယ် အမိုးရဲ့။ ပြီးတော့ ကျွန်တော့်ကို ဗိုလ်ကြီးလို့ မခေါ်ပါနဲ့ဗျာ"

ပြောပြောဆိုဆိုနှင့် ဗိုလ်မောင်မောင်သက်က မိမိထောင်းနေသော ငရုတ်ဆုံကိုယူပြီး တဒုန်းဒုန်းနှင့် ထောင်းလိုက်၏။ ဘေးမထွက်အောင် လက်နှင့်ကာရင်း ထောင်းပေးသည်မှာ သေသပ်လှ၏။

"ဆန်က ဘာလုပ်ဖို့လဲ မိုးရဲ့"

"တာလပေါ့အတွက်လေ။ ဆန်လှော်မညက်တညက်နဲ့ ချက်တာပေါ့"

မီးဖိုနှစ်ဖိုကို ပြိုင်မွေးပြီး ဆန်ဆေးလိုက်၏။ တစ်ဖိုက ထမင်းအိုးတည်ပြီး တစ်ဖိုက ဟင်းချိုအိုး တည်လိုက်သည်။ မိမိတို့နှစ်ဦး ကြက်သွန်နွှာ ငရုတ်သီးထောင်းနေစဉ် အပျိုကြီးပြန်ရောက်လာ၏။

"ဟော့. . . တော်. . ."

သူက ထုံးစံအတိုင်း ဟောဟောဒိုင်းဒိုင်းမို့ ပွင့်လင်းစွာ ရယ်လေသည်။

"ကျွန်တော့်အမေက သားတွေချည်းပဲ မွေးထားတော့ သမီးမိန်းကလေးလိုပဲ ခိုင်းတတ်တယ်လေ"

မီးဖိုထဲတွင် သုံးယောက်သား အလုပ်ရှုပ်သွား၏။ ဗိုလ်မောင်မောင်သက်ကို ဘယ်လိုမှ နှင်မရပေ။ အိုးဆေးခွက်ဆေးကအစ မိန်းကလေးတစ်ဦးလို ဈေ့ဈေ့စပ်စပ် လုပ်သွား၏။

ထိုညနေအဖို့

မိမိတို့ ထမင်းဝိုင်းသည် အလွန်စိုပြည်လှပါသည်။ ဗိုလ်ကြီးတင်ဦးနှင့် ဗိုလ်မောင်မောင်သက်သည် တာလပေါဟင်းချိုကို တရှူးရှူးသောက်ရင်း ပလုတ်ပလောင်းနှင့် အားပါးတရ စား၏။ ဝက်သားဟင်းကို ယောင်၍ မနှိုက်ဘဲ ငါးပိရည်၊ ငါးပြေမဟင်းကိုသာ မဲစားနေကြ၏။ ထိုထမင်းဝိုင်းတွင် ကလေးနှင့် အောင်နေဦးသာ ဟန်စားစားကြသည်။ အောင်နေဦးက ပန်းပွင့်ကြော်နှင့် ဝက်သားဟင်းကိုသာ စားသည်။ ဟင်းချိုကိုမူ မသောက်။ ငါးပိ တို့စရာကိုတော့ တစ်ခါမျှ မစားဖူး၍ ယောင်၍ပင် မကိုင်။

ထို့ပြင် လက်ဖျားလေးပေရုံသာ ရွရွလေးစား၏။ ထမင်းအလုတ်သေးသေးနှင့် နှုတ်ခမ်းကိုစေ့ပြီး ပါးမဖောင်းအောင် ဝါးသည်။ ဤကဲ့သို့ နူးညံ့သိမ်မွေ့သောစားဟန်ကို အပျိုကြီးက တအံ့တဩ ကြည့်နေ၏။

စားတော့လည်း တစ်ပန်းကန်သာစားသည်။ ဗိုလ်ကြီးတင်ဦးနှင့် ဗိုလ်မောင်မောင်သက်က သုံးပန်းကန်ကို အသာလေး စားလိုက်သည်။

ထိုထမင်းဝိုင်းမှာပင် ဆုံးဖြတ်ချက်ချလိုက်၏။ ငါးပိကြိုက်သော ကလေးနှင့် အောင်နေဦးတို့ ဘယ်လိုပေါင်းစပ်မှာလဲ။

သူတို့ပြန်သွားသောအခါ အပျိုကြီးက အောင်နေဦး၏ နှုရွပုံကို တအံ့တဩ ပြောနေသည်။ ဤသည်ကို ကလေးက ကျေနပ်စွာ ထောက်ခံ၏။

"အံ့စရာဟယ် တကယ် ကဗျာဆန်တဲ့ အစားသမားပဲ"

"သူတို့က ချမ်းသာတယ်ကြီးကြီးရဲ့။ သူတို့အိမ်မှာဆို ဟင်းလေးငါးခွက်ချက်တာ။ ငါးပြေမဟင်းတို့ ငါးပိတို့ဆို လုံးဝစားဖူးတာ မဟုတ်ဘူး။ မိုးကလည်း လူ့အခြေအနေ ကြည့်ချက်တာ မဟုတ်ဘူး"

"ဟင်. . . "

ရင်ထဲမှာ အံ့ဩသွားသည်။ ကလေးမျက်နှာကို စူးစူးကြည့်ရင်းက–

"မိုးက မောင်မောင်သက်တို့လာမှ ထမင်းကျွေးမလို့ စီစဉ်တာပါ။



အောင်နေဦးကိုတော့ ကိုယ့်အိမ်က ဘာမှ ကျွေးချင်တာ မဟုတ်ဘူး။ ခုကြည့်ပါလား၊ မိုးတို့ကလေးတို့အကြိုက်နဲ့ တခြားစီပဲ။ သူက သူဌေးသားဆိုတော့ ဟိုတယ်တွေမှာပဲ စားမှာပေါ့။ မိုးတို့က လယ်သမား။ ငါးပိတစ်ခွက်ပါရင် ထမင်းမြိန်တာပဲ။ ဗိုလ်မောင်မောင်သက်တို့အတွက် ရည်စူးကျွေးတာပဲ။ စိတ်ချ နောက်ဆို ထမင်းစားမယ်ဟော့ဆို ကလေးနဲ့ အောင်နေဦးက ဟိုတယ်သွားစားကြ။ မိုးကတော့ မိုးတို့လို ငါးပိသမားအတွက်တော့ စပါယ်ရှယ် ချက်ကျွေးမှာပဲ"

မိမိစကားကြောင့် ကလေးမျက်နှာ ပျက်သွားသည်။ အပျိုကြီးက မျက်ရိပ်ပြပြီး မသိမသာ တားလိုက်သော်လည်း မိမိက မရပ်တော့ပေ။ ပြောစရာရှိသည်ကို တစ်ဆက်တည်း ပြောချလိုက်သည်။

"ကလေးကို မိုးသတိပေးချင်တယ်။ ကလေးပညာပဲ စုံခါနီးပြီ။ ကြင်ယာစုံဖို့အတွက် ကိုယ်နဲ့ဘဝတူပဲမှန်းပါ။ စဉ်းစားကလေး။ ငွေပုံဂုဏ်ပုံပေါ်က ထိုင်ပြီး အထက်စီးကနေတဲ့ အသိုင်းအဝိုင်းကို ရှောင်ပါကွယ်။ ဒေါင်းအလယ်မှာ ကျီးရောက်နေသလို ဖြစ်လိမ့်မယ်။ ရှင်းရှင်းပြောရင် အောင်နေဦးကို မိုးသဘောမကျဘူး။ သူ့ထက်စာရင် ဗိုလ်မောင်မောင်သက်ပဲ မိုးကြိုက်တယ်"

"အမယ်. . . ရင်မွေး။ ရှင်က အလျှင်ကြိုက်နေပါလား"

မျက်နှာညိုနေသော ကလေးကြောင့် အပျိုကြီးက ပြေအေးစေရန် ဝင်နောက်လိုက်၏။

"ကျွန်မက အမေပဲ အစ်မကြီးရဲ့။ ကျွန်မ အလျှင် ကြိုက်ကြည့်ရမှာပေါ့"

ပြေရာပြေကြောင်း ရယ်မော၍ ပြောလိုက်သည်။ အပျိုကြီးကလည်း လိုက်ရယ်ရင်းက–

"အတော်ပဲပေါ့၊ အမေက ဗိုလ်ကြီးတင်ဦးကို ကြိုက်လိုက်ပါဦးလား"

"ကြည့်စမ်း အစ်မကြီးနော်။ ကလေးရှေ့မှာ ဘာတွေ ပြောနေတာလဲ။ အစ်မကြီးပဲကြိုက်။ ဟိုက အစ်မ. . . .အစ်မနဲ့ ပါးစပ်ဖျားက မချတာ"

"အမယ်တော်၊ ကျုပ်က သေမင်းနဲ့ လက်တစ်လှမ်းပဲ လိုတော့တာ"

အချင်းချင်း စနောက် ရယ်မောရသော်လည်း ကလေးက မရယ်ပေ။ မှောင်ပျပျညနေခင်းကို ကြည့်ရင်းက အောက်နှုတ်ခမ်းကို မသိမသာ ကိုက်ထား၏။

"ကလေး အောင်နေဦးနဲ့ ဘာမှ မဖြစ်သေးဘူးဆိုရင် နောက်ဆုတ်လိုက်ပါကွယ်။ မချစ်ခင်က ခွဲခွာရတာ ခံစားရသက်သာပါတယ်"

ကလေးအား အတတ်နိုင်ဆုံး ချော့မော့လိုက်သည်။ ကလေးမျက်လုံးက ဖျတ်ခနဲ တောက်ပလာပြီး မျက်ရည်များ ရစ်ဝဲ၍လာသည်။ ပြည့်လျှံလာကာ မျက်လုံးအိမ်အတွင်းမှ မျက်ရည်များ လိမ့်၍ လိမ့်၍ စီးကျလာ၏။

"ဟုတ်ပါတယ်၊ သူများချစ်ခြင်းကို ဖြိုခွဲတဲ့ကလေးအတွက် ကောင်းကောင်းဝဋ်လည်ပြီပေါ့။ ကလေး ဝဋ်လည်ပြီပေါ့"

"ဘုရားရေ . ."

ကလေးသည် မိမိအနားမှ ပြေးထွက်သွားသည်။ သို့သော်မိမိအသည်းနှလုံးကို နင်းချေဖျက်ဆီးသွားပြီး မိမိ၏စေတနာ မေတ္တာတရားကို တွန်းဖယ်ပစ်လိုက်၏။ ရင်ထဲမှာ တင်းကျပ်၍ ပူလောင်သွားသည်။

"နေပါဦး နော်သဲဆူးရဲ့။ ရှင်တို့အချစ်ကို ကျွန်မက ဖြိုခွင်းဖို့ ကြိုးစားပြီး ရှင့်ကို လက်စားချေတယ်များ မှတ်နေရအောင် ရှင်နှင့်ကျွန်မနဲ့ ကရန်သူလားဟင်၊ ရန်သူလား"

"နော်ရင်မွှေးရယ် ဖြည်းဖြည်းပြောစမ်းပါ။ ကလေးကလည်းဒီလို မပြောရဘူးလေ"

ကြားမှဝင်ပြီး ဖျန်ဖြေပေးလိုက်မှ မိမိစိတ်ကိုထိန်းပြီး သတိထားလိုက်၏။ ပက်လက်ကုလားထိုင်ပေါ်တွင် အားပျော့စွာမှီချလိုက်ရင်းက–

"ရင်မွှေး စိတ်မကောင်းလွန်းလို့ပါ အစ်မကြီးရယ်၊ ရင်မွှေးတုန်းကလေ ပစ္စည်းမက်လို့ ရုပ်ပြပြီး ချူတယ်ဆိုတဲ့ အပြောမျိုးကို အသည်းဆတ်ဆတ်ခါအောင် နာတယ်။ ရင်မွှေးမှာ ကလေးအတွက် ပညာအမွေကလွဲလို့ ဘာမှ ပေးနိုင်တာမဟုတ်ဘူး။ ဒီလိုအပြောမျိုးကို ရင်မွှေးခံရသလို ကလေးကိုလည်း မခံစားချင်ဘူး။ ဒါကြောင့် ဒေါက်တာဟန်ကြည်ပေးသမျှ ငွေတွေကို တစ်ပြားမှ ယူမသုံးဘဲ ဘဏ်မှာအပ်ထားတာလည်း သူအသိ။ ရင်မွှေးစိတ်ကို သူသိသားပဲ။ တကယ်လို့ သူ အောင်နေဦးကို လက်ခံရင် ရင်မွှေးသမီး မဟုတ်ဘူး"

ကလေးက အခန်းထဲမှ ပြန်ပြေးထွက်လာပြီး မိမိအနီးဒူးထောက်ထိုင်ချ၍ မိမိပေါင်ပေါ် မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုချလိုက်၏။

"ကလေး မိုးကို လက်စားချေတယ်ဆိုတဲ့ သဘောနဲ့ မပြောပါဘူး မိုး



ရယ်။ ကလေးမိုးပြောတာကို လက်ခံပါတယ်။ သူ့အသိုင်းအဝိုင်းကို ကလေးကြောက်ပါတယ်။ ကလေးလေ သူ့ကို ချစ်နေမိလို့ပါ။ ချစ်သောသူနဲ့ ကွေကွင်းနေခြင်း ဆင်းရဲခြင်းကို ကလေး ခံစားဖူးပါပြီ မိုးရယ်"

ကလေးကား အချစ်ကို ရဲဝံ့အောင်မြင်စွာ ကြွေးကြော်တတ်လေပြီ။ ချစ်တတ်လာသော ကလေးသည် အချစ်အတွက် ပထမဦးဆုံး မျက်ရည်ကျလေပြီ။ ကလေး၏ဦးခေါင်းကို ဖွဖွလေး သပ်ပေးပြီး ရင်ထဲမှာ နွမ်းလျသွား၏။ မိမိကဲ့သို့ ကလေးကို မခံစားစေချင်ပါ။

"မိုးရယ် မချစ်ခင်ကတောင် ကလေးဒီလောက် ခံစားရရင် မိုးတို့နှစ်ပေါင်းများစွာ ချစ်ခဲ့ရတဲ့ ချစ်သူတွေကျရင် ပိုဆိုးမှာပေါ့နော်"

ကလေးစကားကို အဖြေမပေးနိုင်အောင် ရင်ထဲမှာ ဆူးနစ်နေသည်။ ရင်ကွဲလုမတတ် ပါပဲဟု ပြောလိုက်ချင်၏။ သို့သော် မပြောဘဲ ကလေးကို နှစ်သိမ့်ရင်က–

"မဟုတ်ပါဘူးကွယ်။ အလွန်ဆုံးတစ်လပဲ ခံစားရတာပဲပေါ့။ ကြာတော့ မေ့သွားတာပါပဲ ကလေးရယ်။ ကြိုးစားပြီး မေ့ပစ်ပါကွယ်။ အမိုးလေ အမိုးတို့နဲ့ဘဝတူ ဗိုလ်မောင်မောင်သက်ကိုပဲ သဘောကျတယ်။ သူကရော ကလေးကို ချစ်နေတယ် မဟုတ်လား"

ကလေးက ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်သည်။ ရင်ထဲမှာ အေးချမ်းသွား၏။ ကလေးသည် မိမိအလိုကို လိုက်လိမ့်မည်ဟု များစွာ မျှော်လင့်မိသည်။

"ကလေးရယ် ချစ်တတ်တာ အပြစ်မဟုတ်ပါဘူး။ အနေနီးစပ်မှုကြောင့်လည်း ဖြစ်တာပါပဲ။ အောင်နေဦးက စကားပြော ချိုသာပြီး နူးညံ့တဲ့ လုပ်ရှားဟန်တွေကို ကလေးက စိတ်ဝင်စားသွားတာ ဖြစ်မှာပါ။ အနေနီးလို့ ချစ်တယ်ထင်တာပါ ကလေးရယ်။ သူနဲ့သာ ဖြစ်သွားရင် မိုးနဲ့ ဝေးမှာပဲ။ မိုးက အဲဒီအသိုင်းအဝိုင်းကို သိပ်ပြီး ကြောက်တယ်"

ကလေးက ခေါင်းရမ်းပြီး မိမိအား တင်းကျပ်စွာ ဖက်တွယ်ထားရင်းက –

"မိုးနဲ့ ကလေး မဝေးချင်ပါဘူး။ ကလေး သူ့ကို ရှောင်ပါ့မယ် မိုးရယ်နော်"

ကလေးက ရှိုက်၍ ငိုလိုက်သည်။ ကလေး၏ ရှိုက်သံကား မိမိရင်ကို

ပြင်းထန်စွာ ထိုးမွှေနေ၏။ ဆရာနှင့် ဝေးကွာစဉ်က မိမိငိုခဲ့သကဲ့သို့ ကလေး ငိုနေလေပြီ။ ဆရာနှင့် ခွဲခွာ၍ မိမိရင်ထဲ ပူလောင်သကဲ့သို့ ကလေးရင်ထဲ လည်း ပူလောင်နေလေပြီ။

ကလေးတို့ အရွယ်သည် အမြော်အမြင်ကင်းမဲ့စွာ တစ်ခေါက်ကန်း လုပ်တတ်သော်လည်း ကလေးကား နားလည်လွယ်၍ မိမိရင်အေးရ၏။

မိမိငယ်စဉ် ဘဝကို ကြမ်းတမ်းစွာ ရင်ဆိုင်ပြီး ၂၃ နှစ်အရွယ်နှင့် မုဆိုးမ ဘဝကို ခံယူကာ တစ်လောကလုံးကို ရင်ဆိုင်ခဲ့သည်။ အရာရာကို ငဲ့ကွက် နေ၍ အချစ်သည် ဒုတိယဦးစား နေ၏။ ယခု ကလေးသည်လည်း အချစ် ကို ဒုတိယထားသည်။

ကလေးနားလည်သည်ကို မိမိကျေနပ်၏။ ကလေးသည် မိမိအား အလွန်ချစ်မှန်းသိသောအခါ ဘဝတစ်လျှောက်လုံး ပင်ပန်းမှုများ ငြိမ်းအေး သွားတော့သည်။

"မိုး. . . မိုး. . . "

"ဟင်. . . "

"မိုး. . . ဘာတွေ တွေးနေလဲဟင်"

"သြော်. . . ကလေးသိတတ် လိမ္မာပုံကို တွေးပြီး ကြည်နူးနေတာ ပေါ့ ကလေးရယ်။ မိုးလေ သမီးလိမ္မာလေးအတွက် သိပ်ဂုဏ်ယူတာပဲ"

ကလေး၏မျက်ရည်စများကို သုတ်ပေးရင်းက ကျေနပ်ပီတိ ဖြစ်မိ သည်။ ကလေးက မိမိအား ငေးကြည့်ရင်း–

"ကလေးသိပါတယ် မိုးရယ်။ မိုးလေ ဆရာ့ကို အမြဲသတိရနေတယ် မဟုတ်လား။ ညညကျရင် မိုးအိပ်မရဘဲ တိတ်တိတ်လေး မျက်ရည်ကျ နေတာ ဟိုးငယ်ငယ်ကတည်းက ကလေးသိပါတယ်"

"ဘာတွေပြောနေတာလဲ ကလေး။ မိုး အားလုံးကို မေ့ထားလိုက်ပြီပဲ။ ညည အိပ်မပျော်တာက မိုးရဲ့ အကျင့်မို့ပါ။ ကဲ. . . ကလေး မိုးတို့ ညစျေးလျှောက်ကြစို့"

"ကလေး သိချင်လို့ပါ။ ဦးဦးဆရာနဲ့ ချစ်ခဲ့တာ ဘယ်နှနှစ်ကြာ သလဲဟင်"

ပင့်သက်လေး မသိမသာ ရှိုက်လိုက်ရင်းက ကလေး အလိုကျဖြေ လိုက်သည်။



"ကလေးထက် တစ်နှစ်ကြီးတယ်"

"သြော်. . . "

ကလေးမျက်လုံးလေး မှိုင်းရီသွားသည်။ ထို့နောက် ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာပြန်၏။

"ကလေး သိပ်ရက်စက်ခဲ့တယ်မိုး။ မိုးနေမကောင်းတုန်းကလေ ဦးဦး ဆရာကို ကလေး ရက်ရက်စက်စက် ပြောခဲ့တယ်။ သိပ်မုန်းတယ်လို့ ပြော တော့ ဦးဦးဆရာက မျက်ရည်တွေဝဲလို့။ မိုးနေကောင်းတဲ့အထိ နေပါရစေ လို့ တောင်းပန်တယ်။ မရဘူး။ ကလေးက အတင်းနှင်လွှတ်ပြီး ဦးက ဆရာဝန်မှ မဟုတ်တာ မလိုပါဘူးလို့ ပြောပြီးနှင်ခဲ့တယ်။ မိုးက သူနေ မကောင်းတာကိုတောင် မပြုစုဘဲ ထွက်သွားရကောင်းလားလို့ ဦးဦးဆရာ့ အပေါ် အထင်မှားပြီး နာကြည်းစေချင်လို့ပဲ။ ဒါပေမဲ့ မိုးက ဆရာ့ကို အထင်မလွဲဘဲ ချစ်နေတာပဲနော်။ ကလေး မှားတယ် မိုးရယ်။ ကလေး စာနာတတ်ပါပြီ"

"မိုး ဦးဦးဆရာကို လက်ထပ်ပါတော့။ ကလေးခွင့်ပြုပါတယ်"

ကလေးစကားကြောင့် မိမိမှာ တသောသော ရယ်မိသည်။ ဆရာမျှော် လင့်နေတဲ့အချိန်ရောက်ကြောင်း ဆရာသိစေချင်သည်။ ရင်ထဲမှာ လှိုက်ခနဲ ဝမ်းသာသွားမိ၏။

"ကျေးဇူးတင်ပါတယ် ကလေးရယ်။ ကလေးနားလည်သွားရင်ပြီးပါ လေရောကွယ်။ တကယ်တမ်းကျတော့ အိမ်ထောင်ပြုတာက အချစ်ထက် ဦးနှောက်နဲ့ ဆုံးဖြတ်ဖို့က အရေးကြီးပါတယ်။ တစ်ယောက်ဘဝ တစ် ယောက် နားလည်ပြီး စာနာဖေးမဖို့ပါပဲ။ မိုးအတွက် ဘာမှမလိုတော့ပါ ဘူး။ ဆရာနဲ့က နားလည်မှုရှိပြီး အနေဝေးပေမယ့် စိတ်ချင်းနီးနေကြတာပဲ။ ပေါင်းစပ်ကြမှ မဟုတ်ပါဘူး ကလေးရယ်။ ကလေးစိတ်ထဲမှာ ဘာမှမထား နဲ့။ အရေးကြီးတာက ကလေးပဲ။ အောင်နေဦးပေါ် စကားမလွန်ထားရင် နောက်ဆုတ်ပြီး အနေဝေးအောင် နေပါကွယ်။ တစ်မျက်နှာက တစ်မျက်နှာ မပြောင်းချင်ဘူးဆိုပေမယ့် ဗိုလ်မောင်မောင်သက်ကို လေ့လာပြီး ချစ်တတ် အောင် ကြိုးစားပေါ့ ကလေးရယ်။ မိုး ရှင်းရှင်းပြောမယ်။ အောင်နေဦးက လွဲလို့ ကလေးအိမ်ထောင်ဖက်ကို ကလေးကြိုက်သလို ရွေးချယ်နိုင်ပါ တယ်။ ဒါပေမဲ့ မိန်းမထဘီနား ခိုစားတဲ့ ယောကျ်ားလေးမျိုးတော့ မဖြစ်စေ ရဘူးပေါ့။

သူ့အိုးသူဆန် တန်ပစေပေါ့။ ကဲ. . . ထမိုးတို့ ညစျေးသွားကြည့်ရအောင်”

ကလေးနဖူးကို ညင်သာစွာ နမ်းလိုက်ရင်း ဖြေသိမ့်လိုက်သည်။ ကလေးက မိမိရှေ့မှ ဖြည်းညင်းစွာထသွားပြီး အခန်းထဲ ဝင်သွား၏။

ကလေးသည် သူ့စာကြည့်စားပွဲမှ ဒေါက်တာဟန်ကြည့်ပုံကို မှောက်ထားသည်။ သို့သော် မှန်ထဲသွင်းထားသည့် သူငယ်ချင်းအုပ်စုများနှင့်အတူ ရောရိုက်ထားသော အောင်နေဦးပုံကိုတော့ မသိမသာ ခိုးကြည့်ခဲ့သည်။

ကလေးရင်ထဲ ပူလောင်နေလိမ့်မည်။ ချစ်သောသူနှင့် ကွေကွင်းရခြင်းဆင်းရဲကို ကလေးတစ်ယောက် ပြင်းထန်စွာ ခံစားရပေဦးမည်။ ကံတူအကျိုးပေး ကလေးအား ပျော်ရွှင်စေရန် အတတ်နိုင်ဆုံး ဖြေသိမ့်လိုက်ရပေတော့မည်။

ဩော်. . . ဒီလိုဆိုရင်ဖြင့် အောင်နေဦးကရော သူလည်း ခံစားရရှာလိမ့်မည်။ တကယ်လို့များ သူ့မိဘအသိုင်းအဝိုင်းက သိကြလျှင် ဦးလေးကိုသာမက တူကိုပါ ရင်ခွဲတဲ့ သားအမိနှစ်ယောက်ပါလားဟု မှတ်ချက်ချပေဦးမည်။

အောင်နေဦးကတော့ ဦးလေးလို တစ်ဇွတ်ထိုးမဟုတ်ဘဲ မိဘစကားနားထောင်သူမို့ ပျော်စရာအချစ်သစ်ကို ရှာဖို့လွယ်ကူလှ၏။ အစစပြည့်စုံသူအတွက် အချစ်ဆိုတာ ရှားပါးပစ္စည်း မဟုတ်နိုင်ပေ။

* * *

ကလေးတို့ နောက်ဆုံးနှစ်သမားများ လက်တွေ့ကွင်းဆင်းရသည်။ တစ်လလုံးလုံး ခွဲခွာမှုအတွက် မိမိရင်ထဲမှာ ကလေးကို အထူးသတိရနေ၏။ အထူးသဖြင့် အောင်နေဦးနှင့် ဝေးကွာသွား၍ မိမိရင်ထဲပို၍ အေးရသည်။ ကလေးသည် မိမိအား ကတိပေးထားသကဲ့သို့ အောင်နေဦးကို ရှောင်သည်။ အောင်နေဦးလာလျှင် အိမ်ပေါ်တက် ပုန်းနေတတ်၏။ အောင်နေဦးက ကလေးစီးနေကျ ဖိနပ်ပါးလေးကို ကြည့်ပြီး မျက်နှာပျက်တတ်သည်။ ဤသည်ကိုကြည့်၍ ရင်ထဲမှာ နာကျင်စိတ်ဖုံးနေသော ကလေးသည်လည်း ကျိတ်၍ ငိုနေသည်။ အောင်နေဦးသာ ဒေါက်တာဟန်ကြည်၏တူ မဖြစ်ခဲ့လျှင် သိပ်ကောင်းမှာပဲ အခါခါတွေးရင်း စိတ်မကောင်းဖြစ်နေမိသည်။

ကလေးက မိမိ စိတ်မကောင်းဖြစ်မှာစိုး၍ ပျော်ရွှင်ဟန်ဆောင်သော



လည်း သိသိသာသာ ပိန်သွားသော ကလေးအတွက် ယူကျုံးမရ ဖြစ်မိသည်။

ကလေးခရီးထွက်သွားသောအခါ အောင်နေဦးက မိမိထံ ရောက်လာ၏။ သူသည် အတော်လေး ပိန်သွားသည်။

“အမိုးရယ် ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲဟင်။ ကျွန်တော် လူရှုပ်လူပွေ မဟုတ်ပါဘူး အမိုးရယ်။ နော်သဲဆူးကို ရိုးမြေကျပေါင်းဖို့ ရည်ရွယ်ထားတာပါ”

သူက ပွင့်လင်းစွာပြောလာသောအခါ ရင်ထဲမှာ သိမ့်သိမ့်ခါသနားမိ၏။

“ကလေးကို မိုး သိပ်သနားတယ်။ ဒါပေမဲ့ မိုး ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေ။ ကလေးဟာ ဒေါက်တာဟန်ကြည့်တူဖြစ်လို့ မိုးသဘောမတူတာ။ ကလေးသိပါတယ်။ အမိုးကို ကလေးတို့အသိုင်းအဝိုင်းက ဘယ်လိုပြောခဲ့သလဲဟင်။ အခု အမိုးသမီးဆိုရင် ကလေးတို့ မိဘတွေ သဘောတူမလား စဉ်းစားလေ”

အောင်နေဦးက အောက်နှုတ်ခမ်းကို တင်းတင်းဖိကိုက်ရင်းက–

“ကျွန်တော့်ကို ဖေဖေနဲ့မေမေက သိပ်ချစ်ပါတယ်။ ကျွန်တော့်အိမ်ထောင်ဖက်ကို လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့် ပေးပါတယ်”

“ဒေါက်တာဟန်ကြည်တုန်းကလည်း မိုးကို ဒီအတိုင်းပဲပြောတာပဲ ကလေးရဲ့။ ဒါပေမဲ့ မိုးက ပိုအပြစ်ပြောစရာရှိတာ။ မုဆိုးမ ကလေးအမေလေ။ ဘာပဲဖြစ်ဖြစ် ကလေးစဉ်းစားကြည့်၊ မိုးကို မုန်းနေတဲ့ကလေးတို့အသိုင်းအဝိုင်းက မိုးရဲ့သမီးကို ဘယ်သူကြည်ဖြူမလဲ။ အမိုး တောင်းပန်ပါတယ် ကလေးရယ်။ အမိုးသမီးကို ဝေဒနာပေးပြီး မနှိပ်စက်ပါနဲ့ကွယ်၊ အမိုးသမီးက အဖမဲ့ မျက်နှာငယ်သူပါ။ ကလေးကလည်း ကြိုးစားပြီး မုန်းမေ့လိုက်ပါကွယ်”

အောင်နေဦးသည် နှုတ်ခမ်းကို တင်းတင်းစေ့ရင်းက ခေါင်းကို ခါရမ်းလိုက်သည်။

“ခွင့်လွှတ်ပါ မိုး။ သဲဆူးနဲ့ ဝေးအောင်နေပေါ့မယ်။ ဒါပေမဲ့ ကျွန်တော့်ကိုတော့ မုန်းဖို့ မေ့ဖို့ မပြောပါနဲ့။ လေးလေးဟန်က အမိုးကို မမေ့သလို ကျွန်တော်လည်း သဲဆူးကို မေ့မှာ မဟုတ်ပါဘူး။ တကယ်လို့များ အမိုးရယ်၊ ကျွန်တော့်အသိုင်းအဝိုင်းက သဘောတူလာရင်ရော”

ဦးခေါင်းကို လေးတွဲ့စွာ ခါရမ်းမိသည်။

"မထင်ပါဘူး ကလေးရယ်။ သူ့အမေ နော်ရင်မွှေးလို့သာ ပြောလိုက်။ လုံးဝ သဘောတူမှာ မဟုတ်ဘူး။ အမိုးသမီးကိုတော့ ဝေဒနာ မပေးပါနဲ့ ကွယ်။ အမိုးကတော့ လုံးဝ သဘောမတူပါဘူး။ အမိုးကို ပြောထားတာ တွေ နာတယ်"

ခေါင်းငိုက်စိုက်ချပြီး ထွက်ခွာသွားသော အောင်နေဦးအား ကြည့်ရင်းက ဆရာ့အသွင်နှင့် ဒေါက်တာဟန်ကြည့်အသွင်ကို မြင်ယောင်လာပြီး မိမိတစ်ဦးတည်း ဝေဒနာကို ကြေညာပြီး ဖွင့်ဟငိုမိသည်။ ဆရာ့အတွက်လား၊ ဒေါက်တာဟန်ကြည့်အတွက်လား၊ ကလေးနှင့် အောင်နိုင်ဦးအတွက်လား ဝေခွဲ၍မရပါ။

❑

## အခန်း ၁၇

"မိုးရယ် ပင်ပန်းလိုက်တာ။ ဖုန်ကလည်း ထူသေးတယ်။ လှည်းဆောင့်တော့ ခါးနာလိုက်တာ။ လမ်းလျှောက်တဲ့အခါ ရိုးပြတ်တွေရှတော့ ခြေထောက် နာလိုက်တာ"

ကွင်းဆင်းပြီး ပြန်လာသောအခါ ကလေးကချူသံပါအောင် ညည်းလိုက်သည်။ ပြီးတော့ ကလေးဖျားလာပြီး နေလောင်၍ ညိုသွားသော အသားကိုကြည့်၍ ငိုမဲ့မဲ့ ဖြစ်နေရှာသည်။

"ကြည့်ပါဦး အသားတွေ မည်းသွားတာပဲ။ ပြန်မှ ဖြူပါ့မလား မသိဘူး။ ပိုစိတ်ညစ်တာက အိမ်သာမရှိတာပဲ အမိုးရဲ့။ ရေချိုးသည့်အတွက် သီးသန့်အိမ်သာ လုပ်ထားတာလည်း ခနိုတဲနဲ့ ဂုန်နီအိတ်ကာလေးနဲ့။ ကလေးတော့ ဆီးချုပ် ဝမ်းချုပ် ဖြစ်လာတာပဲ။ တချို့ရွာဆို အိမ်သာ လုံးဝ မရှိဘူး။ ကောက်ရိုးပုံနောက်ကို လက်ညှိုးထိုးပြတယ်"

ကလေး၏ စိတ်ပျက်ညည်းညူပုံကို ကြည့်ပြီး အံ့အားသင့်မိသည်။

"ကလေး နောက်ဆို အဲဒီလိုရွာတွေ သွားရမယ်။ မညည်းနဲ့ကွယ်။ ခုထဲက လေ့ကျင့်ထား။ အမိုးက အဲဒီလို ရွာမျိုးတွေက လာတာပဲ။ ပြီးတော့ ကလေးရဲ့ဇာတိက တောရွာလေးပဲ။ ကလေးက ကိုယ့်ဇာတိ ကိုယ်မွေးရပ်ကိုပြန်ပြီး အကျိုးပြုရမယ်။ ဒီအတွက် ကလေးကို ဆရာဝန် ဖြစ်စေချင်တာ။ နို့မဟုတ်ရင် ကလေးဟာ တောမှာနေပြီး ကောက်စိုက်နေတဲ့ လယ်သူမပဲ ဖြစ်မှာပေါ့"

ကလေးက မိမိအား မျက်လုံးအဝိုင်းသားနှင့် ကြည့်ရင်းက ငိုမဲ့မဲ့ ဖြစ်သွားသည်။

"ကလေး မနေတတ်ပါဘူး မိုးရယ်။ မီး မရှိ၊ အိမ်သာမရှိနဲ့။ ကလေး ကြောက်တယ်"

"အိမ်သာက ဆောက်ရင်ဖြစ်တာပဲ။ မီးက မီးအိမ်ရှိတာပဲ၊ ကြာရင် ကျင့်သား ရလာမှာပေါ့"

"ဆန်ကလည်း ကြမ်းလိုက်တာ မိုးရယ်။ ပြီးတော့ ညဘက်ဆိုလည်း ခြေ မဆေးရ၊ လက် မဆေးရနဲ့။ ဖျာပေါ်မှာ ဒီလိုပဲ အိပ်ရတာ။ ခြင်ထောင်လည်း မရှိတော့ ကလေးအိပ်လို့ မရဘူး"

"ဒါက လူတိုင်းမဟုတ်ပါဘူး။ ငွေကြေးတတ်နိုင်တဲ့ လယ်သမားတွေအတွက် ပြုပြင်လို့ ရတာပဲ။ မိုးတို့ငယ်ငယ်ကလည်း ခြင်ထောင်တောင်ထောင် မအိပ်ပါဘူး။ ခြင်မှ မကိုက်တာ။ မြို့မှာသာ ခြင်ကိုက်လို့ ခြင်ထောင်ထောင်တာ။ ကဲပါ ကလေးရယ် နေကောင်းအောင်နေပါ"

ကလေးအား ဆက်မပြောတော့ဘဲ စကားလွှဲပစ်လိုက်သည်။ နောက်မှ ဖြည်းဖြည်းပြောယူရမည်။ အကယ်၍ ပြောမရလျှင် ကလေးအား သူ့ဘဝမှန်ကို ပြောပြပြီး သူ့မိခင်နှင့် အဘိုးတို့အကြောင်းကို ပြောပြလျှင် ကလေးငဲ့ညှာ စာနာလာလိမ့်မည်။

ကလေး နေမကောင်းစဉ် မောင်မောင်သက် လာကြည့်နိုင်သော်လည်း အောင်နေဦးမှာ သူ့ကတိအတိုင်း မလာတော့ပေ။ ထို့ကြောင့် မောင်မောင်သက်နှင့် ကလေးတို့ နီးစပ်မှုကို ဖန်တီးပေးလိုက်သည်။ ကလေးက မိမိအလိုအတိုင်း အလိုက်သင့် ဆက်ဆံရှာသည်။

"မိမိရင်ထဲမှာ ဆရာ့ကို ဆွဲထုတ်မရသလို ကလေးရင်ထဲမှ အောင်နေဦးကိုလည်း ဆွဲထုတ်၍ မရပါလား။

* * *

"ဟော. . . တော်. . ."

ဂျူတီချိန်ပြည့်၍ ပြန်ရန် ပြင်ဆင်နေစဉ် စောစောစီးစီး အရေးပေါ်ကား ရောက်လာခဲ့၏။ ထို့ကြောင့် အလိုက်သိသိ ရပ်စောင့်နေလိုက်သည်။

"ကားမှောက်လာတာတဲ့ မေထရွှန်၊ ခရီးသည် ငါးဦးပါလာတယ်။



ပြင်ဦးလွင် အတက်မှာပဲ"

ဆရာဝန်များလည်း ရောက်မလာသေးပါ။ ဂျူတီဆရာဝန်တစ်ဦးနှင့် မိမိသာရှိသည်။ ထို့ကြောင့် သွေးသံရဲရဲနှင့် လူနာများအတွက် မေတ္တာပို့ရင်းက တစ်ဦးကို ဒဏ်ရာစစ်ဆေးနေ၏။

"ဟင်. . . ရင်မွှေး"

"ဟယ်. . ."

မိမိ၏ သွေးလှည့်ပတ်မှုနှုန်း လုံးဝရပ်ဆိုင်းသွားသည်ဟု ထင်လိုက်သည်။ နဖူးမှာ သွေးများရဲနေပြီး ခြေထောက်တစ်ဖက်မှာ သွေးများ ပေနေသော အစ်ကိုစိုးအား မိမိမှတ်မိပါသည်။

"နင်. . . နင်. . . ဒီမှာလားဟင်။ သမီးရော သမီး"

"ရှူး. . . စကားမပြောနဲ့ဦး အစ်ကိုစိုး။ နောက်မှပြောမယ်။ ဒဏ်ရာက သွေးသိပ်များနေပြီ။ ဆရာမ ဒီလူနာကို သွေးတိတ်အောင် လုပ်ပေးပါဦး"

အစ်ကိုစိုးကို ကျောခိုင်းလိုက်ပြီး စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် ထားလိုက်သည်။

"မေထရွှန် အော်ပရေးရှင်းတစ်ယောက်ပါတယ်။ ကျွန်တော် ကိုင်လိုက်မယ်။ မေထရွှန်က ကျန်တဲ့လူနာတွေ လုပ်ပေးပါ"

"ဟုတ်ကဲ့. . ."

ဆရာဝန်က ကားသမားအား လူနာကပ်ပေါ်တင်ပြီး ထွက်သွားသည်။ ကျန်လေးဦးနှင့် မိမိသာ ကျန်ခဲ့၏။ အစ်ကိုစိုးကိုမူ မိမိကိုယ်တိုင် လုပ်ပေးရန် ဆုံးဖြတ်လိုက်သည်။ အစ်ကိုစိုး ဒဏ်ရာက သိပ်မများပေ။ အရိုးအနည်းငယ် အက်သွားသည်။ နဖူးကိုမူ သုံးချက်ချုပ်ရ၏။ အစ်ကိုစိုး နဖူးတွင် ဒဏ်ရာဟောင်း အမာရွတ်ကလေးကို တွေ့ရ၍ ရင်ထဲတွင် နာကျင်သွားမိ၏။ သို့သော် လူနာဟူသော အသိကို အတင်းဇွတ်သွင်းခဲ့ရသည်။

အစ်ကိုစိုးသည် သူ၏ဝေဒနာကို မေ့ထားပြီး မိမိနှင့်တွေ့ရခြင်းအတွက် ဝမ်းသာနေဟန်တူသည်။

"တွေ့မယ်တွေ့တော့လည်း ဒီမှာလာတွေ့တာပဲ။ အစ်ကိုရှာနေတာ နှံ့နေတာပဲ။ ဒီမန္တလေးကို လာနေမယ် မထင်ဘူးလေ။ အစ်ကိုစိုးက ပြင်ဦးလွင်မှာ ရှိနေတာပဲ။ ဆယ်နှစ်နီးပါးရှိနေပြီ။ နင်ရော အိမ်ထောင်ကျနေပြီလား။ သမီးရော"

"အစ်ကိုစိုး ကျေးဇူးပြုပြီး အတိတ်ကို မဆွပါနဲ့။ အားလုံးက နော်ရင်မွေးကို မုဆိုးမအနေနဲ့သိတာ"

"ဟင်. . ."

အစ်ကိုစိုး မျက်နှာတစ်ခုလုံး ညိုမှိုင်းသွားသည်။ သက်ပြင်းတိုးတိုးလေး ချလိုက်သည်။

"ငါပြောချင်တာ ပြောပါရစေ ရင်မွေးရယ်။ နင့်ကို မထိခိုက်စေရပါဘူး။ ငါ့အကြောင်း ပြောမှာပါ။ ပြီးတော့ သမီးလေးနဲ့ ခဏ တွေ့ပါရစေကွာနော်"

ကလေး၏ဖခင်၊ အစ်မ၏ ချစ်သူဟူသော အသိကြောင့် ခေါင်းကို ဖြည်းညှင်းစွာညိတ်ရင်း–

"ကောင်းပါပြီ။ တွေ့ရမှာပေါ့။ ဒါပေမဲ့ရင်မွေးရဲ့ ငယ်ငယ်က မိတ်ဆွေအနေနဲ့ပဲ တွေ့ရမယ်။ ကလေးနဲ့လုံးဝ မပတ်သက်ရဘူးနော်။ အဲဒါတော့ ကတိပေးရမယ်"

အစ်ကိုစိုး မျက်ရည်ဝဲလာ၏။ နဖူးကို ချုပ်စဉ်က မျက်ရည်မကျပေ။

"ကောင်းပါပြီကွယ်"

အစ်ကိုစိုးက မောလျသော အသံနှင့် ပြောလိုက်သည်။ မိမိအား ကျိုးနွံစွာ ဆက်ဆံနေသော အစ်ကိုစိုးကိုပင် အံ့သြနေမိ၏။

"ငါ နင်တို့သားအမိကို ရှာနေတာ ကြာပါပြီ။ အဒေါ်ကြီးလည်း ဆုံးသွားတော့ ငါ့တစ်ယောက်တည်းပဲ ရှိတော့တာပဲ"

နှုတ်ခမ်းကိုမဲ့၍ နာကြည်းစွာ ရယ်မောမိလိုက်သည်။

"သြော်. . . မမျှော်လင့်ဘဲတွေ့ရတော့မှ ရှာဖွေတယ်လို့ ပြောမှာပေါ့။ ဒီမှာ အစ်ကိုစိုး။ သမီးအဖေဆိုတာ လူ့လောကကြီးမှာ မရှိတော့ဘူးလို့ ပြောထားပြီးပြီလေ။ ဒီအတိတ်အကြောင်းကို မပြောနဲ့တော့ အစ်ကိုစိုးရယ်။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပြီး ကိုယ့်လမ်းကိုယ်လျှောက်ကြတဲ့ လူတွေပါပဲ။ လမ်းဆုံးပန်းဝင်ခါနီးမှ ဆီးပြီးတော့ နေရာမယူချင်ပါနဲ့တော့၊ ရင်မွေးတို့သားအမိဘဝက ငြိမ်းချမ်းနေပါပြီ"

မိမိစကားကြောင့် အစ်ကိုစိုးက သက်ပြင်းရှည်ကြီးကိုချပြီး မျက်လုံးကို စုံမှိတ်ထားလိုက်စဉ် မျက်လုံးအိမ်အတွင်းမှ မျက်ရည်များ လိမ့်စီးကျလာသည်။



"မင်းသဘောပါပဲ ရင်မွေးရယ်။ ဒါပေမဲ့ မင်းပြန်တဲ့အခါ ငါ့ကို ခေါ်သွားပါ။ ငါ့သမီးကို တွေ့ပါရစေကွယ်"

"အစ်ကိုစိုး နေကောင်းတော့ ခေါ်သွားမယ်။ အခု ဒဏ်ရာက နည်းနည်းပြင်းနေသေးတယ်။ ညနေရောက်ရင် ကလေးကို ခေါ်ပြီး လာခဲ့ပါမယ်"

အစ်ကိုစိုး ဘာမှမပြောမီ သူ့နားမှ ကမန်းကတန်း ထွက်လာခဲ့၏။ ဂျူတီချိန် ကုန်ဆုံးနေပြီဖြစ်သောကြောင့် အိမ်သို့ ကမန်းကတန်း ပြန်လာခဲ့၏။ အစ်ကိုစိုးကို တွေ့ရသောကြောင့် ရင်ထဲတွင် အလိုလိုမောဟိုက်၍ ဒေါသဖြစ်မိသည်။ ကလေးများ မှတ်မိသွားမလားဟူသော အတွေးနှင့် ရင်ထဲမှာ ပူလောင်လျက် မိမိအတွက် ပြေးစရာမြေကား ကျဉ်းမြောင်းလွန်းလှ၏။ မတွေ့ချင်သောသူနှင့်မတွေ့အောင် ပုန်းရှောင်ဖို့ရန်အတွက် မလွယ်ကူလှပေ။

အိမ်ရောက်သောအခါ ကလေးချက်ထားသောထမင်းကို စားရင်းက အစ်ကိုစိုးကို သတိရမိသည်။ အစ်ကိုစိုး နံနက်စာစားဖို့ မိမိဘာမျှ မစီစဉ်ပေးခဲ့ပေ။ မိမိ တာဝန်မကျေရာ ရောက်ပေလိမ့်မည်။

"အို. . . သူ့မှာ ငွေရှိတာပဲ။ ဝယ်ခိုင်းပြီး စားရင်ရတာပေါ့"

သက်ပြင်းလေးသဲ့သဲ့ချရင်းက ဖြေသိမ့်လိုက်သည်။

အစ်ကိုစိုး၏ တောက်ပစွာ ဝတ်စားဆင်ယင်ပုံကိုကြည့်၍ အစ်ကိုစိုး၏ ဘဝသည် အေးချမ်းနေပေလိမ့်မည်။

"အိုး . . . သူ့ဘာသာသူ ဘာဖြစ်ဖြစ်"

စိတ်အတွေးကို ဦးခေါင်းက ခါးရမ်း၍ထုတ်လိုက်ပြီး အိပ်ပျော်ရန် ကြိုးစားလိုက်သည်။ သို့သော် မိမိမျက်ဝန်းထဲ၌ ကလေးခါးထစ်ခွင်ချီထားသော မိန်းမကို မျက်လုံးထဲ မြင်ယောင်နေသည်။ ထိုအခါတွင် အသည်းဆတ်ဆတ်ခါ နာကျင်သွားမိသည်။

"တီ. . . တီ. . ."

အိမ်ရှေ့မှ ကားဟွန်းသံကြောင့် ကမန်းကတန်း အိပ်ရာမှထကြည့်လိုက်ရာ မာဇဒါဂျစ်ကားပေါ်မှ အစ်ကိုစိုးကို တွေ့ရ၍ ရင်ထဲမှာ တုန်လှုပ်သွားမိသည်။ အစ်ကိုစိုးက မိမိကိုမြင်သောအခါ ကားမောင်းသူအား တစ်စုံတစ်ခု ပြောလိုက်၍ ထိုသူက ကားပေါ်မှဆင်းပြီး သူ့အား တွဲခေါ်နေလေသည်။

သက်ပြင်းရှည်ကြီး ချလိုက်ရင်းက–

"ဒုက္ခပါပဲ အစ်ကိုစိုးရယ်။ ဆေးရုံမှာမနေဘဲ ဘာလို့လိုက်လာရတာလဲနော်"

ပါးစပ်မှ လှမ်းအပြစ်တင်လိုက်ပြီး အစ်ကိုစိုးထိုင်ရန်အတွက် ပက်လက်ကုလားထိုင် ခင်းပေးလိုက်သည်။ အစ်ကိုစိုးက မိမိအိမ်ခန်းကို အကဲခတ်ရင်းက အိမ်ပေါ်သို့ ဖြည်းဖြည်းချင်း တက်လာခဲ့၏။

"လာထိုင်၊ အစ်ကိုစိုး"

အစ်ကိုစိုးက လူရည်ချွန်အဝတ်အစားနှင့် ချိတ်ဆွဲထားသော ကလေးဓာတ်ပုံများကို ငေးကြည့်ရင်းက ပြုံး၍နေလေသည်။

"သမီး ဓာတ်ပုံလားဟင်. . ."

"ဟုတ်တယ်၊ သူ ကျောင်းက မလာသေးဘူး"

"သမီးက ရင်မွေးနဲ့ ပိုတူတယ်။ စာလည်း တော်ပုံရတယ်နော်။ သမီးဒီလို ထူးထူးချွန်ချွန်ဖြစ်တာ သိပ်ဝမ်းသာတာပဲကွယ်"

ရင်ထဲမှာ တစ်စုံတစ်ခုအတွက် စိုးရိမ်နေမိသည်။ အစ်ကိုစိုးနှင့်တွေ့ရသည်မှာ ကောင်းသောတွေ့ခြင်း မဟုတ်ပေ။

"ငါ့ကို ညနေမှပဲ လာခေါ်တော့ မောင်အေးရေ"

"ဟုတ်ကဲ့. . . ဆရာ"

ဆရာ အခေါ်ခံရပြီး မာဇဒါဂျစ်စီးနေသော အစ်ကိုစိုး၏ရာထူးကို အကဲခတ်၍ ရလေပြီ။

"အစ်ကိုစိုး မိသားစုကို အကြောင်းကြားပြီးပြီလား"

မိမိစကားကြောင့် ကားသမားက အိမ်ဝရောက်ပြီးမှ ပြန်လှည့်ပြီး

"ကျွန်တော့်ဆရာမှာ မိသားစု မရှိပါဘူး။ ကျွန်တော်တို့ပဲရှိတာပါ။ ညနေမှ လာကြိုပါ့ရစေ"

မေးမိသည့် မိမိကိုယ်ကို ခွင့်မလွှတ်နိုင်အောင် ဖြစ်သွားသည်။ သူ့ဘာသာသူ ဘယ်လိုနေနေ မိမိနှင့်မဆိုင်ဘူးဟူသော အတွေးနှင့် ဥပေက္ခာပြုလိုက်၏။

"အစ်ကိုစိုး အားလုံးကင်းကင်းရှင်းရှင်းဖြစ်အောင် နေခဲ့ပါတယ် ရင်မွေးရယ်။ အကြီးမဆုံးခင်က သူ့မြေးကို တွေ့ချင်လို့ တဖွဖွမေးခဲ့တယ်။ အစ်ကိုစိုးပြုခဲ့တဲ့ အမှားအတွက် အစ်ကိုစိုးခံပါ့မယ်။ သမီးနဲ့တွေ့တာပဲ



ဝမ်းသာလှပါပြီ"

"ဒါပေမဲ့ သမီးစိတ်ထဲမှာ သူ့အဖေသေပြီဆိုတာပဲ သိတယ်နော်။ အစ်ကိုစိုး သမီးကို စိတ်ရှုပ်အောင် မလုပ်ပါနဲ့ ကဲ–အနားယူလိုက်ဦး အစ်ကိုစိုး။ သမီးက တော်ကြာပြန်လာမှာပါ။ အစ်ကိုစိုး မနက်စာ ဘာစားပြီးပြီလဲ"

"နို့တစ်ခွက်တော့ သောက်ခဲ့ပါတယ်"

ဘာမျှမပြောတော့ဘဲ အိမ်နောက်ဘက်ဝင်လာပြီး အစ်ကိုစိုးအတွက် ထမင်းပြင်လိုက်သည်။ စားပွဲဝိုင်းနှင့်ထိုင်ရန် မဖြစ်၍ ကလေးစာကြည့်စားပွဲ၌ပင် ပြင်လိုက်၏။

"သမီးက တက္ကသိုလ်ရောက်နေပြီနော်"

"ဆေးတက္ကသိုလ် နောက်ဆုံးနှစ်ရောက်ပြီ"

"အို. . ."

အစ်ကိုစိုး နှုတ်မှ တအံ့တဩ အသံထွက်လာသည်။

"အကြီးကို သတိရလိုက်တာ။ အကြီးက သူ့မြေးအတွက် သိပ်ပူပင်နေတာ။ ရင်မွေးကို ကျေးဇူးတင်လိုက်တာကွယ်။ သမီး ဒီလောက်အထိတော်မယ်လို့ မထင်ခဲ့ဘူး"

"လင်မရှိတဲ့ မိန်းမ မတင့်တယ်တာထက် ဖခင်မရှိတဲ့ကလေးက အားငယ်နေလိမ့်မယ်သမီးရယ်။ ကလေးကို ငဲ့ပါဦး။ သမီးသဘောကျဖြစ်စေရပါ့မယ်။ ကလေးလူတစ်လုံး သူတစ်လုံးဖြစ်ဖို့အတွက် စဉ်းစားပါဦး သမီးရယ်"

မိမိအိမ်မှ မထွက်လာမီ အကြီးပြောခဲ့သောစကားတို့ကို ပြန်လည်ကြားယောင်လာမိသည်။

"လာ. . . အစ်ကိုစိုး ရှိတာနဲ့ စားလိုက်ပါဦး။ အနာရှိန်နဲ့ ဆေးတွေထိုးထားတာ အစာမရှိရင် မကောင်းဘူး"

အစ်ကိုစိုးကိုတွဲထူပြီး ကလေးစာကြည့်စားပွဲသို့ ခေါ်လာခဲ့သည်။

"ကျေးဇူးပဲ ရင်မွေး"

"မလိုပါဘူးရှင်။ လူနာတိုင်းကို ပြုစုရမှာ ရင်မွေးတို့အလုပ်ပါပဲ"

အစ်ကိုစိုးက ထမင်းစားရင်းမိမိအိမ်ပတ်ဝန်းကျင်နှင့် မိမိအား မကြာခဏလှည့်ကြည့်နေသည်။ သူ့စိတ်ထဲတွင် တစ်စုံတစ်ခုကို ပြောချင်ဟန် တူသည်။

"ဘာပြောမလို့လဲ အစ်ကိုစိုး။ ကလေးပြန်မလာခင် အစ်ကိုစိုး ပြောချင်တာပြောပါ။ ကလေးပြန်လာတော့ အစ်ကိုစိုး နည်းနည်းဆင်ခြင်နေပေးပါ"

"အေးပါကွယ်။ ဟို ငါမေးချင်တာက သမီးရဲ့ ကျောင်းစရိတ်ကလည်းကြီး အစစ ဈေးနှုန်းတွေကလည်း တက်လာတော့ ရင်မွှေး အတော်ရုန်းကန်ရမှာပဲပေါ့နော်"

"ဟင်း. . . ရင်မွှေး ဘယ်သူ့ကိုမှ အားမကိုးဘဲ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်ခဲ့တာပါနော်။ ဒီလိုပဲ အပိုဝင်ငွေရအောင် ဆေးခန်းတွေ လိုက်ထိုင်တာပေါ့။ အကြီး သူ့မြေးကို ပေးခဲ့တဲ့ ဆွဲကြိုးနဲ့ တဝါးမရဲ့ လက်ဝတ်လက်စား တစ်စုံစာတော့ ကလေးအတွက် အမွေအဖြစ် ထိန်းသိမ်းနိုင်ပါတယ်။ ကလေးကို သူများနည်းတူ ဝတ်နိုင်စားနိုင်အောင်တော့ ကြိုးစားတာပေါ့။ ကလေးကလည်း နားလည်ပြီး လိမ္မာပြီးသားပါပဲ"

ကလေးအတွက် ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်သည်။ အစ်ကိုစိုးက တပြုံးပြုံးနှင့် ကျေနပ်နေမိသည်။ အစ်ကိုစိုးသည် နောက်ထပ် အိမ်ထောင်သစ် မထူဘဲ မိမိတို့အား ရှာဖွေနေသည်မှာ သံသယဝင်နိုင်စရာမရှိပေ။ သို့သော် မိမိအနေဖြင့် တစ်ခါခဲမှန်ဖူးသောကြောင့် အစ်ကိုစိုးအား လိုက်လျောခွင့် မပေးနိုင်တော့ပေ။

အိမ်နောက်ဘက်ဝင်၍ ပန်းကန်များကို ဆေးကြောနေစဉ် ကလေး၏ စက်ဘီးဘဲလ်သံလေးကို ဦးစွာကြားရပြီး–

"မိုးရေ မိုး ရောက်လာပြီလား"

ကလေးက တစာစာခေါ်ရင်း အိမ်ပေါ် ပြေးတက်လာဟန်တူသည်။ ပြီးမှ လူစိမ်းကိုတွေ့၍ ခြေလှမ်းတန့်သွားဟန်နှင့် ကလေးအသံ တိတ်သွား၏။

"သမီး နော်သဲဆူး"

ကမန်းကတန်း ပြေးထွက်လာသည်။ ကလေးက အံ့အားသင့်ဟန်နှင့် အစ်ကိုစိုးအား ငေးကြည့်နေ၏။

"ကလေးပြန်လာပြီလား။ အဲဒါ မိုးမိတ်ဆွေလေ။ ဆွေမျိုးလိုနေတာ။ ဟိုးငယ်ငယ်ကတည်းက ရင်းနှီးနေတာပေါ့။ ကလေးကိုလည်း တွေ့ချင်တယ်ဆိုလို့ ခေါ်လာခဲ့တာ။ ကားမှောက်လို့လေ။ ဒဏ်ရာနည်းနည်းရနေတယ်။ ပြင်ဦးလွင်မှာနေတယ် ကလေးရဲ့"



"ဩော်. . ."

အစ်ကိုစိုးစကားပြောလို့မရအောင် အသက်မရှူဘဲ ဆက်၍ ပြောချလိုက်သည်။ ကလေးက လွယ်အိတ်လေးကို သူ့စားပွဲပေါ်တင်လိုက်ပြီး အစ်ကိုစိုးအား စိမ်းစိမ်းကြည့်ရင်း–

"ဒဏ်ရာက သိပ်များသွားလားဟင် ဦးဦး"

"မများပါဘူးကွယ်"

ဦးဦးဟူသော အခေါ်ကြောင့် အစ်ကိုစိုးမျက်နှာ ညိုမှောင်သွားသည်။ ကိုယ့်ကိုယ်ကိုယ်လည်း မလုံမလဲဖြစ်သွားသည်။ အဒေါ်ကိုအမေထင်ပြီး အဖေ ကိုဦးလေးဟု ခေါ်ပြောဆက်ဆံနေသောကြောင့် တရားရဲ့လားဟု တွေးမိ၏။ သို့သော် ကလေးအတွက် ဘာသောကမျှ မဝင်စေချင်ပေ။ မိမိနှင့် အစ်ကိုစိုးသည် ထပ်မံ၍ ပေါင်းစပ်မရသော အိမ်ထောင်ဖြစ်သည်။

"မိုး နေ့လယ်က အိပ်ပျော်ရဲ့လားဟင်။ မိုးမျက်နှာတွေ ကျနေတယ်။ ကလေး ညနေစာချက်ထားလိုက်ပါ့မယ်"

"ရပါတယ်ကလေးရယ်။ မိုးညကျမှ စောစောအိပ်တော့မယ်။ ဒီက ဦးဦးကို ညနေစာ ကောင်းကောင်းချက်ကျွေးတာပေါ့။ ဦးဦးက မနက်က ကောင်းကောင်းမစားဘူး။ စောပါသေးတယ် ကလေးရယ်။ ခုမှ နှစ်နာရီတောင် မထိုးသေးဘူး။ ကလေးနားဦးလေ"

ကလေးက ခေါင်းလေးညိတ်ပြီး အခန်းထဲဝင်သွား၏။ အစ်ကိုစိုးသည် သူ့သမီးအား တစိမ့်စိမ့်ကြည့်၍ ပြုံးနေသည်ကို တွေ့ရသောအခါ ရင်ထဲမှာ စိုးရိမ်သွား၏။ အစ်ကိုစိုးသည် မိမိအသည်းနှလုံးအား ထပ်မံ၍ ဖွဲ့ထုတ်သွားမည်ကို စိုးလှ၏။ ရလေမည်လား။

သွေးကစကားပြောသည်မှာ သိသာလှသည်။ ကလေးက အဝတ်လဲပြီး ဧည့်ခန်းထဲမှပြန်ထွက်လာကာ အစ်ကိုစိုးနား လာထိုင်သည်။

"ဦးဦး တစ်မှေးအိပ်လိုက်ပါဦးလား။ ဦးဦးကြည့်ရတာ သိပ်ပင်ပန်းတာပဲ"

ကြည့်ရင်းက အလိုလိုသဝန်တိုလာမိ၏။ အစ်ကိုစိုးက သူ့ကတိနှင့်သူမို့ မိမိအား မကြာခဏလှမ်းကြည့်ရင်းက သက်ပြင်းအခါခါ ချနေသည်။

ကလေးက ရေနွေးကြမ်းဖန်းချပေးပြီး အစ်ကိုစိုးနားမှ တရစ်ဝဲဝဲလုပ်နေသည်။

"သမီး၊ ဒေါက်တာမကြီးဖြစ်ရင် ဘယ်သွားမှာလဲဟင်"

"အမိုးနဲ့အတူတူနေမှာပေါ့ ဦးဦးရဲ့။ ဘယ်ပို့ပို့ အမိုးက လိုက်မယ်ပြောတာပဲ"

အစ်ကိုစိုးက ပြုံးမဲ့မဲ့လေးလုပ်လိုက်သည်။ ကလေးအား သိမ်းသွင်းစည်းရုံး၍ မရသေးမှန်း သိလာလေပြီ ထင်ရဲ့။

"ကလေးအဖေကို မှတ်မိလားဟင်"

"သူက ဘယ်မှတ်မိမှာလဲ"

ကလေးမဖြေမီ ကမန်းကတန်း ဝင်ပြောလိုက်၍ အစ်ကိုစိုးက မိမိအား လှမ်းကြည့်လိုက်သည်။ ကလေးက တစ်ချက်ရယ်မောရင်း–

"ကလေးဖြင့် မြင်တောင်မမြင်ဖူးလိုက်ပါဘူး ဦးဦးရယ်။ မိုးပဲ အမေ မိုးပဲအဖေပေါ့"

ကလေး၏ စကားကြောင့် မိမိကျေနပ်စွာပြုံးလိုက်မိသည်။ အစ်ကိုစိုးက မဲ့ပြုံးပြုံးရင်းက ပက်လက်ကုလားထိုင်နောက် ကျောကိုမှီပြီး–

"သမီးရေ၊ သမီးအမေက အားလုံးသော ဆွေမျိုးတွေနဲ့ အဆက်ဖြတ်ထားတာပဲ။ သမီး ဦးဦးကို မှတ်ထားနော်။ ဦးဦးလာလည်း ခေါ်နော် သမီး"

"ဟုတ်ကဲ့ ဦးဦး"

အစ်ကိုစိုးက မျက်လုံးမှိတ်ပြီး ခဏမေ့စဉ် ကလေးက မိမိကို အိမ်နောက်ဘက်သို့ ဆွဲခေါ်ရင်းက ပြုံးစေ့စေ့မျက်နှာပေးနှင့်–

"မိုး. . . မှန်မှန်ပြောနော်။ အဲဒါ မိုးအဆက်ဟောင်း မဟုတ်လား"

"ကြည့်စမ်း မိုးကို ဒီလိုပဲပြောရလား"

"မိုးကို ကြည့်ပုံက တစ်မျိုးပဲ မိုးရဲ့။ အဲဒီလူကြီးက မိုးကို ပိုးခဲ့ဖူးမှာပါ။ လူကြီးက ခန့်ချောကြီးပဲ"

"ဟဲ့. . . ဘာတွေ လျှောက်ပြောနေတာလဲ။ ဒါ မိုးကို ပြောရမယ့် စကားလား။ ဒီကောင်မလေး သွားစမ်းသွား"

"ကြည့်. . . ကြည့်၊ မိုး ရှက်ရမ်းရမ်းပြီပေါ့"

တခစ်ခစ် ရယ်မောပြီး မိမ်ပါးကိုနမ်း၍ ထွက်သွားသော ကလေးကြောင့် ရင်ထဲတုန်လှုပ်သွားမိသည်။ ကလေးသည် အစ်ကိုစိုးကို ကောင်းကောင်းပြုစု၏။ နဖူးမှအနာကို အသာဆေးပေးရင်းက

"ဦးဦး နဖူးမှာ ဒဏ်ရာဟောင်းရှိတယ်။ ဦးဦး မိန်းမက သနပ်ခါးတုံး



နဲ့ ပေါက်ထားတာလား"

ကလေးက ရယ်မော၍ စလိုက်သောအခါ အစ်ကိုစိုးကို မကြည့်ရဲဘဲ မျက်နှာလွှဲထားလိုက်မိသည်။

"ဒဏ်ရာက နည်းနည်းများတယ်။ ဦးဦးခြေထောက်ကလည်း သက်သာတာ မဟုတ်ဘူး။ ဒီမှာ ညအိပ်သွားပါလား ဦးဦးရယ်။ ပြင်ဦးလွင် မတက်ပါနဲ့ဦး။ ကလေးစိုးရိမ်လို့ပါ"

တောင်းတောင်းပန်ပန်နှင့် ပြောနေသောကြောင့် ရင်ထဲမှာတလှပ်လှပ်နှင့် အစ်ကိုစိုး စကားကို စောင့်နေသည်။

"ရပါတယ် ကလေးရယ်၊ ဦးဦးပြန်ဖို့ စီစဉ်ထားပြီးပါပြီ"

ထိုအခါမှ ဟင်းခနဲ သက်ပြင်းချမိလိုက်သည်။

"ဦးဦးကို လာခေါ်မှာဆိုလည်း ပြန်လိုက်တော့လေ။ ဒါပေမဲ့ သုံးရက်လောက်ကို နားရဦးမှာ။ ဆေးမှန်မှန် ထည့်ပေးရဦးမယ်။ ဦးဦးမှာ သားသမီးတွေရှိရင် ထည့်ခိုင်းနော်"

"ဦးဦးက အထီးကျန် တစ်ကောင်ကြွက်ပါ ကလေးရယ်"

အစ်ကိုစိုး စကားကြောင့် မိမိရင်ထဲ နင့်ဝင်သွားသည်။ အစ်ကိုစိုး မျက်နှာသည် ချက်ချင်းအိုကျသွား၏။ အစ်ကိုစိုး၏ ဝမ်းနည်းသော လေသံနှင့် ညှိုးငယ်သွားသော မျက်နှာကြောင့် ကလေးကိုဘာမျှမပြောမနေတော့ဘဲ ကမန်းကတန်း မျက်နှာလွှဲလိုက်ပြီး စကားပါလွှဲလိုက်သည်။

"ဦးဦး ပြင်ဦးလွင် ဘယ်အပိုင်းမှာနေတာလဲဟင်။ ကလေးတို့လာလည်မယ်နော်။ ကလေးတို့မှာ ဆွေမျိုးသိပ်ရှိတာ မဟုတ်ဘူး။ တစ်ခါတလေ ဆေးရုံကိစ္စရှိရင် ကလေးလာတဲ့အခါ ဦးဦးအိမ်ပါ ဝင်မယ်နော်"

"ဝင်ခဲ့ပါ ကလေးရယ်။ ဦးဦးက ကလေးတို့မိသားစုကို အမြဲမျှော်နေတာ။ ပန်းကြိုက်တတ်တဲ့ ကလေးရဲ့ အမိုးအတွက် ပန်းတွေအများကြီး စိုက်ထားတာ"

ကလေးက "ဘယ်လိုလဲ" ဟူသော သဘောနှင့် မိမိအား လှမ်းကြည့်လိုက်သည်။ မိမိမျက်နှာ ရဲသွားသလား၊ နားရွက်တွေ ရဲသွားသလား မသိလိုက်ပေ။ မျက်နှာတစ်ခုလုံးတော့ ရေနွေးနှင့်အပက်ခံရသကဲ့သို့ ပူခနဲဖြစ်သွား၏။ ကလေးက တောင်တောင်အီအီမတွေးဘဲ စောစောကနောက်သကဲ့သို့ ငယ်ငယ်က အမိုးအားပိုးခဲ့ဖူးသူအဖြစ် ထင်မှတ်ကာ ပြုံးစေ့စေ့

လေး ဖြစ်သွား၏။ ထိုနောက် ကလေးသည် ပတ်တီးကို အပြီးသတ် ပတ်ပေးပြီးသောအခါ ရေနွေးဇလုံကိုကိုင်၍ အိမ်နောက်ဘက်သို့ ဝင်သွား၏။

“အစ်ကိုစိုးက ဆရာနဲ့ယူလိုက်ပြီ ထင်နေတာ။ အစ်ကိုစိုး စိတ်ထဲမှာလေ ဆရာနဲ့ယူလိုက်ရင် သမီးအတွက် ကန့်ကွက်စရာ လုံးဝမရှိပါဘူးလို့ ဖြေသိမ့်နေတာ။ ဆရာနဲ့ ဘာဖြစ်လို့”

“တော်ပါတော့ အစ်ကိုစိုးရယ် ကလေးကြားသွားပါ့မယ်။ ရင်မွေး ဆရာ့ကို လုံးဝ မဆက်သွယ်ပါဘူး။ ကလေးအတွက် ဘယ်သူမှ ပထွေးမဖြစ်စေချင်ဘူး။ ကလေးကလည်း လက်မခံဘူး။ ဘာလိုသေးလဲ အစ်ကိုစိုးရယ်။ ရင်မွေးအတွက် အားကိုးစရာအဖော်ဆိုတာ မလိုအပ်တော့ပါဘူး။ ရင်မွေးကိုယ်ရင်မွေး အားကိုးပြီး ဘဝကို ရုန်းကန်လာတာပဲ။ ဒီအသက်အရွယ်ရောက်မှ အချစ်ဆိုတာ ဦးစားပေးနေရမှာမှ မဟုတ်တာ”

“ကိုယ် သိပ်မှားခဲ့တယ် ညီမရယ်။ အစ်ကို သိပ်တစ်ကိုယ်ကောင်းဆန်ခဲ့တယ်။ သူများ ချစ်ခြင်းကို ခွဲလို့ အခုလို အထီးကျန်နေနေရတဲ့ဘဝကို ရလိုက်တာပဲ ရင်မွေးရယ်။ မင်းနဲ့ဆရာ ခွဲခဲ့တဲ့ ဝေဒနာထက် ပိုပြီး ပူလောင်ပြင်းပြတဲ့ ဝေဒနာကို ငါခံစားနေရပါပြီ”

အစ်ကိုစိုး စကားကြောင့် မဲ့ပြုံးလေးပြုံးလိုက်မိသည်။ ကလေးများ လာလေမလားဟူသော အတွေးနှင့် မီးဖိုဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်မိသည်။

“အစ်ကိုစိုး တောင်းပန်ချင်ပါတယ် ရင်မွေးရယ်။ သမီးလေးကို အကျိုးအကြောင်း ဖွင့်ဟပြောပြပြီး အတူတူ နေကြပါစို့ကွယ်”

“ဟင်. . . ခုနက ရင်မွေး ပြောပြီးပြီပဲ။ ရင်မွေးအတွက် အားကိုးမလိုပါဘူး။ အချစ်လည်း မရှိတော့ပါဘူး။ ဘာအတွက် အစ်ကိုစိုးနဲ့ ပေါင်းစပ်ရမှာလဲ။ ကလေးအတွက်လား။ အစ်ကိုစိုးအတွက်လား။ အစ်ကိုစိုးအတွက်တော့ ရင်မွေး **လုံးဝ မစဉ်း**စားနိုင်ဘူး။ ရင်မွေးအနားမှာ ရှိနေလျက်တောင် စာရင်းရှုပ်နေတာ၊ **အခု** ရင်မွေးနဲ့အကြာကြီး ဝေးကွာနေပြီး ရာထူးရှိတဲ့ လူတစ်ယောက်အနေနဲ့ မိန်းမကီစ္စနဲ့ပတ်သက်ပြီး ကင်းနိုင်တာ လုံးဝ မယုံဘူး။ ကလေးအတွက်လည်း မဖြစ်နိုင်ဘူး။ ကလေးက သူ့အဖေကို သေပြီထင်နေတာ။ ဒီတော့ ကွဲကွာရတဲ့အကြောင်းရင်းကို ပြောပြရင် ကလေးက အစ်ကိုစိုး မျက်နှာကို လှည့်တောင်ကြည့်မှာ မဟုတ်ဘူး။ မိတ်ဆွေအနေနဲ့



ခင်တာကို မဖျက်လိုက်ပါနဲ့ အစ်ကိုစိုးရယ်။ ကလေးက ရင်မွေးစိတ်ထက် ပိုပြီးကြီးတယ်။ အစ်မ တဝါးမလို စိတ်မျိုးပဲ။ အစ်ကိုစိုး ဘာသာ အေးအေးပဲ နေပါလို့ သတိပေးပါရစေ။ ကလေးက ရင်မွေးရဲ့ စကားကို ဘယ်တော့မှ ပယ်ရှားဖူးတာ မဟုတ်ပါဘူး”

အစ်ကိုစိုးက သက်ပြင်းရှည်ကြီးချကာ မျက်လုံးကို စုံမှိတ်ထားလိုက်၏။ အစ်ကိုစိုးအနားမှ အသာလှည့်ထွက်လာခဲ့ပြီး မီးဖိုချောင်တွင် ချက်ပြုတ်နေသော ကလေးနားတွင် ဝင်ကူ ချက်ပေးလိုက်၏။

“ဦးဦးအနားမှာပဲ နေပါ။ ဘာလို့ ထလာရတာလဲ”

“ကလေးနော်. . . မိုးကို မစစမ်းနဲ့”

ကလေးက ခစ်ခနဲ တစ်ချက်ရယ်လိုက်သည်။

“ပန်းကြိုက်တဲ့မိုးအတွက် ပန်းတွေအများကြီး စိုက်ထားတယ်တဲ့ ဟီဟီ။ သူပြောတာကို ပြောတာနော်။ အလား အမိုးကလည်း”

သူ့ပေါင်ကို တစ်ချက်ဆွဲလိမ်လိုက်၏။

“အသံထွက်လာပြီ။ ကြားသွားလို့ ဘဝင်ကိုင်နေဦးမယ်။ ဒီလူနဲ့ မစစမ်းနဲ့ ကလေးရယ်။ မိုးငယ်ငယ်က သူက သိပ်ရှုပ်တာ။ အခု ကြည့် သူ့ကိုယ်သူ အိမ်ထောင်မရှိ လူပျိုကြီးအမည်ခံပြီး ဘယ်လောက်ရှုပ်နေမယ် မသိဘူး”

“အင်း. . .နော်. . . ဘာလို့ မိန်းမမယူလဲ မသိဘူး။ ဧကန္တ ဆရာနဲ့ ဒေါက်တာဟန်ကြည်လို အမိုးရဲ့ အချစ်ကို မရလို့ထင်တယ်”

“တော်စမ်းကွယ်”

ကလေး၏ပစ်ချက်စကားများက မိမိအသည်းထဲသို့ သိသိသာသာ စူးနစ်၍ ဝင်သွားသည်။ ထို့ကြောင့် ခပ်ငေါက်ငေါက်ကလေး အော်လိုက်၍ ကလေးက လျှာလေးတစ်လစ်ထုတ်ပြီး အိမ်ရှေ့သို့ လှစ်ခနဲ ပြေးထွက်သွားသည်။

“အကယ်၍သာ ကလေးသည် သူ့ဖခင်အရင်းဖြစ်နေမှန်း သိသွားလျှင်” ထိုအတွေးလေး ဝင်ရုံသာရှိသေးသည်။ ရှေ့ဆက်၍ မတွေးရဲတော့ပေ။ ဦးခေါင်းတစ်ခုလုံး ခြာခြာလည်သွားပြီး ရင်ထဲမှာ တလှပ်လှပ် တုန်ရီလာ၏။ ထို့ကြောင့် ထိုအတွေးကို ခေါင်းထဲမှာ အလျင်အမြန် ထုတ်ပစ်လိုက်ရသည်။

* * *

"မေတ္တာဆိုတာ ထိန်းချုပ်လို့ မရပါဘူး သဲဆူးရယ်။ မင်း ကိုယ့်ကို ချစ်လျက်နဲ့ ညာနေတာလားဟင်"

အမှတ်မထင် ကြားလိုက်သောစကားသံကြောင့် ခြေလှမ်းတုံ့သွားသည်။ သူတို့နှစ်ဦးလုံးသည် စာကြည့်စားပွဲတွင် ထိုင်နေ၍ မိမိလာသည်ကို မြင်ဟန်မတူပေ။

"မာမီက အစစကြည်ဖြူပါတယ်။ ဒက်ဒီဘက်ကတော်တဲ့ ဆွေမျိုးတွေသာ သူတို့အမျိုးဂုဏ် မောက်လွန်းလို့ မာမီနဲ့တောင် မတည့်ဘူး။ အခု ဒက်ဒီဆုံးသွားတော့ ပြတ်သလောက်ကိုဖြစ်နေပါပြီ။ ကိုယ့်မာမီက သဘောသိပ်ကောင်းပါတယ်။ လေးလေးဟန်တို့ ကိစ္စတုန်းကတောင် ဒယ်ဒီကို ခဏခဏဝင်ပြောနေသေးတာ။ အချစ်ဆိုတာ တားဆီးလို့ မရဘူးဆိုတာ မာမီက ပြောပြောနေသေးတယ် သဲဆူးရဲ့"

အောင်နေဦးစကားကြောင့် နှုတ်ခမ်းကို အလိုလိုတင်းတင်းစေ့ထားလိုက်မိသည်။ ရင်ထဲမှာ တင်းကျပ် ပူလောင်လာ၏။

"အချစ်ဆိုတာ တားဆီးလို့ မရလို့ဘဲ နင့်အမိုးတို့ အသည်းကွဲနေရတာပေါ့ ကလေးရယ်" ဟူ၍ ရင်ထဲမှာ တိုးတိုးလေး ညည်းညူလိုက်မိသည်။

"အမိုးက သဘောမတူဘူး"

"တူပါတယ်။ အမိုးပြောတာက သူ့သမီးကို သူ့လို အပြောခံရမှာ စိုးလို့ပါ။ အမိုးက စာနာတတ်ပုံ ရပါကယ်။ အရေးကြီးတာက သဲဆူးပဲ။ သဲဆူးက ကိုယ့်ကို ချစ်တယ်ပြောရင် အရာရာပြေလည်သွားမှာပဲ"

"အမယ်. . . ပြောတတ်တယ်"

တိုးညင်းသော ရယ်သံလေးပျံ့လွင့်လာ၏။ ကလေးပါးစပ်က အဖြေမပေးသော်လည်း မျက်လုံးများက အဖြေပေးလိုက်ကြောင်း သိလိုက်ရ၏။

"မာမီက ပြောတယ်။ နော်ရင်မွေးကလှတယ်တဲ့။ ဒီတော့ ကိုယ်ကလည်း ပြန်ပြောလိုက်တယ်။ နော်သဲဆူးက ပိုလှတယ်လို့"

"ကြည့်စမ်း အားကြီးမြှောက်နေ"

"မမြှောက်ပါဘူး။ လိုတောင်လိုသေးဘယ်။ သဲဆူးကိုတစ်သက်လုံး ထိုင်ကြည့်ချင်နေတာ"

"အဘွားကြီးဖြစ်တော့ရော"

"တိုးလို့ချစ်တာပေါ့။ အချိန်ကြာလေ ချစ်လေ။ ခွဲမရလေပဲ။ ဆူးမခေါ်



တုန်းက ရင်ထဲမှာ ကမ္ဘာမီးလောင်နေသလိုပဲ။ ကဲ. . .ပြောစမ်းပါ ဆူးရယ်၊ ဒီမျက်လုံးလေးက အဖြေပေးနေပြီ။ ဒီပါးစပ်ကပဲ အဖြေပေးဖို့ပဲလိုတယ်"

ချွဲနွဲ့၍ စကားပြောတတ်သော အောင်နေဦးစကားတွင် ကလေးတစ်ယောက် နစ်မျောသွားလေပြီဖြစ်ကြောင်း ခန့်မှန်းလိုက်ရသည်။

"သူပြန်တော့ကွယ်။ တော်ကြာ မိုးလာရင်တွေ့နေဦးမှာ"

"တွေ့လည်း ပြောလိုက်မယ်"

သူတို့နှင့် နံရံတစ်ချပ်တည်းခြားသော ဘေးနေရာတွင် ရှိနေကြောင်း မသိကြပေ။

"ကဲပါ၊ သူ့မာမီကို ဖွင့်ပြောပြီးလို့ သဘောတူတယ်ဆိုမှ ပြောမယ်ကွယ်"

"ခုပြောလိုက်ပါ ဆူးရယ်။ ကိုယ်သွားရတာ စိတ်ဖြောင့်ပါရစေ ဟိုကောင်ကြီး မောင်မောင်သက်ကလည်း ဆူးကို သဘောကျနေတာ ဗိုလ်ကြီးတင်ဦးက ဆူးရဲ့အမေကို ကျိတ်ပိုးပိုးနေတာ"

"ဟင်း. . . အမိုးကိုတော့ ပိုင်းနေတာပဲ။ ဒါပေမဲ့ မိုးက ငယ်ငယ်ကတည်းက လုံးဝမစဉ်းစားပါဘူး။ သဲဆူးကို သိပ်ချစ်တာ"

"ကဲပါဆူးရယ် စကားကို ဝေ့လည်လည်မလုပ်ပါနဲ့။ ပြောတော့ဗျာ။ တိုးတိုးလေးပြော။ တော်ကြာ မိုးလာတဲ့အထိ မပြောမချင်း စောင့်နေမှာဗျ"

စကားသံလေးများတိတ်သွားသည်။ ရင်ထဲမှာ ဒိန်းခနဲ မြည်ဟည်းသွား၏။ အတန်တန်မှာထားလျက်နဲ့ ကလေးအဖြေပေးလိုက်ပြီလား။

"အို ဘာလုပ်တာလဲ လွှတ်ကွယ်။ အမိုးနဲ့ကြီးကြီးမြင်သွားမယ်။ သူမကဲနဲ့ကွယ်။ ပြောလည်း ပြောရသေးတယ်။ မိုးသိရင် စိတ်ဆိုးမှာပဲ"

တင်းထားသမျှတို့ကို လျှော့ချလိုက်မိသည်။ ရင်ထဲမှာ ဒဏ်ရာရနေသော မိမိနှလုံးသားကို အပြီးအပိုင် ဆွဲထုတ်လိုက်သလို ခံစားလိုက်ရ၏။ ဆုံးရှုံးမှု ကြေကွဲမှုများကား ရင်ထဲသို့ အလုံးအရင်းနှင့် ပြေးဝင်လာပြီး တင်းကျပ်စွာ ပူလောင်လာလေပြီ။

အိမ်နောက်ဘက် လက်ပံပင်တွင် လက်ပံပွင့်တို့ကား ရဲရဲနီနေ၏။ ဆက်ရက်ကလေးများက ဆူညံစွာ အော်ဟစ်ရင်းက လက်ပံပွင့်လေးများကို စားသောက်ပျော်မြူးနေကြသည်။ လက်ပံပွင့်ကလေးများက မြေပြင်ပေါ်သို့

တဖြုတ်ဖြုတ်ကြွေကျနေ၏။

ကျနေကား လွန်စွာပူပြင်းလှသည်။ နေပူပူပန်းရဲရဲနှင့် ဆူညံနေသော အသံများက မိမိရင်တွင်းမှ ရင်ခုန်သံနှင့် ရောထွေးကာ တစ်လောကလုံး တော်လည်းသံကြီး မြည်ဟည်းသကဲ့သို့ ဆူညံနေ၏။ ထို့ကြောင့် လက်ပံပင် အောက်မှ အပြေးကလေးထွက်လာပြီး မိမိတို့ခြံနောက်ဘက်သို့ ဦးတည် ရာမဲ့ ထွက်လာသည်။ ခြံစည်းရိုးအပြင် ဗိုက်ခင်းများက နေပူဒဏ်အောက် တွင် ညှိုးနွမ်းနေ၏။ မလှမ်းမကမ်းမှ သရက်ပင်အောက်ရှိ အိုင်လေးထဲတွင် ဘဲလေးနှစ်ကောင် ကူးခတ်နေသည်။

ပျံ့လွင့်နေသောစိတ်များက ဦးတည်ရာမဲ့နေသည်။ ငေးမိငေးရာ ငေးနေ မိ၏ ၊ မျ...ဝန်းထဲတွင် ထိုဘဲလေးနှစ်ကောင် ရေထဲတွင် ပျော်မြူးစွာ ကူးခတ် နေသည်ကို ငေးကြည့်နေမိသည်။

အတွေးထဲမှာ ကလေးသည် မိမိရင်တွင်းမှနေ၍ အချစ်ရှိရာသို့ ဦးတည် ပြီး မိမိအား ဆန့်ကျင်ကျောခိုင်း ထွက်ခွာပြေးလာပြီဖြစ်သည်။ အောင်နေဦး သည် ကလေးနှင့်ပတ်သက်လာကတည်းက မိမိရင်ထဲမှ ကလေးကို ဆွဲထုတ် လိမ့်မည်ဟု မျှော်လင့်ခဲ့မိသည်။ မိမိမျှော်လင့်သည့်အတိုင်း ဖြစ်နေပေပြီ။

"ကတော်. . . ကတော်. . . ကတော်"

ထိုစဉ် မိမိရပ်နေသော ဆီးပင်ရင်းမှ ကြက်နီမကြီးသည် အစာရှာနေရာမှ ရုတ်တရက် ထအော်လိုက်၍ အတွေးပျောက်သွားသည်။

အစာကိုသာ မဲရှာနေသော ကြက်နီမကား သားပျောက်သွားသည်ကို သတိမထားမိဟန်တူသည်။ ယခုမှ သားပျောက်မှန်းသိ၍ အလန့်တကြား ထအော်လိုက်ခြင်းဖြစ်၏။

"ကတော်. . . ကတော်. . . ကတော်. . . "

ကြက်နီမသည် ဟိုပြေးသည်ပြေးနှင့် တစာစာအော်ဟစ်ရင်းက ရင်သွေး ငယ်များကို ရှာဖွေနေသည်။ မိမိလည်း ပူပန်စွာဖြင့် ငိုင်းရှာပေးလိုက်မိသည်။ ကြက်ငယ်လေးတွေ ဘယ်ကို အလည်လွန်နေတာလဲ။

"ကတော်. . . ကတော်"

"ဟာင်. . . "

သူ့သားများကို တွေ့သွားဟန်နှင့် ကြက်နီမကား သရက်ပင်အောက်သို့ ပြေးသွားလေသည်။ သရက်ပင်အောက်ရှိ ရေအိုင်ငယ်မှ ဘဲလေးနှစ်ကောင်



က အသံပြု၍ ပြန်ထူးလေသည်။ ကြက်နီမကား ရေအိုင်စပ်တွင် ရပ်လျက် အတောင်တခါခါ လည်တဆန့်ဆန့်နှင့် ရင်သွေးငယ်များကို စိုးရိမ်တကြီး အော်ခေါ်နေသည်။

ဘဲလေးများကလည်း ကြက်နီမကို ပြန်အသံပြုကြ၏။

"ကြော်. . . "

ကြက်မကြီးရင်ငွေ့နှင့် ပေါက်ဖွားလာသော မျိုးမတူ ဘဲလေးများ ဖြစ် သည်။ ဝမ်းနှင့်လွယ်မမွေးရသော်လည်း ရင်ငွေ့နှင့် မွေးဖွားပေးရသော ရင်သွေးများအတွက် ပူပန်နေရှာသည်။ ဘဲငယ်လေးများကမူ မိခင်၏ ပူပန် မှုကို မသိဘဲ မိခင်အား အသံပြုလိုက် ရေထဲခေါင်းလျှိုငုပ်လိုက် အတောင် ပေါက်ကလေးများကို ခါလိုက်နှင့် ပျော်မြူးနေသည်။

ရေစပ်မှ ကြက်မကြီးမှာမူ စိုးရိမ်ပူပန်စွာဖြင့် ရင်ကွဲမတတ် အော်ဟစ် နေလေ၏။

ထိုမြင်ကွင်းကို ကြာရှည်စွာ မကြည့်ရက်နိုင်သောကြောင့် မျက်နှာကို လက်ဖဝါးနှင့်အုပ်ရင်း အားပါးတရ ရှိုက်ငိုလိုက်သည်။

ကြက်နီမ၏ အော်သံကား တစ်လောကလုံးကို စိုးမိုးနေလျက်။

❑

## အခန်း ၁၈

"အမိုး၊ ဦးဦးစိုးတို့ခြံကို ဘာလို့ သွားမလည်တာလဲဟင်။ ဦးဦးစိုးက ခဏခဏခေါ်နေတာ အားနာစရာကြီး။ ကလေးတော့ သွားလည်တာပဲ။ သိပ်ပျော်စရာကောင်းတာပဲမိုးရဲ့။ တစ်ထပ်တိုက်ပုလေးပေမယ့် ခြံကိုအသာ ပေးပြီး ဆောက်ထားတာ။ အမိုးက သစ်ခွကြိုက်တတ်တာလည်း ဦးဦးစိုးက သိတာပဲ။ အမိုးအကြိုက်ဆုံး သစ်ခွက ရတနာရွှေခက်ဆို ဟုတ်လားဟင်"

ကလေးပြောသမျှကို နားထောင်ရင်းက ရင်ထဲမှာ နွမ်းလျသွားသည်။ ကလေးသည် အစ်ကိုစိုးထံ ကြိုသလိုလိုနှင့် ဝင်သွားသည်မှာ နှစ်ခါရှိလေပြီ။

"ဟင်. . . ဟုတ်လားအမိုး။ မိုးကြိုက်တယ်လို့ဆိုပြီး ရတနာရွှေခက်တွေ အများကြီး စိုက်ထားတယ်"

"မကြိုက်ပါ ဘူး"

ဆရာနှင့်ဝေးကတည်းက ထိုပန်းကို ဘုရားမှာသာလှူသည်။ တစ်ခါမျှ မပန်ခဲ့၊ ယွန်းသေ တ္တာလေးထဲတွင် ဆရာပန်ပေးခဲ့သော ရတနာရွှေခက်လေးက ဟောင်းနွမ်းနေသော်လည်း မိမိရင်ထဲတွင် သစ်လွင်တောက်ပနေဆဲ ဖြစ်သည်။

"ဟုတ်တယ်မိုးရဲ့။ ကလေးက အံ့သြသွားတာ၊ မိုးက ပန်းတိုင်းမပန် တတ်တာပဲ။ သူ့အသေအချာပြောတာ မယုံရင် မေးကြည့်တဲ့"

"စံပယ်၊ ကြက်ရုံးတွေလည်း မရှိဘူးလား"

တဝါးမနှစ် သက်သော စံပယ်ပန်းကို ရည်စူး၍ မေးလိုက်သည်။ ကလေးက ခေါင်းလေးငဲ့ပြီး စဉ်းစားရင်းက—



"ဟင်း. . . စံပယ်တစ်ရုံနှစ်ရုံတော့ တွေ့တယ်။ အပွင့်မပွင့်တော့ ဘာ စံပယ်မှန်း မသိပါဘူး။ မမေးမိပါဘူး"

သက်ပြင်းလေး သဲ့သဲ့ချလိုက်သည်။ ကလေးသည် မိမိမသိဘဲ ဖုံးကွယ်တတ်လာလေပြီ။ မိမိ တားမြစ်ထားသောအမှုကို တိတ်တခိုး လုပ်တတ်လာလေပြီ။

အောင်နေဦးနှင့် အစ်ကိုစိုးတို့ခြံထဲတွင် မကြာခဏ ချိန်းတွေ့တတ်ကြောင်းကို သတင်းရထားသည်။

အောင်နေဦးအား အဖြေပေးပြီးကြောင်းကိုလည်း မိမိမသိအောင် ဖုံးထားသည်။ အစ်ကိုစိုးထံ မကြာခဏ သွားလည်ကြောင်းကိုလည်း ဖုံးကွယ်ထားသည်။ တလောက အစ်ကိုစိုးသည် ကားလွှတ်ပြီး သူ့ခြံအတွင်းသို့ မိမိတို့သားအမိအား ဖိတ်ခေါ်မှ သတိထားမိလိုက်၏။ ကလေးသည် ဒရိုင်ဘာနှင့် အတော်လေး ရင်းနှီးနေကြောင်းကို တွေ့လိုက်ရ၍ ရင်ထဲမှာ တုန်လှုပ်သွားမိသည်။

မိမိသည် အလုပ်ကိစ္စအကြောင်းပြ၍ ကလေးနှင့် အစ်မကြီးကိုသာ ထည့်လိုက်သည်။ အစ်မကြီးပြန်လာသောအခါ အစ်မကြီး၏သတင်းပေး ချက်အရ ကလေးကို အစ်ကိုစိုးက မကြာခဏ ကားနှင့် လာခေါ်တတ်သည် ဟု ပြောပြ၍ သိလိုက်ရသည်။

ထိုအကြောင်းကို သိရကတည်းက မိမိစိတ်ထိခိုက်ရလေပြီ။ ရင်ထဲတွင် ကလေးသည် မိမိအား ခွဲခွာ၍ သွားတော့မည်လား။

"ဦးဦးစိုးအိမ်က အိမ်ရှင်မ မရှိတော့ ပစ္စည်းတွေအားလုံး စနစ်တကျ ရှိပေမယ့် လှအောင် မပြင်တတ်ဘူး အမိုးရဲ့။ ဦးဦးစိုးက ကလေးကို ဦးဦး ဒေါက်တာလိုပဲ သိပ်ချစ်တာ"

မိမိက ကလေးစကားကို မကြားသလိုပြု၍ ငြိမ်နေတော့မှ ကလေးသည် မိမိသဘောကို ရိပ်မိကာ အစ်ကိုစိုးတို့ခြံအကြောင်း မပြောတော့ပေ။

ကလေးသည် မြေလွှာကိုငုံ့မကြည့်ဘဲ မိုးသို့ မျှော်ကြည့်တတ်လေပြီ။ အစ်ကိုစိုး၏ဂုဏ်ရှိမှု ချမ်းသာကြွယ်ဝမှုတို့ကို အားကျနေ၏။ မိမိအား ပြော၍မရသောအခါ အစ်မကြီးအား မစားရဝခမန်း ပြောတတ်သည်။ ထို အခါတိုင်း မိမိရင်နင့်ရ၏။

မိမိအဖို့ ကလေးအတွက် ဆင်းရဲစွာ တပင်တပန်း ရုန်းကန်ရှာဖွေနေ

ရသည်မို့ ကလေးအလိုရှိတိုင်း မဖြည့်ပေးနိုင်ပေ။ ကလေးသည် ဆေးကျောင်းသူအတော်များများ၏ ချမ်းသာကြွယ်ဝမှုကို အားကျရှာပေလိမ့်မည်။ စက်ဘီးနှင့် ကျောင်းတက်ရခြင်းထက် ကိုယ်ပိုင်ကားနှင့် ကျောင်းတက်ရခြင်းကို ပိုနှစ်သက်ပေလိမ့်မည်။

ကလေးအား မည်ကဲ့သို့ ပြန်လည်ပြောင်းလွဲပေးရမည်ကို မသိတော့ပေ။ ကလေးပြောင်းလွဲမှုကို ဒေါက်တာဟန်ကြည်ကပင် သတိထားမိဟန်တူသည်။

ထို့ကြောင့် ကလေးထံရေးသော စာများထဲတွင် မသိမသာဆုံးမထား၏။

"ဦးဦး ကလေးဆီ စာမရေးနိုင်ဘူး၊ ခရီးထွက်နေလို့ပါ ကလေးရယ်။ ဦးဦးလေ ရှမ်းပြည်နယ်ကနေ ကယားပြည်နယ်အထိ ရောက်သွားတယ်။ ဆေးကုသွားရင်းကနေ လူနာတွေ နောက်လိုက်ရင်းနဲ့ ကယားပြည်နယ်ထဲ ဝင်သွားတယ်။ ဖယ်ခုံကနေ သွားတာပဲလေ။ ဖယ်ခုံကနေ မိုးဗြဲနယ်ထဲရောက်သွားတယ် ကလေးရေ။ ဆရာဝန်မရှိတော့ လူနာတွေဆိုတာ မရှိဘူး။ သူတို့ရိုးရာဆေးမြီးတိုတွေကလည်း စွမ်းပါတယ်။ သူတို့အကုခံတာ မွေးလူနာပဲရှိတာပဲ။ ဒါတောင် လက်သည်မနိုင်လို့ ရောက်လာတာ။ အဲဒီအခါမျိုးဆို ကလေးရဲ့အမိုးကို သိပ်သတိရတာပဲ။ ဦးဦးနဲ့အမိုးတို့ ခမုံရွာက နော်ထူးကြည် မွေးလေးကို မွေးပေးတုန်းကဆို ဦးဦးက လူကြီးအသက်ကို လုနေချိန်မှာ အမိုးက ကလေးအသက်ကို လုနေရတယ်။ အခုဆို နော်ထူးကြည်မွေး တစ်ယောက် ကလေးအရွယ်လောက်ရှိရောပေါ့။ သူဟာ ကလေးလို ဆရာဝန်မကြီးဖြစ်မလား။ ဒါမှမဟုတ် ကျောင်းဆရာမကြီး ဖြစ်မလား။ စာရေးမဖြစ်မလားပဲ။ ဒါမှမဟုတ် ဘာမှမဖြစ်ဘဲ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ပြုပြီး သားသမီးတွေ မွေးပြီး ခမုံလေးမှာပဲ ဇာတ်မြုပ်လိုက်မှာလား။ ဩော်... ကလေးရယ်ရွာက ကလေးတွေက ရွာမှာကြီး ရွာမှာပဲ အခြေချ၊ ရွာမှာပဲခေါင်းချနဲ့ သူတို့ဘဝကို ရင်နာလိုက်တာ။ ကလေးက သိပ်ကံကောင်းတာပဲ။ ကလေးရဲ့အမိုးက သူရောကလေးရော ရုန်းထွက်လာနိုင်တာပဲ။

ခုဆို ဟိုကရင်ရွာလေးက နော်သဲဆူး မဟုတ်တော့ဘူးပေါ့ ကလေးရယ်၊ ဦးဦးလည်းလေ အမိုးလိုပဲ။ နော်သဲဆူးပေါင်း မြောက်မြားစွာ



မွေးပေးပြီး ပြုစုပေးရတာ။ နေ့မှာ ဆေးကု ညမှာစာသင်လေ။

"ကလေးရဲ့အမိုးကလည်း အဲဒီလို ရည်ရွယ်ထားတာ။ ညမှာစာသင်နေ့မှာ ဆေးကုလေ။ ဦးဦးကတော့ ကလေးကို အများကြီးမျှော်လင့်နေတယ်။ ကလေး နောက်နှစ်ဆို ဆရာဝန်မကြီး ဖြစ်ပြီးနော်"

ဒေါက်တာဟန်ကြည်ကား ကလေး၏ ယိမ်းယိုင်နေသောစိတ်ကို တည့်မတ်ပေးရှာသည်။ ကလေးက မိမိအား နော်ထူးကြည်မွေး အကြောင်းမေးသောအခါ မိမိက စိတ်ဝင်စားဖွယ်ရာ ပြောပြလိုက်၏။ ထိုအခါ ကလေးက စုတ်တသပ်သပ်နှင့် စိတ်မကောင်း ဖြစ်နေရှာသည်။

"မိုးတို့ရှိလို့နော်။ တော်သေးတာပေါ့"

"ကလေးရယ်၊ ကလေးဟာ အလွန်ကံဆိုးပါတယ်။ ကလေးတုန်းကဆို ဘယ်သူ့မှမရှိဘူး။ ကလေး အသက်ရှင်လာတာတောင် ကံကောင်းတယ်"ဟု

ရင်ထဲမှာရေရွတ်ရင်းက ကလေးမျက်နှာလေးကို တစိမ့်စိမ့် ငေးကြည့်နေမိသည်။ ကလေးသည် မိမိနှင့် လက်တွဲရန် ဝန်လေးနေပြီလား မသိပေ။

"မိုးတော့လေ ကလေးကို ဆရာဝန်မကြီး မြန်မြန်ဖြစ်စေချင်ပြီ။ ကျေးရွာတွေကိုဆင်းပြီး မိုးတို့သားအမိနှစ်ယောက် ဆေးကုကြမယ်နော်၊ တကယ်တော့ ဆရာဝန်တွေ နားကျပ်နဲ့အပ်ဖျားဟာ လူနာတွေအတွက် ပျောက်စေ ဆေးကြိမ်လုံးပါကွယ်။ ဆေးမရှိတဲ့ဒေသ၊ ဆရာဝန်မရှိတဲ့ ဒေသတွေကိုသွားရင် ပိုကုသိုလ်ရပါတယ် ကလေးရယ်။ ရေများရာ မိုး မရွာဘဲ မိုးခေါင်ရေရှားအရပ်တွေမှာ မိုးရွာပေးရင် လောကကြီးမှာ မျှတမှုဆိုတာ ရှိလာမှာပေါ့"

ကလေးက အနည်းငယ် ငေးငိုင်သွားသည်။ သို့သော် သတိထား၍ မျက်နှာထားပြင်လိုက်ရင်းက စကားကို သိသိသာသာ လွှဲပစ်လိုက်လေ၏။

"ကလေးကျောင်းပြီးတော့ ပြောကြတာပေါ့ မိုးရယ်။ ကဲပါ ကလေးထမင်းဆာပြီ။ ရေချိုးပြီးရင် ထမင်းစားကြမယ်နော်"

ရင်ထဲမှာ နွမ်းလျသွားသည်။ ကလေး ကတိမပေးဘဲ စကားလွှဲပစ်လိုက်သည်။ မိမိသည် ကလေးအတွက် ဒုတိယနေရာသို့ အလိုလိုရောက်သွားလေပြီလား။

သူ့ကို ချစ်လွန်းသောကြောင့် သူဆွဲရာသို့ လိုက်ပါပြီး သိမ်းသွင်းနိုင်လိမ့်မည်ဟု ထင်နေပုံရသည်။ ကလေးကို မယုံရဲတော့။ မိမိထက် အားကြီး

သူ အောင်နေဦးက ကလေးကို ဆွဲခေါ်သွားလျှင်–

"မိုး. . . .ရေချိုးတော့လေ။ ကလေးတောင် ချိုးပြီးနေပြီ။ တော်ကြာ ထမင်းစားမယ်နော်"

ကလေး သတိပေးလိုက်၍ အတွေးလေးများကို ဖြတ်လိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။ ကလေးက ထမင်းဝိုင်းအသင့်ပြင်ထား၏။ ထိုထမင်းဝိုင်းကိုကြည့်ပြီး ရင်ထဲမှာ အလိုလို သိမ်ငယ်သွားသည်။ အစ်ကိုစိုး၏ ထမင်းဝိုင်းကား ကြီးကျယ်ခမ်းနားသလောက် မိမိထမင်းဝိုင်းလေးကား သိမ်ငယ်လွန်းသည်။ အကောင်းကြိုက်သော ကလေးသည် မိမိထမင်းဝိုင်းလေးကို ငြီးငွေ့နေပြီလား။ အကယ်၍ အစ်ကိုစိုးသည် ကလေးအားဖွင့်ပြောလိုက်၍ ကလေးသည် သူ့အဖေနှင့် လိုက်နေစေကာမူ မိမိရော လိုက်နေနိုင်ပါ့မလား။

"ဟင်. . . မိုး၊ ထမင်းလည်း ဘာမှမစားပါလား"

"အေးကွယ်၊ ဟုတ်ပါရဲ့"

ရင်ထဲမှာ အလိုလိုပြည့်ကျပ်ပြီး ထမင်းမစားနိုင် ဖြစ်သွားသည်။

"ဟင်း. . . နေ့လယ်က သွားရေစာ အစားများသွားလို့ကွယ်"

ကလေးက မျက်နှာသိပ်မကောင်းပေ။ စောစောက ကလေးနှင့် မိမိတို့ သဘောထား အနည်းငယ် သွေဖည်ပြီး ညှိမရ ဖြစ်နေသည်ကို သူသိသည်။ မိမိအနေနှင့် မည်သည့်နည်းနှင့်မဆို ကလေးအား ဖွင့်အတင်း ပြော၍ ဆွဲခေါ်ရမည့်အရွယ် မဟုတ်တော့ပေ။ အစ်ကိုစိုးအား စွန့်ခွာစဉ်က ငယ်စိတ်နှင့် ကြမ်းခဲ့ရ၏။ ကြောက်ရွံ့နေသော ကလေးအား ဇွတ်အတင်းဆွဲခေါ်လာသည်။ ထိုစဉ်က ကလေးသည် သူ့ဖခင်အား အလွန်တွယ်တာနေသည့် အရွယ်ဖြစ်၏။ မိမိသင်တန်းတက်နေစဉ်တွင် ဖခင်နှင့်အဘွားကို ကပ်၍ ပိုတွယ်လာခဲ့သည်။ ဒေါသကြီးနေသော မိမိအား ကြောက်ရွံ့၍သာ တစ်ကိုယ်လုံး တုန်ရီစွာဖြင့် မိမိနောက် ပါလာခဲ့သည်။ ထိုစဉ်က ကလေးသည် အသိမကြွယ်သေးသည့် ပီတိလေးအရွယ်ဖြစ်သည်။ ယခု ကလေးသည်–

လေပူလုံးကို တစ်ချက် မှုတ်ထုတ်လိုက်ရင်း ခေါင်းကို ခါရမ်းလိုက်၏။ အပြင်ဘက်တွင် မှောင်ရီရီဖြစ်ပြီး ည၏နက်ရှိုင်းမှုဘက်ကို တစ်စတစ်စ ကူးပြောင်းလာနေလေပြီ။

* * *



"ရင်မွေးရယ် ပေါင်းစပ်မရတဲ့ ဘဝနှစ်ခုဟာ ထပ်မံ ဝေးကွာခဲ့ပြန်ပြီပဲ။ အခြေအနေမပေးဘဲ ကံကြမ္မာက ခွဲခွာဖို့ ဖန်လာခဲ့တယ်။ အခြေအနေပေးတော့လည်း သမီးကြောင့် ခွဲခွာရပြန်ပြီ။ ဘယ်သူ့ကြောင့်လို့မှ အပြစ်မတင်ချင်ပါဘူး ကလေးရယ်။ အခု ဆရာတောင်းပန်ချင်တာက တကယ်လို့များ သမီးလေးက အစ်ကိုစိုးကို လက်ခံခဲ့ရင် ရင်မွေး အစ်ကိုစိုးနဲ့ ပြန်ပေါင်းပါကွယ်။ အစ်ကိုစိုးဘဝ ခြောက်သွေ့လွန်းပါတယ်။ သူလည်း သူ့ရင်သွေးကို တွယ်တာရှာလိမ့်မယ်။ ရင်မွေးကတောင် ဒီလောက်တွယ်တာနေရင် အစ်ကိုစိုးက ပိုတွယ်တာရှာမှာပေါ့။ အနေနီးတဲ့ သံယောဇဉ်က တစ်မျိုး၊ သွေးသားတော်စပ်ပြီး ဖြစ်ပေါ်လာတဲ့ သံယောဇဉ်က တစ်မျိုး၊ သွေးပေါ့ကွယ်။ ဆရာနဲ့ ဒေါက်တာဟန်ကြည်တောင် သမီးလေးကို ချစ်ကြရင် အစ်ကိုစိုးက ပိုချစ်မှာပေါ့ ညီမရယ်။ သူ့အဖေရင်းနဲ့အတူ ပေါင်းစပ်နေပါစေကွယ်။ မာနတွေ လျှော့ချလိုက်တော့နော်။ အစ်ကိုစိုးလည်း အတော်လေး နောင်တရနေပါပြီ။ ဆရာ့ကိုချစ်တဲ့ရင်မွေး၊ ဆရာ့စကားကို နားထောင်တဲ့ ရင်မွေးဟာ ဒီတစ်ခါလည်း နားထောင်မယ်လို့ ထင်မိတယ်။ နားထောင်ပါနော်။ မိသားစု စည်းစည်းလုံးလုံး နေတယ်လို့ ကြားရရင် ဆရာဝမ်းသာပြီး ရင်မွေးတို့သားအမိအတွက် စိတ်ချသွားပြီပေါ့"

မျက်ရည်ပွင့်နှစ်ပွင့်သည် စာရွက်ဖြူပေါ်သို့ အလန့်တကြား ခုန်ဆင်းလာခဲ့၏။ ချစ်ဦးသူပေးသော ပထမဦးဆုံးနှင့် နောက်ဆုံးစာလေးတစ်စောင်ပင် ဖြစ်သည်။

မေတ္တာတွေ စွန့်လွှတ်မှုများစွာဖြင့် ပေးလှူနေသော ဝေဿန္တရာ လက်သစ်ကျောင်းဆရာကြီးပါလားဟု တီးတိုး ရေရွတ်ရင်း နာကြည်းစိတ်နှင့် စာရွက်ကို လုံးချေလိုက်သည်။ ထို့နောက် စိတ်ရှိလက်ရှိ ငိုရှိုက်ပစ်လိုက်မိ၏။

မိမိအတွက် ဘယ်တော့မှ ညှိုးနွမ်းလိမ့်မည်ဟုမထင်သော သစ်ခွပန်းခြောက်လေးကို ထုတ်ကြည့်လိုက်သည်။

"တစ်ကမ္ဘာလုံး ပန်းတွေပေါမှန်း လှမှန်း သိတာပေါ့။ ဒါပေမဲ့ ကိုယ့်ချစ်သူပေးတဲ့ ပန်းနဲ့တူသလား"

ဒေါသသံလေးစွက်၍ ပြောလိုက်သော ဆရာ့အသံက အနားမှာ ပြောသလို နားထဲက မထွက်ပေ။

ဆရာတိုက်တွန်းသကဲ့သို့ အစ်ကိုစိုးနှင့် ပေါင်းစပ်ကြည့်မိသည်။

ကလေးကရော ပျော်မည်လား။ အမိုးနဲ့ဖေဖေ ဘာလို့ ကွဲရသလဲ မေးလျှင်–

ဖေဖေက ဖောက်ပြန်လို့ အမိုးက စိတ်နာပြီး ထွက်လာတယ်ဟု ပြောမည်။ ဒီကိစ္စကအေးသွားပြီး ကလေးနှင့် ပတ်ဝန်းကျင်က နားလည်ပေမည်။

ဒါဆို ကလေး ဆရာဝန်မကြီးဖြစ်လို့ မိုးနဲ့အတူ ဆေးမရှိတဲ့ဒေသ၊ ဆရာဝန် မရှိတဲ့ဒေသ သွားပါဆိုလျှင် ကလေးက "ဖေဖေတစ်ယောက်တည်း မထားခဲ့ချင်ဘူး"ဟူသော ပြဿနာလေးများ ရှိလာဦးမည်။

ပြီးတော့ အစ်ကိုစိုးကို မချစ်ဘဲနှင့်တော့ တစ်နှစ် နှစ်နှစ်ကလေး ပေါင်းစပ်၍ မနေနိုင်။

လျှောက်ရမယ့် လမ်းချင်းမတူပါဘူး ဆရာရယ်။ ရင်မွှေးကို ဒုက္ခမပေးပါနဲ့တော့။

ရင်မွှေး ရည်ရွယ်ချက်အတိုင်း ကလေးနဲ့ပဲသွားတော့မယ်။ တကယ်လို့ ကလေးမလိုက်ရင်–

ထိုအတွေးကြောင့် ရင်ထဲ ဖြောင်းဆန်အောင် လှုပ်ရှားရုန်းကန်သွားသည်။ အသက်ရှူရပ်မတတ် စိတ်လှုပ်ရှားသွား၏။

"ဘယ်လိုမှ တွေးမရပါဘူး ဆရာရယ်"

စောစောက လုံးချေထားသော စာလေးအား ပြန်ခေါက်ပြီး ပန်းခြောက်ထည့်ထားသည့် ပွန်းသေတ္တာလေးထဲသို့ ထည့်လိုက်သည်။ ဆရာသည် ဒေါက်တာဟန်ကြည်၏သတင်းပေးချက်အရ အစ်ကိုစိုးနှင့် ပြန်တွေ့သည်ကို သိပေလိမ့်မည်။

ဒေါက်တာဟန်ကြည်ထံသို့ ကလေးက စာရေးအကြောင်းကြားပေလိမ့်မည်။ ဒေါက်တာဟန်ကြည်သည် မိမိအချစ်ကို မရစေကာမူ ကလေး၏ အားကိုးတိုင်ပင်ခြင်း၊ လေးစားခြင်း တွယ်တာခြင်းဟူသော မေတ္တာများကို ရခဲ့သူပင် ဖြစ်ပါသည်။

"ရင်မွှေး"

ရုတ်တရက် အိမ်ရှေ့မှခေါ်သံကြောင့် မျက်ရည်များကို ကမန်းကတန်းသုတ်လိုက်ပြီး အိမ်ရှေ့သို့ ပြေးထွက်လာခဲ့သည်။ အစ်ကိုစိုး ကားတံခါးတွင် မားမားရပ်နေ၏။

"ဩော်. . ."



ခွဲခွာရသည့် သုံးလေးလအတွင်း အစ်ကိုစိုးသည် များစွာနုပျိုနေ၏။

"ရင်မွှေး နေမကောင်းဘူးလားဟင်။ အစ်ကိုဆေးရုံကို ရောက်ခဲ့သေးတယ်။ ရင်မွှေး ပြန်သွားပြီဆိုလို့ လိုက်လာတာ။ ရင်မွှေး သိပ်ပိန်သွားတယ်"

"ဟင်း ထင်လို့ပါ။ ရင်မွှေးဒီအတိုင်းပါပဲ။ ထိုင်လေ"

အစ်ကိုစိုးအား မျက်နှာချင်းဆိုင်ရမှာ ငန်လေးနေမိသည်။ အစ်ကိုစိုးက ပက်လက်ကုလားထိုင်မှာ ဝင်ထိုင်လိုက်၏။ မိမိက ကလေးစာကြည့်စားပွဲမှာ ထိုင်ရင်း အစ်ကိုစိုးကို မသိမသာ အကဲခတ်မိ၏။ အစ်ကိုစိုးလာခြင်းသည် အကြောင်းတစ်စုံတစ်ရာ ရှိ၍သာ လာခြင်းဖြစ်ပေလိမ့်မည်။ ထို အကြောင်းအရာကား မိမိရင်ကိုခွဲမည့် အကြောင်းကလွဲ၍ မည်သည့် အကြောင်းမျှ မဖြစ်နိုင်ပေ။

"ရင်မွှေးနဲ့ အစ်ကိုစိုးတို့ ပြေပြေလည်လည် ဆွေးနွေးညှိနှိုင်းချင်တယ်"

အလိုလို ပြုံးလိုက်မိသည်။ အစ်ကိုစိုးလည်း သူ့ကိုယ်သူ အပျိုလှည့်လာသော လူပျိုကာလသားတစ်ဦးကဲ့သို့ တက်ထရက်ဘောင်းဘီနက်ပြာနှင့် စပို့ရှပ်အကျႌ မီးခိုးနုလေးကို ဝတ်ထားသည်။ အကျႌအိတ်တွင် ငှက်ကလေးတစ်ကောင် နားနေ၏။ ထိုအခါ အစ်ကိုစိုးသည် အသက် ၅၈ နားနီးနေသော အဘိုးကြီး မဟုတ်တော့ပေ။

အစ်ကိုစိုးသည် မိမိအား တဝါးမရှိစဉ် အလှအပကို ငေးမော၍ နှစ်သက်တတ်သော ခုနစ်တန်းကျောင်းသူ ဘဝကတည်းက သိကျွမ်းခင်မင်လာ၍ အလှအပကို မြတ်နိုးကိုးကွယ်တတ်သော နော်ရင်မွှေးအား ဆက်ဆံသကဲ့သို့ ဆက်ဆံချင်နေလေပြီလား"

လယ်သူကြွယ်တွင် ဝင်းဝင်းလက်နေသော စိန်တစ်လုံးလက်စွပ်ကို ဝတ်ထား၏။ ပြောင်လက်နေသော ကြမ်းပေါ်တွင် ဖိနပ်မချွတ်ဘဲ နင်းထား၏။ သို့သော် သူ့ဖိနပ်တွင် ဖုန်မရှိပါ။ သူသည် မြေကြီးကိုပင် နင်းမိချင်မှ နင်းမိပေလိမ့်မည်။

ယခု အစ်ကိုစိုး စီးလာသောကားသည် တိုယိုတာဟိုင်းလက် အမျိုးအစားဖြစ်၏။ ယခင် မိမိတို့မိသားစုအား ထမင်းစားလာခေါ်စဉ်က ကားသည် ဘောက်စ်ဝက်ဂွန်း အဖြူလေးဖြစ်၏။ ကလေးပြောပြချက်အရ အစ်ကိုစိုးတွင် ကားနှစ်စီးရှိပြီး ဌာနမှပေးသော ကားတစ်စီးလည်းရှိကြောင်း သိရ၏။ ထို့ကြောင့် ရင်ထဲမှာ မသိမသာပြုံးမိသည်။ အစ်ကိုစိုးသိခဲ့သော

နော်ရင်မွေးအား အစ်မတဝါးမ မဆုံးခင်က နော်ရင်မွေးအနေနှင့် ဆက်ဆံနေသလား။

တကယ်တော့ နော်ရင်မွေးသည် အပါးနှင့် အစ်မဆုံးပြီးကတည်းက ဥစ္စာပစ္စည်းကို မြတ်နိုးတွယ်တာမှု မရှိတော့ဘဲ တစ်ခုတည်းသော ဦးတည်ချက်ဖြင့်သာ လူ့လောကမှာ ရပ်တည်နေကြောင်း မသိခဲ့ပေ။

"အစ်ကိုစိုး ပြောတာကို ကြားရဲ့လား ရင်မွေး"

ရုတ်တရက် လန့်သွားပြီး ပြုံးလိုက်မိ၏။

"ပြော်. . . ပြောလေအစ်ကိုစိုး။ ရင်မွေးနားထောင်နေသားပဲ"

အစ်ကိုစိုးက သဘောကျစွာ ပြုံးလိုက်သည်။ ထိုအပြုံးက မာန်ဝင့်သောအပြုံး။ သူ့အရှိန်အဝါနှင့် ချမ်းသာမှုဂုဏ်ဓနအတွက် မိမိက သိမ်ငယ်စွာ ငေးငိုင်နေသည်ဟု ထင်ကောင်းထင်ပေလိမ့်မည်။

"အစ်ကိုစိုး ပြောချင်တာက သမီးကိစ္စပဲ"

ကြိုတင်မျှော်လင့်ထားပါလျက် ရင်ထဲမှာ ဒိုင်းခနဲမြည်ဟည်းသွားသည်။

"ချစ်သောသူနဲ့ ကွေကွင်းရခြင်း ဆင်းရဲဆိုတာ ဘယ်လောက်ကြီးမားသလဲဆိုတာ ရင်မွေးလည်း အသိပါပဲ။ ဒါကြောင့် သမီးလေးကို သူ့ချစ်သူနဲ့ ပေါင်းနိုင်ပါစေလား ရင်မွေးရယ်"

"ရင်မွေးက စစ်ဗိုလ်နဲ့ သဘောတူတယ်ဆို။ မလုပ်ပါနဲ့ကွယ်။ သမီးက တကောက်ကောက်လိုက်ပြီး ပင်ပန်းနေပါ့မယ်။ ပြီးတော့ သူမှ မချစ်တာပဲ"

အစ်ကိုစိုးက ကလေး၏မေတ္တာရေးကို ခရေစေ့တွင်းကျ သိနေလေပြီ။ မိမိလည်း ဘာမျှမပြောသာတော့ပေ။ ဗိုလ်မောင်မောင်သက်ကား နယ်သို့ပြောင်းသွားလေပြီမို့ မိမိ ဘာမျှ ထပ်မစီစဉ်နိုင်တော့။

"အစ်ကိုစိုးမှာ သားထောက်သမီးခံ မရှိဘူး ရင်မွေး။ အစ်ကိုစိုးရဲ့ အမွေအနှစ်အားလုံးဟာ ဒီသမီးတစ်ယောက်အတွက်ပါ။ အခု လောလောဆယ် ရင်မွေးတို့မိသားစုကို ဆင်းဆင်းရဲရဲနေနေရတာ မလိုလားဘူး"

နော်ရင်မွေး သတိပြန်ဝင်လာပြီး တောက်ပသော မျက်လုံးနှင့် အစ်ကိုစိုးအား ပြန်ကြည့်လိုက်၏။

"ဆင်းရဲတယ်ဆိုတာ ဘာလဲအစ်ကိုစိုး"

"စောစောက အစ်ကိုစိုးပြောသလို ချစ်သောသူနဲ့ ကွေကွင်းရခြင်းဟာ ဆင်းရဲတာလား။ ဒါမှမဟုတ် ရင်မွေးမှာ စိန်ရွှေတွေ မဝတ်နိုင်တာ ဆင်းရဲတာလား။



ရုတ်တရက် အစ်ကိုစိုးသည် ဘာပြောရမှန်းမသိ။ ငေးကြောင်သွား၏။ ပြီးမှ လူကြီးပီပီ အငိုက်မိသွားသည့်အဖြစ်ကို ဖုံးကွယ်ရယ်မောရင်းက–

"အားလုံးပါတာပေါ့ ရင်မွေးရယ်။ သူများဝတ်သလို မဝတ်ရတာ လူတန်းစေ့မနေနိုင်တာ"

"နေပါဦး အစ်ကိုစိုးရဲ့။ လူတန်းစေ့မနေနိုင်တာက ဘာကိုပြောတာလဲ။ ကလေးဟာ မြန်မာပြည်ရဲ့ အမြင့်ဆုံးပညာကို သင်ရတယ်။ သူဝတ်ချင်တာ ဝတ်ရတယ်။ သူ့မှာ လက်ဝတ်လက်စားလည်းရှိတယ်။ တဝါးမရဲ့ ပစ္စည်းတစ်စုံကို သူ့မိခင်အမွေအနေနဲ့ ပေးထားတာပဲ။ မိန်းမတစ်ယောက်ရဲ့ အုပ်ထိန်းမှု အတိုင်းအတာအထိတော့ သူ ခံစားရတာပဲ။ လယ်သူမနော်ရင်မွေးကနေ သူနာပြုဆရာမနော်ရင်မွေးအဖြစ်နဲ့ ပြောင်းလဲပြီး သူ့ကို ဒီအခြေအနေထိရောက်အောင် ဖန်တီးနိုင်ခဲ့တာပဲ။ ဒါကို အစ်ကိုစိုးက အပြစ်တင်ချင်သေးလား"

မိမိစကားကြောင့် အစ်ကိုစိုးက ပျာပျာသလဲလက်ကာပြီး–

"မဟုတ်ပါဘူး ရင်မွေး။ အစ်ကို ဒီသဘောနဲ့ ပြောတာမဟုတ်ပါဘူး။ ရင်မွေးကြိုးစားမှုကို အစ်ကို ချီးကျူးပါတယ်"

"ချီးကျူးဖို့ပြောတာ မဟုတ်ဘူး အစ်ကိုစိုး။ ဘဝမှန်ကို ကလေးသိဖို့ လှည်းလမ်းကြောင်းပေါ်မှာ မွေးတဲ့ ကလေးဟာ လှည်းလမ်းကြောင်းပေါ်ပဲ ပြန်သွားရမယ်။ နော်သဲဆူးအတွက် ဘာချမ်းသာကြွယ်ဝမှုမှ မလိုဘူး။ သူက သူ့ဇာတိကို ပြန်ရမယ်။ ပြီးတော့ သူ့အမေနဲ့ သူ့အဘိုးအတွက် ရာဇဝင်ကြွေးကို ဆပ်ရမယ်။ နော်သဲဆူးကို "ဆရာဝန်မ" ဖြစ်အောင် သင်ပေးတာကိုယ်ပေါ် ကားပေါ်ကနေ နားကျပ်တစ်ချက်ရမ်းပြီး လူနာတွေဆီက အခကြေးငွေယူတဲ့ အသပြာဆရာဝန် ဖြစ်စေချင်လို့ မဟုတ်ဘူးဆိုတာ နားလည်ထားစမ်းပါ အစ်ကိုစိုးရယ်"

အစ်ကိုစိုးမျက်နှာသည် နာကြည်းခံပြင်းစိတ်ကို ဖုံးကွယ်ရင်းက ဟန်ဆောင်ပြီး ပြုံးလိုက်၏။ လူ့လောကမှာ အနေကြာလာသည့် လူအဖို့ ဤကဲ့သို့ ဟန်ဆောင်ပြုံး ပြုံးတတ်သည်။ မိမိလည်း ဒေါသကို ဖုံးရင်းက လေပြည်အေးနှင့် ပြောနိုင်အောင် ဟန်ဆောင်နေရ၏။

"ဒါက ရင်မွေးအပိုင်းလေ။ နောက်မှ ရင်မွေး ရည်ရွယ်ချက်ကို ပြောပါ။ အခု အစ်ကိုစိုးပြောချင်တာက အောင်နေဦးနဲ့သမီးကို သဘောမတူ

ဘူး၊ အဆင့်ကွာလို့ဆိုတာကို အစ်ကိုစိုး ခံပြင်းလွန်းလို့ပါ။ အောင်နေဦး မိဘတွေက အစ်ကိုစိုးရဲ့လက်ထဲမှာ။ သူတို့စီးပွားတစ်ခုလုံးဟာ အစ်ကိုစိုး ပေါ်မှာ မူတည်တယ်လေ။ သူတို့စီးပွားကျတုန်းက အစ်ကိုစိုး ပြန်မတည် ပေးတာပဲ။ ဒေါက်တာဟန်ကြည်လည်း အသိပဲ။ ဒီအသိုင်းအဝိုင်းဟာ အစ်ကိုစိုးရဲ့ သမီးမုန်းသိရင် ဘယ်သူ ကန့်ကွက်မလဲ။ သဘောတောင် ကျဦးမယ်"

ဘာမျှမပြောဘဲ အစ်ကိုစိုးကို ငေးကြည့်နေမိသည်။ ရင်ထဲမှာ နာကြည်း ခံပြင်းမှုများ၊ အံ့သြမှုများနှင့် ဆို့နစ်နေ၏။ အစ်ကိုစိုးက သူ့အပြောကြောင့် ရင်မွေး အံ့အားသင့်ပြီး ငိုင်ဆင်းသွားသည်အထင်နှင့် ဆက်ပြောလိုက်သည်။

"အစ်ကိုစိုးဆီမှာ ရင်မွေးနဲ့ လက်ထပ်ထားတဲ့ စာချုပ်ရှိသေးတယ် ရင်မွေး။ ဒါနဲ့ပြပြီး အစ်ကိုစိုးနဲ့ ရင်မွေးတို့ရဲ့ သမီးပါလို့ ပြောနိုင်တယ်။ အခန့်မသင့်လို့ ကွဲသွားကြတာပဲ။ ဘာဆန်းသလဲ။ အဲဒီတော့ အစ်ကိုစိုး တောင်းပန်ချင်တာက ရင်မွေးနဲ့သမီးတို့ ပင်ပန်းလှပါပြီ။ အစ်ကိုစိုးအရိပ် ကို ခိုပါကွယ်။ ရင်မွေးစိတ်တိုင်းကျ ဖြစ်ရပါစေမယ်"

အောက်နှုတ်ခမ်းကို တင်းတင်းဖိကိုက်ထားရင်းက အစ်ကိုစိုးကို ရူးရူး ရဲရဲ ကြည့်မိသည်။ အစ်ကိုစိုးသည် သူနှင့် ကြုံတွေ့ဆက်ဆံနေရသော သူ့အသိုင်းအဝိုင်း ပတ်ဝန်းကျင်ကို ဆက်ဆံသည့်ပုံစံနှင့် ဆက်ဆံသွားသည်။ ဤသည်ကို မိမိရင်ထဲ နာကြည်းခံပြင်းမိ၏။

"တကယ်လို့ ရင်မွေးက မလိုက်နာဘူးဆိုရင်ရော"

"ဒါဆို တရားခွင်ကနေ ဆိုင်ယူမယ်လေ"

ငယ်ငယ်ကလို ကြီးကြီးအား ကြိမ်းခဲ့သလို ဓားကြိမ်းမကြိမ်းချင်တော့။ ကလေးသည် မိမိဆွဲခေါ်ရမည့်အရွယ် မဟုတ်တော့ပေ။

"စဉ်းစားပါ ရင်မွေး။ အစ်ကိုစိုးတို့ ပထမဆုံး လုပ်ရမှာက သမီးကို အစ်ကိုစိုးရဲ့သမီးအဖြစ် လောကသိအောင် ကြေညာဖို့။ ဒုတိယက ရင်မွေး နဲ့သမီးတို့ ညှိယူပါ။ သမီးက ရင်မွေးရဲ့ ဒေါက်တာဟန်ကြည်လို တောထဲ တောင်ထဲမှာ သူ့ဘဝကို မြှုပ်နိုင်မလားဆိုတာလေ။ သမီးဘယ်သွားသွား ဘာလုပ်လုပ် အစ်ကိုစိုးအမွေက သမီးတစ်ဦးတည်းအတွက်ပါ။ တကယ်လို့ ရင်မွေးက အစ်ကိုစိုးနဲ့ ပြန်မပေါင်းနိုင်ရင် ရင်မွေးကို နှမအရင်းလို သဘော ထားပြီး သမီးနဲ့ထက်ဝက် ခွဲပေးပါမယ်။ သမီးကို ကျွေးမွေးပြုစုတဲ့ ကျေးဇူး



တွေက ရှိခဲ့တာပဲ"

"တော်. . . တော်. . . အစ်ကိုစိုး။ ရင်မွေးလောကမှာ ကလေးက လွဲ လို့ ဘာမှ မမက်မောလို့ ဒီအခြေအနေထိ ရောက်လာပြီပဲ။ အစ်ကိုစိုး ရင်မွေး ကို ခုထိ ဒုက္ခပေးတုန်းပဲလားဟင်"

အစ်ကိုစိုးက သူ့လက်ထဲမှ စီးကရက်ကို ကြမ်းပြင်ပေါ်ပစ်ချပြီး ဖိနပ် ဦးနှင့် နင်းခြေလိုက်သည်။ မိမိတို့သားအမိ လုပ်အားကို နင်းခြေလိုက်သလို ခံစားလိုက်ရ၏။

"အရင်ကတော့ထားလေ။ ဒါကို အစ်ကိုစိုးအမှားလို့ တောင်းပန်ပြီး ပြီပဲ။ အခုအခြေအနေမှာ ရင်မွေးကို ဒုက္ခပေးတယ်ဆိုရင် ရင်မွေး ရူးနေ တာပဲလို့ ပတ်ဝန်းကျင်ကပြောမှာပဲ။ အင်းလေ အခုတော့ ရင်မွေးအတွေးနဲ့ အစ်ကိုစိုးအပြော အံမဝင်လို့ လွဲချော်သွားရင် သွားမယ်။ နောက်မှ အေးအေး ဆေးဆေး စဉ်းစားပေးဖို့ပဲပေါ့။ အစ်ကိုစိုးသွားမယ်"

အစ်ကိုစိုးက ထိုင်ရာမှထလိုက်ပြီး အိမ်ပေါ်မှဆင်းရန် ဟန်ပြင်ပြီးမှ မိမိဘက်သို့ ပြန်လှည့်ပြီး–

"ဪ ရင်မွေးနားလည်ထားဖို့က အခု ရင်မွေးကိုလာပြောတာ သမီး လေး လုံးဝမသိပါစေနဲ့နော်။ ရင်မွေး ခွင့်ပြုချက်မရဘဲနဲ့ အစ်ကိုစိုး ဖွင့် မပြောပါဘူး။ သမီးက ခုထိ အစ်ကိုစိုးကို ဦးဦးပဲသိပါသေးတယ်။ ပြီးတော့ အစ်ကိုစိုးတစ်ခုပြောချင်တာက အစ်ကိုစိုးကို ပြန်ငဲ့ညှာပါဦး ရင်မွေး။ အစ်ကို စိုးလည်း ပုထုဇဉ်ပဲ။ ချစ်မေတ္တာရိပ်မှာတော့ ချွေးသိပ်ချင်သေးတာပေါ့"

သူ့ဘာသာပြောပြီး သူ့ဘာသာသူ ရှက်ရယ်ရယ်၍ ဆင်းသွားသည်။ ပြီးတော့ လူပျိုကာလသားတစ်ဦးကဲ့သို့ လက်လေးတပြပြနှင့် ကားလေးကို မော့မော့လေးမောင်း၍ ထွက်သွားသော အစ်ကိုစိုးအား ငေးကြည့်ရင်း ရင်မွေး ကျောက်ဆစ်ရုပ် ဖြစ်သွား၏။

မြင်ကွင်းထဲမှာမူ ဆေးကုသမှုလို၍ ဆရာဝန်ရှိရာလာနေသော မိမိတို့ သားအဖသုံးဦး။ ပြီးတော့ နွားတစ်ကောင်နှင့် အမှောင်ထဲတွင် ပျောက်ကွယ် သွားသည့် အပါး။

အားကိုးရာမဲ့ လှည်းပေါ်တွင် ရုန်းကန်အော်ဟစ်နေသည့် မိမိတို့ ညီအစ်မ နှစ်ဦး၏ ဒုက္ခဝေဒနာတို့သည် မနေ့တစ်နေ့ကကဲ့သို့ တွေ့မြင်လာမိသည်။

ထိုစဉ်က နီတာရဲ ကလေးလေးကို ထွေးပွေ့ရင်း လူသူမရှိသော

လယ်ကွင်းလယ်မှာ သည်းအူပြတ်မျှ ငိုကြွေးနေရသည့် မိမိအဖြစ်ကို ဘယ်သူ သိမှာလဲ။ ဘယ်သူ စာနာတတ်မှာလဲ။

မိမိနှလုံးသားနှင့်ရင်း၍ တည်ဆောက်ထားသောလမ်းသည် မိမိအလို ကျ ဖြောင့်ဖြူးသာယာလိမ့်မည်ဟု ထင်ခဲ့မိသည်။ သို့သော် ယခုအခါမူ မမျှော်လင့်သော အခက်အခဲများနှင့် ပေါ်ပေါက်လာခဲ့သောအခါ စိတ်ထဲ တွင် ပူပန်မှုများ ဖြစ်လာခဲ့၏။

အစ်ကိုစိုးနှင့် အောင်နေဦးသည် မိမိရင်ထဲမှကလေးကို ဆွဲထုတ်ရန် ကြံစည်နေလေပြီ။

အောင်နေဦးကို လက်ခံရင် မိုးသမီးမဟုတ်ဘူး။ မိုးနဲ့ဝေးမှာပဲ။ မိုးက အဲဒီအသိုင်းအဝိုင်းကို သိပ်ကြောက်တယ်ဟူသော စကားကို ကလေး မေ့ထားလေပြီ။

၁၅၀၀ မေတ္တာနှင့် ၅၂၈ မေတ္တာကို မယှဉ်ပြိုင်ဝံ့ပေ။ မိဘကို စွန့်ခွာ ၍ ချစ်သူနောက်လိုက်သည့် မိန်းကလေးပေါင်း မြောက်များစွာ ရှိနေသဖြင့် အောင်နေဦးနှင့် အမိုးကို ဘယ်သူ ပိုချစ်သလဲဟု မမေးရဲတော့ပါ။

ပုလဲကိုလိုချင်လျှင် ကမာကောင်၏ရင်ကိုခွဲရမည်။ ဘဝတစ်ခုလုံးနှင့် ရင်းထားပြီး မျက်ရည်စက်မြောက်မြားစွာ နာကျင်မှုမြောက်မြားစွာနှင့် ရင်းခဲ့ ရသော မိမိရင်ထဲမှ ပုလဲလုံးလေးအား ခွဲ၍ထုတ်လိုကြသည်။

အစ်ကိုစိုးသည် အောင်နေဦး၏ ပြဿနာကြောင့်လား မိမိနှင့် ပြန်ပေါင်းပြီး ကလေးအား အောင်နေဦး မိသားစုအလယ်မှာ သူ့သမီးအဖြစ် ကြည့်ရန်အတွက် အဓိကထားသည်။

အကယ်၍ အောင်နေဦးကို စွန့်မလား၊ မိုးကို စွန့်မလားမေးလျှင်–

❑

အခန်း ၁၉

“ကလေး ညောင်းနေသလားဟင်။ ခဏလေး အိပ်ပါဦးလား။ ဒါမှ မဟုတ် မိုး ဖတ်ပြမယ်လေ။ ကလေးအိပ်ရာပေါ်လှဲပြီး မျက်လုံး မှိတ်ပြီး နားထောင်ပါလား”

ရင်ထဲမှာ ကလေးအတွက် ပူနေမိ၏။ ကလေးသည် နောက်ဆုံးနှစ် ရောက်မှ ကျောင်းပျက်ရက်များနေပြီး စာမေးပွဲနီးမှ ကလေးစိတ်ပူနေ၏။ ထို့ကြောင့် နေ့မအိပ်ညမအိပ် စာကျက်နေလေပြီ။

အမိုးသဘောမတူ၍ အောင်နေဦးနှင့် ခေတ္တခွဲခွာချိန် အောင်နေဦး အချစ်ကို လက်ခံပြီး တိတ်တခိုး လည်ပတ်ချိန်များကြောင့် ကလေးတွင် ကျောင်းပျက်ရက်များပြီး စာကျက်ချိန်များ လျော့နည်းသွားပေလိမ့်မည်။

အချစ်ဟူသော ဝေဒနာသည် ခံစားမိသူအတွက် ရူးမူးစေ၏။ ကလေး သည် ပင်ကိုဉာဏ်ကောင်း၍ စာတစ်ခေါက်ကျက်လျှင် မှတ်မိလွယ်သော် လည်း ယခုမူ အချစ်၏တွေဝေမှုများကြောင့် စာကို ခေါင်းထဲရောက်အောင် အတင်းသွတ်သွင်းနေရ၏။

အစ်ကိုစိုးပြန်သွားပြီး သုံးရက်အကြာတွင် ကလေးစာမေးပွဲဖြေရသည်။ ပထမနေ့တွင် ထင်သလောက်မဖြေနိုင်၍ ကလေးငိုရသည်။ ထို့ကြောင့် ကလေးစိတ်မှာ အားအင်ဖြစ်စေရန်အတွက် ခွင့်ယူကာ ကလေးနားတွင် စာကျက်၍ အားပေးခဲ့၏။ အစ်ကိုစိုးက ကလေး စာမေးပွဲကာလတွင် အလွယ်တကူ သွားလာစေရန်အတွက် ဘောက်စ်ဝက်ဂွန်း ကားလေးကို

လွှတ်ပေးထားသည်။ ကျောင်းအကြီးအပို့နှင့် ကလေးတစ်ယောက် ငြိမ်းအေးနေ၏။ ဖခင်တစ်ဦး၏လုပ်ပိုင်ခွင့်မို့ မတားမြစ်တော့ပေ။ မကြာမီ ဖခင်မှန်း သိရတော့ပေမည်။

ထို့ကြောင့် မိမိ၏မတားမြစ်မှုကို ကလေးက အနည်းငယ် အံ့ဩနေသည်။ တစ်နေ့နေ့တွင် မိုးတစ်ယောက် အစ်ကိုစိုးနှင့် ပေါင်းစပ်နိုင်လိမ့်မည်ဟု ထင်မှတ်နေပုံရသည်။

ကလေးအား ခြင်မကိုက်အောင် ခြင်ယပ်ပေးလိုက်၊ စားစရာများ လုပ်ပေးလိုက်နှင့် ကလေးနည်းတူ အိပ်ပျက်ခဲ့သည်။ တစ်ခါတစ်ရံ စာများကို ဖ. ပြခိုင်း၍ တတွတ်တွတ်ဖတ်ပြရသည်။

ာမေးပွဲဖြေနေစဉ်အတွင်း အတတ်နိုင်ဆုံး စိတ်ချမ်းသာအောင် ထားရသည်။ ကလေး၏နောက်ဆုံးနှစ်စာမေးပွဲကား လွန်စွာ ပျော်စရာ ကောင်းလှ၏။ ကျောင်း၌ သူ့ဖခင်ရင်းနှင့် သူ့ချစ်သူက စာမေးပွဲဖြေနေစဉ် ရပ်စောင့်၍ အားပေးသည်။ ထိုအခါ နော်ရင်မွေး မလိုတော့ပေ။ တကယ်တော့ ကလေး သူငယ်တန်းမှ ဆေးတက္ကသိုလ်ကျောင်းအထိ စာမေးပွဲဖြေနေစဉ် ရင်မွေး တကောက်ကောက်လိုက်စောင့်၍ အားပေးခဲ့သည်။ ယခုနှစ် မလိုက်သည်ကို ကလေး သိနားလည်ပေလိမ့်မည်။ ကလေးစိတ်ထဲတွင် အောင်နေဦးနှင့် သဘောတူနေလေပြီဟု ထင်မှတ်ပေလိမ့်မည်။

ထို့ကြောင့် "မိုး လိုက်စောင့်ပေးပါဦး" ဟူသော စကားကိုပင် မခေါ်တော့။ သူ့အတွက် အားမာန်များရှိနေလေပြီ။ ထိုအားမာန်များကြားတွင် အမိုး၏အားမာန်များကား မေးမှိန်ပျောက်ကွယ်၍ နေပြီလား။

တစ်နေ့ကလာသော ဒေါက်တာဟန်ကြည်ထံမှ စာလေးတစ်စောင်သည် မိမိ၏ရင်ထဲမှာ စွဲရစ်နေသည်။ ဒေါက်တာဟန်ကြည်သည် ရင်မွေးအတွက် အကောင်းဆုံးမိတ်ဆွေပင် ဖြစ်ပါသည်။ ရင်မွေး၏ ပူပန်မှုကို အမြဲဖြေသိမ့်ပေးတတ်သူပင်ဖြစ်၏။

"အစ်မက အစကတည်းက ကြိုမတွက်ထားဘူးလား။ ဥယျာဉ်မှူး ဘဝကိုခံယူပြီး ဒီပန်းကို ကိုယ်ပိုင်ဆိုင်ဖို့ စိတ်ကူးတာ အံ့ရောဗျာ။ အစ်မ စိုက်တဲ့ပန်းဟာ အစ်မအတွက်လား။ အစ်မ ရည်ရွယ်ထားတာကို ကျွန်တော် သိပါတယ်။ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်မလာတာ မဆန်းပါဘူး အစ်မရယ်။ အစ်မ စိုက်တဲ့ပန်းကို အစ်မရစေချင်တဲ့သူ မရဘဲ တခြားလူရသွားတာ ပန်းရဲ့



ကံကြမ္မာပေါ့။ ဒီတော့ နောက်ထပ် တစ်ပင် ပျိုးပါဦး အစ်မရယ်။ အစ်မရဲ့ဆရာလို ပန်းတွေအများကြီး ပျိုးလိုက်ရင် ကိုယ်ရစေချင်တဲ့သူရဲ့လက်ထဲ တစ်ပွင့်ဖြစ်ဖြစ် ရမှာပေါ့။ အစ်မသမီးအတွက် အစ်မတာဝန် ကျေပါတယ်။ အစ်မ သူ့ကိုစောင့်နေရင် အစ်မ ဖြစ်စေချင်တာတွေ ဝေ့လည်လည်နဲ့ ပျောက်ကွယ်ကုန်မှာပေါ့။ အစ်မ အချိန်ရှိတုန်း၊ အရွယ်ရှိတုန်း အစ်မလုပ်နိုင်သလောက် လုပ်ပါ။ ခုဆို ဆရာကလည်း အစ်မကို သိပ်မျှော်လင့်နေမှာပဲ။ အစ်မတို့နှစ်ယောက် လက်တွဲပါတော့ဗျာ။ ကျွန်တော်က အဝေးကနေ အားရကျေနပ်နေမှာပါ။

"ဩော် . . . အစ်မရေ ကျွန်တော်လေ တစ်ခု သွားသတိရတယ်ဗျာ သိလား။ ခမုံလေးရွာမှာနေတုန်းက မင်္ဂလာဖားစည်ကို တီးမိတာကိုလေ အစ်မပြောတယ်လေ။ အကြောင်းမဲ့သက်သက်တီးရင် ခိုက်တတ်တယ်ဆိုတာလေ။ အခု အဲဒီ ဖားစည်ကြောင့် ကျွန်တော် ကျိန်စာသင့်ပြီး ခိုက်နေသလားပဲ။ ကျွန်တော် ဖြစ်စေချင်တာတွေ တစ်ခုမှ မဖြစ်ဘူး။

"အစ်မကို တစ်ခုတောင်းပန်ချင်တယ်။ အစ်မနဲ့ ဆရာနဲ့ အတူယှဉ်တွဲပြီး နန္ဒမိတ်ရွာမှာ မြင်ချင်ပါတယ်ဗျာ။ အစ်မတို့နေခဲ့တဲ့ အိမ်ဝင်းလေးမှာရယ်၊ စစ်တောင်းမြစ်ကမ်းဘေးနားမှာရယ်၊ အစ်မတို့ ချစ်သူနှစ်ဦးကို မြင်ချင်တယ်။ ပြီးတော့ ကျွန်တော်ရှိတဲ့ ရှမ်းပြည်နယ်ကို တစ်လှည့် လာလည်ဦးပေါ့။ အစ်မ အဲဒါတော့ လိုက်လျောမယ်မဟုတ်လား။ ကလေးအတွက်ချည်း အနစ်နာခံနေရတာ ဒီတစ်ခါတော့ ကိုယ့်အတွက်၊ ကိုယ့်နှလုံးသားအတွက် ဦးစားပေးလိုက်ပါဦး အစ်မရယ်။ အစ်မ ဘဝ ပင်ပန်းပါတယ်။ အစ်မချစ်တဲ့ရွာ၊ ဇာတိမြေနဲ့ အစ်မချစ်တဲ့ ဆရာ့အရိပ်မှာ ခွေးသိပ်ပါတော့ဗျာ။ ပြီးတော့ အစ်မတို့နှစ်ယောက် လက်တွဲပြီး ပန်းလေးတွေ စိုက်ကြပေါ့"

ဒေါက်တာဟန်ကြည်က မိမိအား ဆရာနှင့်လှည့်၍ ဖြေသိမ့်ပေးသော်လည်း ရင်ထဲမှာ ပူလောင်နေဆဲဖြစ်သည်။ ကလေး၏ဆုံးဖြတ်ချက်ကို မကြားဝံ့။ ကျောင်းပြီးမှ ပြောကြတာပေါ့ဟု ပေါ့ပေါ့တန်တန်စကားနှင့်ပင် ရပ်တန့်သွားခဲ့၏။

ထိုစကားသည် လေမှာ လွင့်မျော၍ ပျောက်ကွယ်သွားတော့သည်။ ပြုံစုယုယသူများကြားတွင် ကလေးပျော်မြူးနေ၏။

"စာမေးပွဲနောက်ဆုံးနေ့မှာ ဖွင့်ပြောမယ်။ သမီးဟာ ရင်မွှေးရဲ့ သမီးပဲ ဖြစ်ရမှာပဲ။ အစ်ကိုစိုး တစ်ကိုယ်ကောင်း မဆန်ပါဘူး။ ရင်မွှေး ဆုံးဖြတ်လေ"

အစ်ကိုစိုးက မိမိအား နောက်ဆုံးအကြိမ် သတိပေးလိုက်သည်။ မည်သို့ပင် စဉ်းစားခိုင်းစေကာမူ မိမိဆုံးဖြတ်ချက်သည် တစ်ခုတည်းကိုသာ ဦးတည် ဆုံးဖြတ်ထားသည်ကို အစ်ကိုစိုးရော ကလေးပါ သိနိုင်လိမ့်မည် မထင်။ သူတို့နှစ်ဦး သူတို့အတွေး၊ သူတို့ရည်ရွယ်ချက် ကိုယ်စီနှင့် ပျော်မြူးနေကြ၏။

အစ်ကိုစိုးသည် သူ၏ဂုဏ်မနေအတွက် မိမိ တွေဝေနေလိမ့်မည်ဟု ထင်ပြီး ကလေးစာမေးပွဲအပြီးတွင် သူ့အိမ်သို့ မိမိတို့နှစ်ယောက်နှင့် အောင်နေဦးကို ခေါ်သွားသည်။ ခမ်းနားသော အိမ်နှင့် ခြံဝင်းသည် မိမိအတွက် မက်မောတွယ်တာစရာ မမြင်။ နန္ဒမိတ်မြစ်ကမ်းမှ ပဲခင်းလေးလောက် မက်မောမှုမရှိပေ။ ဤသည်ကို အစ်ကိုစိုး သိလိမ့်မည် မဟုတ်။

"သမီး လေးနှစ်အရွယ်ကဆိုတော့ ဝိုးတဝါးပဲ မှတ်မိမှာပေါ့"

ကလေးက မိမိအား လှမ်းကြည့်ရင်း ပြုံးစေ့စေ့ အမူအရာနှင့်–

"ကလေး ဦးဦး ဒဏ်ရာဟောင်းကို မြင်ကတည်းက မှတ်မိသလိုရှိပါတယ်။ နောက်မှ အေးအေးဆေးဆေး မေးမလို့ပါပဲ။ ဦးဦးကျောင်းကိုလာတော့ သူငယ်ချင်းတွေက ရုပ်နည်းနည်းဆင်တယ်ပြောတော့ ဝိုးတဝါး ပြန်တွေးမိတယ်။ ဒါပေမဲ့ ကလေးခေါင်းထဲမထားချင်သေးလို့ မစဉ်းစားသေးပါဘူး"

ကလေးစကားကို မိမိ မအံ့သြမိ။ အံ့သြတုန်လှုပ်ဖွယ်ရာ မြင်ကွင်းအတွက် ကလေးသည် ဘဝတစ်သက်တာလုံး မေ့ပျောက်လိမ့်မည် မဟုတ်ပေ။ အစ်ကိုစိုးနှင့် ခွဲခွာပြီး တစ်ညနှစ်ညတွင် ကလေးသည် အိပ်ရာမှ ကယောင်ကတမ်း ထအော်ခဲ့၏။ ထို့ကြောင့် ကလေးအား မေ့ပျောက်လိမ့်မည် မထင်ခဲ့ပေ။ လူကို မမှတ်မိသော်လည်း ဒဏ်ရာကိုတော့ မှတ်မိပေလိမ့်မည်။

"ဒါပေမဲ့ ဖေဖေ ရှိသေးလား မရှိတော့ဘူးလားဆိုတာတော့ သမီး မမှတ်မိတော့ဘူးလေ"

သူတို့သားအဖအတွက် ပျော်ရွှင်သော ထမင်းဝိုင်းလေးဖြစ်သွားသည်။ သုံးဦးသား၏ မျက်နှာသည် အပြုံးပန်းများ ဝေနေသည်။ သူတို့၏ပျော်ရွှင်မှုများသည် ရင်မွှေးနှင့်မသက်ဆိုင်သကဲ့သို့ ရင်မွှေးကား သီးခြားနေနေသည်။



"ဒီကျောင်းပိတ်ရက်မှာ ဖေဖေ့ဆီလာနေနော် သမီး"

ကလေးက မိမိကို လှမ်းကြည့်လိုက်သည်။ မိမိက ဦးခေါင်းကို ခါရမ်းလိုက်ရင်း–

"ရင်မွှေးက ကလေးကို ရွာက အသိုင်းအဝိုင်းတွေနဲ့ တွေ့ရအောင်လို့လေ။ ပြီးတော့ ဟောက်ဆာဂျင် မဆင်းခင် ရွာမှာ တတ်နိုင်သမျှ ကူညီစေချင်တယ်"

လေသံအေးအေးနှင့် ပြောလိုက်၍ အစ်ကိုစိုးက အံ့အားသင့်ဟန်နှင့် မျက်ခုံးပင့်ကြည့်လိုက်ပြီး–

"သမီးလေးက စာသင်လာရတာ အကြာကြီးပဲ နားပါစေ"

"နားတယ်ဆိုတာ လူသားတွေအတွက် သေခြင်းတရားမှာပဲ ရှိတယ် အစ်ကိုစိုး။ ဘာတွေပင်ပန်းလို့ နားရမှာလဲ။ အင်းလေ သဘောပေါ့"

မိမိ၏ အေးစက်စက်စကားကြောင့် အစ်ကိုစိုးက မျက်လုံးပင့်ကြည့်လိုက်ရင်း–

"ကလေးတွေ စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ ရင်မွှေးရယ်။ သူတို့ အေးအေးချမ်းချမ်းနဲ့ သကြံန်ပြီးအောင်နေပါစေဦး။ ပြီးမှ ရင်မွှေး သွားချင်ရာ သွားပေါ့။ ပြီးတော့ ရင်မွှေးကိုလည်း ပြန်ကြည့်ပါဦး။ တစ်နေ့တခြား ပိန်လာပြီ။ ကျန်းမာရေးကို ဂရုစိုက်ဦးလေ။ အသက်လည်းရလာပြီပဲ။ ငြိမ်းငြိမ်းချမ်းချမ်းနေရမယ့်အရွယ်မှာ နေပါလား"

"ဟုတ်ပါရဲ့ မိုးရယ်၊ ကလေးတို့ ခဏနားကြပါစို့နော်။ ဖေဖေလည်း သနားပါတယ်။ ဖေဖေ့နားမှာ မိုးနဲ့ကလေး ခဏနေကြတာပေါ့။ ပြီးတော့ သူတို့မိဘတွေကလည်း လာနားဖောက်မယ်ဆိုတော့ မိုးရှိသင့်တယ်လေ"

အံ့သြသွား၏။ အစ်ကိုစိုးသည် အောင်နေဦး၏မိဘများနှင့်မည်သည့် အချိန်ကတည်းက ညှိနှိုင်းထားသည်မသိ။ ပြေလည်ကြေအေးနေကြလေပြီ။ နားဖောက်ဖို့အဆင့်ထိ ရောက်နေလေပြီ။ ထိုအခါတွင် မိမိမှာ အလိုလိုဘေးရောက်သွားသလိုလို ခံစားလိုက်ရသည်။

"ဘယ်မှာ နားဖောက်မှာလဲ။ မန္တလေးမှာလား၊ ပြင်ဦးလွင်မှာလား"

"ဒီအိမ်မှာပေါ့ မိုးရယ်"

ကလေးစကားကြောင့် မိမိရင်ထဲ မီးစနှင့်ပြင်းထန်စွာ ထိုးမွှေခြင်း ခံလိုက်ရ၏။ မျက်လုံးများလည်း ပြာဝေသွားသည်။ မင်္ဂလာဆိုတာ တိုက်ကြီး

ပေါ်မှာပဲ ရှိသလား ကလေးရယ်ဟု တိုးတိုးလေး ရေရွတ်လိုက်မိသည်။ အစ်ကိုစိုးက အောင်နိုင်သူပမာ တဟဲဟဲ ရယ်မောနေ၏။

အစ်ကိုစိုးနှင့် ခွဲခွာစဉ်က မိမိသည် အစ်ကိုစိုး ခေါင်းကို ရိုက်ခွဲထွက်လာ၏။ ယခု အစ်ကိုစိုးသည် မိမိရင်ကိုခွဲ၍ အသည်းကိုထုတ်ယူနေလေပြီ။

အစ်ကိုစိုးသည် အောင်နေဦးနှင့်ကလေး မင်္ဂလာဆောင်ပြီးလျှင် ဤအိမ်၌ပင် နေရမည့်အကြောင်း ကလေးအတွက် ရည်မှန်း၍ လက်ဝတ်လက်စားများ ပြုလုပ်ခဲ့ကြောင်း အားပါးတရပြောနေ၏။ ဖခင်တစ်ယောက်အနေဖြင့် သမီး၏ အိမ်ထောင်ရေးကို ဝင်ရောက်စီစဉ်ခြင်းကို များစွာမလိုလားဘဲ ခါးသီးစွာရှုံ့ရှာမိသည်။

ရင်မွှေး ပြန်ချင်ပြီ အစ်ကိုစိုး။ မနက်ဖြန် အလုပ်ပြန်ဝင်ရမယ်။ ခွင့်စေ့ပြီလေ။

မိမိစကားကြောင့် အစ်ကိုစိုး လှုပ်ရှားသွား၏။

"ရင်မွှေးကလည်းကွယ် ဒီမှာပဲ အိပ်လိုက်ပြီး မနက်ရောက်မှ ဖုန်းဆက်ပြောလိုက်ပေါ့"

ပေါ့ပေါ့ဆဆ ပြောလိုက်သော အစ်ကိုစိုးစကားကြောင့် မျက်မှောင်ကြုတ်မိသည်။

"တာဝန်အစ်ကိုစိုးရဲ့။ ဝန်ထမ်းဟာ တာဝန်ကို လေးစားရမယ်လေ"

"ရင်မွှေး အနားယူသင့်ပါပြီ။ အစ်ကိုစိုးအတွက် စပါယ်ရှယ်နာ့စ်လုပ်လေ"

ကလေးများရှေ့တွင် အရှက်ကင်းမဲ့စွာ ပြောလိုက်သောစကားကြောင့် မျက်နှာတစ်ပြင်လုံး ပူထူသွားပြီး–

"ဒီအလုပ်နဲ့ပဲ အသက်ရှင်ပြီး လူ့လောကမှာ နေလာတာ။ ကလေးတောင် ဒေါက်တာဖြစ်တော့မယ် မဟုတ်လား။ ဒီအလုပ်ကို ခြေကန်လို့ ဖြစ်မလား အစ်ကိုစိုးရဲ့။ ရင်မွှေးပြန်ပါရစေ။ ကလေးနေခဲ့ချင် နေခဲ့ပေါ့"

မိမိစကားကြောင့် ကလေးမျက်နှာညိုသွားသည်။ မလုံမလဲမျက်နှာနှင့် မိမိအား လှမ်းကြည့်လိုက်၏။

"ကလေး မိုးနဲ့ ပြန်လိုက်မှာပေါ့"

"အို . . . ဖေဖေနဲ့ နေခဲ့ပါဦး သမီးရယ်"

"တစ်ရက် နှစ်ရက်ကြာမှ ပြန်ပို့မယ်။ သမီးနားပါစေဦး ရင်မွှေးရယ်။



မင်းကတော့ တားမရရင် ပြန်ပါ။ ငါ လိုက်ပို့ခိုင်းပါ့မယ်"

ကလေးက ဘာမျှ ထပ်မပြောတော့ပေ။ ရင်ထဲတွင် နှလုံးသား ကင်းမဲ့သွားသကဲ့သို့ လွတ်ဟာသွား၏။ ကလေးသည် မိမိရင်ထဲမှ ထွက်ခွာသွားလေပြီ။ နှစ်စဉ်စာမေးပွဲပြီးချိန်တွင် နှစ်ယောက်အတူတူ ရုပ်ရှင်ကြည့်၊ ဘုရားဖူးနှင့် ပျော်မြူးခဲ့သည်။ စာကျက်၍ ပင်ပန်းရသော ညများအတွက် မိမိရင်တွင် မျက်နှာအပ်၍ အတိုးချအိပ်တတ်သော ကလေးသည် မိမိအရိပ်ကို အေးမြသည်ဟု မထင်မှတ်တော့ပေ။ ဂုဏ်မနေလွှမ်းနေသော ဖခင်အရိပ်ကိုသာ ခိုဝင်ချင်တော့သည်။

အပြစ်မဆိုသာတော့။ တစ်ဘဝလုံး ရန်းကန်ရှမ်းနယ်နေသော ကလေးစိတ်သည် ပင်ပန်းရှာလိမ့်မည်။ ကလေးက ကားထွက်ခါနီးတွင် မိမိအား စူးစမ်းကြည့်ရင်းက–

"ကလေး အမိုးရှာကိုလိုက်နိုင်အောင် ကြိုးစားပါဦးမယ်။ ဟိုမှာ ဆရာလည်း ရှိနေသားပဲ မဟုတ်လား"

ဦးခေါင်းတစ်ခုလုံး အစိတ်စိတ်အမြွာမြွာ ကွဲအက်သွားလေပြီ

* * *

တိတ်ဆိတ်ငြိမ်သက်လွန်းသော ဧည့်ခန်းထဲတွင် တစ်ယောက်တည်း လူးလာခတ်နေသည်။ အိမ်ရှင်အစ်မကြီးကလည်း နွေကျောင်းပိတ်မို့ ခရီးလွန်နေ၏။

ကလေးကို စွန့်ခွာရဲသည် ထင်မှတ်ထားသော်လည်း တကယ်တမ်းကျတော့ ခဏတာဝေးနေသည်ကိုပင် သည်းမခံချင်။ ဆရာက ဖော်ဖော်လက်ထပ်စဉ် ယောကျ်ားတန်မဲ့ မျက်ရည်ဝဲရသည့်အဖြစ်ကို အလိုလို စာနာမိလာ၏။ ရင်ထဲမှာ ဝမ်းနည်းစိတ် အားငယ်စိတ်များက တင်းကျပ်စွာ လှုပ်ရှားရုန်းကန်နေသည်။

ဆေးလိပ်ကိုင်ထားသော လက်များကား တဆတ်ဆတ်တုန်ရီလာ၏။ တစ်လောကလုံး မီးခိုးလုံးများ ဖုံးကွယ်သွားစေရန်အတွက် ဆေးလိပ်ကို အဆက်မပြတ်ဖွာလိုက်သည်။ မိမိပါ လောကကြီးထဲမှာ အခိုးအငွေ့အဖြစ် ပျောက်ကွယ်သွားချင်သည်။

သောက်စမရှိသောကြောင့် ချောင်းတဟွတ်ဟွတ် ဆိုးလာသဖြင့်

သောက်လက်စဆေးလိပ်ကို ကြမ်းပြင်မှာ ထိုးချေလိုက်သည်။ ထို့နောက် ထိုင်ရာမှ ဆတ်ခနဲထပြီး ပြတင်းပေါက်အပြင်ဘက်သို့ လှမ်းကြည့်မိ၏။ နွေနေသည် ပူလောင်လွန်းလှပါသည်။ အပြင်ဘက်တွင် ရိုးတံအပြိုင်းပြိုင်းနှင့် ရွက်ကြွေပြီးကာစ သစ်ခြောက်ပင်ကား အပူဒဏ်ကြောင့် ပိန်လိန်နေ၏။ ရပ်တည်မရသောစိတ်နှင့် ပြတင်းပေါက်မှခွာပြီး အိမ်ရှေ့ခန်းမှတစ်ဆင့် အိပ်ခန်းထဲ ဝင်လာမိ၏။

အသင့်ပြင်ထားသော သေတ္တာနှင့် ဆွဲခြင်းကိုကြည့်၍ ငေးငိုင်နေမိသည်။ ဘဝတစ်ခုလုံး ပုံ၍ချစ်ရပါသော ကလေးအား စွန့်ခွာရမည် ဖြစ်သောကြောင့် အသည်းဆတ်ဆတ်ခါ နာကျင်မိသည်။

အကယ်၍သာ မိမိရင်ထဲ အသည်းထဲကို ဒီဆူးလေးတစ်ဆူး စိုက်မဝင်လာလျှင် မိမိဘဝသည် အေးချမ်းသာယာပေလိမ့်မည်။ ခုတော့ မိမိဘဝထဲသို့ ဝင်ရောက်ခဲ့ပြီဖြစ်သော ဆူးလေးတစ်ဆူးသည် နှစ်ပေါင်းများစွာ စိုက်ဝင်ပြီးမှ ဆွဲယူနုတ်ခြင်းခံလိုက်ရ၍ အသည်းတဆတ်ဆတ်ခါနာပြီး သွေးစိမ်းရှင်ရှင်တို့ ယိုစီးကျလာသည့်နှယ်။

အမှတ်မထင် နန္ဒမိတ်ရှာတွင် အသက် အာမခံကြေး ကောက်ရင်းက ခင်မင်မိသော မသက်နွယ်၏စကားလေးကို သတိရမိသည်။ အစ်မနှင့် အပါးလျော်ကြေးကို လာပေးစဉ်က မိမိအား ဖြေသိမ့်ခဲ့သည်။

"ဒါ ဘဝအစပဲ ရင်မွေးရယ်။ ဒီလိုဖြစ်လာမယ်လို့ ဘယ်သူကမှ မမျှော်လင့်ဘူး။ အဆိုးဝါးဆုံးအခြေအနေကို အသက်အရွယ်နဲ့မမျှ ဖြတ်ကျော်လာပြီးမှ နောင်တွေ့ကြုံမယ့် အခက်အခဲတွေအတွက် ရင်ဆိုင်ရဲပြီပေါ့"

အားကိုးသော အစ်မနှင့်အပါးတို့၏ စွန့်ခွာမှုကိုတောင် အသည်းနုနု အရွယ်မှာ ခံနိုင်ရည်ရှိပြီပဲ။ ကလေးနဲ့ ခွဲခွာဖို့ရော ကြောက်နေရမှာလား။ စွန့်ခွာရဲရမှာပေါ့။

ဘဝနှင့်နှလုံးသားကို စတေးပြီးတည်ဆောက်ခဲ့ရသော စိတ်ကူးယဉ် အိမ်လေးသည် အသံမမြည်ဘဲ အစိတ်စိတ်အမွှာမွှာ ကွဲပြိုသွားလေ၏။ ကလေး၏စွန့်ခွာမှုကို ကြောက်ရွံ့သောမိမိက အလျင်စွန့်ခွာသွားရလေပြီ။ ထိုအခါ ကလေးငိုမည်လား။ ဆရာ့နောက်လိုက်သွားပြီလားဟူသော အတွေးများနှင့် ထင်ကောင်းထင်ပေလိမ့်မည်။

"ဒီကမ္ဘာလောကကြီးမှာ ကလေးထက် ဘယ်သူ့ကိုမှ ပိုမချစ်ခဲ့ဘူး။



ဒါကြောင့် ချစ်သူကိုစွန့်ပြီး ကလေးနဲ့အတူ နေခဲ့တာပဲ။ ဆရာ့ထက် ကလေးကို ပိုချစ်လို့ပေါ့။ ဒါပေမဲ့ ကလေးကတော့ မိုးထက် ချစ်သူကို ပိုချစ်တတ်တဲ့ အချစ်ရူးလေးပါပဲ"

ဆရာ့နောက်ကို လိုက်ချင်တာနဲ့ ရွာကိုသွားမယ်လို့ အကြောင်းပြတယ်ဆိုပြီး ကလေးထင်မှာစိုးတယ်။ ဒါကြောင့် မိုးလေ ဆရာရှိတဲ့ နန္ဒမိတ်လည်းမပြန်ဘူး။ ဒေါက်တာဟန်ကြည်ရှိတဲ့ ရှမ်းပြည်နယ်လည်း မသွားဘူး။ မိုးတစ်ယောက်တည်း ဆေးအိတ်ကို ကိုင်ပြီး ဆရာဝန်မရှိတဲ့ဒေသ၊ ဆေးမရှိတဲ့ဒေသပဲသွားပါတော့မယ်။ မိုးဟာ အဒေါ်မိထွေးပီပီ ကလေးကို စွန့်ခွာသွားပြီလို့ ထင်လိုက်စမ်းပါ။

အမိုးနဲ့ မျက်ရည်စက်တွေနဲ့ ကလေးဘဝတစ်ခုလုံး ရှင်လန်းအောင် ဖန်တီးပေးခဲ့ပြီပဲ။ ကလေးတစ်ယောက် လောကကြီးမှာ ဦးလည်မော့ပြီး နေရပြီ မဟုတ်လား။ ကလေးအတွက်ရော၊ တဝါးမအတွက်ပါ တာဝန်ကျေပါတယ်။ တာဝန်မကျေတာကတော့ ပြည်သူ့အပေါ်မှာ တာဝန်မကျေခဲ့ဘူး။ ဘဝတူ လယ်သမားတွေအပေါ် တာဝန်မဲ့ခဲ့တယ်။ ကလေးတစ်ယောက် ကောင်းစားဖို့အတွက် မိုးရဲ့ရည်မှန်းချက်တွေကို စတေးခဲ့ပြီးမှ ခုတော့ မိုးတစ်ယောက်တည်း အသက်ရှင်သရွေ့ လှုပ်ရှားရဦးမှာပဲ။

"မြင်းလှည်း"

အိမ်ရှေ့မှ မြင်းလှည်းကို လှမ်းတားပြီး အိပ်ခန်းထဲမှ သေတ္တာကို ဝင်ယူသည်။ ခေါင်းအုံးအောက်မှ ထွက်နေသော ဒေါက်တာဟန်ကြည် ပေးပို့ထားသည့် ငွေစုစာအုပ်ကလေးက အထီးကျန်စွာ နှုတ်ဆက်နေ၏။ မိမိ ဘာဖြေရှင်းစာမျှ မရေးခဲ့။ ကလေးရဲ့မိခင်ရင်းမဟုတ်ဘူးဟူသော အသိကို အလိုလို ခံနိုင်ရည်ရှိပြီပဲ။

"ဘယ်လဲ အစ်မ"

"စစ်ကိုင်း ကားဂိတ်"

စစ်ကိုင်းမှတစ်ဆင့် ချင်းတွင်းမြစ်အတိုင်း ဆန်တက်ပြီး တစ်နေရာရာတွင် အခြေစိုက်ရန် စိတ်ကူးလိုက်သည်။ အလုပ်မှလည်း ခွင့်ရက်ရှည်တင်ခဲ့ရ၏။ နောက်မှ နုတ်ထွက်လိုက်မည်ဟု ရည်ရွယ်ထား၏။ မိမိ ထွက်လာသည်ကို အတူနေအစ်မကြီးပင် အသိမပေးခဲ့။ ဟန့်တားမှုများနှင့် နှောင့်နှေးကြန့်ကြာမည်စိုးရ၏။

"အစ်မစိုက်တဲ့ပန်းကို အစ်မရစေချင်တဲ့သူ မရဘဲ တခြားသူရသွားတာ ပန်းရဲ့ ကံကြမ္မာပေါ့။ ဒီတော့ နောက်ထပ်တစ်ပင် ပျိုးပါဦး အစ်မရယ်။ အစ်မရဲ့ဆရာလို ပန်းတွေအများကြီး ပျိုးလိုက်ရင် ကိုယ်ရစေချင်တဲ့လူရဲ့ လက်ထဲ တစ်ပွင့်ဖြစ်ဖြစ် ရရမှာပေါ့"ဟူသော ဒေါက်တာဟန်ကြည်၏ စာလေးကို အမှတ်ရမိသည်။ သူတို့နှစ်ဦးသည် နန္ဒမိတ်ကို လာလိမ့်မည်ဟု မျှော်လင့်နေရှာပေမည်။

ခွင့်လွှတ်ပါဆရာရယ်။ ဆရာမျှော်လင့်သလို ရင်မွေး ဆရာ့ထံ ဘယ်တော့မှ မလာနိုင်တော့ပါဘူးဆိုတာကို ဆရာ နားလည်ပါစေ။ ဒေါက်တာဟန်ကြည်လည်း နားလည်ပါစေ။

ရင်မွေးလည်း တစ်ယောက်တည်းပဲ. . .

ဆရာလည်း တစ်ယောက်တည်းပဲ. . .

ဒေါက်တာဟန်ကြည်လည်း တစ်ယောက်တည်းပဲ။ တစ်ယောက် တစ်နေရာစီ ဝေးကွာပေမယ့် ရည်ရွယ်ချက်ချင်း စေတနာချင်းတူလို့ စိတ်ချင်း အမြဲနီးစပ်နေမှာပါ။

ကလေးနဲ့ ရင်မွေးကတော့ ပိုပိုဝေးသွားပြီပေါ့။ ရင်မွေးဘဝက ဝဲဂယက်တွေထပြီး ဘဝမုန်တိုင်း လောဘမုန်တိုင်းထန်ခဲ့တယ်။ အတ္တလေးအတွက် ကြိုးစားခဲ့တယ်။ အကွေ့အကောက်တွေများတဲ့ လောကကြီးမှာ ရင်မွေးလည်း ပါဝင်ပြီး နေခဲ့ရတယ်။ အခု အဲဒီအတ္တလေးတွေပယ်ပြီး ပြည်သူ့ရင်ခွင်မှာပဲ နားခိုမယ်ဆိုရင်ဖြင့်. . . ။

ကျေနပ်ပါတော့ဆရာရယ်. . . ။

မြသန္တာ

□